# စာဆိုအရှင် စက္ကိန္ဒ၏ (၇၀) ပြည့်မွေးနေ့

သမိုင်းသုတေသီ စာဆိုအရှင် စက္ကိန္ဒရဲ့ အသက်(၇၀)ပြည့်မွေးနေ့ပွဲနဲ့ စာဆိုသက်ရှေ့ ရတုပြည့်အထိမ်းအမှတ်ပွဲကို ဆရာတော်သီးတင်းသုံးနေတဲ့ မြောက်ဦးမြို့၊ စန္ဒမုနိကျောင်းတွင် နိုဝင်ဘာလ (၁၂)ရက်နှင့် (၁၃)ရက်နေ့များတွင် ကျင်းပ၏။

ရခိုင်ပြည်နယ် ကျောက်တော်မြို့၊ ပေါက်တောမြို့၊ ပုဏ္ဏားကျွန်းမြို့၊ စစ်တွေမြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့များမှ သုတေသီစာပေသမား (၅၀)ကျော် တက်ရောက်ကြ၏။ အရှင်စက္ကိန္ဒအား ဂုဏ်ပြုသောအားဖြင့် သမိုင်းသုတေသန၊ ယဉ်ကျေးမှု၊ စာပေ၊ ကဗျာ၊ ဇီဝသိပ္ပံဆိုင်ရာ စာတမ်း(၂၁)စောင်တင်သွင်းဖတ်ကြားရကြ၏။

ကဗျာဆုရ စစ်တွေစောနောင်၊ မိုးမိုး ဝတ္တုတိုဆုရ မောင်ခိုင်အောင်၊ မောင်ပန်းအောင်တို့နှင့်အတူ သုတေသီရှေးဟောင်း သုတေသနပညာရှင်များ ဖြစ်ကြသော ဦးတက်ထွန်းနီ၊ ဦးအောင်လှသိန်း၊ မင်းသိဏ်းထွန်း၊ မောင်ပြူး(သံတွဲ) တို့၏ စာတမ်းများပါဝင်ကြ၏။ မိခင်ကဗျာရှည်ဆုရ စစ်တွေ ိုသန့်က ရခိုင်မဂ္ဂဇင်း အပိုင်းအဝန်းမှ ပူဇော်သောကဗျာ (၁၂)ပုဒ်ကို ဖတ်ကြားပူဇော်၏။

အရှင်စက္ကိန္ဒသည် လူထုဦးလှ၏ အမျိုးသားစာပေဆုရ ရခိုင်ပုံပြင်များစာအုပ် (၄)တွဲ ထုတ်ဝေနိုင်ရန် ပုံပြင်များပေးပို့ခဲ့သူဖြစ်၏။ ကွယ်လွန်သူ ယဉ်ကျေးမှု ဦးမင်းနိုင်နှင့် တွဲကာ ကျေးလက်မှုဆိုင်ရာစာအုပ်၊ ပုံပြင်စာအုပ် စုစုပေါင်း(၂၅)အုပ် ပြုစုထုတ်ဝေပြီးဖြစ်ကြောင်းပါ။

**လှကျော်စိန် (စစ်တွေ)**
**ဈေးကွက်ဂျာနယ်(အမှတ် ၄၄၆)**
**နိုဝင်ဘာလ–၂၅ရက်၊ ၂၀၀၅ခုနှစ်၊ သောကြာနေ့**

# ရခိုင်ရာဇဝင်စာပေနှင့် ယဉ်ကျေးမှု သုတေသီ အသျှင်စက္ကိန္ဒ၏ ထေရုပတ္တိအကျဉ်း

## မိဘမျိုးရိုး

ရခိုင်ရာဇဝင်၊ စာပေနှင့်ယဉ်ကျေးမှုသုတေသီ ဆရာတော်ဘုရား၊ အသျှင်စက္ကိန္ဒကို ဂေါဇာသက ရာဇ် (၁၂၉၈)ခု၊ (ခရစ်၅–၁–၁၉၃၆)ခုနှစ် ပြိတိသျှခေတ်တွင် စစ်တကောင်းမြို့နယ်၊ နီလာစာတိုက်၊ ခြံချောင်းရွာ၌ ဖွားမြင်သည်။ ဘခင် ဦးအောင်ထွန်းရှိ၊ မိခင် ဒေါ်ချင်းဘုံမေတို့၏ တတိယမြောက်သားရတနာဖြစ်သည်။ ငယ်အမည်မှာ ဝိဇ္ဇမောင်ဖြစ်သည်။[၁] မိဘများမှာ လယ်ယာလုပ်ကိုင်ကြသည်။ ဘိုးဘေးတို့မှာ အတတ်ပညာဖြင့် အသက်မွေးခဲ့ရာစာသင်ပြဆရာ၊ ဆေးဆရာ ဖြစ်ကြသည်။[၂]

## ငယ်စဉ်ဘဝ

ငယ်စဉ်က လယ်ယာလုပ်ကိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး၌ စစ်ပြေးဒုက္ခသည် ရခိုင်များအား အစိုးရက မောင်တောမြို့နယ် ဘော်လီစာတိုက် (ယခုကြိမ်ချောင်းမြို့နယ်) လောင်းဒုံကျေးရွာတွင် ပြန်လည်ထူထောင်နေရာချပေးခဲ့သည်။ ထိုပြန်လည် ထူထောင်ရေးတွင် ဦးစက္ကိန္ဒလောင်းလျာ ဝိဇ္ဇမောင်လည်း ပါဝင်လျက်လုပ်ကိုင်ခဲ့သည်။ မူဂျာဟစ် အန္တရာယ်ကြောင့် မနေနိုင်ဘဲ ပြောင်းရွှေ့ခဲ့ရသည်။[၃]

## သာသနာ့ဘောင်ဝယ်

အသျှင်စက္ကိန္ဒလောင်းလျာသည် ရှင်သာမဏေအဖြစ် ဂေါဇာ–၁၃၀၅ (၁၉၅၄)တွင် ရန်ကုန်မြို့၌ သိတင်းသုံးနေထိုင်သော ဦးရီးဘုန်းကြီးထံတွင် ဝင်ရောက်ခဲ့သည်။ လောကီ၊ လောကုတ ရာစာပေများကို သင်ကြားခဲ့သည်။[၄] ရဟန်းခံရန် မိဘများခေါ် မိမိဒေသသို့ ကြွခဲ့သည်။[၅] ဦးပဇ္ဈာယ်ဆရာမှာ နခေါင်းချောင်းဆရာတော် ဦးနာဂိတဖြစ်သည်။ လောကီ၊ လောကုတ ရာစာပေများကို နခေါင်းချောင်းဆရာတော်ထံ၌လည်းကောင်း၊ ရန်ကုန်မြို့ မင်္ဂလာသုခပါဠိတက သိုလ်ဆရာတော် ဆဋ္ဌသံဃယနာဝန်ဆောင်၊ ခိုင်ဝိနည်းမိုရ်၊ သီဟိုဠ်ပြန်ဦးကေသရထံ၌လည်းကောင်းသင်ယူခဲ့သည်။[၆] ပရိယတ်စာပေများကို ဓမ္မာစရိယတန်းထိ သင်ယူတတ်မြောက်ခဲ့သည်။[၇] မင်းပြားမြို့

ဖေယျာသုခကျောင်းတိုက်၌ (၁၉၆၅ မှ ၁၉၆၉)ထိ စာပေပို့ချသီတင်းသုံးခဲ့သည်။[၈] မောင်တောမြို့နယ်တွင် ငါးခူရကျေးရွာ၌ မြို့သစ်ကျောင်းကို ထူထောင်ပြီး (၁၉၆၉ မှ ၁၉၇၉)ခုထိ သီတင်းသုံးခဲ့သည်။ (၁၉၈၀)ခုမှစ မောင်တောမြို့ အမှတ်(၃)ရပ်ကွက် (ဝိမလ ရပ်ကွက်)၌ ဝါးကျောင်းယာယီဆောက်လုပ် မြို့ဦးကျောင်း ဟု အမည်တပ်ခဲ့သည်။ ထိုကျောင်းကို တကာ၊ တကာမတို့နှင့် တဖြည်းဖြည်း တစစပြုပြင်တည်ဆောက် ထူထောင်ကာ ယနေ့တိုင် သီတင်းသုံး လျက်ရှိသည်။[၉]

## စာပေနယ်သို့ဝင်လာ

အသျှင်စက္ကိန္ဒသည် စာပေနယ်သို့ (၁၉၅၅)ခုမှစ ဝင်ရောက်ခဲ့သည်။[၁၀] (၁၉၅၆)ခုမှစ စာပေစုဆောင်းခြင်း၊ ရေးသားခြင်းတို့ကို ပြုလာခဲ့သည်။ ရခိုင်ယဉ်ကျေးမှု၊ ရာဇဝင်စာပေတို့၌ အားသန်သည်။ ရခိုင်အလင်းသတင်းစာတွင် (၁၉၅၇)ခုနှစ်ကပင် ရခိုင်ယဉ်ကျေးမှု ငစည်(ငစွေ)အကသဘင် ဆောင်းပါးများ ရေးသားခဲ့ဖူးသည်။[၁၁] ရခိုင့်တန်ဆောင်၊ ပြည်သူ့ဂျာနယ်၊ ရခိုင်ဇာနည်ဂျာနယ်တို့၌ နတ်မြစ်စန်းအောင်၊ နတ်မြစ်ဖိုးဖံမောင်ကျော်ရှိ၊ ဦးစက္ကိန္ဒအမည်များဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။ (၁၉၆၁–၆၂)တွင် ထုတ်ဝေသော ရခိုင်ဇာနည်လစဉ် ဂျာနယ် ထုတ်ဝေရာ၌ စုပေါင်းဦးဆောင်ရာတွင် ပါဝင်ခဲ့သည်။

ဆရာတော်သည် ငယ်စဉ်ကပင် ပုံပြင်အများအပြားကို ဆရာအောင်လှထံမှ နားထောင်ခဲ့ရသည်။ ပုံပြင်စုဆောင်းမှုကို အသက်(၂၀)ကပင် စတင်ခဲ့သည်။ မင်္ဂလာသုခကျောင်းတိုက်တွင် ပညာသင်နေစဉ်ကလည်း ဝတီလေးရပ်မှ ရဟန်း သာမဏေတို့ထံမှ အခွင့်သာသလို စုဆောင်းရေးသားခဲ့သည်။ ထိုပုံပြင်များကို တစုတစည်းတည်း ထုတ်ဝေလို ၁၉၆၁ (၁၃၂၂)ခုနှစ်ကပင် မူသန့်ရေးသားခဲ့သည်။ ကံအားလျော်စွာ မန္တလေးမှ လူထုဦးလှက မိမိ၏လူထုသတင်းစာ၌ တိုင်းရင်းသား လူမျိုးတို့၏ ပုံပြင်များကို တောင်းခံလာရာ ရခိုင်ပုံပြင်များကို ပေးပို့ခဲ့သည်။ ဦးလှက ရခိုင်ပုံပြင်များကို စုစည်း (၁၉၆၃)ခုတွင် စာအုပ်ထုတ်ဝေခဲ့ရာ စာပေဗိမာန်ဆု ရခဲ့သည်။ ဦးလှထံသို့ ပုံပြင်များဆက်လက်ပေးပို့ခဲ့သောကြောင့် ၎င်းထုတ်ဝေသော ရခိုင်ပုံပြင် (၄)တွဲလုံး၌ ဆရာတော်ရေးသားခဲ့သော ပုံပြင်များပါဝင်ခဲ့သည်။[၁၂]

ဆရာတော်သည် စာရေးဆရာ မာန်အောင်ပီယနှင့် စာပေမိတ်ဖက်ဖြစ်ခဲ့သည်။ ရင်းနှီးခဲ့သည်။ ထို့ကြောင့် မာန်အောင်ပီယ၏ ''ရခိုင်သာစွလေ''စာအုပ်တွင် ဆရာတော်ထံမှ တေးကဗျာများ၊ ပုံပြင်များ၊ အသံလွင့်ဟောပြောချက်များကို ထည့်သွင်း ဖော်ပြခဲ့သည်။[၁၃] ရန်ကုန်ရောက် ရခိုင်လူငယ်များ စုပေါင်း (၁၉၆၇)တွင် ''ရခိုင့်ရွှေနန့်ဖူး'' အမည်နှင့် စာအုပ်ထုတ်ရန် စီစဉ်ခဲ့ကြသည်။ ထုတ်ဝေသူတို့က မင်းပြား၌ သီတင်းသုံးနေသူ ဆရာတော်ထံ စာရေးအကူအညီတောင်းကြသောကြောင့်

ဆရာတော်က ''ရခိုင်ဇာတိဝံသမော်ကွန်းစာ''စာတမ်းနှင့်တခြားဆောင်းပါးနှစ်ခု ရေးသားပေးပို့ ကူညီခဲ့သည်။[၁၅]

ဆရာတော်သည် ရခိုင်မဂ္ဂဇင်း၊ ရခိုင်ပြည်နယ်စာစောင်အစရှိသော ရခိုင်ဒေသထုတ်မဂ္ဂဇင်းတို့၌ စဉ်ဆက်မပြတ် ပါဝင်ရေးသားခဲ့သည်။ ရေးသားခဲ့ဖူးပြီးသော မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များမှာ (၁)ရခိုင်ဝ္နန့်ဖူး ဆောင်းပါးပေါင်းချုပ်(၁၉၆၈)၊ (၂) ရခိုင်မဂ္ဂဇင်း(၁၉၇၃ ခုနှစ်မှစ )၊ (၃) ရခိုင်ပြည်နယ်စာစောင် (၁၉၇၇ ခုနှစ်မှစ )၊ (၄) ရက္ခပူရဗုဒ္ဓသာသနာ့ရောင်ခြည်၊ (၅) ရက္ခပူရဗုဒ္ဓသာသနာ့အလင်းရောင်၊ (၆) ဒွါရဝတီမဂ္ဂဇင်း (၁၉၇၉)၊ (၇) မေဃဝတီမဂ္ဂဇင်း(၁၉၇၉)၊ (၈) စစ်တွေဒေသကောလိပ်မဂ္ဂဇင်း(၁၉၈၀–၈၁)၊ (၉) စစ်တွေကောလိပ်မဂ္ဂဇင်း၊ (၁၀) စစ်တွေဒီဂရီကောလိပ်မဂ္ဂဇင်း၊ (၁၁) ရမ္မာဝတီမဂ္ဂဇင်း(၁၉၈၇)၊ (၁၅) မြဝတီမဂ္ဂဇင်း(၁၉၆၈ ခု၊ အောက်တိုဘာ)၊ (၁၆)ငွေတာရီမဂ္ဂဇင်း(၁၉၆၈ ခု၊ အောက်တိုဘာ)တို့ ဖြစ်သည်။[၁၆]

''ရခိုင်ဳးမ''အမည်နှင့် ရခိုင်ဘာသာမဂ္ဂဇင်းတစ်စောင်ကို ဆရာ မောင်စံဖော်တာဝန်ခံ (၁၉၉၆)ခုက ထုတ်ဝေကြသောအခါလည်း ဆရာတော်မှာ စဉ်ဆက်မပြတ် ပါဝင်ရေးသားခဲ့သည်။[၁၇] မုနိမြေမဂ္ဂဇင်း၊ ကျိန်းရိပ်မြေမဂ္ဂဇင်း၊ မြောက်ဦးမဂ္ဂဇင်း၊ စိုင်းတင်မဂ္ဂဇင်း၊ လခြမ်းမဂ္ဂဇင်း၊ ပေါက်တောရွှေမြေမဂ္ဂဇင်း၊ ရတနာမြေပုံမဂ္ဂဇင်း၊ ကစ္ဆပမဂ္ဂဇင်း၊ မေယုမဂ္ဂဇင်း စသည်တို့၌လည်း ပါဝင်ရေးသားခဲ့သည်။ အချုပ်ပြောရလျှင် ရခိုင်ဒေသထွက် စာစောင်၊ မဂ္ဂဇင်းတိုင်းကို (စီစဉ်သူတို့တောင်းပန် ) ဆောင်းပါးရေးဖို့ ကူညီခဲ့သည်။

ဆရာတော်အသုံးပြုခဲ့သော ကလောင်အမည်များမှာ နတ်မြစ်စန်းအောင်၊ နတ်မြစ်ိုဇံမောင်ကျော်ရှိ၊ အသျှင်စကိ ႏ[ ဦးပါ္မ၊ အသျှင်ကြီးတို့ဖြစ်ကြသည်။

## သုတေသနပြု စုဆောင်းခြင်း

ဆရာတော်သည် သာမဏေဘဝဖြင့် ရန်ကုန်တွင်နေစဉ် ရခိုင်တေးကဗျာ၊ ရခိုင်ပုံသေဝတ ၂များကို စတင်စုဆောင်းလေသည်။[၁၈] ရန်ကုန်မင်္ဂလာသုခကျောင်းတွင် ပညာသင်နေစဉ်အခါ၌လည်း ဝတီလေးရပ်မှ ရခိုင်ရဟန်း သာမဏေတို့ထံမှ အခွင့်သာသလို စုဆောင်းခဲ့သည်။ စာအတန်တန် ပေအတန်တန်ဖြင့်လည်း ကမ်းလှမ်းဆက်သွယ်ကာ အသိအကျွမ်းတို့ထံမှ တောင်းခံစုဆောင်းခဲ့သည်။[၁၉] (၁၉၆၂)ခုနှစ်မှစ ရခိုင်တိုင်းအနှံ့ သုတေသနခရီးသွားပြီး ရခိုင်ရာဇဝင်စာပေတို့ကို ရှာဖွေစုဆောင်းခဲ့သည်။[၂၀] (၁၉၆၈)ခုတွင် မြောက်ဦးသို့ လှည့်လည်လျက် သကြၤန်ကုန်သည်အထိ အချိန်ယူ သုတေသနပြုစုဆောင်းခဲ့သည်။[၂၁]

ဆရာတော်စုဆောင်းသောစာပေများ၌ ပုံပြင် (၁၃၀)ခန့်ပါဝင်သည်။ ငယ်စဉ်က မိမိရွာသား ဆရာဦးအောင်လှထံတွင် အများအပြားနားထောင်ခဲ့ရသည်။

ထိုပုံပြင်များကို အသက်(၂၀)ခန့်ကပင် မှတ်တမ်းတင်ခဲ့သည်။[၂၂] ရခိုင်ပုံပြင်များကို အင်္ဂလိပ်ခေတ်ကပင် ကျောက်စာဝန် ဦးစံရွှေဘုသည် ၁၉၂၁/၂၂/၂၃ ခုနှစ်များထုတ် ''သုတေသနဂျာနယ်'' (အင်္ဂလိပ်ဘာသာ)များတွင် အနည်းအပါး ရေးသားခဲ့သည်။ ထို့ပြင် ရခိုင့်တန်ဆောင်၊ ဓညဝတီမဂ္ဂဇင်းတို့တွင် ဆောင်းပါးရှင်အချို့က တစ်ပုဒ်စ၊ နှစ်ပုဒ်စ ရေးသားခဲ့သည်မှအပ စာအုပ်ထုတ်ဝေနိုင်လောက်အောင် မတတ်နိုင်ခဲ့ချေ။ ထိုလစ်ဟင်းနေခဲ့သော အကွက်တစ်ခုကို ဆရာတော်က အတော်အသင့် ဖာထေးနိုင်ခဲ့ ဝမ်းသာအားရဖြစ်ခဲ့သည်။ မိမိတတ်နိုင်သလောက် အင်တိုက်အားတိုက် ပါဝင်နိုင်ခဲ့သဖြင့် ဂုဏ်ယူ ခဲ့သည်။[၂၃] စင်စစ်အသျှင်စကိ ၌သည့် ရခိုင်ပုံပြင်များကို စုဆောင်းဖော်ထုတ်ရာ၌ အထင်ရှားဆုံး သုတေသီဖြစ်လေသည်။

ဆရာတော်၏သုတေသနပြု စုဆောင်းချက်၌ ''ရခိုင်သဘာဝတေးကဗျာ''များ (အရွေ့ကဗျာများ)သည်လည်း အထူးအရေးပါလေသည်။ ဆရာတော်စုဆောင်းပေးခဲ့သော အရွေ့ကဗျာ(၁၀၈)ပုဒ်ကို ရန်ကုန်ရှိ''ရခိုင်ရှေးဟောင်းရာဇဝင်နှင့် စာပေအဖွဲ့''မှ တာဝန်သိစိတ်ဖြင့် ပုံနှိပ်ဖြန့်ဝေခဲ့သည်။[၂၅] ယင်းစာအုပ်ထွက်လာပြီးနောက်၌ ထိုစာအုပ်ပါ အရွေ့ကဗျာများကိုအတုယူ လူငယ်ကဗျာဆရာများက ကဗျာသစ်များ ဖွဲ့ ''ိုးမတောင်ို ကဗျာတိ''၊ ''ိုးလှသန္တာ''၊ ''ရခိုင်ွနံ့ဖူး'' စသော ကဗျာစာအုပ်များ၌ ပါဝင်ရေးသားခဲ့ကြသည်။ အမျိုးသားစာပေဆုကဗျာကဆရာ စစ်တွေစောနောင်၊ မောင်ကောက်စံ၊ မောင်မင်းမာ(မြောက်ဦး)၊ မောင်စောလှ(စစ်တွေ)၊ ိုထွန်း(ဓညု)နှင့် ကဗျာဆရာများကလည်း အရွေ့ကဗျာသစ်များရေးဖွဲ့ ဆရာတော်၏ ''သဘာဝတေးများ''စာအုပ်လမ်းိုးဟောင်းတွင် လမ်းသစ်ထွင်ကာ ဂုဏ်ပြုခဲ့ကြသည်။[၂၆]

ဆရာတော်သုတေသနပြု ဖော်ထုတ်တင်ပြခဲ့သော ''ရခိုင်ဇာတိဝံသ မော်ကွန်းစာ''သည် မြောက်ဦးခေတ်အုပ်ချုပ်ရေးနှင့်ဆိုင်သော အဘိုးတန်စာတမ်း တစ်ခုဖြစ်သည်။ ''ပန်းတန်မောင်နှင့်သံတွဲသူ''ကဗျာဝတ ၅ုမှာလည်း ရှေးခေတ်ရခိုင်ရသ စာပေအတွက် အဖိုးမဖြတ်နိုင်သော ရတနာတစ်ခုဖြစ်ပေသည်။ ဆရာတော်သည် မိမိစုဆောင်းရရှိခဲ့သော ရခိုင်စာဟောင်း ပေဟောင်းများမှ ဝေါဟာရများကိုထုတ်နုတ် (၁၉၆၃)ခုကပင် ''ရခိုင်ဒေသန္တရဝေါဟာရအဘိဓာန်''ကို ပြုစုခဲ့သည်။ ထိုအဘိဓာန် လက်ရေးကိုဖတ်ရှုခဲ့ရသူ ဆရာကြီး ဦးအောင်သာဦးက ဆရာတော်၏ စာမူကို လည်းကောင်း၊ လုံ့လဝီရိယကိုလည်းကောင်း ချီးကျူးခဲ့လေသည်။[၂၇]

## ထုတ်ဝေခဲ့သောစာအုပ်များ

ဆရာတော်သုတေသနပြုစုဆောင်းခဲ့သော စာများအနက် ''**ရခိုင်သဘာဝ တေးများ**''ကို ရန်ကုန်မြို့ ရခိုင်ရာဇဝင်နှင့်စာပေအသင်းက စာအုပ်အဖြစ် အဦးဆုံး ထုတ်ဝေခဲ့သည်။ စာရေးဆရာ **မာန်အောင်ပီယ** က သူ၏ ''ရခိုင်သာစွလေ''

စာအုပ်တွင် ဆရာတော်ထံမှ တေးကဗျာများ၊ ပုံပြင်များ၊ အသံလွှင်ချက်များကို ထည့်သွင်း ဖော်ပြခဲ့သည်။ အစိုးရတိုင်းရင်းသားလူမျိုးစုဌာနမှလည်း ရခိုင်တေးသံ၊ ရခိုင်ပုံဝတ္ထုများ၊ ရခိုင်စကားပုံများကို ဆရာတော်အပါအဝင် ရခိုင်ပညာရှင်များ၊ သုတေသီများ အကူအညီဖြင့် ထုတ်ဝေပေးခဲ့လေသည်။ မန္တလေးလူထုဦးလှက ဆရာဦးလှက ဆရာတော်ထံပေးစာ၌ **''ဆရာတော်နှင့်ဆက်သွယ်မှုရသဖြင့် ရခိုင်နယ်သို့ ခရီးထွက်စရာမလိုဘဲ ပြည့်စုံမှုရှိလာခဲ့ရသည်''ဟု ရေးခဲ့သည်**[၂၈] ရေးခဲ့သည့်အတိုင်းလည်း လူထုဦးလှ၏ ရခိုင်ပုံပြင်လေးတွဲလုံး၌ ဆရာတော် ရေးပို့ခဲ့သော ပုံပြင်များပါဝင်ခဲ့သည်။[၂၉]

ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီနှင့်ပူးပေါင်း ရခိုင်ဝေါဟာရအဘိဓာန်ကို မိတ္ထူပွား ဖြန့်ချီခဲ့သည်။ ရခိုင်မဟာမုနိသမိုင်းကို ကျောက်တော်မြို့နယ် ပြည်သူ့ကောင်စီ၏ တောင်းပန်ချက်အရ ဦးစကိ ဒေါ၊ ဦးဝါသဝ၊ ဦးထွန်းရွှေ (စစ်တွေ ကောလိပ် မော်ကွန်းထိန်း)တို့ သုံးဦးပူးပေါင်း ရေးသားပြုစုခဲ့ကြလေသည်။[၃၀] ဆရာတော်ရေးသားခဲ့သောစာများကို စုပေါင်း **''ရခိုင်ယဉ်ကျေးမှုများ''**အဖြစ် စာအုပ်ထုတ်ရန် **ရမ္မာဝတီ ဦးပညာစာရ** က အကြံကောင်းပေးပြီး ကိုယ်တိုင် စုဆောင်းစီစဉ်ကာ **ဂေါ်ယာမြေစောဝင်း**နှင့် ဝိုင်းပြီး **''ရခိုင်ယဉ်ကျေးမှု–၂''**ကို ထုတ်ဝေခဲ့ကြသည်။ ရခိုင်လှမြင့်က အကုန်အကျခံခဲ့သည်။

ဆရာတော်ရေးသားထုတ်ဝေခဲ့သောစာအုပ်များကို ထုတ်ဝေသောခုနှစ်များ အလိုက် တန်းစီလိုက်လျှင် ဤသို့ရရှိပါသည်။

(၁) ရခိုင်သဘာဝတေးကဗျာများ (၁၉၆၁)
(၂) ရခိုင်လက်ရွေးစင်ပုံပြင်များ (၁၉၆၆)
(၃) ရခိုင်ပုံပြင်ဆန်းများ (၁၉၆၇)
(၄) ရခိုင်ယဉ်ကျေးမှုများ–၁၊ (မာန်အောင်ပီယနှင့်တွဲ) (၁၉၆၉)
(၅) ဇေင်ဂိုင်းချောင်းကျွန်းသမိုင်းနှင့် ထေရာမော်ကွန်း (၁၉၇၅)
(၆) ရခိုင်ပြည်ခွင်ပုံပြင်များ (၁၉၉၀)
(၇) ပြည်တွင်မကိုဋ်ဓာတ်ဦးရာဇ်သမိုင်း (၁၉၉၃)
(၈) ရခိုင်ယဉ်ကျေးမှုများ–၂ (၁၉၉၃)
(၉) ရခိုင်ပုံသေဝတ္ထုများ (ပထမတွဲ) (၁၉၉၄)
(၁၀) ရခိုင်ယဉ်ကျေးမှုများ–၃ (၁၉၉၄)
(၁၁) သလုံးတော်ဓာတ်သမိုင်းနှင့်စစ်တွေမြို့အကြောင်း (၁၉၉၄)
(၁၂) ရခိုင်ဘာသာစကားလမ်းညွှန် (၁၉၉၄)
(၁၃) ရခိုင်ယဉ်ကျေးမှု–၄ (၁၉၉၅)
(၁၄) ရခိုင်တံခွန်ပုံပြင်များ(ထွန်းရွှေခိုင်နှင့်တွဲ) (၁၉၉၅)
(၁၅) ရခိုင်ဝေါဟာရအဘိဓာန်ကျမ်း၊ (ဦးဝါသဝနှင့်တွဲ) (၁၉၉၆)

(၁၆) ဥပမာစုံရခိုင်စကားပုံ၊ (ဦးဝါသဝနှင့်တွဲ ) (၁၉၉၆)
(၁၇) ရခိုင်ယဉ်ကျေးမှု–၅ (၁၉၉၆)
(၁၈) ရခိုင်ယဉ်ကျေးမှု–၆ (၁၉၉၆)
(၁၉) ရခိုင်ယဉ်ကျေးမှု–၇ (၁၉၉၆)
(၂၀) မင်းပြားတခွင်ကျိန်းတော်ရှင် (၁၉၉၇)
(၂၁) မဟာမုနိ ုပ်ပွားတော်များ (၁၉၉၇)
(၂၂) ရခိုင်ပုံသေဝတ္ထု (ပ၊ ဒု–၂ တွဲပေါင်း) (၁၉၉၈)
(၂၃) ရခိုင်သဘာဝတေးကဗျာများ (ဒု–အကြိမ်) (၁၉၉၉)
၂၄။ လိုင်ဂိုးတော်ဓာတ်သမိုင်း၊ (မင်းပြားမင်းသိန်းဇံနှင့်တွဲ ) (၂၀၀၂)
၂၅။ ရခိုင်ယဉ်ကျေးမှု–၈ (၂၀၀၅)

ဆရာတော်ရေးသားခဲ့သောစာအုပ်များကို ရခိုင်ရာဇဝင်နှင့် စာပေအသင်း၊ ရန်ကုန်။ ဒေါ်ရွှေအိမ်၏ တိုင်းလင်း စာပေတိုက်၊ ရန်ကုန်၊ ဦးဘိုးသိန်း၊ လမ်းမှန် စာပေတိုက်၊ ဦးလှကျော်စိန်၏ လှကျော်စိန်စာပေ၊ ရန်ကုန်။ ဦးရာဇ်တော် ဘုရားကြီးဂေါပကအဖွဲ့၊ ပုဏ္ဏားကျွန်းမြို့၊ ဦးလှမြင့်နှင့်ညီများ၊ ရန်ကုန်၊ ရခိုင်လှမြင့်၊ ရခိုင်သားကြီးစာပေ၊ ရန်ကုန်တို့က ပုံနှိပ်ထုတ်ဝေပေးခဲ့ကြသည်။ စာအုပ်အများစုကို ရခိုင်သားကြီးစာပေက ပုံနှိပ်ထုတ်ဝေပေးခဲ့သည်။

## ကောက်ရိုးလမ်းသွယ် အားထားဖွယ်

ဆရာတော်သည် ရခိုင်ရာဇဝင်၊ ရခိုင်စာပေ၊ ရခိုင်ယဉ်ကျေးမှုတို့ကို ကဏ္ဍစုံ သုတေသနပြု ဖော်ထုတ်ရေးသားလာခဲ့သည်မှာ အသက်(၂၀)ခန့်မှစ ယနေ့ သက်တော်(၇၀)ပြည့်သည်ထိဖြစ်ပေသည်။ ဤသို့မရပ်မနား၊ မမောမပန်းအားသွန် ခွန်စိုက်ဆောင်ရွက်ကြိုးပမ်းခဲ့မှုများကို ဆရာတော်က ''**ကောက်ိုးလမ်းလောက် ခင်းနိုင်ခဲယင့်**''ဟူ သာ မိမိကိုယ်ကိုနှိမ့်ချ သုံးသပ်မိန့်ဆိုခဲ့သည်။[၃၁] မိမိခင်းခဲ့သော ကောက်ိုးလမ်းကို အသုံးပြု အုတ်လမ်းခင်းနိုင်သူ၊ ကတ္တရာလမ်းခင်းနိုင်သူများ ပေါ်ထွန်းလာလိမ့်မည်ဟုလည်း ဆရာတော်က အနာဂတ်ကို အကောင်းမြင်ဖြင့် မှန်းမျှော်ကြည့်ခဲ့သည်။[၃၂]

ဆရာတော်သည် ဘုရားသားတော်ပီပီ မင်္ဂလာတရားတော်အတိုင်း မိမိကိုယ်ကို နှိမ့်ချ မိမိ၏တစ်သက်တာ ကြိုးပမ်းမှုများကို''**ကောက်ိုးနွယ်**''နှင့် ခိုင်းနှိုင်းကာ မိန့်ကြားခဲ့သော်လည်း ဆရာတော်ဘုရား၏ သုတေသနပြုရေးသား ဖော်ထုတ်ချက် များကို ကျွန်ုပ်တို့ တပည့်တကာများက များစွာလေးစားတန်ဖိုးထားကြသည်။ စာပေနှင့် သမိုင်းသုတေသီများကလည်း တန်ဘိုးထားကြသည်။ ရခိုင်အမျိုးသား သမိုင်းပညာရှင် **ဒေါက်တာအေးချမ်း**သည် သူ၏မဟာဝိဇ္ဇာဘွဲ့ ကျမ်းယူကျမ်း **(မြောက်ဦးခေတ် အစောပိုင်း ရခိုင်သမိုင်း)**ကို ပြုစုစဉ်က ဆရာတော်၏အကူအညီ၊ အကြံဉာဏ်ကို

ရခဲ့ဖူးသည်။ ရခိုင်သမိုင်းပညာရှင် **ဒေါက်တာဂျာက့်ပီလိုင်ဒါ (Dr. Jacques P.Leider)**သည်လည်း ဆရာတော်ရေးသားခဲ့ သောစာများကို **''ဦးစကီ နဒြာ စာရင်း''**ပြုစု နိုင်ငံခြားမှရခိုင်အကြောင်း လေ့လာရေးသားသူများအား သတင်းပေးပို့ ခဲ့လေသည်။ ဆရာတော်က မိမိ၏အားထုတ်ချက်များကို ''**ကောက်ိုးလမ်း**''ဟုသာ သဘောထားသော်လည်း ဆရာတော်၏တပည့်၊ တကာများနှင့်သုတေသီပညာရှင် အပေါင်းက ''**တန်ဘိုးမဖြတ်နိုင်သော ကောက်ိုးလမ်း**''ဟု နှလုံးပိုက် မော်ကွန်းတင်ထားကြမည်ဖြစ်ပါကြောင်း နိဂုံးချုပ်ဂုဏ်ပြုလျှောက်ထားပါသည်ဘုရား။

**(မှတ်ချက်)**

အသျှင်စကီ နဒြသက်တော် (၇၀)ပြည့် အထိမ်းအမှတ် ဂုဏပူဇာစာတမ်းဖတ်ပွဲမှ တင်ပြချက်၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ စန္ဒမုနိဘုရားကြီးကျောင်းတိုက်။

<u>**အသျှင်စကီန္ဒထေရုပ္ပတ္တိအကျဉ်း စာကိုးစာရင်း**</u>

(ကိုးကားသော စာအုပ်စာတမ်း တစ်အုပ်စီ၏အဆုံး၌ အထက်အတ ပြ တိ စာတမ်း၌ ဖော်ပြထားသော ဂဏန်းများကို ရည်ညွှန်းခြင်းဖြစ်သည်)

၁။ ရခိုင်သဘာဝတေးကဗျာများ(ဒုတိယအကြိမ်) ရခိုင်သားကြီးစာပေ၊ ၅၅(ဘီ)၊ ကျွန်းရွှေဝါလမ်း၊ ရန်ကုန်၊ ၁၉၉၉၊ ဇန်နဝါရီ(၁၊၃၊၄၊၁၂)

၂။ ရခိုင်ဝေါဟာရအဘိဓာန်၊ ရခိုင်သားကြီးစာပေ၊ ၅၅(ဘီ)၊ ကျွန်းရွှေဝါလမ်း၊ ရန်ကုန်၊ ၁၉၉၆၊ (၁၊၃၊၄၊၁၂)

၃။ (က) ရခိုင်ပုံပြင်ဆန်းများ၊ ဒေါ်ရွှေအိမ်၊ တိုင်းလင်းစာပေတိုက်၊ ရန်ကုန်၊ ၁၉၆၇၊ (၅၊၁၃၊၂၄)

(ခ) ရခိုင်ပုံသေဝတ္ထုများ (ပ၊ ဒု ပေါင်း) ရခိုင်သားကြီးစာပေ၊ ၅၅(ဘီ)၊ ကျွန်းရွှေဝါလမ်း၊ ရန်ကုန်၊ ၁၉၉၉၊

၄။ ရခိုင်သဘာဝတေးကဗျာများ (ပထမအကြိမ်) ရခိုင်ရှေးဟောင်းရာဇဝင်နှင့် စာပေအဖွဲ့၊ ရန်ကုန်၊ ခင်မောင်က တာဝန်ခံ မြန်မာ့ကြော်ငြာ၊ ပုံနှိပ်တိုက်၌ ိုက်နှိပ်သည်။ (၆၊ ၂၄)

၅။ ရခိုင်ယဉ်ကျေးမှုများ–၃၊ ရခိုင်လှမြင့်နှင့်ညီများ၊ ရခိုင်သားကြီးစာပေ၊ ၅၅(ဘီ)၊ ကျွန်းရွှေဝါလမ်း၊ ရန်ကုန်၊ ၁၉၉၄၊ (၇၊၂၉၊ ၃၀)

၆။ ငဇင်ိုင်းချောင်းကျွန်းသမိုင်းနှင့် ထေရာမော်ကျွန်း နယူဘားမားပုံနှိပ်တိုက်၊ စစ်တွေ ၁၉၇၅(ဂ)

၇။ ရခိုင်ယဉ်ကျေးမှုများ ၂၊ ရခိုင်လှမြင့်နှင့်ညီများ၊ ၅၅(ဘီ)၊ ကျွန်းရွှေဝါလမ်း၊ မရမ်းကုန်း၊ ရန်ကုန်၊ ၁၉၉၃၊ (၉၊၁၁၊၁၄)

၈။ နတ်မြစ်မဂ္ဂဇင်း–၃၊ အသျှင်စက နဒ၏ကောက်ိုးလမ်း၊ မောင်ဗသိန်း၊ ရခိုင်သားကြီးစာပေ၊ ကျွန်းရွှေဝါလမ်း၊ ရန်ကုန်၊ (၂၆၊ ၂၇၊ ၃၁၊ ၃၂)

ရခိုင်သားကြီးစာပေ

**မောင်ဗသိန်း၊ ၁-၁-၀၅(အင်္ဂါနေ့)**

# ဓမ္မသာမိမထေရ်နှင့် အတွင်းမှူး မဟာဇေယျသိန်

ဓမ္မသာမိမထေရ်သည် အရည်ဝါသီဆောက်တည်လျက် တောရပ်မွေ့လျော်နေသော ပုဂ္ဂိုလ်ဖြစ်သည်။ ဘဝရှင်ဘုရင်မင်းရာဇာကြီးသည် မြောက်ဦးထီးနန်းကို စိုးစံနေသောကာလဖြစ်လေသည်။ ဆရာတော်၏ဂုဏ်ရည်ကြောင့် ဘုရင်မင်းရာဇာကြီးက ပင့်ဖိတ်တော်မူလေသည်။ နန်းတော်သို့ရောက်သော် မေးမြန်းလျှောက်ထားစရာများကို လျှောက်ထားလေ၏။

ထို့နောက် မြောက်ဦးမြို့ အရှေ့တာငါးရာကွာ (အနောက်ဖက်သာဖြစ်သည်) ကန်လှတွင် ဇေတဝန်ကျောင်းဆောက်လုပ်ခဲ့လေသည်။ ထိုကျောင်းကို မဟာရံတံတိုင်းမှာ စဥ္စိမ်းအပြင်တံတိုင်းမှု စဥ္စဝါဖြစ်လေသည်။ ထိုကျောင်းတွင် ပင့်ဖိတ်လျက်ကိုးကွယ် ခဲ့လေသည်။ အရံစောင့် မွန် ၂၀၀၊ ကုလား ၁၀၀၊ ချင်း ၂၀၀ ထားရှိလေသည်။ ကျောက်စာထိုး ကျောင်းနှင့်အရံတို့ကို လှူတော်မူပြီးသော် သာသနာတော်ကိုလည်း ဘုရားမြတ်စွာမှတစ်ပါး ပိုင်သူမရှိဆို၏။ ဘုရားအဆုံးအမ သာသနာတော်ကို သာသနာ့ဒါယကာဖြစ်တော်မူသော တကာတော်ထိန်းတော်မူမှ သာသနာတော်ပွင့်လင်းမည်ဟု အမိန့်တော်ရှိတော်မူသည်။

အတွင်းမှူး မဟာဇေယျသိန်သည် မင်းရာဇာကြီး၏ ကိုယ်ရံကြီးအမတ်ဖြစ်သည်။ အမတ်ကြီး မဟာပညာကျော်၏ သားတော်ဖြစ်သော ရောင်ဖြူမြို့စားအမတ် ကျီးဂိုတည်း၊ မင်းရာဇာကြီးသည် သက ရာဇ် ၉၅၉–ခုနှစ်၊ တောင်ငူမင်း၏ အကူ အညီတောင်းခံချက်အရ ပဲခူးဟံသာဝတီသို့ ကြွချီခဲ့လေသည်။ အပြန်တွင် မော်တင်၌ မဟာပညာကျော်သေဆုံးခဲ့ရာ သားတော်ကျီးဂိုကို အဘစားခဲ့သော စစ်တကောင်းမြို့စား ခန့်အပ်ခြင်းပြုလေသည်။ ပညာဝံသဘွဲ့ကိုလည်း ချီးမြ င့်လျက်နောင်တွင် အတွင်းမှူးမဟာဇေယျသိန်း ကိုယ်ရံကြီးဖြစ်လာခဲ့ရလေသည်။

ရခိုင်သားကြီးစာပေ

မင်းရာဇာကြီး၏ အမှုတော်ကို ထမ်းရွက်ခြင်းဖြင့် ထိုမင်း၏လျှောက်ထုံးများကို မှတ်တမ်းတင်ထားခဲ့လေသည်။ မင်းရာဇာကြီး၏ အရေးတော်ပုံစာတမ်းတွင် အထင်အရှားဖော်ပြပါရှိလေသည်။ ဖော်ပြပါ ဆရာတော် ဓမ္မသာမိနှင့် မဟာဇေယျသိန် တို့သည် အမတ်ကြီးဘဝတွင် သာသနာရေးကိစ စုံစမ်းစစ်ဆေးစဉ် တွေ့ဆုံခြင်း ဖြစ်လာခဲ့ကြပေသည်။ ကျိုးို (ခ) အမတ်ကိုယ်ရံကြီးသည် သာသနာတော်အရေး၌ ကိုယ်တိုင်စစ်ဆေးဆုံးဖြတ်ခဲ့ရလေသည်။ ကျမ်းဂန်ကိစ ကိုမူ ဓမ္မသာမိဆရာတော်အား ဖတ်နာကြည့်ရှုစေလျက် စီစစ်ရွေးချယ်တော်မူလေသည်၊

ရခိုင်ပြည်နယ် သာသနာ့သမိုင်းတွင် ထင်ရှားသောသာကေများ ရှိလာခဲ့ဖူးသည်။ ဥပမာ–ဒသရာဇာမင်းလက်ထက် ရေးထုံးသက်သေနှင့် ညီ မညီ အရညဝါသီ ဇိနမာရ်အောင် ဆရာတော် သီဟိုဠ်ကျွန်းမှ ရေးကူးဆောင်ယူခဲ့သော ဘုရားစကား တော်ရင်း၊ အနုလုံးမင်းလက်ထက် ဓမ္မဝီရဆရာတော် သီဟိုဠ်ကျွန်းမှ ရေးကူးဆောင်ယူ လာခဲ့သော ဘုရားစကားတော်ရင်း မင်းထီးလက်ထက်သကျမဥ္ဇူဆရာတော် သီဟိုဠ်ကျွန်းမှ ရေးကူးဆောင်ယူလာခဲ့သော ဘုရားစကားတော်ရင်းတို့ကို ကြည့်ရှု လေ့လာရသည်။ ရှိရင်းကျမ်းထွက်နှင့်ကိုက်ညီလျှင် သင်္ဂါယနာဝင်ကျမ်း ဖြစ်ကြောင်း အခိုင်အမာလက်ခံရသည့်သဘော ရှိလေသည်။

သာကီဝင်မင်းမျိုး အိုးမှန်သော်လည်း အသိပညာနည်းပါးသော ရာဇသုည မင်းလက်ထက်ဆိုက ဂါမဝါသီ(ပွဲကျောင်း)ရဟန်းတို့ စည်ကားလေ့ရှိသည်။ အရညဝါသီ (တောနေ)ရဟန်းတို့ တိမ်မြုပ်ဖြစ်တတ်သည်။ (ဆိတ်သုဉ်းခြင်း ပျောက်ဆုံးခြင်းမျိုးကား မဟုတ်ချေ။ တိမ်ငုပ်နေခြင်းမျိုးသာတည်း) ဘုရားလက်ထက်ကလည်း ဘုရား အသုံးအမ မခံ အာဏာဆန့်ကျင်သော ဆဗ္ဗဂ္ဂီရဟန်းမျိုးတို့ရှိခဲ့ကြသည်။ ထို့ကြောင့် ဓမ္မရာဇာမင်းတို့ လက်ထက်တွင်ဆိုလျှင် တိုင်းပြည်သာယာအေးချမ်းအောင် သာသနာတော် ထွန်းလင်းစည်ပင်အောင် ဆောင်ရွက်ရလေသည်။

ဖော်ပြပါ ကိုယ်ရံကြီး၊ ပြည်စိုးကြီး၊ ဆင်ကဲကြီး၊ ထားပိုင်ကြီးဟူသော အမတ်လေးယောက်တို့သည် တိုင်းပြည်ကို ကောင်းစွာဂရုတစိုက်ရှိခဲ့ရသည်။ ပေါ့လျော့ လစ်ဟင်းခြင်း၊ ထုံးနည်းမမှန် ပျက်ပြားပြန်ကလည်း ထိုလေးယောက်တို့ တာဝန် မကင်းကြချေ။ နားကိုဖောက် သံတံကျင်းလျှိုခံကြရလေသည်။ ဖော်ပြပါ အမတ်ကြီး လေးယောက်နှင့် လက်ဝဲမြန်၊ လက်ျာမြန်အတွင်း အမတ်နှစ်ပါး မြို့စားချောင်းစား မှူးတော်မတ်တော်တို့သည် ထုတ်ပြန်ထားသော ဘုရင်မင်း၏ အမိန့်အာဏာတော်ကို ညီညာစွာ စီရင်ကြရသည်။

## သာသနာရေး ဆောင်ရွက်ခြင်း

ရခိုင်ပြည်နယ်တွင် ဗုဒ္ဓသာသနာရေး၌ အရညဝါသီ(ကေစာရ)ဂိုဏ်း၊ ဂါမဝါသီ (ဗဟုစာရ)ဂိုဏ်းဟူ သံဃာနှစ်စုသတ်မှတ်ရှိခဲ့ကြသည်။ ကေစာရဂိုဏ်းက တောရပ်

နေလျက် ဗဟုစာရဂိုဏ်းက ရပ်ရွာနီးစပ်တွင် နေလေ့ရှိသည်။ သာသနာတော်ဆိုင်ရာ ရှိရင်းကျမ်းထွက်နှင့် သီဟိုဠ်မှကူးယူထားသော ကျမ်းများဟူ ကိုးကားထောက်ဆ နိုင်စရာ ရှိလေသည်။ ရှိရင်းကျမ်းထွက်နှင့်ညီ့တ်သော ပုဂ္ဂိုလ်များဆိုလျှင် မူလနေရင်း ဌာနတို့၌ပင် နေထိုင်ရလေသည်။ ဂါမဝါသီ(ပွဲကျောင်း) ရဟန်းတို့ဆိုလျှင် မူလနေကြသော မဟာမုနိဘုရားအနီးမှာ နေကြရလေသည်။ အရညဝါသီ ရဟန်းတို့မှာမူ တောရပ်တွင် သီတင်းသုံးနေထိုင်ရသည်။ တိစီဝရိတ်သင်္ကန်းဆောင်လျက် တောရပ်၌ မွေ့လျော်နေရလေသည်။ ကျမ်းထွက်နှင့်မညီက ပြည်သူတို့အား ပဥ္စင်းသာမဏေ ပြုလေ့မရှိကြချေ။ ကျမ်းဂန်ပြုလုပ်ခွင့်လည်း မရကြသည့်အပြင် ပုပ်ပွားဆင်းတု စေတီပုထိုးများမှာ အစောင့်ထားခြင်းခံကြရသည်။ ပေါင်းမြက်သုတ်သင်ခြင်း၊ သန့်ရှင်းခြင်းများကို ပြုလုပ်နေကြရသည်။ ဆံထား ဆံရိတ်တို့ကိုကား အလေ့ရှိသလို ပြုလုပ်နိုင်သည်။ သိက္ခာသီလတော်များကိုမူ ဘုရားအဆုံးအမအတိုင်း စောင့်ထိန်းရသည်။ သီလသိက္ခာချွတ်ယွင်းသော်ကား ဆင်ထိန်း၊ မြင်းထိန်း၊ လမိုင်းအစို့အစုတို့၌ ဖြည့်ခြင်းခံကြရလေသည်။

## အလဇ္ဇီ နှိမ်နင်းမှု

ရခိုင်မင်းအဆက်ဆက်တို့သည် ဘုရားပရိနိဗ္ဗာန်ယူပြီးနောက် စန္ဒသူရိယမင်း၊ ၎င်းသားတော် သူရိယာဓိပတိမင်းတို့ ထားရှိခဲ့ကြသော ဘုရားအဆုံးအမတော်တရားများကိုတည်လျက် လိုက်နာလာခဲ့ကြသည်။ အရညဝါသီ ဂါမဝါသီဟူ သံဃာနှစ်သင်းခွဲခြားသတ်မှတ်ထားရှိခဲ့ကြသည်၊ အလဇ္ဇီဆိုလျှင် ပဏ္ဏာလက်ဆောင်ပေးလျက် မင်းအချီး အမြေ ာက်ကိုခံယူလိုကြသည်။ သာသနာတော်ကို ထိပါးပုတ်ခတ်လျက် မိမိတို့ သဘောချင်းရာ၊ ကျင့်ကြံလိုကြသည်။ ကြေးငွေလောင်းလှေ ချေးငှါးခြင်း အငှါး အတားခံခြင်းဖြင့် ငွေကြေးစုဆောင်းခဲ့ကြသည်။ ထို့ကြောင့် တိုင်းပြည်နိုင်ငံတော်မှာ အလဇ္ဇီဝဂ္ဂအဖက် ပါဝင်မှုရှိလာတတ်လေသည်။ ဖိုဖရဲပျက်စီးမှုဖြစ်လာတတ်ကြလေသည်။ ပညာရှိများ ရှောင်ကြဉ်ကြပြီး နောက်လိုက်များသာ လွှမ်းမိုးခဲ့ကြလေသည်။

ပညာရှိများသည် အနောက်ပြည်ခေါ် ကံသာမြို့ ပဋိက ယားမြို့တို့သို့ချည်း လွှဲပြောင်းနေခဲ့ကြလေသည်။ ဥပမာ မြို့မင်းပဲဖြူကို ငတုံမင်းခေါ်(စောရွှေလူး)လုပ်ကြံစဉ် ပုဂံမှ မလွန်စား ရာဇကျော်က ရှင်ယောင်ပြု အလဇ္ဇီအပေါင်းအသင်း ပြုခဲ့ကြသည်။ စန္ဒာသု(စန္ဒာသင်)မင်းလက်ထက်တိုင်အောင် အလဇ္ဇီအပေါင်းအသင်း အပင်းမရှင်းမကင်းရှိလာခဲ့သည်။ အစွယ်ခေါ်ခေါ် မင်းစောလက်ထက်တွင်လည်း ပုဂံမှဘားတစ်လုံး ရှင်ယောင်လာ ယတြာပြုလာသည်။ မင်းကုလားလက် ထက်အရောက်တွင်လည်း ပဥ္စာမြို့၌ရှိသမျှ အလဇ္ဇီရှင်ယောင် (၈၅၀၀)ကို အကုန်အစင်သိမ်း အစို့အစုမှာ ဖြည့်တော်မူလေသည်။

လဇ္ဇီဖြစ်သော အရည္ပဝါသီ သံဃာတော်တို့ကိုမူရှာဖွေလျက် ကိုးကွယ်ခဲ့ကြလေသည်။ ထို့ကြောင့် ကစ္ဆပနဒီမြစ်ညာ ဥတ ရသကြံန်မြို့ဟောင်းတောင်တောတို့၌ သီတင်းသုံးနေကြသော မုနိသုဓမ္မဆရာတော်နှင့် သံဃာတော် (၂၅)ပါးကို ပင့်ခေါ်ခဲ့ကြသည်။ မြို့အရှေ့ဖက်တာ (၂၀၀၀)အကွာ မိဂပဗ,တတောင်တွင် သီတင်းသုံးတော်မူရန် ပင့်ထားခဲ့ကြလေသည်။

ပုဂံပြည်ရောက် မင်းနန်ကို နန်းတင်လာကြစဉ် ပျူ၊ မွန်ရဟန်းတို့ လာရောက်ရောထွေးလေသဖြင့် သာသနာမှေးမှိန်လာခဲ့လေသည်။ ဒသရာဇာမင်း ငနှလုံးမင်း မင်းထီးမင်းတို့လက်ထက်လည်း သာသနာရေး႟ပ်ထွေးခဲ့ရကား စစ်ဆေး သန့်ရှင်းခဲ့ရသည်။ မင်းစောမွန်လက်ထက် ကုလားပြည်သို့ ထွက်ပြေးနေရစဉ် လောင်းကြက်မြို့တွင် ပျူ၊ မွန်တို့ လုယူဖျက်ဆီးခြင်းပြုခဲ့ကြသည်။ ထို့ကြောင့် ကုလားမင်းထံမှ အကူအညီ တောင်းခံခဲ့ရသည်။ ထို့နောက် လောင်းကြက်မြို့မှ မြောက်ဦးမြို့ကို ပြောင်း တည်သောအခါ သာသနာသန့်ရှင်းအောင် ဆောင်ရွက်ခဲ့လေသည်။ မင်းဗာကြီးလက်ထက်အရောက်တွင် သာသနာရေးကို စစ်ဆေးရှင်းလင်းခဲ့ရသည်။ အလဇ္ဇီသက်ကမ်းရံမွန်(၁၂၀၀၀)ဦးရ အစို့အစုများတွင် ဖြည့်စွက်ခဲ့ရလေသည်။

## ထုတ်ပြန်ချက် အမိန့်

ထို့ကြောင့် မင်းရာဇာကြီးလက်ထက်အရောက်တွင် ထုတ်ပြန်ခဲ့သော အမိန့်တော်၌ ''ပညာရှိတယောက် အသိဉာဏ်ကို သူမိုက်အများ မြင်နိုင်မြဲမဟုတ်။ '**မနောပုဗ,ဂ်မာဓမ္မာ**'ဟူ ဘုရားစကားတော်လာသည့်အတိုင်း စိတ်နှလုံးမှာသာ မူလ အရင်းဖြစ်သည်။ သူတော်ကောင်း အကျင့်အကြံ အပြောအဆိုကို သူမိုက် ကြိုက်မြဲထုံးမရှိ၊ ပညာရှိသူမှ ကြိုက်လေသည်။ သူမိုက်မှာလည်း သူမိုက်အချင်းချင်း ကြိုက်ညီလေသည်။ ''ထို့ကြောင့် ပဲခူး(ပကိုး)မြို့ကို ချီတက်စဉ် ပြည်တော်မှာ ရှေးထုံးဥပဒေပျက်နှင့်သည်။ ပြန်တော်မူမှ အမိန့်တော်အာဏာထားတော်မူသည့်အတိုင်း ငြိမ်ဝပ်ခဲ့ကြလေသည်။

ပြည်စိုးကြီးအမတ်က ရွှေတောင်တွင် တည်ထားသောစေတီကို အနေကဇာ တင်လိုကြောင်း လျှောက်ထားသည်။ ထိုအခါ ဓမ္မသာမိဆရာတော်က လက်မခံခဲ့ချေ။ ဘုရားရှင် အနေကဇာတင်ရန် ဟောတော်မူရင်းမဟုတ်ဆို၏။ ''အမျိုးစောင့်သော အကျင့်မရှိက အပျော်အရွှင်သဘင်လေ့လာချက် အတ နော သူစိတ်ကြိုက်ရာနှင့် ပြုလေ သာသနာတော်နွမ်းရိ ပြည်သူ့ိုးငယ်လေသည်။ ဘုရင်မင်းတို့ဆိုလျှင် ရာဇသုည မင်းဖျင်းဖြစ်လေသည်။ အိမ်ရာအနီးအစပ်အကြားတွင် စေတီပုထိုး ႟ပ်ပွားတော်ဆင်းတုများကို မပြုလုပ်သင့်။ ပြုလုပ်ပြီး ရွှေငွေဌာပနာသွင်းသည်များကို လိုသူတို့ ဖြိုတူးဖောက်ယူသဖြင့် အဆိုးအကောင်း ရောနှောလေသည်။ မင်းဘဏ္ဍာ တိုက်တော် ကျီကျသို့ရောက်ပြန်သည်။ ပြည်သူအနှံ့သုံးသဖြင့် မအပ်မလျော်

ဖြစ်တတ်သည်။ ရှေးဘေးလောင်းတော်မင်းများလက်ထက် ထုံးကိုသာအမှန်တည်စေ။ ဒါနကုသိုလ်ပြုလုပ်ရာ၌ အကျော်အစောကိုလို တိရစ္ဆာန်တို့ကို သတ် စ် မပေးလှူ သင့်။ သူတော်ကောင်းဓလေ့မဟုတ် သူမိုက်အလေ့သာဖြစ်သည်။ ဂေါတမ အလောင်းတော် ပါရမီဖြည့် ဒုစိုက်ဆယ်ပါးရှောင်လျက် သီလဆောက်တည်ကာ ကိုယ်နှုတ်နှလုံး ထိန်းလေသည်။ ထို့နောက် သစ ၇လေးပါးသိ သဗ္ဗ ့တဉာဏ်ရသည့် ဘုရားဖြစ်ပြီး သမ္မာအယူရှိသူတို့အား ပြသဆုံးမ တရားစည်ကြီး တီးတော်မူသည်။ ပြည်ရှင်မင်းမှာလည်း ဓမ္မရာဇာမင်းဓလေ့ ပြည်သူတို့ကို အပါယ်မလားစေရ။ ကောင်းသော အကျင့်ကိုသာ ကြိုက်သင့်သည်။ ကံသုံးပါးကိုရှောင်ကြဉ် ပညာရှိ သူတော်ကောင်း သုစိုက်မှန်အောင် အသက်ထက်ဆုံးသူတော်ဓလေ့ကို မြဲမြံကြစေ။ နိုင်ငံတော်တွင် စေ့နှံ့အောင် မြို့စား၊ ရွာစား၊ ချောင်းစားတို့ကိုဆင့်။ တစ်နေ့တစ်ကြိမ် မောင်းခတ်တီးစေ။ မြို့တော်တွင်လည်း တစ်နေ့တစ်ကြိမ် ဖတ်နာစေ မောင်းခတ်။ မိဖတို့က သားသမီးတတ်အောင် သွန်သင်ပြသဆုံးမကြစေ''ဟူ အမိန့်တော်ကြီး မင်းအာဏာထုတ်ပြန် သနားတော်မူသည်။

## ဓမ္မသာမိဆရာတော် ဩဝါဒ

ရှေးပညာရှိတို့ဆိုခဲ့သော စကားတွင်လည်း ''ရေမြေပိုင်မင်းနှင့်အမတ် မတရား တံစိုးစား ပဏ္ဏာ ားခံယူချင်း စည်လေသော် ထိုအရပ်၌ သူခိုးဓါးပြလူဆိုးလူသွန်းပွားများ၊ စစ်မက်စည်လေရာသည်။ (၁) လူဆိုးလူသွန်းစည်လေသော် အမှုစီရင်မဏ္ဍာပ် စည်လေရာသည်။ (၂) မဏ္ဍာပ်စည်လေသော် အပျော်အရွှင် သဘင်စည်ကားရာ သည်။ (၃) သဘင်စည်သော် အလဇ္ဇီရဟန်း စည်လေရာသည်။ (၄) အလဇ္ဇီစည် လေသော် သိုက်တတ်ဓမ္မသတ် ဗေဒင်၊ အင်း၊ မန္တာန်၊ ယတြာမှု စည်လေရာသည်။ (၅) သိုက်ဓာတ်စည်လေသော် ဆေးပေးသမား စည်လေရာသည်။ (၆) ဆေးပေးသမား စည်လေသော် လုပ်တိုင်းစည်လေရာသည်။ (၇) သတ ကံ–ထိုခုနစ်ပါးသော ယုတ်စွာအမှုတို့စုံလေသော် ထိုဒေသ၌ ဘုရားအဆုံးအမတော်မတည်။ ကပ်သုံးပါး ရောက်လေရာသည်။ ယင်းသို့သော အကြောင်းခုနစ်ပါးကို နှလုံးထားတော်မူပါ တကာတော်မင်းမြတ်''ဟု မိန့်ကြားတော်မူလျက် တိစီဝရိတ်ဆောက်တည်ရင်း ဌာနသို့ ကြွတော်မူလေသတည်း။

**ကိုးကားချက်**။ ။ မင်းရာဇာကြီးစာတမ်း။

## ခေါင်းစီး

ပညာဟိတစ်ယောက်အသိဉာဏ်ကို သူမိုက်အများမြင်နိုင်ခဲ့သည်မဟုတ်။ စိတ်နှလုံးမှာသာ မူလအရင်းဖြစ်သည်။ သူတော်ကောင်းအကျင့်အကြံ အပြောအဆိုကို သူမိုက်ကြိုက်မြဲမယို့။ ပညာရှိဟု ကြိုက်လေသည်။ သူမိုက်မှာ သူမိုက်အချင်းချင်း ကြိုက်ညီကြလေသည်။ (ရခိုင်မင်းရာဇာကြီး ထုတ်ပြန်သောအမိန့်တော်မှ)

ရခိုင်သားကြီးစာပေ
စိတ သုခကျောင်း ရွှေရတုဂုဏပူဇာစာစောင်
၁၃၆၃–ခုနှစ်၊ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ

# မင်းရာဇာကြီး အမိန့်တော်ပြန်တမ်း အမှတ်(၂)

**အသျှင်ကြီး**

ပြန်တမ်း(၁)ကို၊ ရခိုင်သဟာယအသင်း(ရန်ကုန်) မဂ္ဂဇင်းအမှတ်(၅)၊ (၁၉၉၉) ခုနှစ်ထုတ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ အမှတ်(၂)တွင် သာသနာတော်ရေးဆိုင်ရာ ချုံး ပြထားလေသည်။

ဘဝရှင် သာသနာ့ဒါယကာမင်းလည်း၊ သက ရာဇ်ကောဇာ (၉၄၈)ခု၊ ဝါဆိုလဆန်း(၅)ရက်နေ့၊ မင်းကောင်းမင်းမြတ်တို့ ဓမ္မတာ၊ မင်းအာဏာ ပညတ်တော်မူသည်ကား–

ရှေးဦးစွာ မဟာသမတမင်းက ဆက်စဉ်လာသော မင်းနိုးသကျဝံသ၊ ခတ္တိယ မင်းမျိုး၊ ထိုမင်းကောင်းတို့ထံ၊ တရားသဖြင့် အန္ဒယ်မပျက် ဆက်ကာမင်းပါးနေသော အမှုုးအမတ် သူဌေးတို့သည်၊ စောင့်ထိန်းသောအလေ့မြဲခြင်းကြောင့်၊ မဟာသာလအမျိုး၊ ဆေး မန္တာန် ယတြာ သိုက်ဓာတ် ဗေဒင်တို့ကို မသင်မလေ့၊ ဗြဟ္မစာရီအကျင့်မြဲလျက်၊ ထိုမင်းများတို့ထံ ဘိသိက်မင်္ဂလာပြုသောသူတို့မှာ၊ ဗြဟ္မဏမျိုး၊ အင်း မန္တာန် ယတြာ ဗေဒင် ဓာတ် ကိန်းခန်း သိုက်စာ၊ ဗြူဟာကထာ၊ ဆေးသမား၊ သင်္ဘော၊ လှေလျှင်၊ ခြေကျင်ကုန်သွယ်၊ ရောင်းဝယ်၊ လယ်လုပ်၊ တံငါ၊ မုဆိုး၊ ပန်းဖွဲ့၊ ပန်းထိမ်၊ ဆင်ထိန်း၊ မြင်းထိန်း၊ စသောအမှုတို့ကို ပြုကျင့်ကြသူတို့မှာ သုဒ္ဒိယမျိုး၊ ထိုသို့အမျိုးလေးပါး ပညတ်လေသည်။

နောက်နောင်ကာလ၌ သုဒ္ဒိယအမျိုးက ဆင့်ပွားပြန်လေ ၊ မြို့ရွာတည်ထောင် ရှိလတ်လေရာ၊ နှစ်ကျိပ်ရှစ် ယောက်သောသားတော်တို့ကို မြေ၊ ရေ၊ ပိုင်းခြား ပေးတော်မူသည်။ သားမြေးဆက်ကာများသဖြင့် ပြည်ခြားပေးတော်မူပြန် လေသော်၊ တစ်ရာ့တစ်ပြည်၊ ထီးလည်းတစ်ရာ့တစ်စင်း၊ မင်းနှင်နှင်ချည်း၊ မင်းနိုးအမတ်မျိုးမပျက်၊ ထိုမင်းများ တိုင်းပြည်သူတို့ အလေ့ပြုရာ၊ ဘာသာအလိုက် မရမာ (၇)မျိုး၊ မွန်

(၃) မျိုး၊ သျှမ်း (၂၃)မျိုး၊ ကုလား (၅၆)မျိုး၊ တရုပ် (၉)မျိုး၊ ချင်း (၃)မျိုးတို့ကို တစ်ရာ့တစ်ပါး ခေါ်ဆိုသမုတ်ကြသည်။ လူနတ်ပြဟ္မာ (၃၁)ဘုံ၌ အတုမရှိသော သမ္မာသမ္ဗုဒ္ဓ ဘုရားမြတ်စွာ တရားတော် သာသနာတော်၊ ဘာသာအလေ့အယူအကျင့် အက္ခရာ ဆရာများနှင့်ဖြစ်ကြလေသည်။

ငါတို့မရမာမျိုးမှာလည်း၊ ဘုရားသခင် ပရိနိဗ္ဗာန်ယူသည်နောက် (၆)နှစ်တွင် ဘေးတော်ဖြစ်တော်မူသော စန္ဒသူရိယမင်း နတ်ရွာစံတော်မူလျှင်၊ သားတော် သူရိယာဓိပတိ ဆက်စိုးတော်မူသည်။ ဘုရားမြတ်စွာ ဆုမ္မတော် တရားကိုတည်သော သံဃာတော်အရည်ဝါသီ ဂိုဏ်းတစ်သင်း၊ ဆဗ္ဗဂ္ဂိရွာသူတို့နှင့် ရောနှောနေသော ပွဲကျောင်း အလဇ္ဇီရဟန်းတစ်သင်း၊ ခြားလျက်စစ်ကြောထားခဲ့သည်။

သူရိယာဓိပတိမင်းက မင်းဆိုး၊ အမတ်ဆိုးမပျက် (၂၈)ဆက်၊ ဘုရားပရိနိဗ္ဗာန် ယူသည်နောက် အနှစ်(၉၈၂)တွင် ဝေသာလီပြည်ရှင် စူဠတဥ္ စန္ဒရားမင်းသည် ဘေးတော်ကံရာဇာကြီး မင်းစံတော်မူခဲ့သော တကောင်းပြည်သို့ ချီတက်တော်မူရာ၊ ပြည်တော်သို့မရောက် လွန်တော်မူလေသော် မင်းလည်းမရှိ၊ ပြည်သူပိုးငယ်ရှိသည့် အတွင်း ချင်း၊ မြို့လူမျိုး၊ မြတူ၊ ပဲဖြူ၊ ထိုနှစ်ယောက် ဝိလုပနပြု (၂၄)နှစ် မင်းမူလေသည်။

အနိစ္စလအမျိုး၊ အကျင့်ဆိုးသွမ်းလေရာ၊ သူမြတ်သူယုတ်ကိုမသိ၊ ဂါမဝါသီ ပွဲကျောင်း အလဇ္ဇီရဟန်းတို့က ပဏ္ဏာလက်ဆောင်ပေးလျက်၊ မင်းအချီးအမြှောက် ကို ခံကြလေသော် သာသနာတော်ကွယ် မင်းအလဇ္ဇီ၊ အမတ်အလဇ္ဇီ၊ ရဟန်းအလဇ္ဇီ၊ ပြည်သူအလဇ္ဇီများကြလေသည်။ ပညာရှိမှူးမတ်၊ သူဌေး၊ အိုးအမျိုးတို့လည်း စူဠတဥ္ စန္ဒရားမင်းညီတော် သီရိဝံသနေရာကံသာ၊ ပဋိုက ရားမြို့သို့ချည်း လွှဲပြောင်း နေကြလေသည်။ မြို့မင်း ပဲဖြူကို သီရိဝံသမင်းသားတော် ငမင်း ငတုံ လုပ်ကြံ (၆၁၇)ကိုပါယ်သော ကောဇာ (၄၁၂)တွင် မင်းဆိုးမပျက်(စမဝက်)၌ ထီးနန်းစိုးသော အခါ၊ ပုဂံမြို့ သာရမွန်မင်းက မလွန်စားရာဇာကျော်ကို ရှင်ယောင်ပြု လွှတ်လိုက် လေရာ ဝေသာလီမြို့ (စမ္ပာဝက်မြို့)တွင် ရှင်ယောင် ဂါမဝါသီအလဇ္ဇီတို့နှင့်ပေါင်း မှူးမိုက် မတ်မိုက်တို့ကို ပဏ္ဏာကြေးငွေပေးလျက်၊ မင်းနားသင့်စွာ လျှောက်လေလျှင်၊ မင်းလည်းမှား လိုက်နာသဖြင့် သာသနာတော်ရေး နွမ်းနယ်ရှိလေသည်။

ငမင်း ငတုံက မင်းဆိုး (၆)ဆက်ဖြစ်သော စန္ဒသူ (စန္ဒသင်)မင်းလက်ထက်၊ ကောဇာ (၅၄၀)ကိုဖြို နှစ်ခုမှတ်သားကြသည်ကာလတိုင်၊ သာသနာတော်ရေး မရှင်းမလင်းရှိသည်နှင့် မင်းဆက်မပျက် စန္ဒသူနောက် (၉)ဆက်၊ မင်းစော လက်ထက် ''အစွယ်ခေါ်ခေါ် မင်းစောပုဂံ၊ ဆန်လတ်''ဟူ ပုဂံမြို့မှာ သိုက်ထွက်ဆိုသည်။ ဝေသာလီကျောက်လှေကားမြို့ (ပဥ္ ၁မြို့)မင်းစောကို ယတြာပြုခဲ့ရသည်။ ပုဂံမြို့ ကြည်စိုးမင်းက ယတြာတတ်အလဇ္ဇီ ဘားတစ်လုံးရှင်ယောင်ကို ကောဇာ (၃၃၅)ခုတွင် စေလွှတ်ပြန် ရောက်လာသော် မင်းစောလည်း သာသနာတော်ရေးကို ရှင်းလင်းတော် မူသည် အတွင်းဝေသာလီမြို့(ပဥ္ ၁)မြို့ရှိ အလဇ္ဇီရဟန်းတို့နှင့် ဘားတစ်လုံး

ပေါင်းယှက်ပြီးလျှင် မင်းစောကို ယတြာပြုလေလျှင် လွန်တော်မူသည်။

မင်းစောသားတော် မင်းကုလားထီးနန်းတက်တော်မူသော် ဘားတစ်လုံးလည်း ပုဂံသို့ထွက်ပြေးလေသည်။ ဝေသာလီမြို့ (ပဥ ၇မြို့)တွင်ရှိသော ဂါမဝါသီ အလဇ္ဇီရှင်ယောင်တို့ကို အကုန်သိမ်း ရသည့် ရဟန်း (၈၅၀၀)တို့ကို မဟာမုနိ ဘုရားမှာ(၁၅၀၀)လှူတော်မူသည်။ မြက်ရိတ်၊ ဆင်ထိန်း၊ မြင်းထိန်း၊ အစုမှာ (၂၀၀၀)၊ ဝင်းလေးမျက်နှာမှာ (၂၀၀၀)၊ လယ်တော်လုပ်လမိုင်းမှာ (၃၀၀၀) အသီးသီး ဖြည့်တော်မူပြီးမှ အရညဝါသီ သံဃာတော်အရှင်မြတ်ကို ရှာစေသော် ကစ္ဆပနဒီ မြစ်ညာ၊ ဥတ ရသကြ မြို့ဟောင်း တောင်တောကိုမှီလျက် တိစီဝရိတ် ဆောက်တည် တော်မူသည့် မုနိသုဓမ္မဆရာတော်နှင့် သင်္ဃာ(၂၅)ပါးသာတွေ့လေ ပင့်ခေါ်ပြီးလျှင် မြို့အရှေ့တာ (၂၀၀၀)ကွာ မိဂပဗ,တတောင်တွင် သိတင်းသုံးတော်မူပါ မင်းက တောင်းပန်လေရာ သီတင်းသုံးတော်မူသည်။

မှူးမတ်တို့မှာလည်း ရှေးမင်းလက်ထက် အိုးအမျိုးမှန်သည်ကို ရွေးစစ်တော်မူ ပညာအရည်အလျှောက် မြေ ၇က်မြ ငှ်တော်မူသည်။ မင်းနှင့်အမတ်အကျင့်တူလေသော် ပြည်သူလည်း ကိုယ်ကျင့်တရားထိန်းကြ သာသနာတော် ပွင့်လင်း၊ သူခိုး၊ ဓားပြ မပေါ်၊ မရှိ၊ တိုင်းပြည်သာယာသည်ဖြစ် မှူးကောင်းမတ်ကောင်း၊ ပြည့်စုံသောကြောင့် ကောဇာ (၃၇၄)ခုတွင် ပုဂံမင်းနော်ရထာ လာရောက်လေသော်၊ နှစ်ပြည်ထောင် သတ ဝါ မပင်မပန်း၊ အသေအပျက်မရှိစေရ၊ ဘုရားမြတ်စွာ တရာတော်နှင့် လျှော်ညီအောင် လျှောက်လေရာ မင်းလည်း သာသနာ့ဒါယကာမှန် နှစ်လိုသင့်စွာ၊ သမီးတော် မင်းထီးလိုင်ဖြူကို နော်ရထာမင်းသို့ပေးလေလျှင် ရန်စစ်မရှိ နှစ်ပြည်ထောင် မိတ်ဝင်ကြလေသည်။

မင်းကုလားသားတော် မင်းဘီလူးသော်ကား အလွန်ဆိုးသွမ်း ပျော်ရွှင်သဘင် လေ့လာလျှင်ပြုပြန်ရာ၊ အမတ်တို့နန်းကချ အမတ်ဓားပိုင်ကြီး ဆေးအို နန်းတက် လေသည်။ မင်းဘီလူးသား၊ မင်းရဲဘယ၊ သားမင်းနန်တို့နှစ်ယောက် ပုဂံမြို့သို့ ထွက်ရောင်ပြေးလေလျှင် မင်းနန်ကို ပုဂံမင်းအလောင်းစည်သူ ကောဇာ (၄၇၂)ခုတွင် နန်းတင်လာသည်နှင့် ပျူမွန်ရဟန်းတို့ လာရောက်ထွေးယှက် ရောနှောလေသော်၊ သာသနာတော်မှေးရိ ဂါမဝါသီ အလဇ္ဇီရဟန်းတို့ ပေါ်ထင်ပြန်လေရာ ဘေးတော် မင်းနန်က မင်းိုးမပျက် (ခုနှစ်ဆက်သော ဒသရာဇ)မင်းလက်ထက်တွင် တစ်ကြိမ်၊ စစ်ဆေး ရှင်းလင်းတော်မူခဲ့ရလေသည်။ ထို့နောက် (၁၈)ဆက် အနလုံးမင်း လက်ထက်တော်အရောက်တွင် တစ်ကြိမ်၊ သာသနာတော်ရေးကို စစ်ဆေးရှင်းလင်း တော် မူခဲ့ရပြန်လေသည်။ (အနလုံလက်ထက်၊ မင်းသုညများခဲ့ သာသနာတော် သန့်ရှင်းခဲ့ရခြင်းဖြစ်လေရာသည်။)

အနလုံမင်းသားတော် အလောမဖြူက (၅)ဆက်၊ ကောဇာ (၆၄၄)ခုတွင် ဘေးတော်မင်းထီး၊ သက်တော်ကိုးနှစ်နှင့် ထီးနန်းစိုးတော်မူလေသော်၊ အရှေ့သက်မျိုး

မင်းလျှင်စောက ရန်စတင်လာရာ၊ ကိုယ်ရံကြီးအမတ် စည်သူရာဇာသင်္ကြန်ကို ချီစေ မင်းလျှင်စောနှင့် မိဖုရားသုံးပါး၊ သားသုံးယောက်၊ သမီးတော်၊ မောင်းမ၊ သက်လူမျိုး၊ တစ်သောင်းကျော်ခေါ်ယူခဲ့သည်။ သက်ရဟန်း နှစ်ရာကျော်ပါလာသည်။ ရဟန်းတို့နှင့် ထွေးယှက်ရှိလေသော် သာသနာ့ဒါယကာခံထိုက်သော မင်းမှန် သာသနာတော်ကို မှုံးမန္တမ်းစေရ၊ သီးသန့်ထားတော်မူခဲ့သည်။ သားတော်ဝရဓမ္မရာဇာတိုင် အရောင် မှိုး ဝရဓမ္မရာဇာမင်းသားတော်၊ နရမိတ်လှ ကောဇာ (၇၇၄)တွင် မင်းဖြစ်သောအခါ မင်းကျင့်မရှိ မှူးကောင်း မတ်ကောင်းတို့ လျှောက်သောစကားကို မနာမယူ၊ ပြုလိုရာ ပြုနေလေသော်၊ မင်းလျှင်စောမြေး မင်းဆွေက၊ မင်းရဲကျော်စွာကို စေလွှတ် ချီရောက်ထိုက်ဖျက်လျှင်၊ နရမိတ်လှ အနောက်မျက်နှာနိုင်ငံတော်ကုလား (၁၂)မြို့သို့ ထွက်ရှောင်နေရလေသည်။ လောင်းကြက်မြို့ကိုလည်း ပျူ၊ မွန်တို့ နှစ်ဦးသား လုယူတိုက်ဖျက်လွှမ်းမိုးနေကြလေရာ၊ နရမိတ်လှမင်းက ကုလား (၁၂)မြို့ကို ဒီလီပြည်မင်း (သူရတန်ဂေါရ်မင်း)သို့ လက်ဆောင်ပေး စစ်ကူတောင်းလေသော်၊ ဒီလီမင်း(သူရတန်မင်း)က (၇၉၁)ခုတွင် ရဲမက်အများနှင့် ဘေးတော်နရမိတ်လှကို နန်းတင်သည်။

(၇၉၂)ခုတွင် မြောက်ဦးမြို့ကိုတည် စောမွန်ကြီး မင်းအမည်ကိုခံတော်မူသည်။ မင်းဒိုးမပျက် ဘိုးတော်သံတွဲစား မင်းဗာကြီး ကောဇာ(၈၈၈)ခုတွင် ထီးနန်း တိုင်းပြည် စိုးတော်မူမှ အနောက်ပြည်သို့ချီတော်မူလျှင် ဒီလီမင်းစစ်ဘက်ပြိုင် မရနိုင်လေရာ၊ ကုလား(၁၂)မြို့ကိုအပ်သည်။ ပြန်တော်မူခဲ့ ပြည်တော်သို့ရောက်သော် သာသနာ တော်ရေးကို စစ်ဆေးရှင်းလင်းတော်မူသည်။ ဂါမဝါသီ၊ အလဇ္ဇီရဟန်းအရ ဟံဖြူသည် သက်၊ ကမ်းရံ၊ မွန် (၁၂၀၀၀)ရသည်။ ရှင်ယောင်တို့ကို ဆင်ထိန်း၊ မြင်းထိန်း၊ ဝင်းလေးမျက်နှာ၊ လယ်တော်လုပ်အစုများမှာ ဖြည့်တော်မူသည်။

ပညာရှိတစ်ယောက် အသိဉာဏ်ကို သူမိုက်အများမြင်နိုင်မြဲမဟုတ်။ ''မနောပုဗ္ဗင်္ဂမာဓမ္မာ''ဘုရားစကားတော်လာ သည်အတိုင်း စိတ်နှလုံးမှာသာ မူလ အရင်းဖြစ်သည်။ သူတော်ကောင်းအကျင့်အကြံ အပြောအဆိုကို သူမိုက်ကြိုက်မြဲထုံး မရှိ။ ပညာရှိသူမှ ကြိုက်လေသည်။ သူမိုက်မှာလည်း သူမိုက်ချင်းချင်း ကြိုက်ညီ လေသည်။ ဗဂိုး(ပဲခူး)မြို့သို့ ချီတက်တော်မူခိုက် ပြည်တော်မှာ ရှေးထုံးဥပဒေပျက်နှင့် သည်။ ပြန်တော်မူမှ အမိန့်တော်အာဏာထားတော်မူသည့်အတိုင်း ငြိမ်းဝပ်ကြလေ သည်။ ဂါမဝါသီပွဲကျောင်းရဟန်းတို့က မင်းချီးအမြေ ၁က်ကိုခံလိုကြောင်း တစ်ဦးနှင့် တစ်ဦး ငြိုငြင်ကြောင်း၊ လျူ ရသော ပစ ည်းကိုရောင်း ဥစ ၁ဆည်းပူးကြောင်း၊ ရွာသူတို့နှင့် ရောနှောဟင်းခွက် ကမ်းလှမ်းကြောင်း၊ ရွာသူဥစ ၁ကို အအပ်အနှံ လက်ခံကြောင်းများကို ကြားတော်မူရပြန်သည်။ နိုင်ငံတော်အတွင်း ဂါမဝါသီရွာသူ တို့နှင့် ရောနှောနေသည်။ အလဇ္ဇီရှင်ယောင်တို့ကို ကိုယ်ရံကြီး မဟာဇေယျသိန်က သိမ်း လက်ဝဲနံ၊ လက်ယာနံတွင် ခြသေ့ံ ပ်ထိုး၊ သင်းကိုယ်ရံ (ကိုယ်ရံသင်း)မှာ

ဖြည့်၊ အရည၀ါသီ သဃ်ာတော်မြတ်တို့မှာ တိစိ၀ရိတ်ဆောက်တည်တော်မူမြဲ၊ ငြိမ်၀ပ်စွာ သီတင်းသုံးတော်မူကြစေ။

ဗဂိုးမြို့ကယူခဲ့သည့်စာ၊ ရှိရင်းကျမ်းစာများသည် ဘုရားစကားတော် ပါဠိတစ်လုံးလျှင် တစ်ထောင်ပွားများ အောင်ကျမ်းပြုစုသည်ဆို ၊ အကျော်အစော အလိုရှိသောရှင်ဆိုးလူဆိုးတို့ ပြုလုပ်စာလည်းရှိသည်။ လက်ခုပ်ပွင့်နှင့်ကတိုး အတူထားလေရာ၊ လက်ခုပ်ပွင့်အနံ့ကြောင့် ကတိုးပျက်သကဲ့သို့ ဘုရားသခင် စကားတော်ရင်း ၀ိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနှစ်ကျမ်းပျက်စီးလေရာသည်။ လုပ်တရားများနှင့်ပြုလုပ်သည်ကျမ်းစာတို့ကို ကိုယ်ရံကြီး အမတ်မဟာဇေယျသိန်က ကုန်စင်အောင်သိမ်း ဓမ္မသာမိ ဆရာတော်နှင့် ဘတ်နာကြည့်ပြီးလျှင် ဘုရားသခင် နိဗ္ဗာန်ယူတော်မူသည့် နောက်(၂၀)တွင် ဘေးတော်သူရိယာဓိပတိ မင်းသန့်ရှင်း ထားတော်မူခဲ့သည်။

ပဏ္ဏာမသုတ်ကျမ်းအထွက်အတိုင်း၊ သီဟိုဠ်ကျွန်းမှသုံးကြိမ်(ဒုသရာဇာ၊ ငနှလုံး၊ မင်းထီး)ကူးယူသည် ပဏ္ဏာမသုတ်ရှိရင်း ပဏ္ဏာမသုတ်၊ မထူးမခြား တစ်သံတည်းထွက်သည်။ မဏ္ဏာမသုတ်အထွက်နှင့်မညီ ကွဲလွဲသမျှ သင်္ဂါယနာတင် အ၀င်ကျမ်းမဟုတ်၊ နောက်ကိုပြုလုပ်သည် ကျမ်းစာများဖြစ်သည်။

၀ိနည်း ငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနှစ်ကျမ်းများမှာလည်း ဘုရားသခင်က မအပ်ဟု ပညတ်တော်မူရင်းရှိလျက်၊ မှားမိကျူးလွန်မိသော် အာပါတ်ဖြေလျှင် ပြေသည်။ ယင်းသို့ပါသည့်အရာများသည် ဟိန္ဒူလူမျိုးတို့မှာလည်း အပြစ်ရှိရာဂင်္ဂါရေချိုးလျှင် ပြေသည်အယူနှင့်တူကြလေသည်။ ဘုရားဓမ္မတာ နှစ်ခွန်းဆိုတော်မူရင်းမဟုတ်၊ ပုထုဇဉ်တို့ ပြုလုပ်သွင်းထားသည့် စကားသာဖြစ်သည်။ ပိဋကတ်တော်ကိုလည်း ကုန်စင်အောင်ဖတ်နာကြည့်ရှု ဘုရားဟောတော်မူရင်းစကားတော်နှင့်ဆန့်ကျင်ဘက် ပါသမျှကိုနှုတ် မီးငြိမ်း၊ ဘုရားစကားတော်မူရင်းကို အက္ခရာသီးသန့်ထား။

(လ)။ တည်သည့်စေတီ ုပ်တုများကို ဓမ္မသာမိ ဆရာတော်ကိုပင့် ၊ အနေကဇာတင်လိုကြောင်း လျှောက်သည်မှာ–ဘုရားမြတ်စွာသည် သံသရာတည်းဟူသော ၀ဲဩဃကို ကူးမြောက်တော်မူ သစ ၁လေးပါးတရား၊ တဏှာတပ်ရာသော အ၀ိဇ္ဇာမှောင်၊ ဖုံးလွှမ်းကြောင်းကို အလင်းမြင်တော်မူလျှင်၊ ပုနပ ုန်တဖန် သံသရာတည်းဟူသော အမြစ်တဏှာကို မပြုရပြီ။ ၀မ်းမြောက်တော်မူ အနေကဇာတိသံသာရံစကားကို ရွေးဦးစွာဆိုတော်မူသည်။ ုပ်ပွားဆင်းတု စေတီပုထိုးများမှာ အနေကဇာတင်ရန် ဘုရားသခင်ဟောတော်မူရင်း မဟုတ်ဖြစ်သည်။ စေတီပုထိုး ုပ်ပွားဆင်းတုများကို အနေကဇာတင်ကြလေသည်မှာ မှားသောအသိအမြင်အလေ့ဖြစ်လေသည်။

(လ)။ အပြုအလေ့ကို မြင်တော်မူခဲ့သည်မှာ အိမ်ရာအနီးစပ်အကြားများတွင် စေတီ ပုထိုး ုပ်ပွားဆင်းတုများကို တည်လုပ်ပြီးလျှင် ရွှေငွေဒြဗ်ပနာသွင်းသည်။

ယင်းသို့သွင်းထားသော ရွှေငွေတို့ကိုလို တစ်ဦးသူဖျက်ဖြိုတူးဖောက်ယူသည်။ ရွှေငွေများလည်း အဆိုးအကောင်းနှောလျက် မသန့်မရှင်း မင်းဘဏ္ဍာတိုက်တော် ကျိုကျသို့ရောက်ပြန်သည်။ မအပ်မလျော်။ ရှေးဘေးလောင်းတော် မင်းများလက်ထက်၊ ထုံးကိုသာ အမှန်တည်စေ။

ဒါနကုသိုလ်ပြုရာ၌လည်း အကျော်အစော်ကိုလို ကျွဲနွားကြက်ဝက်သတ ဝါတို့ကို သတ် စ်ပြီးလျှင် ပေးလှူကျွေးမွေးသည်လည်း သူတော်ကောင်းတို့အလေ့မဟုတ်။ သူမိုက်အလေ့အကျင့်၊ အကုသလများအောင် ကျွဲနွားကြက်ဝက်တို့ကို သတ် စ် မရောင်းမဝယ် မကျွေးမမွေးစေနှင့်။

ဂေါတမဘုရားအလောင်းတော် ပါရမီဖြည့်ကြောင်း ကထာစကားလာသည်မှာ၊ ဒွန်းစဏ္ဍားအမျိုး၌ ဖြစ်သော်လည်း၊ သူတော်ကောင်းအလေ့ ဒုစိုက်ဆယ်ပါးကို ကြဉ်လျက်၊ ရှာမှီးသောပစ ည်းနှင့် ဒါနပါရမီကို ဖြည့်တော်မူသည်။ သီလမှာ ဆောက်တည်တော်မူသော ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးထိန်းတော်မူ အစဉ်အတိုင်း မြဲသဖြင့် သစ ၁လေးပါးတရားကို အလင်းသိတော်မူလျက်၊ သဗ္ဗ ုတဉာဏ်တော်ကို ရတော်မူ သုံးဆဲ့တစ်ဘုံသားတို့ အထွဋ်အထိပ်ဆရာဖြစ်တော်မူသော ဘုရားသခင်သည် သမ္မာပညာရှိသော သူတို့အား ပြသဆုံးမ တရားစည်ကြီးတီးတော်မူသည်။

တပြည်တမြို့ အစိုးရသော ပြည်ရှင်မင်းမူလည်း သာသနာ့ဒါယကာ မဟာဓမ္မရာဇာမင်းတို့ ဓလေ့၊ ပြည်သူတို့ကို အပါယ်လေးပါး မလားစေရ၊ ပြသဆုံးမတော်မူမြဲဖြစ်သည် ပြည်သူတို့ကိုလည်း ကောင်းသောအလေ့အကျင့်ကိုသာ ကြိုက်သင့်သည်။

ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးတို့သည် သီလမာတိကာ၊ ပညာရှိအလေ့မှန်သည်။ ပါဏာတိပါတာ–သူ့အသက်ကိုသတ်ခြင်း အဒိန္နာဒါန–သူ့ဥစ ၁ ကိုခိုးခြင်း၊ ကာမေသုမိစ္ဆာစာရာ သူ့မယားသူ့သမီးတို့ကို ဖျက်ဆီးသမှုပြုခြင်း၊ မုသာဝါဒါ–သူတော်ကောင်း ပညာရှိကိုမသိ၊ သူမိုက်ဟူ ဆိုခြင်း၊ သူတထူးကြေးငွေ အလျော်ကျအောင် စဉ်းလဲပြောဆိုခြင်း၊ ဖ ုသဝါစာ–အသရေအရှက်မရှိ၊ ုန့်ရင်း ကြမ်းတမ်း၊ သွမ်းသောစကားကိုဆိုခြင်း၊ ပိသုဏာဝါစာ– အကျိုးမရှိပိန်းဖျင်း၊ ပျော်ရွှင်သဘင်၊ လေ့လာမှုကိုကျင့်ခြင်း၊ သမ ပ လာပဝါစာ–သရော်ဟောရမ်းပြောဆိုတတ်ခြင်း၊ အဘိဇ္ဈ၁–မတရားသော အမှုတို့ကိုကြံခြင်း၊ ဗျာပါဒ သူတပါးပျက်စီးလျှင် ဝမ်းမြောက်ခြင်း၊ မိစ္ဆာဒိဋ္ဌိ–ဟုတ်မှန်သောတရားကိုမသိ ရေပူရာရောင်ရမ်းမှားခြင်း။ ဤတရား ဆယ်ပါးကိုကြဉ်ရှောင်မှ ပညာရှိသူတော်ကောင်း၊ သုစိုက်မှန်သည်။ အသက်ထက်ဆုံး သူတော်ဓလေ့ကို မြဲမြဲကြစေ။

နိုင်ငံတော်အတွင်း ဈေးနှံ့အောင်၊ မြို့စား၊ ရွာစား၊ ချောင်းစားတို့ကို ဆင့်။ တနေ့တကြိမ်။ မောင်းခတ်တီးစေ။ မြို့တော်တွင်လည်း တစ်နေ့တစ်ကြိမ် ဘတ်နာခစေ မောင်းခတ်။ မိဘတို့က သားသမီးတတ်အောင် သွန်သင်ပြသဆုံးမကြစေ။

ရှေးဘေးတော်၊ ဘီတော်၊ ဘိုးတော် ခမည်းတော်တို့နည်း၊ အမိန့်တော်ကြီး၊ မင်းအာဏာထုတ်ပြန် သနားတော်မူသည်။

**ကိုးကားကျမ်း**

ရခိုင်မင်းရာဇာကြီးစာတမ်း အမျိုးသားစာကြည့်တိုက်။ ဘားနဒ် ၇၈။

# ရခိုင်ဖက်ကမ်းခြေ မောင်တောနယ်မြေ

**အသျှင်ကြီး၊ မောင်တောမြို့**

နတ်မြစ်ကမ်းခြေ အရှေ့ဘက်ကမ်းကို ရခိုင်ဘက်ကမ်းဟုခေါ်ကြသည်။ မောင်တောမြို့ခိုင် နယ်ပင်ဖြစ်ပါသည်။ နတ်မြစ်အနောက်ဘက်ကမ်းခြေကို အနောက်ဘက်ကမ်းဟုခေါ်ကြသည်။ ယခင်ကိုလိုနီခေတ် အိန္ဒိယအစိုးရ၊ ယခု ဘင်္ဂလားဒေ့ရှ်၊ ဖလောင်းချိတ်(ကောက် ဘာဇာရ်)အပိုင်ဖြစ်လေသည်။

မောင်တောမြို့နယ်တွင် (၁၉၄၂)ခုနှစ်ထိ၊ ရပ်ရွာပေါင်း (၁၉၅)ရွာရှိခဲ့သည်။ ကုလားရွာများလည်း အကြားအကြားတွင်ရှိခဲ့ကြသည်။ ရခိုင်ရပ်ရွာပေါင်းမှာ–

**(က) မောင်တော်မြို့မြောက်ပိုင်း၌**

(၁) အထက်ဘောတူလာ
(၂) အောက်ဘောတူလာ
(၃) အင်တူလာ
(၄) ကာလာရွာ
(၅) ဒိုင်းပိုင်ရွာ
(၆) ဒိုးကျော်ရွာ
(၇) သက ယ်ပြင်ရွာ (ယခု အောင်သပြေရွာ)
(၈) ဂိုချိုင်းရွာ
(၉) ရဲဘောက်ရွာ
(၁၀) ရဲဘော်ဦးရွာ
(၁၁) ရွှေချမ်းချောင်ရွာ
(၁၂) အတွင်းကြောင်နဖေ

(၁၃) ရွှေလှရွာ
(၁၄) ထန်းချောင်း
(၁၅) လမုန့်ကိုင်း
(၁၆) စံထွန်းဦးရွာ
(၁၇) ခမောင်းဆိတ်
(၁၈) ထီးဖြူရွာ
(၁၉) မီးကျောင်းဂေါင်း
(၂၀) ငါးရံ့ချောင်း
(၂၁) ချီးဒိုးရှိရွာ
(၂၂) မြကျော်ရွာ
(၂၃) စေတီပြင်
(၂၄) ကြောင်တိုးရွာ
(၂၅) သလူတောင်
(၂၆) အတွင်းသလူတောင်
(၂၇) ဒလရွာ
(၂၈) ပြုစုကောင်းရွာ
(၂၉) လိုင်သီသက်ရွာ
(၃၀) သစ်တုံးနားရွာ
(၃၁) ကုလားပုန်းအပြင်
(၃၂) ကုလားပုန်းအတွင်း
(၃၃) မှိုင်းစရီ
(၃၄) ဖားအောက်ရွာ (ဖောင်ဆိပ်)
(၃၅) အပြင်ရေနောက်ငါးသား
(၃၆) အတွင်းရေနောက်ငါးသား
(၃၇) တမန်းသားရွာ
(၃၈) အဂ်ါဘရွာ
(၃၉) ရီချမ်းချောင်းရွာ
(၄၀) ရွှေဒိုင်
(၄၁) တပ်ချောင်း
(၄၂) ဒုံးႏို ရွာ
(၄၃) သာညြအောင်ဘရွာ
(၄၄) ကာလာဒေးဗက်(ညင်အင်း)
(၄၅) သဲနီ

(၄၆) ဆတ်ိုးကျ
(၄၇) လောင်းပုတ်
(၄၈) ဝက်ကျိန်း
(၄၉) ရီးဒါး
(၅၀) တူရှိန်း(ဟသ်ာရ)
(၅၁) အင်းချောင်း
(၅၂) လဘော်
(၅၃) ပန်းတိုင်ရွာ
(၅၄) မောင်ရွှေဖုံရွာ
(၅၅) မိမင်းသာဘရွာ
(၅၆) တောင်ပုတ်ရွာ
(၅၇) ဝေလာဖောင်တုံးချောင်း
(၅၈) ရဲ့ပ်ရွာ
(၅၉) ကျောက်ပြင်လှ
(၆၀) ဖက်စန်းချောင်း
(၆၁) ဂါရာပြင်
(၆၂) ကျွဲသပေါက်
(၆၃) ဝက်ကျိန်းသျှေ
(၆၄) စံကားပင်ရင့်
(၆၅) စိုင်တောပြင်
(၆၆) ငပြဲချောင်း
(၆၇) ကျောက်တန်း
(၆၈) နတ်ချောင်း
(၆၉) ပြိုင်းချောင်း
(၇၀) ကြင်ဖော်
(၇၁) ကတုံကျွန်း
(၇၂) မင်းကြီးရွာ (တူလာတူလီ)
(၇၃) တောင်ပြို
(၇၄) အောင်လှဖြူရွာ
(၇၅) ကွမ်းသီးပင်ရင့်
(၇၆) သဘော်ာလှ
(၇၇) မီးတိုက်
(၇၈) ရဲအောင်ချောင်း

(၇၉) နံ့သာတောင်
(၈၀) ကျွန်းတောင်
(၈၁) ဂေါ်ဒူရ
(၈၂) ကျော်ထွီးရွာ
(၈၃) ဂေါ်ဒူရသဲချောင်း
(၈၄) ဆင်အိုး
(၈၅) နပျိုးချောင်း
(၈၆) ကျွန်းပေါက်
(၈၇) ထန်းချောင်း
(၈၈) ပြားရွာ
(၈၉) ကျောက်ချောင်းကြီး
(၉၀) ကျောက်ချောင်းသျှေ
(၉၁) ငစံဘော်
(၉၂) ဂန့်ဒရံ
(၉၃) အထက်ပြူးမ
(၉၄) အောက်ပြူးမ
(၉၅) ဘော်လီစျိုး
(၉၆) ဖောက်ကျီတောင်
(၉၇) ဂြစ်ချောင်းအောက်ရွာ
(၉၈) ဂြစ်ချောင်းအထက်ရွာ
(၉၉) ဆင်သီပြင်အထက်ရွာ
(၁၀၀) ဆင်သီပြင်အောက်ရွာ
(၁၀၁) ဆင်သီပြင်အလယ်ရွာ
(၁၀၂) လောင်းတုံစေတီပြင်
(၁၀၃) ဖန်မြောင်
(၁၀၄) ပြောင်ပစ်
(၁၀၅) ဟန်ဇားမ
(၁၀၆) ငါးစားကြူး
(၁၀၇) ငါးခူရတောင်ရွာ
(၁၀၈) ငါးခူရချောင်းဝရွာ
(၁၀၉) ယောင်ဗွီရွာ (မြို့သစ်)
(၁၀၉) စမ ယ်ပင်ရင့်
(၁၁၁) ခြံပြင်ရွာ

(၁၁၂) ကျားခေါင်ထောင်
(၁၁၃) ရှိမျက်တောင်
(၁၁၄) ကပ ကောင်း
(၁၁၅) မောင်လုံခလော
(၁၁၆) ကြက်ိုးပြင်
(၁၁၇) ငန်းချောင်း
(၁၁၈) ပွင့်ဖြူချောင်းရွာကြီး
(၁၁၉) ပွင့်ဖြူချောင်းရွာသွေ့
(၁၂၀) ချစ်စံဘရွာ
(၁၂၁) ဖါးဝပ်ချောင်းရွာ
(၁၂၂) နီပူခံရွာ
(၁၂၃) မောင်နှမသဲချောင်း
(၁၂၄) ချောင်းခြောက်
(၁၂၅) သရက်အုပ်
(၁၂၆) ငတိုးရွာ (ရွာသွေ့)
(၁၂၇) ပီယေရွာ
(၁၂၈) ရွက်ိူးတောင်
(၁၂၉) ရှိခတ်ချောင်း
(၁၃၀) တောင်ဖီလာ
(၁၃၁) ပြင်ဖြူချောင်း
(၁၃၂) ဒက်ရွာ
(၁၃၃) ဒိုးတန်းသာစည်ကုန်း
(၁၃၄) ပုဏ္ဏားဆိမ်
(၁၃၅) ရွာသစ်ကေ
(၁၃၆) ကန်းကျင်ချောင်း
(၁၃၇) ကယုချောင်းသွေ့
(၁၃၈) မင်္ဂလာကြီးစျီးရွာ
(၁၃၉) သက ယံပြင်
(၁၄၀) ဝပစ်ရွာ
(၁၄၁) ကျောက်ချောင်းရွာ
(၁၄၂) ဒါးကြီးစား
(၁၄၃) ကံပြင်ရွာ
(၁၄၄) ကျောက်ပြင်ဆိပ်

(၁၄၅) ကျောက်လှေဂါး

**(ခ) မောင်တောတောင်ပိုင်း၌**

(၁၄၆) ပန်းတောပြင်
(၁၄၇) စပ်ချကုန်း
(၁၄၈) မောင်ဦးရွာ
(၁၄၉) သဲဖြူကျွန်း
(၁၅၀) မှင်းကျိုးချောင်း
(၁၅၁) ရိုဖုံးပြင်
(၁၅၂) အခေါင်းပေါက်ရွာ
(၁၅၃) ခွဆုံပြင်ရွာ
(၁၅၄) သစ်ပုတ်ချောင်း
(၁၅၅) ကင်းချောင်း
(၁၅၆) အတွင်းကင်းချောင်း
(၁၅၇) ကန်ပြင်သာစည်
(၁၅၈) ကျိုးကန်ဖြူ
(၁၅၉) မှော်ဝင်ရွာ
(၁၆၀) ဂြင်းချောင်း
(၁၆၁) လင်းဘားကုန်း
(၁၆၂) ကိုင်းကြီး
(၁၆၃) ဇော်မတတ်
(၁၆၄) အပေါက်ဝ
(၁၆၅) ချီးဇားရွာ
(၁၆၆) လာလီရွာ
(၁၆၇) စိန်ဘန်းရွာ
(၁၆၈) တုံးချောင်းအောက်ရွာ
(၁၆၉) တုံးချောင်းအထက်ရွာ
(၁၇၀) တာတီရွာ
(၁၇၁) အုန်းပင်ရင့်ရွာ
(၁၇၂) ဒိုးတန်းရွာ
(၁၇၃) ကညင်တန်း
(၁၇၄) အလယ်သံကျော်ရွာဟောင်း
(၁၇၅) အလယ်သံကျော်ရွာသစ်
(၁၇၆) ကြိန်ချောင်း

(၁၇၇) ကန်ပူးရွာ
(၁၇၈) ဦးဒေါင်း
(၁၇၉) သင်္ကန်နက်
(၁၈၀) တပ်ထိုးပြင်
(၁၈၁) ကျောင်းတောင်
(၁၈၂) မြင်းလွှတ်ချောင်းသားရွာ
(၁၈၃) မြို့ချောင်းရွာ
(၁၈၄) ရှောက်ကိုင်းရွာ
(၁၈၅) ကျောက်ပန်းတူ
(၁၈၆) ဇော်မတတ်
(၁၈၇) ချိုဒိုးရှိဘရွာ
(၁၈၈) ရွှေမောင်ရွာ
(၁၈၉) အတွင်းပြင်
(၁၉၀) ကြိန်တန်းချောင်း
(၁၉၁) အင်းဒင်ကြီး
(၁၉၂) အင်းဒင်ရွာ
(၁၉၃) အင်းဒင်ရွာသျှေ
(၁၉၄) သဝင်ချောင်း
(၁၉၅) သလူးချောင်းရွာတို့ ဖြစ်ကြသည်။

ထိုရွာများတွင် ရခိုင်လယ်ပိုင်သူများရှိကြသည်။ လယ်ယာမြေနှင့် လုပ်ကိုင်အသက်မွေးကြသည်။ ကိုယ့်အုပ်စုနှင့်ကိုယ်စီနေခဲ့ကြသည်။ လယ်ပိုင်ရှင် မြေပိုင်ရှင်များကို ပြုစုကောင်းဟုခေါ်ကြသည်။ ရွာတိုင်းရပ်တိုင်းတွင် ကျောင်း၊ ကန်၊ သိမ်၊ ပုထိုးစေတီပြည့်စုံလျှက် ဖြူဖွေးနေကြသည်။ ဝါကျွတ်၊ တန်ဆောင်မုန်း၊ သင်္ကြန်လများတို့တွင် ဆိုင်းသံ၊ ဗုံသံတညံညံနှင့် ဆရာကန်တော့ပွဲများ ပြုလုပ်ခဲ့ကြပါသည်။ သက်ကြီးသူအို လူငယ်လူရွယ်တို့မှာလည်း သီတင်းနေ့တိုင်း ဥပုသ်သီလစောင့်သုံးခဲ့ကြသည်။ လူကြီးသူမြတ်တို့၏ စကားများကိုလည်း လိုက်နာကြပြီး အလွန်ိုသေကြလေသည်။ ကိုယ့်ရွာတွင် ဆရာကန်တော့ပြီး ဂိုဏ်းအလိုက်လည်း တစ်ရွာနှင့်တစ်ရွာသွား ဆရာကန်တော့ပွဲများ ပြုလုပ်ခဲ့ကြပါသည်။

ထိုခေတ်တွင် ရခိုင်လူမျိုးများသည် အရက်သေစာများ သောက်စားသည်ဟူ၍ကား မရှိသလောက်ပင်ဆိုရပါမည်။ လင်မယားထိမ်းမြားပေးသည့်အခါ ပဌမသမီးမျောက်သား၊ မောင်သားညီမသမီး သို့မဟုတ် ညီမအစ်မသားနှင့် မောင်သမီးစသည်များကို ရွေးချယ်ခဲ့ကြသည်။ ဒုတိယမျိုးကောင်းဆွေကောင်းကို ရွေးချယ်ခဲ့ကြသည်။ တတိယ ကိုယ့်ရွာသားချင်းလည်း ချစ်ကြိုက် ရရှိခဲ့ကြလေသည်။

အရက်သောက်စားသူဆိုလျှင် ရွာသူရွာသားများ နှုတ်ပင်မဆက်ကြချေ။ အဖက် လုပ်ကြခြင်းလည်း မပြုတတ်ကြချေ။ မိမိတို့ငယ်စဉ်ကဆိုလျှင် အရက်ကို မမြင်ဖူး ခဲ့ဘူးချေ။ လူတိုင်းလိုလို လယ်မြေရှိ ကိုယ့်လယ်မြေကိုယ်လုပ်စားခဲ့ကြသည်။ လယ်ယာလုပ်ငန်းများ၊ စပါးများ၊ ဆန်များ၊ သိမ်းဆည်းပြီးဆိုလျှင် လူပျိုများသည် တစ်နှစ်တစ်ကြိမ် ဓနိရည်(အုန်းရည်)သောက်စား ပျော်ရွှင်ခဲ့ကြပါသည်။

## ဓာတ်တော်သမိုင်း

မောင်တောမြို့နယ်တွင် ဓာတ်တော်အများအပြား တည်ထားရှိခဲ့သည်။ ယခုတွေ့ရှိရသော ဓာတ်တော်များမှာ (၁၆)ဆူဖြစ်လေသည်။ ကျန်ဓာတ်တော်တို့မှာ ကွယ်ပျောက်လျက်ရှိနေကြပါသည်။ အသောကမင်းက ပို့ပေးချက်အရ ရခိုင်ဘုရင် ဓညဝတီမင်း သူရိယစက ၏လက်ထက် တည်ထားခဲ့ခြင်းဖြစ်လေသည်။

### (၁) ဝက်ကျိန်းဓာတ်တော်

ဘုရားလောင်း သန္တဝရတောင်၌ ဝက်မင်းဖြစ်ခဲ့ဘူးသည်။ ဘုရားရှင်၏ မျက်ိုးတော်ဓာတ် ကိန်းဝတ်လေသည်။

### (၂) ဖားဝပ်ချောင်းဓာတ်တော်

ဘုရားလောင်း သာလမိဂတောင်၌ ဖားမင်းဖြစ်ခဲ့ဘူးသည်။ ဘုရားရှင်၏ မျက်ိုးတော်ဓာတ် ကိန်းဝတ်လေသည်။

### (၃) သဲးတော်ဓာတ်

သဲးချောင်းမောင်နှမ၊ သနြသိန[တောင်၌ စပါးကြီးမြွေဖြစ်ခဲ့ဘူးသည်။

### (၄) မိတ်တော်ဓာတ်

ပုဏ ္ဏားဆိပ် စပိတ်စူလတောင်၌ ပုဏ ္ဏားဖြစ်ခဲ့ဘူးသည်။

### (၅) မျက်ရိုးတော်ဓာတ်

မောင်တောမြို့သုံးမိုင်၊ သာလတောင်၌ ရွှေကျေးမင်းဖြစ်ခဲ့ဘူးသည်။

### (၆) ပါးရုပ်တော်ဓာတ်၊ ခိုမင်းဓာတ်

နန[ာတောင်၌ ခိုမင်းဖြစ်ခဲ့ဘူးသည်။

### (၇) မျက်စိတော်ဓာတ်

မကျည်းချောင်း၊ ရိုဖုံးပြင်၊ သာလမိဂတောင်၌ ဗေဒင်တတ်ပုဏ ္ဏား ဖြစ်ခဲ့ ဘူးသည်။

## (၈) သလုံးတော်ဓာတ်

ကင်းချောင်းဆင်မကျပ်၊ နန္ဒတောင်၌ ရှားမင်းဖြစ်ခဲ့ဘူးသည်။

## (၉) ဦးဆက်တော်ဓာတ်

သရီကုန်ဘောင်၊ သာရဝဏ္ဏတောင်၌ ပုဏ္ဏားဖြစ်ခဲ့ဘူးသည်။

## (၁၀) လက်ဝဲလက်ရုံးတော်ဓာတ်

ကျီးကန်းဖြူဂြင်းချောင်း၊ မေဃစူလတောင်၌ ကျေးဖြူမင်းဖြစ်ခဲ့ဘူးသည်။

## (၁၁) မျက်ရစ်တော်ဓာတ်

မော်ဝင်ရွာ၊ နန္ဒမြိဂတောင်၌ ရွှေကျီးသားဖြစ်ခဲ့ဘူးသည်။

## (၁၂) နှာခေါင်းတိုဓာတ်

နားမွေးတော်ဓာတ်၊ မဏ္ဍသာရတောင်၌၊ ရွှေကျီးသားဖြစ်ခဲ့ဘူးသည်။

## (၁၃) တင်ဖိုင်တော်ဓာတ်

ဥဒေါင်းဓာတ်၊ ကာကမေဃစူဋတောင်၌၊ ရွှေပန်းထိမ်သားဖြစ်ခဲ့ဘူးသည်။

## (၁၄) နံတော်ဓာတ်

ဥဒေါင်းဓာတ်အနီး၊ စိန္ဒသာရမေဃတောင်၌၊ ဝံမင်းဖြစ်ခဲ့ဘူးသည်။

## (၁၅) ကုန်းရိုးတော်ဓာတ်၊ ကျောက်ပန်းတူဓာတ်

သန္တာဝရတောင်၌ အိုးထိန်းသည်သား ဖြစ်ခဲ့ဘူးသည်။

## (၁၆) သဲတော်ဓာတ်

ကျောက်ပန်းတူအနီး၊ ဂန္ဒာဝရတောင်၌ စပါးကြီးမြွေဖြစ်ခဲ့ဘူးသည်။

ထိုဓာတ်တော်များအပြင် မောင်တောမြို့၊ မြို့မဘုန်းတော်ကြီးကျောင်းတွင် မဟာကျန့်ပ်ပွားတော် တစ်ဆူရှိနေသည်။ မြို့ဦးကျောင်းတွင်လည်း တပင်တိုင်နန်းဦးဘုရားတစ်ဆူ ကိုးကွယ်လျှက်ရှိလေသည်။ ငါးခူရတောင် ကျောင်းတွင်လည်း ဘုရားဆင်းတုတော် အများအပြားရှိခဲ့သည်။ ၁၉၄၂–ခုနှစ် စစ်ဘေးအန္တရာယ်ကြောင့် ပျက်စီးသွားခဲ့ရလေသည်။ သို့သော်လည်း ရေကန်ထဲ့တွင် ချထားကျန်ရစ်ခဲ့ကြသော ဝေသာလီခေတ် ဆင်းတုတော်(မင်းဝတ်ဘုရား)။ ခြေတော်နှစ်ဘက်၊ ဘဝါးတော် စက်လက္ခဏာကို ဖော်ပြထားသော စက်လက္ခဏာပြ ဆင်းတုတော်တို့ကို ဖူးတွေ့ကြရသေးသည်။

ဓာတ်တော်များတွင် တောင်မြောက်တံခွန် နှစ်ခုစီလွှင့်ထူထားကြပါသည်။ နှစ်စဉ်နှစ်တိုင်း ပွဲများကျင်းပခဲ့ကြပါသည်။ ထိုဓာတ်တော်များအနက် ဝက်ကျိန်းဓာတ်တော်နှင့် ဖားဝပ်ချောင်းဓာတ်တော်နှစ်ဆူတို့သည် နှစ်စဉ်နှစ်တိုင်း ကွန့်မြူးကြသည်။ ထိုဓာတ်တော် (၂)ဆူသည် အလွန်စည်ကားကြပါသည်။ အင်္ဂလိပ်–ဂျပန် ဒုတိယကမ္ဘာစစ်မဖြစ်မှီ (၁၉၄၂)ခုနှစ် (ကောဇာ–၁၃၀၄ ခုနှစ်ထိ) ဝက်ကျိန်းဓာတ်တော်ကို ဝက်ကျိန်းရွာနေ သူကြီး ဦးအောင်ထွန်းကျော် ဦးဆောင်ပြီးလျှင် ရပ်သူရပ်သားများနှင့် ကျင်းပခဲ့ကြသည်။

ဖားဝပ်ချောင်းဓာတ်တော်ကို မောင်နုမရွာနေ ဦးမောင်နုနှင့် သဲချောင်းရွာနေ သူကြီးဦးသံခဲတို့ ဦးဆောင်ပြီးလျှင် ရပ်သူရပ်သားများ ကျင်းပခဲ့ကြသည်။ ဓာတ်တော်ပွဲများတွင် ရခိုင်ိုးရာဟန်ပွဲ၊ သိုင်းပွဲ၊ မြေဝိုင်းဇာတ်ပွဲများတို့နှင့် ပျော်ရွှင်ခဲ့ကြသည်။ ဓာတ်တော်ကိုဖူးမျှော်ရန်လာကြသူများကို ကောက် ငံးထမင်း သကာလူးလျှက်၊ သပြုသီးခန့် တခဲစီလှူဒါန်းခဲ့ကြလေသည်။ ထိုဓာတ်တော်များကို (၁၉၄၂)ခုနှစ်၊ ဧပြီလ(၃၀)ရက်၊ ကောဇာသကြဇ် (၁၃၀၄)ခုနှစ်၊ ကဆုန်လဆုတ် (၂)ရက်၊ ကြာသပတေးနေ့၊ ကုလားရခိုင်အဓိကရုဏ်း ဖြစ်ပွားခြင်းခံခဲ့ရစဉ်က ကုလားမူဆလင်တို့၏လက်ချက်ဖြင့် ဖျက်ဆီးခံခဲ့ရ ၊ အားလုံးပျက်ဆီးသွားခဲ့ရလေသည်။

❖❖❖

# ရခိုင်ရိုးရာဝတ္ထုမှတ်တမ်း

**နတ်မြစ်-စန်းအောင်**

ရခိုင်ငိုးရာဝတ္တုတိစွာ ဝေသာလီခေတ်ကပင် ထင်ရှားမြေ ာက်စားခြင်းခံခရေ။ ဒဏ္ဍာဒေဝီမင်းသမီးက နန်းတော်မှာ ပြောပြခရေအတွက်နန့် ဒဏ္ဍာရီဝတ္တုလို့ ခေါ်လာကတ်တေဆိုရေ။ ရခိုင်ဘုရင်ခေတ်အဆက်ဆက်က လျှောက်ထုံးတိမှာ ပုံပြသက်သီအနိန်နန့် ိုးရာဝတ္တုတိကို ထုတ်ဆောင်ကိုးကားခကတ်တေ။ လင်္ကာ၊ သာခြင်း ပုံစံတိနန့် ရီးဖွဲ့ခကတ်စွာကို လေ့တွိရရေ။ ။

မြောက်ဦးနှောင်းခေတ်နန့် ကိုလိုနီခေတ်ဦးမှာ ရခိုင်ိုးရာဝတ္တုတိကို ဆရာစောလှဦး၊ ဆရာမောင်ယောက်ကေ၊ ဆရာသာအောင်၊ ဆရာအောင်ထွန်းလှ၊ တန်းခိုးဆရာထွန်း၊ ဆရာဦးအောင်ထွန်း စရေ သာခြင်းလင်္ကာဆရာတိက ရီးဖွဲ့ ခကတ်တေ။ သံချပ်ပုံစံနန့်ရီးပနာ လောင်းပြိုင်ပွဲ၊ ဘုန်းကြီးပျံပွဲ၊ ရထားဆွဲပွဲို့မှာ ဆိုလေ့ဟိခရေ။

ဦးစံရွှေဘု(စံရွှေဖူး)နန့် အခြားရခိုင်ခေတ်ပညာတတ်တိကလေ့ အင်္ဂလိပ် ဘာသာစကားနန့်ရီးပနာ အခြားလူမျိုးတိနန့် မိတ်ဆက်ပီးခကတ်တေ။ ဦးစံရွှေဘု ရီးခရေ ရခိုင်ငိုးရာဝတ္တုတိကို မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် (၁၉၂၁၊ ၁၉၂၂၊ ၁၉၂၃)ို့မှာ တွိရရေ။

လွတ်လပ်ရီးခေတ်မှာ ရခိုင့်တန်ဆောင်၊ ဓညဝတီ စရေမဂ္ဂဇင်းို့မှာ စိသျှေ တွိရရေ။ (၁၉၅၈) က စ ပနာ စစ်တွေမြို့မှာထုတ်တေ ဓညစာစောင်၊ တက်နေသစ် စာစောင်၊ ခေတ်ရှေ့ဆောင်စာစောင်၊ ရခိုင်ပြည်သူ့စာစောင်ို့မှာ ရခိုင်ပြောဟန်အတိုင်း

ရီးသားဖော်ထုတ်ခကတ်တေ။

အသျှင်စကဝိဒူ(ရခိုင်ပြည်)စွာ (၁၉၅၇)ကပင် ရခိုင်ဂီုးရာဝတ ုတိကိုစုဆောင်းပနာ (၁၉၆၉)အထိ စုစုပေါင်း(၁၅၉)ပုဒ်ရဟိခရေ။ (၁၉၆၀)မှာ အချောရီးပနာ ရခိုင်ရာဇဝင်နန့် စာပီလေ့လာဖော်ထုတ်ရီးအသင်း(ရန်ကုန်မြို့) ပါးတို့ (၂–၅–၁၉၆၁)မှာ ပီးအပ်ခရေ။ ယင်းအထဲက ရခိုင်ဂီုးရာဝတ ုတချို့ကို ယင်းအသင်းတာဝန်ဟိ ပုဂ္ဂိုလ်တစ်ဦးဖြစ်တေ ဦးသိန်းလွင် (မာန်အောင်ပီယ)က ငွေတာရီမဂ္ဂဇင်းမှာဖော်ပြဖူးရေ။ ထပ်ပနာ ရခိုင်သာစွလေစာအုပ်မှာဖော်ပြခရေ။ ယင်းအသင်းပါးက တည်းဖြတ်ပနာ ရခိုင်လက်ရွီးစင်ဝတ ုပုံပြင်များ စာအုပ်ထုတ်ဝီခရေ။ နောက်ထပ်ပုဒ် (၂၃)ပုဒ်ကိုလေ့ ရခိုင်ပုံပြင်ဆန်းများဆိုရေ နာမည်နန့်ထုတ်ဝီခရေ။

အသျှင်စကဝိဒူ(ရခိုင်ပြည်)၏ အကူအညီနန့် လူထုဦးလှက ရခိုင်ကျေးလက်ပုံပြင်များ စုစုပေါင်းလေးတွဲကိုထုတ်ဝီခရေ။ ယင်းအထဲမှာ ဂီုးရာဝတ ု (၃၇)ပုဒ်ပါဟိရေ။ လူထုသတင်းစာမှာလေ့ ရခိုင်ဂီုးရာဝတ ု (၉)ပုဒ်ပါခရေ။ သူ့ပါးမှာထပ်ပြီးထားရေ ရခိုင်ဂီုးရာဝတ ု (၁၅)ပုဒ်ို့ကတော့ခါ သူသီဆုံးလားခရေအတွက်နန့် စာအုပ်စာပီဖြစ်မလာခ။

နိုင်ငံတော်အစိုးရ လူမျိုးစုယိုင်ကျေးမှုဌာနကလေ့ ရခိုင်ဝတ ုပုံပြင်များ စာအုပ်ထုတ်ဝီခရေ စုစုပေါင်း (၁၉)ပုဒ်ပါခရေ။ အသျှင်စကဝိဒူကပင် စုဆောင်းပီးခခြင်းဖြစ်တေ။

ရှာဖွီစုစည်းခရေ ရခိုင်ဂီုးရာ ဝတ ုစုစုပေါင်း (၁၅၉)ပုဒ်မှာ အသျှင်စကဝိဒူ (ရခိုင်ပြည်) ကိုယ်တိုင်ထုတ်စာအုပ် နှစ်အုပ်ပါ ပုဒ်ရေ(၄၃)၊ အခြားသို့ ကူညီမှုပုဒ်ရေ (၈၀)ဟိခရေ။ ကျန်စွာတိကလေ့ ရှာမရ။ ပျောက်ပျက်လားစွာတိဟိရေ။ ယေကေလေ့ မှတ်မိသလောက် ထပ်ရီးပနာ ရခိုင်ပြည်ခွင်ပုံပြင်နန့် ရခိုင်တံခွန်ပုံပြင်ဆိုပနာ စာအုပ်နှစ်အုပ် ထုတ်ဝီဖြစ်ခရေ။

(ရခိုင်သာစွာလေ စာအုပ်မှာပါရေ ရခိုင်ဂီုးရာဝတ ုတိနန့် ဦးဝရရုံသီစုပီးရေ ရခိုင်ဂီုးရာ ဝတ ုတိပေါင်းပနာ ရခိုင်ပုံပြင်ကျော်များ ဆိုရေစာအုပ်ထွက်ခရေ။)

ရခိုင်ဂီုးရာဝတ ုတိနန့် ပတ်သက်သမျှ လေ့လာစုဆောင်းထားရေ ရည်ညွှန်းစာရင်း အောက်မှာဖော်ပြလိုက်ပါရေ။


**<u>ရည်ညွှန်း</u>**

၁။ ရခိုင်ကျေးလက်ပုံပြင်များ(ပ–ဒု–တ–စ)
လူထုဦးလှ

၂။ ရခိုင်ဂီုးရာပုံပြင်ဝတ ုများ
(ရခိုင်တန်ဆောင်မဂ္ဂဇင်းအမှတ် ၁၁၊ ၁၉၆၂/၆၃)

နတ်မြစ်စန်းအောင်

၃။ ရခိုင်ဝတ ပုံပြင်များ (၁၉၆၅)၊
ဦးမင်းနိုင်(တိုင်းရင်းသားယဉ်ကျေးမှုအရာရှိ)

၄။ ရခိုင်လက်ရွေးစင် ဝတ ပုံပြင်များ (၁၉၆၈)
သုတေသီ ဦးစံကြိုင်

၅။ ရခိုင်ပုံပြင်ဆန်းများ (၁၉၆၇)
သုတေသီ ဦးစံကြိုင်

၆။ ရခိုင်ပုံပြင်ကျော်များ (၁၉၆၉)
ဦးဝရရုံသီ

၇။ ရခိုင်ပုံပြင်နှင့် တေးကဗျာလုံးပမ်းရမှု (ရခိုင်မဂ္ဂဇင်းအမှတ်၄၊ ၁၉၇၇)
နတ်မြစ်စန်းအောင်

၈။ ရခိုင်ဝတ ပုံပြင်များ(ရခိုင်ပြည်နယ်စာစောင် အမှတ် ၁၄၊ ၁၉၇၉)
ထွန်းရွှေခိုင် (စစ်တွေကောလိပ်)

၉။ ရခိုင်ပုံပြင်များ (ဒွါရာဝတီမဂ္ဂဇင်း အမှတ်–၁၊ ၁၉၇၉)

၁၀။ ရခိုင်ပုံပြင်များ (ရခိုင်ယဉ်ကျေးမှုမဂ္ဂဇင်း အမှတ်–၁၊ ၁၉၈၇)

၁၁။ ရခိုင်ပုံပြင်များ (စစ်တွေကောလိပ်နှစ်လည်မဂ္ဂဇင်း ၁၉၈၇)

၁၂။ ရခိုင်ပြည်ခွင် ပုံပြင်များ (၁၉၉၂၊)
အသျှင်စကြိုင်(ရခိုင်ပြည်)

၁၃။ ရခိုင်တံခွန် ပုံပြင်များ (၁၉၉၅)
အသျှင်စကြိ ုင် (ရခိုင်ပြည်)

၁၄။ ရခိုင်ိုးရာသုခမိန် ပုံပြင်များ (အမှတ်–၁)
ဦးဥာဏဝံသ၊ မြစ်မခစာပေ၊ ၁၁၂၊ ၃၃–လမ်း၊ ရန်ကုန်

**မှတ်ချက်။** ၁၉၈၇ ဒီဇင်ဘာ ၂၁–၂၃ မှာ ကျင်းပခရေ စာပေဗိမာန် ိုးရာပုံပြင် စာပေစာတမ်းဖတ်ပွဲကို ရည်ရွယ်ပနာ ရီးထားစွာကို ထပ်ပနာဖြည့်စွက်တင်ပြစွာ ဖြစ်ပါရေ။

**နတ်မြစ် –စန်းအောင်**

**ရခိုင်ိုးမမဂ္ဂဇင်း(၂)၊ ၁၉၉၈–နိုဝင်ဘာလ**

ဘေးရန်အပေါင်းကင်းငြိမ်း ချမ်းသာအပေါင်း ခညောင်းသော

## စက်ကြီးသုံးဆယ့်ခုနစ်ပါး မန္တာန်တော်ကြီး

(ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးကိုရည်သည်၊
အိပ်ရာဝင်၊ အိပ်ရာထ ရွတ်ဆိုပါလေ)
ဘဒ္ဒန္တမုနိဓဇ(မဟာပညာကျော်)ရှာဖွေတင်ပြသည်
ဘုရားပေါ်ကျောင်းဟောင်း၊ မြောက်ဦးမြို့။ ၂၉–၄–၁၉၉၅။

၁။ ‘သြောင်နမော ဘဂဝါ’ တစ်ရာရှစ်ကွက် ဗုဒ္ဓစက်
၂။ ဓမ္မက္ခန္ဓာတော်အပေါင်း၊ ရှစ်သောင်းလေးထောင် ကုန်အောင်နှံ့လျှက် ဓမ္မစက်
၃။ ရှစ်ဖြာ ဖိုလ်မဂ်၊ ပစေ ကဗုဒ္ဓါ ရဟန္တာစက်
၄။ မြင့်မိုရ်တောင်ထက်၊ မြင့်ခေါင်ကြီးလျှက် မိဖစက်
၅။ ဂုဏ်ကျေးဇူးတို့ အထူးနှေ့ည ပညာရသည် ဆရာစက်
၆။ နဂါးမင်း၏ လက်နက်အာခံတွင်းက ဝင်းဝင်းတောက်လျှက် နဂါးစက်
၇။ တောင်ဟုန့်ပြင်းစွာ မုန်တိုင်းပါသည် တေဇာဟုန်လျှက် ကဠုန်စက်
၈။ အာဠာဝက ဘီလူးလက်နက် ဘွဲ့ဖြူပုဆိုးစက်
၉။ ကေသရာခြင်္သေ့မင်း၏ လက်နက်တောသုံးထောင်ကို အုပ်ဆောင်စိုးလျှက် ဟောက်သံပြင်းသည် အသံစက်

၁၀။ လူပိုလ်၏လက်နက် ပြောင်းလဲမြ ၁းဒါးသံလျှက် အမြောက်သေနတ်စက်
၁၁။ ပဒေသရာဇ်မင်း၏လက်နက် သိဒ္ဓေါစက်
၁၂။ ကေရာဇ်မင်း၏လက်နက် ရတနာဆင်ဖြူစက်
၁၃။ စကြာဝတေးမင်း၏လက်နက် မဏိဇောတရစက်
၁၄။ မန္တတ်မင်း၏လက်နက် သိကြားသုံးကျိပ်သုံးယောက်စက်
၁၅။ အာခံတွင်း၌ ဝင်းဝင်းတောက်လျှက် သိကြားစက်
၁၆။ ပြဟ္မာမင်း၏လက်နက် ကိုယ်ရောင်စက်
၁၇။ ပဇာပတိမင်း၏လက်နက် နဂါးပတ်ကျော့ကွင်းစက်
၁၈။ ပူရှိန်ပြင်းစွာ သူရိယာနေမင်း၏လက်နက် သံရောင်စက်
၁၉။ တစ်ကမ္ဘာသုံး ကျွန်းအလုံးကို မိုက်မှောင်ကင်းအောင် အလင်းဆောင်သည့် စန္ဒြာမင်း၏လက်နက်မြင်ရောင်စက်
၂၀။ လူတကာကို အာဏာစိုးလျှက် ရာဇာစက်
၂၁။ ဟောဝန္တာကို အချာစိုးလျှက် ဂုက္ခစက်
၂၂။ ဘုမ္မစိုးလက်နက် လျှေင်စက်
၂၃။ ပထဝီမြေကြီး၏လက်နက် သုန္ဒရီဆံရီစက်
၂၄။ နှစ်သိန်းလေးသောင်း အထုရှိသော ပထဝီမြေကြီးစက်
၂၅။ ပစ ုနတ်မင်း၏လက်နက် ခံတွင်းပေါက်ဆိန် အဟိန်ပြင်းလျှက် လောင်မီးစက်
၂၆။ ဇော်ဂနီလက်နက် ငြိုးသည်မာန်နတ်စက်
၂၇။ ဇီဝကလက်နက် ဆီးဝါးမန္ဒရားစက်
၂၈။ ပုရောဟိတ်လက်နက် ဗေဒင်ဟူသည် ပြဟ္မဏစက်
၂၉။ သမဏ(ရဟန်း)လက်နက် သီလသီတင်းစောင့်သည်စက်
၃၀။ ရေတ္ိးကို အစိုးရလျှက် မဏိမေခလာ မဟာနတ်မင်းကြီးစက်
၃၁။ တစ်ထောင့်ငါးရာ၊ ကိလေသာကို အာဏာစိုးလျှက်၊ လောဘစက်
၃၂။ ရန်မာန်သည်းစွာ ပြင်းထန်ရာသည် ဒေါသစက်
၃၃။ မိုက်မှောင်သည်းစွာ အဝိဇ္ဇာကို တဏှာမိုးလျှက် မောဟစက်
၃၄။ ယမုနာသည် ဂင်္ဂါလက်နက် တံပိုးစက်
၃၅။ နဝဒတ်တို့၊ အိုင်မျိုးခုနစ်ဖြာ မုဉ လိန္ဒြ အချာစိုးလျက် ဘုံနှင့်နေသည့် ဂုက္ခစိုးစက်
၃၆။ သတ ရဘန့် ယုဂ္ဂန်ထိပ်ချာ အာဏာစိုးလျှက် စတုမဟာရာဇ် နတ်မင်းကြီးစက်
၃၇။ အာကာသလက်နက် လေသင်းထုန်းစက်

စက်ကြီးစက်ငယ်အပြား သုံးဆယ့်ခုနှစ်ပါးရွတ်သံကြားက ဘေးများညစ်ု၊

မကောင်းမှုသည် မပြုဝေးစွာ ကြည်ရှောင်ခွါ အောင်စေတတ်သည် မြတ်ဆရာ ပညာတည်း။ ဩောင်းဘုန်းတန်ခိုးတို့ တက်တိုးပြည့်ပွားများစေသတည်း။ ဩောင်ဂုဂုတေ၊ ဂုဂုတေ ဆရာပေးသည့် ကျေးဇူးပညာ ဘုန်းအာဏာကြောင့် အပါယ်လေးရပ်၊ ဥပါဒ်ဘေးဒဏ် ရန်မာန်ခပ်သိမ်း၊ အကုန်ငြိမ်း မထိမပါး သွားလာအိပ်စက်နေလျှက် ထိုင်ရာ ခြေမှာခလုတ် သစ်ငုတ်ဆူးငြောင့် မှောင့်သည့် စုန်းမှင် နေဝင်နေထွက် မှင်တက် တစ္ဆေ တောနေပြိတ ၁ ငှက်ယုတ်မာဒရာ ဇော်ဂနီ ဘေးဒဏ် ရန်မာန်အပေါင်းတို့သည် ဆိန်ရှုံ့ ဆိန်ရှုံ့ အခြိန်းခြိန်းကျိုးစေကုန်သတည်း။ ဩောင် ဒူရေ ဒူရေ ဝေးစွာ ခွါစေကုန်သတည်း။

❖❖❖

# စာဆိုနှစ်ဦးကို လေ့လာခြင်း

**နတ်မြစ်-စန်းအောင်**

ရှေးခေတ်ရခိုင်တေးကဗျာများတွင် အထူးသဖြင့် နန်းတွင်းစာဆိုများ၏လက်ရာ၊ ကဗျာများသာ ကဏ္ဍတစ်ရပ်အနေဖြင့် သမိုင်းမှတ်တမ်းရှိခဲ့ကြလေသည်။ သာမန်အညတြစာဆို လက်ရာများကား မည်မျှအဓိပ္ပါယ်ပြည့်ဝပြီး ပြည်သူကိုယ်စားပြုကဗျာများဖြစ်စေကာမူ၊ သို့သော်ကဗျာထဲတွင် ပါဝင်နိုင်ခြင်းမရှိပဲ မျက်နှာငယ်ဘဝနှင့်သာ ရှိနေကြရပါသည်။ နန်းတွင်းစာဆိုတို့အနေဖြင့် မိမိတို့ဘဝရေးအတွက် ဘုရင်အကြိုက်၊ မိဖုရားအကြိုက်၊ မြို့စားနယ်စားတို့အကြိုက် စသည်တို့ကို ရေးဖွဲ့သီနေရသဖြင့် ထိုသူတို့ ကိုယ်စားပြုတေးကဗျာများကိုသာ ဦးစားပေးစီကုံး ရေးသားခဲ့ကြရလေသည်။

အညတြစာဆိုတို့အနေဖြင့် မိမိတို့ရာထူးရာခံတည်းဟူသော ဘဝကျိုးလည်း မမျှော်၊ ခံစားရန်လည်းမရှိသဖြင့် မိမိတို့ခံစားချက်ဘဝရေး ပြသာနာများကို မည်သူအကြိုက်မျက်နှာကိုမှ ထောက်ထားစရာမလိုဘဲ ပြောင်မြောက်စွာ မိမိတို့ စိတ်ကြိုက်ရေးခဲ့ကြလေသည်။

အညတြစာဆိုလက်ရာများကား ပြန့်ကြဲလျက် အများပင်ရှိနေကြပေ၏။ ထိုသို့လက်ရာများအနက် ယခု ကျောင်းသုံးပြဋ္ဌာန်းထားသော တေးကဗျာမှ ကဗျာစာပိုဒ်တို့ဖြင့် သဘောအယူအဆ ကွာခြားချက်လည်း ရှိနေကြသည်။ ထိုတေးကဗျာ၏ တေးသွားနှင့်အဓိပ္ပါယ်၊ တေးသဘောယူဆချက်များကို လေ့လာသုံးသပ်တင်ပြလိုပါသည်။ အညတြစာဆို၏လက်ရာဖြစ်သော မောင်တော်တမ်းအလွမ်းပြေကဗျာကို လေ့လာကြည့်မိကြစေလိုပါ၏။

ထိုတေးကဗျာအချို့က မောင်မယ်တို့ ချစ်လက်ဆောင်တေးဟု ယူဆရေးသားခဲ့ကြပါသည်။ ဤတေးသဘောသည် တစ်ထောင့်ငါးရာ ကိလေသာစိတ်ရောပြွမ်းသော မောင်မယ်ချစ်သဘောလော့။ သို့တည်းမဟုတ် ငါးရာနှစ်ဆယ် ရှစ်သွယ်သော သမုဒ္ဒယမေတ ၁ရေယာဉ် တေးလောဆိုသည်ကို ဆန်းစစ်သိနိုင်ကြစေရန် စေတနာဖြင့် တင်ပြရခြင်း လေ့လာ့မြင်ခြင်းပင်ဖြစ်ပါ၏။

ရခိုင်တေးတစ်ပိုဒ်၏ တေးသဘောကို ဆန်းစစ်မည်ဆိုပါက ဦးစွာရခိုင်ဓလေ့ထုံးစံ၊ ပြောဆိုခေါ်ဝေါ်မှုနှင့် ရခိုင်ကျေးလက်တောရွာသဘာဝကိုအခြေခံပြီး ဆန်းစစ်ရန်

လိုပေသည်။

ဤတေးသဘောနှင့်ပတ်သက်  တစ်ချို့သောပုဂ္ဂိုလ်တို့၏  အယူအဆကို မှားသည်ဟူ  အတိုက်အခံချေပလိုသောသဘောဖြင့်  ရေးသားရခြင်းလည်း မဟုတ်ပေ။  သို့နှင့်ထိုပုဂ္ဂိုလ်တို့အနေဖြင့်လည်း  မိမိတို့သဘောနှင့်ိုနှိုင်းပြီး ဆက်စပ်တွေးဆယူကြရန်  တင်ပြလိုက်ခြင်းပင်တည်း။  ကျွန်ုပ်အနေဖြင့်လည်း ဤသို့သောသဘော  သက်ရောက်စေရမည်ဟု  အတိအကျရေးသားခြင်းမဟုတ်။ ကျွန်ုပ်၏အယူအဆမှာ ဤသို့ရှိသည် ဆိုသောသဘောဖြင့်သာ ရေးသားထားခြင်း ဖြစ်ပါ  လေ့လာသောပုဂ္ဂိုလ်တို့အနေဖြင့်သာ တွေးဆဆန်းစစ်ရန် လိုအပ်ပါသည်။

## မောင်တော်တမ်း-အလွမ်းပြေ

အပွင့်ယေဖြူပြာ၊ အ ၁ယေကောင်းခြင်း
ယာတောင်ထက်မှာ၊ ဝါဂွမ်းခင်းလေ။
ဝါဂွမ်းပွင့်မုံ၊ ဖူးပွင့်စုံ၊
ဆွတ်တုံမေို့၊ မိုင်းငင်ဖို့။
မိုင်းဝင့်ဝါခြည်၊ လက်ရက်ထည်၊
မေမောင်ို့မှာ၊ ဝတ်ရမည်လေ။
ဝါခြည်ဒူးယား၊ အသားညက်။
အကွက်မဆန်း၊ မောင်တော်တမ်း၊
အလွမ်းလည်းပြေ၊ ခေါ်ကြတ်တေ၊
ရက်တည်မေပျော့၊ လက်စချော၊
နှမလက်ရာ၊ မောင်ဝတ်လာ၊
အဘာကြီးသား၊ လှရေကား၊
ကြွရေပရေ၊ သာထွန်းဝေ၊
အမေို့မှာ၊ မျက်ငါးသွယ်လေ–မျက်ငါးသွယ်။

## တေးသွားအဓိပ္ပါယ်

ယာတောင်ထက် ဝါဂွမ်းခင်း၌ ဖြူပြာရောင်အပွင့်နှင့် အ ၁ကောင်းသော ဝါဂွမ်းပွင့်ငုံများသည် ဖူးပွင့် စုံနေကြလေပြီ။ မယ်ို့တတွေ မိုင်းငင်ဖို့ သွားဆွတ် ဖူးကြပါစို့၊ မိုင်းဝါများကို လက်ရက်ထည်လုပ်ရန်အတွက်၊ ဝါခြည်ဖြစ်အောင် မိုင်းငင်ပြီး မောင်ို့အတွက်ဝတ်ဆင်ရန် အသားညက်ညောချောမောသော ခြည်ထည်ပုဆိုးချော များကို ရက်လုပ်ကြပါသည်။ မောင်ဝတ်ဆင်ရန် အသားညက်ညော ချောမောသော ခြည်ထည်ပုဆိုးများကို  ရက်လုပ်ကြပါသည်။  မောင်ဝတ်ရန်  နှမရက်လုပ်သော လုံချည်မှာ အကွက်မဆန်းသော မောင်တော်တမ်းအလွမ်းပြေဟုခေါ်ကြသော လုံချည် ဆင်ဖြစ်သော်လည်း နှမ၏လက်ရာသည်ကောင်းသဖြင့် ပျော့ပျောင်းညက်ချောနေ

လေသည်။ နှမလက်ရာ ဒူးယား(ပုဆိုး)ကို ဝတ်လာသော မောင်တော်စပ်သူ ဘကြီးသား လှပါပေတကား၊ သာထွန်းဝေမှာ ထိုလုံချည်ဝတ်ခါ ကြွကြွရွရွလှနေသဖြင့် မိခင်ဖြစ်သူက သူ့သားကိုကြည့်ခါ သူ့သားချောမောကြောင်းကို ကျောက်မျက်ရတနာ ငါးပါး ချယ်လှယ်ထားသည်နှယ် ပုံနှိုင်းလျှက် ဝမ်းမြောက်စွာ ပီတိဖြစ်နေပါသည်။ (သာထွန်းဝေ၏မျက်စိစသော ဣန္ဒြေငါးသွယ် လှပတင့်တယ် ချင်ဘွယ်ရှိနေခြင်းကိုဖြင့်ရ ကြည်နူးမိလေသည်ဟုလည်း ဆိုနိုင်ပေ၏။)

## တေးသဘောယူဆချက်

အထက်ပါတေးကို မောင်တော်တမ်းအလွမ်းပြေဆိုသော အမည်ကြောင့်၊ တစ်ချို့အနေဖြင့် ချစ်လက်ဆောင်တစ်ပုဒ်ဟု သဘောသက်ရောက်စေခဲ့ပါသည်။ သို့သော် တေးသဘောအယူအဆကို စေ့စုံစွာဆန်းစစ်ကြပါစို့။

ဤကဗျာ၏အမည်ကို မောင်တော်တမ်းအလွမ်းပြေဟူသောအမည်ဖြင့် ရေးသားထားခြင်းမှာ အဓိကအားဖြင့် မောင်တော်ကိုတမ်း ချစ်နှမက၊ သူ့ချစ်သူ မောင်တော်အတွက်၊ လုံချည်ပုဆိုးရက်လုပ်ခြင်းဟု မှတ်ထင်နေကြပါသည်။ မောင်တော်တမ်းအလွမ်းပြေအမည်ရှိသော ရှေးရခိုင်လုံချည်ဆင်တစ်ခု၏အမည်ကို အခြေခံပြီးရေးသားထားခြင်းဖြစ်လေသည်။ ရခိုင်လုံချည်အမည်များမှာ ရှေးခေတ်က ဆိုပါက သဘောက်ပြက်၊ စိန်တစ်ပွင့်၊ ဘယ်လိမ်ညာလိမ်၊ ပေဒါကန်၊ မင်းတိုင်ပင်၊ ဘမော်မျက်နှာ၊ စိန်လက်စွပ်၊ ဒေါင်းမြီး စသည်တို့ဖြစ်ပါသည်။

ထိုနောက် ယခုခေတ်နှင့်အညီ ရထားပန်းယဉ်၊ ကြိုးကြီးချိတ်၊ လက်ထိုးပန်း၊ ပုလဲပေါက်၊ မာယာထောင်ချောက်၊ မောင်ချစ်မယ်ချစ် စသည့်လုံချည်အမည်များလည်း မည်တွင်ရှိနေကြပြီးဖြစ်ချေသည်။ ထိုထိုအဆင့်များမပေါ်မီကပင်၊ တစ်ခေတ်က မောင်တော်တမ်း အလွမ်းပြေဟူသော လုံချည်ဆင်တစ်မျိုး ခေတ်စားခဲ့ဟန်ရှိပါသည်။ ထိုလုံချည်မှာ သူမက မောင်တော်ကိုတမ်းပြီး အလွမ်းပြေရက်လုပ်ခဲ့ခြင်းမဟုတ်၊ မောင်ဖြစ်သူအတွက် အဆင်အကွက်မဆန်းသော ''မောင်တော်တမ်း အလွမ်းပြေ'' ဆိုသော ိုးိုးလုံချည်ဆင်ကို ရက်လုပ်ခြင်းဖြစ်သည်။

ထို့နောက် အဘကြီးသားဆိုသည်မှာ အဖေ၏အစ်ကိုသားကို ဆိုလိုပါသည်။ ရခိုင်ဆွေဆက်မျိုးဆက်ထုံးတမ်းစဉ်လာအရ ညီအစ်ကို၊ ညီအစ်မ မောင်နှမအရင်း တော်စပ်သည်ဟူ ယူဆကြပါသည်။ မောင်သားနှမသမီး၊ နှမသားမောင် သမီး စသည်တို့ကိုသာ၊ သမီးမျောက် သားတော်စပ်သည်ဟု လက်ဆက်ပေးစားသော ဓလေ့ထုံးစံရှိပါသည်။ ညီအစ်မ၊ ညီအစ်ကို၊ သားသမီးတို့ကို မည်သည့်အခါမှ လက်ဆက်ပေးစားခြင်းမရှိသလို၊ ထိုသားသမီးတို့ကလည်း (ထိုသူတို့အား မောင်နှမ အရင်းလို သဘောထားခင်မင်ကြပါသည်။ သို့နှင့်သူမသည် ဘကြီးသား (အဘ၏အစ်ကိုသား) မောင်တော်စပ်သူအတွက် အဆင်ဆန်းသစ်ထွင် မရက်ဘဲ၊

မောင်တော်တမ်း အလွမ်ပြေအမည်ရှိ ိုးိုးလုံချည်ဆင်ကို ရက်လုပ်ခြင်းဖြစ်ပါသည်။

**မှတ်ချက်**။ ။ ကျောက်စာတွင် အဥ်မဟုရေးထုံးတွေ့ရသည်။ ယခု အေးမဟု အသံထွက်ဆိုရှိပါသည်။

ရှေးရခိုင်တို့တွင် တစ်စုံတစ်ယောက် လှလှပပကြွကြွရွရွ ဝတ်ဆင်လာပါက ခင်မင်သူတိုင်းကပင်၊ ကောင်းကောင်း လှယင့်(သိပ်လှပေရဲ့) ကောင်းကောင်း လှရေကား (သိပ်လှပါလား)ဟု ကျီစယ်ခေါ်ဝေါ်လေ့ရှိကြသည်။ ယခုလည်း နှမဖြစ်သူ က ကြွကြွရွရွဝတ်လာသော မောင်ဖြစ်သူအား အဘကြီးသား ကောင်းကောင်း လှရေကားဟု ကျီစယ်ပြောဆိုသည်ကို သ ုပ်ဖော်ထားခြင်းပင်ဖြစ်ပါသည်။

ထို့နောက် အညတြစာဆိုရှင်အနေဖြင့် အကယ် သာ ကိလေသာရောပွမ်း သော အချစ်သဘောကိုဆောင်လိုပါက သို့မဟုတ် မောင်ချစ်မယ်ချစ် ချစ်လက်ဆောင် တေးသဘောနှင့်စီရေးပါက မယ်ဖြစ်သူ သူ၏လက်ရာ လုံချည်ချောကို ဝတ်ဆင်လာ သော ကိုယ့်ချစ်သူမောင်အားကြည့်ပြီး ကျေနပ်နှစ်သိမ့်မှု ချစ်စိတ်သဘော ပေါ်လွင် စေမည့် စာသားကာရန်တို့နှင့် အနည်းအကျဉ်းချစ်သ ုပ်ကို ပေါ်လွင်စေခဲ့မည် ပင်တည်း။ သို့သော် ယခုအညတြစာဆိုအနေဖြင့် အချစ်နှင့်ပတ်သက် တိုက်ိုက် သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဆက်စပ်ယူနိုင်သော စသားကာရန် တစ်ခုမှမတွေ့ရပါ။

တေးဆုံးတွင် စာဆိုရှင်သည် လောကသာရပျို့တွင် သားရွှေဥမျက်ႇကြေးမုံ မှန်ဖြင့် ပုံနှိုင်းထားသလို၊ မိခင်ဖြစ်သူကသာလျှင် ကြွကြွရွရွလှလှပပ ဝတ်ဆင်လာသော သူသား 'သာထွန်းဝေ'ကိုကြည့်လျှက်၊ ရတနာကျောက်မျက်ငါးသွယ်လို လှပါတကား ဟု ပုံနှိုင်းလျှက် ပီတိဖြစ်နေသည်။ သို့မဟုတ် မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟူသော ငါးသွယ်သော ကိုယ်အင်္ဂါ၏တင့်တယ်ပြေပြစ်လှသူပေတည်းဟု နှစ်သက်မှုပီတိဖြစ်လျှက် ကြည်နူးမိပုံကိုသာ အဓိက သ ုပ်ဖော်ထားချက်ဖြစ်ပေသည်။

ထို့ကြောင့် စာဆိုရှင်သည် မောင်တော်တမ်းအလွမ်းပြေဆိုသော ရခိုင်လုံချည် ဆင်တစ်မျိုးကိုအကြောင်းပြုလျှက် ကျေးလက်တောရွာများတွင် မောင်နှမရင်းကို မဆိုထားဘိ၊ အဘ၏အစ်ကို၊ အဘကြီး(ဘကြီး)သားကို မောင်အရင်းသဖွယ် ခင်တွယ်ပြီး လုံချည်များကို ချောမောစွာ ရက်လုပ်ပေးပုံ၊ မောင်ဖြစ်သူအား ကျီစားပုံ၊ မိခင်က သားဖြစ်သူကိုကြည့်လျှက် ပီတိဖြစ်နေပုံတို့ကိုအခြေခံကာ မောင်နှမချစ်၊ မိခင်ချစ်စသည့် ငါးရာနှစ်ဆယ်ရှစ်သွယ်သော မေတ ၱစေတနာသဘောကို အခြေခံ ရေးသားထားကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ရခိုင်ကျေးလက်တောရွာမျိုး မိသားစုတစ်ခု၏ ခင်မင်ချစ်နှစ်မှုတို့ကို၊ ကိုယ်စားပြုဖွဲ့ဆိုသီကုံးရေးသားထားသော ကဗျာ၊ တစ်ပိုဒ်ဖြစ်သည်ဟု သဘောသက်ရောက်နေပါသည်။

ဤကားအထက်တန်းကဗျာလက်ရွေးစင်စာအုပ်ပါ၊ ရခိုင်တေးဟူသော မောင်တော်တမ်းအလွမ်းပြေကဗျာ၏ ႇထောင့်နှင့် အယူအဆများကို သုံးသပ်လေ့လာ

တင်ပြရခြင်းဖြစ်ပေသတည်း။

ကဗျာ့ထောင့် (ဦးခင်မောင်ဝိဇ္ဇာ)၏ အယူအဆများကို နှိုင်းယှဉ်ိနှိုင်း တင်ပြရခြင်းဖြစ်ပါသည်။

## အင်းဝမှရခိုင်ကဗျာသံ

ဖော်ပြပါကြောင်းရပ်မှာ ဓညဝတီအရေးတော်ပုံရာဇဝင်တွင် တွေ့ရှိရခြင်းဖြစ်ပါသည်။ ကောဇာသက္ကရာဇ် (၉၆၇)ခုနှစ်တွင် မင်းရာဇာကြီးအား၊ သားတော်အိမ်ရှေ့စံ မင်းခမောင်းသည် အမတ်စိန်တင်စား ဥက္ကါပျံနှင့်အတူ၊ တော်လှန်ပုန်ကန်ရန် အကြံကို မင်းရာဇာကြီး သိန်းကြည့်တပ်၊ ရေတပ်လက်နက်ကိုင် သူရဲအပြည့်အစုံနှင့် ငါးစင်ိုင်း ချောင်းကျွန်း၊ ဖားပြို (ဗိုလ်ပြိုတပ်) တပ်ကဆီး ကြိုတင်တိုက်ခိုက်ဖမ်းဆီးလေသည်။ ထိုအခါ အိမ်ရှေ့မင်းသား မင်းခမောင်းနှင့်အတူ ဥက္ကါပျံကိုပါ လက်ရအမိခံ သွားခဲ့ရသည်ဆို၏။

ဤအရေးအခင်းသည် ဘုရင်သည် မင်းခမောင်းအား အပြစ်ပေးမည်ဖြစ်သည်။ အမတ်ကြီးပညာရှိ ပညာဝံသလျှောက်ထားသဖြင့် အမျက်ပြေ အသက်မှလွတ်ငြိမ်း ခွင့် ရရှိခဲ့လေသည်။ အပြစ်မှလွတ်ငြိမ်းသည်ကား မဟုတ်ပဲ၊ အသက်သာမသေ။

(မွန်)ငါးရာနှင့်အတူ ကြံရာပါ ဥက္ကါပျံအမတ်ကိုလည်း လက်ဖြတ် မဟာမုနိ ဘုရားတွင်လှူသည်ဟု အဆိုရှိလေသည်။ ဤသည်ကိုမှီး ရေးကြသည်ဟု ထင်ရသော မြန်မာရာဇဝင်အချို့တွင်လည်း အလားတူတွေ့ရှိရပေ၏။ သို့နှင့် ထိုဖြစ်ရပ် မှန်မမှန်ဆန်းစစ်လေ့လာနိုင်ကြစေရန် အောက်ဖော်ပြပါ အင်းဝမှ ရခိုင်ကဗျာသံ ဟူသောအကြောင်းကို ဆက်စပ် ဖြစ်နိုင်မဖြစ်နိုင် ထင်ရှားစေမည်ဖြစ်ပေသည်။

ကောဇာသက္ကရာဇ်(၉၇၁)ခုနှစ်တွင် မင်းရာဇာကြီးထံသို့ အင်းဝဘုရင် မဟာဓမ္မရာဇာ အနောက်ဖက်လွန်မင်းတရားကြီး (၉၆၇–၉၉၀)က၊ လက်ဆောင်ပဏ္ဏာတို့နှင့် မေတ္တာဆက်ပေါင်းဖက်လိုပါကြောင်း တမန်စေလွှတ်ရောက်လာသည်။ ထိုကိစ္စကို မင်းရာဇာကြီးကလည်း သဘောကျ၍၊ မိတ်ဖြစ်ဆွေဖြစ် တုံ့ပြန်သည့်သဘောဖြင့် အင်းဝဘုရင်ထံသို့ လက်ဆောင်ပဏ္ဏာများ တုံ့ပြန်ပေးပို့ခဲ့လေသည်။ ထိုကြောင့် အမတ်ကြီးဥက္ကါပျံကို ရာဇသံကြန်အမည်ဖြင့် အင်းဝပြည်ဆိုင်ရာ၊ သံတမန်အဖြစ် ခန့်အပ်ခဲ့လေသည်။

ဥက္ကါပျံအား သက္ကရာဇ်(၉၇၁)ခု၊ နတ်တော်လဆန်းငါးရက်၊ အင်္ဂါနေ့သံဆက် ထည့်လိုက်လေသည်။ အင်းဝသို့ရောက်လျှင် မြန်မာမျိုးမတ်တို့ အချင်းချင်းတိုင်ပင် ဥက္ကါပျံ၏စွမ်းရည်သတ္တိဗလကိုသိလိုကြသဖြင့် အင်းဝထောင်သင်မှူး အမတ်က၊ အောက်ပါရတုနှစ်ပိုဒ်ကိုရေးစပ် အပြည့်ခံစေလေသည်။

## အင်းဝထောင်သင်းမှုးစီကုံးရေးစပ်သော အဖြည့်ခံရတု–၂ ပိုဒ်

(၁) မမျှသောင်းထောင်၊ နန်းညာတောင်ဝယ်၊ အခေါင်စံထား၊ နတ်မင်းသားလျှင်၊ နောင်ဘွားကြင်ဖော်၊ မျောက် သားတော်ကြောင်း၊ မူးမတ်သေပြတ်၊ ဖိုမှလွတ်သို့၊ မချွတ်ကေန်၊ နောင်မှားဟန်ကား၊ ဖြန်းသွန်းလေ င်း၊ စိမ့်စိမ့်ချင်းလျက်၊ အင်ကြင်းဝါးနွယ်၊ အလှယ်လှယ်ကို၊ ဓမါယ်ပျော်ပါး ရှေ့ဝယ်ထား ဦးနားထိပ်ဖြင့်၊ ပန်ဆင်မတတ်၊ လေးမြတ်ယုယ၊ ပေးချင်လှ၏။ ဆယ်ဆရွှေထက်၊ ပြစ်မစက်သည်။ ဖြူညက်ထွက်လော ပြာလတ်လော့။

(၂) မလှကောင်းအောင်၊ ခန်းသာချောင်ဝယ်၊ မြူမှောင်မသန်း၊ ခြည်မတန်းတည့်၊ လဝန်းတန်းဆောင်၊ နေမဖြောင်တည်း၊ ကိုယ်ရောင်လျှံလည်း၊ ထွန်းတော့သည်ဟု မွှေးကြည်ပျံ့ရှား၊ ကျွန်ုပ်နားဝယ်၊ စကားကိုသာ၊ မူးမတ်ရှာမျှ၊ ကြံကာတွေးတော၊ သီးချင်မောစွ၊ သဘောဆက်ဆက်၊ မေးကာမြွက်သည်။ ဖြူညက်ထွက်လော၊ ပြာလတ်လော့။

ဤကဲ့သို့ အင်းဝထောင်သင်မှုးရေးသားစီကုံးသော ရတုနှစ်ပုဒ်ကို အမတ်ကြီး ဥက္ကါပျံ ဖြည့်ဆိုထားသည်မှာ ဤသို့ဖြစ်လေသည်။

၁။ မရကြောင်းဆောင်၊ ပန်းရှာအောင်လည်း နောင်မူကြံတွေး၊ စိတ်ထားဝေမျှ၊ မြောက်သေန်စွန်း၊ သရက္ခန် မွှေး၊ လေ၊ သွေးပျံ့ကြူ၊ မဥ္ဈူနံ့ရှင်း၊ ဖြည့်လေသွင်းက အင်ကြင်းသင္ဘေ၊ သံသေဒဇ၊ ဂဗ္ဘလည်းဟူ၊ လူဟုဆိုရေး၊ ဝေးကြီးဝေးခဲ့၊ မာန်သွေး ရာဂီ၊ ဣရနီနတ်၊ ဥပပတ်လျှင်၊ ဟုတ်မောထင်၏။ စုံအင်စုံဖက်၊ ချစ်သူသက်သည်၊ ဖြူရွက်ထွက်လော့ ၁ဝတ်လော။ ။

အင်းဝအမတ်တို့သည် ဥက္ကါပျံအမတ်ကြီး၏ဖြည့်ဆိုသောရတုကို အထူးချီးမွမ်းထောပနာ ပြုကြသည်ဟုဆိုပါသည်။ ထိုကိုထောက်ထား ဥက္ကါပျံနှင့်ဆက်စပ်သောဖြစ်ရပ်ကို ဤသို့ဆင်ခြင်အောက်မေ့နိုင်ပေသည်။

အကယ် သာ စာဆိုရှင်အမတ်ကြီး ဥက္ကါပျံကို သကြဇ်(၉၆၇)ခုနှစ်တွင် မင်းရာဇာကြီးသည် မိမိအားပုန်ကန်သောကြောင်း လက်ဖြတ်ပြီး မဟာမုနိဘုရားတွင် လှူခဲ့သည်မှန်ပေအံ့။ သကြဇ်(၉၇၀)ခုနှစ်တွင် ရာဇသကြံန်အမည်ဖြင့် အင်းဝသို့ သံအမတ်အဖြစ်လည်း ခန့်အပ်နိုင်မည်မဟုတ်။ အင်းဝထောင်သင်းမှုး အဖြည့်ခံထားသော ရတုနှစ်ပိုဒ်ကိုဖြည့်ဆိုထားသော ရတုကိုလည်း သီကုံးရေးသားနိုင်မည်မဟုတ်။

ထို့ပြင် အင်းဝနေပြည်တော်တွင် တာဝန်ထမ်းဆောင်စဉ်အတွင်း၌ စီကုံးရေးသားခဲ့သော (၁)ချိန်ဆတွက်သည်၊ (၂)ထိန်သပြက်သည်၊ (၃)စိန်ကဆက်သည် အစချီသောမယ်ဘွဲ့ ပိုဒ်စုံသုံးပိုဒ် (၂)တသောင်းနေပြောင်၊ (၂)အမောင်းရွှေရောင်၊ (၃) မသောင်းစေအောင်စေ အစချီသော အရီမေတ ယျဘုရားတိုင်ဖွဲ့၊ ရတုပိုဒ်စုံသုံးပိုဒ်–

ထို့ပြင် အထူး–အထူး၊ ဥဒါန်းကျူးပိမ့်၊ စန္ဒကူးပင်မွှန်အစချီသော ကိုယ့်ပြည်

ပြန်ခါနီး ကေပိုဒ်ရတုတစ်ပိုဒ်နှင့်။

အောက်အာကာဗွီ၊ ဝါယောထွီ ၊ လီထက်ကားရီ၊ ရီထက်မြီနှင့်၊ ပထဝီဟု အစချီသော မိုဃ်းဖွဲ့၊ မဏိဦးပြည်းချ ရတု ကေပိုဒ်တစ်ပိုဒ်ပေါင်း ရတုပိုဒ်စုံငါးပိုဒ်သော ရခိုင်ကဗျာသံများလည်း အင်းဝနေပြည်တော်မှ ထွက်ပေါ်လာနိုင်ခဲ့မည် မဟုတ်ချေ။

မင်းရာဇာကြီး အရေးတော်ပုံကျမ်း၌ဆိုသည်ကား၊ ဥဂ္ဂါပျံမှာ၊ သားတော်ကို အထိန်းအကြီးထားသူဖြစ်လျက်နိုင်အောင် မဆုံးမ၊ ပျော်ရွှင်မှုကိုသာ လေ့ကျင့်သူ၊ မင်းမသုံးအပ်၊ လက်ကိုဖြတ် မဟာမြတ်မုနိဘုရားမှာ လှူတော်မူသည်။ သားတော်ကို အပြစ်ပေးမည်ပြုရာ အမတ်ပညာဝံသလျှောက်ထားသဖြင့် အမျက်ပြေ ၊ သားတော်ကို အမတ်ကြီးသို့ အပ်တော်မူသည်ဟု ရေးထားသည်။

ထိုစကားအရ ဥဂ္ဂါပျံလည်း လက်ဖြတ်ခံရာမှ လွတ်ရာသည်။ သားတော်ကို လည်း ဥဂ္ဂါပျံအား ထိန်းခွင့်သနားခဲ့စေသည်ဟု သိမှတ်နိုင်လေသည်။

ထိုကြောင့် ဥဂ္ဂါပျံလက်ဖြတ်ခံရမခံရကို သိရှိနိုင်ကြစေလိုသည် သဘောဖြင့် တင်ပြလိုက်ခြင်းဖြစ်ပါသတည်း။

(ရမ်းပြည့်တောင်ကျောင်း ဆရာတော်ကြီး ဦးစန္ဒမာလာလင်္ကာရ၏ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒုတိယတွဲ၊ မင်းရာဇာကြီး အရေးတော်ပုံကျမ်းနှင့်တကွ ဗြိတိသျှအစိုးရလက်ထက်၊ (၁၉၃၀)ခုနှစ်ခန့်က ထုတ်ဝေခဲ့သော မြန်မာစာ ၇ န့်ပေါင်း ကျမ်းမှ ကဗျာများကို မှီးငြမ်းအပ်ပါသည်။)

**နတ်မြစ်-စန်းအောင်**

❖❖❖

# မဟာမုနိသွန်းစက်တော်အဲး

**နတ်မြစ် စန်းအောင်**

''ရခိုင်ပြည်ကို၊ စိုးတုံပိုင်ခြင်း၊ စန္ဒြာမင်းကား၊ ရှိကတစ်ခါ ငါ့တကာ၊ ဟကာသုံးခါ၊ ခင်ပွန်းတစ်ခေါက်၊ ဖြစ်လျှင် တုံငြား၊ ငါ့ကိုယ်စားကို တောင်းပန်ပါလို့၊ ရှိကတစ်ခါ၊ ကိုးကွယ်ရာ၊ မင်းစန္ဒြာမှာ၊ တောင်းဆက်ပါရေ၊ ခုခါသပွေ၊ ငါ့ကိုယ်စားနှင့်၊ သာသနာကို၊ ရွှေရခိုင်မှာ၊ တည်ရမည်လေ''။ (သွန်းစက်တော်အဲးမှ)

## သွန်းစက်ကဗျာ အကျဉ်းလင်္ကာ

ယခုမူမှာ မြောက်ဦးဘုရင် သားတော်တစ်ပါးဖြစ်သော ပန်းတံမောင်က ဦးရီးတော် သံတွဲစားနှင့်မိရံဖြူမှဖွားသော လှဦးရံခေါ် (ခေါက်ရမ်းဖြူ) သံတွဲသူ မြောက်သားတော်ကို ယူဆောင်ထွက်ပြေးစဉ် မြန်ပြည်သွားလမ်းစခန်း ဖိုးခေါင်တောင် ခရီးလမ်းမှာ ပြောပြခန်းအဖြစ် ရေးစပ်ဆိုခဲ့သော အဲးဖြစ်သည်။ စာအုပ်ငယ်တွင်ကား သွန်းစက်ငယ် အကျဉ်းလင်္ကာကဗျာဟုဆိုသည်။

ပန်းတံမောင်နှင့် သံတွဲသူ ဇာတ်လမ်းဖွဲ့အဲးကို ရခိုင်မဂ္ဂဇင်း အမှတ် (၅) ၁၉၇၇–ခုနှစ်၊ ဒီဇင်ဘာလထုတ်တွင် တင်ပြခဲ့လေသည်။ ယခုအဲးမှာ ထိုအဲး၏ တစ်ခန်းတစ်ရပ်အဖြစ် မဟာမုနိသွန်းစက်တော်အကြောင်းကို ပြောပြထားခြင်းဖြစ်ပေ၏။

ရေးစပ်ဆိုခဲ့သော စာဆိုတော်အလိုဆန္ဒအရ နောင်လာနောက်သားအတွက် စီကုံးထားသော မိန်းမကိုပြောပြခန်း၊ သွန်းဇက်ညေအကျဉ်းချုပ်၊ (သွန်းစက်ငယ်အကျဉ်းချုပ်)ဟူ စာအုပ်တွင်းပြင် အဖုံးတို့၌ ရေးရှိခဲ့ပေ၏။ စာကိုယ်ခေါင်းစီးတို့၌ကား သွန်းစက်ကဗျာအကျဉ်းဟုသာ ပါရှိ၏။ အတွင်းဖုံး၌ သွန်းစက်ငယ်အကျဉ်းလင်္ကာအရင်းဟု စာလုံးကြီးနှင့် ရေးထိုးထားသေး၏။ စာဆိုမှာ အဆုံးစွန် တတိယအရွယ်ရှိပြီးသော ဘိုးတော်ဝင်(အဘိုးကြီး)တစ်ဦးဆို၏။ စာဆိုရှင်၏ နောက်ဆုံးမှာ ခဲ့ခြင်း။

''ဖွဲ့နောင်လာနောင်သား၊ နောင်ဆက်သား၊ လင်္ကာဆိုသူ ထိုများလူကို၊ မောင်ပင်ခုခါ၊ ကမ,ည်းတင်ကေ၊ မှာခရေလေ''ဟု အစချီကာ နိဂုံး၌ မှာတမ်းတစ်ခု ပြုထားခဲ့ပေ၏။ ၎င်းက ဤလင်္ကာကို အဆုံးစွန် တတိယအရွယ်မှာ နှုတ်ဖြင့် စီရေးရခြင်း ဖြစ်သည်ဆို၏။ လူပုံအလယ်တွင်လည်း ဆိုပြဖူးသည်ဆို၏။ ယခုအခါ ဘိုးတော်ဝင်ဖြစ်လာ သတိချွတ်ယွင်းလာပြီးရာကား၊ သီဆိုရန်ထားဘိ၊ ငယ်က ဆိုဖူးသည့်ကိုပင် နှုတ်၌ပေါ်မလာတော့ပြီ၊ သို့သော် နောက်ဆက်ဆိုရန် ရေးသားလို၏။ စက ူမှာရေးစဉ် သတိချွတ် စာလုံးကျကျန်ကာ အမှားများသဖြင့် နောင်လာသူများ ပညာရှိတို့ ထည့်ဆိုကြပါ။ ငါ့ကိုအပြစ်မတင်ကြစေလို လက်ဖြင့် ဦးထက်တင်ကာ မှာကြားတောင်းပန်ခံထားပေ၏။

## ထုတ်နှုတ်တင်ပြရခြင်း

ယခုတင်ပြမှုမှာ လက်ရေးမူဖြစ်၏။ သလွှင်ဖြူစက ူကို ဗလာစာအုပ်ဆိုက် ပြု ခဲကြောင်း မျဉ်းသားထားလျက် နက်ပြာရောင်မင်ဖြင့်ရေးထားခဲ့ရာ နှစ်ဘက်ရေး စာမျက်နှာ(၂၆)ခန့်ရှိလေသည်။ ရခိုင်ရှေးဟန်အရေးအသားမျိုးဖြစ် ယခုအခါ မြောက်ဖက်သားလက်ရေးဟု တွင်ခေါ်နေ၏။ အဖုံးတွင် သက ရာဇ် (၁၃၁၈)ခု ဦးရမဥ္စူအရှင်ဘုရား လက်မှတ်တော်ဖြစ်ပါသည်ဟု တွေ့ရသဖြင့် ရဟန်းတစ်ပါး၏ စာအုပ်ဟု ယူဆရ၏။ ယခုထိုမူမှပင်လျှင် အခန်း(၄)ခုပြု စကားပြေဖြင့် ရေးသားခဲ့ရာ အစတစ်ခန်းကို တင်ပြရခြင်းဖြစ်ပါ၏။ ကျန်အခန်းများဆိုလျှင် မိဋ္ဌာန်ပြု ဘုရားကို ပင့်ခန်း၊ ဘုရားရှင် ဒေသစာရီကြွခန်း၊ ကိုယ်စားတော်မဟာမုနိသွန်းခန်းတို့ ဖြစ်ကြ ပါသည်။ အစုံအလင်ဖော်ပြရလျှင် စာအုပ်ငယ်တစ်အုပ် သာသာဖြစ်ရှိနိုင်ပါ၏။ ယခုတစ်ခန်းကိုပင် မြည်းစမ်းကြည့်စေလိုပါ၏။ မူလစာကိုယ်အဲးကို လူတိုင်း ဖတ်လွယ်စေရန် စကားပြောသဘောဖြင့် တင်ပြလိုက်ရခြင်းဖြစ်ပါသတည်း။

## အခန်း(၁)

### ''သျှင်ပင်ကိုယ်စား၊ တည်ထား သာသနာ၊ ရခိုင်မှာ'' ဇွန့်ရှည်မည်အမြင်'

လေးဆယ့်လေးပြည် ရခိုင်ပြည်နယ်၊ ဓညဝတီမြို့ကို စန္ဒသူရိယမင်း စိုးပိုင် အုပ်ချုပ်နေစဉ်ဖြစ်၏။ ထိုအခိုက် မဇ္ဈိမဒေသတွင်လည်း သျှင်ပင်ဂေါတမ ပွင့်ထွန်း လျက်ရှိလေသည်။ ရှင်တော်ဘုရားသည် ထိုစန္ဒသူရိယမင်းကို တကာရင်းပြု နောင်ကို ငါ၏ကိုယ်တော်စားနှင့် သာသနာတော်တည်ထား အဇွန့်ရှည်ရာကြောင်း မြင်တော်မူ သည်။ ထို့ကြောင့်လျှင် ဗုဒ္ဓသျှင်ပင်သည် ရဟန်းတို့အား ဤသို့မိန့်ကြားခဲ့ရခြင်း ဖြစ်လေ၏။

''ရှိကလွန်ငြား၊ ငါနောင်တော်ရေ၊ မြတ်ဘုရားများ၊ အပြည်ပြည်နှင့်၊

တိုင်းတစ်ပါး တွင်၊ ကိုယ်စားတော်နှင့်၊ သာသနာကို၊ တည်ပါခရေ၊ ငါသာစုဝေ၊ ငါ့ကိုယ်စားကို၊ ရှိဘုရားနှယ်၊ မြို့ခညမှာ ထားရမေလောင်''

**(သွန်းစက်ကဗျာအကျဉ်းမှ)**

**မှတ်ချက်** ။ ။ စန္ဒသူရိယသည် မဟာသက ရာဇ် (၇၂)ခုတွင်မွေးသည်။ ဗုဒ္ဓအလောင်းသည် ထိုသက ရာဇ် (၆၈)ခုတွင်ဖွားမြင် အသက်(၃၅)နှစ် (သကြစ် ၁၀၃) တွင် ဘုရားဖြစ်သည်။ စန္ဒသူရိယကား သကြစ်(၉၇)အရောက် အသက်(၂၅)နှစ် တွင် ထီးနန်းစိုးစံသည်။ ထိုမင်းနန်းစံ (၆)နှစ်မြောက်တွင် ဘုရားရှင်ပွင့်ထွန်းလေသည်။

## နိမိတ်ပြလတ်-တစ်တွတ်တွတ်

ဦးစွာမဆွကသော် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတွင် ကျိန်းမွေ့လျော်စဉ်က ဆိုလျှင် ကိုယ်စားသာသနာထားရစ်ရေး၄ာ၊ ထိုပြည်သျှင် ဗိမ္ဗိသာရမင်းအား နိမိတ်ပြ ဟောကြားခဲ့သေး၏။

''ငါဘုရားသည် ဉာဏ်တော်ဖြင့်ကြည့်ရှု ရာ နိဗ္ဗာန်ဝင်ရန် မကြာပြီ။ ယခု အသက်(၇၇)နှစ်၊ ဝါတော် (၄၂)ဝါ ရှိလတ်ပြီ။ သက်တော်(၈၀) ဝါတော်(၄၅)ပြည့်တွင် နိဗ္ဗာန်ကြွမည်။ တကာတော်ဗိမ္ဗိသာရမင်း၊ ရှေးကမ္ဘာတို့တွင်လည်း ငါ့နှယ်ဘုရားများပွင့် နိဗ္ဗာန်ကြွသွားကြလျှင် အမိုက်တိမ်တိုက် ဖြစ်ကျန်နေရစ်လေသည်။ လူနတ်ကစ သတ ဝါတို့ မတရားများလျက် မဂ်ဖိုလ်တရားကွယ်လတ်လျှင် ဒုစရိုက်အလွန်ပေါ်များ လေ၏။ လူနတ်များ အပါယ်လားကြကုန်၏။'' ယင်းသို့ နိမိတ်ဖြင့် ဟောပြခဲ့ဖူး သော်လည်း တောင်းပန်မှုမပြု၊ ရှေးဘဝက အဆက်မပါလှရာကား၊ တိတ်တိတ်သာ နေခဲ့ဖူးသည်။

## တောင်းဆက်မပါ-ရှိပညာ

ဆက် တောင်းပန်စေလိုမှုကြောင့် ကဆုန်လပြည့်နေ့ တရားဟောစဉ်က ဆိုလျှင်လည်း–

''တကာတော်ရင်း ဗိမ္ဗိသာရမင်း၊ ရှေးဘုရားများသည် နိဗ္ဗာန်ကူးမည်ပြုသောအခါ သာသနာကို လူ့ဘုံကျွန်းမှာ ထားခဲ့ကြပေသည်။ မိမိလွန်သော်လည်း ဘုရားရှိ သယောင် သဏ္ဌာန်နှိပ်ပွား ကိုယ်စားတော်ကို တကာထံငယ်၊ သွန်းလုပ်ထားခဲ့ကြ ပေသည်။

## မဟာမုနိသွန်းစက်တော်အဲ-

ဘုရားမရှိသော်လည်း ဘုရားရှိဟန်၊ ဘုံသုံးခွင်မှာ အရောင်ထွန်းသဖြင့် လူနတ်များအပါယ်မလား၊ ဒါန၊သီလ၊ ဘာဝနာစီးဖြန်းလျက်၊ အတိုင်းမသိ နိဗ္ဗာန် လားသူများခဲ့ကြသည်။ ကုသိုလ်တရားပေါ်များသောသူ နတ်လူများမှာ လွယ်ကူစွာ သော စည်းစိမ်ပွားခြင်း၊ သုဂတိမှာဖြစ်ရခြင်းတို့ရှိပေသည်''ဟု အကျိုးကျေးဇူးနိမိတ်

လှစ်ကျူးပြ ဟောခဲ့၏။ သို့သော်လည်း သံသရာက အဆက်မရှိသဖြင့် နှုတ်ကမဟာဘဲ မေ့လျော့ သာနေခဲ့လေသည်။

## ပန်ရာမရှိ-နှုတ်မငြိ

တစ်ဖန် ဝါကျွတ်လပြီးနောက် တန်ဆောင်မုန်းလပြည့် သီတင်းနေ့ တရားဟောစဉ်လည်း ထင်ရှားစွာ ဤသို့နိမိတ်ဆောင်ပြ ဟောခဲ့သေး၏။ ဗိမ,ဒမင်းမြတ် ယနေ့မြင်သော်လည်း မနက်ဖြန်မတွေ့ဘဲ ပျောက်တတ်လှ၏။ ယနေ့စားပြီးအစာကို နောက်ရက်နေ့စားမည်ဟု ရှာမရနိုင်တော့ပြီ။ ထို့တူပမာ ရှေးကလွန်လေပြီးသော ဘုရားရှင်များကိုရှာမရ၊ မဖူးမြင်နိုင်ချေပြီ။ နိဗ,ဒန်တရား ဝင်သွားခဲ့လေပြီ။ ငါဘုရား လည်း နှစ်မရှည်လမများခင် ရွှေပြည်နိဗ,ဒန်စံဝင်မည်ဆိုလျှင် ကိုးကွယ်မရ လူနတ်များ မှာ အုံးကျဖြစ်ရစ်မည် သာသနာငါးထောင် တည်စိမ့်မည်။ ငါကိုယ်စားကို ပုံမှန်ထု တစ်ပြည်တစ်ရပ်မှာ တည်ထားနိုင်ချေက ငါမရှိသော်လည်း ငါရှိသကဲ့သို့ အပဟန်ဆောင် ဖြင့် ဖူးတွေ့နိုင်ကြပေလိမ့်မည်။ ငါ၏တရားကို စောင့်သိသူများလည်း နိဗ,ဒန်လား များကြလိမ့်မည်။ မည်သည့်တိုင်းပြည်တွင် ငါ့ကိုယ်စားကို တည်ထားကြအံ့နည်း''။

**မှတ်ချက်** ။ ။ သမိုင်းကျမ်းတို့၌ ဘုရားကိုယ်တော်စားကို ကပိလဝတ်၌ သကျမုနိ၊ သာဝတိ၌ စန္ဒနသာရမုနိ၊ ရာဇဂြိုဟ်၌ ရာဇမုနိ၊ မဇ္ဈာဂီရိ၌ လောကမုနိတို့ကို တည်ထားခဲ့ကြသည်ဟူ၏။

ယင်းသို့ဟောပြလင့်ကစား၊ ဗိမ,ဒမင်းနှင့် တောင်းဆက်မပါ ပန်ရာမရှိလေရာ ကား သာသနာကို မတောင်းငြားမိဘဲ တိတ်တိတ်နေမြဲသာ နမော်နမဲ့နေခဲ့လေသည်။ တောင်းဆက်ခုနစ်ခါပါဘုရား''

ထို့ကြောင့်လျှင် ဉာဏ်ဆင်ခြင်၊ ရက္ခပူရမြို့ဧညမှာ တည်ထားကောင်းမည်ကို ခြံရံပါရဟန်းတို့အား ဟောဖော် မိန့်ကြားရခြင်းဖြစ်လေသည်။ တစ်ဆက်တည်း ရခိုင်ပြည်သို့ကြွရန်ကိုပါ လေးသိန်းသော သံဃာတို့အား မိန့်ကြားဗျာဒိတ် ပြုလိုက် လေ၏။

ရခိုင်ပြည်ရှင် ဘုရင်စန္ဒသူရိယမင်းဆိုလျှင် ဘုရားရှင်နုစဉ်က ခုနစ်ခါထိအတူ ဖြစ်ခဲ့ဘူးသည်။ ရှေးဘဝကလည်း ကိုယ်စားတော်ကို တောင်းပန်ကိုးကွယ်ခဲ့သည့် အလျောက် ယခုအခါလည်း ကိုယ်စားတော်နှင့် သာသနာကိုတည်ရာဖြစ်ချေမည်ဟု မိန့်ကြားမြွက်ဆိုခဲ့ရခြင်းဖြစ်ပေသည်။

## တကာသုံးခါ-ခင်ပွန်းတစ်ခေါက်

တောင်းဆက်ခုနစ်ခါ၊ ပါဖူးရာဝယ်၊ တကာသုံးခါ၊ ခင်ပွန်တစ်ခေါက်၊ ဖြစ်ခဲ့ရသည့် သနစ်ကြောင်းကို ထုတ်ဖော်ပေအံ့။

၁။ ငါဘုရားကား၊ ရှေးအခါတဇာတ်၊ ဟေမဝန္တာတော၌၊ ဓူတင်ကျင့်သော၊ ရဟန်းဖြစ်ခဲ့ဖူး၏။ ထိုစဉ်စန္ဒသူရိယ အလောင်းမင်းကား၊ အောင်ချာဝတီ၊

ရွှေပြည်ရပ်တွင်၊ မင်းဖြစ်နှင့်ရှိနေ၏။ ထိုမင်းသည် ပြည်ရွာစွန့်ထား ၊ ဟေမဝါသို့ တောလှည့်ကစားသွားရာ ငါ့ကိုတွေ့ စိတ်ကြည်ဖြူစွာဖြင့်၊ သစ်သီးဆွမ်းကို ရှာလှူ ခဲ့ဖူး၏။ နောက်ထပ်ကြွလိုက်ပါရန်ပင့်သေးရာ လူ့ပြည်လူ့ရပ်သို့ မသွားလို ငြင်းပယ် ခဲ့ဖူး၏။ နောက်ထပ်ကြွလိုက်ပါရန်ပင့်သေးရာ လူ့ပြည်လူ့ရပ်သို့ မသွားလို ငြင်းပယ် ခဲ့သဖြင့် ခုနစ်ရက်နှင့် ရှစ်ရက်ထိ လုပ်ကျွေးပြုနေခဲ့လေသည်။ ပြန်မည်ပြုစဉ်အခါ ဤဆွမ်းလှူရသော ကောင်းမှုကြောင့် ဘုံသုံးပါးတွင် ဘုရားစင်စစ်အမှန်ဖြစ် နိဗ္ဗာန်ကြွသွားသော်လည်း ကိုယ်စားတော်နှင့် သာသနာကို တည်ထားပါရစေဟု တောင်းပန်သမှုပြုခဲ့လေသည်။

၂။ ငါဘုရားသည် ရှေးသံသရာတွင် ပါရမီဖြည့်ခိုက် တောဟေမဝန္တာဝယ် ရွှေပဗ္ဗတတောင်မှာ တပဿီရသေ့ဖြစ်ခဲ့ဖူး၏။ ထိုရောအခါ စန္ဒသူရိယမင်းလောင်းလျာ ကား လူ့ဘုံကျွန်းတွင် မုဆိုးဖြစ်လျက်ချေ။ ဆတ်ရှာရင်း တောလည်ခဲ့လေသည်။ တောလက်ခရီးလွန် ငါထံမှဝင်ရောက်လျှောက်ထားလေရာ ကြင်နာသနားလှသဖြင့် ယူဇနာဝေးစွာ ခရီးကိုရောက်အောင် ပို့ဆောင်ပေးခဲ့ရလေ၏။ လူ့ရပ်ဘောင် ရောက်သောအခါ ငါ့ကို ဆွမ်းလုပ်ကျွေး ငါ့ကိုယ်စားဖူးပါရစေဟု ဆုတောင်းပန်လေ တော့၏။ ထိုအခါ မြေကြီးကို ငါ၏ပုံတူ ထုပေးခဲ့ဖူးရာကား ကိုးကွယ်ပူဇော်ကာ၊ ဆုမွန်လည်း တောင်းခဲ့ဖူးလေသည်။

၃။ ရှေးကတစ်ဇာတ် ငါဘုရားကား ရဟန်းဖြစ်ခဲ့ဖူး၏။ ထိုစဉ် စန္ဒသူရိယ မင်းလောင်းသည် မဏိဂုတ ရပြည်ရှင် ဇနကမင်း၏သားရင်းသည်းချာ၊ မင်းလှစန္ဒြာ ဖြစ်ခဲ့ရလေသည်။ ၎င်းသည် ငါ့ကိုပင့် ကျောင်းဆောက်ကိုးကွယ်လုပ်ကျွေးခဲ့ဖူးသည်။ တစ်ရပ်တစ်ရွာ ကြွသွားရသောအခါလည်း ခွဲခွာ မနေလိုသည်အတွက် ငါ၏ပုံတူ ပြုလုပ်ထားရလေ၏။ ငါ့မှာလုပ်ထားသော ထိုပုံပုံကိုပင် ပူဇော်နေရစ်သည်။ ဤသို့ပြုသည့် ပုညတောင်းဆုပါသောသူဖြစ်ခဲ့ဖူးသည်။

၄။ ငါဘုရားကား ရှေးကတစ်ဇာတ် မင်းစန္ဒြာနှင့် ဗာရာဏသီပြည်တွင် အတူဖြစ်ခဲ့ ဖူးသည်။ ထိုအခါ ငါသည် ဗေဒင်ဆရာ တတ်ကျွမ်းလှငြား၊ ပုဏ္ဏားသားဖြစ်ချေ၏။ စန္ဒသူရိယလောင်းမင်းလှမူ နွားကျောင်းသူငယ်ဖြစ် နွားကျောင်းနေစဉ် ကိုယ်မအီမသာလှသဖြင့် ခဏအိပ်ပျော်သွားလေသည်။ ထိုအခိုက် နွားအုပ်မှာ တောင်တစ်လုံးတွင် လှည့်ပတ်စားနေနှင့်ရာ၊ အိပ်ရာမှနိုးသောအခါ မတွေ့ရ ရှာရာမရ ပျောက်ရှနေသည့်အတွက် စိုးရိမ်ရောက်ကာ ငါ့ထံဗေဒင်မေးလေ ထိုနေရာမှ ပြန်ရသွားခဲ့ဖူးသည်။ ထိုအခါမှစ ငါ့ကိုတမ်းမှတ် ခင်ပွန်းမွန်း (ခင်ပွန်းပြုသည်)လျက် ိုသေတုပ်ကွစွာ အကျွမ်းတဝင်နေလာခဲ့ကြသည်။

ငါသည် ခဏခေတ တစ်ပြည်တစ်ရွာသို့ သွားမည်ဖြစ်က တစ်ရက်မမြင်ရလျှင် မနေချင်နိုင်အားရာကား ခင်ပွန်းရှိစဉ်ဟန် ဆံခြည်မယွင်း အုပ်ထုပေးခဲ့ရန် တောင်းပန် လတ်သည်။ မငြင်းသာသဖြင့် နွားတို့ထားရာ အရပ်သာသော ပြိုင်ိုပင်ရင်း

ရိပ်သာကောင်းစွာ နွားတလင်းမှာ ထုလုပ်ပေးခဲ့ရလေသည်။ ထိုပုံတုကို တစ်ရက်လျှင် သုံးကြိမ်ကျ ရက်စဉ်မပြတ် ပူဇော်နေစဉ် သစ်ပင်စောင့်ငြား နတ်ကြွားက မကြာခင်ပင် ဖုံးကွယ်ပစ်လေသဖြင့် စိတ်ပူစိတ်ဆာမှု ဘဝဆုံးအောင်ပါခဲ့ရလေသည်။

## ဆရာထွန်း၏မဟာမြတ်မုနိသမိုင်းသစ်နှင့် ညှိပြခြင်း

**မှတ်ချက်** ။ ။ တန်းခိုးဆရာထွန်း၏ မဟာမြတ်မုနိသမိုင်းသစ်၌ အတိတ်ဘဝက အတူတကွဖြစ်ခဲ့ဖူးခြင်း၊ ပုံပုံကိုးကွယ်ဖူးခြင်းကို ပြဆိုထားလေသည်ကား။

(၁) ငါသည် ကလိင်္ဂပြည်တွင် ဗြဟ္မသာဂီမင်းဖြစ်စဉ် သင်သည် ဇေယျနန္ဒီ အမတ်ကြီးဖြစ်သည်။ ငါက သင့်အားတိုင်းပြည်ကိုလွှဲအပ် တောထွက်ခွါမည်ပြုသောအခါ၊ နောက်ထပ်လိုက်ပါလျက် နှစ်ဦးလုံး ရသေ့ဘဝဖြင့် အတူနေခဲ့ကြသည်။ ထိုစဉ် ငါ့ကို သစ်သီးဆွမ်းဖြင့်အားရအောင် လုပ်ကျွေးခဲ့ဖူးသတည်း။

(၂) သင်နှင့်ငါသည် ကာသိကရာဇ်တိုင်း ဗာရာဏသီပြည် ဇင်္ဂလဒေသတွင် လယ်သမားအတူဖြစ်ခဲ့ဖူး၏။ ထိုအခါ ထိန်းကျောင်းနေသော နွားများကို သတ်စားရန် သေသောက်ကြူးတို့ ပုန်းလျှိုးထားသဖြင့် သင်ကငါ့အားပြောပြ တွက်ချက်ပြ လေသည်။ ဗေဒင်ဟောတိုင်း တောချုံတွင်းမှ ပြန်ရရှိခဲ့သဖြင့် ဝမ်းသာအားရဖြစ်ခါ တောင်သူဘာသာ နောင်ဖြစ်ရာဘဝတို့၌ အတူတကွဖြစ်ပါရစေဟု ဆုတောင်းခဲ့ဖူးချက် ကြောင်းရင်းဆက်ရှိလာခဲ့သည်။

(၃) သင်သည် ဆင်းရဲသားဘဝတွင် ငါ့ထံလယ်ငှါးခံဖြစ်ခဲ့ရသည်။ ထိုစဉ် ချောင်းတစ်ဘက်ခြားတွင်ရှိသော ရွာသို့လိုပါးရှိရာကိစ နှင့် သွားယူမည်ဖြစ်သောအခါ၊ သင်ကခဏမျှမကွဲကွာလိုလှသဖြင့် ကိုယ်စားပုံပုံပြု ညောင်ပင်ရင်း မြေသလင်းတွင် ထားပေးခဲ့ရသည်။ ငါပြန်ရောက်ချင်း ရုက္ခစိုးနတ်က ထိုအရုပ်ကို သိမ်းယူထားလေသည်။ ယင်းသို့ငါ့ပုံပုံကို ကိုးကွယ်ခဲ့ဖူးသတည်း။

## တောင်းဆက်ရင်းခံ

ယင်းကဲ့သို့ စန္ဒသူရိယမင်းလောင်း၏ သာသနာတည်ထားစေလိုမှု တကာရင်းခံလိုမှု၊ ကိုးကွယ်ပူဇော်လိုမှုသည် ရှေးဆက်ကမ္ဘာက တောင်းဆက်ပါလာခဲ့ရခြင်း အကြောင်းရင်းဖြစ်လေတော့၏။ ထို့ကြောင့် စန္ဒသူရိယအလောင်း၏ တောင်းဆက်ပါရင်းအတိုင်း ငါ့ကိုယ်စားနှင့် သာသနာတော်ကို ထားသင့်သည့်အလျောက် ယခုလည်း ငါ၏သာသနာတော်နှင့် ငါ၏ပုံတုနှိုင်းတုမမြော် ဆင်းတုတော်ကို ရွှေရခိုင်မှာထားရမည်သာတည်း။

ယင်းသို့ချစ်သားရဟန်းများနှင့် လူနတ်ဗြဟ္မာတို့အား ဓညဝတီမြို့သို့ ကြွရောက်ရမည့်အကြောင်းကို ဟောဖော်ဗျာဒိတ်မိန့်ကြားခဲ့လေလျှင် နတ်၊ လူသာခုခေါ်ကြလေသည်။ တန်းနန်းနှင့် ကောင်းချီးခေါ်သံ ဘဝဂ်လျှံခဲ့သည်။ မြေကြီး ပွဲတင်ခတ်

တစ်ပိုရ်လောက်ထိ တုန်လှုပ်ခဲ့လေသည်။

## စာဆို၏မှတ်တမ်း

ရခိုင်မှာ သျှင်ပင်ကိုယ်စားနှင့် သာသနာတည်ထားသင့်ကြောင်းကို ပြဆိုသော ဤပထမခန်း၌ ကဗျာစာဆိုရှင်က ဝင်ကိုးကျမ်းရှိရာတွင် သံဃာဝင်ပါရှိသော စကားကို ထည့်သွင်းစပ်ဆိုထားကြောင်း မှာတမ်းကိုလည်း ဤသို့ရေးစပ်ပြ ဆိုထားခဲ့ပေ၏။

''ဧ နောင်လှာလူများ၊ လက်ာဆိုမေ၊ နောင်ဆက်သားကို၊ လက်ာဆန်းလတ်၊ ဇာတိုးမှန်ကို၊ မှာခရေကား၊ ရှင်ပင်မြတ်လှာ၊ ဂေါတမနှင့်၊ စန္ဒသူရိယ၊ မင်းလှစင်စစ်၊ ရှိသံသရာမှာ၊ အတူဖြစ်လို့၊ တကာခံငြား၊ တောင်းဆက်ပါကေ၊ ခုနစ်ခါမှာ သုံးခါခဏ၊ ဤလက်ာမှာ၊ အကျဉ်းချုပ်ကေ ဖော်ပြခရေ၊ လေးဖြစ်ကိုများ၊ ဖော်လိုယင်းခါ၊ မပြခ၊ ပညာဟိသူ၊ ထိုများလူ၊ လွယ်ကူမနိ၊ ကျမ်းပီစာရေ၊ အစောင်စောင်မှာ၊ ရှာကြည့်လီလောင်။ ။ ဧ ဤသို့ လက်ာဟောပြဖော်ရာ၊ ကျမ်းပီစာကား၊ ဘုရားပါရမီ ခန်းဝင်ကိုးကျမ်းမှာ၊ သဃ်ာဝင်မှာ၊ ပါသောစကား၊ မြတ်တရားဟု နောက်လာမနီ၊ မှတ်ကတ်လီ လောင့်''(သွန်းစက်တော်အဲး)

## ကျမ်းဂန်နှင့်ချိန်ဆကြည့်ရန်

**မှတ်ချက်** ။ ။ ကျမ်းဂန်နှင့်ချိန်ဆစေရန်။ ဤအခန်း၌ ဘုရားရှင်သည် ဗိမ္ဗိသာရမင်းအား နိမိတ်ပြခြင်း စကားရပ်တို့တွင် ကျမ်းဂန်နှင့်ထောက်ဆ ကြည့်သင့်စရာများ တွေ့နိုင်၏။ ဘုရားရှင်သည် အသက်(၃၅)နှစ် (မဟာသက ရာဇ် ၁ဝ၃)တွင် ဘုရားဖြစ် ဒုတိယ၊ တတိယ၊ စတုတ ၊ သတ ရသမ၊ ဝီသတိမထိဝါတို့ကို ရာဇဂြိုဟ်၌ ဆိုခဲ့သည်။ ထိုသတ ရသမဝါ (သက်တော် ၅၂၊ သက ရာဇ် ၁၂ဝ)တွင်ပင် ဗိမ္ဗိသာရမင်းမှာ သားအဇာတသတ်လက်ချက်ဖြင့် နတ်ရွာစံခဲ့လေပြီဟု ဇိနတ ပကာသနီ ကျမ်း၌ ပြဆိုထား၏။ ဗိမ္ဗိသာရမင်းကား ဘုရားသခင်အောက် နှစ်နှစ်ငယ်သည်ဆို၏။ (၂၁ ဝါမှ ၄၄ဝါထိ) (၂၄)ဝါတို့တွင်မူ သာဝတ္ထိပြည် ဇေတဝန်ကျောင်းနှင့် ပုဗ္ဗာရုံကျောင်း တို့၌သာ ဝါဆို (၄၅)ဝါမြောက် အဆုံးစွန်ဝါကို ဝေဠုဝရွာ၌ ဆိုတော်မူကြောင်း ဝါဆိုစဉ်အရသိသင့်၏။

ဖော်ပြပါ ဝါဆိုစဉ်အရဆိုလျှင် ဘုရားရှင်သက်တော် (ဂုဂု)နှစ် ဝါတော်(၄၂) ဝါမြောက်တွင် ဗိမ္ဗိသာရမင်း မရှိနိုင်ပြီ။ ရှေးဦးအိန္ဒိယ သမိုင်းကျမ်းပြုသုတေသီ ဗွိအေဆမိတ်က ဗိမ္ဗိသာရသည် ဘီစီ (၅၂၈)တွင် နန်းတက် နန်းစံ (၂၈)နှစ်တွင် အသတ်ခံရသည်။ သားအဇာသတတ် ဘီစီ(၅၅၄) (ဗုဒ္ဓဂေါတမ၊ ပရိနိဗ္ဗာန်မပြုမီ– (၁၁)နှစ်လောက်)တွင် ဆက်ခံသည်ဆို၏။ ဘုရားရှင် ဘီစီ(၅၄၃)တွင် စံလွန် သည်ဟုပြ၏။

ပါရာဇိကဏ်အဌကထာ၌ အဇာတသတ်မင်း နန်းတက်သည်နောက် ရှစ်နှစ်မြောက်၌ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသည်ဟုဆိုသောစကားနှင့် ဆင်ခြင်သော် ဘုရားရှင်ဝါတော် (၃၇)ဝါ၊ သက်တော် (၇၂)နှစ်ရှိမှ ဗိမ္ဗိသာရမင်းသား ကံကုန် သားအဇာသတတ်မင်း နန်းတက်သည်ဟု ဆိုဖွယ်ရာရှိ၏။ ထိုအခါဖြစ်လျှင် ရာဇဂြိုဟ်တွင် ဘုရားမရှိ၊ သာဝတ္ထိပြည်၌သာ အမြဲနိယမဝါဖြင့် စံပယ်တော်မူသည်။

သို့သော် နွေလအခါတို့၌ဆိုလျှင် ဒေသစာရီကြွချီလှည့်လည်နိုင်ကောင်းပါ၏။ ဖိနတ ပကာသီကျမ်းအလို ဘုရားရှင်နှင့် ဗိမ္ဗိသာရမင်းသည် ဘုရားသက်တော်(၅၂)နှစ်၊ ဝါတော်(၁၇)ဝါရထိသာ တွေ့ဆုံနိုင်စရာရှိသည်။ အဌကထာ အလိုဆိုလျှင် ဘုရားရှင် ဝါတော်(၃၇)ဝါ၊ သက်တော် (၇၂)နှစ်ထိ တွေ့ဆုံနိုင်ပေရာသည်။

ထို့ကြောင့် ရမ်းပြည့်တောင်ကျောင်းဆရာတော် ဦးစန္ဒိမာလာလင်္ကာရက ရခိုင်အင်းစောက် ရာဇဝင်နှင့်ဗုဒ္ဓဝင်တို့ကို တိုက်ဆိုင်ဝိနိုင်းလျက် ရခိုင်ရာဇဝင်သစ်ကျမ်း တွင် ဘုရားရှင်ဝါတော်(၂၀)မဟာသက ရာဇ် (၁၂၃)ခုနှစ်၊ စန္ဒသူရိယမင်း နန်းစံ (၅၁)နှစ်တွင် ရခိုင်ပြည်သို့ ရာဇဂြိုဟ်မှတစ်ဆင့် ကြွရောက်တော်မူသည်ဟု ပြဆို ထားခဲ့လေသည်။

ဤသွန်းစက်တော် အဲးအလိုအရ ဗိမ္ဗိသာရမင်း မလွန်မီကပင် ဘုရားရှင်၏ နိမိတ်ပြဟောကြားချက်ရှိနိုင်ကောင်းသော်လည်း အသက်ဝါတော်ကိစ ၌သာ ကျမ်းဂန်နှင့် မညီဟုဆိုနိုင်ပေ၏။ သွန်းစက်တော်အဲး၌ ဘုရားရှင်(၄၄)ဝါမြောက် (မစံလွန်မီတစ်နှစ်က) တပေါင်းလတွင်ကြွ ရခိုင်၌တစ်ဝါဆိုခဲ့သည်။ တန်ဆောင်မုန်း လပြည့်ကျော်ကပင် ရတနာစုလုံးရာ သုံးလတိုင်မှသွန်းရသည်။ မဟာမြတ်မုနိကို သွန်းစဉ်သုံးလထိ ကြာသည်ဆိုသဖြင့် ကဆုန်လတွင် ပြီးစီးသည်ဟုသိရာသည်။

ရခိုင်ပြည်သို့ကြွရန်ကို ဇေတဝန်ကျောင်းတွင် သီတင်းသုံးစဉ် ပင့်ဖိတ်မှုနိမိတ် ပြလာတော်မူကြောင်းဆိုထားချက်ပြုခဲ့ပေ၏။ သွန်းစက်တော်အဲး စာဆိုရှင်၏ နိဂုံး တောင်းပန်ချက်အရလည်း လွဲမှားစွာတွေ့ရှိက ပညာရှိများပြုပြင်ကြရန်သာ သင့်ပေကြောင်း တင်ပြအပ်ပေသတည်း။

❖❖❖

## စမ္ပဝက် (ပဉ္စာ) ခေတ်ထိ ရခိုင်သာသနာရေးမြင်ကွင်း

အသျှင်ကြီး

### ဓညဝတီခေတ် ရာဇဝင်အဆို

ဗုဒ္ဓဂေါတမသည် ဘီစီ (၅၇၃)ခုတွင် ဘုရားဖြစ်လေသည်။ ဗုဒ္ဓ၏ဝါတော်(၂၀) မြောက်တွင် ရခိုင်သို့ဘုရားကြွလာသည်ဆို၏။ ထို့ကြောင့် ဘီစီ(၅၅၃)တွင် ဗုဒ္ဓသည် ရခိုင်သို့ရောက်ပြီး ဖြစ်ချေ၏။ ဗုဒ္ဓကြွရောက်စဉ်က ရခိုင်တွင် ဓညဝတီမြို့တော်ဟု တည်ရှိပေသည်။ ထိုမြို့တော်ကို စန္ဒြသူရိယမင်းကြီးသည် စိုးစံလျှက်ရှိနေသည်။ စန္ဒြသူရိယမင်းဆိုလျှင် နန်းစံ (၂၆)နှစ်၊ သက်တော် (၅၁)နှစ်ရှိနေပြီးဖြစ်သည်။ စန္ဒြသူရိယဘုရင်၏ နန်းသက်အရဆိုသော် ဘီစီ (၅၇၉ မှ ၅၂၇)ထိ ဖြစ်လေသည်။ ဗုဒ္ဓမပွင့်မှီ (၆)နှစ်မှပွင့်ပေါ်ပြီး နှစ်ခုနှစ်ကာလကျရောက်လေသည်။

ရခိုင်သို့ ဗုဒ္ဓသာသနာစတင်ရောက်လာကြောင်းကို ဖော်ပြပါသမိုင်းစာအရ ဗုဒ္ဓ၏ဝါတော် (၂၀)ကဟု သိရှိနိုင်လေသည်။ အချို့က အာနန္ဒာစန္ဒြာကျောက်စာအရ စန္ဒြာဒယမင်းကို စန္ဒြသူရိယမင်းအဖြစ် တစ်မင်းတည်းယူဆ အေဒီ (၂၀၂-၂၂၉) ခုနှစ်က ရခိုင်သို့ ဗုဒ္ဓဘာသာစတင်ရောက်လာသည်ဟု ယူဆကြသည်၊ မည်သို့ဆိုစေ စန္ဒြသူရိယမင်းစိုးစံသောကာလ ထိုအခါကပင်စ ဗုဒ္ဓဗျာဒိတ် မိန့်ကြားချက်များ၊ မဟာမုနိရုပ်ထုတော်သွန်းလုပ်ခြင်းများ၊ သတ ဖြမ,ပူဇနိယ သုတ န်တရားတော်ကို ဟောကြားခဲ့ခြင်းများ၊ ရခိုင်ဓညဝတီမြို့တော်၌ တရားရသာခံယူခဲ့ခြင်းများ၊ ထေရာ- ထေရီ၊ ဘိက္ခု-ဘိက္ခုနီတို့လည်း ဖြစ်ထွန်းခဲ့ရခြင်းများ၊ အရှင်ဗာကုလကို သာသနာတော် စောင့်ရှောက်ရန်ထားခဲ့ခြင်းများသည် ဗုဒ္ဓကြွရောက်ခဲ့ရခြင်း၏ အကျိုးအနိသံသများပင်ဖြစ်ကြလေသည်။

### စန္ဒသူရိယမင်း

ထို့ပြင် ဓညဝတီပြည်ရှင် စန္ဒြသူရိယမင်းမှာလည်း ရှေးဘဝက ခုနစ်ဆက်တိုင်

အတူဖြစ်ခဲ့ဘူးသည့်အလျှောက် ယခုလည်း သာသနာဒါယကာပင်ဖြစ်ခဲ့ရသည်။ သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်းခွင့်ကိုပါ ရရှိခဲ့လေသေးသည်။ မဟာမုနိ ပ်ရှင်တော်ကိန်းဝတ်ခဲ့ရာ ဓညဝတီမြို့အနီးတွင် တည်ရှိသော သီရိဂုတ်တောင်သည် ကတ္တတတောင်၊ အဂ္ဂတတောင်၊ အဂ္ဂတောင်ဟူ သမိုင်းတွင်လျှက်ရှိနေပေသေးသည်။ စန္ဒြားမင်းခေတ်ဖွဲ့ဆိုသော ဗျည်း (၃၃)လုံး ဖွဲ့ဟန်စွဲ့လေ သာခြင်း၌လည်း ဤသို့ဖွဲ့ဆိုရှိခဲ့ကြောင်း သိရှိရလေသည်။

''စကိုမူကား စန္ဒသူရိယ၊ မင်းလှပြည်ရှင်၊ တောင်းပန်လျှင်ကော၊ သျှင်တော်ကိုယ်စား၊ တည် ထားသည်၊ ဖူးမျှားလွယ်ကာ၊ လွယ်ကာသော်လည်း ဟန်စိလေ့ဟန်စွဲ့လေ။'' ။

## သူရိယာဓိပတိမင်းလက်ထက်

စန္ဒသူရိယမင်းသည် ဗုဒ္ဓ၏အလိုတော်အရ သာသနာတော်ကို ထိန်းသိမ်းခွင့်ရရှိခဲ့သည်။ စန္ဒသူရိယမင်း၏ လက်တော်သို့ သာသနာတော်အပ်နှံခြင်း ခံခဲ့ရသည်။ ထို့ကြောင့် စန္ဒသူရိယမင်းနှင့် သာသနာတော်သည် မကွဲမပြား တပြားတည်းအလား၊ ဂဟေဆက်လျှက်ရှိခဲ့လေသည်။ သို့သော် စန္ဒသူရိယမင်းကား ဘုရားထက်တစ်နှစ်သာ အသက်ရှည်ခဲ့သည်။ ဘုရားရှင်သည် ဘိုးတော်အဥ္စနမင်း ဖြိုကြွင်းသကြဇ် (၁၄၈) တွင် ပရိနိဗ္ဗာန်ပြုလေသည်၊ ထို (၁၄၈)ကိန်းခန်း (ဇီဝကကိန်း)ကို အဇာတသတ္တ မင်းနှင့် စန္ဒသူရိယမင်းတို့ ဖြိုသိမ်းခဲ့လေသည်။ စန္ဒသူရိယသည် ထိုကိန်းဖြိုသိမ်းပြီးသော နှစ်နှစ်တွင် နတ်ရွာစံလွန်ခဲ့လေသည်။ ရခိုင်ရာဇဝင် အကောက်ကျမ်းတွင် စန္ဒသူရိယမင်း အမိန့်တော်အာဏာပြန်တမ်းကို တွေ့ရှိရလေသည်။

၎င်းနောက် ထိုမင်း၏သားတော် သူရိယဓိပတိမင်းလက်ထက်တွင် ဘုရင်အလိုတော်အတိုင်း မင်းကအာဏာ ထားထုတ်ပြန်ချက်ဖြင့် ထုံးဥပဒေ ပညတ်ခြင်းများပြုလာခဲ့သည်။ ထိုအမိန့်တွင် ရဟန်းသံဃာတို့မှာ ကေစာရ (အရညဝါသီဂိုဏ်း)ဂိုဏ်း၊ ဗဟုစာရ(ဆဗ္ဗဂ္ဂီဂိုဏ်း) ဂိုဏ်းဟူ နှစ်သင်းသတ်မှတ်ခြင်း ပြုခဲ့သည်။ ကေစာရဂိုဏ်းမှာ အရညဝါသီတိစီဝရိတ် ဆောက်တည်ရသည်။ ဗဟုစာရဂိုဏ်းမှာ ဂါမဝါသီဂိုဏ်၊ ပွဲကျောင်းဂိုဏ်း၊ ရဟန်းများကဲ့သို့ များသောအမှုတို့ကို ဆည်းပူး ကျင့်သုံးနိုင်လေသည်။ မဟာမုနိ ပ်ရှင်တော်၊ ဓာတ်မွေတော်များတွင် တံတိုင်းပြင်ဖက် လေးမျက်နှာ၌ ကျောင်းရံဆောက် နေထိုင်နေခွင့် ရရှိကြလေသည်။ ဘုရားမှာ လှူသမျှဝတ္ထုတို့ကို အသုံးပြုနိုင်ကြလေသည်။

သို့ရာတွင် ဗဟုစာရဂိုဏ်းအနေဖြင့် ပဥ္စင်းသာမဏေသွတ်သွင်းခြင်းမပြုကြရချေ။ စေတီပုထိုး၊ ပ်ပွားတော်များကို ပဋိမ္မပအရပ်တွင်သာ တည်ထားရသည်။ လူနေအိမ်အနီးအပါးတို့၌ မတည်မလုပ်ကြရချေ။ ဓာတ်တော်မွေတော်များတွင် ထီး၊ တံခွန်၊ ပန်း၊ ဆီမီး၊ ဆွမ်းသင်းဘုတ်တို့ကို တင်လှူရလေသည်။

သူရိယဓိပတိမင်းသည် ပိဋကတ်တော်များကို သန့်ရှင်း ထားခဲ့သည်ဆို၏။ ထိုမင်းထားခဲ့သော ပိဋကတ်တော်ကို ပဏာမသုတ်ရင်းကျမ်း(ရှိရင်းပဏာမသုတ်)ဟု ခေါ်သည်။ ထိုကျမ်းရင်းနှင့် ဝိနိုင်း သာသနာရေးတို့ကို ဆုံးဖြတ်ချမှတ်ခဲ့ကြလေသည်။ ဓညဝတီခေတ်၌ မဟာမုနိဘုရားရှေးတော်အရပ်တွင် ဝိနည်းမိုရ်ကျောင်းရှိခဲ့သည်။ ထိုကျောင်း၌ သီတင်းသုံးနေသော နန္ဒသီရိမဟာထေရ်သည် ဝိနည်းမိုရ်ဆရာတော်ပင် ဖြစ်၏။

စန္ဒသူရိယမှ (၆)ဆက်မြောက် သူရိယစက မင်း (ဘီစီ ၃၁၅-၂၇၁)လက်ထက်တွင် အသောကမင်းလက်ထက် အိန္ဒိယမှခွဲဝေရရှိခဲ့သော ဗုဒ္ဓ၏ (၂၁၇)ဆူသော ဓာတ်တော်တို့ကို ဗျာဒိတ်ဝင်နေရာတို့၌ စေတီတည်ထားခြင်းပြုခဲ့ကြရလေသည်။ ဗုဒ္ဓဝင်သမိုင်း၊ ဗျာဒိတ်ဝင်သမိုင်း၊ ဓာတ်တော်သမိုင်း၊ ရခိုင်ပြည်ဘုရားသမိုင်းဟူ မှတ်တမ်းရှိလာခဲ့သည်။

အိန္ဒိယတွင် ဘုရင်အသောကမင်း၊ ဓညဝတီတွင် ဘုရင်သူရိယ စက မင်း တူပြိုင်ကြသည်။ ဓညဝတီဘုရင် သူရိယစိကြ (ခရစ် အေဒီ ၈၀-၁၁၆)နှင့် ကနိသ္က (သကမင်း)ထီးနန်းပြိုင်ကြသည်။ နဝ ခ ဆကိန်း (ခနဉ ကိန်း)(၆၀၉ ခုနှစ် ဗုဒ္ဓ သာသနာနှစ်)ကိုလည်း သူရိယစိတြမင်းပင်လျှင် ဖြိုသိမ်းခဲ့လေသည်။ သူရိယမင်း (၂၂)ဆက်ဖြစ်သော သူရိယသီရိမင်းလက်ထက်တွင် သီဟိုဠ်သို့ သာသနာပြုကြွခဲ့ရသည်။ ဖိနမာန်အောင် ဆရာတော်နှင့် အဖော်လက်သား (၁၂)ပါးဖြစ်လေသည်။ ထို့ကြောင့် သီဟိုဠ်နှင့်ရခိုင်သည် ဓညဝတီခေတ်ကပင် သာသနာရေးစဉ်လာ ဆက်သွယ်ရင်းနှီးမှု ဖြစ်ရှိလာခဲ့ကြသည်။

ဓညဝတီမင်းဆက် (၂၅)ဆက်အဆုံး၊ သူရိယကေတုမင်း (အေဒီ ၂၇၃-၃၂၇) လက်ထက်တွင် သရေခေတ ရာမြို့ပျက် ပျူ၊ သက်၊ ကမ်းယံတို့ ဓညဝတီမြို့သို့ ဝင်ရောက်လာခဲ့သည်။ ပျူမှာ လေးကျော့တပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ရပြီး သောင်းတီးကျွန်းကို စားကျေးရရှိခဲ့လေသည်။ ကမ်းယံမှာ ရမ်းဗြဲ၊ မာန်အောင်၊ စကု၊ ပတင်း၊ မရစည်း၊ ကုကို၊ ကျွန်းသာယာ၊ စက်ခေါ်ကွမ်းချောင်း ကျွန်းများတွင် ချထားခြင်းခံခဲ့ရလေသည်။ သက်တို့ကိုမူ မရိပ်ချောင်းညာ၊ ဝေလာတောင်ကြိန်တန်း တောင်များတွင် ချထားခံခဲ့ရလေသည်။ ပျူများသည် မင်းတုံးမြို့သို့ ဝင်ရောက်ကြောင်းသိရ ညီတော် သူရိယဒုတ ကိုချီသွားစေ နေထိုင်စေခဲ့လေသည်။ သူရိယကေတုမင်းလက်ထက်တွင် ဓညဝတီမြို့နိဂုံးချုပ်သွားခဲ့ရလေသည်။

## စန္ဒရားမင်းများ (အေဒီ ၃၂၇-၇၆၉)

သူရိယကေတုမင်း၏သားတော် မဟာစန္ဒြားမင်းဆိုလျှင် ဒုတိယကန်သုံးဆင့်မြို့ (ဓညဝတီမြို့၏တောင်ဘက်)တွင် ခုနှစ်လစိုးစံရွှေ့ပြောင်းနေခဲ့သည်။ ထိုကတဖန် ရန်နဒီမည်သော ရမ်းချောင်း၏အညာ၊ သေလာနဒီချောင်းအနီးတွင် ဝေသာလီမြို့တော်ကို တည်ထားစိုးစံခဲ့လေသည်။ ဆိပ်ကမ်းကောင်း ကုန်သည်တို့

ဆိုက်ကပ်ခဲ့သဖြင့် စည်ကားလေသည်။ မင်းကိုးဆက်ထံ လုံ့ပုံ့ရ ဘုန်းတန်ခိုးကြီးမား လာခဲ့ကြလေသည်။ ရတနာရွှေငွေများပေါများ အလွန်ပင်ချမ်းသာခဲ့လေသည်။ မြို့တော်လည်း နတ်ပြည်နှင့်မနှိုင်းသာအောင် လှပတင့်တယ်ခဲ့လေသည်ဆို၏။

ဗုဒ္ဓသာသနာတော်လည်း အလွန်စည်ကားခဲ့လေသည်။ သာသနာတော် ထွန်းလင်းသောကြောင့် ပုံရှင်တော်မဟာမုနိကို မင်းနှင့်တကွ ပြည်သူတို့ တလေးတစား ကိုးကွယ်ခဲ့ကြသည်၊ ထိုပုံရှင်တော်၌ ပတ မြားစီသော ဦးသျှောင်းတော် ရွှေမကိုဋ်မှုကို တပ်ဆင်ခဲ့ကြသည်။ မွန်နှင့်သီဟိုဠ်မှ မထေရ်များလည်း လာရောက် ပူဇော်ခဲ့ကြသည်။ စန္ဒြားမင်းဆောက်ခဲ့သော သိမ်တော်သည် မီးလောင်လေရာ သားတော် သူရိယစန္ဒြားမင်းလက်ထက် ပြန်လည် ဇေတဝန်ငါးဆင့် အသစ် ဆောက်လုပ်ခဲ့လေသည်။ အပြီးတွင် နိုင်ငံပေါင်းများစွာကို ဘိတ်ကြား အလှူကြီး ပေးခဲ့သည်။ မင်းပေါင်း(၅၃)ယောက် ရောက်ကြသည်ဆို၏။

မဟာမုနိသိမ်တော်အပြင်ဘက်တွင် ရဟန်းသံဃာတော်များအတွက် ကျောင်းဆောက်လှူဒါန်းထားသည်။ ဉပသမ ဒကံဆောင် (ရဟန်းခံရန်) သိမ်များကို လည်း သမုတ်ထားလှူဒါန်းထားရှိလေသည်။ စန္ဒြမင်းများလက်ထက် သီလဝန်၊ ဂုဏဝန်၊ မထေရ်မွန် မထေရ်ကြီးတစ်သောင်းမြောက်မျှရှိကုန်သည်။ ရဟန်း သံဃာတော် သာမဏေအပေါင်းကား သောင်းသိန်းမက များလှပေသည်။ မဟာစန္ဒြားမင်း၏လက်ထက်၌ ပေဒင်ကိန်းခန်းနှင့်ပတ်သက် ယောက်ဖတော် ကျောက်လှေခါးဘုန်းကြီးနှင့်တွက်စစ် လင်္ကာခြင်းပြုခဲ့ကြသည်ဆို၏။ ကာလစန္ဒြား မင်းလက်ထက်မှာ ရဟန်း (၂)ဦး၊ နတ်ပုံများကို ဘုရားပုံထုပြုရန် ပြောခဲ့သော်လည်း (၂)ခုလောက်သာပြုခဲ့လေသည်။ စူဠစန္ဒြားမင်း လက်ထက်တွင် ဓမ္မစော၊ ဥတ မစောသာ ပြုခဲ့လေသည်။ စူဠစန္ဒြားမင်းလက်ထက်တွင်ကား ဓမ္မစော၊ ဥတ မစော ဟူးရားဖြူ၊ ဟူးရားိုတို့နှင့် တွက်စစ်လျှင်၊ လထပ်ဘူးလေသည်ဆို၏။

## သီရိစန္ဒြမင်း (အေဒီ ၅၉၅-၆၉၇ ထိ)

သီရိစန္ဒြားမင်း(၅၉၅–၆၉၇ အေဒီ)(သာသနာ ၁၁၂၄–၁၁၉၆) လက်ထက် အရောက်တွင် အနှစ် (၅၆၀)စေ့ရောက်လာ ခ–ဆ–ပဥ ကိန်း(ဥတ မကိန်း)ကိန်းကို ဖြိုသိမ်းခဲ့လေသည်။ မြန်မာပြည်တွင်မူ ပုဂံပုပေါစောရဟန်း ဖြိုသိမ်းခဲ့လေသည်ဆို၏။ ထို့ကြောင့် ဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် ဖြိုသိမ်းသော ကိန်းနှစ်ခု (၆၀၉+၅၆၀)နှင့် ယခုရောက်ဆဲ ကောဇာသက ရာဇ်ပါပေါင်းက ရောက်ပြီးသာသနာသက ရာဇ်ကို သိနိုင်လေသည်။ (၆၀၉+၅၆၀+၁၃၆၃=၂၅၃၂)ယခု (၁၃၆၃)ခုနှစ်ထိ သာသနာနှစ် (၂၅၃၂)နှစ်တိုင်လာပေပြီ၊ မြန်မာအလိုအားဖြင့် ဒေါဒေါရသက်န်း(၆၂၂)။ ခဆပဥ ကိန်း (၅၆၀)ပေါင်းက (၁၁၈၂) (ဒွေးအငှနှင့် ကောကော)ဖြစ်လေသည်။ ကောဇာရောက်လျှင် ၁၁၈၂+၁၃၆၃=၂၅၄၅ဖြစ်သဖြင့် ရခိုင်ထက် သာသနာနှစ်(၁၃)နှစ်ကြီးလေသည်။

သီရိစန္ဒြားမင်းလက်ထက်သာ အာလမိ,တကိန်း (၁၃၃၀)ပြည့်သည်။ (၁၄၈)ကိန်း၊ ဒေါ်ဒေါ်ရသ (၆၂၂)ကိန်း၊ ခဆပဥ (၅၆၀)ကိန်းသုံးကိန်းပေါင်းသည်။

## သံဂါယနာ(ပဥ္စမသံဂါယနာ) သာသနာနှစ် ၁၁၆၉

''ဓာတုဋ္ဌီကာ၊ ဂေါဇာဂဏော၊ ရောက်ကေမှန်စွာ၊ သာသနာနှစ်၊ အတိတ်ဖြစ်ခါ၊ ထိုနှစ်မှာပင်၊ စိတြပုဏ္ဏမီ၊ ပါဋိပဒ၊ ဆုတ်စတစ်ရက်၊ ယင်းနိထက်တွင်၊ မြသွင်မှိုင်းအိ၊ တန်းခိုးဟိသည်၊ ဘူမိရွှေတောင်၊ ဗွီထိပ်ခေါင်ကို၊ ညီအောင်ပြုလျှက်''

**(မေဓါပညာမော်ကွန်း)**

စန္ဒြားခေတ်တွင် ဘုရားဟောပိဋကတ်တော်များကို သံဂါယနာတင်မှု စတင်ခဲ့လေသည်။ စုပေါင်းရွတ်ဆို မပျောက်မပျက်ရန် သံဂါယနာတင်ခဲ့ခြင်းဖြစ်လေသည်။ ဓညဝတီမြို့ နိဂုံးသာခြင်းတွင် ထူလစန္ဒြားမင်းလက်ထက် ပဥ္စမသံဂါယနာ တင်ခဲ့သည်ဆို၏။ ထိုမင်းကို အာနန္ဒစန္ဒြားမင်းဟုလည်း ခေါ်တွင်ခဲ့ကြလေသည်။ ဖော်ပြပါ မေဓါပညာ မော်ကွန်းအရ၊ သာသနာသက္ကရာဇ်(ဓာတုဋ္ဌီကာ) (၁၁၆၉)ခုနှစ်တွင် စူဠဓမ္မရေဝတထေရ်က ဦးဆောင်ပြု သံဃာ(၂၀၀၀)ဖြင့် ဝေသာလီမြို့၊ ရွှေတောင် (ယခုသရက်ချိုတောင်)တွင် ပဥ္စမသဂ်ါယနာတင်ခဲ့သည်ဆို၏။

ဤဓမ္မသဘင်တွင် သီဟိုဠ်ကျွန်းမှလည်း ဝါဒတူသော ပုဂ္ဂိုလ် ၅၀၀ (ငါးရာ)များ ပါဝင်ကြလေသည်။ သီဟိုဠ်တွင် ပေထက်အက္ခရာတင်သောနှစ်၊ သာသနာသက္ကရာဇ် (၄၅၀)ဖြစ်ရာ၊ သီရိစန္ဒြားမင်း သံဂါယနာသည် နှစ်ပေါင်း (၇၀၀)ခန့်ကွာခြားလေသည်။ ထိုသံဂါယနာကား သုံးနှစ်ခန့်ကာလကြာလေသည်။ ကြေးနီချပ်တို့ဖြင့် သံဂါယနာမူ ပိဋကတ်ကို ရေးထိုးခဲ့ကြသည်ဆို၏။ ပညာမေဓါမော်ကွန်းတွင် ပညာရှိစာဆိုက ဘုရင်မင်းတို့၏ ကောင်းမှုဆောင်ရွက်ခြင်းကိုလည်း မှတ်တမ်းတင်ထားခဲ့လေရာ သာသနာစည်ကား ပွင့်လင်းကြောင်း ထင်ရှားလေသည်။

''သီရိစန္ဒြားတို့ရာဇာကား၊ ပြည်ရွာခွန်ဆက်၊ လျှော့တန်တစ်ဝက်၊ ရန်မျက်ခပ်သိမ်း၊ ငြိမ်းစီကြောင်းပြု၊ ကောင်းမှု ပြည့်ဖြိုး၊ စေတီမျိုးနှင့်၊ ပုထိုးဆင်းတု၊ မျက်ႇကြည်လင်၊ ဖြူစင်မနော၊ ပြန့်ပြောစဖွယ်၊ ဂူကျောင်းသွယ်လျှက်၊ သွားလွယ် တံတား၊ ရီထားကန်တူး၊ မြောင်းတည်တူးခြင်း၊ ဆည်းပူးမယုတ်၊ ကြိုးကုတ်ဒါန၊ သီလတဖြာ၊ ဘာဝနာတစ်ရပ်၊ ဝိပ နာ၊ ပွားကာထိန်းချုပ်၊ လောကုတ်မဂ္ဂင်၊ ထုံးမွှန်းတင်သည်။ ။ ဖိုလ်ဝင်နိဗ,ူရောက်ကြောင်းတည်း။''

## စူဠတဥ္စန္ဒရားမင်း (အေဒီ ၇၃၃-၇၆၉)

စန္ဒြကိုးဆက်မြောက်ဖြစ်သော စူဠတဥ စန္ဒြားမင်းသည် ဦးယဉ်းနာဖြစ်လာသည်၊ ဗေဒင်ဆရာတို့ ဟောကိန်းအရ ပဥ လရာဇ်သင်းတွဲပြည်သို့ လှေဖောင်ဖြင့် ကြွခဲ့ရသည်။ အပြန်တွင် မော်တင်၌ လှေဖောင်ပျက် နတ်ရွာစံခဲ့ရသည်။ ထိုအခါမိဖုရား စန္ဒြာဒေဝီက လက်စွပ်နှင့်တန်သူအား ရွေးချယ် ထီးနန်းတင်ခဲ့ကြသည်။ မင်းဖြစ်သော

မြို့လူမျိုး၊ အမြတူ ပဲဖြူတို့ (၂၄)နှစ်အုပ်ချုပ်ခဲ့ကြလေသည်။ ထိုမင်းတို့လက်ထက် မြောက်ဘက်မှဝင်လာသော လူများ၊ မဟာမုနိတွင် အခြေချနေထိုင်ခဲ့ကြရာ ရွှေငွေတို့ကို တူးယူ ၊ ဂန္ဓကုဋီတိုက်ကိုလည်း မီးရှို့ တိုက်ခဲ့ကြောင်း ဒေါက်တာဖိုချမ်မှာ က ပြဆိုထားလေသည်။ ထိုမင်းကို သျှမ်းမင်းသိုခင်ဖွားကြီး တိုက်ခိုက်သောကြောင့် ဝေသာလီမြို့ ပျက်စီးခဲ့ရလေသည်။

ထိုမြို့လူမျိုးလက်ထက်တွင် ''အတ နောမတိ၊ မိလက္ခုတ်၊ ယုတ်သောအကျင့်၊ အသိအလေ့ရှိသော အမျိုးဖြစ် ၊ သာသနာရေးကိုမသိ၊ ဂါမဝါသီအလဇ္ဇီ၊ ပွဲကျောင်း ရဟန်း စည်ကားလေ သာသနာတော်ရေးကို မေ့ခဲ့ကြလေသည်''ဟု မင်းရာဇာကြီး စာတမ်း၌ ဆိုလေသည်။ ထိုကြောင့် ထိုမြို့မင်းကို စန္ဒြားမင်း၏သားတော် ငမင်းငတုံ (စောရွှေလူ)မင်းက လုပ်ကြံ ဆက်ခံခဲ့လေသည်။

## စမ္ပဝက် (ပဥ္စာ) မြို့ (အေဒီ ၇၉၄-၁၁၀၃)

စမ ဝက်မြို့မှာ လေးမြို့မြစ်အနီး နဂါးစမ်းပွက်ရာနေရာတွင် ဖြစ်သည်။ မြို့တည်နေရာကို ရေစမ်းကြီးပြင်ဟူ ခေါ်တွင်လေသည်။ မိုးကြိုးပြင်နှင့် မနီးမဝေးတွင် ကျရောက်လေသည်။ ထိုတွင် ငတုံးမင်းသည် (၂၄)နှစ်တိုင် စိုးစံခဲ့သည်။ ထိုနောက် သားတော်ခေတ သင်မင်းလက်ထက်တွင် ပဥ ၁ခေါ်သောမြို့ကို ရွှေ့ပြောင်း နေလေသည်။ ထိုမြို့ကား စမ ဝက်မြို့၏ တောင်ထက်တွင် ကျရောက်လေသည်။ ထိုမြို့အနီးတွင် လိုင်ဂူတစ်ခုရှိရာ ယခုအခါ အထက်ငှက်ခေါင်း၊ အောက်ငှက်ခေါင်းဟူ ခေါ်တွင်နေကြသည်။ ထိုတွင် သစ ဗုဒ္ဓဝထေရ်သီတင်းသုံးနေခဲ့လေသည်။

စမ ဝက်မြို့၌ ရဟန္တာရှစ်ရာထိ သီတင်းသုံးခဲ့ကြသည်ဆို၏။ မြို့သက်မှာ ခရာဇ် (၇၉၄ မှ ၁၁၀၃)အေဒီထိ အနှစ်သုံးရာတိုင်ခဲ့သည်။ ငမင်းငတုံးကစ စန္ဒြသင်မင်း တိုင်အောင် သာသနာတော်ရေး မရှင်းမလင်းရှိခဲ့ကြသည်။ ရှင်ယောင်များနှင့် ဂါမဝါသီ တို့က မင်းချီးမြေ ၁က်ခံရရန် လက်ဆောင်ပေးခဲ့ကြသည်။ ထိုနောက်မင်းရင်ဖြူ လက်ထက်အရောက်တွင် ရဟန္တာရှစ်ရာတို့ဖြင့် ကောဒသမသံဂါယနာတင်ခဲ့သည်။ ရွှေပေချပ်တွင် စာရေးထိုးခဲ့လေသည်ဟုအဆိုရှိသည်။ နှစ်ကျိပ်ရှစ်ဆူသော ကြေးဆင်းတုများကိုလည်း သွန်းလုပ်ခဲ့ကြသည်။ အလေးအမြတ်ပြု ကိုးကွယ် ခဲ့ကြသည်။ သင်းကျပ်တော်ဓာတ်လည်း ကောင်းကင်ထက်သို့ ကြွရောက်လျှက် တန်းခိုးထင်ရှားပြခဲ့ကြခြင်းကြောင့် ကြည်ညိုမှုများခဲ့ကြသည်။

အေဒီ (၉၈၀)တွင်၊ ရခိုင်မြောက်ပိုင်း တောင်ထူထပ်သောဒေသမှလူမျိုးများ လာရောက်ပြီး မဟာမုနိကုန်းတော်ကို သိမ်းပိုက်လိုက်ကြသည်။ ထိုနောက် ၎င်းတို့ သည် ုပ်ပွားတော်ကို ပင့်ဆောင်ယူ ရထားပေါ်တွင်တင် (၇)ရက်တမျှ စီစဉ်ခဲ့ကြ သည်။ သို့သော် ပင့် မရသဖြင့် (၃)နှစ်နှင့် (၅)လကြာစွာ ပျောက်ဆုံးနေခဲ့လေသည်။ သီဟိုဠ်ဘုရင်က အနုပညာသည်များ၊ ဘုန်းကြီးများနှင့်လာ ပြုပြင်ခဲ့ကြသည်ဆို၏။

## ပုဏ္ဏကမင်း (အေဒီ ၉၃၆-၉၆၉)

ရာဇဝင်ကျောက်ကိုး၌လာသည်ကား၊ မင်းရင်ဖြူမှလေးဆက်မြောက် ပုဏ္ဏကမင်း လက်ထက် ပုဂံပြည်ရှင်မှ ရှင်ယောင်တို့ရောက်လာကြ မဟာမုနိသိမ်တော်ကို မီးရှို့ ခဲ့ကြသည်။ မီးရှို့လာသော ရှင်ယောင်တို့မှာ (၃၀၀၀)ထိ များခဲ့သည်ဟု အဓိမာသ်ကျမ်း ၌ ပြဆိုထားသည်။ ရှင်ယောင်တို့ကား သမထီးအရပ်ကဖြစ် ညောင်ဦးစောရဟန်းမင်း လက်ထက် ဖြစ်မည်ဟုယူဆကြသည်။ ထိုအရည်းကြီးရှင်ယောင်တို့ကို အနော်ရထာမင်းလက်ထက်ထိ နှိမ်နင်းခဲ့ရလေသည်ဆို၏။

## မင်းကြီးဖြူ (အေဒီ ၉၆၉-၉၈၀)

ပုဏ္ဏကမင်းမှ လေးဆက်မြောက်မင်းနူ(အေဒီ ၉၈၆–၁၀၁၄)လက်ထက်တွင် အနော်ရထာမင်း ချီရောက်လာသည်။ မင်းရာဇာကြီးစာတမ်းက မင်းကုလား လက်ထက်တွင်ဟုဆိုသည်။ ဗူးရှက်မှိုးလမ်းကချီလာ မဟာမုနိကိုပင့်ရန် စီစဉ်လေသည်။ မရသောကြောင့် သင်းကျပ်တော်ပွားကို ပင့်ဆောင်လေသည်။ မင်းရာဇာကြီးစာတမ်းက သမီးတော် မင်းထီးလှိုင်ဖြူကို ဆက်သလိုက်၊ ရန်စစ်မရှိ မိတ်ဝင်ခဲ့ကြလေသည်ဆို၏။

## မင်းကုလား (အေဒီ ၁၀၃၄-၁၀၆၂)

ထိုမင်းနောက်ဆက်ခံသော မင်းစောမှာ သိုက်တံဘောင် ပေါ်ပေါက်ခဲ့လေသည်။ အစွယ်ခေါခေါ မင်းစောပုဂံ ဆန်လုံ့ဟူသည် တံဘောင်အရ အလဇ္ဇီတို့က ပုဂံမှ ဘားတစ်လုံး သိုက်ဆရာနှင့်ပေါင်း ယတြာပြုကာ သတ်ပစ်ခဲ့ကြလေသည်။ မင်းစောသား မင်းကုလားဆက်ခံ အလဇ္ဇီသိုက်ဆရာတို့ကို နှိမ်နင်းလေမှ၊ သာသနာတော်ရေးလည်း ရှင်းလင်းခဲ့ရလေသည်။ ဂါမဝါသီအလဇ္ဇီရှင်ယောင်တို့ကို အကုန်သိမ်း၊ ရဟန်း (၈၅၀၀)ဖမ်းဆီးရမိလေသည်။ မဟာမုနိမှာ (၁၅၀၀)။ မြက်ရိတ်၊ ဆင်ထိန်း၊ မြင်းထိန်းအစုမှာ (၂၀၀၀)၊ ဝင်းလေ၊ မျက်နှာမှာ (၂၀၀၀)၊ လယ်တော်လုပ် လမိုင်းမှာ (၃၀၀၀)အသီးသီး ဖြည့်တော်မူလေသည်။

## သာသနာတော်ရေး

ထိုနောက် အရညဝါသီ သံဃာတော်အရှင်မြတ်တို့ကို ရှာစေရာ ကစ္ဆပနဒီ မြစ်ညာ၊ ဥတ ရသကြန်မြို့ဟောင်း၊ တောင်တောကိုမှီ တီစီဝရိတ်ဆောက်တည်တော် မူသည့် ဆရာတော်သံဃာတော်များကို တွေ့ရှိလေသည်။ ထို့ကြောင့် ပင့်ဆောင်လေ မုနိသုဓမ္မဆရာတော်နှင့် သံဃာတော်(၂၅)ပါးကို ရရှိခဲ့လေသည်။ ထိုဆရာတော် သံဃာတော်များကို မြို့အရှေ့တာ (၂၀၀၀)ကွာ၊ မိဂပဗ,တတောင်၌ သီတင်းသုံးရန် မင်းကလျှောက်ထားလေသည်။ လက်ခံလေသောကြောင့် ထိုတွင် ကျောင်းကန် ဆောက် သီတင်းသုံးကိုးကွယ်ထားခဲ့ကြလေသည်။

## တိုင်းပြည်သာယာ

မျုးမတ်တို့ကိုလည်း ရှေးမင်းလက်ထက် အိုးအမျိုးမှန်သည်ကို ရွေးစစ်ချီးမြှောက်ခဲ့လေသည်။ မင်းနှင့်အမတ် အကျင့်တူလေသော် ပြည်သူလည်း ကိုယ်ကျင့်တရားထိန်းကြ သာသနာတော်ပွင့်လင်း၊ သူခိုးဓားပြမပေါ်မရှိ၊ တိုင်းပြည်သာယာသည်ဖြစ်၊ မျုးကောင်းမတ်ကောင်း ပြည့်စုံသည်ဖြစ် ရောက်ရှိလာသော အနော်ရထာမင်းနှင့်လည်း နှစ်လိုသင့်စွာ မိတ်ဝင်ပေါင်းဘော်မိခဲ့ကြသည်။

## မင်းဘီလူး (အေဒီ ၁၀၆၂-၁၀၆၈)

မင်းကုလား သားတော် မင်းဘီလူးကို ဆိုးသွမ်းသည်အလျှောက် အမတ်တို့ နန်းကချလေသည်။ ထိုကြောင့် ၎င်းသားတော် မင်းရဲဘယသည် ပုဂံပြည်သို့ ခိုမှီခဲ့လေသည်။ ပဥ္စမမြို့၌ မင်းဘီလူးနောက် စိုးစံသော အသင်္ခယာမင်း လက်ထက်၊ ယခုထိရှိသော မဟာမုနိမြောက်ဖက်စောင်းတမ်းကို ပြုလုပ်ခဲ့ကြသည်။ ထိုနောက် မင်းဘီလူးမြေး လက်ယာမင်းနန်ကို ၎င်းသား မင်းဘုန်းသန်ဆက်ခံရာ၊ ပုဂံသားတို့ လုပ်ခဲ့သော ဂန္ဓကုဋီကို ပြန်လည်ပြုပြင်ခဲ့ကြလေသည်။ ပုဂံအလောင်းစည်သူမင်းက ရခိုင်သို့ စစ်ချီ လက်ျာမင်းနန်ကို နန်းတင်ခဲ့ကြလေသည်။ နန်းတင်သူမရှိသော မင်းဘုန်းသံ သား၊ မင်းပတိကိုလည်း သတ်ပစ်ခဲ့လေသည်။ ထိုအခါကပင် စမ ဝက် (ပဥ္စမ)မြို့ ဆိတ်သုဉ်းလျက် ပုရိန်မြို့ကို ရွှေ့ပြောင်းထူထောင်ခဲ့ကြလေသည်။

## စမွဝက်လက်ထက် မဟာမုနိကွယ်ပျောက်ခြင်း

လက်ျာမင်းနန်ကို နန်းတင်လာခဲ့ကြသော ပျူ၊ မွန်၊ (မွန်)တပ်သားတို့သည် မဟာမုနိကို ဖိုကျင်ထိုးကြလေသည်။ ကြောသား၊ ရင်သားကိုရရှိ လှေတွင်တင်ဆောင်ခဲ့ကြရာ ရန်းဝမြစ်တွင် နဂါးနှစ် ၊ ပျောက်ဆုံးသွားခဲ့လေသည်။ ထိုအခါကပင် အနှစ်(၅၀)ထိ ကွယ်ပျောက်ရှိနေခဲ့လေသည်။ အချို့ကမူလသိမ်ရာတွင် မြေပို နစ်လျှက်ရှိသည်ဟု အဆိုရှိသည်။ ဓညဝတီမြို့ နိဂုံးသာခြင်း၌ကား ဝက်သတိုးတောင်တွင် ရွှေ့ပြောင်းပုန်းဝှက် ထားခါကြလေသည်ဆို၏။ အကြောင်းကား ပုဂံ အလောင်းစည်သူမင်းက ရခိုင်၌ နန်းတင်ပေးရခြင်းအတွက် မဟာမုနိကို ပင့်ဆောင်လိုသည်။ ထိုအခါ ရခိုင်မျုးမတ်တို့က အစည်းအဝေးပြု ပျူမွန်တို့ ဖိုကျင်ထိုးခဲ့ကြသဖြင့် ပျက်စီးခါပြီးကြောင်း သတင်းပြန့်လျှက်၊ ပုန်းဝှက်ထားခဲ့ကြခြင်းဖြစ်လေသည်ဆို၏။

လက်ျာမင်းနန်လက်ထက်တွင် ပုဂံမှလာရောက်ခဲ့ကြသော ပျူ၊ မွန်တို့ကြောင့် သာသနာထွေးယှက်ရာကား၊ သာသနာရေးမှေးမှိန်ခဲ့ရလေသည်။ အလဇ္ဇီဂါမဝါသီ ရှင်ယောင်တို့ ပေါ်ထင်ခဲ့ကြလေသည်ဆို၏။ မဟာမုနိရုပ်ရှင်တော်မှာ ဒသရာဇာမင်း လက်ထက်တွင်မှ ပင့်ဆောင်နိုင်ခဲ့ကြလေသည်။

## ပွားစီးခဲ့သမျှ ရဟန္တာထေရ်များ

ဖော်ပြပါသမိုင်းချုပ်မှာ စန္ဒသူရိယမင်းလက်ထက်မှ ပဉ္စ ၁ခေတ်လက်ျာမင်းနန့်ထိ အဖြစ်သနစ်ဖြစ်လေသည်။ ဘုရားရှင်လက်ထက်သာသနာပြုရန်ထားခဲ့သော ဗာကုလမထေရ်နှင့် သံဃာတော်များ၊ သီရိဓမ္မသောကမင်းထံမှ ဝေစုရဓာတ်တော်တို့ကို ပင့်ဆောင်ခဲ့ကြသော အရှင်ဗာကုလနှင့် အရှင်မဟာတိ မဟ သကတိုင်းသို့ ကြွရောက် ခဲ့စဉ် သူရိယစက မင်းအား တရားဟောခဲ့ကြသော မဟာရေဝနှင့် မထေရ် (၇)ပါး ထိုစဉ် တရားနာ အကျွတ်ရခဲ့ကြသော အရိယာရဟန်း လေးသောင်း ထိုမှ ဆက်နွယ်ပွားစီးသော အရိယာသံဃာတစ်သိန်းနှင့်၊ စန္ဒြာမင်းထက်ထက် မထေရ်ကြီး တစ်သောင်း၊ သောင်းသိန်းမကသော ရဟန်းသံဃာများ၊ သီရိစန္ဒရားမင်း လက်ထက် သံဂါယနာတင်ခဲ့ကြသော ရဟန္တာတစ်ထောင့်ငါးရာ၊ စမ ဝက်(ပဥ )မြို့တော် ၌ သံဂါယနာတင်ခဲ့ကြသော ရဟန္တာရှစ်ရာ၊ ဤသို့အားဖြင့် ရခိုင်တစ်ပြည်လုံးတွင် ရဟန္တာအရှင် ရှစ်သိန်းထိ ကိန်းအောင်းဖြစ်ထွန်းခဲ့ကြောင်းကို လုံးတီးလေ လုံးတာလေ လင်္ကာအရ ကောင်းစွာသိရှိရပေသတည်း။

❖❖❖

# ရက္ခိုင်သာသနာ မှတ်တမ်းအကျဉ်း

**ဦးစက္ကိန္ဒ**
**ရိုးမလှိုင်းမဂ္ဂဇင်း(၃)**
**၂၀၀၀ပြည့်နှစ်၊ မတ်လ**

အကျွန်ုပ်တို့ ရခိုင်ပြည်နယ်သို့ ဘုရားသာသနာပြန့်ပွားရန် ရှင်တော်ဘုရား ကြွရောက်တော်မူ မဟာမုနိ ုပ်ရှင်တော်အား သွန်းလုပ်တော်မူခဲ့ကြောင်း ရာဇဝင်မှတ်တမ်းများတွင် ပါရှိလေသည်။ မြန်မာပြည်ကလည်း သမိုင်းစာပေများစွာတို့၌ အသိအမှတ်ပြုထားကြသည်။ ထိုသမိုင်းစာပေရေးသားကြသော ပုဂ္ဂိုလ်များမှာ အများအားဖြင့်တော်တည်၊ ဖြောင့်မှန်ကြသော ပုဂ္ဂိုလ်များသာဖြစ်ကြသည်။ စကားတစ်ခွန်းပြောရန်မှာ အချက်အလက်များစွာကိုစုမိပါမှ မှတ်တမ်းတင်ရေးသားကြရသည်။ ထို့ကြောင့် ပညာရှိအချို့တို့ ရေးသားချက်ကို ''ဘုရားဟောသကဲ့သို့ပင်'' အလေးထားမှတ်ယူရသည်။ အသားလွတ်ပယ်ချခဲ့မှုကို မပြုနိုင်သည့်အပြင်၊ ထိုပုဂ္ဂိုလ်တို့၏ သီလသမာဓိပညာတို့ကို စော်ကားရာရောက်ချေသည်။ ယုတ္တိမရ၊ ပေါ့ဆသောရေးသားခြင်းမျိုးလည်း ရှိကောင်းပေသည်။ သို့သော် ခိုင်မာမှုရှိသော စာပေများကိုမဖတ်ဘဲ အသားလွတ်ပယ်ချသော ပုဂ္ဂိုလ်များကိုလည်း မကြာခဏ တွေ့ရလေသည်။ အကြောင်းအရာ မခိုင်လုံက ပညာရှိစကားမဟုတ် သတိထား သင့်ပေ၏။

အထက်က ဆိုခဲ့သည့်အတိုင်း မဟာမုနိသမိုင်းမှာ အလွန်ထင်ရှားသောကြောင့် ထိုမဟာမုနိ ုပ်ရှင်တော်နှင့် ပတ်သက်သမျှကို ယုံမှားသံသယကင်းလောက် ရေးစရာ မလိုတော့ချေ။ သို့သော် သက်တော်ထင်ရှား မြတ်ဘုရားက တရားတော်

အကြိမ်ကြိမ်ဟောကြား များစွာသော ပရိတ် တ်တို့အကျွတ်တရားရကြောင်းနှင့် ပြန်ကြွတော်မူသောအခါ၊ အသျှင်ဗာဟုလ စသောရဟန္တာ(၂၁)ပါး၊ မဟာရာဇဝင် အလိုသံဃာ(၂၀၀)ထားခဲ့ ရတနာသုံးပါးစုံလင်စွာ ထွန်းကားပြီးဖြစ်ကြောင်းကို မှတ်သားရပေမည်။ ထိုသံဃာတို့မှ မည် မည်မျှ ပွားများနိုင်မည်ကိုလည်း ခန့်မှန်း ကြည့်သင့်ပေသည်။

ထိုနောက် ဘုရားရှင်ကိုယ်တော်တိုင် ဗျာဒိတ်ပေးတော်မူခဲ့သော (၂၄၇)ဆူခန့်မျှ သော နေရာတို့၌ အသောကမင်းက ရခိုင်ဘုရင် သူရိယစက မင်းထံသို့ ဤမဟာတိ အသျှင်ဗာကုလထေရ်တို့ ပင့်ဆောင် ပို့ပေးသော ဓာတ်တော်တို့ကို စေတီ(၂၄၇)ဆူ၊ ကျောင်း(၂၄၇)၊ ရေကန်(၂၄၇) တည်ဆောက်တူးဖော် ကောင်းမှုပြုတော်မူခဲ့သည်။ ထိုတွင် ကျောင်းပေါင်း(၂၄၇)ကျောင်း၊ တောရပ်တောင်ရပ်တို့နှင့် ဓညဝတီပြည်မ (မြို့တော်ကြီးသည်)တို့၌ စည်ကားသော ဂါမဝါသီ အရညဝါသီ သံဃာတော် အင်အားမှာ နည်းမည်မဟုတ်ချေ။

အသောကမင်းကြီးစေတီတော် ရှစ်သောင်းလေးထောင်တို့ကို ၂၂၂၊ ၂၂၃၊ ၂၂၄ သုံးနှစ်တည်ရပြီး၊ ထိုစေတီ၊ ကျောင်း၊ ရေကန်တို့နှင့်တကွ၊ အသောကာ႐ုံ ကျောင်းတော်ကြီးပါ ရေစက်ချသာဓုခေါ်ပွဲကျင်းပသော အစည်းအဝေး၌ ရဟန်း သံဃာတော်ပေါင်း ကုဋေရှစ်ဆယ်၊ ရဟန်းမိန်းမပေါင်း ခြောက်သန်းရှိကြောင်း ပါရာဇိကဏ်အဋ္ဌကထာ၌တွေ့ရရာ၊ စေတီရှစ်သောင်းလေးထောင် တည်ထားရာ ပူဇော်ရာ၊ ဇမ္ဗူဒိပ်ကျွန်းအနှံ့အပြားတို့မှ သံဃာတော်များ ကြွရောက်ကြောင်းကိုသာ ယူဆဖွယ်ရှိ ၊ မဟုတ်မမှန်ဟု ယူဆစရာမရှိပေ။ အကြောင်းမူ သာသနာသက္ကရာဇ် (၂၃၅)ခုနှစ်၊ သာမဂ္ဂီဥပုသ်ပြုသော သံဃာအစည်းအဝေးတွင် သံဃာတော် ခြောက်သန်းရှိရာ ထိုပါဋလိပုတ်ပြည်ရှိ သံဃာတော်များနှင့် အလွန်ကွာခြားနေသော ကြောင့်တည်း။

ထို့ကြောင့် ရခိုင်ပြည် ပြည်မမှာ ပစ္စန္တရစ်ဟု မဆိုသာ၊ ပစ္စန္တရစ်သို့လွတ်သော သာသနာပြုအရှင်တို့လည်း တိုက်ႀိုက်ကြွခြင်းမျိုးမဟုတ်ဘဲ ဆက်ကာဆက်ကာ သူရိယစက ဘုရင်၏စံရာ ဓညဝတီပြည်ပသို့ ရောက်ရှိကြောင်းယူဆသင့်ပါ၏။

ရခိုင်ပြည်တွင် နာဂသုန္ဒရီတိုင်း၊ မဟိသကတိုင်းအစရှိသော တိုင်းကြီး (၁၂) တိုင်းရှိရာ သတ်မှတ်သော သမိုင်းဦးရေကို မတွေ့ယိုသော်လည်း မဟိသကတိုင်းမှာ ရခိုင်ပြည်၏အခွန်များကို ႏွန်ပြနေသည်။

တဖန် မဟာရေဝ(သီဟိုမူဆို၏)စသော ရဟန္တာထေရ် ငါးပါးတို့ သာသနာ ပြုစတင် ကြွရောက်ရာဒေသ ပမာဏမှာ ပစ္စန္တရစ်ကျသော ထိုမဟာဝိဟိကတိုင်းနှင့် လုံလောက် ယင်းနေရာသို့ စတင်ရောက်ရှိသည်ဟုလည်းကောင်း နောက်တွင် ဓညဝတီခေါ် မင်းနေပြည်မနှင့်ဆက်စပ် ထပ်ဆင့်စည်ကားခဲ့သည်ဟုယူဆပါလျှင်။

''ပ–ဒ နောက်မှ တတိယဟု ဓမ္မသဘင်၊ သင်္ဂါယနာ၊ တင်ရာဓိပတိ၊

မောဂ္ဂလိပုတ ၊ တိ ထေရ်ကျော်၊ အမိန့်တော်ဖြင့်၊ မဟ သက၊ မည်ရသမိုင်း၊ ရခိုင်တိုင်းသို့၊ စေခိုင်းကြွလာ၊ မဟာရေဝ၊ ထေရငါးဖြာ၊ ရဟန္တာတို့၊ သူရိယစက ၊ တို့ရာဇာအား ဒေဝဒူတန်၊ နတ်တဖန်ဖြင့်၊ ဟော့ န်သွန်းလောင်း၊ လေးသောင်း အရိယာ၊ ဓမ္မစက္ခု၊ ရမှုလူပေါင်း၊ လေးသောင်း ရဟန်း၊ ကျွတ်တမ်းဆိုက်ရ၊ မြတ်ဗုဒ္ဓ၏၊ ဓမ္မစက်နွယ်၊ ခက်သွယ်ပွားလျှောက်၊ ထပ်ဆင့်ရောက် ''ဟူသော ဝေသာလီခေတ် အမတ်ကြီး ပညာမေဓါမော်ကွန်းနှင့်လည်း ဆန့်ကျင်မှုမရှိချေ။

ထိုလင်္ကာစာသား၌ ''ထပ်ဆင့်ရောက် ''ဟူသော စာပိုဒ်ကိုထောက်လျှင် ရက္ခိုင်ပြည်၌ ဘုရားရှင်လက်ထက်တော်မှ သာသနာစည်ပြီးဖြစ်ကြောင်း တတိယ သံဂါယနာအပြီး သာသနာ (၂၃၅)ခု၊ တန်ဆောင်မုန်းလပြည့်နေ့၊ မဟိသကတိုင်းဟု ဆိုအပ်သော ရခိုင်ပြည်တစ်နေရာသို့ ရောက်ရာမှ၊ ဓညဝတီပြည်မသို့ပါ၊ ထပ်ဆင့် ရောက်လာခြင်းဟူသော အဓိပ ါယ်မှာ ထင်ရှားလေသည်။

ထိုနောက် ဓညဝတီခေတ်နောက်ပိုင်း သူရိယသီရိမင်း(၂၀၁–၂၂၁ အေဒီ) လက်လက်တွင် ဉာဏသီရိဓိပတိ မဟာထေရ်ကို ဦးဆောင်စေလျှက်၊ (ဖိနမာန်အောင် ဆရာတော်နှင့် ၁၂ ပါး)ရခိုင်သံဃာတော် (၁၂)ပါးကို သီဟိုဠ်နိုင်ငံသို့ သာသနာပြုရန် စေလွှတ်ခဲ့ကြောင်း။

အာနန္ဒစန္ဒြမင်းလက်ထက်၌ တရားဟောပလ္လင် ဆင်မယဉ်သာ၊ အရောင် တောက်ပသော ပိုးသင်္ကန်းအစုံများစွာတို့ကို ဂိလာမေဃမင်း၏ နိုင်ငံ(သီဟိုဠ်ကျွန်း)၌ ပြုလုပ်သော သံဃာအစည်းအဝေးသို့ လှူဒါန်းကြောင်းကို တွေ့ရပေသည်။

ထိုသို့နှစ်ကြိမ်နှစ်ခါ ရခိုင်ပြည်မင်းမြတ်တို့က ပြုဘူးသော ကျေးဇူးကိုထောက် သီရိစန္ဒြမင်း ပဥ္စမသံဂါယနာ (ဓာတုဋ္ဌီကာကိန်း=၁၁၆၉ ခု) နှစ်ဝယ်၊ ကျေးဇူး တုံ့ပြန်သည်အနေအားဖြင့် သီဟိုဠ်ကျွန်းမှ ရဟန်းငါးရာ၊ ကြွရောက်တော်မူ ရခိုင်ပြည်မှ သံဃာတော်တစ်ထောင့်ငါးရာနှင့် ပေါင်းသံဃာနှစ်ထောင်တို့ဖြင့် ပဥ္စမသံဂါယနာ တင်ခဲ့ကြောင်းကို–

''ကူပုံ့ကျေးဇူး၊ မြတ်ကျေးဇူးဟိ၊ ရဘိရည့်တ်၊ လွတ်လွတ်ပြုထ၊ သီဟဠနှင့်၊ ဝါဒတူဘိ၊ တို့သိဂ်ီကား ပဥ္စ မီထပ် ၊ ကြေးနီချပ်လျှင်၊ ရွှီကွပ်တင့်သား၊ ငါးထောင်အားဖြင့်၊ ရှီးငြားသေချာ၊ သုံးနှစ်ကြာလျှင်၊ ကောင်းစွာသီးသီး အောင်မြင်ပြီး ''စသည်ဖြင့် စပ်ဆိုထားခဲ့ပေသည်။

(ကြေးနီချပ်လျှင်၊ ရွှေကျပ်တင့်သား=ရွှေအနားကွပ်ထား၏။

ငါးထောင်အားဖြင့် ပါဠိတော်၌ ၂၀၀၀၊ အဋ္ဌကထာ၌ ၃၀၀၀ ပေါင်း ကြေးနီပရပိုက် ငါးထောင်)

ထိုသံဂါယနာ၌ သုတ န်၊ ဝိနည်း၊ အဘိဓမ္မာအယူအဆ၊ နိကာယ်ငါးရပ်တို့ အယူအဆကွဲပြားခြင်းမရှိ။ (ဝိနည်းငါးကျမ်းနှင့် အဘိဓမ္မာခုနစ်ကျမ်းမှတစ်ပါး) ကြွင်းသော နိကါယ်ငါးရပ်(ကြွင်းသော ခုဒ္ဒကနိကါယ်လည်းပါဝင်၏)တို့ကို ပါဠိတော်

အဋ္ဌကထာ နှစ်နေရာလုံး၌ သုတ န်ဟူ ၊ ပညာမေဓာမော်ကွန်း၌ အကျဉ်းချုံးကာ ယူဆထား၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ကင်္ခါဝိတရဏီ အဋ္ဌကထာတို့မှာ သျှင်မဟာ ဗုဒ္ဓဃောသ၏ လက်ရာဖြစ်ပြီး ထိုကျမ်းတို့ ပါယှိသည်ကိုထောက်သဖြင့် သျှင်မဟာ ဗုဒ္ဓဃောသ၏ အဋ္ဌကထာများ (နိကါယ်ငါးရပ်တို့)အစုံရောက်ရှိနေပေပြီ။

ထိုအဋ္ဌကထာ၌ မိလိန္ဒပြဉှကျမ်းကို ကိုးကားဖြေဆိုထားသဖြင့် (၁၅၅– အေဒီတွင် ပေါ်ပေါက်လာသော)မိလိန္ဒ ပြဉှကျမ်းကြီးလည်း အခိုင်အမာပါဝင်ပေလိမ့်မည်။ ရှာဖွေကြည့်စရာမလို၊ မျက်စိမှိတ်ကြည့်လျှင်၊ မြင်နိုင်ပါပြီ။ ဗုဒ္ဓဃောသာသာသနာ အဋ္ဌာကထာပြုသောနှစ်ကို ၉၆၅–သာသနာနှစ်ဟု တွေ့ရ၏။

မာဂဓတိုင်းသား ကာလိဒါသဆရာ၏''ဂြုတဗောဓ'' ကဗျာကျမ်းကို (၄–ရာစု၊ အေဒီ)၌ရေးသည်ဟု ပြဆိုကြသဖြင့် မိလိန္ဒပြဉှကျမ်းထက် နောက်ကျ ဗုဒ္ဓဃောသအဋ္ဌကထာကျမ်းကို မရေးသားမီပေါ်ပေါက်လာကြောင်းနှင့် သီရိစန္ဒြာမင်း၏ ပဉှမသံဂါယနာတင်ထက် စောကြောင်းကိုမှတ်သားအပ်၏။

ထိုကျမ်း၌ ဆန်းဂိုဏ်းရှစ်မျိုးကို သတ်မှတ်ခြင်းမရှိသေး၊ ဝိသဇ္ဇနီနှင့် ဂ ၊ အယူအဆမှာ ထူးခြား သံယုတ်စသော ဒီဃနှင့်ရ (သို့မဟုတ် ဂ ၊ –လဟု) အယူအဆမှာတူကြ၏။ မာဏဝကဂါထာ၊ မာကဝကကြိဠဂါထာ၊ ပမာဏိက ဂါထာ၊ နဂသ္တာ ပ ိကိဏ်ဂါထာ၊ စမ က မာလာဂါထာတို့မှာ ဝုတေ ၁ဒယဆန်းကျမ်းနှင့် တူညီနေ၏။ ဂြုတဗောဓကျမ်း၌ ဂိုဏ်းဖွဲ့ပြီးသား ဂါထာမဟုတ် စစ်ဆေးရခက်၏။ အဓိပ ါယ်မျှကိုသာ ဖော်ပြထား၏။ ဥဒါဟ ၊ ဏ်မပေါ် လွင်ပါ။ ထိုဂြုတဗောဓ ကျမ်းမှာ သီရိစန္ဒြာမင်း ပဉှ မသံဂါယနာခေတ်ကပင် သီဟိုဠ်မှကြွလာသော ရဟန်းငါးရာနှင့်လည်း ပါလာနိုင်သည်။ အိန္ဒိယမှတိုက်ိုက် ရခိုင်ပြည်သို့လည်း သံဂါယနာမတင်မီကပင်လည်း ရောက်ယှိနိုင်၏။

ထိုသီရိစန္ဒြာမင်းညီတော် သိင်္ဂစန္ဒြာခေတ်တွင် မိဖုရာစောပြည့်ိုမှာ အိမ်ရှေ့မင်း၏မိဖုရားအဖြစ်ကပင် ''သိန်ကန်မိန်တွင်''အစချီသောရတုကို ရေးသား မိဖုရားဖြစ်သောအခါ ကဝိဂဏ္ဍကျမ်း ကဝိပါသနကျမ်းကို ရေးသားကြောင်းဆိုထား၏။

စာပေဗိမာန်ပေကူးစာမူတို့၌ လက်ၤာစာသားအထောက်အထောက်အရ၊ ''ကဝိဂဏ္ဍကျမ်း''နှင့် ''ကဝိဗ္ဗန္ဓပါသျှကျမ်း''ဟူ သာ ဖြစ်သင့်ကြောင်းနှင့် ကဝိဂဏ္ဍမှာလည်း ကဝိဗန္ဓဟူ သာ အမှန်အတိုင်းဖြစ်သင့်ကြောင်း တွေ့ရှိရသည်။

ထိုနှစ်ကျမ်းတို့တွင် ကဝိဂဏ္ဍကျမ်း (ကဝိဗန္ဓကျမ်း)မှာ မိဖုရားစောပြည့်ို၏ လက်ရာဖြစ် ၊ ကဝိပါသဏ္ဍခေါ် (ကဝိဗန္ဓပါသျှ)ကျမ်းမှာ ရခိုင်သျှင်သီလဝံသက အဓိပ ါယ်အနည်းငယ်နှင့် နောက်ပိုင်းလင်္ကာတို့ဖြင့် ဖြည့်စွက်ရေးသားထားကြောင်း တွေ့ရှိရ၏။

ထိုကျမ်းမှာ ရခိုင်ကဗျာကို ရေးနည်းအတွက် ရေးသားသောကျမ်း ဖြစ်သော်

လည်း ပါဠိတော်ကိုပါ ဆန်းဂိုဏ်း စစ်ဆေးနည်းကို ပြန်ပြထားကြောင်း တွေ့ရ၏။ ထိုကျမ်း၌ပါရှိသော ဂု-လဟု တို့အယူအဆမှာဂြုတဗောဓကျမ်းနှင့်လည်းကောင်း၊ ဝုတ္တောဒယကျမ်းနှင့်လည်းကောင်း တူမျှ၊ ဂိုဏ်းရှစ်ပါးပါရှိခြင်းမှာ ကဝိဂန္ထ(ကဝိဗ္ဗန္ထ) ကျမ်းနှင့် ဝုတ္တောဒယ ကျမ်းတို့တူမျှကြပြီး ယင်းနှစ်ကျမ်းလုံး၌ ဝိ ဇ္ဇနီဂု မပါယှိခြင်းမှာလည်း တူမျှကြ၏။ မာဂဓဘာသာနှင့် ရှေးခေတ်ရက္ခ ဝဏ္ဏအက္ခရာကို ဝိုင်းရံနေသော ဟိန္ဒီ၊ သက ဌ္ဘာသာတို့၌ကား ခုထိတိုင် ဝိ ဇ္ဇနီဂု ယှိသေး၏။

မြန်မာကဗျာတို့၌လည်း၊ ယင်းကဝိဂန္ထ(ကဝိဗ္ဗန္ထ)ကျမ်းကို မှီငြမ်းရေးသားကြ၏။ သို့သော် စည်းကမ်းအားလုံးကိုမူ လိုက်နာသည်ဟု မဆိုနိုင်ချေ။

သုဗောဓလင်္ကာရကျမ်းနှင့် ဝုတ္တောဒယဆန်းကျမ်းကို သီဟိုဠ်ကျွန်း ပဋ္ဌမမြောက် ပရက္ကမဗါဟု မင်းလက်ထက် (၁၁၅၃-၁၁၈၆)အေဒီတွင် အသျှင်သင်္ဃရက္ခိတထေရ်က ရေးသားကြောင်းကိုဆိုရာ ရခိုင်နေရဉ ရာတောင်ငူခေတ်၊ ငရမာန် မင်းလက်ထက်တွင် ကျရောက်ခဲ့ပေ၏။

ထို့ကြောင့် ပဉ္စမသံဂါယနာနောက် စမ ဝက်မြို့၌ ငမင်းငတုံကို ခေါင်းဖြတ်သတ်ခဲ့ကြရာ သာသနာတော်အတွက်လည်း ငြိုးမှိန်ခြင်းဖြစ်မည်ထင်၏။ ရခိုင်ပဉ္စ ၁မြို့တည်မင်း ခေတ သင်မင်း၏သားတော်ဖြစ်သော မင်းရင်ဖြူ လက်ထက်တွင် (သာသနာသက ရာဇ် ၁၃၇၈၊ ရခိုင်သကြဇ် ၂၀၉)သစ ဗ္ဗန္ထဝထေရ်၊ ပဒုမထေရ်၊ အရဟံထေရ်၊ ကောဏ္ဍ ညထေရ်၊ ဥတ္တမသီရိထေရ်၊ ဘဒ္ဒိယထေရ်စသော ရဟန္တာရှစ်ရာတို့ဖြင့် ကောဒသမ(၁၁ ကြိမ်မြောက်) သံဂါယနာကိုတင်ခဲ့ကြောင်း။ ပါဠိတော်၊ အဋ္ဌကထာကို ရွှေပုရပိုက်တို့၌ ရေးသားခဲ့ကြောင်း၊ ပဉ္စ ၁လောဟာရတနာတို့ဖြင့် (၂၈)ဆူဘုရားသွန်း ရဟန္တာရှစ်ရာတို့ဖြင့် အနေကဇာတင်ခဲ့ကြောင်း တွေ့ရပါသည်။ ထိုဘုရားတို့၏ စမ္မခဏ်တွင် (စမ္မ=သားရေ၊ ခဏ္ဍအပိုင်း သားရေအခင်း၊ သားရေနွယ်အခင်းတစ်မျိုး)မင်းရင်ဖြူကောင်းမှု ကမ,ည်းထိုး ယှိ၏။ (စမ္မ=သားရေနှင့်တူသောအခင်း၊ စမ္မ-သဘောတရား စသည်ကိုသာဟော၏။ အခင်းနှင့်မသက်ဆိုင်၊ သတိပြုပါ)

မင်းရင်ဖြူ သံဂါယနာတင်သောအခါ၌ သီဟိုဠ်ကျွန်းမှ သံဃာများမပါယှိချေ။ သို့သော် သီဟိုဠ်ကျွန်း၌ သာသနာတော်မှာ အိန္ဒိယမှ မဟာသံဃိက ဂိုဏ်းကွဲများနှင့် တတိယသင်္ဂါယနာတင်ပြီး တိတ ိဂိုဏ်းကွဲများရောယှက် မဟာယာနဂိုဏ်းအဆင့်ထိ ပါဝင်သော သာသနာ(၆၄၃) (တစ်ချို့ ၆၅၀)ကသ္မိရတိုင်း၊ ကနိသျှမင်းဂိုဏ်းကွဲ သံဂါယနာအဆက်မှ (၉)တိုင်း (၉)ဌါန သာသနာပြုခဲ့ရာနေရာများနှင့်တကွ၊ သီဟိုဠ်ကျွန်းသို့ ဆက်ကာဆက်ကာ ဂိုဏ်းကွဲဂိုဏ်းဆိုးဝါဒများ ဝင်ရောက်နှောက်ယှက်ခံရလေသည်။

ထို့ကြောင့် ရခိုင်ပုရိန်ခေတ် ဒသရာဇာမင်းလက်ထက် (၁၁၂၃-၁၁၃၉ အေဒီ)တွင် အတုလဝိဇယဂဏာပါမောက္ခနှင့် (၂၆)ပါး(ပေါင်း ၂၇ပါး)တို့ကို သီဟိုဠ်သို့

သာသနာပြုစေလွှတ်တော်မူ၏။ ပန်းမော်ရွာအနောက်မြောက်ထောင့် လယ်ကွင်းအလယ်တွင် ပုရိန်နန်းရာကုန်းကို စောင့်ရှောက်ထားသင့်၏။ ကျောက်ချပ်ကြီးများ အထပ်ထပ်ရှိသေး၏။

နေရဥ ရာတောင်ငူမြို့တည် တိုင်းချစ်မင်း(မဥ ူသင်မင်း)၏ သားတော်ကား ငရမန်မင်းတည်း။ ထိုမင်းလက်ထက်တွင် ရမ်းပြည့်မြို့နယ်သို့ ဝင်ရောက်နေသော အရည်းကြီးသျှင်ယောင်တို့ကို နှင်ထုတ်၊ ဆရာတော်သံဃာတော်များတို့နှင့် သာသနာသန့်ရှင်းအောင်ပြုတော်မူရ၏။

ထိုခေတ်ကား သီဟိုဠ်ကျွန်း ပထမမြောက် ပရက မ ဗာဟုမင်း(၁၁၅၃–၁၁၈၆ အေဒီ) လက်ထက်နှင့်ကြုံ ရခိုင် ပြည်မှ (၁၁၆၆–အေဒီ)တွင် ဥတ ရဓမ္မသံဃဓိပတိနှင့် (၃၆–ပါး)ကို သာသနာပြုရန်စေလွှတ်တော်မူသည်။

ထိုအခါ အဘာယဂီရိဂိုဏ်း၊ ဇေတဝနဝါသီဂိုဏ်းတို့၌ မှီခိုပူးကပ်နေသော တိတိ သျှင်ယောင်တို့ကို အဝတ်ဖြူလဲစေ၊ သီဟိုဠ်တကျွန်းလုံးတွင် မဟာဝိဟာရဝါသီဂိုဏ်းတစ်မျိုးတည်းဖြစ်အောင် ပြုလုပ်ခဲ့ရလေသည်။

ထိုခေတ်တွင်မှ သီဟိုဠ်ကျွန်း၌ ဋီကာအဖွင့်ကျမ်းများနှင့်အဘိဓာန်ကျမ်း သုဗောဓါလင်္ကာရကျမ်း၊ ဝုတော ၁ဒယဆန်းကျမ်း၊ စသည်တို့ကို ရေးသားကြလေသည်။

ပုရိန်မြို့၊ လောင်းကြက်မြို့နှင့် နေရဥ ရာတောင်ငူမြို့တို့မှာ တရိဂံသဖွယ်ဟု ယူဆရသည်။ မကျည်းပင်စုရွာ၌ရှိသော ုပ်ပွားတော်နှင့် လက်မစေတီတော်တက်လမ်းရှိ ုပ်ပွားတော်သုံးဆူတို့နှင့်လည်းကောင်း၊ ခြောက်တောင်မျှ မြေအောက်၌ မြုပ်လျှက်ရှိသော၊ မြစ်ထဲမှ အုဌ်ချပ်လွှာများ၊ အရှေ့–အနောက်တန်းလျှက်ရှိသည့် တံတိုင်းဟောင်းတို့ကို လေ့လာသင့်ကြပါသည်။

မကျည်းပင်းစုယို ဗုဒ္ဓဆင်းတုတော်မှာ နဖူးသင်္ချပ်တော် အတုတပ်ထားသည်ကလွဲ၊ အလွန်ပြောင်မြောက်သော လက်ရာဖြစ်ပါသည်။ နဖူးသင်္ချပ်တော်က ရှိဟောင်းလက်ရာကို ဖုံးကွယ်ထားသကဲ့သို့ဖြစ်နေ၏။ အုဌ်ချပ်လွှာများကို ဒီရေ(ဖြားရေ) စစ်မှ လေ့လာရပါမည်။

လောင်းကြက်မြို့ဖက်မှဆိုလျှင်လည်း ခမည်းတော် မင်းဘီလူးက သားတော်ငယ် မင်းထီးအား ပစ်ချသောနေရာလည်း ငရကောက်မော်၊ ရေကောက်ချောင်းကွေ့တွင် အစဉ်အဆက်မှတ်ဆက်ပြုသော အိုင်နေရာဖြင့် မြစ်အပြောင်းအလွဲ မည်သို့ရှိခဲ့သည်ဟူသော ပထဝီအနေအထားကို ရှာဖွေရာမှ အထောက်အကူပြုပါလိမ့်မည်။ စာရေးသူကား ဆုံးဖြတ်နိုင်ရန် အလှမ်းဝေးပါသေး၏။

လောင်းကြက်နတ်တောင်ကျောက်စာ(ကောလိယမင်း၏အလှူတကာရင်း) နန္ဒသေလာဟူသော ဘုရားဗျာဒိတ်ဝင်ကျောက်ကို ထုဆစ်ခဲ့သော ကောလိယသျှင်ပင်နှင့် လောင်းကြက်နတ်တောင် တောင်ဘက်အစွန်စေတီတို့မှ ရယိုသော သလင်းကျောက်ဆင်းတုတော်(အရှေ့ပြည်လက်ရာ)တို့မှာလည်း လေ့လာစရာအဖြစ်

ကျောင်းပေါ်တွင် ယှိပေသေးသည်။ နန်းကျရွာ အရှေ့ဘက်မြစ်ကမ်းရှိ အုဌ်ချပ်လွှာနှင့် အုဌ်ကျောက်အရောယှိသော ုပ်ကြွင်းတို့ကိုလေ့လာ လောင်းကြက်မြို့နေရာကို ခါတ်ပုံိုက် မှတ်တမ်းပြုထားသင့်မည်ထင်သည်။

## မြောက်ဦးခေတ် မင်းသုံးဆက်လက်ထက်

ထိုနောက် မြောက်ဦးခေတ် ဘစောဖြူမင်းလက်ထက် (၁၄၅၀–၁၄၈၂ အေဒီ) သတ ဌာန ဆရာတော်နှင့် (၅၁)ပါးတို့ကို သီဟိုဠ်သို့စေလွှတ်ခဲ့သည်။

မင်းဗာဘုရင်ကဆိုလျှင် သံတွဲမှ တေဇောရသထေရ်နှင့် မြောက်တန်းဆောင် ဆရာတော်အမှူးပြု သံဃာ(၄၀)ပါးတို့ကို သီဟိုဠ်သို့စေလွှတ်တော်မူခဲ့ကြသည်။ အပြန်တွင် အံတော်တစ်ဆူပင့်ဆောင်ယူလာခဲ့လေသည်။ ယခု စန္ဒမုနိ(ဗုဒ္ဓလှ) ကျောင်းတွင်ရှိနေ၏။

မင်းရာဇာကြီးလက်ထက်တွင် သီဟိုဠ်မှ လက်ဆောင်ပဏ္ဏာနှင့်တကွ တမန်တို့ ရခိုင်သို့ရောက်ရှိလာရာ၊ စန္ဒြဝိလာသမဟာထေရ်နှင့် (၂၀)ပါးကို စေလွှတ် သီရိလင်္ကာသို့ ၁၅၆၁–ခု၊ နိုဝင်ဘာလတွင် ဆိုက်ရောက်သွားခဲ့သည်။ ထိုတွင် ဥဒကုက္ခေပ(ရေသိမ်)၌ ဥပသမ ဒရဟန်းခံပွဲတစ်ရပ် ဆင်ယင်ကျင်းပခဲ့သည်။

## မာရူမ္ပိယမင်းလက်ထက်

သီရိလင်္ကာဘုရင်၊ ဒုတိယဝိမလဓမ္မသူရိယမင်း စေလွှတ်လိုက်သော ဘာသာရေးအဖွဲ့၏သတင်းစကားကြောင့်၊ ရခိုင်ပြည်သျှင် မာုမ်ိယမင်း (၁၆၀၆–၁၆၉၆ အေဒီ)လက်ထက်တွင် က္လန္ဒမဉ္ဇူဆရာတော်၊ နန္ဒိစက ဆရာတော်တို့အား (၁၆၉၆)ခုနှစ်တွင်စေလွှတ် ၊ ပေရဒါနိယအနီး၊ ကတဓမ္မအရပ်ရှိ မဟာဝါဋ္ဌုဂင်္ဂါမြစ်ထဲ၌ ဥဒကုက္ခေပရေသိမ်တော်ကြီး၌ ဥပသမ ဒ ရဟန်းခံပွဲကျင်းပခဲ့သည်။

ထိုနောက် မြန်မာနိုင်ငံတွင် ထင်ရှားသော သံဂါယနာတို့၌ ရခိုင်သံဃာတော်များ ပါဝင်ခဲ့ပြီး ယနေ့တိုင် ရခိုင်ပြည်၊ မြန်မာပြည်၊ အနောက်ဘင်္ဂါပြည်နှင့် အိန္ဒိယ၊ သီဟိုဠ် စသည်တို့၌ ရခိုင်သံဃာတော်များ ပြန့်နှံ့တည်ရှိနေ၏။ ပရိယတ္တိ ပဋိပတ္တိ ဝန်ဆောင်ကြသော စင်ကြယ်သော ထေရာဝါဒဂိုဏ်းအဖြစ်ဖြင့်၊ ရပ်တည်လျက်ရှိခဲ့သည်။ ထို့ကြောင့် ရခိုင်ပြည်သည် ယဉ်ကျေးမှုအမွေအနှစ် ပြည့်ဝသော ရခိုင်ပြည် အဖြစ် ကောင်းစွာတည်ရှိခဲ့၏။ ဤသို့ဖြင့် သက်တော်ထင်ရှား ဘုရားရှင်ကြွလာသည်မှ စ ယနေ့ကျအောင် မပျက်စဉ်လာ ရခိုင်သာသနာထွန်းကားစည်ပင်ကြောင်း ကောင်းစွာမှတ်သားအပ်ပေသတည်း။

ဦးစက္ကိန္ဒ

<u>မှီငြမ်းပြုကြေးကျမ်းအများ</u>

(၁) အရှင်စက္ကိန္ဒ၏ပြည်တွင်းမကိုဋ္ဌ ဓာတ်ဦးရာဇ်နှင့် သလုံးတော်ဓာတ်သမိုင်း ရခိုင်ယဉ်ကျေးမှု အမှတ်(၃၊၄) ၊ ရခိုင်ပုံသေဝတ ္ထုများ

(၂) အမတ်ကြီးပညာမေဓာမော်ကွန်း (ဝေသာလီခေတ်)

(၃) အာနန္ဒါစန္ဒြကျောက်စာ ဘာသာပြန် (ဦးအောင်သာဦး)

(၄) ရခိုင်ပြည်နှင့် သီရိလင်္ကာနိုင်ငံတို့ဆက်ဆံမှုများ (ရခိုင့်ဂန္ဓပူး အမှတ်(၃))

(၅) ပါရာဇိကတ်အဋ္ဌကထာ(ပထမအုပ်)

(၆) မဟာဝင်ဝတ ္ထုတော်ကြီး

(၇) သာသနပဝတ္တိက မ (သာသနာဖြစ်စဉ်မှတ်တမ်း)ဆဋ္ဌမှူ။

(၈) ရွှေအံတော်စေတီသမိုင်း၊ အရှင်ကောသလ္လ (ဂဝေသီ)

(၉) လေးမြို့ခေတ်ကို ကိုယ်တိုင်လေ့လာချက်များ

❖❖❖

# မြောက်ဦးခေတ် ထေရဝါဒ သာသနာပြုခရီး

**အသျှင်စက္ကိန္ဒ**

ရခိုင်ပြည်တွင် ခေတ်အဆက်ဆက်မင်းတို့သည် ရွာပြောင်းကြလျှင် ဘုရားသာသနာကို ရှေ့တော်တွင် ပင့်ဆောင်ပြောင်းရွှေ့ကြသည်။ မြောက်ဦးမြို့တည် မင်းစောမွန်လည်း သံဃာတော်များကို ရှေ့ထားကာ မြို့သစ်ရှာခဲ့၏။ မြို့တည်သော အခါလည်း ကျောင်းတိုက်ကြီးပေါင်း(၃၀)တို့ကို တည်ဆောက်ကိုးကွယ်တော်မူချေ၏။ ဘုရားစေတီတို့အနီး တောကျောင်း တောင်ကျောင်းတို့တွင် ဂေစာရီတောရမှီသော သံဃာတော်တို့အများပင်ရှိခဲ့၏။ မြို့ရွာမင်းနေပြည်တို့တွင် သီတင်းသုံးသော သံဃာတော်တချို့က မိုးခါကျောင်းပျော်၊ သံဃာတော်တို့အား စာပေပို့ချကာ ဆောင်းနွေတို့တွင် တောရဓူတင်အားထုတ်ကြ၏။

ထို့ကြောင့် မြောက်ဦးခေတ်တွင် ဂေစာရဂိုဏ်း ဗဟုစာရဂိုဏ်းဟူ သံဃာတော်နှစ်မျိုးရှိ၏။ များပြားသော ဂိုဏ်းကွဲများမရှိ။ စင်ကြယ်သော ထေရဝါဒ သာသနာတော်သာရှိ၏။ မြောက်ဦးခေတ်နှောင်း (ကောဇာသက ရာဇ် ၁၁၄၄ ခု ၁၁၄၆)သို့ ရောက်သော် မြောက်ဦးမြို့၌ ပိဋကတ်တိုက်(၄၈)တိုက် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများ အပြင်၊ ဘာသာသဒ္ဒရကျမ်းစာ ခုနှစ်ဆယ်ကျော်ရှိ၏။ သို့သော် မင်းတို့က ဆေးဗေဒင်စသော ဘာသဒ္ဒရစာပေတို့ကို သံဃာမသင်ရန် တရားတော်မြတ် ကိုသာသင်ပြရန် ပြန်တမ်းများထုတ် သန့်စင်အောင်ဆောင်ရွက်ခဲ့ကြ၏။

သံဃာတော်များ စင်ကြယ်သောကြောင့် သီဟိုဠ်မင်းတို့က အမြဲတမ်းအားကိုး ခဲ့ကြ၏။ သီဟိုဠ်သာသနာတော် ှုးသည်နှင့်တစ်ပြိုင်နက် ရခိုင်ပြည်မှ ပင့်ဆောင် လေ့ရှိ၏။ ရခိုင်ပြည်မှလည်း ဂုတစိုက်ဆောင်ရွက်တော်မူကြောင်း တွေ့ရ၏။

အိမ်နီးချင်း မြန်မာမှာကား သာသနာတော်အရေး၌ ဖိတ်မံကြောင်း မတွေ့ရချေ။ ဓညဝတီခေတ်တွင် သူရိယသီရိမင်းလက်ထက်မှစကာ သီဟိုဠ်သာသနာပြု စေလွှတ်ကြောင်း သီရိစန္ဒြားမင်းလက်ထက် သီဟိုဠ်မှ သံဃာငါးရာကြွ သင်္ဂါယနာ တင်ခဲ့ကြောင်း အာနန္ဒစန္ဒြားမင်းလက်ထက်၌လည်း ပို့ဆောင်ခဲ့ကြောင်းသိရ၏။ တောင်ငူခေတ်တွင် ငရမန်မင်း၊ ပူရိန်မင်းခေတ်တွင် ဒ ရာဇာမင်းလက်ထက်တို့က လည်း စေလွှတ်ခဲ့၏။

ထို့အတူ မြောက်ဦးခေတ်တွင် (၄)ကြိမ်စေလွှတ်ခဲ့၏။ ဘစောဖြူမင်းလက်ထက် (၁၄၅၀–၁၄၈၂ အေဒီ)၌ သတ ဌာန ဆရာတော်နှင့် (၅၀)ပါးတို့ကို သီဟိုဠ်ကျွန်းသို့ စေလွှတ် သာသနာတော်အရေးဆောင်ရွက်၏။ မင်းခေါင်ရာဇာလက်ထက် (၁၅၂၁–၁၅၃၀ အေဒီ)တွင် သီဟိုဠ်ကျွန်းမှာ သာသနာပြုလွှတ်ပေးပါရန် တမန်ရောက် သားတော် မင်းဗာအား တာဝန်ပေး၏။ သားတော်မင်းဗာ(မင်းပင်)က သံတွဲမှာ တေဇောသာရထေရ်နှင့် မြောက်ဦးမှ မြောက်တန်ဆောင်း ဆရာတော်နှစ်ပါးတို့ကို စေလွှတ်တော်မူခဲ့၏။

မင်းရာဇာကြီးလက်ထက်တွင် သီဟိုဠ်မှ လက်ဆောင်ပဏ္ဏာနှင့်တကွ ရောက်လာရာ စန္ဒဝိလာသမဟာထေရ်နှင့် (၂၀)ပါးတို့ကိုစေလွှတ် သီရိလင်္ကာ နိုင်ငံသို့ (၁၅၆၁)ခုနှစ်၊ နိုဝင်ဘာလတွင် ဆိုက်ရောက်ခဲ့၏။ ထိုအခါ ဥဒကုက္ခေပသိမ် (ရေသိမ်)၌ ဥပဒမ ရဟန်းခံပွဲ ကျင်းပခဲ့၏။

သီရိလင်္ကာဘုရင် ဒုတိယဝီမလ ဓမ္မသူရိယမင်းစေလွှတ်လိုက်သော ဘာသာရေးအဖွဲ့၏ သတင်းစကားကြောင့် ရခိုင်ပြည်သျှင် မာ့ုမ ယမင်း (၁၆၀၆– ၁၆၉၇ အေဒီ)တွင် ဣန္ဒမဥ္ဇုဆရာတော်၊ နန္ဒီစက ဆရာတော်တို့အား (၁၆၉၆)ခုနှစ်တွင် စေလွှတ် ကြွတော်မူ၏။ ပေရဒါနိယအနီး ဂေတဓမ္မအရပ်ရှိ မဟာဝါလုဂင်္ဂါမြစ်ထဲ၊ ဥဒကုက္ခေပရေသိမ်တော်ကြီး၌၊ ဥပသမ ဒရဟန်းခံပွဲတွင် မင်းပရိသတ်ပါဝင် ချီးမြေ ာက် ခဲ့ကြသည်။

ဤသို့ ရခိုင်ပြည်တွင်မက သီဟိုဠ်ကျွန်း သာသနာတော်ကိုပါ သန့်ရှင်းအောင် ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် အနောက်မဇ္ဈိမကလွဲလျှင် ရခိုင်ပြည်မှာ သက်တော်ထင်ရှား ဘုရားရှင်လက်ထက်ကပင် မဟာမုနိ ပ်ရှင်တော်ကို သွန်း မုနိငါးဆူစသည်တို့ကို သွန်းပြုကိုးကွယ်ခြင်း ဆံတော်ရှင်စေတီ (ဆံတော် ၄ ဆူ) ဦးဆံတော်စေတီ (ဆံတော်ရှစ်ဆူ)၊ တာဖိုဓ ရသေ့အား ပေးခဲ့သော နာဠာဂီရိတောင်ရှိ ဆံတော်စေတီတို့နှင့်တကွ မုန်စဲကျွန်းခြေတော်ရာ၊ မအီခြေတော်ရာ တို့ကို သက်တော်ထင်ရှား ဘုရားလက်ထက်ကပင် ပန ာ်ချခဲ့ရာ၊ ဒုတိယသာသနာ့ မဏ္ဍိုင်အဖြစ်ထင်ရှားခဲ့ပါသည်။ ဘုရားရှင်ပြန်ကြွတော်မူစဉ် သံဃာတော်(၂၁)ပါး (မဟာရာဇာဝင်အလို ၂၀၀)ကို ထားရှိရာမှ အဆက်မပြတ် ပွားများစည်ကားခဲ့ပြီး၊ အိန္ဒိယမဇ္ဈိမသာသနာ့ှုးလာသောအခါ သီဟိုဠ်ကျွန်းနှင့်တွဲဘက် ကမ္ဘာ့

သာသနာတော်၏ ချိန်ခွင်လျှာကို မတိမ်းစောင်းစေဘဲ၊ စင်ကြယ်သော ထေရဝါဒ သာသနာတည်ထောင် အားသွန်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ၊ အလွန်ပင် ကြည်နူး အားရဘွယ်ကောင်းလှပါပြီ။ ကြက်သီးတဖြန်းဖြန်းထ ဝမ်းသာမဆုံး သာဓုခေါ်မဝ ကြည်နူးရပါသည်။ ဗုဒ္ဓစာပေကား ကျန်းမာ၊ ချမ်းသာ၊ ငြိမ်းချမ်းရန်နှင့် လွတ်မြောက်ရန် ဖြစ်သည်။

ဗုဒ္ဓဘာသာဝင် သုတေသီသဘောမှာ သစ္စာတရား အမှန်သဘောဖြစ်သော ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်တို့ကို ကြာရှည်တည်စေလိုသည်။ အထူးသဖြင့် စိတ်ချမ်းသာမှုကို စာပေယဉ်ကျေးမှုက အပြည့်အဝပေးစွမ်းနိုင်သည်။ ပြည့်စုံသည်။ အပိုအလိုမရှိ၊ စင်ကြယ်သည်။ အခြားယဉ်ကျေးမှုတို့ကို ပြုပြင်ဖြည့်စွက်ပေးနိုင်သည်။ အခြားမှယူ ဖြည့်စွက်မွမ်းမံ စရာမလို။ မှတ် မကုန်၊ သင်လို့မဆုံး၊ တစ်သက် လေ့လာသော်လည်း မကုန်၊ မူသေသတ်မှတ်ချက်မရှိ။ အကြောင်းအကျိုးမှန်၊ နိယာမတရားတို့က တိကျသည်။ ပြောင်းလဲစရာမရှိ၊ ဗုဒ္ဓဝါဒ၌ တပြေးညီရှိသည်။ မေတ္တာဘာဝနာပွားများမှုဝယ် အန္တရာယ်ဖြစ်စေသော မာယာ–လှည့်စားမှု၊ သာဌေယျ–ကောက်ကျစ်မှု၊ ဝဉ္စနာ လှည့်ပတ်ဖြားယောင်းမှုအခြေတို့မရှိစေရန် စုံလင်စွာ ဟောကြားတော်မူသည်။ ထို့ကြောင့် စာရေးသူတို့က ယင်းကဲ့သို့ မာယာ၊ သာဌေယျ၊ ဝဉ္စနာတရားတို့ကို အတတ်နိုင်ဆုံးဖယ်ရှား တည့်မတ်သော သုတေသီစိတ်တင်ပြ ခဲ့ပါသည်။ ႐ုပ်ထွေးသော အရာတို့ကို နည်းဗျူဟာအမျိုးမျိုးသုံး သိလွယ်ရန် တင်ပြရခြင်းတော့ရှိခဲ့ပါသည်။ သို့သော် မလွှဲမရှောင်သာ တင်ပြရပါသည်။ ဗုဒ္ဓသာဝကတို့နှင့်တကွ လူသားမှန်သမျှသည် အနိဋ္ဌာ႐ုံတို့မှ ရှောင်ရှားလိုကြသည်။ မတရားကုန်းချောလာသည့်တိုင် အမှန်သို့ပြုပြင်ယူတတ်ကြ သည်။ ယင်းပုဂ္ဂိုလ်မျိုး လွန်စွာလိုအပ်သည်။ အကျွန်ုပ်တို့ကလည်း မွေးထုတ်ပေးကြ ရမည်။ ထိုလမ်းစဉ်မှာ ငြိမ်းချမ်းရေး သင်္ကေတလမ်းစလည်း အမှန်ဖြစ်လိမ့်မည်။ စာရေးသူမေ့မရအောင် စိတ်ချမ်းသာသောဖြစ်ရပ်တစ်ခုကိုတင်ပြရလျှင် တာဝန် ကျေမည်မဟုတ်ချေ။ အကြောင်းက ရခိုင်ပြည် မြောက်ဦးခေတ်အစ မင်းခရီ (နရနူအလီခင်)မင်းလက်ထက် (၇၉၅–၈၂၁/ကောဇာ)ဖြစ်သည်။ ထိုအလီခင်မင်း လက်ထက်တွင် အရှေ့ပြည်အဝဘုရင် ထုပါ႐ုံဒါယကာ နရပတိကစစ်ချီလာ ဖိုးခေါင်နွယ်ချိုတောင်သို့ရောက်သော်၊ အလီခင်မင်းကလည်း ကမာတွင်ရပ်ကာ အဝမင်းထံသို့ ဥ လင်းစားအမတ်နှင့် ရာဇသံပေးခိုင်းသည်။ ရာဇသံပေးရာတွင် ''ဗုဒ္ဓဆုံးမသြဝါဒများကိုအခြေခံ မင်းကျင့်တရားနှင့်ညီရန်လိုကြောင်း၊ အလာကောင်း လျက် အပြန်မစောင်းစေရ။ ကိုယ်ကမကွာ သမ္မာရှစ်ထပ်၊ စစ်ကွပ်လိမ္မာ၊ ပညာလက်နက်၊ ပိုးပုရွက်သို့ ၊ စစ်တက်လာကြ၊ လောဘသူပုန်၊ ကုန်အောင် သတ်ဖြတ်၊ အခွာတတ်မှ၊ မြတ်ရာသို့ ရောက်ကြမည့်အကြောင်း''ကို ကြားသိစေလိုက် သည်။ မင်းမြတ်မင်းကောင်းတို့မှာ သူတော်ကောင်းတရားကို အမြဲကျင့်သုံးသည်။

သီလကို အလွန်မြတ်နိုးကြသည်။ စစ်ကိုအလိုမရှိ၊ စစ်ကို အပြစ်မြင်သည်။ သတ်မှုကို လွန်စွာစက်ဆုပ်ကြသည်။ ခံစစ်(သို့မဟုတ်) မိုမသေပြုခြင်း၊ ကျူးကျော်ခြင်းများမှ မလွှဲသာ တိုက်ကြသည်။ ကြည့် အလီခင်မင်းက ထိုဝါဒကို လက်တွေ့ကျင့်သုံးကြ သည်။

အလီခင်မင်း၏ ရာဇသံစကားကြောင့်ပင် အဝမင်းက နှလုံးပျော့ပျောင်း သူတော်ကောင်းအဖြစ်ကို လက်တွေ့ပြကာ တုန့်ပြန်ခဲ့ပါသည်။ အဝမင်း၏ ရာဇသံတွင် လည်း ဗုဒ္ဓဩဝါဒကို ဦးထိပ်ရွက်ပန်ဆင်ကာ သင်္ခါရတရား ဓမ္မ၊ သဘောမှန်သမ္မတို့၏ အဖြစ်အပျက်ကို ဆင်ခြင်နှလုံးသွင်းတော်မူသည်။ သစ ၁လေးပါးမြတ်တရားကို အခြေခံကာ ''လောကီစည်းစိမ်၊ နေရိပ်ပမာ၊ စင်ကိုလျက် အကောင်ထင်မှား၊ တရားလွတ်ချေလျှင်၊ အလားအပြန်၊ မိစ္ဆာဉာဏ်မကင်း၊ အလင်းသို့မရောက်၊ ဝဲအောက်တွင်သာ လူးလားပန က်၊ ကျိန်စာရွက်သို့ မပျက်ခွန္ဓာ၊ သံသရာ၌ မိစ္ဆာတို့ အယူမြဲကြောင်း သူတော်ကောင်းတို့ဆိုခဲ့သော ကျန်းဂန်ကိုသိ '' စသည်ဖြင့် မြောက်ဦးပြည်သူတို့တရားဓမ္မနှင့်အညီ ကျင့်ကြံကြောင်းသိ ၊ အကြည်တော်လည်း၊ မင်းသမ္မာတို့တရားနှင့်ညီကြောင်း ''တရားလိမ္မာ၊ သာသနာတော်ကို သိမြင်တတ်သော မင်းချင်းဖြစ် ၊ ဓမ္မ ဝန၊ စည်းဝေးပြောဆိုကြရလျှင်၊ သာသနာတော်ကို ပွင့်လင်းသီတင်းအရှည် တည်ထွန်းမည့်အကြောင်းကြားလိုက်သည် အကြည်တော်'' ဟူ ဖြစ်ရာ၊ မင်းမြတ်နှစ်ပါး တရားလည်းညီ၊ မေတ ၁ရေချမ်း ဆွတ်ဖျန်းစွေ့စွေ့၊ ယုယပွေ့သကဲ့သို့ အပြန်အလှန်ပြောဆိုချက်တို့ကြောင့် ရန်အေးခဲ့ရသည်။

ထိုအခါ ပရိသတ်များနှင့်တကွ မင်းနှစ်ပါးချစ်ကြည်စွာ တွေ့ဆုံကြပြီး အမတ်ချင်း မင်းညီမင်းသားချင်း စစ်သည်ချင်း တစ်ဦးအဝတ်ကိုတစ်ဦးယူ ဝတ်ကြ ဆင်ကြ၊ မိတ်ဖွဲ့ကြ ချစ်ကြည်ရေးသရဖူကို ဆောင်းနိုင်ခဲ့ကြလေသည်။

❖❖❖

# အကျွန်သိသော ရခိုင်ရိုးရာ ဓလေ့စရိုက် ထုံးစံတံထွာ တိုစများ (၁)

**နတ်မြစ် ညိုဖံမောင်-စပ်စုသည်**
**ရခိုင်တန်ဆောင်မဂ္ဂဇင်း(အမှတ်-၉)**
**၁၉၆၀-၆၁ ခုနှစ်**

"ထွက်သည့်ထုံးဟောင်း၊ နိမိတ်ပေါင်းမှာ၊ လောကီသာတည်း။
ပညာဝေဘန်၊ အမြင်သန်မှ၊ သုတံကဝိ၊ အသိမြောက်များ၊
တရားကိုသာ၊ လိမ္မာနိစ ၊ သာဓိနဇာတ်၊ ထုံးမှတ်သင့်စွ၊
သီလဝမင်း၊ နှလုံးသွင်းသို့၊ ရန်ကင်းပယ်ချွေ၊ ပျောက်ရလေသည်။
မှန်ပေမုချ ယွင်းမခွ"

**(မင်းဖလောင်းလက်ထက် မဟာပညာကျော်လျှောက်ထုံးမှ)**

ဖော်ပြပါလျှောက်ထုံးဖြင့်၊ ရခိုင်အမတ်ကြီး၊ မဟာပညာကျော်သည်၊ မင်းဖလောင်းလက်ထက် ရှေးသူဟောင်းတို့ ထုံးပုံတို့မှာ လောကီသာဖြစ် ပညာဝေဖန် ချင့်ချိန် ယူသင့်သည်ကို ယူရန်နှင့်နှလုံးမူဘို့အကြောင်းကို ႀကားခဲ့ပေသည်။ ထို့နောက်၊ လောကီမှုဆိုသမျှ၊ သူတော်ကောင်းကို အပြစ်မပြုနိုင်ပါဟုလည်း ဆက်ပြဆိုခဲ့သည်။

ထို့ကြောင့် ဤရခိုင်ထုံးနဂုံးဓလေ့စရိုက်သည် အမှန်မုတ်ချ အကျိုးများသည် ဟုလည်းမဆိုလို၊ အကျိုးမများလှဟုလည်း မဆိုလို၊ စင်စစ်သော်ကား သူတော်ကောင်းတို့၏ ပြုလုပ်ထားရှိခဲ့ရာများမှာ အပြစ်ရှာစရာအလွန်နည်းပါးပြီး ကျင့်ကြံသင့်သည်နှင့် ထိမ်းသိမ်းအပ်သည့် ယဉ်ကျေးမှု၏အဓိကအခြေခံပင်ဖြစ်ပေသည်။

ဤရခိုင်ဓလေ့နှင့်ပါတ်သက်   ရေးသားဘော်ပြပါ   မဟာပညာကျော်ကဲ့သို့ ပညာရှိကြီးများကို အတုယူရမည်ဖြစ်သည်။ ထိုပညာရှိများသည် တိုင်းပြည်နှင့်နိုင်ငံ အမျိုးသားတို့အတွက် အကျိုးများကို ထုံးဟောင်းနှန်ပြလျှက် နှန်ပြပဲ့ကိုင် ဦးဆောင်မှု ပေးခဲ့သူများဖြစ်ခဲ့ကြကုန်၏။ မဟာပညာကျော်၏လျှောက်ထုံးများမှာ ရှေးထုံးကိုများစွာ အခြေခံပြီး၊ သပဒေသ ရယူစေနိုင်ရန်အထိ၊ နည်းပေးလမ်းပြမှု ယဉ်ကျေးမှုများကို ခိုင်မြဲစေနိုင်လေ၏။

ဤသို့လျှင် ထုံးဟောင်းဓလေ့နှင့်ပတ်သက် ''ရှေးထုံးကိုမပယ်နှင့်၊ ဈေးသုံးကို မလွယ်နှင့်၊ ရှေးထုံးကိုပယ်က လွဲတတ်သည်။ ဈေးသုံးကိုလွယ်က မွဲတတ်သည်''ဟု ပညာရှိများ ဆိုထုံးရှိခဲ့ပေသည်။ ဖော်ပြပါ ထုံးဟောင်းကို မပယ်သင့်ရန်နှင့် မဟာပညာကျော်သည် မိမိ၏လျှောက်ထုံး၌ ''မိဘ ဘိုးဘေးအသုံးအဆောင်ကို ဖျက် ၊ ရှေးမင်းတို့အသွား အနေအစား၊ အပြောမတူ၊ ရှေးထုံးလွတ်သောကြောင့် ကပ်ဥပဒ် ဆိုက်ရောက်ပျက်စီးဘူးပါသည်''ဟုဆိုလေသည်။

ငင်းပြင် မင်းဖလောင်းသည် ပြင်မြို့ကိုဖျက် လုပ်ရန်စေခိုင်းမှုနှင့်ပါတ်သက် မဟာပညာကျော်က ဤသို့လျှောက်ထားခဲ့သည်။ ထုံးမှုစနစ် မှတ်တမ်းလာသည်မှာ မှတ်သားစရာကောင်းလှ၏။

ထိုလျှောက်ထုံး၌''အရှင်မင်းကြီး  ဘေးတော်ဘိုးတော်ခမည်းတော်တို့ သင့်လျှော်တင့်သမျှ၊ လုပ်ဆောင်ထားခဲ့သမျှကို မဖျက်မဆီးကောင်းပါ၊ တကြောင်းတုံ လည်း၊ လူတို့၏ အရှင်အထွဋ်အထိပ် ဖြစ်တော်မူသော မင်းကေရာဇ်တို့ စံတော်မူရာ မြို့ နန်းထီး ပဟိုရ်စည် နာရီ ထိုလေးပါးသည်  စတုစက်ထွန်ရာမင်္ဂလာချည်းဖြစ် အဟောင်းအနွမ်းဟူသမျှကို ရှေးမင်းတို့သုံးဆောင်ဘူးသည်မရှိ၊ မသုံးဆောင်သင့်ပါ၊ ဥပမာသော်ကား တပင်ထက်ပွင့်သောပန်းသည် ထိုအပင်မှ ကြွေကျစေကာမူ၊ တဖန်အပင်သို့ ထိုပန်းပြန် မရောက်နိုင်သကဲ့သို့ ရှေးသူတို့ လုပ်ဆောင်ထားခဲ့သမျှ၊ မိမိတို့နေရာတွင်သာ ဟောင်းနွမ်းဆွေးစေရာသည်၊ ထိုကြောင့် ရှေးဟောင်းလက်ရာ များ၊ သမိုင်းဝင်ဌာနများ၊ ယဉ်ကျေးမှုအပါအဝင်တို့အား တန်ဘိုးထားသင့်ကြောင်းမှာ များစွာ အမြော်အမြင် ရှိသည့်ပညာနှင့်ပြည့်စုံကြောင်း ထင်ရှားသိသာနိုင်သည်။

ငင်းပြင်မင်းနှင့်ပါတ်သက်သော အဓိပတိသုံးပါးကို မဆိတ်အပ်ကြောင်း လျှောက်ထုံး၌ အောက်ပါအတိုင်းဖော်ပြသည်။

တကြောင်းမှုလည်း၊ ရေမြေသနင်း၊ မင်းကျင့်အပ် အဓိပတိသုံးပါးရှိပါသည်။ မင်စက်တော်မူသော ကြက်သရေ နန်းဆောင်၊ သဘင်ခံရာ ရာဇပလ္လင်ရှိသော နန်းဆောင်၊ ဘေရိစည်ကြီး ပဟိုရ်စည်ရှိသော နန်းဆောင် ထိုသုံးရပ်အဓိပတိတို့သည် ပြည့်ရှင်မင်းရှိလျှက် မဆိတ်ညံအပ်ပါ''။

ယင်းသို့ ထုံးဟောင်းနှင့်လျှောက်ထားခဲ့သည်များမှာ များလှစွာ၏။ ငင်းပြင် ဒါဂါမြို့တွင် နန်းတော်ရာ၌၊ ကုလားသေဌေး အစလင်က၊ တိုက်ဆောက်လိုကြောင်းနှင့်

ဒါဂါစားကို ပြောဆိုမှုနှင့်ပါတ်သက် လည်း ဇာတ်ဝတ ပုံပြင်ထုံး များကိုထောက် ''လူတို့၌ မိကြီးဘကြီးလုပ်ဆောင်ထားခဲ့သော အခမ်းအနား၊ အဆောက်အဦးတို့ကို မဖျက်ကောင်းပါ၊ ဖျက်ဆီးချေသော်၊ အကျိုးမရှိ၊ အပြစ်သာရောက်ပါကြောင်းနှင့် ''လျှောက်ထားခဲ့သဖြင့် မင်းကမပျက်စေရန် စောင့်ရှောက်ထားခဲ့ရသည်ဟု ပါရှိသည်။

ထိုသို့ထုံးဓလေ့နှင့်ပတ်သက်သမျှ ပညာရှိ မဟာပညာကျော်ကား ကိုးကား ၍နိုပြသည်တို့၌ အလွန်အရေးပါကြောင့် တွေ့သိနိုင်သည်။ တရားစီရင်မှုတို့၌လည်း ထုံးကိုပင် များစွာထုတ်ဆောင်သည်ကို တွေ့နိုင်သည်။ ယခုခေတ် စီရင်မှုထုံးလည်း ကျင့်ထုံးကိုမှီးရသည်သာ များလှပေသည်။

ဤရခိုင်ိုးရာ ထုံးဓလေ့နှင့် ရေးသားရမည့်အတွက် မဟာပညာကျော်၏ ထုံးကိုလည်း နှလုံးပြုမိကြပြီးနောက် စိန်တင်စားနှင့်မြို့သစ်စား အမတ်ကြီး ဦးရွှေသဲ၊ မယား၊ စိန်တင်နှင့်ိုးစား၊ အမတ်ပညာဟိ သီရိမလ္လာဒေဝီဘွဲ့ခံ မိပန်းရုံကိုလည်း၊ ထုံးဟောင်းချင်မ တစ်ဦးအနေဖြင့် ဘော်ပြရပေမည်ဖြစ်သည်။ ထိုရခိုင်ထုံးစဉ်နှင့် ပတ်သက် မိပန်းရုံသည် ပါရာကျမ်းထွက်အတိုင်း ဖွတ်တက်၊ မိုးကြိုး၊ ပျားစွဲ၊ ငှက်နား၊ တောသားမြို့ဝင် စသောနိမိတ်ထုံးကို အောက်ပါအတိုင်း လင်္ကာဖြင့် လျှောက်ထုံးပြုခဲ့ပေသည်။ သိသာရန်ဘော်ပြပေအံ့။

''မှတ်လော့ရှင်လူ၊ ခပ်သိမ်းသူတို့၊ စွဲယူသင့်ကြောင်း၊ နိမိတ်ပေါင်းကို၊ သူဟောင်းစကား၊ တောသားသတ ဝါ၊ မြို့ရွာတက်ရောက်၊ လန့်ကြောက် သာ၊ ပြေးခဲ့လာမူ၊ ပစ္စာမရှိ၊ မိမိအလျှောက်၊ ဝင်ရောက်မြူးခုန်၊ ပြတုန်သောထွေ၊ နေလာပေက၊ ရွာနေအကြီး၊ အပြီးစိုးနှောင်း၊ ခန္တာပြောင်းလိမ့်၊ အကြောင်းအမှာ သတ ဝါပင်၊ ပြင်းစွာအသံ၊ မြည်ပြန်တုံလတ် မချွတ်မြို့ရွာ၊ ပျက်တတ်စွာတည်း၊ မြွေဖားဖွတ်မျောက်၊ အိမ်သို့ရောက်သော်၊ နောက်ကိုမနေ၊ စွန့်ပစ်ပေလော၊ လင်းမြွေငန်းကျား၊ တက်လှာမှားအံ့၊ အလားသင့်ပင်၊ အိမ်ရှင်နွမ်းရိ၊ ရှိသူမှန်စေ၊ ဖြားရေကဲ့သို့၊ တက်ဘိစီးပွား၊ ချမ်းသာများ လိမ့်၊ ကြီးမားဂုဏ်ရှင်၊ ဖြစ်ခဲ့လျှင်လည်း၊ ကုန်စင်နိမ့်ကျ၊ ပျက်ရမချွတ်၊ အမှတ်ရှေ့လာ၊ စာ ကျီး ဆက်ရက်၊ သုံးရပ်ငှက်မှ၊ နားသမျှမှာ၊ ယတ ရာပေ၊ ပြုလေခေါင်းဆေး၊ အရေးသင့်လှ၊ ထိုမှတခြား၊ တည်းပျား အိမ်တွင်၊ ဝင် ခေတ ၊ နိမိတ်ပြသော်၊ ကြေမွထွားညက်၊ အသက်ကိုမျှ အရကြိုးလေ၊ အနေသင့်စွ၊ ကာလအရှည်၊ အိမ်နှင့်တည် ၊ ပျံသည်အခါ၊ အရသာတွေ့၊ သူ့အရေကို၊ ယူလေဆောင်ငြား၊ ထိုပျားသွားရာ၊ ယတ ရာဖြင့်၊ နံ့သာမွှေးပေါင်း၊ ဖယောင်းဆီမီး သစ်သီးပန်းမျိုး၊ ရေပြည့် အိုးတွင်၊ မှိုးသပြေ၊ မြေဇာစကား၊ စိုက်ထားစေလျှင်၊ သဲကိုခင်းလျှက်၊ နေ့ချင်းတွင်ပင်၊ လင်နှင့်မယား၊ နှစ်ပါးစုံစွာ၊ ခေါင်းဆေးရာ၏၊ ရသာစုံပေ၊ ထိုပျားရေကို၊ အနေမပျက်၊ ထားလျှက်ပျံသော်၊ ကောင်းပြီးကျော် လိုတော်ရှိတုံ၊ ပြီးပြည့်စုံနှင့်၊ လူ့ဘုံထင်ရှား၊ အကျိုးများလိမ့်၊ မှတ်သားစွသုံး၊ ရှေးထုံးကဝိ၊ ပညာရှိတို့၊ အသိလိမ္မာ၊ အက္ခရာစည်း၊ ကမ,ည်းအတွက်၊ မိုးကြိုးစက်

လည်း၊ လူ့ထက်တွင်သာ၊ ကျပြန်လာမှု၊ ထိုသူကိုယ်၌၊ မခိုက်မထိ၊ ပကတိလျှင်၊ ရှိသည့် ဖြစ်သော်၊ တန်းခိုးကျော် ၊ ထင်ပေါ်စို ၊၊ ဘုန်းတန်းတိုး၏၊၊ ပုထိုးကျောင်းသိမ်၊ အချိန်သင့်ချင်၊ သစ်ပင်တောတောင်၊ တောက်လောင်ပစ်ချိုး၊ နတ်ဆိုးမိစ္ဆာ၊ ခိုဝင်ရာသည်၊ အိမ်မှာကျလတ်၊ ဥပဒ်အဖြေ၊ မနေစွန့်ပစ်၊ အိမ်သစ်ဆောက်မှ၊ ချမ်းသာရသည်။ လောကမှတ်သုံး ရှေ့ကျင့်ထုံး''

ဤသို့တိတ်နိမိတ်ထုံးဟောင်းသည်လည်း လူတို့၏မင်္ဂလာအတွက် စောင့်စည်းကျင့်သုံး လိုက်နာထိုက်သည်များရှိသည်ကို လောကီအရာ၌ များစွာလာပေသည်။ အမတ်ကြီး မဟာပညာကျော်သည် လောကီရေးမှာ ပညာဖြင့် ဝေဖန်၊ ချင့်ချိန်ရန်နှင့် ပတ်သက် မင်းအားလျှောက်ထားသည့် ထုံး၌ ဤသို့လာရှိသည်။ ဘော်ပြရ သော် က ာ း...

''တကြောင်းမှတည်း။ ။ အာကာမိုးလတ်၊ နက္ခတ်နေလ၊ နဝတာရာ၊ ရှစ်ဖြာဂြိုဟ်သွား၊ ဂြိုဟ်စားဂြိုဟ်စု၊ ဥတုသုံးလီ၊ ရာသီသုံးရပ်၊ နေကြပ်လပုပ်၊ မြေလှုပ်တော်လဲ၊ နတ်ပွဲအမြောက်၊ ပစ်ဖောက်အသံ၊ ဥပါပုံနှင့်၊ သည်းထန်မိုးစွေ၊ နေလည်းနှစ်စင်း၊ လတွင်းကြယ်သွား၊ နဂါးစက်နတ်၊ ထောင့်ခတ်ဖီလာ၊ ယတ ရာနှင့်၊ ဇာတာစန်းလက်၊ ဂြိုဟ်ပျက်ငှက်ယုတ်၊ စုန်းဘုတ် တစ္ဆေ၊ ဖွတ် မြွေ ပျားစွဲ၊ ပြေကွဲတိမ်ခိုး၊ မိုးကြိုးလောင်မီး၊ ရေစီးညာဆန်၊ မြတ်မွန်ပုထိုး၊ အခိုးရောင်ခြည်၊ ထွက်သည် ထုံးဟောင်း၊ နိမိတ်ပေါင်းမှာ၊ လောကီသားတည်း၊ ပညာဝေဘန် အမြင်သန်မှ၊ သုတံကဝိ၊ အသိမြောက်များ၊ တရားကိုသာ၊ လိမ္မာနိစ ၊ သာဓိနဇာတ်၊ ထုံးမှတ်သင့်စွာ၊ သီလဝမင်း၊ နှလုံးသွင်းသို့၊ ရန်တင်းပယ်ခွေ၊ ပျောက်ရလေသည်။ ။ မှန်ပေမုက္ခ ယွင်းမခွ''

နိမိတ် တြင်း၊ တဘောင် တိတ်ထုံး သိုက် စနဲ အင်း အိုင် ဗေဒင် ယတ ရာ ယာယီတို့မှာ လောကီအရသာ စင်စစ်ဖြစ်ခဲ့ကြသော်လည်း ရှေးပညာရှိများသည်။ သုတပညာ ကဝိလက္ခဏာစွဲစွာ တတ်မြောက်ကျွမ်းကျင်ခဲ့ကြပေ၏။ လောကသစ ံ နာသစ ံ။ ဆိုသည့်အတိုင်း မှန်သည်ဟု လုံးဝမဆိုသာချေ၊ သို့သော် ပညာတစ်ရပ် အနေဖြင့် ဘယ်ခါမှမမှိုးခဲ့။

ရှေးအစဉ်အလာကပင်၊ တိုင်းပြည်နှင့်လူမျိုး ဘုရင်နှင့်ပြည်သူကအစ ဤလောကီ ရေးရာနှင့် လက်ခံလာခဲ့ရသည်။ သို့သော် မဟာပညာကျော်ကဲ့သို့သော ပညာရှိများတို့၏ ဝေဖန်မှု၊ ပြုပြင်သင့်မှု၊ လက်ခံသင့်သမျှလက်ခံရန် ယူဆလာမှု နောက်ပိုင်းမှာမူ၊ ပို အလားအလာ အမြင်သန်မာလာခဲ့ရပေ၏။

သို့သော် ဤထုံးနဂုံးဓလေ့မှာ အကျိုးရှိသင့်သလောက် ရှိကြမည်ဖြစ်သော်လည်း အပြစ်ဘက်ကား များစွာဦးလှည့်မည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် လူသည် လောကသားဖြစ်ကြသည်။ လောက၌ ကောင်းကျိုးမင်္ဂလာနှင့် မကောင်းကျိုးမင်္ဂလာသည် ရှိလေရာ ကောင်းကျိုးမင်္ဂလာအတွက် လူတိုင်းက မင်္ဂလာမှုပြုလိုကြ၏။

မင်္ဂလာမှုပြုလုပ်မှုမှာ ကောင်းကျိုးတက်ရန်သာ သက်သက်ရည်မြော်ခဲ့ရသည်။ ထို့ကြောင့် ဤလောက၏ လူမှုရေးရာမင်္ဂလာအတွက်လည်း ဤထုံးဓလေ့မှာ ယဉ်ကျေးမှုဖြစ်စေရာသည်။ ယဉ်ကျေးမှုဟု ယခုတိုးတက်သော ခေတ်အမြင် အယူအဆအရ ယုံကြည်ကိုးကွယ်မှု၊ ယူဆမှုဓလေ့ထုံးစံ စသည်တို့သည် ပါဝင်ကြောင်း လက်ခံလာရသည်မှာ သင့်လျော်ပေသည်။ ဤရခိုင်ယဉ်ကျေးမှုထုံးစံအတူ လူမျိုးတိုင်း တွင်လည်း ဤသို့ထုံး ကျင့်သုံးမှုများရှိကြမည်ကို ပေါ်လွင်နေပြီးဖြစ်၏။ ထိုကြောင့် ဤရခိုင်တို့၏ယူဆမှု၊ လက်ခံလာမှု၊ အလေ့အထရှိလာခဲ့မှုတို့သည် မင်္ဂလာနှင့် ယဉ်ကျေးမှုအတွက် ရှေ့ပညာရှိများသည် မဖန်တီးခဲ့ဟု မဆိုနိုင်ပေ။ လောကီအရာ၌ ရှေးသူဟောင်းကို အပြစ်မပြုသင့်ကြောင်း မဟာပညာကျော်၏ စကားကို လက်သုံး လိုက်နာပြီး ယနေ့ကျွန်ုပ်တို့ကလည်း ရခိုင်တို့၏တိမ်မြုပ်နေသော ထုံးဓလေ့၊ ကျင့်သုံး နေသော စိုက်တံထွာတို့ကို မင်္ဂလာနှင့်ယဉ်ကျေးမှုအတွက်သာ ထိုက်သင့်သလို ကျင့်သွားနိုင်ကြစေရန် ခေတ်မှီပြုပြင်ပေးကြဘို့နှင့် ရှေးထုံးဟူသမျှ ပယ်ရှားမပစ်ဘို့ကို လည်းကောင်းလိုအပ်သည်။ ၎င်းပြင် ဤထုံးဓလေ့ဖြင့် ရခိုင်တို့၏လူနေမှုအဆင့်အတန်း ယဉ်ကျေးမှုအဆင့်အတန်းကို လေ့လာနိုင်ရန်နှင့် ရခိုင်ရာဇဝင်၊ ရခိုင်လူမျိုးအဆက်နွယ် လာပုံ လူ့သမိုင်းကို ဆက်စပ်လေ့လာနိုင်ကြပါရန် အခြေခံတို့လည်း လိုအပ်သင့် ကြောင်း တိုက်တွန်းလိုပေသည်။ ထိုသို့ ရှေ့မူကြောင့်သာ ကျွန်ုပ်သည် ဤရခိုင်အမျိုး တို့၏ ထုံးဓလေ့ကို ယနေ့ထိ စိတ်ဝင်စားနေမိသည်။ ကျွန်ုပ်၏ စုဆောင်းမိသမျှကို ထိုက်တန်ရာ ရခိုင်ထုံးဓလေ့များကို အောက်၌ဆက်လက်ရေးသား ဖော်ပြပါမည် ဖြစ်သည်။

## ရခိုင်ရိုးရာ ဓလေ့ထုံးစံရှိလာရခြင်းများ

ရက္ခပူရ ဓညဝတီ ရခိုင်ပြည်၌ ထီးနန်းစိုက် စိုးတော်မူကြသော ဘုရင် မင်းမြတ်တို့ ပြုလုပ်တော်မူကြသည်မှာ ရခိုင်ပြည်၊ ရခိုင်လူမျိုးအစ ဖြစ်ပေါ်လာသော နေ့ရက်သည် ဗုဒ္ဓဟူးနေ့ဖြစ်သောကြောင့် ထီးနန်းစိုက် မြို့တည်ကြသောအခါ၌ မြို့၏တည်ရာဌာနတွင် ဗုဒ္ဓဟူးဂြိုဟ်မင်းနှင့် ရာဟုဂြိုဟ်မင်း၏ တည်ရာဌာနဖြစ်သော အနောက်မြောက်ထောင့် အရပ်ဝယ်၊ မိမိတို့နံဂြိုဟ်တိုင်ကို စိုက်ထူပြီးလျှင် အမျိုးလေးပါးတို့၏ အသက်ရှည်ခြင်း၊ အန္တရာယ်ကင်းခြင်း၊ ဘေးကင်းခြင်း၊ အကျိုးငှါ လည်းကောင်း၊ ပူဇာရဟာပြုလုပ်ကြရန် သက်တော်ရှည် သက်တော်ရဟု တည်ထားမြဲ ဓမ္မတာရှိလေသည်။

ထိုတည်ထားသော စေတီမြတ်၌လည်း မိမိနံဂြိုဟ်ကို အဓိပတိထားပြီးလျှင် ကိုးနဝင်း သုံးဆဲ့ခြောက်တြင်း နက္ခတ် နှစ်ဆဲ့ခုနှစ်လုံးတို့ဖြင့် ချလှည့်လျက် တည်ထားမြဲ ရှိလေသည်။ ရခိုင်အမျိုးလေးပါး ခြားနားခြင်းဖြစ်သော အချိန်နာရီသည် ဗုဒ္ဓဟူး နေ့ရက်ကို ရခိုင်မျိုးနွယ် ဝံသဟူသမျှတို့မှာ ရက်မြတ်မင်္ဂလာဟု အတည်ပြုလျက်

ရှိလေသည်။

ထို့ကြောင့် အမင်္ဂလာဟု သမုတ်အပ်သော မသာ အသုဘတို့သည် ပို့ထမ်းဆောင်ခြင်းအမှုကို ထိုနေ့ရက်၌ မပြုကြရဘဲ ယခုတိုင်အောင် ရှောင်ကြည်လေ့ထုံးစံရှိလေသတည်း။

ဤသည်ကား ရခိုင်မဟာရာဇဝင်တော်ကြီး၌ လာသောကျင့်ထုံးဖြစ်၏။

အကြင်ဘုရား၏ ထီးကျသည်ရှိသော် လူပျိုလူငယ်တို့သည် ကိုင်တွယ်မတင်အပ်၊ သက်ကြီးသူတို့ တစ်ခုလပ်တို့သည် တင်ကုန်ရာ၏။ သံသရာကို ရည်မှတ်တင်အပ်၏။ ငှားရမ်း သော်လည်းတင်အပ်၏။ အခကြေးငွေသော်လည်း မည်မျှမည်ရွေ့ပေးမည်ဟူ လုပ်ဆောင်စေအပ်၏။ ရဟန်းသံဃာသီတင်းသုံးသူတော်တို့အား လုပ်စေအပ်၏။

ဗောဓိညောင်ပင်၊ ကန့်ကော်ပင်၊ လက်ပံပင်တို့ကို အိမ်တွင်မစိုက်အပ်၊ ပေါက်သည်ရှိသော် ကြီးမြင့်အောင် အိမ်ပါးတွင် မထားကောင်း၊ အိမ်ရှင်ပျက်စီးရာ၏။ အသက်ထက်ဆုံး ဆင်းရဲတတ်၏။ အိမ်မှာအရိပ်လည်း မဖုံးလွှမ်းကောင်း။

လှေဂါးဟောင်းကို(လှည့်)လဲလို လှေဂါးသစ်ထည့်မည်ဖြစ်လျှင် လှေဂါးဟောင်းထက် တတောင်တထွာသာ (ပို )လုပ်အပ်၏။ မသာပဲလုပ်ချေသော် အိမ်ရှင်တို့သည် ပျက်စီးပြုန်းတီးတတ်၏။

ဤသည်မှာ ကျေးဇူးတော်ရှင် နတ်မြစ်နခေါင်းချောင်းဆရာတော်ဘုရား၏ မှတ်စုပြုထားသည်။ ရခိုင်လောက သမုတိ လာ ရခိုင်ိုးရာအယူအဆထဲမှ ကြားနာမှတ်သားခဲ့ရသော ဩဝါဒများဖြစ်ကြ၏။

သစ်ပင်မှာ အသီးသီးနေသည်ကို လက်ိုးမထိုးရ၊ ထိုး လည်းမပြရ၊ အသီးပုပ်တတ်သည်။ တနည်း ကန်းတတ်သည်ဟူ၏။

''ဒီကလေး အလွန်စားနိုင်ပါကလား''ဟုမဆိုရ၊ အံ့ကျတတ်သည်။ သူတစ်ပါး အံ့ကျ (ဝါ)နှုတ်စကားမကောင်းသူတို့ဆိုမိသဖြင့် ဒိုးခေါ် ခုံညင်းကို မီးတွင်မွှေးဖုတ် ဒိုးမီးပေါက်သည်ဘက်သို့ အံ့ကျသောခလေး၏ ကိုယ်ခန္ဓာကို လင်းလှေ့ရေဖြင့်ဆေးကြောသုတ်သင် ''ရော့ အံ့–သွားလေ''ကောင်းပါစေတော့၊ သာပါလေစေတော့၊ ကောင်းပါဘိလေး၊ သာပါဘိလေးဟုဆိုကာ လက်ခြေတို့ကို ဆွဲလျက်သည်ဟိုလွှဲပြီးပွေ့ဘက်ချီရလေသည်။ ထိုဒိုးကိုလည်း အိမ်သာထဲသို့ ပစ်လိုက်ရလေသည်။ (အံ့မကျစေနိုင်ရန် ရခိုင်အိမ်တိုင်း၌ ဒိုးထောင့်ဆွဲပေးလေ့ရှိသည်။)

ညနေတွင် တစ်ရပ်တစ်ပါး တစ်ခြားသို့ ထွက်သွားလိုက အိမ်၏မိုးစွန်းဖျားဖြစ်စေ၊ ခနိမြိတ်ဖျားကိုဘဲဖြစ်စေ၊ နားမှာပန် ထွက်သွားရသည်။ အိမ်သို့ ည ညဉ့်အချိန်မတော်ဝင်လာလိုသော် ''ပက်က ''ဟု ဖနောင့်သုံးချက်ပေါက်ဆောင့်ကာ ဝင်လာရလေသည်။ တစ္ဆေမြေဖုတ် မိစ္ဆာများ၊ ပူးယှဉ်ကာပါလာတတ်သည့်အတွက် နှင်ပစ်လွှတ်ခြင်း၊ ပရိယာယ်တစ်မျိုး (ဝါ) ခြိမ်းခြောက်လွှတ်ခြင်း

တစ်မျိုးဖြစ်သည်။

ကောက်ဦး သီးဦး ပျိုးဦးချသောအခါ ဆွမ်းပန်းပို့ ဂုံလျှော်ပင်၊ ကဖွန်းပင်များကို သင်္ကြန်စာတွက်ချက်အရ ကောက်ဦးစိုက်ချပိုးရမည့်နေ့ လယ်ကွက်(ဝါ) တောင်ယာကိုင်းပြင်၏ဒေါင့်မှာ ဦးစွာစိုက်ချရသည်။ ဤဓလေ့မှာ လျှော်ပင်မှာ ရှည်လျားခြင်းဖြစ်ပြီး၊ ကဖွန်းပင်မှာ အခက်အလက်ပွားတိုးခြင်းတို့ကြောင့် မင်္ဂလာယူရာဖြစ်သည်ဟူ၏။

အိမ်ဦးခန်း အလယ်ခေါင်းရင်း အခန်းဆီးထရံ (အိမ်ဦးထရံလည်းဟူ)ကို ဓါးမထိမတင်မရှုစေရ။ ခြေဦးလည်းမလှည့်ရာ (ခြေမကန်ရလည်းဟူ)အကြောင်းသော် အိမ်ရှင်မနတ်မနာလိုဟု အယူရှိကြသည်။ ၎င်းပြင် လူသေသော်သာလျှင် ဤသို့ပြောင်းပြန် အိမ်ဦးကို ခြေဘက်ထား အသုဘမသာပြုံးထုံးစံရှိရကား မင်္ဂလာမရှိရာ၌သုံးစွဲသောကြောင့် မင်္ဂလာအတွက်မူ အသုံးမပြုအပ်ထိုက်လေ လည်းဖြစ်သည်။

အိမ်ဝင်းခြံ မည်သည့်နေရာတွင်မှ ခေါင်းအုံးစာပင် ခေါ် လဲပင်ကိုလည်းကောင်း၊ လက်ပံပင်ကိုလည်းကောင်း၊ လုံးဝမစိုက်ပျိုးအပ်ပေ။ အလျှဉ်းပယ်အပ်၏။ ငှက်ပျောပင်စိုက်ပျိုးရာ၌လည်း အိမ်၏တောင်ဘက်ကလည်းကောင်း၊ အိမ်ရှေ့ကသော်လည်းကောင်း၊ မစိုက်ပျိုးရချေ။ အချို့စိုက်ပျိုးလိုသူများက စဉ်တိခပ်ပြသည်ဟုခေါ်သောနိမိတ်ပြန်ပြောင်း (ဝါ)ယတြာပြန်သဘောကဲ့သို့ ''နင်က ဂရင်၊ ငါကဘုရင်''ဟုလည်းကောင်းဆိုကာ ခြေဖြင့်ကျော်လွှား စိုက်ပျိုးကြသည်။ ဂရင်ဆိုသည်မှာ ငှက်ပျောဂရင်တစ်မျိုးအမည်ဖြစ်၏။ တစ်ခြားငှက်ပျောကိုလည်း အမည်ကိုဖော်ကာ ပြုတတ်ကြပါစေ၊ ဤနည်းမှာ အပြုနည်းကြသည်။ အိမ်၏မြောက်ဘက်(ဝါ)အိမ်၏နောက်ဖေးဘက်ကသာ စိုက်ချမှုကများလှသည်။ ရှေးသူကြီး သူမများ အလိုအားဖြင့် အိမ်ကို အရိပ်အာဝါသ နေရောင်ကွယ်ကာမည့် နေရာဟူသမျှ၌ ဂရင်းမျိုးငှက်ပျောကို မစိုက်ပျိုးသင့်ဟုဆိုလေသည်။

ကျွန်ုပ်တို့ အနောက်ပြည် နတ်မြစ်ဒေသများ၌ ရခိုင်များသည် မိဘဖိုးဖွားဝိုးရာထုံးစံကို လိုက်နာလျက်၊ အိမ်ဦးတွင်လည်းကောင်း၊ ဝဲယာနှစ်ဘက်တွင်လည်းကောင်း၊ မစိုက်ပျိုးကြဘဲ အိမ်၏နောက်ဖေးဖက်တွင်သာ စိုက်ပျိုးကြုံးရှိသည်။ သို့သော်လည်း တစ်ခြားအိမ်စဉ် အိမ်ဆက်တန်းမလွတ်က စိုက်ပျိုးခြင်းမရှိကြကုန်။ အကြောင်းမှာ ငှက်ပျောတုံး လက်ပန်တုံးသည် သစ်ကောင်းသစ်မာမဟုတ်ကြသဖြင့် မင်္ဂလာမဲ့သည်များအဖြစ် ရှောင်ကြဉ်ကြသည်ဟူ၏။

လင်သေသောမိန်းမ၊ မယားသေဆုံးသောယောကျ်ား(မုဆိုးဖို၊ မုဆိုးမ)တို့ကို ခုနစ်ရက်တိုင် တစ်ခြားတစ်အိမ်ကို မသွားမလာစေရ၊ သွားလာခြင်းလည်းမပြုရ၊ မင်္ဂလာမရှိ လင်ခေါင်းစား၊ မယားခေါင်းစားဖြစ်သည်ဟု ဟိနသရော်ကာ ႁပ်ချသည့် အမူအရာကို ပြုလေသည်ဟူ၏။

ဖနောင့်ထိမိလျှင် ခြေဖနောင့်ဆောင့်ကာ ''ထို့ပက်ကႉ''ဟုဆို စဉ်တိခပ်

ပြုကြရသည်။ ဤသို့စဉ်တိ ခပ်ပြုပုံနှင့် ထုံးမှာများစွာရှိသည်။ သီးသန့်ရေးသားမှ ပြည့်စုံရာမည်။ စဉ်တိခပ်တနည်း ဥပမာသော်က ''ကျောက်ကပေါ့ပေါ့၊ ငါက လေးလေး၊ (ကျောက်ကပပ့၊ ငါကလလီး–ရခိုင်အသံထွက်)ဟုဆို ကျောက်ထက်တွင် ထိုင်ရသည်။

ကြယ်ကြွေကျလာသည်ကိုမြင်က ''နင့်ကိုကြည့်စွာမဟောက် အဘိုးအဘောင်ကို ကြည့်စွာရာ''

(သင့်ကိုငါကြည့်ခြင်းမဟုတ်လို ငါ၏အဘိုးအဘောင်ကိုသာ ကြည့်ရခြင်းဖြစ်သတည်း)ဟုဆို တံထွေးပစ်ခါ ''ဖီး''လွှဲပစ်ရလေသည်ဟူ၏။

တနည်း။ စန္ဒရားမင်းခွာ''ခေါ် (ဇင်ယော်ငှက်)လင်းဖုံ၊ လင်း၂ူ၊ မျောက်နှောင်များကို မသတ်မပုတ်ရ၊ သတ်ပုတ်က ''ဖီး''သင့်တတ်သည်။ တနည်း ဖီးကျတတ်သည်ဟုဆို၏။ ထို့ကြောင့် ရခိုင်တိုင်း ထိုသတ ဝါများကို သတ်ပုတ်ခြင်းမှ ရှောင်ကြဉ်ကြရသည်။ စန္ဒရားမင်းခွာငှက်ဟုခေါ်ရသည်မှာ စန္ဒရားမင်း တကောင်း သင်းတွဲပြည်သို့ ရေိုးခရီးစဉ် ထွက်စဉ်တော်မူသည်တွင် လှေတော်၏ပတ်ဝန်းကျင် လှည့်ပတ်လျက်၊ ဝဲယာက လိုက်ပါလာခဲ့ရာကား ရှင်ဘုရင်သည် သနားတော်မူလှ သဖြင့် ချစ်ခင်သောစိတ်ရှိ ''ယခုမှစ ငှက်ခိုငှက်များကို မသတ်ရဟု ပညတ်ခဲ့သတည်း'' ထိုမှစန္ဒရားမင်း ဘေးမဲ့ပေးခဲ့သဖြင့် စန္ဒရားခွာဟု ယနေ့တိုင် မည်တွင်လေသည်ဟူ၏။

ဖီးကိုဒဏ်ဟူသော စကားဖြင့်တွဲဖက် ဖီးဒဏ်ဟုလည်း သုံးနှုံးခေါ်ဆိုမှု ယခုတိုင်ပြုကြသည်။ အလိုမှာ အပြစ်ရောက်သည်ဟု အဓိပ္ပါယ်ရောက်သည်။ ထိုကိုစွဲ ရှေးလူကြီး များက ဆဲးဆိုကြသောအခါ ''ဖီးကြီးသင့်၊ ဒဏ်ကြီးသင့်''ဟူ လည်းကောင်း၊ ညီးညူရာ၌ ''ဖီးမကောင်း၊ ဒဏ်မကောင်း''ဟူ လည်းကောင်း ဆိုကြသည်။ ၎င်းပြင် ''ဖီးမကောင်း၊ ဒဏ်မကောင်း၊ နင့်ပက်မှာရောင်း'' ငါပက်ကဖီးလွဲပါစေ''ဟု အပြစ်ကို ဖဲရှုံးကြဉ်ကြသည်ကိုလည်း ကြားသိရလေသည်။

အိမ်ကိုနေကျော်ခံ မဆောက်ကောင်း၊ နေနှင့်ရှေ့ဆိုင်လည်းကောင်း၊ နောက်ဖိ (နောက်ကာ)သော်လည်းကောင်း၊ ဆောက်ရသည်။ အကြောင်းကား အကောင်ကျော် ဆောက်ရာကျမည်ဆို မဆောက်အပ်ပေ။ အိမ်ဆောက်ခြင်းနှင့်ဆိုင်ရာ ပိ ုကာ နည်းစနစ် စည်းကမ်းများစွာ ရှိလေသည်။ ထုတ်၊ လျှောက်၊ ရက်မတို့ကို သည်တိုင် စသည်တို့ မထိမိဘဲလည်းကောင်း (ဝါ)မမှီဘဲ အလယ်အမှီခံမဲ့ရာတွင် ဆက်စပ် မထည့်အပ်၊ ပင်လယ်ကူးကျသည်ဟု ဆိုကြလေသည်။

အမဲ၊ သားငါးဝယ်ယူလာလျှင် အိမ်ရောက် မချက်မီ ဆားတဆုတ်ပစ်ထည့်ရသည်။ အကြောင်းမှာ အပင်းကျတတ် အပင်းမကျနိုင်ရန်အတွက်ဟုဆို၏။

အိမ်ရှေ့တည့်တည့်တွင် ရေအိုးခွက်ဟောင်းလောင်း မရှိမထားစေရ၊ လာဘ်ပိတ်တတ်သည်ဟူ၏။ ၎င်းပြင် ရေအိုးခွက်ဟောင်းလောင်းနှင့်လည်း သူတစ်ပါးအိမ်သို့

မဝင်ထွက်ရ။

သောက်ရေကန်မှာ မျက်နှာမသစ်ရ၊ ပလုပ်ကျင်းဆေးကြောခြင်း၊ စုံတစ်ခုမပြုရ၊ ''ဒုံး''ဖြစ်တတ်သည်ဟူ၏။ ဒုံးမှာ တံငါသည်နှင့် စည်းခတ်ကုလားကို ခေါ်ဆိုသည်။ ကန်ဟူသမျှ ခြေမဆေးရဟူလို ဒုံးဟာရီဖြစ်တတ်သည်ဟူ၏။

တောက်တဲ့၊ အိမ်မြှောင်မြည်သော် ''ထို့''ဟူ သော်လည်းကောင်း၊ ''ဒေါက်ဒေါက်''ဟု လက်ချိုးခေါက်ထိ သော် လည်းကောင်း၊ စဉ်တိခတ်လုပ်ရသည်။ မင်္ဂလာမရှိသောကြောင့်တည်း။

တောတောင်မြစ်ချောင်းတို့ ဓလေ့ထုံးစံများ၊ စည်းကမ်းများ၊ ကျင့်သုံး အပ်ကြောင်းလည်း အများအပြားရှိသည်။ အဘယ်ကြောင့်ဆိုသော် တောရှင်၊ တောင်ရှင်၊ မြစ်ရှင်၊ ချောင်းရှင်၊ နတ်ရှင်များ၊ မနာလို မနှစ်သက်တတ်သည့်အရာများ ရှိတတ်သောကြောင့်တည်း။

မျက်စေ့နာသူကို ကူးစက်တတ်သည်ဟုဆို ''မင်းကားကြက်သွန်နီ၊ ငါက ကြက်သွန်ဖြူ''ဟုလည်းကောင်း၊ ''မျက်စိနာကျောင်းမှာပို့၊ ဘုန်းကြီးသင်္ကန်းနှင့်တို့'' ဟူ လည်းကောင်း၊ ဆိုကြသည်။ မျက်စိစွန်သည့်ကိုကား ''ထို့–ငပိ''ဟု စဉ်တိခပ် ပြုလေ့ရှိကြသည်။ ကူးစက်ခြင်းမပြုနိုင်ရန် တခြဲခြဲတခြုပ်ခြုပ်မြည်လျက် သနာ ုပ်ခရယုတ် ခြောင်းဆိုးရှိသူကို မကူးစက်နိုင်စေရန် ''ခြဲခြူးမှင်တောက်စိ၊ အဘာတစိ၊ ငါတစိ''ဟုဆို စဉ်တိခပ်ပြုုံးရှိကြသည်။

မိမိတို့နွားအုပ်မှ ခြံပေါက်ဖွားမဟုတ်ဘဲ၊ ကျွဲဖြူ၊ နွားဖြူများကို မမွေးစားအပ်၊ မဝယ်ယူအပ်၊ စီးပွားလာဘ်လာဘ ဆုတ်ယုတ်ပျက်စီးသည်ဟူ၏။

ရခိုင်မှာ ခေါင်းပေါင်းညာ(လက်ျာ)ပေါင်းသည်။ အစွန်းအထက်ကို ထောင်နေ ရသည်ဟူ၏။ အကြောင်းမှာ ''ယောက်ျားညာ(ယာ) မိန်းမမှာ (ဝဲ)''ဟု ရခိုင်စကား ထုံးစံအရပေါင်းရသည်ဟူ၏။ ''ခေါင်းပေါင်းစ စွန်းထောင်၊ မောင်–မောင်''ဟု အပျိုများ က၊ လူပျိုများကို နှုတ်ဆက်စကား ထုံးလည်းရှိကြလေသတည်း။

သင်္ကြန်သုံးရက်မှာ ဆန်ရေစပါး ဖွပ်ပြီးသားရှိရမည်။ သင်္ကြန်မကျမီအတွင်း အဝတ်အထည်အိမ်ရာ အိပ်ရာနေရာ သန့်သက်ရှင်းလင်း၊ ဆေးကြောခြင်းပြုရမည်။ ဤသည်မှာ တစ်နှစ်အတွင်းက အညစ်အကြေး အမင်္ဂလာများကို (နှစ်ဟောင်းမှ အကြေးအညစ်များကိုဟူလို)နှစ်သစ်သို့ မကူးစေရန် မင်္ဂလာယူခြင်းဓလေ့ဖြစ်သည်။

ဤသည်မှာ အကျွန်ုပ်၏ဖိုးဖွားမိဘတို့၊ ရခိုင်ိုးရာသမိုးကျ လိုက်နာစောင့်ကြပ် ကျင့်သုံးပြုခဲ့ကြသည့် ထုံးနဂုံးများမှ နည်းနာနယဖြစ်ကြတည်း။

ထို့ကြောင့် မိမိတို့၏ အမျိုးသားဓလေ့ထုံးစံတို့ကို လေ့လာစုဆောင်းရှာမှီးကြ လျက် ခေတ်မှီလူ့သမိုင်း၊ လူမှုရေး၊ ယဉ်ကျေးမှုများကို သုံးသပ်ဖော်ထုတ်နိုင်ကြရန် အခြေပြုစေလိုသတည်း။

❖❖❖

ရခိုင်သားကြီးစာပေ

# အကျွန်သိသော ရခိုင်ရိုးရာ ဓလေ့စရိုက် ထုံးစံတံထွာ တိုစများ (၂)

နတ်မြစ်–ညိုဖံမောင်ကျော်ရှိ တင်ပြသည်

## ယဉ်ကျေးမှုအစိတ်အပိုင်း

လူတို့၏အကြောင်းကို ယခုအခါ ပညာတစ်ရပ်အဖြစ် လေ့လာလျှက်ရှိကြပေသည်။ ထိုလူအကြောင်း ဖော်ပြသော ပညာရပ်ကို မနု ဗေဒဘာသာရပ် (ANTHROPOLOGY) ဟု အမည်ပေးထားကြသည်။ ထိုဘာသာရပ်တွင် ''ုပ်ပိုင်း''နှင့် ''ယဉ်ကျေးမှုပိုင်း''(တနည်း–စိတ်ပိုင်း)ဟူ ခွဲခြားလေ့လာကြသည်။ လူသတ ဝါတို့၏ အိုးအဆစ်အချိုးအစား၊ ခန္ဓာကိုယ်တည်နေပုံကို ွန်ပြသောအပိုင်းသည် ''ုပ်ပိုင်း'' အဖြစ် သတ်မှတ်ကြလေသည်။ ဤဓလေ့ထုံးစံမှာ ''ယဉ်ကျေးမှုပိုင်း''တွင် ထည့်သွင်း ရေတွက်ရသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူတို့၏တွေးခေါ် ကြံဆယုံကြည်ချက်အပေါ်အခြေခံပြီး ပေါ်ပေါက်လာသောကြောင့်ပင် ဖြစ်ပေသည်။

လူတို့၏အကြောင်းကို လေ့လာသည့် မနု ဗေဒဘာသာရပ်တွင် လူမျိုး၏ အကြောင်းကို လေ့လာသည့်အခါ ထုံးဓလေ့ယဉ်ကျေးမှုများကို ချန်ထား မဖြစ်နိုင်ချေ။ ထို့ပြင် မိမိတို့၏လူမျိုးဓလေ့ယဉ်ကျေးမှုကို အခြားလူမျိုးများနှင့် မည်သို့ဆက်စပ်သည်၊ ကွဲပြားခြားနားသည်များကိုပါ ကျယ်ပြန့်စွာလေ့လာသင့်သည်။

## ထုံးဓလေ့ဆိုသည်

ထုံးစံဓလေ့ဆိုသည်မှာ လူမျိုးတစ်မျိုး၏ လုပ်ဆောင်အပ်သော မွေးသည်မှ သေသည်အထိ''ိုးရာစ ိုက်''ပင် ဖြစ်သည်။ ထိုဓလေ့ထုံးစံအမျိုးမျိုးကို စနစ်တကျ

လေ့လာရန်နှင့် မှတ်တမ်းတင်ရန် ထိန်းသိမ်းထားရန် လိုအပ်လှသည်။ ဤထုံးဓလေ့တို့မှာ လူမှုရေး၌ အဆက်ဆက်ကျင့်ဆောင်လိုက်နာခဲ့ရသော အချက်အလက်ပင်ဖြစ်ပေသည်။

ဤဓလေ့ကို ရရှိနိုင်ရေးသည်ပင် လူယဉ်ကျေးမှုစနစ်တိုးတက်လာမှု ချိန်ဆချက်ပြဒါးတိုင်ပင်ဖြစ်လေသည်။ ဤသို့လိုက်နာမှု စည်းကမ်းရရှိလာခြင်းသည် လူအဆင့်အတန်းတိုးတက်ရေး အခြေခံလည်းဖြစ်သည်။ ယဉ်ကျေးသော လူတို့၏ အကျင့်အကြံ လူ့ဓမ္မတာဖြစ်လာရခြင်းအကြောင်းခံလည်းဖြစ်ပေသည်။ စည်းကမ်းကလနားသည် လူမျိုးတိုင်း၌ ရှိအပ်သော အရာဖြစ်သည်။ ထို့ကြောင့် အရာတိုင်း၌ စည်းကမ်းစနစ်ကို ကြံဆတည်ထွင် ထားရှိလာခဲ့ကြရသည်။ ထိုစည်းကမ်းကိုပင် လိုက်နာကျင့်ဆောင်စောင့်စည်းလာရလေသည်။ စည်းကမ်းသည် ကျင့်ကြံဘို့ရာဖြစ်လာ ရသကဲ့သို့ လူတို့၏ ဓလေ့ထုံးစံမှာလည်း ယဉ်ကျေးဘို့ရာ လိုက်နာကျင့်ဆောင်လာခဲ့ရသော ''စိုက်'' သို့မဟုတ် ''လူ့ကျင့်ဝတ်''ဟုပင် ခေါ်ဆိုနိုင်ပေသည်။

## မှတ်တမ်းတင်ရန်လိုသေးသည်

ဤဓလေ့ထုံးစံနှင့်ပတ်သက် ကျွန်တော်သည် သတိရတိုင်း မှတ်သားထားမိလေ့ရှိသည်။ (၁၉၆၀–၆၁)ခုနှစ်ထုတ် ရခိုင်တန်ဆောင်၌လည်း ရခိုင်ဓလေ့ထုံးတံထွာမှုများကို စုဆောင်းဖော်ပြခဲ့ဘူးပြီးဖြစ်သည်။ ဤဓလေ့ထုံးစံများကို လေ့လာရာ၌ ရခိုင်ရာဇဝင်မှလည်းကောင်း၊ ရခိုင်သာခြင်း လင်္ကာစသောအဖွဲ့အနွဲ့များမှလည်းကောင်း၊ ရာဇသတ် ဓမ္မသတ် ဖြတ်ထုံး လျှောက်ထုံးများမှလည်းကောင်း၊ တွေ့ရှိရနိုင်သည်လည်း ရှိလေသည်။

အများအားဖြင့် ရှေးသက်ကြီးသူအို၊ ဘိုးဘွားမိဘများထံက မေးမြန်းစုံစမ်းလျှက်လေ့လာရယူနိုင်ပါသည်။ ထိုသို့ အရပ်ရပ်မှတ်သားလေ့လာပြီးနောက် စနစ်တကျမှတ်တမ်းတင်ရန် ကျွန်ုပ်တို့လိုအပ်လျက်ရှိပါသည်။ ထိုဆန္ဒကို ပြည့်ဝစေရန် အနှစ်နှစ်အလလ စုဆောင်းရမည်ပင်ဖြစ်သည်။ ကျွန်ုပ်လည်း ဒေသန္တရ ခရီးလှည့်သွားတိုင်းကျေးလက်တောရွာ နယ်ပယ်တို့၏ လူနေမှုဓလေ့၊ ထုံးစံတံထွာများကို အမြဲတမ်းလေ့လာအကဲခတ်လျှက်လည်းကောင်း၊ မေးမြန်းစုံစမ်းခြင်းဖြင့်လည်းကောင်း၊ ရှာဖွေစုဆောင်းမှုများပြုခဲ့သည်။

ယခုကျွန်ုပ်၏ မှတ်သားရယူထားသည့် အချက်များတွင် ရာဇဝင်လင်္ကာ လျှောက်ထုံးအပြင် ကျေးဇူးသျှင် နတ်မြစ် ဆရာတော်၏ မှတ်တမ်းမှတ်ရာများ၊ မိဘဘိုးဘွား ဆွေမျိုးများထံမှ မေးမြန်းရရှိချက်များပင် ဖြစ်ကြပါသည်။ အချို့အဝက်ကို တင်ပြပါမည်။

## ဥတ္တမသီရိကျော်လျှောက်ထုံး

ရခိုင်ဓလေ့ထုံးစံနှင့်ပတ်သက် ရခိုင်ရာဇဝင်မှ အချို့အဝက်ကောက်နုတ်ချက်ကို ရှေးဦးစွာ တင်ပြလိုပေသည်။

ဓညဝတီအရေးတော်ပုံ၌ မဟာစန္ဒြားမင်းသည် သားတော်သူရိယစန္ဒြားနှင့် လက်ထပ်ထိန်းမြားပေးစားရန် မင်းသမီးကို မေးမြန်းတော်မူလေသော် ပညာရှိ အမတ်ကြီး သောင်းတီးစား ဥတ မသီရိကျော်က ဤသို့လျှောက်ထုံးပြုခဲ့ပေသည်။

''အရှင်မင်းမြတ် ပတ မြားကျောက်ကောင်းတို့တွင် ဂေါပလ္လေစသော အနာရှိလျှင် မင်းတို့မသုံးရ၊ စိန်ကျောက်တို့တွင် ခလုပ် တောစာငယ် မစင် တောကြောင်မွေး စသော အပြစ်မကင်းလျှင် မင်းတို့မသုံးထိုက်၊ စပါးမျိုးတို့တွင်လည်း အရောပါလျှင် အပင်အသီးမညီ၊ ရွှေနှစ်တွင်လည်း ကြေးနီ၊ ငွေ၊ သံမလွတ်လျှင် အရည်အသွေး မပြောင်း။ ထို့အတူ သာကီဝင်မင်းမျိုးတို့၌လည်း အနွယ်တော်ဝံသစင်မှ အမျိုးတူစွာ စဉ်လာကြီးမြင့်၊ အကျင့်မဖောက်စေလို ၊ ရှေးဘေးလောင်းတော် ဘိုးလောင်းတော် ခမည်းတော်တို့ ထီးနန်းမင်းဆက် မောင်နှမရင်းချာ ပေးမြားတော်မူကြောင်း ထုံးဟောင်းရှိပါသည်။ သားတော်နှင့်သမီးတော်စောစန္ဒီကို ပေးမြားတော်မူလျှင်သင့်မြတ်ပါသည်''။

ဤသို့လျှောက်တင်လေသော် သားတော်နှင့်သမီးတော်ကို မောင်နှမရင်းချာ ပေးမြားတော်မူ ပညာဟိအမတ်ကို ငွေသပြာတစ်ထောင် ဆုပေးတော်မူသည်။

သိင်္ဂသူမင်း(ဝရဓမ္မရာဇာ)သည် အမတ်ကြီး မနုဟာသမီး''မြတ်ကုံး''နှင့် လက်ဆက် ဘိသိက်ခံမည်တွင် ဝိမလ (စစ်တေကောင်းစား)အမတ်ကြီးသည် မိန်းမကောင်းလက္ခဏာ၊ ကောင်းခြင်းခုနှစ်ပါးတို့ကို ဤသို့လျှောက်ထုံးပြုခဲ့သည်။

''အရှင်မင်းမြတ်၊ မိန်းမကောင်းလက္ခဏာကို ရှေးပညာရှိတို့ဆိုခဲ့သည်ကား ''ဣတ္ထိဘရိယာ၊ အင်္ဂါညီ့ တ်၊ မိန်းမမြတ်တို့၊ လင်ဝတ်လင်မှု၊ အနုအရင့်၊ အခွင့်လိမ္မာ၊ သဒ္ဓါရက်ရက်၊ ရမ္မက်နည်းပါး၊ စကားတည်ကြည်၊ ဆိုသည်တချက်၊ ထွက်သည်နာဖွယ်၊ ခြောက်ပြစ်သွယ်မှု၊ ဆိုဘွယ်မဟိ၊ ဟိရိသြတ ပ်၊ စောင့်ကြပ်ကိုယ်ဝယ်၊ ပျက်ရယ်သွမ်းမှု၊ အပြုဖြောင့်ဖြောင့်၊ အမျိုးစောင့်၏။ မထောင့်လိမ်လက်၊ အိပ်စက်ဝတ်စား၊ အသွားအနေ၊ အစေအသုံး၊ ရှေးထုံးနှိုင်း ိ၊ ဂု မစိုက်၊ စ ိုက် ုန်းကြမ်း၊ မိန်းမသွမ်းနှင့်၊ မပွမ်းရောနှော၊ သဘောတည့်မတ်၊ သူ့ထက်မြက်သည်။ ။မင္ဂလာတ်မင်းနှင့်ထိုက်ရာသောင်။''ဟူ ပညာရှိတို့ မိန့်ဆိုတော်မူသောကြောင့် ထိုသို့အင်္ဂါလက္ခဏာနှင့် ညီညာပြည့်စုံသော မိန်းမမြတ်ကို၊ မင္ဂလာတ်မင်းတို့သော်လည်း ဘိသိက်ခံအပ်ပါကြောင်း ထုံးဟောင်းရှိပါသည်။

လောကီလက္ခဏာကျမ်းတွင်လည်း မိဖုရားကြီးသည် သီလအကျင့်မြဲခြင်း၊ ဆံပင်နက် ကောင်းခြင်း၊ ခြေလက်သေးသွယ်နူးညံ့ခြင်း၊ အရေးအကြောင်းနက်ခြင်း၊ အဆင်းလှခြင်း၊ အသံသာယာနာဘွယ်ရှိခြင်း၊ အသားနူးညံ့ခြင်း၊ များစွာသော မောင်းမတို့၏ အရိပ်အခြေကို နားလည်လိမ္မာခြင်း၊ ဤအင်္ဂါခုနစ်ပါးနှင့် ပြည့်စုံစေရာ

သော အကြောင်းကိုလည်း၊ ရှေးထုံးကျမ်းဂန်လာရှိပါသည်။''

ဤသို့လျှောက်တင်သဖြင့် အမတ်ကြီးဝိမလသို့ အသပြာတစ်ထောင် ဆုပေးတော်မူသည်။

## အမတ်ကြီးရွှေသဲး နို့ထိန်းရွေးနည်း

အဘယမဟာရာဇာ သားတော် ဦးဘော်ဝေကို နို့ထိန်ရွေးရာ၌ စိန်တင်စား အမတ်ကြီး ရွှေသဲးသည် လောကဒီပ ဝင်ကျမ်းအလာများကို ကိုးကားထုတ်ဆောင် ပြဆိုပြီးနောက်...

''အရှင်မင်းမြတ်၊ အသားဖြူသောမိန်းမတို့၌၊ နို့ရည်ချိုသောအရသာရှိသည်။ ထိုနို့ကိုစို့သောသူအား လေဝေဒနာမြဲ၏။ အသားိုသောမိန်းမနို့ရည် ဖန်သော အရသာရှိ၏။ ထိုနို့ကိုစို့သောသူအား ဦးခေါင်း၌ ဝေဒနာမြဲ၏။ အသားပြာသော မိန်းမနို့ရည် ချဉ်သောအရသာရှိသည်။ ထိုနို့ရည်ကို စို့သောသူအား ဒွါရ၌ဝေဒနာမြဲ၏။ အသားရွှေရောင်ရှိသော မိန်းမနို့ရည် ဆိမ့်သောအရသာရှိသည်။ စို့သူအား မြတ်သော နှလုံးမြဲ၏။ အသားမည်းသောမိန်းမနို့ရည် ခါးသောအရသာရှိသည်။ စို့သူအား ခြေလက်ဦးတို့၌ ဝေဒနာမြဲသည်။ အသားနီသောမိန်းမနို့ရည် စပ်သောအရသာရှိသည်။ ထိုနို့ကို စို့သောသူအား ရင်၌ဝေဒနာမြဲ၏။''

ဤသို့ ကျမ်းဂန်ထုံးဟောင်း လာရှိကြောင်းများကို လျှောက်ထားလေသော် ဘုရင်သည် စိန်တင်စားအမတ်ကြီး ရွှေသဲး၏မယား မိပန်းရုံ(သိရိမင်္ဂလာဒေဝီတွဲ့ခံ)ကို နို့ထိန်းအရာ ပေးအပ်နှင်းခဲ့လေသည်။

## ထမရာဘွဲ့မှ နို့ထိန်းရွေး

မိမေကုမ္ဘာက၊ သားတော်ထမရာမင်းသားကလေးအား နို့ချိုတိုက်ရန်အတွက် နို့ထိန်းရွေးချယ်ပုံကို''ထမရာဘွဲ့'' မှ မူအတိုင်း ကောက်နှုတ်ဖော်ပြလိုပါသည်။

''လေ့၊ စောထွီးလုစ္စာ မိကုမ္ဘာကား၊ နို့ထိန်းယင်းခါ၊ ရွီးလတ်တေကာ့၊ အသားပြာလျှင် ယခုနို့ကို၊ တိုက်လတ်ကေကာ့၊ ငါ့သားခန္ဓာ၊ ကြုံတုံမေလော့ အသားဖြူသည်၊ ယခုနို့ကို တိုက်လတ်ကေကာ့။ ငါ့သားခန္ဓာ၊ ပူလိမေလား အသားမည်းသည်၊ ကြင်ရာနို့ကို တိုက်ငြားကေကား ငါ့သားကိုယ်လက်၊ ငယ်ပါမည် လော့။ မိုမရှင်၊ မေခင်ိုမှာ၊ ကြီးမာတင်ဟု၊ ခေါ်လျှင်မ နီ၊ ငါ့ရင်သွီးကို၊ နို့တိုက်လီဟု၊ နို့ထိန်းနို့ယ၊ အပ်လတ်တေလေ၊ နို့ကောင်းရွီးလို့၊ အထွီး(စောထွီး)တလေ၊ အပ်လတ်တေလေ့။''

ဤသို့ထုံးစံဝလေ့နှင့်ပတ်သက် ၊ မှတ်တမ်းတင်မှုများသည် ရာဇဝင်လင်္ကာ လျှောက်ထုံးတို့၌ လေ့လာကြည့်နိုင်သေးသည်။

## လောကသမုတ္တိမှတ်တမ်း

ရခိုင်သားကြီးစာပေ

ယခုဆက်လက် ကျွန်ုပ်၏ကျေးဇူးသျှင် နတ်မြစ်ဆရာတော်ဘုရားကြီး၏ မှတ်သားလေ့လာစုဆောင်းထားရှိသော လောကသမုတိမှတ်တမ်းမှ အောက်ပါ အချက်အလက်များကို အနည်းငယ်ကောက်နှုတ်ဖော်ပြလိုပါသည်။

အကြင်ခြွေမသည်(ချွေးမ)ဆင်းသွားလေသည်ဖြစ် ၊ ၎င်းတစ်ဖန်ပြန် တက်လာမူ သားနှုတ်ပစ်ကိုယ်ဝန်ရှိ ပြန်လာသော် မကောင်းရှိတတ်၏။ အိမ်ရှင် ပျက်စီးတတ်၏။ သားလည်း အိမ်တက်၌ မဖွားစေအပ်၊ ကျွဲလည်းထို့အတူနေပြီးမှ ထွက် ပြေးပြန်လာသော် ကောင်းတတ်သည်မရှိ၊ ပျက်စီးတတ်၏။)

ပြည်သုဉ်းပြန်လိုသော် ပြည်ရှင်ရွာသူကြီးတို့သည် ဖြန်းဖြန်းကွဲမက်သော်၊ နန်းတော်အငွေ့ထွက်မက်သော်၊ ဂူကျောင်းဘုရားပြိုမက်သော်၊ တံခွန်ကြီးမက်သော်၊ ရွာပြည်သုန်ဖျင်းတတ်၏။ အနာရောဂါနှိပ်စက်တတ်၏။ ပယ်ဖျောက်စေလိုသော် မိမိနံနှင့် သင့်သည်ပန်းကိုယူ ဘုရားပုထိုးရင်း၌ ခေါင်းဆေးအပ်၏။

သံအပြည့်ဆူးကို ကျွတ်မက်သော်၊ မိမိပုဆိုးကို ဇာဒိပြု သော်လည်း (စာတီဟုထင်ရသည်)ဆေးအပ်၏။ ခုနစ်ရက် သဲပုံစာတီကို မြင်မက်သော် သူတို့သည် ရေလောင်းအပ်၏။ ရွာသူပြည်သားတို့သည် သင်္ဃာတို့အားပင့် ဆွမ်းကျွေးအပ်၏။ နာဖျားလိုသော်ကား ဦးခေါင်းတွင် ဆံကျွတ်မက်သော် တကောင်းရေအပြည့်နှင့် ဆေးအပ်၏။ စအိုကျွတ်မက်သော် မိမိဝတ်သည်ပုဆိုး မီးလောင်မက်သော်၊ နာဖျားရာ၏ မချွတ်တည်း ချမ်းသာစေလိုသော် ခေါင်းဆေးလေ၊ ဘုရားကိုရွှေချလေ၊ ဆွမ်းပန်းလုပ်ကျွေးရမည်။ မလုပ်ကျွေးနိုင်သော်၊ ဆွမ်း ချို ချဉ် သနမ် မုံ့ပဲနှင့်စေ့စုံအောင် ပို့ တရာပေစာနာရမည်။

အိမ်မှာထရုံပြု ၊ ကုကို ပြိုင်ညောင်ပင်တို့သည် အွှန့်အသားပေါက် ရှင်သော်ကား၊ ထိုကျီကျပဏ္ဏာ ဘရှင် ကောင်းစားတတ်၏။ ခွေးသည် လှေကားမိုးကို ခုန်ဆင်းသော်ကား၊ ထိုခွေးကိုမှိုက်မပုတ်အပ်ကောင်း၊ ခွေးဆင်းရာကို ရအောင်ပွတ် မှိုးခုနစ်ပွင့်သိန် (သီ )ထမင်းခုနစ်ဆုတ်၊ ရေခုနစ်မှုတ်နှင့် လက်ပြန်ခုနစ်ခါ ''ခွေးတွင်မကောင်းသော ဂြိုဟ်၊ မကောင်းသောကြမ္မာတို့သည် ပါလေစေတော့''ဟူ လက်ပြန်ခုနစ်ခါ ွှန်လိုက်အပ်၏။ အပြစ်ခပ်သိမ်းပျောက်၏။

အကြင်အိမ်နန်း၌ သားသမီးတို့ကို ထိမ်းမြားမင်္ဂလာအိမ်ရာပေးစားသောအခါ ကရတက်ပေါင်း ကွပ်ကျိုးသည်ရှိသော် ထိုထိမ်းမြားသော သားသမီးတို့သည် နှစ်ပါးစုံတွင် တစ်ယောက်ယောက်သည် အသက်မရှည်ရာ၊ ပျက်စီးခြင်းသို့ ရောက်ရာ ၏။ အမိအဘတို့မှာ အပြစ်မရှိ၊ အကြင်သားသမီးတို့သည် အမိအဘအိမ်က ဆင်းသွား ပြီးမှ တဖန်တက် မနေစေအပ်၊ နေသည်ရှိသော် ဥစ ၥစည်းစိမ် လျော့ပါးတတ်၏။ အသက်မရှည်ရာ၊ အမိအဘအိမ်ကြီးနေပြီးမှ ပျက်စီးခြင်းသို့ရောက် ၊ အိမ်ငယ် ဆောက် နေပြန်သော် ထိုအိမ်ရှင်တို့သည် အသက်မရှည်ရာ၊ ပျက်စီးခြင်းသို့ ရောက်ရာ၏။ ထိမ်းမြားမင်္ဂလာပြုရာ၌ ကရတက်ပေါင်းကွပ်ကျိုးသော် အပြစ်

ရောက်ရာ၏ဟု ထင်မြင်သော်၊ ကုအံ့သောငှာ''မ ခန်း''၌ကျိုးပဲ့ ကုစားသကဲ့သို့ ကုစားသည်ရှိသော် လွတ်ရာ၏။

မြေးဦးယောက်ျား၊ မြေးဦးမိန်းမတို့ကို ထိမ်းမြားမင်္ဂလာပြုစေရာသည်ကား၊ အောက်မှာတဲအုံကနႃး ဆောက် ပြုစေရာ၏။ အဘိုး အဘွား အိမ်ထက်မှာပြုလိုက ပြုစေရာ၏။ ကွမ်းလဘက်မကျစေရာ၊ ရိက္ခာဆန်ရေသော်ကား ထုတ်ပေးအပ်၏။ လက်ဖွဲ့ချည်မျှင်သော်ကား ပြုပါအပ်၏။ ရက်လည်တက်သောခါ၊ တက် နေစေ အပ်၏။ သုမိသုဘ (သူ၏မိဘ) အိမ်မှာသော်ကား ဆိုဖွယ်မရှိ၊ ကောင်းလှ၏။ တတ်အားသမျှပြုရာ၏။

ရှင်ပြုမင်္ဂလာ၊ ပဉ င်းခံမင်္ဂလာသော်ကား၊ အဘိုးအဘွားအိမ်တွင် ဆောင်အပ်၏။ သာသနာတော်ကိစ ပြုသော်လည်းကောင်း အပြစ်မရှိ။ အမိအဖအိမ်နေ အဘိုးအဘွားမှာ မွေးစေသော ယောက်ျား သမီးမိန်းမတို့ကိုဆိုသတည်း။

ရှင်ပြုမင်္ဂလာ၊ ပဉ င်းခံမင်္ဂလာကိုလည်း နှမသားချင်းတို့သည် နှုတ်ပစ်ကိုယ်ဝန် ရှိသော့မပြုအပ်။ မဆောင်အပ်၊ အခြားကပင်နေ ပြုပါသော်လည်း အပြစ် မလွတ်။ အသက်မရှည်ရာ။ ပြုန်းတီးပျက်စီးသေပျောက်ရာ၏။ ဖွားမြင်ပြီးမှသော်ကား၊ အပြစ်မရှိ၊ မဆောင်အပ်၏။

**(မှတ်ချက်)** ။ ။ မသာ–အသုဘ ထုံးစံဓလေ့နှင့်ပတ်သက် ကျယ်ဝန်းမည် စိုး နောက်နောင်တွင်မှတင်ပြပါမည်။

## ရခိုင်ဓလေ့ထုံးစံတံထွာတိုစများ။

ယခုဆက်လက် မိဘဘိုးဘွားများထံမှ စုံစမ်းမေးမြန်း သိရှိရချက်များကို ဖော်ပြလိုပါသေးသည်။

မည်သည့်လ မဆို၊ ကြက်မဥပျဉ်း(ဥပျော)ဥလျှင်၊ ပစ်ပယ်ရာသည်။ ဝါခေါင်လ တွင် ကြက်၊ ဘဲ''မတန်းမ''(တစ်ခါမှ မဥဘူးသေးသည်)စသည်ဥက ပစ်ပယ်ရသည်။ ဝါခေါင်လတွင် တခါမှ(ဝါ)တသားမှ မရဘူးသော မိန်းမများ ခလေးသားမွေးက အိုးသစ်တွင်ထည့် ရေတွင်မျှောရသည်။ ထိုသို့မျှောသောအခါ တစ်ခြားလူတစ်ဦးဦးက ချက်ချင်းဆယ်ယူ ၊ ထိုခလေးမိဘတို့ကိုအပ်နှံ ၊ နို့ထိန်းပေးထားရကြောင်း သိရသည်။ ယတြာပြုနည်း တမျိုးကဲ့သို့တည်း။

ယောက်ျားများ ''ဘော''(လိပ်ဥ)ကြီးလျှင် အိုးသစ်တွင် ကျောက်ခဲစသည် အမာခံ တစ်ခုခုထည့် ရေထည့်ကာ မီးကြိုချက်ရသည်။ ထိုအခါ တစ်ချို့က လာမေးလျှင် ''ဘာပြုတ်သနည်း''ဟုဆိုက၊ ဘောကြီးသူ၏အမည်ကို ဖော်ပြပြီး၊ မောင်ဖြူစသည်၏ ''ဘောပြုတ်သည်''ဟု ပြောရသည်။

အိမ်ပျက် အိမ်ရာ၊ ကန်ပျက်၊ သုတ်သန်မြေတွင် လယ်ထွန်ယက် မလုပ်ကောင်း၊ စီးပွားလာဘ်သပ ကာရ ဆုတ်ယုတ်တတ်သည်ဟု အယူရှိကြသည်။

အိမ်သစ်ဆောက်ရာ၊ ပဏာမဦးစ ထူသောတိုင်ကို ''စုံးပလေတိုင်''ဟုခေါ်၏။ ထိုတိုင်တွင် အုန်းလက် အုန်းသီး၊ ဇီးခက်လေးကိုင်း ဆွဲချိတ်ပေးရသည်။ ကုန်းလျှား (ပုံးလျှား) ကုန်းဖီ(ပုံးဖီ)ထည့်ပြီး၊ အလယ်ဆီး(အလယ်ဆိပ်) ထရံဦးစွာကာခံရသည်။ ကာစဉ် ရေစင်အိုးတစ်လုံးတွင် ခြည်ခက် ၊ သပြေရွက်စိုက်ထူ၊ တက်တစ်ချောင်း ထောင်ထား၊ ထရံတွင်နံ့သာရေပက်ဖြန်းခြင်း စသည်ဖြင့် ထုံးစံပြုလေ့ရှိလေသည်။ ဤဓလေ့ထုံးစံများကို ရခိုင်ရပ်ရွာတိုင်း၌ အိမ်သစ်ဆောက်သူတိုင်း လိုက်နာကျင့်ကြံလေ့ရှိသည်။

ဝတ ု(ပုံပြင်)ပြောလျှင် ''အယင်ကခါလတ်'' (ရှေးရှေးတုံးကတဲ့)ဟု အစချီပြီး နောက်ဆုံးသည်တိုင်ပြောရမည်။ ဆုံးအောင်မပြောက နတ်ကျိန်စာတိုက်ခံရတတ်သည်။ ဝတ ုအဆုံးသတ်လိုက ''အကျွန်ုပ်ဝတ ုဆုံးပါပြီ မဆုံးသေးက နတ်သားနတ်သမီးတို့ ဆက်ပြောပါလေ့''ဟုဆို အဆုံးသတ်လေ့ရှိသည်။

ရပ်ရွာတွင် ချောင်းမြောင်းသို့ တစ်ခြားတစ်ရပ်ရပ်မှ လှော်ခတ်လာကြသော လှေလောင်းများ၊ ရွက်ဖွင့်ဖြန့်ကာ မဝင်ရ။ ဝင်မိသော် ရွက်မပိတ်ရ။ (မ ုပ်ရ)။ ရွာချောင်းမှထွက်ခွာသွားသည်အထိ၊ ဖြန့်လျက်သား ထွက်ခွာသွားရသည်။

အိုးခွက်ထဲမှ လက်ဖြင့်နှိုက်ယူစားသော် ဉာဏ်ထိုင်းမှိုင်းတတ်သည်။ ပညာမဲ့တတ်သည်ဟု ထုံးဓလေ့ရှိသည်။

(ဤဓလေ့မှာ ယောကျ်ားခလေးသူငယ်များနှင့် ယောကျ်ားလူပျိုများကို မိဘဘိုးဘွားများက မစားစေမိရန် ဟန့်တားမှုပြုကြလေ့ရှိသည်။ မိန်းမများသည် ထမင်းဟင်းချက်ရာ၌ ဆားမြည်းစမ်းခြင်း၊ အိုးခွက်မှနှိုက်ယူစားတတ်ခြင်းကြောင့် ယောကျ်ားလောက် ပညာမရှိဟုဆိုကြသည်။)

ဤစကားမှာ သဘာဝယုတ ိမရှိသော်လည်း ယဉ်ကျေးမှုတစ်ရပ်ပင်ဖြစ်သည်။ ပညာရေးဖြင့် မလိမ္မာသူခလေးများကို အိုခွက်စသည်များကို မကိုင်မယူ အသုံးမပြုရန် ခြိမ်းခြောက်ထားခြင်းနှင့် မိန်းမများအားလည်း နည်းတူဘော်ပြခြင်းဖြစ်နိုင်သည်။ လက်တွေ့အားဖြင့်လည်း မိန်းမများကို ဥပမာပြကာ ယောကျ်ားခလေးများကို မြ င့်တင်ပေးထားခြင်းဖြစ်သည်မှာ မခို့တ ိုနှင့် ယဉ်ကျေးမှုရေးရာ၌ လိမ္မာသော စံနစ်တစ်ခုဖြစ် အတုယူသင့်သည်။

ရှေးကိုဆက်လက် နတ်ကိုင်၊ စုန်းကိုင်၊ နတ်ပူးစုန်းပူးသည်၌ ပြုရသော ဓလေ့ထုံးစံများ၊ ရွာရှင်တက်(အချိုတက်)ရာ၌ ပြုရသောနတ်နှင့်ပတ်သက်သည့် ထုံးဓလေ့များ၊ မင်္ဂလာဆောင်၊ အသုဘဓလေ့ရာသီလိုက် ပျော်ပွဲရွှင်ပွဲဓလေ့များစွာ လေ့လာရန်ရှိသေးသည်။

ထိုသို့ ရခိုင်တို့၏ ကျေးလက်တောရွာ နယ်ပယ်ဓလေ့၊ လိုက်နာအပ်သော ကျင့်ဆောင်ရချက်၊ ဤသို့လူ့ယဉ်ကျေးမှုအရပ်ရပ် အခြေခံသဘော၊ စ ိုက် နည်းနာများကို စနစ်တကျလေ့လာခြင်း၊ မေးမြန်းစုံစမ်းခြင်းဖြင့် စုဆောင်းမှတ်တမ်း တင်မှုများ ပြုကြရန်နှင့်စနစ်တကျ ထိန်းသိမ်းသွားကြရန်တို့ကို ပြုလုပ်သင့်ကြကြောင်း တိုက်တွန်းရေးသားအပ်ပေသတည်း။ ရခိုင်သားကြီးစာပေ

❖❖❖

# မြောက်ဦးမြို့ဘုရားနှင့် တောင်အမည်

**အသျှင်ကြီး**

အကျွန်ုပ်သည် စာသင်သားဘဝဖြင့် ရန်ကုန်မြို့တွင် ပညာသင်ယူလျက် ရှိလေသည်။ ထိုနှစ်အားလပ်ချိန် ရဟန်းခံရန် ဇာတိဌါန်သို့ကြွ ရဟန်းဝင်လေသည်။ ထိုကအပြန်တွင် မြောက်ဦးမြို့သို့ ရောက်ခဲ့ရာ စေ့စေ့ငှငှ လေ့လာခွင့်မပြုနိုင်ခဲ့ပါချေ။ ရန်ကုန်မြို့သို့ ပြန်ရောက်ပြီးနောက် ဦးကဝိန္ဒ(မေဃဝတီ–ကျော်ဇံအောင်)နှင့် အကြောင်းဆုံ မြောက်ဦးမြို့သို့ သွားရောက်လေ့လာကြရန် ဆန္ဒဖြစ်ခဲ့ကြသည်။ ထို့ကြောင့် (၁၃၂၁)ခုနှစ် နွေဦးရာသီတွင် ရန်ကုန်မြို့မှ သင်္ဘောကြီးဖြင့် မြောက်ဦးမြို့သို့ ခရီးထွက်လာခဲ့ကြလေသည်။

မြောက်ဦးမြို့သို့ ရောက်ကြစဉ် ဘုရားပေါ်ကျောင်းဟောင်း၌ တည်းခိုခဲ့ကြသည်။ လေ့လာမေးမြန်းစရာများရှိသမျှကို လေ့လာကြသည်။ မေးမြန်းကြသည်။ ဘုရားပေါ်ရွာ တစ်ဝိုက်ရှိ ဘုရားစေတီပုထိုးများနှင့် ဘုရားပေါ်ကျွန်းခေါ် စဉ်ပြင်ကျွန်းကိုလည်း လေ့လာကြသည်။ ကင်းဆိတ်၊ ကလက၊ ချောင်းနားရွာတစ်ဝိုက်၊ လေ့လာခဲ့သမျှကို အခြေခံ မြောက်ဦးမြို့ သင်္ဘောဆိပ်ခရီးစဉ် တစ်လျှောက်ကို ဆောင်းပါးရေး မြောက်ဦးမဂ္ဂဇင်း၌ ဖော်ပြခဲ့ဘူးပါသည်။ အသင်းအစို့ အစု ဖွဲ့စည်းပုံနှင့်ဆိုင်ရာကိုလည်း ရခိုင်ယဉ်ကျေးမှုအမှတ်(၆)တွင် ဖော်ထုတ်ထားပြီးဖြစ်သည်။

## ဘုရားဖူးခရီးစဉ်

မြောက်ဦးမြို့သို့ ရောက်ခိုက်အမှတ်တရအဖြစ် ဒေသခံဘုရားပေါ်ရွာသားများနှင့် (၁၃၂၁)ခုနှစ်၊ တပို့တွဲလွှတ် (၈)ရက်နေ့က ပြင်စျေး (ပေါင်းဝတံခါး)က ဖြတ်သန်းလျက် ဘုရားဖူးထွက်ခဲ့ကြသည်။ တစ်နေကုန်လှည့်လည် ဘုရားဖူးကြရသဖြင့် အတွေ့အကြုံများပြီး ဗဟုသုတစုံလှသည်။ အမျိုးသမီးကြီးများမှာ နေဝင်မိုးချုပ်သည်ထိ

မလိုက်ပါနိုင်ဘဲ၊ ဗန္ဓုလဖက်ကပင်၊ ပြန်လှည့်ခဲ့ကြသည်။ ယောကျ်ားများကား သုံးကျိတ်တစ်ဆူ၊ ဝိဇယရံသီ စေတီထိ ရောက် နေဝင်မိုးချုပ်မှ ပြန်လာနိုင်ခဲ့ကြသည်။

အကြောင်းစပ် (၁၃၂၁)ခုနှစ်၊ တန်ခူးလဆန်း (၅)ရက်နေ့ (၁၉၆၀ ပြည့် ဧပြီလ)ဆရာကြီး ဦးဦးသာထွန်း (ပဏ္ဍိတ်)သည် ကျွန်ုပ်တို့ရှိရာ ဘုရားပေါ် ကျောင်းဟောင်းသို့ရောက်လာခဲ့သည်။ ထိုစဉ်စကားစပ် မိမိတို့၏ ဘုရားဖူးခရီး ထွက်ခဲ့ကြခြင်းကို ပြောပြလေသည်။ ထို့နောက် ခရီးစဉ်တစ်လျှောက်မသိသေးသော ဘုရားများနှင့် တောင်အမည်များကိုလည်း မေးမြန်းမိလေသည်။ ထိုအခါ ဆရာလည်း စိတ်အေးသက်သာအချိန်ယူလျက် မေးမြန်းသမျှတို့ကို ဖြေကြားသိစေခဲ့ပါသည်။ ဤ၌ဆရာ၏ ပြောကြားချက်ကို မှတ်တမ်းပြုထားခဲ့သည့်အတိုင်း တင်ပြလိုက်ရပေ၏။

## ရွှန်းတောင်မှသည် နိဗ္ဗုဇာထိ

မြောက်ဦးမြို့နန်းတော်၏ တောင်ဖက်တောင်ိ၌ ရွှန်းတောင်၊ အချို့က ယွန်းတောင်ဟုခေါ်သော တောင်ရှိသည်။ တောင်မှာ အခြေအနေပြောင်းလဲပြီး ဖြစ်သွား သာမန်တောင်မျှသာဖြစ်နေသည်။ ဗဟိုရ်စည်ကို စင်တော်ဖြင့် အမြဲထား ရွှန်းခဲ့လေသည်။ နန်းတော်အရှေ့ဘက်အစဉ်တွင် မြင်တော်မူတောင်နှင့် ထင်တော်မူ တောင်ဘုရားတို့ရှိကြသည်။ ထိုမှအနီးအလယ်ဈေးဖျားတွင် ဝမ်းတီးတောင်ရှိသည်။ ဝေသာလီခေတ်ကပင် တည်ထားခဲ့သော နတ်ကွန်းများရှိသဖြင့် နတ်ုပ် (၅)ုပ် ရှိလေသည်။ ထိုကသွားလျှင် ဝင်းမနားကျီရာနှင့် တံတိုင်းတို့ကို အထင်ရှားတွေ့ရသည်။ ကျီရာနှင့်ဆက် တံတိုင်းအစဉ်သည် အလယ်နိဗ္ဗုဇာတောင်ဖြစ်သည်။ ကျောက်စာ တစ်ချပ်လည်း ရှိနေသည်။ ထိုကအောက်သို့စုန်လျှက် သရက်အုပ်ရွာအဝင် အစတောင်သည် အဆုံးနိဗ္ဗုဇာတောင်ဖြစ်သည်။ ဘုရားကြီးမှာ ပလ္လင်မှလျော့ကျ စေတီကိုမှီလျှက်ရှိနေသည်။ နတ်ုပ်အကြီးနှစ်ုပ်လည်း ဦးခေါင်းပိုင်းနေသည်။ အငယ်တစ်ုပ်ကား ကောင်းစွာမထင်ရှားတော့ပြီ ထိုနိဗ္ဗုဇာအရှေ့ကုန်းသည် မင်းသားကုန်းခေါ်သည်။ ထိုကအထက်ကို စုန်သွားသော တောင်ထိပ်သည် အထက်နိဗ္ဗုဇာတောင်ဖြစ်သည်။ နိဗ္ဗုဇာကြီးဟုလည်း ခေါ်ကြသည်။

## ဝရစ်တောင်၊ ကျီရာ၊ တံတိုင်း

နိဗ္ဗုဇာကြီးတောင်နှင့် ဝရစ်တောင်သည် ဆက်လျှက်တည်ရှိသည်။ ဝရစ်တောင် အရှေ့ဖက်တွင် မိဖုရားစေတီရှိလေသည်။ ဝရစ်တောင်က ပါရှင်ကျောက်စာတစ်ချပ်ရရှိ ယခုပြတိုက်တွင်ထားရှိသည်။ ကျီရာနှင့်ဆက်လျှက် တောင်မြောက်အစုန်တံတိုင်း သည် တွေ့ရသမျှ တံတိုင်းတို့တွင် အကောင်းဆုံးဖြစ်လေသည်။ ဝရစ်တောင်နှင့် လည်းကောင်း၊ အရှေ့တံတိုင်းအတွင်းတွင် သက၂မာန်အောင်ဘုရားတည်ရှိသည်။ ထိုဘုရားအနောက်ဖက်ဝင်ဝတွင် ဘီလူးညီနောင်ကို အဆောင်မိုး တည်ထားလေ

သည်။ ထိုဘုရားအနောက်တောင်ထောင့်တောင်ပေါ်၌ သကျသီဟဘုရားတည်ရှိသည်။ သကျသီဟဘုရား ထင်တော်မူဘုရား၊ မြင်တော်မူဘုရားအကြားရှိ တောကို ချင်းပုံ့တောဟု ခေါ်ကြသည်။

ဖော်ပြပါ အဆုံးနိဗ္ဗုဇာအနီးရှိတောင်မှာ ဘုရားအုပ်တောင်၊ အုပ်တော်စေတီ၊ ကျောက်အုပ်စေတီ၊ ဘုရားဖြစ်သည်။ ထိုဘုရား၏တောင်ဘက်တွင် မင်းခေါင်ရွှေတူစေတီရှိသည်။ ထိုစေတီတစ်ဝိုက်ကွင်းပြင်မှာဆိုလျှင် ဗုဒ္ဓဃောသကျောင်းတိုက်ရာဖြစ်သည်။ သီဟိုဠ်ပြန်ရဟန်းများနှင့် သီဟိုဠ်မှကြွရောက်လာသော ရဟန်းများ သီတင်းသုံး ပညာသင်ယူခဲ့ရာလည်းဖြစ်သည်။ မိဖုရားရှင်ထွေးကောင်းမှုကျောင်းတိုက်ရာ ဖြစ်လေသည်။

ဘုရားအုပ်ဘုရားမှ တည့်တည့်(ပိစိတောင်)ပေသီးတောင်ဘုရားရှိသည်။ ၎င်းက ချောင်းကူးသွားသော် ရွာဟောင်းတော၊ မြက်ရိပ်ကျွန်းထိ ပေါက်ရောက်လေသည်။ ရွာဟောင်းတောကျောင်းတွင် မြင်းမိုရ်တောင်မှ ပင့်ယူတည်ထားသော မင်းဝတ်ဘုရားတစ်ဆူရှိလေသည်။ ပေသီးတောင်က မြောက်ဖက်အနီးတွင် ကိုးသောင်းဘုရားတည်ရှိသည်။ ဦးတော်ဆေးကန်၊ တောင်မြင့်မိုရ်၊ မြောက်မြင့်မိုရ်ညီလာခံခဲ့ရာနေရာများရှိလေသည်။ ထိုဘုရားမြောက်ဖက်မှ လမ်းအတိုင်း အရှေ့ဖက်ကို ဆင်အိုးရွာထိ သွားရောက်နိုင်၏။ ကိုးသောင်းဘုရားမှ အနောက်ဖက်ရှိ ဘုန်းကြီးဒုံကိုဖြတ်လျက် သွားသော် ရတနာ့မာန်အောင်ဘုရားသို့ တံခါးပေါက်မှ ဝင် သွားရလေသည်။ ဆင်အိုးရွာလမ်းမှာ ရွှေဂူတောင်မှကပ်လျက် မြို့ပေါ်သို့ပေါက်လေသည်။ ရွှေဂူတောင်မှ ကြေးဆင်းတုတော်ကြီးမှာ ယခုညောင်ပင်ဈေးကျောင်းတွင်ပင်ရှိသည်။

## ရှင်ငယ်တက်တောင်မှ မင်းပြားမြို့ထိ

ဝမ်းတီးတောင်နှင့်ရှင်ငယ်တက်တောင်ကြားမှ စီးသွားသော အလယ်ဈေးချောင်းသည် ကြောင်လည်ဒုံခံတပ်တံခါး သို့ပေါက်ရောက်လေသည်။ အလယ်ဈေးတံတားက တောင်ဖက်တွင် မျှော်တော်တောင်ရှိသည်။ ဝမ်းတီးတစ်ဘက် ရှင်ငယ်တက်တောင်နှင့် အရှေ့အနောက်တည်ရှိသည်။ ထိုကြားတွင် ကွမ်းစျီးတံခါးရှိလေသည်။ မျှော်တော်တောင်တွင် စေတီသုံးလုံးရှိသည်။ မျှော်တော်တောင်နှင့် ရွှေတောင်သည် တောင်မြောက်ဆက်စပ်နေသည်။ ၎င်းတောင်နှစ်လုံးကြားတွင် ဂူကြီးဘုရားတည်ရှိသည်။ မြို့တော်အထွက်တံခါးမှာ ဆင်ဖြူတော်တံခါးဖြစ်သည်။ ထိုကထွက်သော် အရှေ့တောင်ယွန်းတွင် သိမ်ကြီးတောင်ဘုရားတည်ရှိသည်။ ထိုကထွက်သော် အရှေ့တောင်ယွန်းတွင် သိမ်ကြီးတောင်ဘုရားတည်ရှိသည်။ ထိုက ရှေ့ကို လျှောက်သွားသော် ပုရိန်မြို့ရာ လောင်းကြက်မြို့ရာ၊ မြောင်းဘွယ်ရွာ (ဘုန်းကွယ်ရွာ) တို့သို့ ရောက်လေသည်။ ထိုက ချောင်းကူး မင်းပြားမြို့ထိ ကားလမ်းပေါက်ရှိနေသည်။

## သဘော်ဆိပ်မှ ဝသဲ၊ ဗန္ဓုလ၊ လက်ဆည်ကန်

မြို့တော်တောင်ဖက်တွင် အောင်တပ်သဘော်ဆိပ်၊ ဘောင်းဒွတ်သဘော်ဆိပ်ရှိပြီးလျှင်၊ မောင်းဆွဲ၊ မဟာထီးဘုရားထိ လမ်းပေါက်ရောက်သည်။ စစ်တွေမှလာသော သဘော်များသည် အောင်တပ်ဆိပ်တွင်ရပ်နားကြသည်။ ထိုသဘော်ဆိပ်အနောက်ဖက်တွင် ဒိုင်းဂျီကျွန်းတည်ရှိသည်။ မင်းဟရီလက်ထက်တွင် ပေါ်တူဂီဘုန်းကြီးဖာသာမန်နရစ်ကို နေရာချပေးထားခဲ့လေသည်။ အောင်တပ်မှတက်လာသော် နရတ်စားအမတ်ကြီးဘုရား မြင်းခုန်တိုင်အောင်၊ မော်လိပ်ကန်၊ စံကားတောင်၊ ထိုမှ ဝသဲတံတား (ဗန္ဓုလတံတား)ကိုကူးက၊ မြောက်ဦးမြို့ဖက်သို့ ရောက်လေသည်။ ဗန္ဓုလတောင်တွင် ပန်းကောင်းသိမ်၊ အရှေ့ဖက်တွင် တောင်ဖြူတောင် ဓာတ်ဖြူဘုရားရှိသည်။ ၎င်းမြောက်ဖက်တွင် ဝသဲးတောင်နှင့်ဘုရာရှိသည်၊ ဝသဲးအရှေ့ဖက်တွင် ဇိနမာန်အောင်၊ လက်ဆည်ကန်တို့ရှိကြသည်။ ဇိနမာန်အောင် မြောက်ဖက်တွင် ပန်းသီတောင်ဘုရားရှိလေသည်။ ဇိနမာန်အောင်နှင့်ရွှေတောင်အကြားတွင် စိန်တောင်၊ တကသီလဘုရား၊ မင်းခမောင်းဂူတို့ ရှိကြသည်။ လက်ဆည်ကန်တစ်ဝိုက်တွင်လည်း စေတီတော်များ ဘုရားများစွာရှိကြလေသည်။ ကိုးနဝင်းစေတီ၊ မင်္ဂလာဓာတ်ရွှေဂူ အပြင် သုံးကျိပ်တစ်ဆူဘုရား၊ ဝိဇယရံသီဘုရားမှာဆိုလျှင် လက်ဆည်ကန်တောင်ဖက်အဆုံးတွင် ရှိလေသည်။

## ဗားဗူတောင်မှ တောင်ရှီမြောင်း၊ ရေတံခါးဘုရား

ဝသဲးတံတားက မြောက်ဖက်တွင် ဗားဗူတောင်၊ ဒက်ဆွဲတောင်၊ ရသေ့တောင်၊ ကိုးတန်စီးတောင်၊ ပိန္နဲတောင်တို့ ဆက်သွယ်သွားသည်။ ဒက်ဆွဲတောင်ကို လက်ကွယ်တောင်ဟုခေါ်နေကြသည်။ လက်ကွယ်တော်ဘုရား တည်ရှိသည်။ ပိန္နဲတောင် အနောက်ဖက်တွင် ပေါင်းဝတံခါးခေါ် မှောက်တော်တံခါးရှိသည်။ ရွှေကြာသိမ်၊ ပြည်မျက်စိရေတွင်းနှင့် လောကမာန်အောင်ဘုရားတို့ ရှိကြသည်။ ပိန္နဲတောင်ဥယျာဉ်တွင် ကိုးတန်စေ့ဘုရား မြင်းခုံးတန်းတွင် ပြည်မျက်စိရေတွင်း ရှိကြသည်။ မီးကျောင်းယောင် တောင်အရှေ့ဖက် မြို့၏နှာခေါင်းိုးခေါ်သော တောင်တွင်၊ မြို့ဦးခေါင်းဘုရား တည်ရှိလေသည်။

ဒက်ဆွဲတောင်နောက်မှ တောင်သည် ဘီလူးနေက်ကေ တောင်မည်သည်။ ဒလက်တောင်နှင့် ကန့်လန့်ဖြတ်တည်ရှိနေပေ၏။ ပိန္နဲတောင်တံတိုင်းအဆုံး၊ အနောက်ဖက်ရှိ မြောင်းသည် တောင်ရှီမြောင်းတွင်၏။ ၎င်းတံတိုင်းအရှေ့ ဖက်မော်သည် ပန်းနီမော်တွင်၏။ ရေတံခါးမှ တောင်ဖက်သို့လာသော်၊ ပိန္နဲတောင်တံတိုင်းကို အဝင်၊ မုခ်တံခါးဖြစ်၏။ တောင်ရှီမြောင်းအနောက်တောင်သည် တခွက်ဆရာတောင် မည်၏။ ထိုတောင်နှင့် ငွေတောင်အကြားတွင် ရေတံခါးရှိလေသည်။ ရေတံခါးဘုရားမှာ ရွှေဂူသိမ်တော်၌တည်ထားခဲ့၏။ နောက်မှ ကျောက်ရစ်ကေကျောင်းသို့

ရွှေ့ပြောင်းခဲ့ခြင်းသာဖြစ်၏။ ကျောက်ရစ်ကေရွာထွက်ဝတွင် ကျောက်ရစ်ဘုရားကြီး ရှိလေသည်။ ငွေတောင်ပေါက်မှ ထမ္ဗရစ်ရွာလွန် မြောက်ဖက်တွင် ဝေသာလီမြို့ ဟောင်းသို့ ရောက်လေသည်။

## ပန်းနီမော်၊ ဟာရီတောင်၊ ရတနာပုံစေတီ

ပန်းနီမော်တွင်၊ သက်တော်စောင့်၊ သက်တော်ရှည်၊ သက်တော်ရဟူ အရှေ့အနောက်ဘုရားသုံးဆူတည်ရှိပေ သည်။ သက်တော်ရှည်တည်ရှိရာတောင်သည်၊ ကြက်ဖားသျှေတောင်မည်၏။ ထိုစေတီမြောက်ဖက်ချောင်းကို ကြက်ဖရေကျချောင်းဟု ခေါ်သည်။ သက်တော်ရှည်တောင်ဖက် ယခုနတ်တောင်သည် ရက္ခမနီတောင်မည်၏။ ၎င်းအရှေ့ယွန်း ခပ်နိမ့်နိမ့်ဘုရားတစ်ဆူနှင့်တောင်သည် ရက္ခနီတောင်မည်၏။ ၎င်းအနီး ဆင်ချဆိပ်မှ စီးသွားသောချောင်းသည် သဘော်ဆိပ်သို့ ပေါက်လေ၏။ ကန်လုနှင့် ညောင်ပင်စျေးလမ်းဆုံတွင် တောင်ရှိ၏။ ရက္ခတောင်ဟုခေါ်တွင်ရှိနေကြ၏။

## ရှစ်သောင်း၊ ထုက္ကန်၊ တေဇရာမကျောင်း

နန်းမြို့တော်မြောက်ဖက်တောင်သည် ဂဠုန်တောင်မည်၏။ ယခု ဟာရီတောင်ဟု ခေါ်နေကြ၏။ ထိုတောင်၏ ရှေ့ဖက်လမ်းမခြားတွင် မြဝါတောင်ရှိ၏။ ဆရာမြဝါကောင်းမှု စေတီတစ်ဆူတည်ရှိ၏။ ၎င်းစေတီတောင်ဖက် ရွှေဂူတောင်ရှိ၏။ ထိုတောင်အနောက်ဖက် တွင် မြန်မာမင်းလက်ထက် မြို့ဝန်အိမ် တည်ဆောက်ခဲ့၏။ မြဝါတောင်မြောက်ဖက် ရှစ်သောင်းစေတီတည်ရှိ၏။ ဖိုးခေါင်တောင်ဟုခေါ်လေသည်။ ရန်အောင်တောင်ဘုရား တည်ခဲ့သည်ဆို၏။

ရှစ်သောင်းမြောက်ဖက် အံတော်သိမ်နှင့် ရန်အောင်မြင်(ရတနာပုံ) ဘုရား တည်ရှိ၏။ ဖိုးခေါင်တောင်နှင့်ဆက်လျှက် တောင်ဖက်တောင်ကုန်းသည် ဇုန္တာတ်မတောင်၊ တောင်ကြား၌ ဂူစေတီတစ်ဆူ၊ အရှေ့ဖက်တွင် ရတနာမာန်အောင်နှင့် သကျမာန်အောင်ဘုရားတို့ တည်ရှိကြလေသည်။ ရတနာမာန်အောင်နှင့် ရှစ်သောင်း ဘုရားတို့သို့သွားရာ တောင်ကြားလမ်းရှိလေသည်။ ရှစ်သောင်းဘုရားအနောက်ဖက် သင်္ဘျီတောင်စေတီ။ ၎င်းမြောက်ဖက် ထုက န်စေတီ။ ၎င်းမြောက်ဖက် ထုက န်စေတီ။ ၎င်းမြောက်ဖက်မုစ်လေးတန်ခေါ် လေးမျက်နှာစေတီနှင့် ညီတော်စေတီရှိကြ၏။ ၎င်းမြောက်တွင် အရှေ့အနောက်မြတန်ဆောင်းစေတီ။ ၎င်းမြောက်မုတ်ဆိတ်တော် ဘုရား။ စန္ဒြာမစေတီနှင့် ကျောင်းတော်ရာ၊ ထိုမြောက်တေဇရာမစေတီတို့ တည်ရှိ ကြလေသည်။

## ရတနာမှန်ကင်းမှ အနော်မာဘုရား

ရတနာပုံဘုရားအရှေ့ဖက်တောင်တန်းတွင် အထက်/အောက်စေတီနှစ်ဆူကို ရတနာမှန်ကင်းစေတီဟုခေါ်၏။ ထိုတောင်နှင့်ဆက်လျှက် မြောက်ဖက်တွင်

ရတနာစံရွဲစေတီတည်ရှိ၏။ အထက်/အောက်နှစ်ဆူစီဖြစ်ကြသည်။ ၎င်းမြောက်ဖက်တွင် ဗောဓိရွှေကူစေတီတည်ရှိ၏။ အနုပညာမြောက်လှသော ဘုရင်မင်းထွက်တော်မူပုံ၊ ဝတ်စားဆင်ယင်ပုံများ၊ ကျောက်ဆစ်လက်ရာများ ရှိလေသည်။ ထိုတောင်အောက်တွင် ရွှေကြာသိမ်စေတီ၊ ၎င်းအထက်အလယ်စေတီ (ယခု မင်းပေါင်းစေတီ)၊ ၎င်းအထက်အထက်စေတီတည်ရှိ၏။ ထိုကမြောက်ဖက်တွင် အနော်မာဘုရားတည်ရှိပေ၏။

## ရန်အောင်ပြင်စေတီမှ ခြင်ကိုက်မြို့ရိုး

ရန်အောင်ပြင်စေတီမြောက်ဖက်တွင် (၂၈)ဆူဘုရားထက်/အောက်တည်ရှိကြ၏။ အထက်တောင်ကုန်းသည် သီမာဂီရိတောင်မည်၏။ ဂူငယ်တောင်ဟုလည်းခေါ်သည်။ အနောက်ဖက်ကုန်းသည် အုဋ်ကုန်းဖြစ်ပြီး၊ ရတနာဗိမာန်ကျောင်းဖြစ်လေသည်။ သီဟဂီရိတောင်၏ မြောက်ဖက်ကုန်းသည် (၂၈)ဆူကျောင်းတိုက်ရာဖြစ်သည်။ ၎င်းမြောက်ဖက်တောင်ထိပ် (၂၈)ဆူအထက်ဘုရားဖြစ်သည်။ ၎င်းမြောက်ဘက်တောင်ကုန်းအောက်ဆင့် (၂၈)ဆူဘုရားဖြစ်သည်။ ၎င်းအောက်မြေပြင်တွင် လင်ပန်းပြောက်စေတီရှိသည်။ ၎င်းအရှေ့မြောက်ထောင့်၊ တောင်အောက်တွင် ရွှေကြားသိမ်စေတီတည်ရှိသည်။ လင်ပန်းပြောက်စေတီ မြောက်ဘက်ထူပါုံစေတီရှိသည်။ ၎င်းမြောက်ဖက် ခြင်ကိုက်ပိဋကတ်တိုက် ၎င်းအရှေ့ကုန်းဘုရား (၉)ဆူ၊ ၎င်းမြောက် (၃၁)ဆူဘုရားဆက်စပ်ရှိသည်။ ၎င်းမြောက်ခြင်ကိုက်မြို့ရိုးဖြစ်သည်။ ၎င်းမြောက် တောင်ကုန်းပေါ် တောင်ကလပ်တွင် မင်းစောလှဘုရားနှင့် ကျောက်စာကြီးတစ်ချပ်ရှိသည်။ ၎င်းအထက်တောင်ထိပ်တွင် အမြင့်တောင်ဘုရားရှိလေသည်။ ခြင်ကိုက်မြို့ရိုး မြောက်ဖက်မင်းသမီးမြောင်းရှိသည်။ ထိုမြောင်းမြောက်ဖက်တွင် မင်္ဂလမာရ်အောင်စေတီ။ ၎င်းအရှေ့ဖက်တစ်ပင်တိုင်ကွင်း မင်းသမီးပျိုများ၊ သမက်တော်များ၊ နတ်ရှင်မယ်နန်းရာများ ရှိလေသည်။

## သာရပဗ္ဗတမှ အဓိပတိ ထီးဘုရား

တေဇရာမစေတီ၏ မြောက်ဖက်တွင် ပိဋကတ်တိုက်ရာရှိသည်။ ၎င်းအရှေ့မြောက် တောင်ကြီးထိပ်တွင် သာရပဗ္ဗတစေတီရှိသည်။ ၎င်းစေတီတောင်ဖက်မြေပြင်သည် ဓမ္မိကာရာမတိုက်ရာဖြစ်သည်။ ၎င်းတိုက်ရာမြောက်၊ သာရပဗ္ဗတတောင်ရင်းတွင် အုဋ်ပိဋကတ်တိုက်ကြီးရှိသည်။ ၎င်းမြောက်ရွှေစေတီရှိသည်။ ထိုစေတီမြောက်တောင်ထိပ်တွင် ပေါ်တော်မူစေတီနှစ်ဆူရှိသည်။ သာရပဗ္ဗတစေတီ၏ အရှေ့ဖက်တောင်စွယ်၌ကျလေသည်။ ထိုစေတီရှေ့ ဟိနီနတ်ကွန်းနှင့် နတ်ပုပ်ကြီးနှစ်ခုရှိလေသည်။

၎င်းမြောက်ဖက်တောင်ချိုင်မှာ အဂ္ဂစိန္တေယျ တိုက်ရာဖြစ်သည်။ ၎င်းအရှေ့ထူပါုံတိုက်ရာဖြစ်သည်။ အဂ္ဂစိန္တေယျတိုက်၏ မြောက်ဖက်တောင်ထိပ်ဆိုလျှင် ရှမ်းတောင်ဘုရားတည်ရှိသည်။ အဂ္ဂစိန္တေယျတိုက် အနောက်ဖက်တောင်ထိပ်မှာ

ဥမှင်တောင်ခေါင်းနှင့် ဘုရားသုံးဆူရှိသည်။ ဆရာမြဝါဥမှင်နှင့် ဆင်းတုတော်ဖြစ်လေသည်။ ၎င်းတောင်နှင့်ဆက်လျက် နတ်ပေါင်းစေတီကြီးရှိသည်။ ထိုစေတီအရှေ့ဖက် ဥမှင်တောင်၊ မြောက်ဖက် လောင်းကြက်မင်းစေတီဖြစ်လေသည်။ ၎င်းအရှေ့မြောက် အဓိပတိဘုရားစေတီရှိသည်။ ထီးသုံးပါးတွင် တက်စားပေး တည်ထားသည်ဟု ကမ ည်းရေးထိုးထားသည်။ ထီးသုံးပါးကား မဟာထီး၊ အဓိပတိထီး၊ နန်းကျဘုရားကြီးထီးဖြစ်သည်ဆို၏။ ၎င်းအရှေ့ထောင်စွယ်မြို့ိုးထိပ်တွင် နတ်တံခါးဘုရားတည်ရှိပေ၏။

ဆရာကြီးသည် စကားလက်ဆုံကျရင်းပြောပြခဲ့ရာ မိမိတို့မှာ မလွတ်တန်းရေးမှတ်ထားခဲ့လေသည်။ အကြောင်းစပ်သဖြင့် ယခုမှတင်ပြနိုင်ရာ ဆရာကြီးအားဂုဏ်ပြုလိုက်ရပါသတည်း။

❖❖❖

# အထက်လမ်း ကျွန်းစဉ်လှည့်ပတ်

**အသျှင်စက္ကိန္ဒ (နတ်မြစ်)**

''ရှည်လျားကြောင်းလှ၊ ကျွန်းရမ္မကို၊ တ တူ။ နှင်းအူအူနှင့်၊ မှင်းခူမ င်း၊ မုံကင်းတွဲလွဲ၊ တပိုးတွဲမှာ၊ ရွှန်ပွဲမမီ၊ ရာသီသာမော၊ ကျေးငှက်တောနှင့်၊ ဉသြသံ င်း၊ အလွန်ပြင်း ၊ တသင်းတပည့်၊ ကျန်သည်ရိက္ခာ၊ ဆရာတသီး၊ လှေကြုံစီး ၊ ပုတီးမြက်မြက်၊ စိပ် ထွက်က၊ ကျေးငှက်ဇင်ယော်၊ ကြော်ကြော်မြူးမြူး၊ စိတ်ဝမ်းနူး လျှက်၊ တဖျူးတဖျ၊ ကစ္ဆပကို၊ အရကူးသန်း''

**(ကင်းဆရာ ဦးဝရ၏ ရေလားအလင်္ကာမှ)**

ရခိုင်ဒေသသည် မြစ်ချောင်းပင်လယ် တောတောင်တို့ဖြင့် တည်ရှိနေသည်။ ကျွန်းကမ်းအငူ၊ ရေပန်းဖြူလျှက်၊ ယက်သံမကင်းဘဲ၊ လေပြင်းဆော်ရမ်းနေသည်။ ခရီးသွားလာရသည်မှာဆိုလျှင် ရေလမ်း၊ ကုန်းလမ်းမက တောတောင်ကိုပါ ဖြတ်ကျော်ခဲ့ရပေသည်။ လောင်းလှေသည် ရခိုင်တို့အတွက် မရှိမဖြစ်သော အဖော်သဟာဖြစ်ချေသည်။ ယခုအခါဆိုလျှင် သင်္ဘော၊ရေယာဉ်များရှိသော်လည်း လှေလောင်းကို လက်မလွတ်နိုင်သေးပါ။ ကုန်းလမ်းအတွက် မြစ်ချောင်းတို့ကို တံတားထိုး တောတောင်ကို လမ်းဖောက်နေပေပြီ၊ သို့သော်လည်း လေးဆဲ့လေးကျွန်း၊ မြဦးနန်း၌၊ ပေါ်ဆန်းလကျာ၊ ကျွန်းပြင်သာထက်၊''ဆိုသော ကင်းဆရာ၏ကျေးစေ ရတုကို တွေးမြင်နေမိသေး၏။

ရှေးက ကင်းဆရာ ဋ္ဌေန်းယေတို့၏ ရေလားခရီးစဉ်ကား၊ အမှတ်ထင်လျှက် ရှိနေပေသေး၏။ ရခိုင်ဒေသလူမှုရေးတွင် ရေလားခရီးသွားလာဆက်သွယ်မှုမှာ သမိုင်းမတင်သေးချေ။ ခရီးသွားလမ်းအဖြစ်သနစ်များကို ညွှန်ပြလျှက် ရှိနေပါသေး၏။ ရေလမ်းအတိုင်း ကျွန်းကမ်းအရပ်ရပ်ကို လှည့် သွားလာနေရရာကား ရမ်းဗြဲမှ စစ်တွေထိ ခရီးရှည်ပေသည်။ မင်းပြား–မြောက်ဦးမှလှည့် စစ်တွေသို့သွားရလျှင်ကား

ထိုထက်ခရီးဝေးမည်သာဖြစ်၏။ မည်သို့ဆိုစေ ခရီးသည်များမှာမူ မလွဲမရှောင်သာ သွားလာခဲ့ရကြချေ၏။

ရခိုင်ဒေသနေလူများတွင် ရမ်းပြည့်ကျွန်း၊ တောင်ကုတ်၊ သံတွဲ၊ အမ်း၊ ဒါးလက်တို့မှ လူများဆိုလျှင် ခရီးအသွား အလာများခဲ့ကြသည်။ ကျွန်းစဉ်ပတ်တစ်ခွင်တွင် အတွေ့အကြုံ ပြည့်ဝန်းသိသူများဖြစ်ကြသည်။ မည်သူမဆိုခြေရာခံ နောက်မှ လိုက်ကြရသည်ချည်းသာဖြစ်ရာ၊ ရေလမ်းခရီးမှာ ရှိမြဲရှိမည်သာဖြစ်၏။ ဖော်ပြပါ ကင်းဆရာ ငွှန်းယေတို့၏ ကိုယ်တွေ့ခရီးသွားမှတ်တမ်းများလည်း တန်ဘိုးရှိမည်သာဖြစ်၏။ ထို့ကြောင့် ရေလမ်းကြောင်းခရီးကိုဖော်ပြလျှင် သမိုင်းဝင်စာပေဟု သိမှတ်ရပေသည်။

## ရေလမ်းသုံးသွယ် ကျွန်းစဉ်လှည့်ပတ်(၂)

ကျွန်းစဉ်တစ်လျှောက်ရေလမ်းများသည် သုံးမျိုးရှိလေသည်။ ရာသီဥတုကိုလိုက် သွားရသဖြင့် မိုး၊ နွေကာလတို့၌ပင် နှစ်မျိုးဖြစ်လေသည်။ ဆောင်း၊ နွေရာသီတွင် သမ,ဂန်၊ ဂေါတူတို့ဖြင့် ပင်လယ်ကမ်းကြောင်းသွားလာနိုင်ပေသည်။ မိုးရာသီတွင် မသွားမလာနိုင်ရာကား ရပ်ဆိုင်းထားခဲ့ကြရသည်။ လောင်းလှေဖြင့် သွားလာရသော နှစ်လမ်းမှာဆိုလျှင် ဆောင်း၊ နွေကာလတို့တွင် အလယ်လမ်းမှ အသွားအလာများလေသည်။ ထိုခရီးဖြင့်ပင် ကင်းဆရာငွှန်းယေတို့ ခရီးထွက်ခဲ့ကြခြင်းဖြစ်သည်။ မိုးရာသီတွင်မူ အထက်လမ်းကို ရွေးချယ်ကြရလေသည်။ လှိုင်းလေစသော ဘေးဒါဏ်တို့ကိုစိုးရိမ်ရသဖြင့် အသက်အန္တရာယ်မှ ရှောင်ရှားရချေသည်။

သမ,ဂန်လမ်းခေါ် ပင်လယ်ကြောင်းလမ်းကား လောင်းလှေထက် ကြီးသော အရာကျယ်ခရီးဖြစ်သည်။ ဂေါတူ၊ စပ်တင်လောင်းကြီး၊ သမ,ဂန်ကြီးတို့ဖြင့် သွားလာရသည်။

ရမ်းဗြဲမှကျောက်ဖြူ၊ စစ်တွေ၊ မြို့ဟောင်း စသည်တို့သို့ သွားလာကြရာတွင် ခရီးစဉ်ရှိလေသည်။ ရမ်းပြည့်ကထွက်သော် နဂါးမော်ကိုလှည့် ကျက်တောပွွန်ကို ပတ်ရသည်။ လက်ဝဲဖက်တွင် ကျောက်ဖြူကိုတွေ့ ပွွန်ကိုကျော်လျှက် တန်းခိုး တောင်တန်းကို စုန်ဆင်းသဖြင့် နခေါင်းပေါက်ကိုရောက်သည်။ ထိုကဖြတ် ပင်လယ်အဖျားကိုကူးဖြတ်သော် လက်ဝဲဖက်က ဘင်္ဂလားပင်လယ်ပြင်၊ လက်ျာဘက်က ကွမ်းချောင်းတောင်ကြီးကို မြင်ရသည်။

ထိုတောင်ကြီးကို လျှောက်လျှက်စုန်ဆင်းက အင်ကြင်ချိုင်ကျွန်းကို ရီရီဝေးဝေး မြင်ရသည်။ ထိုကျွန်းကိုနီးလေက ဖတူကျွန်းသို့ရောက် ဖတူအပေါက်ကိုဝင်ရသည်။ ဆံတော်ရှင်ကျွန်းခေါ် မြေပုံကျွန်းနှင့် ထိုက အနောက်စစ်တွေမြို့ကို လှမ်းမြင်ရလေသည်။ ထိုကကူးလျှက် စစ်တွေရောက်သော် တန်ခိုး၊ တန်းစွယ်၊ ပုဏ္ဏားကျွန်း စသည်ဖြင့် ကစ္ဆပနဒီမြစ်ကြောင်း ခရီးစဉ်သွားနိုင်လေသည်။ သို့တည်းမဟုတ် မင်းကန်

မြစ်ကဝင် မယုမြစ်ကြောင်း ရသေ့တောင် ဘူးသီးတောင်တို့သို့ရောက်နိုင်သည်။

## အထက်လမ်းကြောင်း

မိုးရာသီတွင် အသွားအလာပြုလေ့ရှိသော အထက်လမ်းခရီးစဉ်ကို ဆက်ပေအံ့။ ထိုလမ်းအတိုင်း ကျွန်းစဉ်ကိုလှည့်ပတ် ခရီးသွားကြမည်ဆိုသော် မိုးရာသီမှာ အသင့်တော်ဆုံးခရီးဖြစ်သည်။ ဘေးအန္တရာယ်နည်းပါး ဒီလှိုင်းဒါဏ်မှလည်း လွတ်ကင်းသည်။ ပင်လယ်ကြောင်းနှင့်လည်းမနီးသဖြင့် ချောင်းမြောင်းမြစ်ဖျား၊ ပြွန်ဖျားများကိုသာ ဖြတ်သန်းရလေသည်။ အလယ်လမ်းနှင့်လည်း နီးစပ်သည် ခရီးကြောင်းရှိလေသည်။

## ရမ်းပြည့်ကျွန်းမှ ထွက်လာသော ခရီးစဉ်

အလယ်လမ်းကြောင်းအတိုင်းလာရသည်။ ထိုနောက် ခြုံဆွေရောက်လျှင် အလယ်လမ်းနှင့်ကွဲ ခရီးစဉ်ကွဲသွားလေသည်။ ခြုံဆွေမြောက်ဘက်ရှိ အမ်းမြစ် ကမ်းမျှောင်ကိုဖြတ်သန်းလေသော် ဆန္ဒင်းကျွန်းကို လက်ျာဖက်ထား အောက်သို့ စုန်ဆင်းလေသည်။ ထိုအခါ ဆတ်ဖါတွယ်ကျွန်း၊ သစ်ရောင်းဝပြွန်ကိုရောက်သည်။ ထိုတွင် တဖြားသတ် ဆတ်ဖါသွယ်ကျွန်းမှ ရေမိုးခပ်ယူရလေသည်။ ထိုကျွန်း၏ လက်ျာဖက်တွင် တောင်စဉ်ကမ်း''အုန်းနီကျွန်း''ရှိသည်။

## သုံးချက်ထောင်းပေါက်

အုန်းနီကျွန်းအပေါက်မှ အောက်ကိုဖြားရေအကျဖြင့် စုန်ဆင်းသွားသော် လက်ျာဖက်တွင် ကြက်တင်ပျစ်ကျွန်းရှိသည်။ လူနေအိမ်ခြေတစ်ဆယ်ခန့်ရှိလေသည်။ ထိုကျွန်းကို ချန်လွန် သွားလေက သုံးချက်ထောင်းအပေါက်ကို ရောက်သည်။ ရှေးယခင်က တကာနှင့်ဆရာလှေစီး ခရီးသွားခဲ့ကြသည်။ ဤအပေါက်ကို အရောက်တွင် စကားများကြပြီး ငြင်းခုန်မှုပြုခဲ့ကြသည်။ ထိုအခါ ဆရာသည် တကာအား ကျောကုန်းကို လက်ဖြင့်သုံးချက်ထောင်းလိုက်လေ၏။ ထိုအခါမှစ ဤနေရာသည် ဆရာက တကာကို ထောင်းရာဌာနဟူ မည်တွင်ခြင်းဖြစ်ခဲ့ရသည် ဆို၏။

## ထမင်းထောင်ပေါက်

ထိုကလွန်လေလျှင် ထမင်းထောင်ပေါက်ကို ရောက်လေသည်။ ဤပြွန်ပေါက် အမည်တွင်လာရခြင်းမှာ ဤသို့ဖြစ်လေသည်။ ဤကျွန်းတွင် ရှေးအခါက ငါးဝမ်းပူ ရှာခဲ့ကြသည်။ ၎င်းငါးရှာသမားတို့သည် စုပေါင်းဝိုင်းဖွဲ့ ချက်ပြုတ်စား သောက်ကြ လေသည်။ ထမင်းဟင်းချက်ပြုတ်စားသောက်ခြင်း စုပေါင်းလှူဒါန်းမှုကျင်းပခြင်းကို ထမင်း ထောင်ပွဲ၊ ဟင်းထောင်ပွဲဟု ရှေးကခေါ်ဝေါ်မှုပြုခဲ့လေသည်။ ထမင်းထောင်

ဟင်းထောင်ပွဲအလှူကို ရခိုင်ပြည်၌ ရှေးအခါကပင် ပြုလုပ်လေ့ရှိခဲ့ရာကား''အသူ့ ထမင်းထောင်ထောင် ရွာတော်လုံးမှာ၊ ပပန်းပြောင်။ ထမင်းထောင် ဟင်းထောင်ပေါ်၏၊ အရှင်ပြည်မှာ ဝါကျွတ်လလေ''ဟု ကဗျာစပ်ဆိုခဲ့ကြလေသည်။ ထိုသို့ ထမင်းထောင် စားလေ့ရှိခဲ့ကြရာ နေရာဖြစ်သည့်အတိုင်း ထမင်းထောင်ပေါက်ဟုခေါ်တွင်ခဲ့ ရလေသည်။

## ကမ်ဖွေကျွန်း

ထိုပြွန်ပေါက်မှ အထက်ကိုသွားလျှင် တောင်စဉ်ကမ်း၊ လက်ခွာတွယ်နယ်၊ ဝေချောင်းရွာကိုတွေ့ရသည်။ အောက်ကိုဆင်းသော် တောင်စဉ်ကမ်း၊ ရပုပ်ဝကို တွေ့ရသည်။ ရပုပ်ဝကို လက်ျာထား လက်ဝဲဘက်ကိုလိုက်သော် ကမ်းဖွေကျွန်းကို ရောက်သည်။ ကျွန်းလွတ်ကဲ့သို့ ကျောက်ဘူးတောင်းမြစ်ဝတွင် တည်ရှိသည်။ အိမ်ခြေ (၃၀)လောက်ရှိရာ လေ့သမားတို့မှာ ဤရွာတွင် ရေမိုးတင် ချက်ပြုတ်စားသောက် လျှက် စခန်းနားကြလေသည်။

## ကျားခြစ်ကျွန်း

ကမ်းဖွေကျွန်းမြောက်ဘက်တွင် ကျားခြစ်ကျွန်းကိုတွေ့ရသည်။ လူနေရပ်ရွာ (၃၀)ကျော်၊ (၄၀)ခန့်ရှိသည်။ ရှေးက လူနေမပြုမီ မြက်သစ်ရွက်များဖြင့် ထူထပ်လျှက် ရှိလေသည်။ အနီးရှိကျွန်းများမှ ကျွဲနွားများကို လွှတ်ထားခဲ့ကြသည်။ ထိုအခါ ကျွန်ပတ်ကျားကလိုက်လံ ကိုက်ဖမ်းရန် ခြစ်ကုပ်ဆွဲငင်လေသည်ဆို၏။ ထို့ကြောင့် ကျားခြစ်ကျွန်းဟု တွင်ခေါ်ခဲ့ကြလာခဲ့ရသည်။

## ကျောက်ဖူးတောင်းမှ ရှူးသို့

ကျောက်ပူးတောင်းမြစ်ဆိုသည်မှာ ဖူးတောင်းနှင့်သဏ္ဍာန်တူလေသည်။ ထိုပူးတောင်းမြစ်မှ အထက်သို့တက်သော် ပြားတောခွဆုံတစ်ခုကို တွေ့ရသည်။ ထိုခွဆုံ၏ လက်ျာဖက်တွင် တောင်စဉ်ကမ်းရှိရာ ''ႁႉး''ဆိုသောအရပ်သို့ ရောက်လေ သည်။ ထိုခွဆုံမှ လက်ဝဲဘက်အပေါက်သို့သွားသော် မ င်းပြွန်ကိုရောက်သည်။ မ င်းကျွန်းတွင် တည်ရှိလေသည်။ မ င်းသီး (မရမ်းသီး)များလည်း ပေါများသည်။ လူနေအိမ်ခြေ တစ်ဆယ်ကျော်နီးကပါးနေထိုင်ရှိသည်။ ထိုပြွန်ကို ကျော်ပြီးလျှင် ပြွန်ဝဟင်းခူးပေါက်ကိုရောက်သည်။ ထိုတွင် လေ့သမားတို့စခန်းချ စားသောက် ရသည်။ ရေမိုးကား မရလွယ်ချေ။

## တပ်ရာကျွန်း-ဒါးလက်

ဟင်းခူးပေါက်မှ အထက်သို့စုန်တက်သွားသော် လက်ျာကမ်းမှာ တောင်စဉ်ကမ်း ဖြစ်သည်။ လက်ဝဲကမ်းကား ကျွန်းစဉ်ကမ်းဖြစ်သည်။ ၎င်းကမ်းခြေကို စုန်တက်

လက်ဝဲက တပ်ရာကျွန်းကိုတွေ့ရသည်။ လူနေအိမ်ခြေနှစ်ရာခန့်ရှိသည်။ တောင်စဉ်ကမ်းဖက်ရှိ မဲသန်ကြိုး(ချင်းရွာ)ရွာကို မြင်ရသည်။ ၎င်းအတိုင်းဆက် စုန်သွားသော် တောင်စဉ်ကမ်း တမန်းတူးပေါက်ကိုရောက်သည်။ ဒါးလက်ဝဟုလည်းခေါ်သည်။ ထိုကတက်သွားလျှင် တောင်စဉ်ကမ်း ဒါးလက်သို့ရောက်လေသည်။

## ညောင်ခက်ကန်ကျွန်း

၎င်းမှအောက်သို့စုန်ဆင်းလေသော် ညောင်ခက်ကန်ကျွန်းသို့ရောက်သည်။ ထိုတွင် လူနေအိမ်ခြေသုံးဆယ်ခန့်ရှိရာ လှေသမားတို့ စခန်းချနားကြရသည်။ သူတော်မကန်ဆိပ်ဟူ စခန်းအမည်ရှိချေသည်။ ထိုတွင် ရေမိုးခပ်ဖြည့် ရပ်နားကြလျှက် အနီးရှိစေတီကိုလည်း ဖူးမြော်နိုင်လေသည်။ သူရိယမင်းသားသည် ကဉ နဒေဝီကို ဤကျွန်းတွင် ရပ်နာစေခဲ့ကာ မယူကျွန်းသို့သွား မီးယူခဲ့လေသည်ဆို၏။ ငှက်ဆင်တွင်တင် ကောက်ိုးမီးတုတ်ဖြင့် ယူလာသောမီးမှာ လောင်ကျွမ်းလေရာကား ဟာခ်ရော်(ကုလားတန်မြစ်အနီး)တွင် ပျက်ကျလေ ငှက်ဆင်တုန်းဟူခေါ်တွင်လေသည်။ ယခု ပုဏ္ဏားကျွန်းအနီး၌ ထိုကျွန်းတည်ရှိလေသည်။

## ကပိုင်ကျွန်း

ထိုဆိပ်ကမ်းစခန်းမှ အောက်ဖက်သို့ဆင်းသော် လက်ဝဲက ကပိုင်ကျွန်းကို မြင်ရသည်။ ကပိုင်ပင်တောများ လွှမ်းမိုးလျှက်ရှိနေသည်။ လူနေရပ်ရွာကား မရှိသော်လည်း ကမ်းထောင်းကြီးမှ လူများသည် လယ်တည်းချ ကပိုင်လုပ်ကိုင် စားသောက်ခဲ့ကြသည်။ ထိုကန်ဆိပ်မှ လက်ျာဖက်ကိုကျော်သွားလျှင် ချင်းမလိုင်ကွင်းခေါ်သော ပြွန်ကိုရောက်သည်။ ချင်းအမျိုးသား အိမ်ခြေတစ်ဆယ်ခန့်ရှိနေသည်။ ထိုက ကျော်သွားလျှင် တောင်စဉ်ကမ်းခြေရှိ ယိုးချောင်းကို တွေ့နိုင်သည်။ ထိုကထွက်သော် နောက်ကတွေ့ခဲ့သော ကပိုင်ကျွန်းစကို ပြန်ရောက်လေသည်။

ထိုကျွန်းမှ အောက်ကိုစုန်သော် နတ်လှကျွန်းကို ရောက်သည်။ ထိုနတ်လှရွာ၌ လူနေအိမ်ခြေခြောက်ဆယ်ခန့် ရှိလေသည်။ ထိုကျွန်းကိုလက်ျာထား ဆင်းသော် လှေထူးကျွန်းကိုရောက်သည်။ ထိုတွင် လူနေအိမ်ခြေ (၄၀)ခန့်ရှိ လေသည်။ ထိုကျွန်းမြောက်ဘက်တွင်လည်း မြင်တော်မူကျွန်းရှိလေသည်။

## လောင်းတရစ်ကျွန်း

လှေထူးကျွန်းမှ အောက်သို့ဆင်းသော် ဤလောင်းတရစ်ကျွန်းကို တွေ့ရသည်၊ လူနေအိမ်ခြေ (၄၀)ခန့်လုပ်ကိုင် စားသောက်ရှိနေသည်၊ ဤကျွန်းမြောက်ဖက်တွင် ဆားပြာဖုတ်ကျွန်းရှိသည်။ ၎င်းအရှေ့ဖက်၌ ကျီးခေါင်းတောင်ကျွန်းရှိသည်။ ကြိုးစီးကျွန်း၊ ဝက်ူးကျွန်း၊ ငွေကြီးကျွန်းတို့လည်း ရှိကြလေသည်။ လောင်းတရစ်ကျွန်းအနီး လက်ျာဖက်တွင် မိုးသီးနတ်တောင်ကို မြင်ရသည်။ ကျွန်းလွတ်တစ်ခုဖြစ်ရာ

မြစ်ပင်လယ်ထဲ၌ သီးခြားတည်ရှိနေသည်။

## လက်လှုပ်ဗွေကျွန်း

မိုးသီးနတ်တောင်မှ အောက်ကိုဆင်းသော် လက်ဝဲဖက်တွင် ကွမ်းချောင်းတောင်ရှိသည်။ လက်ျာဖက်တွင် လက်လှုပ်ဗွေကျွန်း၊ တောင်ငိုတောင်ကို တွေ့ရသည်။ ကွမ်းချောင်းတောင်လောက်မကြီးချေ။ လူနေအိမ်ခြေ(၈၀)ကျော်ခန့်ရှိလေသည်။ ဤကျွန်းနှင့်ပတ်သက် သိမှတ်စရာ ပြောဆိုချက်ပြုနေကြသည်။

ရှေးအခါက လူတချို့တောထဲသို့ ဆေးမြစ်တူးရန်သွားလေရာ ရရှိ အိမ်သို့ပြန်လာလေသည်။ ထိုဆေးမြစ်မှာ ကျားဖြစ်နိုင်ရာ မယားဖြစ်သူက ကျားလုပ်ပြရန် ပူဆာလေသည်။ မတတ်နိုင်အဆုံးကျားဖြစ်က ပုဆိုးတစ်ထည်ကို ပေးရမည်ဟု ကတိပေးလေသည်။ ထိုနောက် ဆေးမြစ်ကိုကိုက်လေသော် ကျားဖြစ်လေသဖြင့် တောသို့ သွား အမဲကောင်ကိုကိုက်လာလေသည်။ မယားလုပ်သူမှာ ကတိအတိုင်း ပုဆိုးကို မပေးဘဲ ကြောက်လန့်လျှက်ရှိနေသည်။ ထိုအခါ ပုဆိုးမရသောကြောင့် သမန်းကျားဘဝ ဖြင့် တောထဲ၌နေခဲ့ရလေသည်ဆို၏။ အနီးအနားလူသူများကို ကိုက်စားခြင်း အန္တရာယ်ပြုခြင်းရှိခဲ့ရာကား လူသွားလူလာဆိတ်သုဥ်းခဲ့ရလေသည်။ တစ်နေ့သ၌ လူသေကောင်မှ လက်တစ်ပိုင်းကိုဖြတ်ယူလျှက် သစ်ပင်ကိုပုန်း လက်လှုပ်ပြလျှက် ခေါ်နေလေသည်။ လက်လှုပ်ပြ၊ (လက်ယတ်ပြ)လေသော် လူအမှတ်ဖြင့်ကြည့်လေရာ ကျားလည်းဖမ်းကိုက်မှုပြုလေတော့သည်။ လူယောင်ဆောင် လှည့်စားခဲ့ရာဌာန ဖြစ်နေ လက်လှုပ်ဗွေကျွန်းတွင်ခဲ့ရသည်ဆို၏။

## မြေပုံမြို့ရောက်

၎င်းလက်လှုပ်ဗွေကျွန်းကို လက်ျာထား လက်ဝဲဘက်တွင် မြေပုံမြို့ကို တွေ့ရသည်။ လက်လှုပ်ဗွေကျွန်းနှင့် မြေပုံအလယ်ကိုမြစ်ပင်လယ်ရှိနေရာ ဗျက်မကျွန်းနံပင်လယ်ဟုခေါ်တွင်သည်။ မြေပုံမြို့ အငူဓါတ်အနီး၊ တောင်တစ်ခုရှိလေရာ သံသမကျောက်ခေါ်လေသည်။ ၎င်းကိုလွန် ပင်လယ်ကို လက်ဝဲချန်ထားလျှက် အထက်သို့စုန်တက်သွားသော်၊ အငူမော်အနီး ရှောက်ပုံတောင်ကို တွေ့ရသည်။ ထိုမှ အရှေ့ဖက်တွင် မြေပုံမြို့ရှိရာ၊ ကြပ်စင်ကျွန်းတောင်တန်း အငုံဖျားဖြစ်ချေသည်။ ဤမှကြပ်စင်ကျွန်းကို အနောက်ဖက်မှလှည့်လျှက် ဗျက်မကျွန်း၊ ကြက်ရေကျွန်း၊ ငမန်းရဲကျွန်းကို လှည့်ပတ်သွားလာနိုင်သည်။ ပြွန်ရှည်ကြောင်းလှည့်လျှက် မင်းပြားမြို့သို့ လည်း ရောက်သည်။ ထို့ပြင် ခေါင်းဖြူ ကံသာမှသွား လည်းကောင်း၊ ကျောက်ငှားသို့ သွားသောမြစ်ကြောင်းဖြင့်လည်းကောင်း ရောက်နိုင်ပေသေးသည်။

## ပြွန်ရှည်ချောင်း

မြေပုံမြို့မှ မြောက်ဖက်ကိုလည်း အောက်နပျိုးချောင်းရွာအနီး၊ ပြွန်ဝမှဝင်သော် ပြွန်ရှည်ချောင်းကိုရောက်သည်။ ဤပြွန်ရှည်သည် ကေသလာကျွန်းပြွန်ဝရွာထိ ရှည်လျားလေသည်။ ကြပ်စင်ကျွန်း၏ အရှေ့ဖက်အပိုင်း ပြွန်ကြောင်းဖြစ်ရာ၊ ကြပ်စင်ကျွန်းတောင်စဉ်နားလျှောက် ပေါက်ရောက်နေသည်။ ၎င်းပြွန်ရှည်သည် အကွေ့ အကောက်များ 'အကောက်သုံးဆယ်၊ ငါးပြွန်ရှည်'ဟု စာဖွဲ့ခဲ့ကြသည်။ ပြွန်ရှည်ကျွန်းဟုလည်း ခေါ်ကြသည်။ ရခိုင်မင်းတို့လက်ထက် အကောက်အခွန်၊ ရေကင်းစခန်းချထားပေးခဲ့လေသည်။ ပြွန်ရှည်အဝတွင် ကေသလာကျွန်းဟူ ရှိသေးရာ၊ ထိုတွင် အိမ်ခြေ၊ ရပ်ရွာလေးရွာရှိပေသည်။

ပြွန်ရှည်ကင်းစားသည် မင်းဖလောင်းလက်ထက် ဗလရဲကျော်ကို ခန့်အပ်ခဲ့သည်။ မဏိသူမှာ မင်းပြားကင်းစားအဖြစ် ဆောင်ရွက်ခဲ့လေသည်။ အင်းဝ စည်သူကျော်ထင် ကို ပဲခူးမင်း ကျော်ထင်နော်ရထာတိုက်ခိုက်လေသဖြင့် ထွက်ပြေးလာခဲ့ကြသော စည်သူကျော်ထင်၏ မှူးမတ်များဖြစ်ကြသည်။ ဤပြွန်ရှည်တွင် သုံးဖြားထိ စားသောက်လျှက်သွားရကြောင်း 'စားသောက်ကာ၊ ပြွန်ရှည်ကြောင်းမှာ သုံးဖြားကြာ'ဟု စာဆိုရှိသည်။

ပြွန်ရှည်တွင် လူနေရပ်ရွာ ရခိုင်(၄)ရွာရှိလေသည်။ တခြားချင်းအမျိုးသားလည်း ရှိကြပေသည်။ ရင်းဘွေရွာကား အိမ်ခြေ(၁၂၀)ခန့်ရှိသည်။ ကြိမ်ချောင်းရွာမှာ (၂၅၀)ရှိလေသည်။ ကွဲဂြိုရွာနှင့် ငရဲကောက်ရွာတို့ဆိုလျှင် အိမ်ခြေ(၉၀)စီ ရှိကြသည်။ တောင်စဉ်ကမ်းပိုင်တွင် ကမ်းနီ (အိမ်ခြေ ၆၀)၊ မေလွန်း (၅၀)ရွာတို့ရှိကြသည်။ ယခု ကားလမ်းအနီးတွင် ကျရောက်နေ မင်းပြားမြို့မှ ကားအမြဲ ပေါက်ရောက် နေကြသည်။

## ကေသလာကျွန်း

ပြွန်ရှည်ကျွန်းကား ရှည်လျားသဖြင့် ပြွန်ဝတွင်တည်ရှိသော (၄)ရွာကို ကေသလာကျွန်းဟုခေါ်လေသည်။ ပြွန်ကထွက်လျှင် ငစင်ိုင်းချောင်းကျွန်း၊ ဇီးပင်ကြီးရွာကို မြင်ရသည်။ ထိုက တောင်သို့လျော်ခတ်သွားသော်၊ မင်းကြောင်းမြစ်ဟု ခေါ်သည်။ မြောက်ဖက်သို့သွားသော် လေးမြို့မြစ်၊ ရာမောင်မြစ်ဟုခေါ်သည်။ ကေသလာတွင် ရှေးကသင်္ဘောဆိုက်ကပ်ခဲ့ဖူးလေသည်။ မင်းပြားမြို့ကသွားသော် သူငယ်တော်ပြွန်သို့ရောက် ဟင်းခရော်၊ ဦးရာဇတောင်၊ မင်းကန်သို့ ရောက်သည်။ ကစ္ဆပနဒီမြစ်အတိုင်း ထက်အောက်စုန်ဆန်သွားရောက်နိုင်သည်။ ကစ္ဆပနဒီမြစ်ဝတွင် ရခိုင်ပြည်၏ မြို့တော်စစ်တွေတွင် စခန်းရပ်နားနိုင်ကြပေသတည်း။

❖❖❖

# ကျွန်းစဉ်လှည့်ပတ်

**ရတနာမြေပုံမဂ္ဂဇင်း(၁) ၁၉၉၉–ခု အောက်တိုဘာလထုတ်မှ**
**အသျှင်စက္ကိန္ဒ**

ရခိုင်တွင် ကျွန်း(၄၄)ကျွန်းရှိရာ ရေကြောင်းခရီးဖြင့်သာ သွားလာရသည်။ လှည့်ပတ်ခဲ့သော ကုန်သည်၊ ခရီးသည်၊ ခရီးစဉ်တို့ကို ကင်းဆရာဦးဝရ၊ ရမ်းပြဲ ဌေးနမ်းယေတို့က မှတ်တမ်းတင်ခဲ့ကြသည်။ ၎င်းတို့ကြွချီခဲ့ကြသော အလယ်လမ်း ခရီးစဉ်မှာ ဆောင်းနွေတွင်ဖြစ်သည်။ အထက်လမ်းဆိုလျှင် မိုးရာသီတွင်သွားကြပြီး ပင်လယ်ပတ်လမ်းကိုကား 'ဂေါတူသမ,ၢန်လမ်း' ဟုခေါ်ဆိုသည်။

မာန်အောင်ကျွန်းမှ ကျောက်နီမော် ရမ်းပြဲသို့ခရီးဆက် လည်းကောင်း၊ သံတွဲ– တောင်ကုတ်မှ ကျောက်နီမော်၊ ရမ်းပြဲ၊ ကျောက်ဖြူသို့ဆက် လည်းကောင်း၊ တောင်ပိုင်းခရီးစဉ်ရေလမ်းပြုခဲ့ကြသည်။ ယခု ရမ်းပြဲမှထွက် အလယ်လမ်း အတိုင်းလာသော် ကလပါတောင်နှင့် ကျွန်းကိုတွေ့ရပြီး လူနေတစ်ရွာရှိချေသည်။

ထိုမှသွားလျှင် လက်ျာဘက်တွင် အောက်ပဒဲကျွန်းရှိပြီး လူနေရပ်ရွာ လေးရွာရှိသည်။ လယ်ယာဥယျာဉ်လုပ်ငန်းရှိရာ ငပ်ကောင်းဖြစ်ထွန်းသည်။ ၎င်းမှစုန်သော် လက်ျာဘက်က လူနေနှစ်ရွာရှိသော ကုလားမကျွန်းကို တွေ့ရသည်။ လယ်ယာနှင့် ငါးလုပ်ငန်းဖြင့် အသက်မွေးသည်။ ထိုက သံစစ်မြစ်ကိုစုန်လတ်သော် ကုလားပုန်း တောင်နှင့် ကျွန်းကိုမြင်ရသည်။ ''ချဉ်းကပ်ကုလားပုန်း၊ လှိုင်းဟုန်းနှင့် တောင်ကုန်း ိုစင်၊ သံစစ်ပြင်က''ဟူ ကင်းဆရာက ရေးဖွဲ့ခဲ့သည်။ လူနေတစ်ရွာရှိရာ လုပ်ကိုင် စားသောက်ကြသည်။

## သံစစ်မြစ်

ထိုကဖြတ် သံစစ်မြစ်ဖျားကိုတက်သော် လူနေတစ်ရွာရှိသော အထက် ပဒဲကျွန်းကို လက်ဝဲဘက်မှတွေ့ရသည်။ ထိုတွင် စိန်ပိုက်ဆိပ်ခေါ် ရေခပ်ဆိပ်ရှိသဖြင့်

စခန်းချရပ်တန့်ကြရသည်။ ဤနေရာတွင် လောင်းလှေများမထိခိုက်စေရန် သံချွန်စိုက်ထားဖူးသည်ဆို၏။ ထိုသံစစ်မြစ်အကူးတွင် ခရီးသွားဖော်ချင်း တွေ့ဆုံကြရသဖြင့် ပျော်ရွှင်မှုဖြစ်ကြသည်။ ထို့ကြောင့် သာခြင်းစာဆို ငွှေန်းယေက ဤသို့ ရေးစပ်ခဲ့သည်။

''သံစိုက်ခေါ်ကေ စိမ်းဂိုလျက်ပင်၊ ဖောက်နက်မြစ်ထိုး၊ မေချစ်ကာ လူ့ရွှင်၊ ရောက်လေလျှင်ကေ၊ ထိုတွင်ခဏ များလှေဖော်နှင့်၊ တွေ့မျှော်ကြကာ၊ ကျောက်ချပင်၊ လှမောင်ရှင်တို့၊ နေကျင်သောခါ၊ အတန်ကြာကေ၊ မြစ်မှာ ရေစစ်၊ ဖြားယိုင်သီကေ၊ ချိန်သင့်ခိုက်ကို၊ အလိုက်သင့်ပင်၊ လားအံ့ပြင်ကေ၊ နွှတ်တင်ကျောက်ကို၊ တက်ခြင်းဖော်လို့၊ နိုးဆော်ခေါ်ထူး၊ သံစစ်မည်ကေ၊ ဤသည်မြစ်ကို၊ အားထုတ်ကာနှင့်၊ ဖလာတန်းကေ၊ သန်းလို့ကူးခါ၊ ဝမ်းမြောက်သာကေ၊ မြစ်ညာစုံမြောက်''။

## သူတော်မကန်ဆိပ်

သံစစ်မြစ်ဖျား လက်ျာဘက်၌ မအီချောင်းဝတည်ရှိရာ ဆုံတွေ့ရသည်။ သံစစ်မြစ်ဖျား လက်ဝဲဘက်တွင် သူတော်မကန်ဆိပ်ရှိသည်။ သပြုချိုင်ကျွန်းနှင့် မြို့ချောင်းကျွန်းကြားတွင် ဖြတ် လောင်းလှေများလည်း သွားလာကြရသည်။ ရှေးက သူတော်မ(သီလရှင်မ)တစ်ဦးက အလှူပြုခဲ့သော ရေခပ်စခန်းဆိပ်ဖြစ်သည်။ ထို့ကြောင့် ငွှေန်းယေက''သူတော်မမှာ ဒါနမင်ဖိုလ်၊ ထောက်ူ့မျှော်ကာ၊ ကုသိုလ်ပြုလိုက်၊ တန့်နားပြန်ကေ၊ ရေကန်ဆိပ်မှာ၊ ရေမိုးသောက်ချိုးခပ်ယူလျက် မေးမြန်းပြောဆိုခဲ့ကြသည်ဆို၏။

သပြုချိုင်မှာ လူနေသုံးရွာခန့်ရှိသည်။ ထိုကျွန်းရှိလောင်ပွန်းကျကိုဖြတ်သွားရသည်။ ကင်းဆရာကလည်း ''သံစစ်ပြင်က၊ ဘယ်တင်ညာစောင်း၊ ကြည့်တိုင်းကောင်းက၊ မြို့ချောင်းသပြုချိုင်၊ ကျွန်းစဉ်ကိုလျှောက် ''လာခဲ့သည်ဆို၏။ လက်ဝဲဘက်တွင် မြို့ချောင်းကျွန်းရှိသည်။ အားကောင်းငရိုန်မှာ ထိုကျွန်းတွင် ထင်ရှားခဲ့သည်။ ထိုကျွန်းမှာ ကျွန်းကြီးလှ လူနေရပ်ရွာများသည့်အပြင် အနီးစပ်တွင် ခြံုဆွယ်ကျွန်းရှိသည်။ မြို့ချောင်းကျွန်းအနောက်ဘက်တွင် မစိုင်းရှိ ထိုကလွန်သော် ကျောက်ဖြူမြို့သို့ရောက်သည်။

## ခြုံဆွယ်ဝ

လောင်ပွန်းကျမှ မြောက်ဘက်၌ ကျချကျောက်ကိုလွန်လျှင် ခြုံဆွယ်ကျွန်းသို့ ရောက်သည်၊ မြို့ချောင်းကျွန်း၏ အဆက်ဖြစ်သည့် ခြုံဆွယ်တွင် တန့်နားဖြေရာ ရေခပ်ဆိပ်ရှိ ဆရာငွှေန်းယေသည် ''ကျောက်တန်းပေါ်ကေ၊ ကျောက်ကို မောင်ဖွား၊ တိမ်းဖေကာလေ၊ လက်ျာထားလို့၊ ခပ်သွားတုံလေ၊ ရောက်ပြန်လေက၊ ခြုံဆွယ်အဝ၊ လှလှူပျိုတို့၊ တမ်းတမျှော်လျက်ပင်၊ ကျောက်ဟက်ချဉ်းချလေ''ဟူ လည်းကောင်း၊

''ချက်ကာစားကျင်၊ နေစက်ရှင်လေ၊ ဝင်လေမိုးချုပ်'' ပြီးနောက် မိုးသောက်ထ ကြယ်ကြီးထွက်ခိုက် စုန်လီဖြင့် ရွက်ဖွင့်ခဲ့ရကြောင်း ရေးစပ်ခဲ့သည်။

ခြံဆွယ်ဝအနောက်ဘက်သို့သွားသော် လက်ဝဲဘက်တွင် ငန်းကျွန်းကို တွေ့ရသည်။ အတော်ကြီးလှ ရပ်ရွာလည်းများလေသည်။ ငချွန်းယေက ''ရှေ့ဘက်မြစ်ညာ၊ စုန်လီလာကေ၊ ကျောက်သာနူတ်တင်၊ ရွက်ကြီးပြင်ကေ တင်ကာတိုက်ငြား၊ ငန်းကျွန်းတိုက်တောင်ကို၊ နှံ့မျှောင်ဖဲကေ''ဟု စပ်ဆိုခဲ့ပါသည်။ ငန်းကျွန်းလက်ျာဘက်တွင် ဆန္ဒင်းကျွန်းရှိသည်။ ထိုကျွန်း၏အောက်သို့သွားသော် သစ်ရောင်းပြွန်ကို ကျော်ရသည်။ တောင်စဉ်ကမ်းအဝင် အုန်းနီကျွန်းသို့သွားရာ လမ်းဝကို တွေ့နိုင်ပါသည်။

## ဆပ်ဖာတွယ်

သစ်ရောင်းပြွန်က အနောက်ဘက်မြစ်ကိုဆင်းသော် ဆပ်ဖာတွယ်မြစ်ကို တွေ့ရသည်။ ငါးဆာဖာတစ်တွယ် တစ်မခန့် ရှာဖွေရယူသော နေရာပင်ဖြစ်သည်။ ရှေးကဆိုလျှင် လက်ခွာတွယ်မြစ်ရှိရာ''ကိုယ်သွားတုံးလေ၊ လက်ခွာတွယ်ဟု၊ ရှေ့ငယ်စဉ်လျား၊ များလူတွေလေ၊ ခေါ်ကငြားကေ၊ ထူးခြားအံ့ဖွယ်၊ လက်ခွာ တွယ်ကို''ဟု ငချွန်းယေက ဖော်ပြခဲ့သည်။ ဆပ်ဖာတွယ်တွင် အိမ်ခြေငါးဆယ်ခန့် ရှိသည်။ လက်ခွာတွယ်ကျွန်း၌လည်း လူနေရှိချေသည်။ ထိုလက်ဝဲဘက်တွင် လူနေရှိသော ကျွန်းခလောက်ရှိသည်။ ထိုကျွန်းလက်ျာကို သံဟက်မော်ဟု ခေါ်သည်။ ထိုက လှည့်ပတ်လျက်ဝင်သော် ဂဏန်းပြင်ကျွန်းကိုတွေ့ရသည်။

## သလိပ်ပြွန်

ထိုကျွန်းမှသွားလျှင် သလိပ်ပြွန်ကိုရောက်သည်။ သလိပ်ပြွန်အဝတွင် ညောင်ချောင်းကျွန်းရှိလေသည်။ ထိုပြွန်ကသွားသော် လောင်းချောင်းကိုရောက်ပြီး ရေမိုးခပ်ချိုးရာ လှေဆိပ်ရှိသည် ။ ထိုလက်ျာဘက်တွင် တောင်ရှည်ကျွန်းရှိလေသည်။

သလိပ်ပြွန်ကိုအကျော် အလယ်မှာ ပြွန်ခေါင်ကျောက်ဆောင်ကို မထိခိုက်ရန် လက်ဝဲလှည့်ရသည်ဆို၏။ ထို့ကြောင့် ငချွန်းယေက ''တအောင့်တခဏ၊ သလိပ်ခေါ်ကေ၊ ထိုအဝကို၊ တက်ချပ်ပြန်၊ သလိပ်ပြွန်ကို၊ ကျော်ပြန် လေမြောက်၊ ချောင်းလယ်ကောင် မှာ၊ ပြွန်ခေါင်ကျောက်ကို၊ ခကြောက်မှတ်လေ၊ လက်ဝဲဘယ်က၊ လားလေဘိသော်'ဟု သတိပေးခဲ့သည်။ သလိပ်ဝတွင် ကျောက်ပူးသီးတောင်ထီးထီး ရှိလေသည်။

သလိပ်ပြွန်တွင် လှေဆိပ်၌စခန်းချစဉ် လှေသမားများ၏ဓမ္မတာ ငါးရှာ စားသောက်လေ့ရှိပုံကို ငချွန်းယေက 'သလိပ်ပြွန်ကို၊ ကျော်လွန်ထွက်ကေ၊ ထိုဘက်ဝမှာ၊ ကျောက်ချလေပြန်၊ မြစ်ကမ်းယံမှာ တက်ပြန်တုံမြောက်၊ တမန်းမော်မှာ၊ အသာတတ်ကေ၊ ငါးယက်ပြောက်ကို၊ ဖမ်းကောက်နင်းယူ၊ အားလုံး

သူမှာ၊ တန်ယူစားကာ၊ ကျန်ကြွင်းစွာကို၊ ပြင်ကာထားကော၊ ရှေ့သွားလမ်းတာ၊ ထိုမြစ်သာကို၊ ခေါ်ပါတုံသျှောင်း၊ ကျောက်ပုံးတောင်းကို၊ မြစ်ကြောင်းစုံမည်၊ စိတ်မှတ်တေကော၊ အိပ်လေ တည၊ သလိပ်ခေါ်ကော၊ ထိုပြွန်ဝက'ဟူ ရေးစပ်ခဲ့သည်။

## နောင်တော်မြစ်

ကျောက်ပုံးတောင်းမှ တောင်ငိုကျွန်း၊ ူးချောင်းဝ၊ တမန်းတူးရောက်၊ ဒါးလက်သို့ ခရီးဆက်နိုင်ပါသည်။ သလိပ်ဝကထွက်လျှင် နောင်တော်မြစ်၏ လက်ျာနံ့ယောင်ကမ်းတွင် လူနေရှိရာ ပေါက်တူးတောင်ကျွန်းရှိသည်။ အနောက်ဘက် သို့ သွားလေသော် လက်ဝဲဘက်က နောင်တော်မြစ်ကြီးရှိလေသည်။ ငချွန်းယေက ဆိုလျှင် ''မြစ်ကြောင်းစုံကော၊ နောင်တော်မြစ်သို့ ရောက်သောအခါ၊ လက်ျာနံ့မျှောင်၊ ပြင်တိမ်ခံကော၊ လေသွန်ဖြူးလို့၊ ပေါက်တူးတောင်''ဟု စပ်ဆိုခဲ့သည်။

''ငှက်မကျော်ကော၊ နောင်တော်မြစ်''ဟု တင်စားခဲ့ကြသော နာမည်ကြီး မြစ်သည် ဆောင်းရာသီမှသာ လှေသမားများ ဖြတ်ကျော်လေ့ရှိကြပါသည်။ ကင်းဆရာကား ဆောင်းရာသီ ခရီးသွားရသူဖြစ်သော်လည်း ဘုရားအာံုယူလျက် ကျော်ဖြတ်ခဲ့ရကြောင်း'' ဖောက်ဗက်တီး ၊ နောင်တော်ကြီးမြစ်၊ ကူးလိုက်တသွယ်၊ နောင်တော်ငယ်က၊ ပင်လယ်ပေသုံ၊ အလုံးစုံကို၊ အာံုဘုရား၊ နှလုံးထား ၊ ကြိုးစား ခဲ့ရှောင်း၊ လှိုင်းတောင်းတောင်းနှင့်၊ ကျွန်း၊ ချောင်းမြစ်မင်း၊ သာဘိခြင်းတည့်''ဟု စပ်ဆိုခဲ့သည်။

ဆရာငချွန်ယေကလည်း ထိုမြစ်နှစ်သွယ်ကို ဖြတ်သန်းခဲ့ရာ နောင်တော် တောင်ကို လက်ဝဲကဖယ်ခဲ့ပြီး မြောက်ကြိမ်တောင်ကို လက်ျာထိန်းလျက် ထုံးကျိန် ပေါက်ကို အရဖမ်းလျက်လာခဲ့ရကြောင်းကို ''ငှက်မကျော်ကော၊ နောင်တော်မြစ်ကို၊ စုန်တိုက်လားလို့၊ ကျော်ကြားအံ့ဆဲ၊ ယမုံမည်ကော၊ မြစ်လယ်ထဲမှာ၊ ကြီးကဲမြင့်ခေါင်၊ နောင်တော်တောင်ကို၊ မောင်မောင်စဉ်းစား၊ များမကွာကော၊ လက်ျာမှီလို့၊ တိမ်းဖယ် ထားကော၊ တိုက်သွားတတ်သူ၊ ခတ်လို့ယူကော၊ လှသူကြင်တန်း၊ မေ့ချင်မောင်ို့၊ ထုံးကျိန်ဝကို၊ အရလည်းဖမ်းရေ''ဟု ရေးစပ်ခဲ့လေသည်။

## ထုံးကျိန်းတောင်ကျွန်း

ထုံးကျိန်းကျွန်းတွင် လှေသမားများ သွားလာရသော ပြွန်ပေါက်ရှိသည်။ ထိုကျွန်းတွင်လည်း လက်ဝဲဘက်က လူနေရွာရှိသည်။ ငချွန်းယေသည် ထုံးကျိန်းတောင်ကို လက်ဝဲထား လာခဲ့ရကြောင်းကို ''ကျောက်ချွန်းမော်ကို၊ လှည့်ကော်တိုက်ပြန်၊ လီလည်းဆန်ကော၊ ဖြားပြန်တက်ထ၊ လှပျိုဖြူတို့၊ ရွက်ကိုချကော၊ ခတ်ကြည်စွာ၊ ထိုခါမှန်ငြား၊ ထုံးကျိန်တောင်ကို၊ မောင်လိုင်ရွေးမှာ၊ လက်ဝဲထားလို့''ဟု ရေးစပ်ခဲ့သည်။

ထုံးကျိန်ပေါက်ကသွားသော် ထွက်ဝတွင် တောင်ရှည်နှစ်လုံးပြိုင်နေကြရာ လူပျိုတောင်ရှည်၊ အပျိုတောင်ရှည်ဟုခေါ်သည်။ လှေသမားတိုင်း အပျိုတောင်ရှည် အနီးတွင် ရေဆိပ်မှရေမိုးချိုးခပ်ကြရသည်။ ငချွန်းယေလည်း ထိုမှရေခပ်ပြီး လိုရာသွားခဲ့ကြောင်းကို ''ထုံးကျိန်းတောင်ကို၊ မောင်လိုင်ရွေးမှာ၊ လက်ဝဲထားလို့၊ လားလေသောခါ၊ မြစ်ရောမှာ၊ လကျာ်လက်ဝဲ၊ မြစ်ကြိုးစုံကော၊ တက်ဟုန်ကြီးလို့၊ အံ့အဲစဖွယ်၊ အပျိုယေဟု၊ တောင်ရှည်တွင်ငြား၊–––စိမ်းမြရောင်ကော၊ ထိုတောင်နားမှာ၊ လိုငြားနိဗ္ဗူ၊ ရေအလှူဟု၊ ကျောက်ဂူမှန်ငြား၊ ထိုရပ်တွင်ပင်၊ လွန်ထင်ရှားလို့၊ အများလူရှင်၊ ရေဆိပ်တွင်၌၊ ဟပ်တင်ဖြည့်ကာ၊ ကမ်းကခွာကေ''ဟုစပ်ဆိုခဲ့သည်။

## ငွေတွင်းတူ

ထုံးကျိန်ပြွန်က ရှေ့ကိုသွားသော် ကပိုင်ကျွန်းကိုမြင်ရသည်။ ထိုအနောက်ဘက်က ဝဘော်ကြီးကျွန်းကိုလည်း ကောင်းရောက်သည်။ ကပိုင်ကျွန်းလက်ဝဲဘက်ကို လှည့်ဆင်းသော် ဗောဓိပင်ပေါက်ရှိသည်။ ထိုမှလက်ဝဲကိုလိုက်သော် ရေနီကြီးကျွန်း၊ စပါးထားကျွန်းတို့သို့ရောက်နိုင်သည်။ အရှေ့အနောက်စပ်လျက် တည်ရှိလေသည်။ ဗောဓိပြွန်၏ လက်ဝဲဘက်တွင် ငွေတွင်းတူးစခန်းသို့ ရောက်နိုင်သည်။ မိုးကာလ၌ ရေထွက်များ နွေရာသီတွင် ရေထွက်နည်းရာကား အလုအယက်ခပ်ရသည်။ ရေမရသူများမှာ ကျောက်ဆိပ်ရွာတွင် ချဉ်းကပ် ရေခပ်ရသည်။ ငွေတွင်းတူး တောင်ဘက်တွင် ကုကိုကျွန်းရှိသည်။ ပေသုံးကျွန်းနှင့် ကုကိုကျွန်းစပ်လျက်ရှိသည်။ ထိုအကြောင်းကို ငချွန်းယေကေ မှတ်တမ်းပြုခဲ့သည်မှာ–

''ကမ်းကခွာကေ၊ ထိုခါသွေရစ်၊ တောင်ရှည်မြစ်ကို၊ စုန်လိုက်လေပြန်၊ မေ့ကြင်ဟန်မှာ၊ ရောက်ပြန်ဝဲကျူး၊ ကျွန်းစဉ် သူတို့ မှည့်ခေါ်ခြင်းကော၊ ငွေတွင်းတူးဟု၊ မြင့်ဖူးတောင်ပါး၊ မိုးနှောင်းခါကော၊ ရေသာများလို့၊ သောက်စားမကုန်၊ များစွာလူတို့၊ အူအူသောင်းသောင်း၊ ချမ်းရိပ်မြုံကော၊ ဂူလှိုင်ခေါင်းမှာ၊ မတောင်းတရ၊ ခရီးသည်မှာ၊ လွယ်လွယ်ရလို့၊ ခပ်ကြပိုင်သီ၊ ဂိမန်နွှဲခါ၊ စီစီသက်သက်၊ တွင်းရောမှာ၊ ထိုဝါးတင်ကော၊ အယင်မကြာ၊ ကျောက်ဆစ်ရွာ၌၊ ဟပ်ကာချဉ်းတင်၊ ထိုဆိပ်တွင်ဝယ်၊ ကြာတင်မနေ၊ ငွေတွင်းတွေလေ၊ မြစ်ငယ်အဝ၊ ညောင်း၊ ပန်းဖြေကော၊ နေတုံလျက်ပင်၊ ကျောက်ဟက်ချလို့''ဟူ ဖြစ်သည်။

## ကွမ်းချောင်းကျွန်း

ဗောဓိပေါက်ကထွက်သော် လက်ဝဲဘက်က ကွမ်းချောင်းကျွန်းတောင်တန်းရှိရာ လူနေရွာများစွာ ရှိသည်။ ''ကွမ်းချောင်းငမောက်၊ တိမ်ကိုဖောက်၊ ငမောက်နီရာ၊ ကွမ်းချောင်းမှာ''ဆိုသော သူရဲကောင်း ငမောက်နေခဲ့ဖူးသည်။ ထိုကွမ်းချောင်းကျွန်း ပြိုင်းချောင်းရွာအနီးတွင် စတူပါတစ်ဆူရှိသည်။ ထိုတောင်မော်ဖျားတွင် ဆင်ကျရေဆိပ်ရှိရာ ရေမိုးခပ်ချိုးကြသည်။ ကွမ်းချောင်းကျွန်းမှာ ကြီးမားရှည်လျားရာကား

ပြွန်အတန်တန်မှ ဝင်ထွက်သွားလာပြီးနောက် ထိုကျွန်းဖျား ကျောက်နှာခေါင်းတောင်ဖျားတွင် ရေမိုးခပ်ချိုးကြလေသည်။ ကင်းဆရာလည်း ကွမ်းချောင်းကျွန်းကို ဆိုက်ကပ်ခဲ့ကြောင်းကို ''လှိုင်းဘောင်းဘောင်းနှင့်၊ ိုက်ခွေလကျ်ာ၊ လက်ဝဲမှာကား၊ အာကာဝေမှောင်၊ ကွမ်းချောင်းတောင်ကို၊ ယောင်ကာကွဲလွဲ''ဟု ရေးစပ်ခဲ့သည်။

ဋ္ဌန်းယေဆိုလျှင်လည်း ထိုနေရာသို့ ရောက်ခဲ့ကြောင်းကို ''မိုးသောက်ထမှာ၊ မြစ်မပင်လယ်၊ ဆင်ကျပ်ကေဟု၊ ချိုင်းလေလွန်ချောင်း၊ ကျောက်နှာခေါင်းဟု၊ ကွမ်းချောင်းတောင်မော်၊ တရွှေ့ရွှေ့ပင်၊ ရောက်ခဲ့သော်ကေ''ဟုရေးခဲ့သည်။ ထိုဋ္ဌန်းယေပင် ဗကျင်းတောက်ပြွန်ကိုလည်း ရောက်ခဲ့သည်ဟုဆို၏။ သူ၏စာပေမှတ်တမ်း၌ ''ကျောက်ဟက်ချလို့၊ ခဏနီပြန်၊ ဖြားချိန်တန်ကေ၊ သက်နှံမောင့်မှာ၊ ကွမ်းချောင်းဆိုကေ၊ တွင်ခေါ်ဖြစ်လို့၊ မြစ်အညာကို၊ စုံခါကူးမြောက်၊ လုကြင်သူမောင်၊ လုကြင်သူမောင်၊ လာပြန်ခြင်းကေ၊ ဗကျင်းတောက်လေ''ဟုဆိုထား၏။ ကွမ်းချောင်းကျွန်း အနောက်မြောက်ထောင့်အဆုံးတွင် ရှင်တောင်နှင့်၊ ထိုတောင်အရှေ့တောင်ထောင့်တွင် ပြည့်ချောင်းသည် တစ်ကျွန်းတည်းအဖြစ် တည်ရှိလေသည်။ ကွမ်းချောင်းမြစ်ကို စုန်သွားသော် သွေ့ဦးချိုင်ကို တွေ့ရသည်။ မြစ်အတိုင်းသွားလျှင် လှိုင်းလေကြီးလှရာကား သွေ့ဦးချိုင်ကို လျှောက် သွားရသည်။ လူသူရပ်ရွာများလည်း ထိုချိုင်၌ရှိနေကြသည်။ ကင်းဆရာသည် ဤချိုင်မှ ဗကျင်းတောက်ပြွန်ကို ခရီးဆက်ခဲ့ ကြောင်းကို ''သည်းသည်းဟူးဟူး၊ လှိုင်းလေူးသော်၊ သွေ့ဦးချိုင်၊ မြစ်စဉ်ကိုလျှောက်၊ ဗကျင်းတောက်ဆီ၊ ညရီမှိုင်းကျ''ဟု စပ်ဆိုခဲ့သည်။

## ဗကျင်းတောက်ပြွန်

''ပြွန်ရှည်လက်အောင်၊ ဗကျင်းတောက်''ဟူသော ဒုတိယအရှည်ဆုံးပြွန်တည်း။ ပြွန်ဝကျယ်သော်လည်း ပြွန်ခေါင်မှာ ရေတိမ်၊ ရေနက်အပြင်၊ ချောင်းမှာကျဉ်းလိုက်၊ ကျယ်လိုက်နှင့် လောင်းလှေအသွားရခက်သည်။ အချို့လှေကြီးများမှာ ပြွန်ခေါင်တွင် တင်ရ၊ ဖြားမမှီ အခက်တွေ့ရပြန်ထွက်ရတတ်သည်။ လှေသမားများ အခက်အခဲတို့ကြောင့် တိမ်းရှောင်ကာ ထွက်ခဲ့ရသည်။ ကင်းဆရာဆိုလျှင် ဆောင်းလတွင် လျှောက်ခဲ့ရသောကြောင့် လွမ်းပွေမှုများရသည့်အထဲ၊ အမ်းသားလောင်းကို ဆင်နှာမောင်းနှင့် ငင်ယူဖူးသောအဖြစ်ကိုတွေး ကြောက်ရသည်။ ရမ်းပြဲသို့ ပြန်လှည့်ရမည်လားဟု မျှော်ကာကြည့်မိသည်ဆို၏။ ကင်းဆရာ၏မှတ်တမ်းကို ဤသို့တွေ့မြင်နိုင်ပါ၏။

''ဗကျင်းကောက်ဆီ၊ ညရီမှိုင်းကျ၊ ချမ်းမြမြနှင့်၊ ဆောင်းလမတာ်၊ ကွဲသည်ဖော်ကြောင့်၊ မြူးမျှော်ဗျာပါ၊ လွမ်းစဉ်သာတည့်၊ တခါထပ်လောင်း၊ ဆင်မကောင်းနှင့်၊ ကွမ်းချောင်းအကူ၊ ဗကျင်းူးတွင်၊ ဆုံတွေ့ဘူးကြုံ၊ ကြောက်တုံး၊ ချီးပျောင်း၊ အမ်းသားလောင်းကို၊ နှာနောင်းနှင့်ငင်၊ ကမ်းသို့တင် ၊ လှေတွင်လူချင်း၊ ပုန်းဝင်

လျှိုးကပ်၊ စမ်းသက်မတွေ့၊ တမေ့တနား၊ ဆင်နွှားလည်း၊ တောင်နားရပ်ခံ၊ လူသံမကြား၊ တက်လေသွားမှ၊ အသက်ကျ၏၊ စိတ်ကချေမ်း၊ လွမ်းလည်း လွမ်းလျက်၊ မျှော်တမ်းတ၊ ပေါကြူပက်ကြူ၊ လိပ်ပြာယူသား၊ အလှူဘုရား၊ စိတ်မှာထားလျက်၊ မသွားဝန့်ယောင်၊ တောင်ကိုပြန်လှည့်၊ မျှော်ကာကြည့်၊ ပတ်ရစ်သီတာ၊ ရမ္မာဝတီ၊ ကျွန်းဆီအတွင်း၊ ဂုဏ်ရောင်လင်းလျက်၊ ရွှေကင်းလောင်းချွန်၊ ကရွှင်းချွန်ဟု၊ ထိန်ထိန်မြောက်စွာ၊ ရွာကြီးရွာငယ်၊ ပြန်ပါချင်စွ၊ လွမ်းရတ ''ဟူ စပ်ဆိုခဲ့လေသည်။

## ပွန်သမိုင်းကြောင်း

ဆရာငချွန်းယေကား စပ်စုတတ်သူဖြစ်သည့်အတိုင်း ပွန်အထွက်ဝသို့ ရောက်လျှင် မေးကြည့်မိသည်မှာ ရှေးက ရမ်းဗြဲသံထောင်မှာ ခရီးသည်တစ်ဦး ဗကျင်း(ငါးပူတင်း)သားကို စားမိသည်ဆို၏။ ထို့ကြောင့် အဆိပ်တောက် ခရီးသည် အပါအဝင် အဖော်လှေသားတို့အားလုံး သေပွဲဝင်ခဲ့ကြသည်။ ထို့အကြောင်းကိုစွဲ ''ဗကျင်းတောက်ပွန်''ဟု ခေါ်ခဲ့ရသည်ဟု စပ်ဆိုခဲ့လေသည်။

''ဗကျင်းခေါ်ကေ၊ ထိုဘက်ဝသို့၊ ထွက်ကြလေသော်၊ ကိုယေညီချင်း၊ တပေါင်းဖော်ကေ၊ လှေတော်တွင်းမှာ၊ ကြောင်းခြင်းသိလို၊ ဤသည်ပွန်ကို မှည့်ခေါ် ခြင်းကေ၊ ဗကျင်းတောက်ဟု၊ ဘယ့်ကြောင့်ခေါ်ကေ၊ မေးသော်ခဏ၊ တက်မကိုင်မှာ၊ ပုံစဉ်နှောကေ၊ ပြောကာပြလို့၊ ရှေးကသောခါ၊ ရမ္မာဝတီ၊ ရွှေဘွဲ့ချီကေ၊ ဌာနီမည်မှတ်၊ သံထောင်ရပ်က၊ အိုးတတ်မလင်၊ အိုးရှင်ယောက်ျား၊ ရခိုင်ပြည်ကို၊ ငွေရကြောင်းနှင့်၊ အိုးရောင်းလားလို့၊ များများမကြာ၊ မိမိရွာသို့၊ လှည့်ခါတစ်ဖန်၊ အိမ်သို့ပြန်ကေ၊ လျင်မြန်ထိုခါ၊ ဤသည်ပွန်ကို၊ ရောက်လာတတ်လို့၊ ငါးဟင်းရှာကေ၊ လွယ်ကာခဏ၊ သံထောင်သူမှာ၊ ဝမ်းပူတင်းနှင့်၊ ဗကျင်းမောင်ကို၊ တကောင်ရကေ၊ ချက်ကာ စားမြောက်၊ တကျိပ်လူလေ၊ စုံတစ်ယောက်မှာ၊ သက်ပျောက်မရှင်၊ သေလေကျင်ကေ၊ ဖုတ်ဝင်သည်ဖြစ်၊ တကျိပ်လူမှာ၊ အယူလွဲကေ၊ ဖုတ်ကျည်းဖြစ်လို့၊ စင်စစ်မယွင်း၊ အကြောင်းပါကေ၊ ကျန်းမာစေကြောင်း၊ ဖြစ်ရခြင်းကို၊ သတင်းပြန့်ပွား၊ ပုံနည်း သွေကေ၊ သက်သေထားလို့၊ ကြာဖူးသို့ကျင်၊ ဤသည်ပွန်ကို၊ အယင်ကပင်၊ ဗကျင်းတောက်ဟု၊ နာမတွင်ကေ၊ ခေါ်ကျင်တုံဘိ၊ ရှည်လျားစွာကေ၊ မြင့်ကြာဘိသို့၊ ပြောဘိသောခါ၊ ထိုနေရာမှာ၊ ကြာလေတည်'ဟူ ဖြစ်သည်။

## မိုးသီးနတ်တောင်

ဗကျင်းတောက်ပွန်မှထွက်လျှင် လက်ျာဘက်တွင် မိုးသီးနတ်တောင်နှင့် လောင်းဒိုက်ကျွန်းကိုရောက်သည်။ ''မိုးသီးနတ်တောင်၊ ရခိုင်သားမှာ လက်ဖျားရောင်'ဟူ စာဖွဲ့ခဲ့သည်။ ဘုရားရှင်သည် ဓညဝတီမြို့တော်မှ ဒွါရာဝတီသို့ ကြွစဉ် ဤတောင်ထိပ်၌ ရပ်တန့်ဘူးသည်။ နောင်တွင် မြင့်ခေါင်ဘုရားတည်လတ္တံ့'ဟု

ဗျာဒိတ်မိန့်ကြားခဲ့သည်။

ကင်းဆရာသည် 'မိုးသီးနတ်တောင်၊ ကုန်းဘောင်လောင်းဒိုက်၊ ထားလစ်ညာတင်၊ မြိုင်ခွင်ခရီး၊ လူမနီးသား၊ ညည့်ကြီးဆိတ်ယံ၊ ဇကျင်းပြွန်ကို၊ တက်ပြန်ပစ်လျက်၊ သည်းကြမ်းထွက်က၊ အတက်ကိုအောင်း၊ အကျကောင်းနှင့် ပြောင်းပြောင်းအညီ၊ တတ်ပြွန်စီလျက်'ဟု ရေးစပ်ခဲ့သည်။ ၎င်းယေကား ပြွန်မှထွက်ပြီးလျှင် လောင်းဒိုက်မြစ်၊ နားစတွင်ကျောက်ချ ဖြားစောင့်ခဲ့ရသည်။ ယင်းနှင့်လောင်းဒိုက်ကော၊ မြစ်နားစမှာ၊ ကျောက်ချနေမြောက်၊ ဖြားကျယောင်ကော၊ မောင်ယဉ်နွဲ့မှာ၊ တည၌လည်းစောင်လေ'ဟု ရေးမှတ်ခဲ့သည်။

## သံသမကျွန်း

ဆင်ကျရေဆိပ်မှခွာခဲ့သော် ကျောက်ဆောင်၊ ကျောက်တုံးတို့ဖြင့် တည်ရှိသော ကျောက်ပုံကျောက်စုကျွန်းတစ်ခုသို့ ရောက်လေသည်။ လှေသမားကြီးတို့က ကြီးမားသန်မာသော ကျောက်တုံးများရှိ သံသမကျွန်းဟုခေါ်ခဲ့ကြ၏။ ၎င်းယေကလည်း 'ရေဟိပေါ်ငြား၊ကျောက်ကျွန်းခံကေ သံသမားကို၊ တင်ထားလက်ျာလှည့်တိုက်ပြန်ကေ'ဟု ရေးစပ်ခဲ့သည်။

## မြေပုံသို့ရောက်ပြီးသော်

ဇကျင်းတောက်ပြွန်ကထွက်ခဲ့လျှင် လက်ဝဲဘက်ကို စုန်ဆင်းလာသော် မြေပုံမြို့နယ် တောင်ငိုကျွန်းသို့ရောက်သည်။ ထို့နောက် ကစ္ဆပနဒီမြစ်အရှေ့ဘက် လက်ျာဘက်ကမ်း၌တည်ရှိသော (၉၉)မြို့အပါအဝင် မြေပုံမြို့သို့ရောက် အငူဓာတ်တော်ကို ဖူးတွေ့နိုင်ပါသည်။ ဓာတ်တော်မှာ ရင်ငိုးတော်ဓာတ် (ရင်ငုံတော်ဓာတ်)ဟုဆိုရာ ပင်လယ်နား ဧလာပဗ,တ (ဥရပဗ,တ)တောင်တွင်ဆို၏။ ဇော်သားဖြစ်ခဲ့ဖူး ဘုရားရှင်ပရိနိဗ,ာန်ပြုပြီးနောက် ဗုဒ္ဓသာသနာတော် (၂၂၂)ခုနှစ်တွင် အိန္ဒိယမှ အာသောကမင်းကြီး ဓာတ်တော်ခွဲဝေ ပို့ပေးခြင်းကို သူရိယစက မင်းလက်ထက်၌ တည်ထားခဲ့ခြင်းဖြစ်ချေ၏။ ထိုတောင်တွင် ကျောက်စတူပါတစ်ဆူလည်း တွေ့ရှိရပေသည်။

မြေပုံမြို့ကား ကြပ်စင်ကျွန်းတောင်ဘက်အဆုံးတွင် တည်ရှိသည်။ ထိုကျွန်းမြောက်ဘက်အဆုံးတွင် လေးမြို့မြစ်ခြား မင်းပြားမြို့တည်ရှိသည်။ မြေပုံမြို့အနောက်ဘက်တွင် ဗျက်မကျွန်း၊ ကြက်ရေကျွန်း၊ ငမန်းရဲကျွန်းတို့ ရှိကြသည်။ ဘုရားသမိုင်း၌ ငတေန်သူရဲချောင်းငယ်ဖျား ရေအဆုံး၌ ယုန်မင်းဖြစ်ခဲ့ဖူးရာ ''သားရက်တော်ဓာတ်တည်လတ္တံ့''ဟု ဗျာဒိတ်မိန့်ကြားခဲ့သည်။

ငမန်းရဲကျွန်း၌ကား မျောက်ကြိမ်ဘုရား တည်ရှိသည်။ ထိုဘုရားမှာ (၁၉၆၈) ခုနှစ် လေမုန်တိုင်းက မင်းပြားမြို့သို့ ပင့်ဆောင်ထားခဲ့ကြသေးသည်။ မျောက်ကြိမ်ဘုရားမှာ မူလက မင်းကပ်ဆပ်(မြင်းကဆိပ်မင်းကြပ်ဆိပ်)ရွာအနီးတွင် တည်ထား

ခဲ့သည်ဆို၏။ ဤနေရာသို့ ကြွရောက်ရခြင်းသည် ရခိုင်မင်းလက်ထက် ငမန်းရဲသူကြီးတို့က ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုပြောကြ၏။ မျောက်ကြိမ်ဘုရားမှာ မြောက်ဦးခေတ်ဆင်းတုတော်ဖြစ်၏။ ဘုန်းတန်ခိုးကြီးမားလှရာကား မည်သူမျှ ဘုရားသိမ်တွင် မဖွယ်ရာမှုတို့ကို မပြုရဲဝံ့ကြချေ။

## မင်းပြား+စစ်တွေ

မြေပုံမှ ကံသာ၊ ငါးသတစ်ပေါက်မှထွက်လျှင် တမန်းဆည်မြစ်မှသည် စစ်တွေသို့ရောက်၏။ ကြပ်စင်ကျွန်းကျွဲပိုက် ကေ(ကျားပစ်ကေ)နှင့် စက ရေကျွန်း၊ သင်္ကနက်ကျွန်းတို့မှထွက်သော် ရာမောင်မြစ်ကိုဆန်လျှက် မင်းပြားမြို့သို့ရောက်သည်။ ကျောက်ငန္တား၊ ကမ်းနီမေလွန်းသွားသော မြစ်ကြောင်းဖြင့် ဇီးပင်ကြီးကျွန်းမှလည်းကောင်း၊ ပွန်ရှည်ကြောင်း ကေသလာကျွန်းမှ မင်းပြား၊ လေးမြို့ စစ်တွေသို့လည်းကောင်း သွားရောက်နိုင်သည်။

လောင်းလှေသည် ဖြားရေကို အသင့်ခံ လည်းကောင်း၊ လှိုင်းလေသင့်ရာမှဝင်ထွက်သွားကြသဖြင့်လည်းကောင်း၊ ဖြားရေသင့်သောခါ ခွင့်ကောင်းလေလျှင် ပွန်မပတ်လှည့်ရပဲ တဖြောင့်ထိုးသွားနိုင်သည်။ ဤမျှဖြင့် အလယ်လမ်းခရီစဉ်ကိုစပ် အထက်လမ်းခရီးကြောင်းကို အခါပေးကတင်ပြပေမည်။

**အသျှင်စက္ကိန္ဒ**

❖ ❖ ❖

# ထေရဝါဒ ဟိနယန မဟာယာန

**အရှင်စက္ကိန္ဒ**

၁၀။ သဗ္ဗကာမိထေရ်၊ ရေဝတထေရ်၊ ယသထေရ် စသော တစ်ဆယ့်နှစ်သိန်းသော ထေရ်သံဃာတော်တို့က နှင်ထုတ်အပ်ကုန်သော ဝဇ္ဇီတိုင်းသား ယုတ်မာသော ရဟန်းသည် အထက်ပါသံဃာတစ်ဆယ့်နှစ်သိန်းမှတစ်ပါး၊ အဓမ္မဝါဒီ ဖြစ်သော ရဟန်းများဖြစ်ကြသော အလဇ္ဇီအသင်းအပင်းကို ရရှိ–။

**(ဒီပဝင်ကျမ်း)**

၁၁။ တစ်ထောင်ကုန်သော အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့သည် ကောသမ္ဗီ၌ ကောင်းစွာ စည်းဝေးကြ ဂိုဏ်းကွဲပထမ သင်္ဂါယနာကို ပြုကြကုန်ပြီ။ သံဃာတစ်ထောင်ဖြင့် ရသမျှစု သင်္ဂါယနာတင်သောကြောင့် ယင်းဂိုဏ်းကွဲ သင်္ဂါယနာကို မဟာသံဃီတိဟု မဟာတစ်လုံးတပ်ကာ အသာခံ ဆိုအပ်၏။

**(ဒီပဝင်ကျမ်း)**

၁၂။ မဟာသံဃီတိသင်္ဂါယနာကို တင်ကြကုန်သော မဟာသံဃီတိက ဂိုဏ်းသား သံဃာများသည် ဘုရားအဆုံးအမအဖြာဖြာ ပိဋကတ်တော်၌ နိကာယ်ငါးရပ် ပိဋကတ်တော်မြတ်၌ ချွတ်ချော်တိမ်းပါးအောင် ပြုကြကုန်၏။ အရှင်မဟာ က ပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ အမှူးပြုသော ပထမသင်္ဂါယနာတင် ထေရ်အရှင်မြတ်တို့ တင်တော်မူခဲ့သော ပထမသင်္ဂါယနာတင် အစီအစဉ်ကို ချိုးဖျက်ဖြုတ်ထုတ် ပယ်နုတ် ပြုပြင် တစ်မျိုးတစ်ဖုံပြု ဂိုဏ်းကွဲသင်္ဂါယနာကို ပြုကုန်ပြီ။

**(ဒီပဝင်ကျမ်း)**

၁၃။ ဝိနည်းပိဋကတ်၌လည်းကောင်း၊ နိကာယ်ငါးရပ် ပိဋကတ်တော်တို့၌ လည်းကောင်း၊ ထိုဝဇ္ဇီပုတ္တ ခေါ် မဟာသံဃီတိက ဂိုဏ်းသားတို့သည် နိကာယ်တစ်ပါး၊

သုတ န်တစ်ပါးတို့၌ သုတ န်ကို အခြားနိကာယ်မျိုးတို့၌ ထည့်သွင်းပြုကြကုန်ပြီ။ ပါဠိတော်၏ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက် (အဋ္ဌကထာ)ကိုလည်းကောင်း၊ ဘုရားဟော ပါဠိတော်အစဉ်ကိုလည်းကောင်း၊ ချိုးဖျက်ဖြုတ်ထုတ်ပယ်နုတ် ပြုပြင်ကုန်ကြပြီ။

**(ဒီပဝင်ကျမ်း)**

၅၀။ မဟာသင်္ဂီတိကာယ ဓမ္မ စိနိကာယစသော ဂိုဏ်းအမည်၊ ဘွဲ့အမည်အဆန်း ကို လည်းကောင်း၊ ံနည်း၊ ဝတ်နည်းစသော အဆင်အပြင်အဆန်းကိုလည်းကောင်း အမူအရာနှင့် ပြုလုပ်စားသောက် ပြောဆိုပုံ ကံကြီးကံငယ် ဆောင်ပုံနည်း စနစ်အဆန်း ကို လည်းကောင်း၊ ဘုရားဟော ပကတိသဘော ပင်ကိုယ်အလေ့အကျင့်စသော သဘောကို မနှစ်သက်လျှင် မနှစ်သက်သလို ပယ်စွန့်ပြီး ထိုဝဇ္ဇီပုတ ကခေါ် မဟာသံဃိကဂိုဏ်းသားတို့သည် ထိုဘုရားပညတ်သော ပကတိသဘောကို အခြားအခြား သော နေရာဒေသအလိုက် အလိုရှိသည်ကိုပြုပြင် ပြောင်းလွဲတီထွင်ပြုပြင်ကြကုန်ပြီ။ (ဘုရားပညတ်ချက်ကို မပြုပြင်သင့်)

**(ဒီပဝင်ကျမ်း)**

၅၂။ ကြီးစွာသောညောင်ပင်ကဲ့သို့ မြတ်သော ထေရဝါဒဂိုဏ်းတို့၏ အယူဝါဒသည် အလုံးစုံသော ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ပရိယတ္တိသာသနာတော်မြတ်သည် ယုတ်လျော့ ဖြည့်စွက်ရခြင်းမရှိ။ ပိုလွန်း ပယ်နုတ်ရသည်မရှိ၊ ဖြောင့်မတ် စင်ကြယ်၏။ စင်ကြယ်သော ထေရဝါဒပင် ဂိုဏ်းတစ်ဂိုဏ်းမှခွဲထွက်သမျှ ဂိုဏ်းကွဲ သံဃာတို့၏ အယူဝါဒအသီးသီးတို့သည် ဆူးငြောင့်(ကျီးပေါင်းတက်)စသည်ကဲ့သို့သာ ဖြစ်ချေ၏။ (မစင်ကြယ်၊ ညှတ်ချော်၏၊ ကွေ့ကောက်များ၏၊ လှည့်ပတ်မှု၊ ရက်စက်မှု၊ ကြမ်းတမ်းမှု၊ ယုတ်မာမှု အမှန်အတိုင်းမသိမှုတို့ဖြင့်သာ ရောထွေးနေ၏။)

**(ဒီပဝင်ကျမ်း)**

မဟာသံဃိတိကတို့သည် အကြင်အယူအဆကိုယူ မိမိတို့ ဂိုဏ်းကို ထေရဝါဒမှ သီးခြားပြု၏။ ထိုဂိုဏ်း၏ နောက်ဆုံးအဖွင့်မှာ မဟာယာနဂိုဏ်းဖြစ်၏။

**(ဦးသော်ဇင်၏ မဟာယာန ဗုဒ္ဓဝါဒ၊ ၄၅)**

အထက်ပါသီဟိုဠ်မူ၊ ဒီပဝင်ကျမ်းဂါထာစကားတို့မှာ သာသနာတော် သက ရာဇ် နှစ်တစ်ရာတွင် ဒုတိယသင်္ဂါယနာတင် အပြီးကာလ၌ ဖြစ်ပျက်မှုတည်း၊ မဟာသံဃိတိကဂိုဏ်းကွဲ သင်္ဂါယနာတင်စဉ်ကာလကပင် ဖောက်ပြန်ပျက်စီးမှု အတိုင်း အတာကို ဖော်ပြခြင်းဖြစ်သည်။

သာသနာသက ရာဇ် (၂၅၃)ခုနှစ်တွင် တိတ္ထိဂိုဏ်း ကိုးဂိုဏ်းကွဲ ပိဋကတ်အတု ကိုးမျိုးနှင့် တန္တရ မန္တရနှင့် ကဗျာကျမ်းစာပေ အမြောက်အမြားရေးသားကာ ဂေါတမဗုဒ္ဓသာသနာတော်ကို နေရာအနှံ့အပြား လိုက်လံဖျက်ဆီးခဲ့ကြသည်။ သာသနာသက ရာဇ် (၆၄၃) (တချို့ ၆၅၀)ကနိသျကမင်း သင်္ဂါယနာတင်အပြီးတွင် တစ်စခန်းထ အင်တိုက်အားတိုက် သီဟိုဠ်ကျွန်းတွင် ပြင်းပြင်းထန်ထန်တိုက်ခိုက်

ကြသည်။ ဝေထုလ္လဝါဒမှာ အပြင်းအထန်ဆုံး ကြောက်စရာအကောင်းဆုံးဖြစ်ပြီး၊ ပထမပါရာဇိက သိက္ခာပုဒ်ကို ဖျက်ဆီးလွန်ကျူးရန် မူဝါဒများပါရှိ ထေရဝါဒဂိုဏ်းက အကြီးအကျယ် နှာခေါင်းရှုံ့ခဲ့ရ၏။ ရှောင်ရှား မလွတ်သောကြောင့် အကြိမ်ကြိမ် ထိပ်တိုက်တွေ့ခဲ့ရ၏။

ထိုဝေထုလ္လဝါဒမှာ သီလမရှိသောသူများ အကြိုက်ဖြစ် ယင်းဝါဒကိုသာလျှင် ဂိုဏ်းကွဲမှန်သမျှ အကြိုက်များပြီးလျှင် မဟာယာနဂိုဏ်းအသွင်သို့ ဦးတည် လျှောက်လှမ်းသွားခဲ့ရလေသည်။ အသွင်တူအိမ်သူဖြစ် အားလုံးပင် မဟာယာနဂိုဏ်း အသွင်ဖြင့် ပူးပေါင်းသွားကြလေသည်။

ထေရဝါဒဆိုသည်မှာ အရှင်သာရိပုတ ရာ၊ အရှင်မဟာမောဂ္ဂလာန်နှင့်တကွ အရှင်မဟာက ပ၊ အရှင်ဥပါလိ၊ အရှင်အနု ္ဒါ စသောတေဒဂ်ဘွဲ့ရ ရဟန္တာအရှင်များ ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါယနာ၊ စတုတ သင်္ဂါယနာ စသည်ဖြင့် အဆက်ဆက်တင် သီလကျေးဇူးကို အသက်တမျှ ချစ်မြတ်နိုးကြသော သီလ သမာဓိ ပညာ သဒ္ဓါသမား ထေရ်အရှင်များနည်းတူ စောင့်ရှောက်ဆင်း သက်လာကြသော ဆရာတပည့်အဆက်ဆက်တို့ကို ဆိုလိုခြင်းဖြစ်ပါသည်။

ထေရဝါဒတို့သည် သီလ သမာဓိ ပညာကိုသာ စင်ကြယ်အောင်ပြုကျင့်နေကြသောကြောင့် စင်ကြယ်သော ထေရဝါဒသံဃာဟု ခေါ်ဆိုရသည်။ သံဃာ အရေအတွက်နှင့် နေရာအနှံ့အပြား နိုင်ငံအစားစားတို့၌ အလွန်ပင်များပြားသော်လည်း အရေအတွက်အားဖြင့် ပင်မထေရဝါဒဂိုဏ်းဟူ တစ်ခုတည်းသာဖြစ်ချေသည်။

ဒီဃဘာဏက၊ အင်္ဂုတ ရဘာဏက၊ သံယုတ ဘာဏက၊ အာဘိဓမ္မိက စသည်ဖြင့် ပိဋကတ်တော်တို့ကို ခွဲခြားတာဝန်ယူ ထမ်းဆောင်ခြင်းရှိသော်လည်း ယင်းနိကာယ်ဆောင်တို့မှာ ဂိုဏ်းကွဲပြားခြင်းမဟုတ်ချေ။ တာဝန်ရပ်တို့ကို ပေါ့ပါးအောင် ခွဲခြားထမ်းဆောင်မှုခြင်းမျှသာဖြစ်ချေသည်။ အလွန်ထက်မြက်သော ပုဂ္ဂိုလ်တို့က နိကာယ် ငါးရပ်လုံးကို အာဂုံဆောင်ခြင်းမှာ နိကာယ်အုပ်စုတိုင်းတွင် ရှိကြပါသည်။ ထူးချွန်သော ထေရ်အသျှင်များဟု ဆိုရပေမည်။ အားလုံး ထေရဝါဒဂိုဏ်းသာလျှင် ဖြစ်ကြပါသည်။

ယင်းထေရဝါဒဂိုဏ်းကား ဘုရားပါဠိတော်များကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းမပြုဘဲ မူရင်းအတိုင်း ထိန်းသိမ်းခဲ့သော မူလပဓာနပင်မ ဗုဒ္ဓဘာသာ ဖြစ်ပါသည်။ ခေတ်နှင့်အညီ ပတ်ဝန်းကျင်နှင့်အညီ လိုလျှင်လိုသလို၊ မလိုလျှင် မလိုသလို ပြင်ဆင်ဖြည့်စွက် နုတ်ပယ်လိုကြသော ရဟန်းဆိုးများကို ဒုတိယ သင်္ဂါယနာတင်ပွဲ၌ ပထမဦးစွာ ကမ္မဝါစာဖတ် နှင်ထုတ်ခဲ့ပေပြီ။ အသောကမင်း ခေတ်၌လည်း သဗ,တ ိဝါဒီဂိုဏ်း စသည်တို့ကို ပရဝါဒီအဖြစ် စိစစ်မေးမြန်း နှင်ထုတ်ခဲ့လေပြီ။ ထိုသို့ နှင်ထုတ်ခံရသော ရဟန်းဆိုးများမှာ အင်အားကောင်းလာ သာသနာနှစ် (၆၀၀)ခန့်တွင် ထေရဝါဒဂိုဏ်း ရဟန်းများသည် အိန္ဒိယတောင်ပိုင်း

ပင်လယ် ကမ်းိုးတန်းတစ်လျှောက်၌သာ အနည်းငယ်ကြွင်းကျန်တော့၏။ အိန္ဒိယ တစ်ပြည်လုံးကို အထက်၌ နှင်ထုတ်ခံခဲ့ရသော ရဟန်းဆိုးများအစုက လွှမ်းမိုး ထားလေပြီ။

မဟာယာန အတွေးအခေါ် အယူအဆများသည် သာသနာနှစ် (၆၀၀)ခန့် ကစ တဖြည်းဖြည်းပေါ်ပေါက်လာ၏။ ထိုအချိန်မှစ မဟာယာနနှင့် ဟိနာယနချင်း ငြင်းခုံဆွေးနွေးမှုများမှာ အထက်ပါနှင်ထုတ်ခံရသော ရဟန်းအချင်းချင်းဖြစ်ကြ ပါသည်။ အသောကမင်းက ထိုသို့ငြင်းခုံခြင်းမပြုကြရန် ကျောက်စာတို့၌ တားမြစ် ကြောင်းတွေ့ရသည်။ ထေရဝါဒ ပင်မဗုဒ္ဓသာသနာတော်ကြီးနှင့်တစ်စုံတစ်ရာ ဆွေးနွေး ငြင်းခုံမှုမရှိတော့ချေ။ အကြောင်းမူ တတိယသင်္ဂါယနာတင်ခေတ်က အပြတ် စာရင်းရှင်းပြီးဖြစ် ဆွေးနွေးရန်မလိုတော့ချေ။ ထိုကြောင့် အကျွန်ုပ်တို့ ထေရဝါဒ အဋ္ဌကထာ၊ ဋီကာများနှင့်၊ ဝိညာဏဝါဒ၊ သုညဝါဒ၊ တန္တရမဟာယာနဝါဒတို့ကို တစ်စုံတစ်ရာ ဖော်ပြခြင်းမပြုခဲ့ကြခြင်းဖြစ်၏။

မဟာယာန(ဘုရားလောင်း)လမ်းစဉ်နှင့် ဟိနာယာန(သာဝက)လမ်းစဉ်၊ သူမှန် ကိုယ်မှန် ငြင်းခုံကြခြင်းသည် မဟာသံဃိကဂိုဏ်း၊ အန္ဓဂိုဏ်း (ပုဗ္ဗ,သေလီယ၊ အပရသေလီယ)စေတီယဂိုဏ်း၊ သဗ္ဗ,တိ ဝါဒဂိုဏ်း၊ သုတ န္တိကဂိုဏ်း၊ ယောဂါစာရဂိုဏ်း၊ မဇ္ဈိမိကဂိုဏ်းစသော နှင်ထုတ်ခံရသော ရဟန်းများအချင်းချင်း ဆွေးနွေးငြင်းခုံချက်များ ဖြစ်ကြ၏။

မဟာယာနဂိုဏ်းက ဘုရားဆု၊ ပစ္စေ ကဗုဒ္ဓဆု၊ သာဝကဆုတို့ကို လိုရာလိုရာ ပန်ဆင်နိုင်ခြင်းရှိသော ထေရဝါဒဂိုဏ်းကိုလည်း ဟိနာယာနဟု ကင်ပွန်းတပ် မမှန်မကန်ခေါ်ဆိုကြသည်။ ယင်းအဆိုသို့ အတုလိုက်ကာ အနှစ်သာရသဘောကို ခွဲခြားမသိတတ်သော သုတေသီတို့ကလည်း နောက်ယောင်ခံသံယောင်လိုက် ဘုမသိ ဘမသိ ခေါ်ဝေါ်ပြောဆိုကြသည်။ အနောက်တိုင်း သုတေသီတို့က ကသ္မ ရတိုင်း၊ ကနိသျှက သင်္ဂါယနာကို ပို အထင်ကြီးသောကြောင့် ထိုသို့များစွာ ကွဲပြားမှုတို့ကို ယိုစီးခဲ့ရသည်။

သီဟိုဠ်ကျွန်းသို့ အကြိမ်ကြိမ်ဝင်ရောက်နှောင့်ယှက် သီဟိုဠ်မင်းတို့က အရေးရှိလျှင် ရခိုင်မင်းတို့ထံ အကူအညီတောင်းသဖြင့် ကူညီသာသနာပြုပေးရသည်။ ထို့ကြောင့် ရခိုင်ပြည် ဗုဒ္ဓသာသနာတော်သမိုင်း အစဉ်အဆက်ကို သေချာဂန စစ်ဆေး ကြည့်ရှု့သောအခါ မဟာယာနကို လွှမ်းဆသောပုဏ္ဏ ္ဏား၊ မင်းခစားတို့မှတစ်ပါး လွှမ်းမိုး ခြယ်လှယ်ကြောင်း အလျဉ်းမတွေ့ရှိရပေ။

တချို့မင်းဆက်တို့က အပျော်ကြိုက်၊ တရားကင်း သာသနာတော်ကို လျစ်လျူ ပြုသောအခါ၌လည်း တိုင်းသူပြည်သားတို့မှာ ကြည်ဖြူလေးစား အားထား ကိုးကွယ်မှုရှိသဖြင့် ယိမ်းယိုင်မှုမရှိခဲ့ချေ။ သာသနာတော်အား လျစ်လျူ့သော မင်းတို့မှာများသောအားဖြင့် သက်စိုးမရှည်၊ ပျောက်ကွယ်ကြောင်း တွေ့ရှိနိုင်ပါသည်။

မဟာယာနနှင့် ဟီနာယာန (ထေရဝါဒ)ဂိုဏ်းကွဲချိန်၌ အိန္ဒိယတောင်ပိုင်းတွင် သီဟိုဠ်ကျွန်းမှ မဟာဝိဟာရဝါသီ ဂိုဏ်းများရှိကြောင်း ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ သမိုင်းအထောက်အထားဖြင့်သိရှိနိုင်သည်။ သာသနာတော်၏ ဒုတိယ မဏ္ဍိုင်ဖြစ်သော ရခိုင်ပြည်နှင့် သီဟိုဠ်ကျွန်း၊ သထုံပြည်တို့၌လည်းရှိကြသည်။

ထို့ကြောင့် မဟာယာန၊ ဟီနာယာန အမည်များသည် အကျွန်ုပ်တို့ ထေရဝါဒ ဗုဒ္ဓသာသနာတော်နှင့် တတိယသင်္ဂါယနာကပင် လမ်းခွဲကြပြီးဖြစ် ထေရဝါဒနှင့် လုံးဝမသက်ဆိုင်ချေ။ သဗ္ဗ,တိ ဝါဒ၊ သုတ န္တိကစသော ဂိုဏ်းများနှင့်သာ သက်ဆိုင်သည်၊ သို့သော် ဤအကြောင်းကို သေချာစွာမသိသော ပုဂ္ဂိုလ်များက ထေရဝါဒကို ဟီနာယာနဟု လွဲမှားခေါ်နေကြခြင်းဖြစ်၏။ အချို့သော ထေရဝါဒရဟန်းများသည်ပင် လျှင် နိုင်ငံခြားသားပြောစကားတို့ နားယောင် ဟီနာယာနဟု ခေါ်နေကြသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပေသည်။ ပင်မထေရဝါဒဂိုဏ်းမှတစ်ပါး ဂိုဏ်းကွဲမှန်သမျှတို့မှာ ယနေ့ မဟာယာနဂိုဏ်းသို့ ကူးပြောင်းတည်ရှိလေပြီ ဖြစ်သတည်း။

❖❖❖

# မြောက်ဦးခေတ် သာသနာအခြေအနေ

**ဦးစက္ကိန္ဒ**
**သဒ္ဓမ္မဂရုကျောင်းတိုက်၊ ဂုဏဝိသိဋ္ဌပူဇာစာစောင်**
**၁၉၉၅-ခုနှစ်**

## သာသနာချီးမြှင့်အားပေးခြင်းများ

မြောက်ဦးမြို့ကို မင်းစောမွန်အစ သမ္မမင်းထိ (၄၈)ဆက်စိုးအုပ်ခဲ့သည်။ သက္ကရာဇ် (၇၉၂ မှ ၁၁၄၆)ထိ နှစ်ပေါင်းသုံးရာကျော် မြို့သက်ရှည်ခဲ့သည်။ ထိုခေတ်ကာလအတွင်း မြောက်ဦးမင်း နေပြည်တော်၌ဆိုလျှင် သာသနာအစည်ကားဆုံးဖြစ်ခဲ့သည်။ မင်းတို့ကလည်း အားပေးချီးမြှောက်ခဲ့ကြလေသည်။ ယင်းနှင့်သာသနာဒါယကာ မင်းများလည်း အများအပြားပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် မင်းပင်ကြီးလက်ထက်ရေးထိုးခဲ့သော မုံစဲကျွန်းကျောက်စာတွင် ‘သာသနာ ဒါယကာ၊ သာသနာဒါယဒ၊ သာသနာနုဂ္ဂဟ၊ သာသနကရဖြစ်တော်မူသော တရားမင်းမြတ်’ဟူ ရေးထိုးခဲ့ချက်များကို တွေ့ရသည်။

ထိုထိုမင်းတို့၏လက်ထက် ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ သိမ်၊ ပုထိုး၊ တန်ဆောင်း၊ ဇရပ်၊ ပိဋကတ်တိုက်များမှ အထင်အရှား သက်သေများပင် ဖြစ်သည်။ သာသနာတိုးတက်ရေးအတွက် မင်းရာဇာကြီးဆိုလျှင် ပဉ္စင်းတစ်ထောင်ခံပွဲ ကျင်းပပေးခဲ့သည်။ မင်းဖလောင်း၊ ဥဂ္ဂါဗလ၊ သီရိသုဓမ္မရာဇာ၊ မင်းတို့ဆိုလျှင် ပဉ္စင်းတစ်ထောင်ခံပွဲစသည်ဖြင့် သာသနာစည်ကားအောင် ရှင်ရဟန်းပြုပေးခဲ့ကြလေသည်။ ဥဂ္ဂါဗလမင်းသား စသောမင်းညီမင်းသားများပင်လျှင် သာသနာတော်ထဲသို့ဝင်

ရှင်ရဟန်းပြုနေခဲ့ကြလေသည်။

သာသနာ၏အုတ်မြစ်ဖြစ်သော ပိဋကတ်များကို မင်းအမိန့်ဖြင့် ပြဋ္ဌာန်းခဲ့သည်။ စတုတ သံဂါယနာမှ ကြိုးတန်းပိဋကတ်ကိုပင် အဆက်ဆက်လက်ခံခဲ့ကြောင်း အဆိုရှိသည်။ အခါအခွင့်အရေးအသင့်ကြုံသည့်အလျောက် ရဟန်းပညာရှိများ လူပညာရှိများတို့က ပြုပြင်သုတ်သင်ခဲ့သေးသည့် အထောက်အထားများ တွေ့ရ၏။ ပိဋကတ်ပြန့်ပွားရေး အရှည်တည်တံ့ရေးဖြစ်စေရန်လည်းကောင်း၊ ဓမ္မရတနာဂုဏ်ကို ချီးမြှောက်ပူဇော်သောအားဖြင့်လည်းကောင်း၊ ပိဋကတ်တိုက်များ၊ ဓမ္မစေတီများ ပြုခဲ့ကြသည်။ ပိဋကတ်တိုက်ဟောင်းများကို ယနေ့ထိ မြို့တော်၌တွေ့ရသေး၏။

သမ္မတမင်းလက်ထက် ဘိုးတော်မင်းသိမ်းပိုက်စဉ် ရခိုင်မှပထမအကြိမ် ပိဋကတ်စာစောင်ရေ (၆၄)ကျမ်း၊ ဒုတိယအကြိမ် ပိဋကတ်ကျမ်း၊ ဗေဒင်ဗာဟီရကျမ်း (၅၆)စောင်၊ ပေါင်းကျမ်းစောင်ရေ (၁၂၀)ရရှိသွားကြောင်းဖြင့် သမိုင်းလာ၏။ နိုင်ငံတော်၌ စာတိုက်ဟူ ပိဋကတ်တည်ချခဲ့ရာ နေရာဌာနများရှိကြသေး၏။ ပိဋကတ်သုံးပုံကို ရွှေပြား ငွေပြားတို့၌ရေး ရွှေကြုတ် ငွေကြုတ်ထဲဌာပနာလျက် ဓမ္မစေတီများ တည်ထားပူဇော်ခြင်း၊ စေတီပုထိုးကြီးများအတွင်း၌ ဌာပနာခြင်းဖြင့် ဓမ္မက္ခန္ဓာတရားကို ပူဇော်မှုပြုခဲ့ကြောင်း စကြဝတေး(စကြာဓိပတိ)မင်း၊ နရပတိမင်း တို့ဆိုလျှင် ပိဋကတ်များကို ပြုပြင်သင်စေမှုဖြင့် သာသနာရေးတွင် အဓိကမှုကိုပါ ပြုလုပ်ခဲ့ကြသည်။

ကျောက်စာ၌ မြောက်ဦးဟု ရေးထိုးရှိသည်။

(က) မြောက်ဦးခေတ်ရှိ ရခိုင်ရှေးဟောင်း ပိဋကတ်တိုက်များ (စောထီးသျှင် ရခိုင်မြို့) ၁၉၉၂ စစ်တွေဒီဂရီကောလိပ် နှစ်လည်မဂ္ဂဇင်း။

(ခ) မြောက်ဦးခေတ် ရခိုင်ရှေးဟောင်း စာကြည့်တိုက်များ (စောမင်းနွယ် မြောက်ဦး ရမ္မာဝတီမဂ္ဂဇင်း(အမှတ်၂)လ ၁၉၉၃-၉၄

ထိုပိဋကတ်လာ တရားတော်များကိုလည်း မင်းကိုယ်တိုင် နာကြားခြင်းဖြင့် လေးစားကြည်ညိုခဲ့ကြလေ၏။ ဥပမာ့ကျောက်တော်ကျောက်စာတွင် မေတေ ယျသုတ်နှင့် ဝေ န္တရာသုတ်ကို ရှင်ဘုရင်နှင့်တကွ မောင်းမမိဖုရား တို့ ကျောက်တော် စေတီလှူပွဲတွင် (စာနာ)နာကြားကြောင်း ရေးထိုးပါရှိသည်။ မေတေ ယျသုတ်ကို အနာဂတဝင်ဟုလည်းခေါ်သည်။ အရှင်မလယမထေရ်က တာဝတ သာသို့ကြွ မေတေ ယျအလောင်းနတ်သားနှင့် တွေ့ဆုံခဲ့ရကြောင်းကို ပြန်ပြောင်းပြောပြကြောင်း ဖြစ် မာလာပြန်ဟူ လည်း ခေါ်ကြသေးသည်။

ထို့ပြင် သာသနာဝန်ထမ်းများဖြစ်သော အရညဝါသီတောမှီ ကောစာရီ ပုဂ္ဂိုလ်များ၊ ဂါမဝါသီ ပုဂ္ဂိုလ်များဖြစ်သော ဗဟုစာရဂိုဏ်းဝင်ပုဂ္ဂိုလ်များ၊ ထို့ပြင် ရဟန်းအကျင့် မရှိဘဲလျက်၊ ရဟန်းအသွင်ရှိနေသူ ပရဗိုဇ်ရဟန်း၊ ပုဏ္ဏား၊ ရသေ့၊ ဇော်ဂျီများပါမကျန် အနာဂါရိက မှန်သမျှဆိုလျှင် ချီးမြှင့်မှုပြုခဲ့ကြလေသည်။

အချို့သောမင်းများလက်ထက် မိမိနိုင်ငံမှ သံတမန်များကို မဟာမေဒင်ဘာသာ၊ ခရစ်ယာန်ဘာသာ ကျောင်းကန် ဗလီတည်ဆောက်နေထိုင်ခွင့်ကိုပင် သဘောထားကြီးနိုင်ခဲ့ကြသေး၏။ ထိုမင်းတို့၏ အသဒိသဒါနများဆိုလျှင် ပရိက္ခရာအသုံးအဆောင်များ အစုံပါလေသည်။

ဘုရားစေတီ ကျောင်းကန်စသော ကောင်းမှုများတွင် အမှုထမ်းသင်္ဃိ(၂)များပါတည်ပေးရကြသည်။ ထိုသင်္ဃိ(၂)တို့၏ စားဝတ်နေရေး ကောင်းမှုတော်များပြုပြင်ထိန်းသိမ်းရေးအတွက် ဝတ ကမြေများ လှူထားခဲ့ကြသည်။ ထို့ပြင်သာသနာတော်အတွက် အသုံးပြုရန် သာသနာဘဏ္ဍာတော်ဟူ သီးခြားဘဏ္ဍာမှာအသုံးအစွဲပြုခဲ့သည်။ ထိုဘဏ္ဍာ၌ဆိုလျှင် အရင်းဘဏ္ဍာတော်မှ တစ်ရာလျှင်(၅)ကျပ်ပါလေသည်။ ကုန်သည် လယ်လုပ်တို့ထံမှလည်း ထို့အတူပါရသည်။ မောလိပ်လွှတ်တော်မှ ပြည်သူ့ ရောင်းဝယ်မှုရငွေမှလည်း အသပြာတစ်ရာလျှင် (၅)ကျပ်ဖြစ်ပါဝင်လေသေးသည်။ ထို့ပြင် လှူဒါန်းကြသမျှသော ဝတ ကမြေများမှလည်းကောင်း၊ သာသနာပိုင်ဆိုင်မှုများမှလည်းကောင်း၊ အကျိုးစီးပွားများလည်း ထိုဘဏ္ဍာထဲဝင်လေသည်။

သံဃာတော်များနှင့် လူအပါဝင်အတွက် ရဟန်းတော်များကို ဦးစီးလွှဲအပ်စီစဉ်ပေးပြီး ဖွင့်လှစ်ထားသော ဇီဝိတဋ္ဌာန ဆေးပေးဋ္ဌာနများလည်း ရှိလေသည်။ လောကီလောကုတ ရာသိပ ံပညာ တိုးတက်ရန်အတွက် လောကီအတွက် ပညာသိပ ံတိုက်နှင့် လောကုတ ရာ အတတ်ပညာတို့ကိုပါ ဖွင့်လှစ်ပေးခဲ့သည်။ ယင်းသို့သာသနာရေး၌ လိုလေသေးမရှိ အောင်ဆိုရသည်တိုင် မြို့တော်နိုင်ငံတော်အားလုံးတို့၌ပင် မင်းမှုးမတ်နှင့် ပြည်သူများက ချီးမြှောက်ထောက်ပံ့ခဲ့ကြောင်းသိရပေသည်။

## သံဃာအသုံးအဆောင် သံဃိကနှင့် ဝတ္တကလယ်မြေ အလှူပစ္စည်း လှူခြင်းများ။

ရခိုင်မင်းတို့သည် ဘုရားစေတီတည်ရာ၌ လယ်မြေဝတ ကအလှူနှင့်သင်္ဃိကများပါတည်ထားလေ့ရှိခဲ့ကြပေသည်။ သင်္ဃျိကဟူ ကျောက်စာ၌ ရေးသုံးပြုသည်။ ရတနာသုံးပါး၌ ဝေယျာဝစ ပြုရန် မင်း၏အမိန့်ဖြင့် အလှူခံရသူများပင်တည်း၊ သင်္ဃျိကမှ သင်္ဃျိ၊ သင်္ချိ(အရေးအသားကိုပြောင်း ) ကျောက်စာတွင် တွေ့နိုင်၏။ သင်္ဃျိဖြစ်ရသူမှာ မူပြစ်မကင်းသူများဖြစ်ကြသည်။

အမိကို ပြစ်မှားသောသား၊ သမီးကိုပြစ်မှားသော အဘ၊ တိုင်းတစ်ပါးမှစစ်အောင် ဖမ်းယူခံရသော စစ်သုံ့ပန်း၊ ထို့အပြင် စက်ဆုတ်စဖွယ် မကောင်းမှုကိုကျူးလွန်သူများကို သင်္ဃျိတည်ထားခဲ့လေသည်။ သင်္ဃျိမှာ နဖူး၌စာထိုးခံရသည်။ ဘုရားစေတီတို့၌ ဘုရားကျွန်အဖြစ်ဖြင့် မင်းကလှူလေသည်။ ၎င်းတို့အားအမျိုးလေးပါးတို့က ရွေးချယ်ပယ်ထားတတ်လေသည်။

ၿငင်းသင်္ဃိုတို့သည် ဘုရား၌လှူသော ဝတ ကမြေကိုလုပ်ကိုင် ထိုဘုရားစေတီကျောင်းကန်များကို စောင့်ရှောက်ရသည်။ ဥပမာ ဘုရားစေတီ၌ တံမြက်ခတ်၊ ပန်းတင်၊ စာခြောက်၊ ငှက်နှင့် မြက်ပေါင်း နွယ်များကို သန့်ရှင်းခြင်း၊ မျက်နှာသုတ်၊ ဆွမ်း၊ ရေချမ်း၊ ပန်းမာလ်ကပ်ခြင်း စသည်ပြုဖွယ်တို့ကို ပြုလုပ်ခဲ့ကြရသည်။

ထိုမင်းတို့လှူဒါန်းခဲ့သော အလှူဝတ ြများ၌ ကျောက်စာထိုး လှူထားိုးပြုခဲ့ ကြသည်။ ထိုကျောက်စာ၌ အလှူကိုရေစက်ချခြင်း၊ ဝတ ကမြေလှူ သင်္ဃိုတည်ခြင်း၊ ကျွဲ၊ နွား၊ တူရွင်း၊ ပရပ်၊ မီးပေါက်၊ ဓားကမကြွင်း ဝတ ြကံမြေကိုလုပ်ကိုင်ရန် ကိရိယာများပါလေသည်။

ဘုရားအတွက်ဆိုလျှင် ပုဆိုး၊ မျက်နှာသုတ်၊ ပြင်တင်ကာ စသည်တို့ပါလေသည်။ စည်းကြီးသင်၊ ဝင်လည်းလှူရာတွင် ပါဝင်လေသည်။ ဝတ ကမြေကိုသာ လုပ်စားပိုင်ခွင့်ရှိသော်လည်း ကျွဲ၊ နွားကိုကား ငါပိုင်ဖန်တီးခွင့်မရှိ၊ လုပ်ကိုင်သူတို့ သားစဉ်မြေးဆက်သာ စပ်ဆိုင်မှုများ ပေးထားသည်။ ထိုဝတ ကမြေကထွက်သည်ကို ကန့်သတ်ထားခဲ့သည်ထက်ပို လည်း လုပ်သူတို့က မသုံးရန်ပါ ကျိန်ဆိုထားတတ်သည်။

ထို့ပြင် အလှူဝတ ြများကို မည်သူမဆိုဖျက်ဆီးလျှင် ငရဲခံရစေ၊ သံသရာသစ်ငုတ်ဖြစ်စေ၊ ကမ္ဘာတွင် မပေါ်ပါစေရန်၊ ဘုရားအဆူဆူကို မဖူးတွေ့ တရားမနာကြားနိုင်ရန်စသည်တို့ဖြင့် ကျိန်ဆိုထားခဲ့လေ့ရှိသည်။ မသုန္ဒရီကို သက်သေထားပြီး အောက်အဝီစိ အထက်ဘဝဂ်ထိ ကျိန်သစ ၁ပြု လှူဒါန်းတတ်ကြောင်းပါ တွေ့ရသည်။

ထိုသို့ လှူရာတွင် ငွေကျပ်ဒင်္ဂါး(ငွေချပ်တကၠာဟု ရေးထုံးလာသည်) ဆန်တို့လည်း ပါဝင်လေသည်။ သင်္ဃိုတို့သည် အများအားဖြင့် တိုင်းတစ်ပါးသား ကုလားလူမျိုးများဖြစ်ချေသည်။ ထို့ကြောင့် ဝတ ကမြေလှူခြင်း၊ သင်္ဃိုတည်ခြင်းနှင့် ရေးထိုးထားခဲ့သော အလှူကောင်းမှု ကျောက်စာတို့တွင် ကုလားအမည်အများဆုံး တွေ့ရသည်။

ၿငင်းတို့သည် မင်း၏အပြစ်ကိုခံလျက် ကာလကြာစွာနေလာခဲ့ရသည်။ သားစဉ်မြေးဆက်လည်းကောင်း နွယ်ရှက်ကာ သင်္ဃိုသင်းပင်းများ သတ်မှတ်ခံလာရသည်။ ၿငင်းသင်္ဃိုတို့သည် ပြည်တွင်းရေး၌ အခွင့်သာလျှင် ပါဝင်ခဲ့ကြလေသေးသည်။ သင်္ဃိုတို့အား မင်းတို့က လွတ်ငြိမ်းခွင့်ပေးခြင်းဖြင့် အသည်သားခေါ် တိုင်းရင်းသားလူကောင်းဖြစ်စေနိုင်လေသည်။ မင်းတစ်ဆက်ဖောက်လွဲ နောက်မင်းတစ်ဆက်တက်လာသော်လည်း ထိုမင်းက မလွှတ်သေးသမျှ လွတ်ခွင့်မရချေ။

တိုင်းပြည်၌ ပြည်တွင်းရေး မငြိမ်မသက်ခြင်းဖြင့် ရောထွေးယှက်တင်မိတတ်ကြသည်။ ထိုသို့ဖြစ်ခဲ့ရသည့်တိုင်အောင် မင်းတို့ကတိုင်းပြည်ကို ငြိမ်သက်လျှင် စစ်ဆေး ထောင်အသင်းအစုဖွဲ့လေ့ရှိသည်။ စန္ဒြဝိဇယမင်းလက်ထက် မိမိ

ကုသိုလ်တော်ကျောင်းကန်၊ သိမ်တို့တွင် ဂု ဘဏ်၊ လပဟုဘဏ်၊ ပစ ည်းဝတ ုတို့ကို ပါလှူခဲ့သည်။ လူငါးယောက်ကျစီကိုလည်း သင်္ဃိကကျောင်းကျွန်ပြုခဲ့သေးသည်။ ထိုသူတို့ကို ဟိနဝံသ သူယုတ်မျိုးဟူ မဆိုအပ်ကုန်၊ မင်းကနိုမ့်ချ လှူချေသော ကြောင့်သာ ခံရလေသည်။

ထိုသူတို့ လွတ်လိုမှုကား ကိုယ်ဘိုးငွေကြေးပေး မလွတ်ကုန်ရာ။ အဘယ်ကြောင့်နည်းဟူမူကား အလှူခံသော ဆရာတော် သံဃာတော်တို့သည် (၃၁)ဘုံသူတို့ကို သနားခြင်းသာရှိသည်။ အမုန်းထားခြင်းမရှိ။ ကိုယ်ဘိုးငွေကြေးလို ခံသည်မဟုတ် မင်းကလှူ သာခံတော်မူရသည်။ ထို့ကြောင့် ကိုယ်ဘိုးငွေကြေးပေး မလွတ်ရာ။ ဘုန်းကြီးသော မင်းတို့လွှတ်မှသာလျှင် လွတ်နိုင်ရာသည်ဟု တိဗ္ဗာနုဂတိ ကျမ်းတွင် ဆိုသည်ဟူ၏။ (ရခိုင်ရာဇဝင်သစ်ကျမ်း ဒု–အုပ် ၂၄၄၊ ၂၄၅မှ)

ဘုရားကျောင်းကန်စေတီ၌လှူလေ့ရှိသော ဝတ ကလယ်မြေများကို သတ်မှတ် တိုင်းတာချက် အခေါ်များကိုတွေ့နိုင်၏။ ၎င်းမှာ ထိုဘုရင်ခေတ်လယ်မြေချိန်တာမှု စနစ်ပင်ဖြစ်၏။ လယ်တစ်သျှဉ်း၊ လယ်တစ်ဖက်၊ တစ်ပဝါ တဂန္ဓိ၊ တချောင်း၊ တဂါနီ၊ တတောင်းခြင်းစသော အသုံးအနှုန်းတို့ကို တွေ့ရသည်။

လယ်တစ်သျှဉ်းမှာ နှစ်ဘက်ဖြစ်သည်။ ပဝါအားဖြင့် (၄)ပဝါရှိသည်။ တဂန္ဓိကို တဂနီဟုပင် ယူရမည်ထင်သည်။ သို့မဟုတ် လယ်ထွန်တုံးတစ်တုံးစာကို ယူရအံ့လော မပြောတတ်ချေ။ (၄)ဂါနီတပဝါ၊ နှစ်ပဝါ တစ်ဖက်(၈ဂါနီ)။ (၂)ဖက်(၆ဂါနီ)သည် တစ်သျှဉ်းဖြစ်သည်။ ယခုအခါ တဂါနီတွင် ဒ မလေးဆယ်ရှိသည်။ တစ်ကေတွင် နှစ်နှစ်ပိုင်း တစ်ပိုင်းဂါနီရှိသည်။ တစ်သျှဉ်းတွင် (၆)ကေ၊ ဒသမ(၄၀)ရှိသည်။

တစ်တောင်းခြင်း၊ နှစ်တောင်းခြင်းစသည်တို့မှာ အကြင်လယ်မြေတွင် မျိုးစပါး တစ်တောင်းခြင်း စိုက်ကြဲချရသည်။ ထိုလယ်ကိုပင် တစ်တောင်းခြင်း၊ နှစ်တောင်းခြင်း လယ်ဟုခေါ်သည်။ ရခိုင်မင်းခေတ်လှူပြီး ဝတ ကမြေကို လယ်မြေကိုဖလှယ် ဘုရားတည် ကျောင်းဆောက်ခြင်းများလည်းပြုသေး၏။ ၎င်းကို ဝိနည်းဒေသနာနှင့် အညီ ဖလှယ်ခြင်းဖြစ်သည်ဟု ကျောက်စာတို့၌ ရေးထိုးထားခဲ့လေသည်။

ထင်ရှားသော ဘုရားစေတီများ၌ဆိုလျှင် မင်းအဆက်ဆက် ဝတ ကမြေလှူခြင်း များပြုလုပ်လေ့ရှိသည်။ ဝတ ကမြေကို အသေအချာ ပရိစ္ဆေဒပြု ရေးထိုးလှူခဲ့သော ကျောက်စာတို့ကိုလေ့လာက ပို ထင်ရှားရာ၏။ တေဇရာမ ကျောက်စာ၊ ဖုန်းတြ်လက်ျာ ပျံချီကျောက်စာ၊ ရှင်ထွေကောင်းမှု ကျောက်စာ၊ ကပ်တော်သိမ်ကျောက်စာ၊ မဟာထီးကျောက်စာ စသည်တို့ကိုကြည့်က သိသာနိုင်လေ၏။

သာသနာရေးတွင် ပရိက္ခရာအသုံးအဆောင်များကို လှူလေ့ရှိရာ ပြည်တွင်းဖြစ် သင်္ကန်း၊ ပရိက္ခရာရှစ်ပါးနှင့်တကွ ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှို၊ မွေ့ရာ၊ စွန်းတော်၊ ကမ,လာ၊ သရပတ်ထီး၊ သားရေနွယ်၊ ရင်ဖွဲ့၊ ခြေသုတ်၊ ကြိုးတန်း၊ ကြိမ်တန်း၊ တံမြက်လှည်း စသောပရိက္ခရာများအစုံကို အလှူပစ ည်းအဖြစ် တွေ့ရသည်။

နိုင်ငံခြားတိုင်းပြည်ဖြစ် ပစ္စည်းများအစုံကိုလည်း အလှူပစ္စည်းအဖြစ် တွေ့ရပါသည်။ အလှူတွင် ပါရှိလေသည်။

ဘဝရှင် သီရိသုဓမ္မရာဇာမင်း၏ လေးမြို့မြစ်နား၌ ပေးလှူသော အသဒိသ အလှူတွင်ဆိုလျှင် ဖော်ပြပါ ပြည်တွင်းပစ္စည်းလည်း စုံလေသည်။ ပွဲပြင် အတီးအမှုတ်၊ အကအခုန် စသည်များလည်း အစုံပါဝင်လေသည်။ နိုင်ငံခြားမှ ရရှိသော ပစ္စည်းများတွင် အစီမင်း၊ မြို့မင်း၊ ဝိဇရာဇမင်းတို့က နှစ်စဉ်မပြတ် လှေ၊ သင်္ဘောတို့ဖြင့် ဆက်သသည်ကို သိုလှောင်သိမ်းဆည်းထားရှိသည်။

ထိုပစ္စည်းများတွင် အထုံအမွှေး၊ ဆေးဝါး၊ နံ့သာစပ ၁ သစ်ကြံပိုး၊ ခွက်ပြောက် စသောဝတ္ထုများပါရှိသည်။ ထို့ပြင် ဟံသာဝတီမင်း၊ သရေခေတ္တရာ၊ တောင်ငူ၊ ယွန်း၊ ယိုးဒယားစသည်တို့မှ နှစ်စဉ်ဆက်သော ပစ္စည်းများပါရှိသည်။ ထိုပစ္စည်းတို့ကို သိုလှောင်ထားရှိရာ ရှားစေးကြုတ်၊ ကွမ်း ပ်၊ ကွမ်း၊ ကလပ်၊ ကွမ်းကြုတ်၊ အဖုံးအခြေနှင့်တကွသော သံသပိတ်တို့ဖြစ်ကြသည်။ သက လာ၊ ရမ္မာပူရ၊ ကမေ့ာဇ စသော မဇ္ဈိမဒေသ လက်ဝင်မင်းအပေါင်းတို့က နှစ်စဉ်ဆက် လက်ဆောင်တော်တို့ကို သိုလှောင်ထားအပ်သော ပုဆိုးကောင်း၊ ငွေဒင်္ဂါး၊ နွား၊ ဆိတ်၊ ကြက်၊ ခို၊ ဘဲတို့လည်း ပါရှိသည်။

ဒွါရာဝတီအစရှိသော တောင်စဉ်ခုနစ်ခိုင်တို့မှ ဆက်သော ပျဉ်တုံး၊ ပျဉ်ချပ်၊ ကျွဲ၊ နွား သည်တို့ကိုလည်းကောင်း၊ အနောက်မြို့သစ်၏ ခွန်ဆီဖြစ်သော ဆင်ကိုလည်းကောင်း ဆိတ်၊ တံခွန်၊ နန္ဒင်း၊ ဂျင်း၊ ပြုတ်၊ ကြက်သွန်၊ ရေကရား စသောဝတ္ထုတို့ကိုလည်းကောင်း များစွာသောအလှူပရိက္ခရာတို့ကိုလည်းကောင်း၊ ပေးလှူကြောင်း တွေ့ရပေသေးသည်။

အလှူပစ္စည်း အမျိုးအမည်များ စာရင်းကို မင်းဖလောင်း အသဒိသဒါနပေးစဉ်မှ သိနိုင်ပေ၏။ ရခိုင်ပြည်တွင်းမှ မရနိုင်သောပစ္စည်းများကို အနောက်ပြည် စသော ဒေသများမှ ရရှိခဲ့လေသည်။

လက်အောက်ခံနိုင်ငံများ၊ အဖြစ်ကိုလည်းကောင်း၊ ဘင်္ဂလားကို လက်ဝင်အဖြစ် ပြုလုပ်နိုင်ခဲ့ခြင်းဖြင့်လည်းကောင်း၊ ရရှိနိုင်ခဲ့လေသည်သာဖြစ်၏။ ထိုတွင် ရဟန်းတစ်ပါး လျှင် ပစ္စည်းအမည်(၅၀)စီ အလှူခံရရှိခဲ့ကြသည်။ ဤ၌ ရှည်အံ့စိုး မဖော်ပြပြီ (ဦးသာထွန်း၏မြောက်ဦးမြို့ဘုရားသမိုင်းဓာတ်ဦးရာဇ်သမိုင်း၌ လေ့လာနိုင်ပေ၏။)

## သာသနာတိုးတက်မှု အခြေအနေ

ထိုသို့အားပေးခြင်းခံခဲ့ရသဖြင့် မြောက်ဦးမြို့၌ဆိုလျှင် ကျောင်းတိုက်ကြီးပေါင်း ၃၀၊ ကျောင်းတိုက်ငယ်ပေါင်း (၃၇၀၀)ထိရှိခဲ့သည်ဆို၏။ တစ်နိုင်ငံလုံးတွင်ဆိုလျှင် ထိုထက်သာမက များပြားရာ၏။ ဦးစွာတည်ချသော စန္ဒြာ ရာမ ကျောင်းတိုက်ဆိုလျှင် သံဃာတစ်ထောင် သီတင်းသုံးခဲ့ကြ၏။

ပရက မတိုက်၊ ရတနာဗိမာန်ရွှေကျောင်း၊ ဗုဒ္ဓဃောသကျောင်းတိုက်၊ ဂုဏမဥ္ဇူတိုက်၊ နှစ်ကျိပ်ရှစ်ဆူကျောင်းတိုက်၊ တေဇရာမတိုက်၊ ဓမ္မိကာရာမတိုက်၊ ထူပါ့တိုက်၊ ဇိနမာရ်အောင်တိုက်၊ မြတန်းဆောင်တိုက်၊ တောင်ငိုတိုက်၊ အဂ္ဂစိန္တေယျ တိုက်၊ မဟာဝိဇယရံသီတိုက်၊ မြတောင်တိုက်၊ မင်္ဂလာဦးတိုက်၊ သကျမဥ္ဇူတိုက်တို့မှာ လည်း ထင်ရှားသော ကျောင်းတိုက်ကြီးများ ဖြစ်လေသည်။ သံဃာတစ်ထောင်ထိ အများအပြား နေထိုင်ခဲ့ကြလေသည်။ သံဃာအနည်းအများကျစီ နေခဲ့ကြသော ကျောင်းတိုက်ငယ်များကားများလှသေး၏။

ဘဝရှင်မင်းစောလှ တစ်ဦးတည်းပင်လျှင် ကျောင်းတိုက်ကြီးငယ် (၁၆)ကျောင်း တည်ဆောက်ခဲ့သည်။ စန္ဒာဝိဇယ တုံ့ိုမင်းဆိုလျှင် နိုင်ငံအဝှမ်း၌ ကျောင်းပေါင်း ရှစ်ရာတို့ကို ဆောက်လှူခဲ့၏။ အုန်းထန်း၊ စံကား၊ ချရား၊ ကံ့ကော်၊ ရေတွင်းရေကန်၊ သင်္ဃီကကျောင်း၊ ကျွန်တို့ကိုလည်းဖြည့်စေသည်။ အလွန်သပ ၁ယ်မွေ့လျော်ဖွယ်ရာ ဖြစ်စေ၏။ မင်းတစ်ပါးစီ ဤမျှလှူဒါန်းခဲ့လျှင် မည်မျှတိုက်တာသံဃာများ စည်ကား ခဲ့မည်ကို တွေးဆနိုင်၏။ သာသနိက အဆောက်အအုံများဆိုလျှင် သာသနာ့အမွေ အထိမ်းအမှတ် သမိုင်းသက်သေခံလည်းဖြစ်ခဲ့ရလေ၏။

ထိုတိုက်တို့၌ လောကီ လောကုတ ရာပညာစုံသင်စေခဲ့ကြသည်။ ဂန္ထဓုရ၊ ဝိပ နာဓုပုဂ္ဂိုလ်များလည်း ထွက်ပေါ်ခဲ့ကြသည်။ လောကီအတတ်သင် ပွဲကျောင်း များလည်းရှိရာ လှိုင်းစရာ(လျှောက်စရာ)ကျောင်း၊ စစ်ကွပ်ကျောင်းဟု ခေါ်တွင်၏။ ထိုကျောင်းမှ စစ်ရေး၊ ကာကွယ်ရေး၊ အတတ်ပညာများ၊ ကာယဗလ ကစားခုန်စား အတတ်များ၊ ယဉ်ကျေးမှုများသင်ယူရရှိလေသည်။ ဥပမာ အမတ်ကြီး ရွှေသဲ၏သား ကျော်ဖံကို စန္ဒဝိမလမင်း ဆရာတော် စန္ဒာရာမက သင်ကြားပေးခဲ့လေသည်။

ရှင်တွေ မိဖုရားကျောင်းတိုက်ဆိုလျှင် တန်ဖိုးတစ်သိန်းမက ကုန်ကျလေသည်။ လုပ်ခပြုပြင်ခ ငွေစင်တစ်သိန်းခန့် စွန့်ကြဲကုန်ကျသည်ဟု ကျောက်စာရေးထိုးခဲ့သည်။ ကျောင်းတိုက်အတွက် ဝတ ကမြေလှူ သင်္ချိုင်းပါတည်ခဲ့သည်။ ထိုကျောင်းတိုက်ကြီး တို့တွင် သာသနာပိုင်၊ သံဃာရာဇာ ဝိနည်းဓိုရ် ပိဋကတ်တိုက်၊ ဗေဒပါရဂူ၊ သီလဝန် ဂုဏဝန်တို့ကို တင်လှူခဲ့ကြသည်။ လောကဒေဝီ သမီးမောင်နှံ၏ ရွှေကျောင်းဇေတဝန် ၌ ပိဋကတ်ဗေဒင်၌ ကျော်ဇောလှသော ဥတ မတေဇောမဟာထေရ်ကို ပင့်တင်ခဲ့သည် ဟု ကျောက်စာထိုးခဲ့၏။ ရွှေမြို့တော်၌သာမက နိုင်ငံတော်၌လည်း အလားတူ လှူဒါန်း ခဲ့ကြ၏။ မင်းရာဇာကြီး၏ ရွှေကျောင်းဆောက်လုပ်လှူဒါန်းခဲ့ရာနေရာကို ယခုတိုင် ရွှေကျောင်းပြင်(သံတွဲမြို့နယ်)ဟု ခေါ်တွင်ရှိနေကြသေး၏။

ထိုကျောင်းတိုက်ကြီးငယ်တို့မှ သံဃာတော်တို့အတွက် ကံဆောင်ရန် သိမ်ကြီး သိမ်ငယ်အများအပြား သမုတ်ရှိခဲ့ကြ၏။ သီဟိုဠ်သို့ သာသနာပြုခဲ့ကြသော ဆရာတော်များ၊ သမုတ်ခဲ့ရာသိမ်ကို ဓညဝတီသီမာဟူ ထိုဒေသတွင် ခေါ်ဝေါ်ရှိနေ ကြသေး၏။ နန္ဒီစက မထေရ်တို့သမုတ်ခဲ့သော ကြေးပုရပိုက်မှတ်တမ်းအထင်ရှား

ရှိပေ၏။

မြောက်ဦး၌ ပညာသင်ကြားခဲ့စဉ် သီဟိုဠ်သံဃာများ၏နေခဲ့ကြသော ကျောင်းများဆိုလျှင် မရက မကျောင်းတိုက်တို့ဖြစ်ကြသည်။ ထိုဆရာတော်သံဃာတော်တို့ကား လောကီရေးရာ၌လည်းကောင်း၊ စာပေကျမ်းဂန်တို့၌လည်းကောင်း၊ စွယ်စုံပေါက်မြောက်ခဲ့ကြသည်။ အတိုင်းတိုင်းပြည်ပြည်နှင့် လူမျိုးအတွက် တစ်တပ်တစ်အား အကျိုးပြုနိုင်ခဲ့ကြပေ၏။ ထို့ကြောင့် မြောက်ဦးခေတ်တွင် ထင်ရှားသော ဆရာတော်၊ သံဃာတော်များ ပေါ်ထွန်းခဲ့ကြသဖြင့်လည်း သာသနာ ဘာသာလူမျိုးပါ ဂုဏ်သတင်းလင်းစေနိုင်ခဲ့သည်။ ပြည်တံခွန်ဖြစ်ခဲ့ကြသော ဆရာတော်သံဃာတော်များ၏ ဦးဆောင်မှုကြောင့် သာသနာ့အခြေအနေ တိုးတက်မှုများ ရှိခဲ့ရလေသည်။ သာသနာ စည်ပင်ပြန့်ပွားတိုးတက်မှုများရှိခဲ့သောကြောင်း သာသနိကအဆောက်အဦတို့ကပင် သမိုင်းသက်သေခံလျက် ရှိနေကြပေသတည်း။

❖❖❖

# အနောက်ငယ်တိုင်ခွင်

**နတ်မြစ်-စန်းအောင်**
**နတ်မြစ်မဂ္ဂဇင်းအမှတ်(၂) ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ**

''မဟာဘုမ္မိ၊ ဂုဏ်အတိနှင့်၊ သီရိလက်ျာ၊ မဟီညာ ၊ ဒီပါသောင်းရပ်၊ အလောင်မြတ်တို့ စံအပ်နေရာ၊ မဟာရဇ္ဇ ဝိဟိသဟု၊ ညွှလေးမည်၊ ရခိုင်ပြည်နယ်မှ၊ ဒေသအနောက်၊ ပင်လယ်ပေါက်တွင်၊ မြစ်ကောက်အတက်၊ ကွေ့ထွက်ဝင်ရာ၊ ဝဲလက်ျာကို သညာဆန်းကြယ်၊ အနောက်ငယ်ဟု၊ မှတ်ဖွယ်တွင်ငြိး၊ ရှေးခေါ်မျိုးက၊ တန်ခိုးထန်လှ၊ နတ်သျှင်မကို၊ စွဲထမှတ်ယူ၊ နတ်မြစ်ဟူ ၊ ရှေးသူအများ၊ သမုတ်ထားသည်''

**(နတ်မြစ်–နခေါင်းချောင်းကျောင်း ဆရာတော်ကြီး)**

## အနောက်ငယ် အပိုင်းအခြား

ရခိုင်ပြည်နယ်မှ အနောက်ဘက်အရပ်သည် နတ်မြစ်ဖြင့် ပိုင်းခြားလျက်ရှိသည်။ ထိုမြစ်သည် ဘင်္ဂလားပင်လယ်အော်မှ ကွေ့ဝင်လာသော ပင်လယ်ပေါက်တည်း။ မြစ်လက်တက်ဆိုလျှင် မြောက်ဘက်သို့စီးဝင်ကာ 'အူချ'ခေါ် ခေါင်းတုံးအရပ်၌ မြစ်ဖျားခံသွားလေသည်။ မြစ်ကမ်းနဖူးရှိ နတ်တောင်ကိုအစွဲပြု နတ်မြစ်ဟုခေါ်သည်။ ထိုနတ်တောင်ထိပ်၌ ငန်းတော်ခာတ်ကိုအစွဲပြု ငန်းမြစ်ဟုလည်းခေါ်သည်။ ဘုရားလောင်းနုစဉ်ဘဝက ''ငန်းမြွေမင်း'' တဇာတ်ဖြစ်ခဲ့ဘူးသောကြောင့်ဟူ၏။) ငန်းချောင်းမှ စီးသွယ်ရာမြစ်ကိုအစွဲပြု ငန်းမြစ်ဟုလည်း ခေါ်ဆိုသည်ဆို၏။ အချို့က ငန်းမြွေများဖြတ်သန်းကူးသွားရာ မြစ်ဖြစ်သောကြောင့် ငန်းကူးမြစ်ဟုဆို၏။ (၁၂၉၀) ပြည့်နှစ်က သွန်းလုပ်ခဲ့သော ဘုရားတစ်ဆူတွင် ငါန်းမြစ်၊ ကယူချောင်းဟူ ရေးထိုးပါရှိသည်ကို တွေ့ရသည်။ ကာလကြာသဖြင့် ငါတ်မြစ်ဟူ အမည်ရွေ့လျားခေါ်ဝေါ် လာခဲ့ရကြောင်းကိုလည်း တွေ့သိရပေသည်။ လေတစ်ဝတ် (လေတစ်၂ူး)ခန့်ကျန်၊ မသေံသာသာ အသက်စွန့်ကူးသွားရသော မြစ်ဟူ အဓိပ္ပါယ်သဘောရှိလေသည်။

ထိုနတ်မြစ် အနောက်ဘက်လက်ဝဲကမ်း၊ စစ်တကောင်းကမ်းလျှောက်

(အရှေ့ဘင်္ဂလားကမ်းမြောင်)တစ်လျှောက်ကို အနောက်ပြည်၏တစ်စိတ်တစ်ဒေသဖြစ် အနောက်ငယ်ဟု မှတ်ဖွယ်ပြုလာခဲ့ကြလေသည်၊ စစ်တွေကမ်းယောင်ကို အာရကန်ဟု ခေါ်သကဲ့သို့ ဤနယ်ကိုလည်း ဆာရကန်ဟူ တွင်သည်။ ဤအခေါ်မှာ ကုလားတို့၏ ဒေသအကျယ်အဝန်းကို ခန့်မှန်းရေတွက်ချက်အပေါ်တွင် မှတ်လာရခြင်းဟုသိရ၏။ အာရကန်မှာ နှစ်ဖို့တစ်ဖို့ကို ခေါ်သည်။ ဆာရကန်ကား လေးဖို့တစ်ဖို့ဟူ၏။ ထို့ကြောင့် အာရကန်ကကြီးပြီးလျှင် ဆာရကန်က ငယ်လေသည်။ ဆိုလိုသည်မှာ စစ်တွေကမ်းယောင်က ၁/၂ နယ်မြေရှိလျက် စစ်တကောင်းနယ်က ၁/၄ ရှိသည်။ (လေးပုံတစ်ပုံရှိသည်။)

## ပင်းဝချောင်းမှ သျှင်မဖြူထိဒေသ

အနောက်ငယ်သည် အဝကို နတ်မြစ်သျှင်မဖြူထိလည်းကောင်း၊ အဖျားကို ပင်းဝါချောင်းတစ်လျှောက်ဖြင့် နိမိတ်ကန့်သတ်ထားလေသည်။ ထိုဒေသတစ်ိုးကိုပင် အနောက်ငယ်တိုင်ခွင်ဟု ခေါ်တွင်ခြင်းဖြစ်လေသည်။ ထိုတွင် ပင်းဝါချောင်းကမ်းနဖူးတွင် ပင်းဝါ(ရာမူ)မြို့သည်လည်းကောင်း၊ ပင်းဝါချောင်းဝတွင် အောင်ချမ်းသာမြို့ (နောင်၊ ဖလောင်းချိတ်မြို့) (Cox's Bazar)သည်လည်းကောင်း၊ အူချာနှင့်ပင်းဝါအကြား ကုန်းတန်းပိုင်းကို ဂေါ်တောပလ္လင်မြို့သည်လည်းကောင်း၊ ပင်းဝါချောင်းဖျား(အူချာဖျား)ဂေါ်ဇောင်းညာတင်၊ ရီကြိုင်ချောင်း၊ ပန်းချောင်း၊ ပန်းသီရိချောင်းတို့သည်လည်းကောင်း၊ ရဲဖူးချောင်း၊ ကောက်ကတန်း၊ သလူတောင်ထိ အရပ်တို့သည်လည်းကောင်း၊ အူချာ၊ နီ(ညီး)လာ၊ ကယုချောင်း (Taknaff)တို့သည်လည်းကောင်း ထိုဒေသဌာနများဖြစ်ကြလေသည်။ နတ်တောင်မော်ကို ကုလားဘာသာဖြင့် 'တေ(က်)န(ဖ်)'ဟုခေါ်လေသည်။

ကယူချောင်းမှ ဖလောင်းချိပ်ထိ မိုင်ပေါင်း(၄၆)မိုင်ရှည်လျားလေသည်။ ကယူချောင်းမှ ရှင်မဖြူ၊ ရှင်မိုထိ (၉)မိုင်ကွာဝေးလေသည်။ ဂေါ်တောပလ္လင်မှ ဖလောင်းချိပ်ထိ မိုင်(၂၀)ကျော်ရှိလေသည်။ ကယူချောင်းမှ ဂေါ်တောပလ္လင်ထိ မိုင်(၃၀)ရေလမ်းခရီးရှိလေသည်။ နတ်တောင်တန်းတစ်ဖက် ပင်လယ်ကမ်းမြောင်ကို လျှောက် (၆၃)မိုင်ခန့်ထိ ကြည်းကြောင်းလမ်းရှိသည်။ ထိုနှစ်လမ်းတို့အလယ်ကြားတွင် မော်တော်ကားလမ်း ပေါက်လျက်ရှိလေသည်။ ဂေါ်ဇောင်းညာတင်မှ ပင်းဝါထိလည်းကောင်း၊ ပင်းဝါမှ ဖလောင်းချိပ်ထိလည်းကောင်း (၁၀)မိုင်စီ ခရီးရှိလေသည်။ ရခိုင်ဖက်ကမ်း၊ မောင်တောနယ်ဖြင့် ဂေါ်ဇောင်းညာကျော်လမ်း၊ ရဲဖူးကျော်လမ်း၊ ဝေလာတောင်၊ သလူတောင်၊ ခမောင်းဆိပ်ကျော်လမ်း၊ နတ်မြစ်ကျော်လမ်းတို့ဖြင့် အရှေ့–အနောက်ဆက်သွယ်ကူးလူး သွားလာခဲ့ကြသည်။ ပင်လယ်ကို (ရှင်မဖြူ) လှည့်ပတ်လျက် ဘင်္ဂလားအော်ခရီးဖြင့်လည်း ပေါက်ရောက်ဆက်သွယ်နိုင်သည်။

## အနောက်ပြည် ခရီးလမ်းကြောင်း

ယခုတိမ်ကောခဲ့ပြီးသော ရေလမ်းတစ်ခုကို ဤ၌ဖော်ပြလိုပါသည်။ ရခိုင်မင်းတို့လက်ထက် စစ်ချီစစ်တက်၊ တိုင်းခန်းလှည့်လည်ခဲ့စဉ်က အသုံးပြုခဲ့ရာ၊ ရေလမ်းတစ်ခုဆိုလျှင် နတ်မြစ်ိုးကိုလျှောက်လျှက် ပလ္လင်(ပလောင်ခွင်)မာခဂျာအင်းမှ ဖြတ်သွားလေသည်ဆို၏။ ထိုအင်းမှ မရှက်ချောင်း၊ ပန်းသီရိချောင်းသို့ဝင်လေသည်။ ထိုမှ ပင်းဝါချောင်းကိုစုန်လျက်ဆင်းသွားလျှင် ဖလောင်းချိပ်မြို့မှ ထွက်ကျသည်။ မဟာစိုးမြို့သို့ ရောက် စစ်တကောင်း၊ ဒါဂါ၊ မောက်သူဇာထိ ဘင်္ဂါမြို့အရပ်ရပ်သို့ ခရီးရေလမ်း ပြုခဲ့လေသည်။ ယခုမာခဂျာအင်းမှာ တိမ်ကောသွားခဲ့ရကား ထိုလမ်းလည်း ပိတ်ဆို့ခဲ့ရသည်။ ထိုအင်းကား နွေရာသီစပါးစိုက်ခင်းဖြစ်သွားခဲ့လေသည်ဆို၏။

## အနောက်ငယ် သမိုင်းဖြစ်ရပ်

အနောက်ငယ်သည် ရခိုင်မင်းလက်ထက်တွင် အုပ်ချုပ်မှုပြုရာဌာန မြို့ပြများဖြင့် သတ်မှတ်ရှိခဲ့ပေသည်။ ဥပမာ ပင်းဝါမြို့ဆိုလျှင် မင်းခရီအလီခင် (အေဒီ ၁၄၃၃–၁၄၅၉)လက်ထက်ထိ ထပ်မံတည်ထားခြင်းပြုခဲ့ပေ၏။ မြို့စားများလည်း ထားရှိခဲ့သေး၏။ ဖလောင်းချိပ်မြို့မှာ ရှေးကအောင်ချမ်းသာမြို့ဖြစ်ခဲ့သည်ဆို၏။ ယခုထိ နန်းရာဟူ ခေါ်တွင်ရှိပေ၏။ ဂေါ်တောပလ္လင်မှာ သုဝဏ္ဏမြို့ဟုတွင်၏။ သလူတောင်ခြေရင်းတွင် စစ်တလင်းအောင်မြေမြို့ဟူ ချမှတ်ခဲ့၏။ နီလားမြောက်ပိုင်းတွင် ကင်းစားချောင်းဟူ ကင်းစခန်းချခဲ့ရာ ချောင်းစားပြုခဲ့ရာ ဌာနရှိသေး၏။ နီလားမြောက်ပိုင်း ရှောက်ချောင်းဖျားတွင် အမတ်ကြီးရွာဟူ ခေါ်တွင်နေရာရှိနေ၏။ အချို့က လက်ယာမြန်အမတ်ကြီး နေခဲ့သည်ဟူ လည်းကောင်း၊ ချင်းပုံနေခဲ့သည်ဟုလည်းကောင်း ပြောဆိုကြ၏။ ပလောင်(ပလ္လင်)ဆိုသည်မှာ သေနတ်ငယ်တစ်မျိုးဖြစ် ထိုလက်နက်ကိုင် နေရာဌာနကို ပလောင်ဟုခေါ်၏။ လက်ဖြောင့်သူ၊ ပစ်မှတ်တည့်သူကို ပလောင်တတ်ဟုလည်း ခေါ်၏။ ယခုဝါးလုံးခေါင်းငယ်တွင် တရော်သီးကိုထည့် ပစ်ဖောက်သော မှုတ်ခေါင်းငယ်မျိုးကို ပလင်ဟုခေါ်ကြ၏။ ဒူးလေး၊ လင့်လေး အတတ်ပညာသည်များ၊ အစောင့်သူရဲများ ချထားရာနေရပ်ဌာနကို ပလ္လင်(ပလောင်)ဟု ခေါ်၏။ ဖလောင်းကား ဥရောပဖလောင်း လူမျိုးတို့ကိုခေါ် ၎င်းတို့ချထားပေးခဲ့ရာ ဌာနဖြစ်သည့်အတွက် ဖလောင်းချိပ်ဟု ခေါ်တွင်ခြင်းဖြစ်ပေ၏။

ထိုနေရာဌာနများကား အောင်သပြေစခန်း၊ စစ်စခန်းမြို့များဖြစ်ခဲ့ကြ မင်းအမိန့်ဖြင့် မပျက်စီးစေရ၊ အစောင့်အနေဖြင့် ကောင်းမွန်စွာပြုစုပေးထားခဲ့ရသည်။ အင်္ဂလိပ်ခေတ်တွင်လည်း ကျွန်းအုပ်များ ချထားပေးခဲ့ကြောင်းကို ငါတ်ကျွန်းအုပ် အောင်ဖြူ၏ နင်းကောင်း(နာမည်ကောင်း) တောင်းခံစာတွင် ထင်ရှားပေ၏။

## ကျွန်းအုပ်များ

ပင်းဝါချောင်း၊ ကူတိုးတောင်မှ ငါတ်မော်သျှင်မဖြူထိ ကျွန်းအုပ်ခန့်အပ် ခံရသူများတွင် (၁)အောင်ဖြူ ဘေးတော် လက်ဝဲမြန်၊ (၂) လက်ဝဲမြန်သား မြို့ထောင်စား၊ (၃)မြို့ထောင်စားသား မောင်ငို (သော်တလီ)၊ (၄)မောင်ငိုသား အောင်ဖြူ တို့ ဖြစ်ကြသည်။ ၎င်းတို့သည် ဘေး၊ ဘိုး၊ ဘ၊ သားထိ အမှုထမ်းကောင်း သားမြေးများဖြစ်ကြ အနောက်ငယ်ကို ဆုကဲ့သို့ ရောဘာဆင် (ရာပသိန်သပ်) မင်းကြီးက ပေးသနားခံခဲ့ရလေသည်။ ထိုအနောက်ငယ်ကား ''အနောက်ဘက်ကို သွယ်လျက် ရစ်ပတ်၊ ငါတ်မြစ်ခြားမူ၊ မောင်းဂွတ်ဟူ ''လည်းကောင်း၊ ''နောက်ဘက် ကုလား၊ ငတ်မြစ်ခြား ၊ ပိုင်ကားမပျက်၊ ခုတိုင်ဆက်၏''ဟူ လည်းကောင်း၊ ရခိုင်အနောက်ပြည် အပိုင်းအခြား၊ ရခိုင်ပိုင်နယ်နိမိတ်ဖြစ်ခဲ့ကြောင်းကို ဝါးကျောင်း ဆရာပဏ္ဍိတ်က ဥတေနလင်္ကာနိဂုံးတွင် စပ်ဆိုထားခဲ့လေသည်။

## အနောက်ငယ် အညာခွင်

အနောက်ငယ်၌ မြစ်ကမ်းယောင်ပိုင်းနှင့် ပင်လယ်ကမ်းမြောင်ပိုင်း၊ တောင်ခွင် နှင့် ချောင်းညာပိုင်းဟုရှိရာ မြစ်ကမ်းပင်လယ်ကမ်းမြောင်အရပ်ကား ရာသီဥတု ကောင်းမွန်လေသည်။ တောင်ခွင်ချောင်းညာပိုင်းတွင် ရဲဖူးချောင်းသည် ပင်လယ်နား ကမ်းမြောင် ရဲဖူးမြစ်လက်တက်ဖြစ် အူချာထိ ချောင်းဖျားခံသွားသည်။ ထိုချောင်း သည် မြောက်ဘက်သို့ တစ်မြွာခွဲထွက်သွားပြီး ကျန်တစ်မြွာမှာ တောင်ဘက်သို့ ထွက်သွားလေသည်။ မြောက်ရဲဖူးချောင်းဖျားကား မရှက်ချောင်း၊ ပန်းချောင်းဖျားနှင့် လည်းကောင်း၊ မောင်တောမြို့နယ် ရခိုင်ပြည်နယ်နှင့် မြေခြားရာ သလူတောင် ချောင်းဖျားနှင့်လည်းကောင်း ဆုံဆည်းခဲ့လေသည်။ ဝေလာတောင်တစ်ဖက်တွင် သလူတောင်သည် ခပ်နိမ့်နိမ့်တည်နေသည်။ တောင်ရဲဖူးချောင်းသည် ဗိုလ်မင်းထောင် ပိုင်နယ်၊ ရီကြိုင်ချောင်းနှင့်လည်းကောင်း ဝေလာတောင်နှင့်လည်းကောင်း ချောင်းဖျားဆုံလေသည်။

ရီကြိုင်ချောင်းကို ထိုဒေသက နတ်ချောင်းသီရိဟုခေါ်သည်။ ထိုချောင်းနှင့် ပန်းချောင်းအဝပိုင်းတွင် ဂေါ်ဇောင်းညာ တင်အရပ်ရှိသည်။ ကန့်လန့်ဖြတ်တည်ရာ ဌာနဟု အဓိပ္ပါယ်ရသည်။ အညာခွင်ဒေသလည်းဖြစ်လေသည်။ ထိုနေရာမှ ပင်းဝါထိ (၁၀)မိုင်ခရီးရှိသေးရာ မြေပြန့်ပြုစုဒေသ (Culture) နှင့် တောင်တန်းနယ်ဒေသ (Hill tracts) သီးခြားဌာနလည်းဖြစ်သည်။ အချို့ဌာနမှာ သစ်တောရိန့်ဂျ (Range) ပိုင်လယ်ယာ၊ ချောင်းမြောင်း၊ တောတောင်ဟု ခွဲခြားထားပြီးလျှင် အစိုးရ သစ်တောကြိုးဝိုင်းနယ် သတ်မှတ်ထားလေသည်။ တောင်တန်းနယ်၊ သစ်တောပိုင် နယ်မြေတို့၌ ရခိုင်၊ ချောင်းသား၊ ကောက်ကတန်း၊ ဒိုင်းနက်၊ သက်၊ မြို၊ မြို၊ ချင်း၊ လင်းကဲများတို့ နေထိုင်လျက်ရှိနေကြပေသည်။ ပြုစုဒေသတို့တွင်ကား ရခိုင်နှင့် ကုလားများ နေထိုင်မှုပြုကြသည်။ ရှေးက ရခိုင်ပြုစုပိုင်ဆိုင်သူများ၊ ရခိုင်မြေပိုင်ရှင်များ၊

သော်တလိ လူကုံတန်များဖြင့် ဩဇာညောင်းခဲ့သည့်အလျောက် ရခိုင်လူနေမှုမှာ အဆင့်မြင့်မားခဲ့လေသည်။

## လူနေမှု ဆက်သွယ်လာပုံများ

အနောက်ငယ်ဒေသ အပိုင်းအခြားသည် တောင်မှမြောက်သို့ တောတောင်၊ လျှိုမြောင်၊ ချောင်းမြောင်းများဖြင့် ပင်းဝါချောင်းအရောက် နယ်မြေကျယ်သည်ထက် ကျယ်လျားသွားလေသည်။ နတ်မြစ်တောင်တန်း၊ တောင်ငိုတောင်တန်းတို့ကား ရခိုင်ပြည်မနှင့် နယ်မြေပိုင်းခြားထားရာ ရေခြားမြေခြားဖြစ်နေသည်။ ဘင်္ဂလားအော်တစ်လျှောက် မော်စွန်းကမ်းမြောင်ဖြင့် ပင်လယ်ကမ်းစပ် သွယ်လျားရှိနေသည်။ လူနေမှုပထဝီအရ နယ်မြေချင်းဆက်စပ်နေခြင်း၊ ကူးလူးဆက်သွယ်မှု ရှိလာခဲ့ခြင်း၊ သမိုင်းခေတ်အဆက်ဆက် လူနေဌာနဖြစ်လာရခြင်းတို့ကြောင့် လူနေမှုမကင်းခဲ့ရာဌာနဖြစ်ပေ၏။ အေဒီ(၁ ရာစု၊ ၂)ရာစုက ကိုယ်တိုင်ရောက်လာခဲ့ဖူးကြသော ပွန်အိုနီယက် မေလနှင့်တိုလမီတို့၏ မှတ်တမ်းအရ မြို့ပြတည်ရှိမှု၊ ရက္ခသျှများ နေထိုင်ရှိမှုတို့ကို အထောက်အထားတွေ့ရ၏။

ရခိုင်သမိုင်းအရ အနောက်ပြည်ကို ရခိုင်ဓညဝတီခေတ် သူရိယမင်း ခေတ်ဆက်ကပင် အုပ်ချုပ်ခဲ့သည်ဟု တွေ့ရပေသည်။ သူရိယာဓိပတိမင်း၏ ညီတော်မှာ မောက်သူဇာမြို့စားဖြစ်ခဲ့သည်။ သူရိယမင်းဆက်အဆုံး သူရိယကေတုမင်း (အေဒီ ၃၀၀–၃၅၄)လက်ထက်တွင် ဥတ္တ မသီရိကျော်အမတ်မှာ သောင်းတိက္ကျွန်းကို စားကြေးပေးခံခဲ့ရသည်။ ဝေသာလီခေတ်တွင် သီရိစန္ဒြားမင်း (အေဒီ ၆၁၆–၆၈၈) လက်ထက်၌လည်းကောင်း မင်း၏သားတော်သိင်္ဂစန္ဒြားမင်းသားသည် အနောက်ဘုရင်ခံဖြစ်ခဲ့ရသည်။ မင်းထီးပိုင်နက် နယ်ပယ်တို့တွင်လည်းကောင်း၊ မင်းပင်ကြီး လက်ထက် နယ်မြေခွဲခြား သိမ်းပိုက်စဉ်ကလည်းကောင်း မင်းဖလောင်း၊ မင်းရာဇာကြီး စသည့် မြောက်ဦးခေတ်မင်းတို့လက်ထက်၌လည်းကောင်း၊ အုပ်ချုပ်မှု၊ လူနေမှုများ ရှိကြောင်းတွေ့ရ၏။

ဘင်္ဂါ(၁၂)မြို့သတ်မှတ် မြို့စား(၁၂)ယောက်က အုပ်ချုပ်ခဲ့ရသည်။ သက်ပြည်တောင်၊ မြုံပြည်တောင်၊ ရီကြည် ကံသာထောင်စသော ပြည်ထောင်ငယ်များကိုလည်းဖွဲ့စည်းပေး ၎င်းလူမျိုးတို့ကို အကြီးအကဲပြု အုပ်ချုပ်စေခဲ့သည်။ မှူးကြီးမတ်ကြီးတို့အား အနောက်ပြည်မှ အခွန်အတုတ်ကောက်ခံရန် အမိန့်ချမှတ်ထားခြင်းဖြင့် အခွန်အကောက်များ၊ လက်ဆောင်ပဏ္ဏာများ ဆက်သမပြတ်ရှိခဲ့လေသည်။ ရီကြိုင်ချောင်း၊ ဂေါ်ဖောင်းညာအရပ်တို့ကား ရီကြည်ကံသာထောင် (ဗိုလ်မင်းထောင်)အဝင်နယ်ပယ်ဖြစ် ရခိုင်မှူးမတ်များ၊ ရခိုင်ဒေသခံများဖြင့် အိုးအိမ်တည်မှု၊ အခြေစိုက်ခဲ့ရာလည်းဖြစ်လေသည်။ လူနေမှုနည်းပါးရာဌာနတို့ကိုလည်း မင်းအမိန့်ဖြင့် ချောင်းစားတို့အားစိစစ် ဖြည့်ချပေးခဲ့လေသည်။ သူရိယ

ကေတုမင်းလက်ထက် အရှေ့သရေခေတ ရာပျက် ဝင်လာကြသော သက်နှင့် ကမ်းယံတို့အား မရွိတ်ချောင်းမှာ ချထားပေးခဲ့သည်ဟု မဇ္ဈိမဒေသအရေးတော်ပုံ၌ လာသည်။

မြို့ပြဌာနဖြစ်သော ပင်းဝါမြို့၊ ဂေါ်တော်ပလ္လင်မြို့များဆိုလျှင် မင်းခရီးအလီခင်နှင့် နရအဘယရာဇာ (အေဒီ ၁၇၂၄–၁၇၆၁ )ထိ ထပ်မံမြို့ချခြင်း၊ အခွန်အတုတ်ကောက်ခံခြင်းပြုကြောင်း တွေ့ရလေသည်။ ထိုထိုမင်းတို့ခေတ်အသုံးပြုခဲ့သော ရခိုင်ငွေဒင်္ဂါးများကို ထိုဒေသ၌တွေ့ရှိရသည်။ ပင်းဝါမြို့ ရင်ကူတောင်တွင် မင်းပင်ကြီးလက်ထက် ရင်ငူတော်ဓာတ် တည်ထားခဲ့သည်ကိုလည်းကောင်း၊ ပင်းဝါချောင်းဖျား၌က ပလိုဏ်ဂူကိုလည်းကောင်း၊ ဖလောင်းချိပ်မြို့၌ နန်းရာတောင်ထိပ်တွင် ယာလုပ်သူ မက္ကာဖကောင်းမှုစေတီကိုလည်းကောင်း တွေ့ရပေသည်။ နတ်မြစ်အနောက်ကမ်း၊ နတ်တောင်တန်းနှင့် တောင်တန်းတောင်စွယ်တို့၌ ငန်းတော်ဓာတ်၊ ကိန္နရာဓာတ်၊ ပုသွင်ဓာတ်၊ နခေါင်းတော်ဓာတ်စသည့် ဓာတ်မွေသရီတို့ကိုလည်းကောင်း တွေ့ရပေသည်။

ထိုဓာတ်တော်များကား ရခိုင်ပြည်နယ်ကို ဗုဒ္ဓကိုယ်တိုင်ကြွရောက်စဉ်က ဗျာဒိတ်ပေးခဲ့ရာများဖြစ်သည့်အလျောက် သီရိဓမ္မာသောကမင်းက သာသနာပျံ့နှံ့စေခြင်းငှါ ဓာတ်တော်(၂၄၇)ဆူကို တည်ထားစေခဲ့သည်။ အရှင်မဟာတိ နှင့် အရှင်ဗာကုလ ရဟန္တာမထေရ်တို့ကြွ လက်ခံပင့်ယူလျက် ရခိုင်စည၀တီပြည့်ရှင်သူရိယစက မင်းထံ ဆက်သခဲ့လေသည်။ ထိုအခါမှစ ဘုရင့်အမိန့်ဖြင့် ဗျာဒိတ်ဝင်ဌာနတို့၌ ဌာပနာထား စေတီတည်တော်မူခဲ့သည်ကစတင်ခဲ့ပေသည်။ ထို့ကြောင့် သူရိယစက မင်း (ဘီစီ ၃၁၆–၂၇၂)လက်ထက်ကပင် ဤနေရာဒေသတို့၌ သာသနာစတင်မှုပြုခဲ့ရာဖြစ်ပေ၏။ ပြိုပျက်သွားပြီးသော ရပ်ရွာများနှင့်ဘုရားစေတီတို့ကလည်းကောင်း၊ လူနေမှုပြန့်ပွားရာ သက်သေခံဖြစ်ကြပေ၏။

ဤဒေသသည် ထောင်တည်ဒေသနှင့်လည်း လူနေမှုချင်းဆက်စပ်နေသည်။ ရခိုင်ဇာတိဝံသ မော်ကွန်းလာအတိုင်း မော်ကွန်းဝင် ထောင်သားများဖြင့် လူနေမှုရှိခဲ့ပေသည်။ ဥပမာ–စိုင်းဒါ၊ မိုးသား၊ ကျောက်ဖျားသား၊ မလိုင်းသား၊ ရိုကြည်သား၊ လေးမြို့သား၊ ကောက်ကတန်းသားများတို့ကို ယခုတိုင်တွေ့နေရပေသည်။ ကောက်ကတန်းဟူသည် တစ်ထောင်နှင့်တစ်ထောင် ရောပြွမ်းဆက်သွယ် ယှက်တင်ကြရာမှ ထောင်သားအမျိုးအမည်တစ်ခုဖြစ်ခဲ့ရသည်။ ရခိုင်စန္ဒဝိဇယမင်းလက်ထက်ထောင်တို့ကိုစစ်ဆေး ရွေးသန့်လေသည်။ ရွေးမရသူတို့ကို ရွေးမကုန်ပြင်ထောင်ဟူဖွဲ့စည်းပေးခဲ့ဖူးသည်။ ဤအတူ ကောက်ကတန်သားတို့မှာကား စကားရောပြွန်းသူတို့ကို သီခြားထောင်သား ဖွဲ့ပေးဟန်တူ၏။ ဘစောဖြူမင်းသည် ကောက်ကတန်ပြည်တိုင်အောင် ချီတိုက်ခိုက်ခဲ့ဖူးကြောင်း ရာဇဝင်၌လာ၏။

ရဲဖူးရှိ ကောက်ကတန်းသားတို့ကား ၎င်းတို့ဘိုးဘေးများလက်ထက်ကပင်

ကောက်စ်ဘီဟာခေါ် ကောက်ကတန်းထောင်၌နေခဲ့ကြသည်။ ထိုမှသားမြေး ဆက်ပြန့်ပွားလျက် ဤနေရာသို့ ပြောင်းရွှေ့နေခဲ့ရသည်ဆို၏။ ဗိုလ်မင်းထောင်နယ်၊ သက်ထောင်နယ်၊ ဖလံထောင်နယ်တို့၌လည်း ပျံ့နှံ့နေခဲ့ကြသေးသည်။ ရဲဖူးချောင်း ညာခွင်ကား ပလောင်တိုင်ခွင်နှင့်ဆက်စပ်နေ နရအဘယရာဇာမင်းထိ ရခိုင်မင်းထံ ပေးမြဲအခွန်အကောက်ကိုပေးခဲ့ရသည်။

## နတ်မြစ်ကမ်းခြေ

ဤငါတ်မော် ရှင်မဖြူကျွန်းထိကား ခရစ် (၁၆၆၆)ခုနှစ် စစ်တကောင်းမြို့ကို မဂိုမင်း သိမ်းပိုက်ခံရသည်ကစ ရခိုင်တို့အုပ်ချုပ်မှုမှာ ဤနယ်နိမိတ်ထိ ကျုံ့သွား ရလေသည်။ ခရစ် (၁၇၀၀)နှင့် (၁၈၀၀)အကြားတွင် အရှေ့ကုန္ဒါယကုမ ဏီပိုင် ဖြစ်ခဲ့ ရသည်။ စစ်တကောင်းနယ်ကို (၁၇၂၇)ခုနှစ်တွင် သိမ်းယူခဲ့သည်ဆို၏။ ထိုမှတစ်ဆင့် ခရစ် (၁၈၅၈)ခုနှစ်(ကောဇာ ၁၂၁၉)တွင် ဗြိတိသျှအစိုးရ အုပ်ချုပ် ခဲ့လေသည်။ ရခိုင်ပြည်နယ်ကို ခရစ်(၁၇၈၅) (ကောဇာ ၁၁၄၆)ခုနှစ်တွင် မြန်မာမင်း သိမ်းပိုက် လေလျှင် စစ်ဘေးကြောင့်ထွက်ပြေးလာကြသူများတို့ ရောက်ခဲ့ကာ တောကြီးများကို ခုတ်ထွင်ရှင်းလင်းပြုစု နှစ်ပေါင်း(၂၀၀)တိုင် လုပ်ကိုင်နေထိုင်လာခဲ့ကြသည်။ ရခိုင်ကျွန်းအုပ်များခေတ်တွင် ကုန်းတန်းပိုင်းမျှသာ လူနေကျယ်ပြန့်ပြီး မြစ်ဝပိုင်း၊ မြစ်ကမ်းနားပိုင်းတို့ကား တောအတိရှိကြသေးသည်။ ခရစ် (၁၈၆၀) (ကောဇာ ၁၂၂၃)ခုနှစ်က အောင်ဖြူကို ကျွန်းအုပ်ခန့်စာတွင် နတ်မြစ်က အခွန်ဘဏ္ဍာ နှစ်သောင်းတိုးတက်လာပြီဆို၏။

## ညီလားရပ်တည်ပုံ

နေမျိုးဇေယျကျော်ထင် မှတ်တမ်းအရ နတ်မြစ်အနောက်ဘက်ကမ်း ညီလားရွာ တွင် ချင်းပျံတပ်စွဲခဲ့ဖူးသည်ဆို၏။ ဤဒေသ၌ ညီလားရွာတည်ပုံကို ပင်းဝါမှ စတင်ခဲ့ကြောင်းဖြင့် နိမိတ်တဘောင်သာခြင်းက ဤသို့အဆိုပြုထားသည်။ ''အသူ ယေပန်ဖို့၊ ပင်းဝါသူရန်မျိုးဖို့(ရန်ပျိုးဖို့)၊ ဗောဓိလေးပင်၊ ကန်လေးထောင့်က၊ စိုက်တိုင်းရှင်၊ စည်ပင်လတ်ဖို့၊ အချိန်တန်၊ ညီလားရပ်မှာ၊ မြို့တစ်မြို့'' ရခိုင်တို့က ညလားရွာခေါ်ပြီး၊ ကုလားက နီလာဟူ ခေါ်ဆိုလာခဲ့လေသည်။ နီလာကျောက် ထွက်သောတောင်ရှိသည်ကိုစွဲ နီလာဟုခေါ်သည်ဟု ပြောဆိုကြသေးသည်။

နတ်မြစ်အနောက်ဘက်သို့ စစ်ပြေးရခိုင်များသည် လက်ဝဲမြန်အမတ်ကြီးနှင့် မျိုးဆွေအိမ်ခြေ(၅၀၀)သားတို့ စတင်အခြေချခဲ့ပြီးနောက် ကျွန်းအုပ်အောင်ဖြူထိ ခုတ်ထွင်မှု၊ လုပ်ကိုင်မှုပြုလျက် နယ်မြေကျယ်ပြန့်ကာ လူနေမှုလည်း များပြားခဲ့ရသည်။ ချင်းပျံတော်လှန်ရေး တစ်လျှောက်တွင် ပို ကျယ်ပြန့်လာခဲ့လေသည်။ အင်္ဂလိပ်တို့ ရခိုင်ကိုသိမ်းပိုက်လေလျှင် ရန္တပိုစာချုပ်အရလည်းကောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း

အင်္ဂလိပ်စစ်ပြေးကာလ (၁၉၄၂ ခု) ရခိုင်ပြည်နယ် နတ်မြစ်အရှေ့ပိုင်းမှ ကုလားရဲ့ ကြောင့်လည်းကောင်း ဝင်ရောက်လာကြသူများဖြင့် တစ်စထက်တစ်စများပြား လာခဲ့ရသည်။ ထို့ကြောင့် ဤဒေသကား အကြောင်းအမျိုးမျိုးကြောင့် တိုးပွားလာခဲ့ရခြင်း တို့ဖြင့် နှစ်ပေါင်းကြာညောင်းခဲ့ပေပြီ။

''ဦးစွာမူလ၊ ရွာသစ်ချ ၊ ဂါမရပ်တွင်၊ ဘီဘင်ဘေးဘိုး၊ နွယ်စဦးက၊ ဆွေမျိုး ဆင်းသက်၊ မပျက်ဇာတိ၊ နေကြဟိရာ၊ အနောက်ငယ်ဌာနပင် ဖြစ်လာခဲ့ရချေပြီ။''

## မွေးရပ်မြေဌာန မေ့မရ

ထိုဒေသကား ကျွန်ုပ်တို့၏ ဘေး၊ ဘိုး၊ ဘတို့ ချက်မြုပ်ဌာနပေတည်း။ အကျွန်ုပ်သည်လည်း ဘဝကံပေးရာ ဤဒေသလျှင်ဖြစ်ရင်း ရှိပေ၏။ ဤဒေသကား ကျွန်ုပ်၏မွေးဖွားချက်သို၊ နကိုယ်မူလ၊ ဇာတိဌာနအစစ်ဖြစ်ကြောင်း၊ မိမိလူမျိုး၊ မိမိမွေးရပ်ဌာန၊ မိမိကြီးပွားရာ ဌာနကိုကား မည်သို့မျှမမေ့အပ်ကြောင်း တင်ပြ အပ်ပေသတည်း။

**ကိုးကားချက်များ**

(၁) ရခိုင်ရာဇဝင်သစ်၊ (ဦးစန္ဒမာလာလင်္ကာရ)
(၂) ရခိုင်ဒဂါးများ၊ (ဦးစံသာအောင်)
(၃) ကျွန်းအုပ် အောင်ဖြူလျှောက်စာ
(၄) ရခိုင်ဇာတိဝံသ မော်ကွန်းစာ
(၅) ရခိုင်ပြည်ဘုရားသမိုင်း (ပေမူ)
(၆) မောင်တောကမ်းယောင်စာတမ်း၊ ဦးစကိန္ဒ
(၇) မြို့နယ်ဖြစ်စဉ်သမိုင်း၊ (မောင်တောမြို့နယ် ပြည်သူ့ကောင်စီ)
(၈) မြို့နယ်သမိုင်းစာတမ်း၊ (မြို့နယ်ပါတီယူနစ်၊ မောင်တော)
(၉) မဇ္ဈိမဒေသအရေးတော်ပုံ၊ နေမျိုးဇေယျကျော်ထင်
(၁၀) မောင်တောကမ်းယောင် ဗုဒ္ဓသာသနာ၊ နတ်မြစ်မဂ္ဂဇင်းအမှတ် (၁)

❖❖❖

# မောင်တောကမ်းယောင် ဗုဒ္ဓသာသနာ

အသျှင်စက္ကိန္ဒ (ရခိုင်ပြည်)

## သမိုင်းခေတ် ဒေသ လူနေမှု

ရခိုင်ရာဇဝင်တွင် ဓညဝတီခေတ် (ဘီစီ ၃၃၂၅ မှ အေဒီ ၃၂၇)ကပင် မြို့ပြ ထီးနန်းတည်ချခဲ့ပြီးဖြစ်၏။ ထိုခေတ်အုပ်ချုပ်ရေးတို့တွင် စန္ဒသူရိယမင်း၏သားတော် သူရိယဓိပတိမင်း(ဘီစီ ၅၂၇–၄၈၀)လက်ထက်က သာသနာရေး၊ ဘာသာရေး၊ အုပ်ချုပ်ရေး၊ မြို့စား၊ နယ်စား၊ ကင်းစားချထားခြင်း၊ လူနေဖြန့်ချထားခြင်း၊ တရားစီရင်ရေးစနစ်၊ ပညာရေး ရောင်းဝယ်ဖောက်ကားရေး၊ အခွန်ဘဏ္ဍာကောက်ခံရေး စသည်တို့ကို ပညတ်ချက်အမိန့်ထုတ် အစီအစဉ်ပြုခဲ့ကြောင်းကို မင်းရာဇာကြီး စာတမ်း၌ လေ့လာတွေ့ရှိရသည်။

ထိုအမိန့်ထုံး၊ ဥပဒေပညတ်ချက်အရ စိုင်းတင် (ယခု ဘူးသီးတောင် တောင်တန်း) စား၊ ပဋိကရား (စစ်တကောင်း တောင်တန်းနယ်)စား၊ မြို့သံလျင် (ပင်လယ်အငူ ကမ်းိုးတန်း စစ်တကောင်းထိတစ်လျှောက်)စား၊ မြို့သစ်(ယခု မောင်တောနယ် ချောင်းဖျား)စားများနှင့် တပ်မြို့စားများ၊ ဘင်္ဂလားနယ်စားများ ခန့်ထားခြင်းများပြုခဲ့လေသည်။ ဝေလာပုံတောင်မြို့၊ ဇော်ဝမြို့၊ သလူတောင် (စစ်တလင်းအောင်မြေမြို့) သမိုးတောင်(ဆီမီးတောက်)မြို့၊ ဝံတောင်(ရေချမ်းဝတီ)မြို့ တို့ကိုလည်း တည်ချခဲ့လေသည်။

သူရိယကေတုမင်း(အေဒီ ၂၇၃–၃၂၇)လက်ထက်၊ ယခု မောင်တောနယ်အဆုံး မရိတ်ချောင်းအညာ၊ ဝေလာတောင်၊ ကြိန်တန်းတောင်များတွင် သက်လူမျိုးများကို

ငွေခွန်ဆက်အစို့ ဖွဲ့ချထားခဲ့သည်။ ၎င်းတို့သည် အကောက်ခွန်များကို ကောက်ခံဆက်သွင်းခြင်းပြုခဲ့ရသည်။ ရခိုင်စန္ဒြားမင်းများခေတ် (ဝေသာလီခေတ် အေဒီ ၃၂၇–၈၁၈)တွင် ပို အုပ်ချုပ်ရေး၊ လူနေမှုကျယ်ဝန်းလာခဲ့လေသည်။ လေးမြို့ခေတ် (အေဒီ ၉၁၉–၁၄၃၀)တွင်ဆိုလျှင် မင်းထီး(အေဒီ ၁၂၈၃–၁၃၈၉)လက်ထက် သူရိယဓိပတိမင်း၏ ဥပဒေပညတ်ချက် ကျင့်ထုံးကိုဆက်ခံ ထုတ်ပြန်ကာ ကျယ်ပြန့်စွာ အုပ်ချုပ်ရေးကို ဆောင်ရွက်ခဲ့လေသည်။

ဖော်ပြပါတို့ကို ထောက်ထားချက်အရ ရခိုင်ပြည်နယ်၏ အနောက်မြောက်ဘက် နယ်ခြားဒေသဖြစ်သော ယခု မောင်တောနယ်သည် ဓညဝတီခေတ်ထက် နောက်မကျခင်ကပင် ရခိုင်မင်းတို့၏ အုပ်ချုပ်ရေးအရ လူနေဌာနဖြစ်ခဲ့ကြောင်း ထင်ရှားလေသည်။ ဓညဝတီခေတ်နှောင်းဖြစ်သော အေဒီ–တစ်ရာစု၊ နှစ်ရာစုကာလ တို့တွင် လာရောက်ခဲ့ဖူးကြသော ခေါ်မ၊ ရောမတိုင်းသား၊ သုတေသီများ၏ မှတ်တမ်းများ အရဆိုလျှင်လည်း အသားမည်းသော (ရက္ခသျှနွယ်များ) လူမျိုးများ နေထိုင်လျက် ရှိနေကြသည်ဆို၏။ ဖော်ပြပါသုတေသီများဖြစ်ကြသော တော်လမီ၊ ပွန်အိုနီယက်မေလတို့၏ မှတ်တမ်းအရ စစ်တကောင်းမှစ ရခိုင်ကမ်းမြောင် တစ်လျှောက် အငူမော်ထိ မြို့ပြဌာနများ၊ လူနေမှုများဖြစ်ထွန်းမှု ရှိနေပြီဖြစ်၏။ ကစ္ဆပနဒီမြစ်ဝဲယာမြို့ အမည်စာရင်းတွင်လည်း ဝေလာပုံတောင်မြို့တို့ကို တွေ့ရှိနေလေသည်။

## မောင်တောနယ်၏ ရပ်ရွာလူဦးရေ

မောင်တောနယ်ကို အနောက်ငယ်ဟူ ခေါ်တွင်လေ့ပြုလာခဲ့ကြလေသည်။ မောင်တောနယ်တွင် သမိုင်းခေတ်အဆက်ဆက် ရခိုင်လူနေမှုပြုခဲ့ရာဖြစ်သည့် အလျောက် ရှေးပဝေသနီခေတ်က ရခိုင်ရပ်ရွာတည်ချခဲ့ဖူးသော ရပ်ရွာအမည် နာမ (၁၈၀)ကျော်ကို တွေ့ရပေသည်။[၁] ရခိုင်ထီးနန်းပျက်သုဉ်းကာလမှစ ကိုလိုနီ ခေတ်ဦးကာလ (အေဒီ ၁၇၈၄–၁၈၂၄)ထိ တိုင်းပြည်မတည်ငြိမ်မှုကြောင့် ရပ်ရွာများ ကင်းမဲ့ပျက်စီးခံခဲ့ရလေသည်။ ထို့နောက် တစ်စတစ်စ အခြေချနေထိုင်လာခဲ့သည်မှာ ယခုထိဖြစ်လေသည်။ ထို့ကြောင့် စစ်ကြိုခေတ်က ရပ်ရွာ(၁၃၀)ကျော်ရှိလာခဲ့သည် ဆို၏။ လူဦးရေမှာ ငါးသောင်းကျော်ရှိခဲ့ရာ ထိုအခါက ကုလားထက်မနည်းလှချေ။ လယ်မြေပိုင်ဆိုင်မှုမှာလည်း တစ်ဝက်ကျော်ကျော်ရှိခဲ့လေသည်။[၂]

အင်္ဂလိပ်အုပ်ချုပ်စကာလ၊ ခရစ် ၁၈၂၄ ခုနှစ်ကဆိုလျှင် တိုင်းရင်းသား ရခိုင်၊ သက်၊ မြို၊ ဒိုင်းနက်၊ ခမွီး။ မရာမာကြီး (ဘ ူဝါ)ဟိန္ဒူကျေးရွာ (၁၇၂)ရွာထိ ရှိခဲ့သည်ဆို၏။ ၎င်းတို့သည် အများအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြလေသည်။ တစ်စတစ်စ ရခိုင်ပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြသဖြင့် ရပ်ရွာလူနေ နည်းပါးလာခဲ့ရ လေသည်။[၃]

ထို့ကြောင့် (၁၉၂၂)ခုနှစ်က ကျေးရွာ(၁၄၀)အိမ်ခြေ (၂၀၉၀၈၁)ဆောင်၊ လူဦးရေ (၁၁၈၂၀၅)ဦးသာတွေ့ရှိရသည်။ ထိုတွင် ဗုဒ္ဓဘာသာရွာငယ်(၄၆)ရွာ၊ မဟာမေဒင် ဘာသာ (၁၉)ရွာ၊ ကုလားရခိုင်တွဲနေသောရွာ (၁၂၁)ရွာရှိသည်ဆို၏။ လူဦးရေ တစ်သိန်းကျော်အနက်၊ ဗုဒ္ဓဘာသာ (၂၂၇၆၃)ဦး၊ စစ်တကောင်း မူစလင် (၉၀၇၁၄)ဦး ရှိကြောင်းဖြင့်၊ အပ်ကျပ် ဒိစ တြိတ်ဂေဇက်တီယာတွင် ဖော်ပြတွေ့ရပေ၏။

မောင်တောနယ်တွင် ဗုဒ္ဓဘာသာတိုင်းရင်းသားများမှာ (၁၉၂၁)ခုနှစ်က (၂၂၆၇၉)ဦး၊ (၁၉၂၂)ခုနှစ်က (၂၂၇၆၃) ဦး၊ (၁၉၃၁)ခုနှစ်က (၃၄၇၀၀)ဦး၊ (၁၉၄၁)ခုနှစ်က (၄၁၄၈၄)ဦးဖြစ်လေသည်။ မြို့နယ်လူဦးရေအရ (၂၅)ရာနှုန်းရှိခဲ့လေ သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပါလီမန်ခေတ် (၁၉၅၆)ခုနှစ်တွင် (၅၈၀၈)ဦး ရှိလေသည်။ ထို့ကြောင့် (၃)ရာနှုန်းအထိလျော့ ဆင်းကျဆုံးသွားခဲ့လေသည်။ (၁၉၈၃) ခုနှစ် စာရင်းအရ လူဦးရေ (၂၂၆၉၆)သို့ ခေါင်းမော့လာခဲ့ပြီဟု တွေ့ရသည်။[၄] တစ်မြို့နယ်လုံးတွင် (၁၉၈၇)ခု စာရင်းအရဆိုလျှင် (၃၄၁၇၄၂)ဦးရှိလေရာကား[၅] ထိုတွင် ရခိုင်လူမျိုး (၆)ရာနှုန်းရှိသည်ဆို၏။ အခြားတိုင်းရင်းသားများ (၁)ရာနှုန်းရှိသဖြင့် ကျန် (၉၃)ရာနှုန်းမှာ ဘာသာခြားကုလားမူဆလင်များဖြစ်ကြလေသည်။[၆]

ယခုမောင်တောမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် (၆)ခုနှင့် ကျေးရွာ (၂၃)ရွာ တပ်မတော်အစိုးရလက်ထက် တိုးလာ သောရွာသစ် (၁၀)ရွာသာလျှင် ရခိုင်လူနေရှိရာ ဖြစ်သည်။ (၁၉၄၂)ခုနှစ် ကုလားဘေးအန္တရာယ်၊ (၁၉၄၈)ခုနှစ်မှ (၁၉၆၉)ခုနှစ်ထိ မူဂျာဟစ်သူပုန်ရန်၊ (၁၉၆၉ မှ ၁၉၇၉ ထိ) (ရလပ)ဟိုဟင်ဂျာ လွတ်မြောက်ရေးပါတီ အမည်ခံကုလားသောင်းကျန်းဘေးရန်တို့ကို အဆက်ဆက်ခံပေးခဲ့ကြရသည်။ (၁၃–၅–၁၉၈၈)နေ့ ဖျက်ဆီးရေးလုပ်ငန်း၊ (၂၇–၄–၉၄)နေ့ ပုံးဖောက်ခွဲမှုတို့မှာ အလွန်ရင်လေးစရာကောင်းလေသည်။ ထို့ကြောင့် ကုလားဘေးရန်သည် မောင်တောနယ်၏တိုင်းရင်းသားများ၊ ဗုဒ္ဓဘာသာများ၊ သာသနာရေးရာများအတွက် အန္တရာယ်အပြုဆုံးအဖြစ် သတ်မှတ်ရချေမည်။

## မောင်တောနယ် ဗုဒ္ဓသာသနာ

မောင်တောနယ်၏ ဗုဒ္ဓသာသနာသည် ရခိုင်ပြည်နယ်၏ ဗုဒ္ဓသာသနာသမိုင်းနှင့် ဆက်နွယ်လျက်ရှိလေသည်။ ရခိုင်ပြည်နယ်တွင် ဓညဝတီခေတ်နှောင်း ဘီစီငါးရာ ကျော် (လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်လေးရာကျော်)ခန့်ကပင် ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်ခဲ့ကြပြီးဖြစ်လေသည်။ ဘုရားရှင်သည် ဓညဝတီမြို့တော်ဘုရင် စန္ဒသူရိယမင်း (ဘီစီ ၅၇၉–၅၂၇)လက်ထက်၊ဘီစီ (၅၅၄)တွင် ရခိုင်သို့ကြွရောက် ဗုဒ္ဓသာသနာကို ကိုယ်တိုင်တည်ထား စိုက်ထူပေးခဲ့လေသည်။

သားတော် သူရိယဓိပတိမင်း၊ သူရိယစက မင်း(ဘီစီ ၃၁၆–၂၇၂)လက်ထက် ဆိုလျှင် မဟာမုနိ ုပ်ပွားတော်၊ ဓာတ်တော်မွေတော်များ၊ ဂါမဝါသီ အရညဝါသီ

ရဟန်းသံဃာများ၊ ကျောင်းကန်များ၊ ရဟန်းခံရှင်ပြုများ၊ စေတီပုထိုးပ်ပွား ဆင်းတုတည်ထားမှုများကို မင်းအမိန့်ဖြင့် စနစ်တကျသတ်မှတ်ခဲ့ပြီးဖြစ်လေသည်။

ဓာတ်တော်မွေတော်များတွင် ထီး၊ တံခွန်၊ ပန်း၊ ဆွမ်း၊ သင်ပုတ်တို့ကို တင်စေခဲ့လေသည်။ မဟာမုနိပ်ရှင်တော် ပရိဝုဏ်တံတိုင်း လေးမျက်နှာအပြင်၌ ဂါမဝါသီပွဲကျောင်း ရဟန်းများကို ကျောင်းရံဆောက် သီတင်းသုံးခွင့်ပြုထားခဲ့သည်။ မဟာမုနိမှ ရသမျှဝတ ပြစ ည်းများကို ထိုရဟန်းတို့အား သုံးစွဲခွင့်ပြုထားလေသေးသည်။ ဒုရေး၊ သုရေး၊ (သာရေး၊ နာရေး)တို့၌ အပင့်အဖိတ် လက်ခံခဲ့ရလေသည်။ သို့သော် ပဉ င်းသာမဏေ ပြုခွင့်ကိုကား မရခဲ့ကြချေ။ အရညဝါသီ ပုဂ္ဂိုလ်တို့ထံတွင်ပင် ပြုကြရလေသည်။

အရညဝါသီတို့မှာ ဆိတ်ငြိမ်ရာ၌ တိစီဝရိက်ဓုတင် ဆောက်တည်လျက် ဆွမ်းခံ သာ စားသုံးကြရသည်။ ဂါမဝါသီတို့ကား ချက်ပြုတ်စားသောက်နိုင်လေသည်။ ပြည်သူတို့က ပစ ည်းလေးပါးလှူဒါန်းကြရသည်။ ပွဲကျောင်းရဟန်းတို့ကား ရွာသူတို့နှင့် ရောနှောမှုရှိလေသည်။ အရညဝါသီတို့မှာ မရောနှောရချေ။ ယင်းသို့ သံဃ၏ ဂိုဏ်းနှစ်ဂိုဏ်းကို စနစ်တကျထားရှိလာခဲ့သည်။ အရညဝါသီပုဂ္ဂိုလ်များကို ကေစာရီ ဆရာမြတ်တို့ဟူ လည်းကောင်း၊ ဂါမဝါသီများကို ပွဲကျောင်း (ဗဟုစာရ)ရဟန်းဟူ လည်းကောင်း သတ်မှတ်ခဲ့လေသည်။

ဘုရားအလိုကို ရဟန္တာများမှသော်လည်း မသိနိုင်ရာဆို၏။ ထို့ကြောင့် သီဟိုဠ်ဝင္ဂါမဏိမင်းလက်ထက် သံဃာယနာမှု ပိဋကတ်လာအတိုင်းသာ ရဟန္တာထိ လက်ခံရသည်။ ထိုမှုအတိုင်းသာ ရဟန်းခံကြရသည်။ ပုထုဇဉ်တို့ကို ကျမ်းစာသစ် မပြုလုပ်စေရ၊ ပုထုဇဉ်တို့ပြုသောကျမ်းကိုလည်း မသင်မလေ့လာရ။ ယင်းသို့ခိုင်မာစွာ သတ်မှတ်ပြဋ္ဌာန်းထားခဲ့လေသည်။

ထို့ကြောင့် မောင်တောနယ် ဗုဒ္ဓသာသနာသည်လည်း ဘုရားလက်ထက်က ထားရစ်ခဲ့သော ဓညဝတီခေတ်၊ ဗုဒ္ဓသာသနာမှ ပ်ထုကိုးကွယ်မှု၊ ဓာတ်တော် စေတီတည်ထားမှု၊ ရဟန်းခံရှင်ပြုမှု၊ သံဃာကိုးကွယ်မှု၊ ကုသိုလ်ကောင်းမှုပြုမှုစသည်တို့မှစ ဝင်ရောက်ဆက်ပွားလာခဲ့ရသည်သာဖြစ်၏။

ထို့အပြင် အရှေ့ဘင်္ဂလားနယ်တွင်လည်းကောင်း၊ အိန္ဒိယတောင်ပိုင်းတွင် လည်းကောင်း၊ ဗုဒ္ဓသာသနာရောက်ရှိနေပြီဖြစ်ရာကား ရခိုင်နှင့်လည်း ဘာသာ သာသနာချင်း ဆက်သွယ်မှုရှိနိုင်ပေရာသည်။ ဘီစီ (၃)ရာစုခေတ် အသောကမင်း ထက်စော ဘင်္ဂလားနယ်သို့ ဗုဒ္ဓသာသနာရောက်နေပြီဟု ယုံကြည်ခဲ့ကြ၏။ အေဒီ (၂)ရာစု၊ (၃)ရာစုခန့်ကရေးထိုးခဲ့သော နာဂဂျူနီကွန်ဒါ ကျောက်စာအရ ဘင်္ဂလားနယ်သို့ သီဟိုဠ်(သီရိလင်္ကာ)မှလည်း သံဃာများသာသနာပြုကြွရောက် ခဲ့ကြောင်းသိရ၏။ အေဒီ (၄)ရာစုတွင်ဆိုလျှင် ဗုဒ္ဓဘာသာဂုပ္တမင်းများ တန်ခိုး အင်အားကြီးမားခဲ့ကြသည့်အလျောက် ဗုဒ္ဓသာသနာလည်း ပြန့်ပွားထွန်းလင်းခဲ့ရာလေ

၏။ ထို့ကြောင့် ထိုဒေသထိ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ ရခိုင်မင်းတို့ အုပ်စိုးပိုင်နင်းခဲ့ဖူးသည်သာဖြစ်ရာ ထိုဒေသမှ ဗုဒ္ဓသာသနာနှင့် ဆက်သွယ်မှုမကင်းနိုင်ခဲ့ရာချေ။ (မောင်တောကမ်းယောင် စာ–၂၆ မှ ၂၉)။

## ဗျာဒိတ်ဝင်ဓာတ်တော်များ ပျံ့နှံ့မှု

မောင်တောမြို့နယ်သို့ ဗျာဒိတ်ဝင်ဓာတ်တော်များသည် သူရိယစက မင်းလက်ထက်မှစ တည်ထားစေခဲ့ရသဖြင့် ပျံ့နှံ့လာခဲ့ရ၏။ ထိုဓာတ်တော်များဆိုလျှင် သီရိဓမ္မာသောကမင်းထံမှ သာသနာသက ရာဇ် (၂၂၂)ခုနှစ် (ဘီစီ ၃၀၈)က ရခိုင်သို့ ဝေငှခဲ့ခြင်းဖြစ်လေသည်။ အရှင်မောဂ္ဂလိပုတ တိ မထေရ်နှင့် အရှင်ကုလ္လ၆ဂုတ မထေရ် တို့က အသီးသီးခွဲခြားပေးခဲ့လေသည်။ ဗျာဒိတ်ဝင်ဓာတ်တော် ဆူရေ(၂၄၇)ဖြစ်ရာ ရဟန္တာအရှင်မဟာတိ နှင့်ဗာကုလတို့ကပင့်ဆောင်ပေးခဲ့ကြခြင်းဖြစ်လေသည်။[၇]

ထိုရရှိသော ဓာတ်တော်တို့ကို တည်ထားစေခဲ့ရာ ဓာတ်သင့်၊ ဓာတ်ဖက်၊ ဓာတ်ကြေအစီအစဉ်အရ ဗုဒ္ဓ၏ဗျာဒိတ်ပေးခဲ့ရာ နေရာဌာနတို့၌ အသီးသီးတည်ထားကိုးကွယ်ခဲ့ကြလေသည်။ ထိုဓာတ်တည်သမိုင်းမှာ ယခုအထိ ရခိုင်ပြည်ဘုရားသမိုင်းအမည်ဖြင့် မှတ်တမ်းတင်လျက်ရှိပေသေး၏။

ထိုသမိုင်းအရ မေယူတောင်တန်း အနောက်ဘက်၌ ဗုဒ္ဓ၏ဘဝဖြစ်စဉ်နှင့်စပ်ကျင်လည်ရာဌာနများ ရှိနေသည်။ ထိုဌာနတို့တွင် ဗုဒ္ဓသည်မိမိအဖြစ်သနစ်ကိုလည်းကောင်း၊ တည်လတ်အံ့သော ဓာတ်တော်တို့ကိုလည်းကောင်း၊ ရခိုင်သို့ကြွရောက်ခဲ့စဉ်က ကျောက်တော်တောင်ထိပ်မှနေလျက် ဗျာဒိတ်မိန့်မှတ်ခဲ့လေသည်။

## ဓာတ်တော်စဉ်သမိုင်း

ထိုမိန့်မှတ်ချက် ဗျာဒိတ်တွင် ဗုဒ္ဓ၏ကျင်လည်ခဲ့ဖူးရာဌာနကား (၂၄၈)ဌာနရှိလေသည်။ မဟာမုနိကိန်းဝပ်တော်မူရာ သီရိဂုတ တောင်လည်း တစ်ခုပါဝင်ခဲ့လေသည်။ မယူတောင်အနောက်ဘက်၌လည်း ဗျာဒိတ်ဝင်ဌာနများ ပါရှိခဲ့လေသည်။ နတ်မြစ် ဝဲ–ယာတို့တွင် ဖြစ်ခဲ့ကြရာ၊ ရွှေဥဒေါင်းမင်း၊ ဖားမင်း၊ ငန်းမင်း၊ ပဒတ်(ပုသွင်)မင်း၊ ကိန္န ရာ၊ ဝက်မင်း၊ ရှားမင်း၊ ခိုမင်း၊ ရွှေကျေးမင်း၊ ဝံမင်း၊ ကျေးဖြူမင်းအဖြစ်ဖြင့် လည်းကောင်း၊ သမင်၊ စပါးကြီးမြွေ၊ ရွှေကျီးသားစသည်အဖြစ်ဖြင့်လည်းကောင်း၊ ပုဏ္ဏ ာ၊ ရွှေပန်းထိမ်သား၊ အိုးထိန်းသည်သား၊ အဖြစ်ဖြင့်လည်းကောင်း၊ ကျင်လည်ခဲ့ဖူးလေသည်။ ထို့ကြောင့် ဗျာဒိတ်ပေးခဲ့စဉ်က–

''ငါကျင်လည်ခဲ့ဖူးသောအရပ်တို့သည် များစွာရှိလေသည်။

ယင်းအရပ်တို့တွင်လည်း ငါ၏အရေတော်၊ သားတော်၊ ိုးတော်တို့ကိုတည်ထားလတ ့ဟုဆိုခဲ့၏။ ၎င်းပြင် မယူတောင်တန်း၌ ဘုရားရှင်သည် ပြန်အကြွတွင်ဖနောင့်တော်ရာကို ချနင်းထားခဲ့သေးသည်ဟု သိရသည်။ ယခု ဘုရားတောင်ဟုခေါ်တွင်နေကြလေ၏။

## ဓာတ်တော်သမိုင်းလာနှင့် သိသာရန်များ

ထိုဗျာဒိတ်အရ တည်ရှိကိန်းဝပ်ခဲ့ရာ ဓာတ်တော်များကို အဖြစ်တော်နှင့်တကွ တည်နေရာတို့ကိုပါတွဲစပ် ယခုအခေါ် နေရာဌာနအမည်များနှင့်တကွ ဖော်ပြရလျှင် ဤသို့ဖြစ်လေသည်။

(●) နာသသိန္ဒ ပဗ္ဗတ – ရွှေဥဒေါင်း၊ နှာသီးတော်ဓာတ်
(နတ်မြစ်–နခေါင်းချောင်းဓာတ်)

(●) မိလ္လပဗ္ဗတ – ပဒတ်(ပုသွင်၊ အဆုတ် မုတ်ဆိတ်ဓာတ်
(နတ်မြစ်–ပုသွင်ဓာတ်)

(●) သိန္ဒ မေဃပဗ္ဗတ – ငန်းမင်း၊ ဘယ်လက်တော်ဓာတ်
(နတ်မြစ်–ကယုချောင်းဓာတ်)

(●) နန္ဒသာရပဗ္ဗတ – ကိန္ဒ ရာ၊ က္လခြေတော်ဓာတ်
(ကိန္ဒ ရာဓာတ် အလယ်ဓာတ်)

(●) သံတဝါရပဗ္ဗတ – ဝက်မင်း၊ ထိပ်တော်ဓာတ်(ဝက်ကျိန်းဓာတ်)

(●) သိန္ဒ နန္ဒပဗ္ဗတ – သမင် သလုံးတော်ဓာတ်
(နတ်မြစ်တောကျောင်းဓာတ်)

သန္ဒသိန္ဒပဗ္ဗတ – စပါးကြီးမြွေ၊ သဲတော်ဓာတ် (သဲချောင်း–မောင်နှမ)

(ဝ) သာလမိဂပဗ္ဗတ – ဖူး(ဖား)မင်း၊ မျက်ိုးတော်ဓာတ်
(ဖားဝပ်ချောင်းဓာတ်)

စူဠပဗ္ဗတ – ပုဏ္ဏား၊ မိတ်တော်ဓာတ် (ပုဏ္ဏားဆိပ်၊ ဝပိတ်)

မေခစူဠပဗ္ဗတ – ကျေးဖြူမင်း၊ လက်ဝဲလက်ုံးဓာတ်
(ဇကန်းဖြူ–ဂြင်းချောင်းဓာတ်)

(ဝ) နန္ဒပဗ္ဗတ – ရှားမင်း၊ သလုံးတော်ဓာတ်၊
(ကင်းချောင်း–ဆင်မကျပ် )

(ဝ) သာရဏ္ဏပဗ္ဗတ – ပုဏ္ဏား၊ ဦးဆက်တော်ဓာတ်
(သရီကုန်းဘောင်)

(ဝ) သာလပဗ္ဗတ – ရွှေကျေးမင်း၊ မျက်ိုးတော်ဓာတ်
(မောင်တော–သုံးမိုင်)

(ဝ) နန္ဒပဗ္ဗတ – ခိုမင်း၊ ပါးုပ်တော်ဓာတ် (ခွာမင်းဓာတ်)

သာလိမိဂပဗ္ဗတ – ဗေဒင်တတ်ပုဏ္ဏား၊ မျက်စိတော်ဓာတ်
(မကျည်းချောင်း–ရေဖုံးပြင်)

နန္ဒမိဂစူဠပဗ္ဗတ – ရွှေကြီးသား–မျက်ရစ်တော်ဓာတ်

(မော်ဝင်ရွာခါတ်)

(ဝ) ကာကမေဃစူဠပဗ,တ – ရွှေပန်းထိမ်သား၊ တင်ဖိုင်တော်ခါတ် (ဥဒေါင်းတော်)

စိဏ္ဏသာလဖေဃပဗ,တ – ဝံမင်း၊ နံတော်ခါတ် (ဥဒေါင်းခါတ်အနီး)

(ဝ) သန္တဝရပဗ,တ – အိုးထိန်းသည်သား၊ ကုန်းိုးတော်ခါတ် (ကျောက်ပန်းတူခါတ်)

ဂန္ဓဝရပဗ,တ – စပါးကြီးမြွေ၊ သဲတော်ခါတ် (ငှင်းအနီး)

မဏ္ဍသာရပဗ,တ – ရွှေကျီးသား၊ နှာမွေး(နားမွေးတော်ခါတ်) (နှာခေါင်းတိုခါတ်)

**မှတ်ချက်** ။ ။ ဖော်ပြပါခါတ်တို့တွင် (●)ပြ ခါတ်ဆိုလျှင် ယခု ဘင်္ဂလားဒေ့(ရှ်)တွင် ကျရောက်နေသည်။ (ဝ)အမှတ်ပြ ခါတ်တော်တို့မှာ ပြန်လည်တည်ထားပြီးဖြစ်သည်။ ကျန်ခါတ်တော်များမှာ စေတီနေရာကို တွေ့ရှိရထားသည်များလည်းရှိသည်။ မရရှိသည်များလည်း ရှိနေသေးသည်။ ရရှိထားသည်များကို ပြန်လည်တည်ထားရန်နှင့် မရရှိသေးသည်များကို ရှာဖွေဖော်ထုတ်ကြရန်လိုအပ်ပေသည်။

ဖော်ပြပါ ခါတ်တို့ကို ဒေသအခေါ်၊ သမိုင်းအလာနှင့် ချင့်ချိန် သာ မှတ်ယူထားကြစေ၏။ ရခိုင်မင်းအဆက်ဆက် ဆက်ခံပြုလုပ်ခဲ့ကြပြီး မင်းမဲ့ကာလတွင် လည်းကောင်း၊ နှစ်ကာလကြာညောင်း လည်းကောင်း၊ ဘေးအန္တရာယ်ကြောင့် လည်းကောင်း ပြိုကျပျက်စီးခဲ့ကြရသည်။

လွန်ခဲ့သော နှစ်ပေါင်း (၉၀)ကျော်ကပင် ယခုတိုင် အကြိမ်ကြိမ်ပြန်လည် တည်ထားခဲ့ရခြင်း၊ ပြုပြင်မွမ်းမံရခြင်းတို့ဖြင့် မူလပုံသဏ္ဌာန်အနေအထားနှင့် ဟန်ပန်လက်ရာများကား လွှဲပြောင်းလာခဲ့ရပြီးဖြစ်၏။ အချို့မှာ ခါတ်စေတီအဖြစ် မထင်ရှားတော့ဘဲ ရှေးဟောင်းစေတီပျက်အဖြစ်သာ သိမှတ်ခံနေရ၏။ ထို့ကြောင့် ထင်ရ၏။ ရခိုင်ပြည်ဘုရားသမိုင်း ကျမ်းဂန်လာသည်ကား–

''အာနန္ဒာ–ငါ၏ကိုးတော်၊ ရိတော်၊ သားတော်တို့ကို နောင်ကာလရှည်သဖြင့် မြုံ သာရှိလိမ့်မည်။ အဘယ်ကြောင့် ရှိလိမ့်မည်နည်းဟူမူကား၊ ငါသည်– ကြီးကျယ်သော အရပ်တို့တွင်ကား ငါ၏ကိုးတော်၊ ရိတော်၊ သားတော်တို့ကို ပူဇော်ပြုကြ လိမ့်မည်။ မထင်ရှားသော အရပ်တို့တွင်ကား မြုံလိမ့်မည်ဟု''မိန့်တော်မူခဲ့၏။

(မြုံ=ကွယ်ပျောက်ခြင်း၊ ဆိတ်သုဉ်းခြင်း၊ တိမ်မြုပ်ခြင်း)

## မြို့နယ်ဘာသာရေး ကျောင်းကန်စေတီပုထိုးများ

မောင်တောမြို့နယ်တွင် စစ်မဖြစ်မီ စစ်ကြိုခေတ်က ရခိုင်ရပ်ရွာ (၁၃၀)ကျော် တွင် ဘုန်းတော်ကြီးကျောင်းပေါင်း တစ်ရာကျော်ရှိခဲ့သည်ဆို၏။ စေတီပုထိုးများလည်း

အများအပြားရှိခဲ့ကြရာ ယခုထိ စေတီပျက်များကို ရပ်ရွာတိုင်း၌ ဖူးတွေ့ရှိနေရပေသေး၏။

ဒုတိယကမ္ဘာစစ်အတွင်း ဖျက်ဆီးခံခဲ့ရသော ရပ်ရွာများအနက် (၁၉၄၆)ခုနှစ်တွင် ပြန်လည်ထူထောင်နိုင်ခဲ့သော ကျေးရွာ(၆၀)ကျော်သာရှိသည်ဆို၏။ ထိုရွာသားမှာဆိုလျှင် (၁၉၄၈–၄၉)ခုနှစ် မူဂျာဟစ်သောင်းကျန်းသူတို့ အန္တရာယ်ကြောင့် ရွာ(၄၄)ရွာ ဖျက်ဆီးခံခဲ့ရပေသေး၏။[၈] လုံးဝပြန်လည်မထူထောင်နိုင်ခဲ့သော ကျေးရွာများဆိုလျှင် (၉၉)ရွာ၊ အိမ်ခြေ (၄၁၀၁)ရှိသည်။ ပြန်လည်ထူထောင်မှုပြုရန် ဝေးစွ၊ နေရာဌာနနှင့်တကွ အိမ်ခြေမျှပင် အတိအကျမသိရှိရ သေးသောကျေးရွာများဆိုလျှင် (၁၀၅)ရွာခန့် ရှိသေးသည်ဟု မြို့နယ်မှတ်တမ်း၌ တွေ့ရပေသည်။[၉]

တိုင်းပြည်ပျက်စီးခဲ့ရသည့် (၁၉၄၂)ခုနှစ်ထိ မောင်တော၌တည်ရှိခဲ့သော ဘုန်းကြီးကျောင်းများဆိုလျှင် တောင်ပိုင်း၌ (၃၃)ကျောင်း၊ မြောက်ပိုင်း၌ (၅၇)ကျောင်း ရှိလေသည်။ (၁၉၈၄)ခုနှစ်က ကောက်ယူရရှိသော သံဃာကျောင်းကန်များဆိုလျှင် မောင်တောမြို့ပေါ်ရပ်ကွက် (၆)ခု၌ (၁၀)ကျောင်း၊ မြို့နယ်တွင် (၂၁)ကျောင်း၊ ပေါင်း (၃၁)ကျောင်းသာရှိသည်။ ရဟန်းသာမဏေ(၈၄)ပါးရှိလေသည်။ (၁၉၈၈)ခုနှစ်တွင် ဘုန်းကြီးကျောင်း (၅)ကျောင်းတိုးလာပြီးလျှင် (၃၆)ကျောင်းဖြစ်လာသည်။ ယခုတပ်မတော်အစိုးရလက်ထက်တွင် တိုးလာသောကျောင်းများလည်းရှိပေသေးသည်။

## ဖျက်ဆီးခံခဲ့ရသော ကျောင်းကန်စေတီပုထိုးများ

ဤမျှပျက်စီးသွားခဲ့ရသော ဗုဒ္ဓဘာသာကျေးရွာများတွင် ကျောင်းကန်စေတီပုထိုး၊ ပြပွားဆင်းတု၊ ခြေတော်ရာစသည်များ မည်မျှပျက်စီးလေအံ့နည်း။ ယနေ့ထိ စာရင်းအတိအကျ မှတ်တမ်းပြုစုချက် မတွေ့ရသေးသော်လည်း တွေးကြည့်မိကြမည်သာတည်း။

လက်လှမ်းမီသော ပုဂ္ဂိုလ်များထံမှ ထိုဖျက်ဆီးမှုကာလထိ တည်ရှိခဲ့ဖူးသော ကျောင်းကန်များစာရင်းကို ပြောပြ သိရသည်ကား မနည်းလှချေ။ စေတီပုထိုး၊ စသည်များလည်း အများအပြားရှိခဲ့ပေသတည်း။ ဒေသခံနယ်လူထုက သက်ဆိုင်ရာသို့ ကောက်ခံတင်ပြခဲ့ဖူးသော စာရင်းအရ ရပ်ရွာ(၁၄၀)ကျော်ရှိခဲ့သည်ဆို၏။ အိမ်ခြေများလည်း ဖော်ပြထားသည်ဟု သိရသည်။ ထိုစာရင်းကိုကား သက်သေခံ မရရှိလိုက်နိုင် ယခုရရှိသလောက် စာရင်းကိုပင် တင်ပြရခြင်းဖြစ်ပါသတည်း။

## ၁၉၄၂ ခုနှစ်ထိ တည်ရှိခဲ့ဖူး၍ စစ်အတွင်း ဖျက်ဆီးခံခဲ့ရသော မောင်တောကမ်းယောင် ဘုန်းကြီးကျောင်းများ တောင်ပိုင်း တစ်လျှောက် (၃၃)ကျောင်း

၁။ မောင်တောမြို့မကျောင်း
၂။ မောင်တောကျောင်းသစ်
၃။ ခွဆုံပြင်ရွာကျောင်း
၄။ ခွဆုံပြင်တောရကျောင်း
၅။ မကျည်းချောင်းကျောင်း
၆။ ရိုဖုံးပြင်ကျောင်း
၇။ မှော်ဝင်ရွာကျောင်း
၈။ ဂြင်းချောင်းကျောင်း (သရိကုန်းဘောင်)
၉။ ပန်းတောပြင်ကျောင်း
၁၀။ ကျီးကန်းဖြူကျောင်း
၁၁။ မောင်ဦးရွာကျောင်း
၁၂။ စပ်ချကုန်ကျောင်း
၁၃။ ကိုင်းကြီးကျောင်း
၁၄။ ကန်ပြင်ကျောင်း
၁၅။ တုံးချောင်းကျောင်း
၁၆။ အလယ်သံကျော်ကျောင်း
၁၇။ ဂြင်းတောချောင်း
၁၈။ တပ်ထိုးပြင်(ဟောင်း)ကျောင်း
၁၉။ တပ်ထိုးပြင်(သစ်)ကျောင်း
၂၀။ ကြိန်တန်းချောင်းကျောင်း
၂၁။ မြေါချောင်းကျောင်း
၂၂။ ရှောက်ကိုင်းကျောင်း
၂၃။ အင်းဒင်ကျောင်း
၂၄။ အတွင်းပြင်ကျောင်း
၂၅။ သဝင်ချောင်းကျောင်း
၂၆။ ကိုးတန်ကောက်ကျောင်း
၂၇။ ကျောက်ချောင်း (ချိန်ခါလိကျောင်း)
၂၈။ ဒုံးပိုက်(ဒူးပိတ်)ကျောင်း
၂၉။ အောင်ဗလကျောင်း
၃၀။ ဆင်ပစ်ကျောင်း
၃၁။ ပေါက်တောပြင်ကျောင်း
၃၂။ ချောင်းငိုင်းကုန်တန်းကျောင်း
၃၃။ အငူမော်ကျောင်း

## မြောက်ပိုင်းတစ်လျှောက်ကျောင်း (၁၅)ကျောင်း

၁။ တောင်ပြို(ကောက်ကတန်)ကျောင်း
၂။ ရဲအောင်ချောင်းကျောင်း
၃။ မီးတိုက်ကျောင်း
၄။ ဒေးပိုင်ရွာ(ဒိုင်းပိုင်ရွာကျောင်း)
၅။ နံသာတောင်ကျောင်း
၆။ ပြားနားရွာကျောင်း
၇။ နပျိုးချောင်း(ကျော်ထွီးရွာ)ကျောင်း
၈။ သဘော်ာလှကျောင်း
၉။ ဂေါ်တူရသဲချောင်း (အောက်ရွာ)ကျောင်း
၁၀။ ဂေါ်တူရသဲချောင်း (အထက်ရွာ)ကျောင်း
၁၁။ ကျောက်ချောင်းရွာကြီး
၁၂။ ငစံဗော်ရွာကျောင်း
၁၃။ အောက်ပြူးမကျောင်း
၁၄။ အထက်ပြူးမကျောင်း
၁၅။ တရွှိန်းရွာကြီးကျောင်း

၁၆။ ငဖြူကျောင်း
၁၇။ လောင်းတုံရွာကျောင်း
၁၈။ ပြောင်းပစ်ရွာကျောင်း
၁၉။ ငါးစားကြူးရွာကျောင်း
၂၀။ ဟန်ဇမကျောင်း
၂၁။ ရီမျက်ရွာကျောင်း
၂၂။ ဆင်ချောင်းကျောင်း
၂၃။ ဖားဝပ်ချောင်း
(မောင်နှမသဲချောင်း)
၂၄။ ဝပိတ်ကျောင်း
၂၅။ ပုဏ္ဏားကားဆိပ်ကျောင်း
၂၆။ ပြားသားရွာ(ကယူချောင်း)
၂၇။ ရီမျက်တောင်ကျောင်း
၂၈။ ငါးခူရတောင်ရွာကျောင်း
၂၉။ ငါးခူရမြို့သစ်ကျောင်း
၃၀။ ပွင့်ဖြူချောင်းအဟောင်းကျောင်း
၃၁။ ပွင့်ဖြူချောင်း(အသစ်)
ရာသစ်ကျောင်း
၃၂။ သလူချောင်းကျောင်း
၃၃။ ရီခပ်ချောင်းကျောင်း
၃၄။ သရက်အုပ်ကျောင်း
၃၅။ သဇင်တော(အုဋ္ဌကျောင်း)
၃၆။ စေတီပြင်ကျောင်း
၃၇။ ခြံပြင်ရွာကျောင်း
၃၈။ စမ ယ်ပင်ရင်းကျောင်း
၃၉။ ဒိုးတန်း(သာစည်ကုန်း)ကျောင်း
၄၀။ ရီဒါးကျောင်း
၄၁။ ဝက်ကျိန်းကျောင်း
၄၂။ ငဖြူချောင်းကျောင်း
၄၃။ တမန်းသားကျောင်း
၄၄။ လက်ယာချောင်းကျောင်း
၄၅။ ခမောင်းဆိပ်ကျောင်း
၄၆။ ဝေလာတောင်ကျောင်း
၄၇။ ကြောင်နဖေကျောင်း
၄၈။ သစ်တုံးနား (ခွဆုံ)ကျောင်း
၄၉။ အင်တူလာကျောင်း
၅၀။ ဘော်တူလာကျောင်း
၅၁။ သံိုအောင်ဘရွာကျောင်း
၅၂။ ဒုံးိုရွာ(အလယ်ရွာ)
၅၃။ ကာလာရွာကျောင်း
၅၄။ ဒိုင်းပိုင်ရွာကျောင်း
၅၅။ ရဲအောင်စံရဖွေကျောင်း
၅၆။
အောင်သပြေ(သကေ ပြင်)ကျောင်း
၅၇။ ဆတ်ိုးကျကျောင်း

## ယခုလက်ရှိ ဘုန်းတော်ကြီး ကျောင်းများ

၁။ အောင်သပြေကျောင်း
၂။ ဝေလာတောင်ကျောင်း
၃။ မင်္ဂလာ့နို့ကျောင်း
၄။ တမန်းသားကျောင်း
၅။ မင်းကမောင်းကျောင်း
၆။ မင်းကြီးရွာကျောင်း
၇။ ရန်အောင်ပြင်ကျောင်း
၈။ ကြိမ်ချောင်းကျောင်း
၉။ ငါးခူရတောင်မော်ကျောင်း
၁၀။ ကပ္ပဂေါင်းကျောင်း
၁၁။ ငါးခူရမြို့သစ်ကျောင်း
၁၂။ ခြံပြင်ကျောင်း
၁၃။ ရီမျက်တောင်ကျောင်း
၁၄။ ရွက်ိုတောင်ကျောင်း

၁၅။ တောင်ပြုလက်ဝဲကျောင်း
၁၆။ မီးတိုက်ကျောင်း
၁၇။ သဘော်လှကျောင်း
၁၈။ တရွှိန်းကျောင်း
၁၉။ နံ့သာတောင်ကျောင်း
၂၀။ အောင်ဗလကျောင်း
၂၁။ ကိုင်းကြီးကျောင်း
၂၂။ အလယ်သံကျော်ကျောင်း
၂၃။ အင်းဒင်ကျောင်း
၂၄။ ကန်ပြင်သာစည်ကျောင်း
၂၅။ ကန်သာယာကျောင်း
၂၆။ ပေါဓိကုန်းကျောင်း
၂၇။ မောရဝတီကျောင်း
၂၈။ မြို့ဦး(ရပ်ကွက်၃)ကျောင်း
၂၉။ မြို့မ(ရပ်ကွက် ၁)ကျောင်း
၃၀။ ဗဟိုလ်(ရပ်ကွက် ၄)ကျောင်း
၃၁။ စေတီရင်း(ရပ်ကွက် ၆)ကျောင်း
၃၂။ ဓမ္မရက္ခိတ(ရပ်ကွက်၆)ကျောင်း
၃၃။ တပ်ဦး(ရပ်ကွက် ၆)ကျောင်း
၃၄။ သစ်တော(ရပ်ကွက် ၆)ကျောင်း
၃၅။ တောရကျောင်း(ရပ်ကွက် ၆)ကျောင်း
၃၆။ စိတ သုခ(ရပ်ကွက် ၆)ကျောင်း
၃၇။ မြို့သစ်(ရပ်ကွက် ၄)ကျောင်း

## အရှည်တည်ရေး ဆောင်ရွက်ပေး

မောင်တောမြို့နယ်ကား ရခိုင်ဗုဒ္ဓဘာသာအင်အားအရ ဘုန်းကြီးကျောင်းလည်း နည်းပါးခဲ့ရသည်။ စစ်ပြီးနောက်ပိုင်းကထက် ယခုအခြေအနေကား တိုးတက်မှု ရှိနေသည်ဟုဆိုရမည်ဖြစ်သည်။ လိုအပ်ချက်မှာ ကိုးကွယ်မှုနှင့်မျှတသော သာသနာ့ပြုမှု၊ ရဟန်းသံဃာတည်နေနိုင်မှု၊ ခြိုးခြံမှုနှင့် စိတ်ဓာတ်ရင့်သန်မှု၊ စည်းလုံးညီွတ်မှုကို အခြေပြု သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းကို ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များ အဆက်မပြတ် သီတင်းသုံးနေနိုင်ရန် ဝတ်စားနေရေး မျှတမဖို့လိုသည်။ ဗုဒ္ဓဘာသာရပ်ကွက်များ တစ်စည်းတစ်လုံးတည်း ရှိဖို့ မြို့နယ်အတိုင်းအတာအရ သမိုင်းဝင်စေတီပုထိုးများ စုပေါင်းထိန်းသိမ်းကာကွယ်ဖို့ အခါအားလျော်စွာ ပူဇော်ပွဲများ၊ ကျင်းပပေးဖို့လည်း လိုအပ်ပါသည်။ ဘုရားဝတ က မြေများ၊ ဘုန်းကြီးကျောင်းဝတ က အလှူမြေများကိုလည်း စနစ်တကျအသုံးချဖို့ ဘုရားဂေါပကအဖွဲ့များ၊ သံဃနာယကများ ပူးပေါင်းကြိုးပမ်း ဦးဆောင်ပေးကြဖို့ အရေးကြီးပါသည်။

## လက်တွဲလျက် ဆောင်ရွက်ကြလော့

ဘုရားဓာတ်တော် စေတီပုထိုးများသည် သာသနာ့သမိုင်း မှတ်တိုင်ဖြစ်သည်။ ဘုရားစေတီတည်ရှိမှသာလျှင် သာသနာတော်တည်ရှိနေသည်ဟု သက်သေပြစရာ ရှိပေသည်။ ထို့အတူ ရဟန်းသံဃာတည်ရှိမှ ကျောင်းကန်ကိုးကွယ်မှု ရှိလာနိုင် ပေသည်။ ကျောင်းကန်တည်ရှိမှု သာသနာပြုလုပ်ငန်း ရပ်တည်နိုင်သည်။ သာသနာပြုလုပ်ငန်းအတွက် ဗုဒ္ဓဘာသာဝင် ရပ်ရွာများလိုအပ်ပေသည်။ ဗုဒ္ဓဘာသာဝင်

ရပ်ရွာများရှိမှသာလျှင် ကျောင်းကန်ထူထောင်ပြီး ရဟန်းသံဃာပင့်ဖိတ် ကိုးကွယ်မှု၊ သာသနာပြုမှု စသည်ဖြင့် ဗုဒ္ဓသာသနာတော်ကြီးကို သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် ဆရာဒကာ လက်တွဲဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသတည်း။


**<u>ကိုးကားချက်များ</u>**

(၁) ဦးရာဇ်တောင်ဘုရားသမိုင်း၊ အရှင်စက္ကိန္ဒ (၁၉၉၃)
(၂) ရခိုင်ယဉ်ကျေးမှုများ (အမှတ်၁၊၂၊၃၊၄)၊ အရှင်စက္ကိန္ဒ
(၃) မောင်တောကမ်းယောင်စာတမ်း၊ အသျှင်စက္ကိန္ဒ (၁၉၇၇)
(၄) မောင်တောကမ်းယောင် ဗုဒ္ဓသာသနာ၊ အသျှင်စက္ကိန္ဒ မိတ္တူပွား ၁၉၈၈
(၅) ရခိုင်ပြည်နယ် စီးပွားရေးဘဏ္ဍာတိုက်၊ (ဦးလှထွန်းဖြူ) ၁၉၇၆
(၆) မောင်တောမြို့နယ် ဖြစ်စဉ်သမိုင်း၊ (မြို့နယ်ပြည်သူကောင်စီ) ၁၉၈၁
(၇) မောင်တောမြို့နယ်မှတ်တမ်း၊ (မောင်တောမြို့နယ် ပါတီယူနစ်)၁၉၈၂
(၈) ရခိုင်ပြည်ဘုရားသမိုင်းကျမ်း(ပေမူ) ၁၂၈၆ ခုနှစ် ရေးကူးမူ
(၉) ရခိုင်ပြည်ဘုရားဓာတ်စဉ်သမိုင်း (မိတ္တူကူး) ဆရာချစ် ၁၃၄၃ ခု။
(၁၀) ဦးအောင်ကြည်(လဝက)ယနေ့နယ်စပ်ပြ နာအတွင်းရေးစာတမ်း ၁၉၇၆
(၁၁) မောင်တောမြို့နယ် အကြောင်းသိကောင်းစရာစာတမ်း (မြို့နယ်စီမံကိန်းမှူးတစ်ဦး) ၁၉၈၈ မတ်လ ၂၂


❖❖❖

# အိမ်တွင်ကျလာသော နိမိတ်ဆိုးအား ယတြာ(စိုင်တိ)ချေရန်

အသျှင်ကြီး

## လူတို့အိမ်၌ကျလာတတ်သော နိမိတ်ဆိုး(၈)မျိုး

**ဂိဇ္ဈော ဝါနရ သပေါ မက္ခိက မဓုဥလုကော် ဗကော ဝမ္မိကော**
**က္လမေအဌ ပဝေသန့် ဉေယျာ (ပါဠိ)**

(အနက်) ဂိဇ္ဈော–လင်းတ၊ ဝါနရ–မျောက်၊ သပေါ–မြွေ၊ မက္ခိက–ယင်မမိုင်း၊ မဓု–ပျား၊ ဥလုကော်–ခင်ပုတ်၊ ဗကော–ဗျိုင်း၊ ဝမ္မိကော–တောင်ပို့၊ ဝံလိုင့်ကျက်လည်း ဟူ၏။ က္လမေအဌ–ဤရှစ်ခုသော သတ ဝါတို့သည် ပဝေသန့် အိမ်သို့ ဝင်လာ နားလာ ရောက်လာတတ်ခြင်းကို၊ ဉေယျာ–သိအပ် မှတ်အပ်ကုန်၏။

ဗုဒ္ဓဘာသာ ရခိုင်လူမျိုးတို့ ရှေးရှေးကာလမှ ယနေ့တိုင်အောင် မကောင်းဆိုးဝါး တိတ်နိမိတ်များအဖြစ် သတ်မှတ်ထားခဲ့သော သတ ဝါအမျိုးအစားတို့ကား လင်းတ၊ မျောက်၊ မြွေ၊ ယင်မမိုင်း၊ ပျား၊ ခင်ပုတ်၊ ဗျိုင်း၊ တောင်ပို့(သို့) ဝံလိုင့်ကျက်၊ အားဖြင့် ရှစ်မျိုးရှိလေသည်။ ယင်းရှစ်မျိုးတို့ လူနေအိမ်တွင်းသို့ဝင်လာခဲ့သော် မကောင်းသော အပြစ်ဆိုးကျိုး အများအပြားဖြစ်တတ်ပြီး ကောင်းကျိုးအနည်းငယ်သာဖြစ်တတ်၏။ ထိုရှစ်ခုသောသတ ဝါအမျိုးအစားတို့တွင် တစ်ခုခုသောသတ ဝါသည် အိမ်၏ အရှေ့အရပ်မှဝင်လာခဲ့သော် ဥစ ၥပစ ည်းပြုန်းတီးပျက်စီးခြင်းဖြစ်အံ့၊ အိမ်၏အနောက်တောင်ထောင့် အရပ်မှဝင်လာနားနေမူကား ငြင်းခုံခိုက်ရန်ဖြစ်ပွားရအံ့၊ အိမ်၏ တောင်အရပ်မှဝင်လာနားနေမူကား အိမ်တွင်းသက်ရှိများ သေကြေပျက်စီးခြင်းဖြစ်အံ့၊

အနောက်တောင်ထောင့်အရပ်မှဝင်လာနားနေမူကား သူခိုးများခိုးယူ ဖျက်ဆီးခြင်းခံရအံ့၊ အိမ်၏အနောက်အရပ်မှဝင်လာနားနေမူကား သမီးကညာရတနာလာဘ်ရအံ့၊ အိမ်၏ အနောက်မြောက်ထောင့်အရပ်မှ ဝင်လာနားနေမူကား လာဘ်ကြီးရအံ့၊ အိမ်၏ အရှေ့မြောက်ထောင့်မှ ဝင်လာနားနေမူကား မင်းပူဇော်ခြင်းကိုခံရအံ့။

## မျက်နှာမူရာအရပ်အလိုက် အကျိုးအပြစ်

လင်းတစသောသတ ဝါတို့သည် အိမ်၌အရှေ့ဖက်သို့ မျက်နှာမူ နားသော် အိမ်ရှင်ပျက်စီးအံ့၊ အရှေ့တောင်ထောင့်သို့ မျက်နှာမူ နားသော် ရန်သူဘေးသင့်အံ့၊ တောင်အရပ်သို့ မျက်နှာမူ နားသော် ရန်သူဘေးသင့်အံ့၊ တောင်အရပ်သို့ မျက်နှာမူ နားသော်လည်း အိမ်ရှင်သေအံ့၊ အနောက်တောင်ထောင့်အရပ်သို့ မျက်နှာမူ နားသော်လည်း အိမ်ရှင်သေအံ့၊ အနောက်အရပ်သို့ မျက်နှာမူ နားသော် မွန်မြတ်သော ဥစ ၥရတနာရအံ့၊ ကျွန်မိမရအံ့၊ အနောက်မြောက်ထောင့် အရပ်သို့ မျက်နှာမူ နားသော် ဥစ ၥရအံ့၊ မြောက်အရပ်သို့ မျက်နှာမူ နားသော် လာဘ်ရအံ့၊ အရှေ့မြောက်ထောင့်အရပ်သို့ မျက်နှာမူ နားသော် မင်းပူဇော်ချီးမြေ ၥက်မှုကိုခံရအံ့။

## မြည်သောအသံကိုလိုက်၍ အကျိုးအပြစ်

လင်းတစသောသတ ဝါတို့သည် အိမ်ထက်နား တစ်ခွန်းတည်းမြည်မူ ကျက်စားလို မြည်ခြင်းတည်း။ အိမ်ရှင်စိတ်နှလုံးမသာယာ၊ ပူဆာသောက၊ စိုးရိမ်ရအံ့၊ နှစ်ခွန်းမြည်မူလာဘ်ရအံ့၊ သုံးခွန်းလေးခွန်းမြည်မူ အဖော်ကိုမြင် မြည်ခြင်းတည်း၊ အိမ်ရှင်စိတ်နှလုံးမသာယာ ပူဆာသောကရောက်ရအံ့၊ ငါးခွန်းမြည်မူ အိမ်ရှင်ချမ်းသာရအံ့၊ ခြောက်ခွန်းမြည်မူ ကျွန်မိမယောက်ျားရအံ့၊ ခုနစ်ခွန်းမြည်မူ စိတ်နှလုံးစိုးရိမ်ရအံ့၊ ရှစ်ခွန်းမြည်မူ အကျိုးအပြစ်မရှိ တစ်စုံတစ်ရာမျှမရှိချေ။

တစ်နည်းတစ်ခွန်းတည်းမြည်မူ စီးပွားဥစ ၥပျက်စီးဆင်းရဲကြီးစွာရောက်ရအံ့၊ နှစ်ခွန်းမြည်မူ သူခိုးဓားမရ ရန်နှင့်တွေ့ရအံ့၊ သုံးခွန်းမြည်မူ ကြံစည်တိုင်းပြီးစီးအောင်မြင်အံ့၊ လေးခွန်းမြည်မူ အကျိုးအပြစ်မရ သတင်းမျှသာကြားရအံ့၊ ငါးခွန်းမြည်မူ ကိုယ်စိတ်နှလုံးချမ်းသာအံ့၊ ခြောက်ခွန်းမြည်မူ အိမ်နေသူများသေကြေပျက်စီးအံ့၊ ခုနစ်ခွန်းမြည်မူ ရွှေငွေဥစ ၥရတနာကျွဲနွားတို့ကို သူတစ်ပါးပို့လာအံ့၊ ရှစ်ခွန်းမြည်မူကား အကျိုးအပြစ်မရှိ။ အကယ် ရှစ်ခွန်းဖြစ်စေ ရှစ်ခွန်းထက်ပိုလွန် ဖြစ်စေ မြည်လတ်မူကား ထိုမြည်သောခွန်းရေကို တည်(၅)နှင့်စား(၁)ခုကြွင်းလျှင် အိမ်တွင်ရှိနေသော သက်မဲ့ရွှေ ငွေစသော စီးပွားဥစ ၥရတနာအတွက် အကျိုးအပြစ်ရောက်အံ့၊ သုညကြွင်းမူကား မိမိတို့အတွက်မဟုတ်ပဲ သူတစ်ပါးအတွက်သာဖြစ်သည်။

## လင်းတစသည်နားရာ၌ အချိန်အလိုက် ကျိုးပြစ်

လင်းတစသော သတ ဝါများ ညနေချမ်းအခါ၌လာရောက်နားနေမူ ချမ်းသာရအံ့၊

သူငယ်အိပ်ချိန်လာရောက် နားနေမူ နှလုံးမသာယာ ကြောင်းကြကြီးစွာဖြစ်အံ့၊ သန်ခေါင်လာရောက်နားနေမူ သူတထူးနှင့်ရန်ဖြစ်ကြရအံ့၊ နံနက်စောစောလာရောက် နားနေမူ ရွှေငွေဥစ ၥရတနာရအံ့၊ သို့မဟုတ် ဖျားနာသသေပျောက်အံ့၊ နေထွက် တပြိုလာရောက်နားနေမူ ရွှေငွေဥစ ၥရတနာရအံ့၊ သို့မဟုတ် ဖျားနာသသေပျောက်အံ့၊ နေထွက်တပြိုလာ ရောက်နားနေမူ ရွှေငွေရအံ့၊ နေ့(၂)ဗဟိုရ်တွင် လာရောက်နားနေမူ ကျွန်မိမ ကျွန်ယောကျ်ားရအံ့၊ နေမွန်းလွဲ (၃)ဗဟိုရ်တွင် လာရောက်နားနေမူ လာဘ်ကြီးရအံ့၊ ချမ်းသာအံ့။

## လင်းတစသည် ဦးခေါင်းပြုရာ အလိုက်ကျိုးပြစ်

လင်းတစသည်လာရောက်နားနေခိုက် အရှေ့အရပ်သို့ ဦးခေါင်းပြုမူ မင်းပူဇော်ခံရအံ့၊ မြတ်သော ဥစ ၥရတနာရအံ့၊ အရှေ့တောင်အရပ်သို့ ဦးခေါင်းပြုမူ ခိုက်ရန်ဖြစ်ကြရအံ့၊ တောင်အရပ်သို့ ဦးခေါင်းပြုမူ ဖျားနာသသေပျောက်အံ့၊ အနောက်တောင်အရပ်သို့ ဦးခေါင်းပြုမူ ဥစ ၥရအံ့၊ ရန်ဝေးအံ့၊ အနောက်အရပ်သို့ ဦးခေါင်းပြုမူ ရွှေငွေရအံ့၊ ခင်ပွန်းရအံ့၊ အနောက်မြောက်ထောင့်အရပ်သို့ ဦးခေါင်းပြုမူ ခိုက်ရန်ဖြစ်ရအံ့၊ မြောက်အရပ်သို့ ဦးခေါင်းပြုမူ သို့မြကညာရအံ့ မင်းပူဇော်ခံရအံ့၊ အရှေ့မြောက်ထောင့်အရပ်သို့ ဦးခေါင်းပြုမူ မြတ်သောဥစ ၥရတနာကိုရအံ့။

## လင်းတစသော ငှက်တို့လာရာအရပ်အလိုက် အကျိုးအပြစ်

လင်းတစသောငှက်ယုတ်တို့သည် မြောက်အရပ်မှဖြစ်စေ အရှေ့အရပ်မှဖြစ်စေ တစ်စုံတစ်ခုသောအစာကိုချီ၍ အိမ်တွင်းသို့ဝင်လာမူ ဆင်းရဲသားသော်လည်း ကြွယ်ဝချမ်းသာသော သူဌေးဖြစ်အံ့၊ မင်းသားဖြစ်မူ မင်းကေန်ဖြစ်ရအံ့၊ လင်းတငှက်သည် လကျ်ာငှက်တည်း၊ ထို့ကြောင့်လကျ်ာဖက်မှ နိမိတ်ပြမူကောင်း၏။ လက်ဝဲဖက်မှ ပြလျှင်မကောင်း၊ ခရီးသွားသောအခါ လင်းတနောက်ကနေသော် ကောင်း၏။ ရှေ့ကရင်ဆိုင်နေသော် မကောင်း၊ အိမ်သို့လျှင်မြန်စွာပြန်လေ။ မပြန်လျှင် ဘေးဒဏ် သင့်လိမ့်မည်။ ၎င်းတို့သည် အနောက်အရပ်ကလာ အရှေ့အရပ်သို့ ပျံသွားသော် ကောင်း၏။ အရှေ့အရပ်ကပျံလာ အနောက်ဘက်အရပ်သို့ပျံလာမူ မကောင်းပျက်စီးအံ့၊ ခရီးသွားသောအခါ လင်းတစသောငှက်များ သစ်ပင်ထက်ကနားမူ မကောင်း၊ မိမိသည် ၎င်းငှက်နားသော သစ်ပင်အောက်သို့ရောက်နေပါက လျှင်မြန်စွာ ထသွား ဖယ်ပေးပါ။ ကောင်းကင်ကဝဲပျံသော် လန့်ခြောက်မောင်းမဲပစ်ပါ။ ၎င်းပျံသွားလျှင် ကောင်း၏။ မပျံပါက မိမိသာလျှင်မြန်စွာ ဖယ်သွားပြေးပါလေ အန္တရာယ်ရှိ၏။ လင်းတစသောငှက်ဆိုးတို့သည် မြောက်အရပ်ကလာ အိမ်ရှေ့တွင်နားမူ လာဘ်စုတ်ဝင်အံ့၊ ၎င်းသည်မြောက်သို့ပျံသွားလေသော်ကောင်း၏။ စည်းစိမ်ချမ်းသာရအံ့၊ တောင်သို့ ပျံသွားသော်မကောင်း၊ အရှေ့သို့သော်လည်းကောင်း၊ အနောက်သို့သော် လည်းကောင်း၊ ပျံသွားသော်မကောင်း၊ အရှေ့သို့လာသော်မကောင်း၊ အနောက်က

လာသော်လည်း မကောင်း၊ အနောက်ကလာ သော်လည်းကောင်း၊ မြောက်ကလာ သော်လည်းကောင်း၊ အိမ်ရှေ့တွင်နားလှာအံ့ကောင်း၏ စုတ်လာဘ်ရမည် ဧကန်တည်း။

## မြွေအိမ်သို့ဝင်တက်မှု၌ အကျိုးအပြစ်

မြွေသည် အိမ်စဉ်လည် တက်လာသည်ဖြစ်စေ သို့မဟုတ် အိမ်ရှင်၏ ဉသျှောင်တွင်လည်းကောင်း၊ ဉထုပ်တွင်လည်းကောင်း ဉရစ်ပေါင်းတွင်လည်းကောင်း လှည့်ပတ် နေမူ ထိုအိမ်ရှင်သည် မကြာမီသူဌေးသူကြွယ်ကြီးဖြစ်ရအံ့။ မြွေသည် အိမ်သို့တက် အိမ်တွင်း၌ပုန်းအောင်းနေမူ အိမ်ရှင်ဘေးသင့်အံ့၊ ငန်းတော်ကျားမြွေ အိမ်တွင်း၌ ပုန်းအောင်နေမူ အိမ်ရှင်ဖျားနာအံ့၊ လင်းမြွေအိမ်တွင်း၌ ပုန်းအောင်းနေမူ ဥစ ၁ပစ ည်းပြုန်းတီးပျက်စီးအံ့၊ စပါးကြီးမြွေ အိမ်ပေါ်မတက်သေးဘဲ အိမ်အောက်တွင် နေကာမျှနှင့် အိမ်ရှင်ဆင်းရဲဒုက္ခကြီးစွာရောက်ရအံ့၊ အိမ်ပေါ်သို့တက်လျှင်ကား ပြောဘွယ်ရာမရှိပြီ။

မြွေတက်မှုကို အချိန်ပိုင်းနှင့်ကျိုးပြစ်ဆိုရသော် နေထွက်တစ်ပြုမှာ တက်လာသော မြွေကား သူကြွယ်တည်း။ ကောင်း၏။ မိုက်မသတ်နှင့်၊ မြွေကိုသေအောင် သတ်လိုက်မူ အိမ်ရှင်ဥစ ၁ပစ ည်းပြုန်းတီးပျက်စီးအံ့၊ သန်ခေါင်တက်သော မြွေကား ဆွေမျိုးတည်း၊ သန်လွဲတက်သောမြွေကား သူဌေးတည်း၊ ကောင်း၏ လာဘ်ကြီးရအံ့၊ မိုးသောက်တက်သောမြွေကား မကောင်းပြုန်းတီးပျက်စီးအံ့၊ မီးကြီးလောင်အံ့။

## ပျားစွဲခြင်းတိတ်နိမိတ်

ပျားနကျယ်သည် အရှေ့အရပ်မှဝင်စွဲမူ သူခိုးခိုးခံရအံ့၊ ဥစ ၁ပျက်စီးအံ့၊ အရှေ့တောင်ထောင့်ကဝင်စွဲမူ သူတစ်ပါးအမျက်လိုအံ့၊ မီးသော်လည်းလောင်အံ့၊ တောင်ဖက်မှစွဲလျှင် သေပျောက်အံ့၊ အငြင်းအခုံသော်လည်းဖြစ်အံ့၊ အနောက်တောင် ထောင့်မှာစွဲလျှင် အဆွေအမျိုးကြောင့် အနှောင်အဖွဲ့ခံရအံ့၊ ခိုးသူဝင်အံ့၊ အနောက်ဖက် မှာစွဲလျှင် သွီးကညာရအံ့၊ အနောက်မြောက်ထောင့်မှစွဲလျှင် ကြီးစွာသော လာဘ်ရအံ့၊ မြောက်ဖက်မှာစွဲလျှင်လည်း လာဘ်ရအံ့၊ အရှေ့မြောက်ထောင့်မှာစွဲလျှင် မင်းပူဇော် ခံရအံ့၊ သွီးကညာရအံ့၊ ရွှေငွေရတနာရအံ့။

အိမ်အရှေ့ခေါင်၌စွဲမူ နှလုံးမသာမယာကြောင်းကြရအံ့၊ အနောက်ခေါင်၌ စွဲမူကား ဥစ ၁ပျောက်အံ့၊ အရှေ့ခေါင်ယောက်၌စွဲမူ နှလုံးမသာမယာဖြစ်အံ့၊ အနောက် ခေါင်ယောက်၌စွဲမူ ဥစ ၁ပျောက်အံ့၊ အရှေ့ဖက်ထုတ်တွင်စွဲမူ မြတ်သောဥစ ၁ရအံ့၊ အနောက်ဖက်ထုတ်တွင်စွဲမူကား အဆွေအမျိုးဥစ ၁ပေးလာအံ့၊ မြောက်ဖက်ထုတ်တွင် စွဲမူကား ဥစ ၁ရအံ့၊ တောင်ဖက်ထုတ်တွင်စွဲမူကား မကောင်း၊ အစာပေးလိုက် ချမ်းသာအံ့၊ မြောက်ဖက်အောက်ယောက်စွဲမူကား ကြွယ်ဝအံ့၊ တောင်ဖက်ယောက် အောက် စွဲမူလာဘ်ရအံ့၊ အရှေ့ခေါင်တိုင်တွင်စွဲမူ နှလုံးငြိမ်းချမ်းအံ့၊ လာဘ်ရအံ့၊

တောင် ခေါင်တိုင်စွဲမူ ဖျားနာအံ့၊ မြောက်ခေါင်တိုင်စွဲမူ ဆဲရဲလှာအံ့၊ စွပ်စွဲခံရအံ့၊ အရှေ့ထရံတွင်စွဲမူ လာဘ်ရအံ့၊ တောင်ထရံတွင်စွဲမူ ဥစ ၁ရအံ့၊ မြောက်ထရံတွင်စွဲမူ အိမ်ရှင်လာဘ်ရအံ့၊ အရှေ့အသည်တိုင်တွင်စွဲမူ ဥစ ၁ပျောက်အံ့၊ အရှေ့ကြဌန်းတွင်စွဲမူ မယားရအံ့၊ အရှေ့တောင်ထောင့်ကြဌန်းတွင်စွဲမူ လာဘ်ရအံ့၊ အနောက်ကြဌာန်းတွင်စွဲမူ ရွှေငွေကျွဲနွားကျွန်များရအံ့၊ အနောက်မြောက်ထောင့်ကြဌန်းတွင်စွဲမူ ဥစ ၁ရအံ့၊ မြောက်ကြဌန်းတွင်စွဲမူ အခြေလေးခုဥစ ၁ရအံ့။

အိမ်အောက်ကြမ်းပြင်တွင်စွဲမူ သူတစ်ပါးနှိပ်စက်ခံရအံ့၊ ပျက်စီးဆုံးရှုံးအံ့၊ အိမ်အပြင်တွင်စွဲမူ ကျွန်ရအံ့၊ မရသော် ရှိသောကျွန်ပြေးအံ့၊ အိမ်တွင်စွဲမူ မြတ်သော ဥစ ၁ရအံ့၊ အိမ်အောက်မြေကြီးတွင်စွဲမူ အခြေလေးခု လာဘ်ကြီးရအံ့၊ စဖိုတွင်စွဲမူ ကျွန်ရအံ့၊ ရေအိမ်ခေါင်တွင်စွဲမူ ကြောင်းကြရအံ့၊ ထမင်းအိုး ဟင်းအိုးတွင်စွဲမူ ကျွန်ရအံ့၊ လှေကားအောက်တွင်စွဲမူ ပြေးလေသော ကျွန်ရောက်အံ့၊ ပျောက်လေသော ဥစ ၁ရအံ့၊ လှေကားထက်တွင်စွဲမူ အဖျားအနာများအံ့၊ အဖျားအနာများအံ့၊ လှေကားလက်ကသုံးတွင်စွဲမူ ရန်အောင်အံ့၊ တံခါးရွက်တွင်စွဲမူ ပြေးလေသော ကျွန်ရောက်အံ့၊ ပူတာ(သေတ ၁)တွင်စွဲမူ မကောင်းဖျားနာအံ့၊ အိပ်ရာသင်ဖြူးသပေ့ါအောက်စွဲမူ အမှုအများ ပြီးစီးအံ့ မင်းပူဇော်ခံရအံ့၊ မြတ်သော ဥစ ၁ရတနာရအံ့၊ ကိုယ်ဝတ်သော အဝတ်တွင်စွဲမူ သူတစ်ကာထက်မြတ်အံ့၊ မြတ်သောဥစ ၁ရတနာ သူတစ်ပါးပေးလှာအံ့၊ ထပီနားတွင်စွဲမူ ပြေးလေသောကျွန်ရောက်အံ့၊ အိမ်နားတွင်စွဲမူ သားသမီးလာဘ်ရအံ့၊ လှေတွင်စွဲမူ ဖျားနာအံ့၊ လှိုး ဒါးိုးတွင်စွဲမူ ရန်အောင်အံ့၊ ယပ်တံခွန်၌စွဲမူ အမှုဖြစ်အံ့။

## အကျဉ်းမှတ်ဘွယ် လင်္ကာရတု

ဇမ,ူလင်္ကျာ၊ မြဝါရောင်ရွှန်း၊ မြောင်မျှထွန်းသည်၊ သောင်းကျွန်းဝယ်တွင်၊ ပညာလျှင်ကျော်ကိတ္တိ၊ ကျမ်းသိမြော်မြင်၊ တတ်မြင်ဉာဏ်သတိနှင့်၊ တစိမကြွင်းကျန်၊ အိမ်တွင်ပျားစွဲ၊ ကောင်းမြဲမကောင်းဟန်ကား၊ ပြုပြါမှန်သူနှိပ်စက်၊ တောင်ကမကောင်း၊ ရှေ့တောင်စောင်းဝယ်၊ ထပ်လောင်းမီးလျှင်ပျက်လိမ့်၊ နောက်တောင်ဘက်ခိုးသူယူ၊ နောက်ရပ်မှု သွီးကညာရ၊ ပါယပေ မူ၊ သေအံ့ဟူသည်၊ မှတ်ယူမချွတ်ကြတည်း၊ ဉတ ရာမြောက်ရပ်ပေ၊ လာဘ်သပ်ပကာ၊ များစွာရတို့ လေအံ့၊ သေနေ ရှေ့မြောက်စွန်း၊ မီးလျှင်ပူဇော်၊ ထင်ပေါ်တံခိုးထန်လိမ့်၊ ခေါင်သည်မှန်စွာ၊ ဥစ ၁ပျောက်၊ အိမ်ကြမ်းအောက် တွင်၊ စွဲသည်မြင်သော်၊ အိမ်ရှင်ဖျားနာရောက်အံ့၊ အိမ်တစ်လျှောက်ကြောင်းနားတွင်၊ ရန်မျိုးကောင်းသည်၊ လူ့ဘောင်ကျော် ဇောထင်လိမ့်၊ ဖြူများဖျင်ကိုယ်ဝယ်ဝတ်၊ မြတ်သောဥစ ၁၊ ရမည်မှန်မချွတ်တည်း၊ ပြာလွယ်မွတ်တံခါးခွင်၊ ကျွန်မရှား၊ စေပါးရမည်ပင်တည်း၊ လှေကားတွင် အောက်ဝေခွဲ၊ မှုးကြီးမတ်ရာ ဖြစ်မည်မလွဲတည်း၊ သို့ဖြစ်မြဲကျမ်းဂန္ထန်၊ သက်ထားဖြူမှန်သည့် ပျားစွဲကြန်ကို မှတ်ဖို့တည်း။ ။

လူတို့အိမ်၌ ကျရောက်တတ်သော နိမိတ်ဆိုး(၈)မျိုးတို့အပြင် ကြန်ကျမ်း၌ နိမိတ်ဆိုးအမျိုးအစားတို့ကို ဤသို့ပြဆိုထား၏။ လင်းတ၊ ကျီးဖြူ၊ မြွေ၊ ကြက်၊ တောက်တဲ့၊ ခင်ပုတ်၊ ခို၊ ခြခြုံတောင်ပို့၊ ပျား၊ မိုးကြိုးပေါက်ဆိန်၊ သိန်း၊ စွန်၊ ယင်မမိုင်းဟူ (၁၃)မျိုးတွေ့ရ၏။ ၎င်းတိတ်နမိတ်တို့ အိမ်တွင်ကျရောက်လာသော် ကောင်းကျိုးဖြစ်ထွန်းသည်လည်းရှိ၏။ ကောင်းကျိုးဖြစ်ထွန်းပေါ်ပေါက်မှုအတွက် စိတ်ချမ်းသာ ကိုယ်ချမ်းသာသော်လည်း မကောင်းသောအပြစ်ဆိုးများ ပေါ်ပေါက် ဖြစ်လာခဲ့လျှင် ကိုယ်စိတ်ဆင်းရဲမှု ဒုက္ခဝေဒနာကို ခံစားရတတ်၏။ ထိုဒုက္ခဝေဒနာမှ လွတ်ကင်းစေရန်အလို့ငှါ ဖော်ပြပါနိမိတ်ဆိုးများ ဝင်ရောက်လာပါက ဖော်ပြပါ ကျမ်းစာများအရကို ကြည့်ရှုမှတ်သားပြီး ကောင်းမကောင်းကိုသိတတ်ရမည်၊ မကောင်းသောတိတ်နိမိတ်ဆိုး ဝင်ရောက်လာသော် ချက်ချင်းဆောင်ရွက်ပြုလုပ်ရမည့် ယတြာစိုင်တိခတ်များကို ဖော်ပြခဲ့သည့်အတိုင်း ဆောင်ရွက်ပြုလုပ်ပါလေ။ မပါဝင်သေးသော ယတြာစိုင်တိခတ်ကို အောက်စာသားတွင် ကြည့်ရှုပြီးပြုလုပ် ဆောင်ရွက်နိုင်ကြပါစေကုန်။

## ပျားစသောသတ္တဝါများဝင်လျှင် ယတြာဆင်စိုင်တိခတ်နည်း

ပျားဝင်လာမှု၊ ရေသာပက်ခြောက်၊ တောင်မျောက်သစ်သီး၊ ဆင်ကြီးမြက်ပင်၊ သမင်ချေဆပ်၊ စိုင်ဝင်လတ်မူ၊ စိမ်းဖတ်သစ်ရွက်၊ မြက်လည်းပေးလစ်၊ ကျားသစ်နှင့် မြွေ၊ ဝန်ပလွေကြောင်ပါး၊ လင်းတနားမှု၊ သားစိမ်းပေးလျှက်၊ တောကြက်ဦးခြိုး၊ ငှက်မျိုးပုံနား၊ စပါးကြဲကြ၊ ဖွတ်လိပ်စသည်၊ မှတ်ရည်ဥစ ၁၊ ရတနာရွှေငွေ၊ ပူဇော်လေ တော့၊ မှတ်လေတစ်ခြား၊ လင်းတနားရာ၊ တောင်ကိုသာလျှင်၊ တစ်ခါတစ်ဖန်၊ နားစေပြန်သော်၊ သိန်းစွန်ခြိုးများ၊ ဝင်လာနားမှု၊ ကျေးသားကိုလျှင်၊ ဝင် နားစေ၊ ဘေးလွတ်လေသည်၊ များထွေအပြစ်၊ စင်ဖြူတည်း။ ။

**<u>မှီငြမ်းပြုကျမ်းများ</u>**

(၁) ကြန်ကျမ်း (ပေမှကူးသောလက်ရေးမူ)

(၂) မကာရန္တလက်ိုးကျမ်း (၂) ( ။ )

(၃) နရဝီထိပေဒင်ကျမ်း ( ပုံနှိပ်မူ )

❖❖❖

# ရခိုင်ခေလေ့ကဗျာများ

## ရခိုင်ပြည်နယ်နေ့

ပြည်ထောင်စုဖွား၊ ရခိုင်သားဂို့
နင်းပြားဖိနှိပ်၊ ဆိုဗ့်ပိတ်ပါစေ
ကျွန်ဘဝမှ အရတွန်းလှန်
ဒို့မခံဘဲ၊ အားမာန်တစိုက်
ုန်းကန်လိုက်၏။
ရခိုင်ပြည်နယ်၊ ရမည်မျှော်ကိုး
အမျိုးဘာသာ၊ သာသနာရေး
အသက်သွေးချေး၊ ပေးဆပ်ခဲ့ကြ
မင့်မှန်စွာ၊ လွတ်မြောက်လာ၏။
အမျိုးသီလ နှစ်ဌာနကို
စောင့်ထပိုင်ပိုင်၊ ကြိုးစားနိုင်မှ
ရခိုင်တံဆိပ် ဂုဏ်ဟိတ်လှစ်ဖြာ
ဝဋ္ဌာတိမ်စွန်း မိုးယံစွင့်စွင့်
တံခွန်လွှင့်မည်။ သာစွလေ။ ။

အသျှင်ကြီး
၅–၁၂–၀၂

## မျှဝီသာခု

ကလေ့မိသျှေတစ်ယောက်
ကမ်းနားယှော်၊ ဟင်းခူးရောက်
ကလွေသျှေတစ်ယောက်
တောင်နားယှော် ပန်းခူးရောက်
ဟင်းနှင့်ပန်းနှင့် ဖ ကတ်မေ။
မထေရ်ကျောင်းမှာ၊ လှူကတ်မေ။
ပန်းကိုရီချမ်း၊ ဟင်းကိုဆွမ်း
လှူဒါန်းမျှဝီ၊ သက်သီမြို့ရခိုင်သားကြီးစာပေ
အောက်အဝီစိ၊ ထက်ဟိအာကာ
သာခုခေါ်၊ ပူဇော်ကတ်တေ

## သနားရှ

တစ်တောက်
တောင်ခွင်တန်
ပွင့်လန်းကတ်
တစ်ပွင့်နှစ်ပွင့်၊
အပွင့်အမုံ၊ မွှီး
မွှီးတုံသင်းပျံ့၊
တောနှံ့တောင်
ပင်ဝယ်လန်းလ
ပန်သူမယှား၊
သနားချစ်ခင်၊
အိမ်သျှင်မိန်းမ

## မိုး

တောင်ကလီလာ
မြောက်လီပြန်
အရှို့ဆင်ခေါင်း၊
ဆင်ခေါင်းလီလ
အနောက်စူးစူး၊
မြူးပြုစုန်လီ၊
အလီမပြတ်၊ က
မြောက်ထောင့်
ကတ ရာထ၊ မိုး

## ဗဒေါနှတ်

ဗဒေါဗဒေါ၊ အိုဗဒေါ
ဗဒေါကြိုးခါ၊ ကြော်လတ်တေ
မြစ်ပင်လယ်၊ စုန်လီသန်း
ယက်ခေါက်ယက်တန်း၊ ပေါ်လတ်တေ
လိုင်းလုံးသျှော၊ တရွရွ
မိုးဝီပျံ့ပျံ့၊ တမြမြလေ။
ဗဒေါအသျှင်၊ စောင့်နှတ်ရှင်
သီတာပြင်မှာ၊ စိုးမိုးဆင်ရေ
အသျှင်ကျေးဇူး၊ မြစ်ဖြူးဖြူ
ယက်လှိုင်းဖြူကော၊ ကယ်ဖူးရေ
ဗဒေါလည်းကြိုး၊ ကျွန်အားကိုး
ဗဒေါခေါ်ခီ၊ ကယ်မလီလေ။

ဦးစကာ်ိနှ[
၂၀-၅-၉၉

## ဝိသမလောဘအချစ်

ဘဝလောက၊ သဘာဝကား
အားလုံးကြွယ်ချင်၊ တင့်တယ်ချင်ရေ
မိဘလယ်ယာ၊ သူပြည်ရွာနှင့်
ချမ်းသာအီးချမ်း၊ နီချင်ရေ။
သို့ပြင်များစွာ၊ စိတ်ထဲမှာကား
ငါသာတင့်တယ်၊ ငါ့ဆွေငါ့မျိုး
ရုံရှိတိုးဖို့
များစွာ စ်ထုတ်၊ ဂုတ်သွီးစုပ်လို့
အများကြီးပြုတ်၊ သူ့ ဟုတ်လို့
ညစ်ယုတ်ပိုင်းဖြတ်၊ မကြည့်တတ်ကော၊
ဝင်ကပ်နီနီ၊ လှစ်ခီရဖို့
ရခိုင်သိမ်းကြီးစာပေ
ရင်းနှီးပါလီ ကျင့်ခီရဖို့။
ပေါင်းဖော်ကြည်ခိုင်

# မင်းရာဇာကြီးနှင့် သာသနာရေးရာ

**အသျှင်ကြီး**

သာသနာသန့်ရှင်း၊ တည်တံ့ပြန့်ပွားရေး၌ သာသနာ့ဦးဆောင် ပုဂ္ဂိုလ်များ အရေးကြီးလေသည်။ သီလ၊ သိက္ခာ သန့်ရှင်းစင်ကြယ်သော ပုဂ္ဂိုလ်များလိုအပ်ပေသည်။ ကျမ်းဂန်နှံ့စပ်တတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်မျိုးဖြစ်ကြရပေလိမ့်မည်။ ထို့ကြောင့် မြောက်ဦးခေတ်တွင် ထင်ရှားခဲ့သော ဘုရင်မင်းရာဇာကြီး (ကာလ=၉၅၅–၉၇၄)သည် သာသနာတော် သန့်ရှင်းရေးအတွက် မေးမြန်းခြင်းများ၊ လျှောက်ထားခြင်းများစွာတို့ကို ပြုခဲ့လေသည်။

အမတ်ကြီး၊ ကိုယ်ရံကြီးဖြစ်သော အတွင်းမှူးမဟာဇေယျသိန်(ရောင်ဖြူမြို့စား အမတ်ကြီး ကျီးဝိုး၊ ပညာဝံသဘွဲ့ခံ)ကိုလည်း မေးမြန်းခဲ့သည်။ ၎င်းမှာ မဟာပညာကျော်၏ သားဖြစ်ပြီး ခမည်းတော်ကဲ့သို့ ကျမ်းဂန်လည်း နှံ့စပ်၊ တတ်သိသူဖြစ်သည်။ သာသနာတော်အရေး၌ စုံစမ်းစစ်ဆေးခြင်း၊ ဆုံးဖြတ်ခြင်းများကို ပြုလုပ်ခဲ့ကြောင်းဖြင့် မင်းရာဇာကြီးစာတမ်း၌ လေ့လာတွေ့ရပေသည်။

ဘုရင်မင်းရာဇာကြီးသည် ပိဋကတ်တတ်ကျွမ်းကျင်သော ပုဂ္ဂိုလ်များကိုလည်း ပင့်ဖိတ် လျှောက်ထားခြင်းများကို နာခံကြောင်းတွေ့ရပေသည်။ အမတ်ကြီး ကျီးဝိုး လျှောက်ထုံး၌ အက္ခရာစာပြုစုကြသော သူများသည် အကျိုးပဇာသို့ရှိသည်ဟူသော မေးမြန်းခြင်းကို ဖြေဆိုထားသည်ကား ရှင်တော်ဘုရားသည် (၄၅)ဝါပတ်လုံး

တရားစည်ကြီးကိုတီးတော်မူခဲ့သည်မှာ အက္ခရာစာနှင့်မဟုတ်ချေ။ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ ဆုံးမတော်မူခဲ့ခြင်းဖြစ်သည်။ ဘုရားပရိနိဗ္ဗာန်ပြုပြီးမှ ရဟန်းတို့ ကျမ်းဂန်ပြုလုပ်မှုများလာလေသည်ဆို၏။

ဥပမာ–သီဟိုဠ်ဘုရင် ဝဋ္ဋဂါမဏိမင်းလက်ထက်၌ သီဟဠဘာသာဖြင့် ဘုရားစကားတော်ရင်းကို စီစစ် (သင်္ဂါယနာတင်ခဲ့သည်)။ ထိုစာကို ရှင်ဗုဒ္ဓဃောသက ကူးယူခဲ့သည်။

သထုံသို့ရောက်လျှင် ရှိရင်းသဒ္ဒါ၊ အဘိဓါန်၊ တန္တိကျမ်းဟောင်းများကို တတ်သူတို့က ထိုကျမ်းများကိုမှီငြမ်းလျှက် ကျမ်းပွားပြုလုပ်ခဲ့ကြလေသည်။ ထိုမှ အနော်ရထာ တစ်ဖန်သထုံကို သိမ်းပိုက်လေ ပေါက်ကံ(ပုဂံ)သားတို့ ကျမ်းစာလုပ်ပြန်လေသည်။ ထိုကတစ်ဖန် အင်းဝပြည်သားတို့ ထပ်မံ ပြုလုပ်လျှက် ဇင်းမယ်သားတို့က ဆက်ကာလုပ်ခဲ့ကြသဖြင့် ကျမ်းစာတို့များပြားလာခဲ့သည်။

ထိုစာလုပ် ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓစက်ဆုပ်သော ဘုရားရန်သူ ကျမ်းစာများလည်း အလားတူ ရန်သူချည်းအကျိုးမရှိ၊ အပြစ်သာထိုက်သောကြောင့် ''ဘုရားမြတ်စွာ၏ စက်တော်ရင်းကိုသာ ရွေးစစ်သန့်ရှင်းလျှက် အက္ခရာတင်ထားနိုင်က အကျိုးမြင့်မြတ်ပါမည်''ဟု လျှောက်ထုံးပြုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မင်းရာဇာကြီးသည် သာသနာသန့်ရှင်းရေးအတွက် စန္ဒြဝိလာသမဟာထေရ်ကို သီဟိုဠ်ကျွန်းသို့ လွှတ် ကျမ်းစာတို့ကို ကူးယူစေခဲ့သည်။ ထိုစာနှင့်တိုက်ဆိုင် မှန်မမှန်စစ်ဆေးလျက် အမှားတွေ့ရှိက ဖျက်ဆီးခဲ့လေသည်။ အလဇ္ဇီရှင်ယောင်တို့ကို ကျိုးဂိုအမတ်ကြီးက ကိုယ်ရံသင်းမှာဖြည့်လေသည်။ ပဲခူးမြို့ကယူခဲ့သော ဘုရားစကားတော်မှာ ပါဠိတစ်လုံးကို တစ်ထောင်ပွားသော စာသာဖြစ် လက်ခုတ်ပွင့်နှင့်ကတိုးအတူထားက ပျက်စီးရာသည်။ ထို့ကြောင့် အမတ်ကြီးက သိမ်းဆည်း ဓမ္မသာမိဆရာတော်နှင့် ဘတ်နာကြည့် သန့်ရှင်းခဲ့ရသည်။

ရခိုင်တွင် စန္ဒသူရိယမင်းသားတော် သူရိယာဓိပတိမင်းတို့ထားခဲ့သော ဘုရားဟောကျမ်း ပဏ္ဏာမသုတ်ရင်းတို့ရှိခဲ့သည်။ ထိုမှုကို မမှားရအောင် ဒသရာဇာမင်း၊ ငနုလုံးမင်း၊ မင်းထီးလက်ထက် သီဟိုဠ်မှကူးယူခဲ့သောကျမ်းနှင့် တိုက်ဆိုင် ိနှိုင်းလေ့ရှိသည်။ မညီကွဲလွဲက သံဂါယနာတင်အဝင်ကျမ်းမဟုတ်ဆိုကာ သတိပေး နောင်ကျမ်းမပြုလုပ်ရန် တားမြစ်ချက်ရှိခဲ့သည်။

မင်းရာဇာကြီးမတိုင်မီ ပဥ ၇မြို့တွင်မင်းလုပ်သော မင်းကုလားလက်ထက် အလဇ္ဇီရှင်ယောင်တို့ကို အကုန်သိမ်း မဟာမုနိဘုရားမှာ လှူတော်မူခဲ့သည်။ လမိုင်းအစို့မှာ ဖြည့်တော်မူလေသည်။ ထို့နောက် အရညဝါသီသံဃာတော်မြတ်ကို ရှာလျက် ကစ္ဆပနဒီမြစ်ညာ၊ ဥတ ရသကြန်မြို့ဟောင်း၊ တောင်တောကိုမှီ တိစီဝရိက်ဆောက်တည်နေသော မုနိသုဓမ္မ ဆရာတော်နှင့် သံဃာ(၂၅)ပါးကို ပင့်ဖိတ်ခဲ့သည်။

ယခုမင်းရာဇာကြီးလက်ထက်တွင်လည်း (သကြဇ်–၉၅၈ ခုနှစ်) အရညဝါသီ

ဆောက်တည်နေသော ဓမ္မသာမိထေရ်မြတ်ကို ပင့်ဖိတ်လျက် ဘဝရှင်မင်းတရား မေးလျှောက်ခြင်းများရှိလေသည်။ လျှောက်ထားချက်နှစ်ခုကို မင်းရာဇာကြီးစာတမ်းမှ တင်ပြလိုပါသည်။

မေး❖ ဆရာတော် နိဗ္ဗာန်ချမ်းသာသို့ရောက်သော ပုဂ္ဂိုလ်သည် ဒါန၊ သီလ ထိုနှစ်ပါး ကြောင့်ရောက်လေသည်။ ပညာဉာဏ်ကြီးသဖြင့် နိဗ္ဗာန်ကိုရောက်သည်။ လင်းအောင်မိန့်တော်မူပါ ဆရာတော်ဘုရား။

ဖြေ❖ သာသနာ့ဒါယကာခံတော်မူထိုက်သော တရားမင်းမြတ်။ သစ္စာလေးပါးကို ရှာသောသူတော်ကောင်း အလောင်းတကာတို့သည် ပါရမီ(၁၀)ပါးပြည့်ခဲ့ ကြောင်း ကထာဝတ္ထုကျမ်းတို့၌ဆိုလေသည်။ ဂေါတမဘုရား အလောင်းတော် သုမေဓါရသေ့အဖြစ်၌ ဘုရားပညာကို တောင့်တကြောင်း ကျမ်းလာသည်။ ဒါန၊ သီလစသည်တို့မှာ လူတို့အလေ့သာ။ နိဗ္ဗာန်၊ မဂ်ဖိုလ်နှင့်အရာ မဟုတ်လေ။ စတ္တာရောမေဘိက္ခဝေ ဗာဟုတာ ဗဟုလိကထာ နိဗ္ဗါန သစ္ဆိကိရိယာယ သံဝတ္တန္တိ။ ထိုသို့ ဘုရားစကားတော်အလာ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့ စတ္တာရော လေးပါးကုန်သောတရားတို့ကို၊ ဗာဟုတာ၊ အကြိမ်များစွာ သင့်၏။ ဗဟုလိကတာ၊ များစွာပွားစေ နိဗ္ဗာန နိဗ္ဗာန် ချမ်းသာကို၊ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုရခြင်းသည်၊ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကတမေ=အဘယ်တရားတို့နည်း။ ပုရိသသံဝါသော၊ သူတော်ကောင်းပညာရှိတို့ထံ ဆည်းကပ်ခြင်းတို့သည်လည်းကောင်း၊ သဒ္ဓမ္မသဝနံ၊ ထိုသူတော်ကောင်းတို့၊ ဆုံးမသောတရားကို နှလုံးမြဲခြင်းသည်လည်းကောင်း၊ ယောနိသော မနသီကာရော၊ ဟုတ်မှန်သောတရားကို ရှာဖွေကြည့်ရှုလေ့လာမြဲမြန်ခြင်းသည်လည်းကောင်း၊ ဓမ္မာနုဓမ္မာပဋိပတ္တိယာ–လောကုတ္တရာတရား (၉)ပါးနှင့် လျော်သောအမှုတို့ကို ကျင့်ကြံခြင်းတို့သည်လည်းကောင်း၊ က္လမေဓမ္မာ၊ ဤအကြောင်း လေးပါးသည် နိဗ္ဗါန ၊ နိဗ္ဗာန်ချမ်းသာသို့၊ သံဝတ္တန္တိ၊ ရောက်ကုန်၏။

ယင်းသို့အလာ ပညာသာမူလအရင်း ပညာရှိမှလည်း သူတော်ကောင်းကို သိနိုင်ရာသည်။ တကာတော်မင်းမြတ်၊ (ထိုသို့ မိန့်တော်မူလျှင် မင်းတရားလည်း ကြိုက်တော်မူလေသည်။)

မေး❖ ဆရာတော်အလွန်သိမ်မွေ့နူးညံ့ကောင်းမြတ်သော မြတ်စွာဘုရား အဆုံးအမ တော် ဘုရားသာသနာတော် ထင်ရှားရှိလျှက် ပါရမီပြည့် အခံမရင့်လျှင် နိဗ္ဗာန်ကို ယခုဘဝ၌ မရနိုင်ရာ။ စာပေအထွက်နှင့်ဆိုသည်မှာ ထိုစာပေများ၌ ဆိုသောဆရာတို့သည် ဘုရားသခင်တရားတော်ကို ဖျက်ရာရောက်သည်။ အထင်မကပ်ရှိပါသည်။ မိန့်တော်မူပါ ဆရာတော်–

ဖြေမး❖ တကာတော်မင်းမြတ်၊ နိဗ္ဗာန်လမ်းကို ရောက်ပြီးသောဘုရား ရဟန္တာစသော သူတော်မြတ်တို့သည် ဒွေမူလ၊ နှစ်ပါးခိုင်ခန့်သော အဝိဇ္ဇာဖုံးလွှမ်းခြင်းရှိ

တပ်သော တဏှာမြဲသဖြင့် သံသရာရှည်သည်ကို မြင်တော်မူလေရာ အဝိဇ္ဇာနှင့် တဏှာ ၁ဆုံးရာသော တရားရှာ ကြာသောအဖြစ်ကို ထုတ်ဖော်ပြတော်မူသည်။ အကြောင်းသာ ထင်ရှား။ ဘုရားအဆုံးအမတော် နိဗ္ဗာန်ကိုရောက်သော တရားရှိလျှက်နသည်။ ရင့်သည်ဆိုသော သူတို့သည် ဘုရားသာသနာတော် ဖျက်ရာရောက်သည်။ သာသနာတော် အညစ်အကြေးလည်း မှန်လေသည်။ ဘုရားမြတ်စွာ ဟောတော်မူရင်းစကားတော်၌–

ယောဟိကော စိဘိက္ခဝေ၊ က္လမေစတ ၁ရောသတိပဋ္ဌာနေ ဝေံဘာဝေယျ သတ ဝ ၁နိ၊ တ ဒွိန ံ ဖလာနံ၊ အညတရံ ပါဋ္ဌိကခ ဒိဋ္ဌေဝဓမ္မေ အညာသတိဝါ ဥပါဒိသေသေ အံနာဂါမိတာ။

ထိုသို့သောတရားကို ဟောတော်မူသည်။ နိဗ္ဗာန်၊ မဂ်၊ ဖိုလ်အလိုရှိသော ပညာရှိတို့သည် ဥပါဒါန်ကျလျက် တရားတော်ကိုမြင်ရာ၊ ခုနှစ်ရက်နှင့် အနာဂါမ်တည်၏။

ဧကောဗုဒ္ဓေါ၊ ဧကောဓမ္မော၊ ဧကောသံဃော၊ ဘုရားဟောဓမ္မတာ နှစ်ခွန်းဟောိုးမရှိ။ တရားတော်လည်း နှစ်ခုမလာ၊ ဘုရားတရား၊ သံဃာတော်မှာလည်း နှစ်ခွန်းမဆို၊ တကာတော်မင်းမြတ်။ (မင်းတရားလည်း ကြိုက်တော်မူလေ မြို့အရှေ့တာငါးရာကွာ ကန်လှတွင် ဇေတဝန်ကျောင်းဆောက်တော်မူသည်။ မဟာရံတံတိုင်းသုံးထပ်မှာအတွင်း တံတိုင်းစဥ့်ဖြူ၊ အလယ်တံတိုင်းစဥ့်စိမ်း၊ အပြင်တံတိုင်းစဥ့်ဝါတို့ သွန်းစေလျှက် အလှူပေး ကျောက်စာထုခဲ့သည်။) ဤကား မင်းရာဇာကြီးလက်ထက် သာသနာရေးရာဆောင်ရွက်မှုဖြစ်လေသည်။

__ကိုးကား__

မင်းရာဇာကြီးစာတမ်း

❖❖❖

# မြခက်ရောင်သို့ တန်းလွဲမြို့ ၌ လူတို့စည်းဝေး မင်းကျော်ထွေး

**တန်းလွဲမောင်ကျောက်**

**ဦးစက္ကိန္ဒရေးပို့ခြင်းဖြစ်သည့် ဒွါရာဝတီမဂ္ဂဇင်း၊ အမှတ်(၁)၁၉၇၉-ခု၊ မေလထုတ်မှ**

တန်းလွဲချောင်းသည် ရခိုင်ပြည်နယ်၊ သံတွဲခရိုင် တောင်ကုတ်မြို့နယ်တွင် တည်ရှိသည်။ အရှေ့အနောက် အလျားလိုက်အားဖြင့် ချောင်းရိုးတည်နေ၏။ မြစ်မှ ချောင်းနှစ်သွယ်ခွဲကာ စီးသွားလေရာ လက်ဝဲဘက် ချောင်းသွယ် တန်းလွဲချောင်းသည် ချောင်းရိုးဖြောင့်တန်းပြီး ချောင်းဝပိုင်းရှိ သက်ကေကျွန်း၊ ကန်ပြင်၊ လက်ပန်ကျွန်းတို့သို့ တောက်လျှောက်ဆက်သွယ်ကာ ဆားပြင်ချောင်းနှင့် ဆုံဆည်းလေသည်။

လက်ယာဘက် ချောင်းရိုးကြီးမှာ ကောက်ကွေ့လျက်စီးသွားပြီး ကျောက်ဆိတ်တောင်ဘက်သို့ ချိုးလာလေသည်။ ချောင်းဖျားသည် ိုးမတွင်စသည်။ တန်းလွဲချောင်း အဖျားအဆုံးရှိ ိုးမနှင့်ကပ်လျက် ိုးမခြေရင်းတွင် ကင်းတောင်တည်ရှိသည်။ ထို ကျောက်ဆိပ်တောင်၏ ချောင်းတစ်ဘက်ကမ်းတွင် မြို့တောင်ရှိသည်။

## မင်းကျော်ထွေး

ရခိုင်မြောက်ဦး ခေတ်နောက်ပိုင်းတွင် ရခိုင်ပြည်နယ်အရပ်ရပ်၌ ပုန်ကန်သောင်းကျန်းသူများ ပေါ်ပေါက်ခဲ့ကြသည်။ ထိုစဉ်တန်းလွဲတွင်လည်း သူပုန်ဗိုလ်မင်းအဖြစ် ကျော်ထွေးဆိုသူ ထင်ရှားခဲ့သည်။ ၎င်းသည် တန်းလွဲချောင်း မြို့တောင်တွင် အခြေစိုက် ဗိုလ်မင်းအဖြစ် ခံယူခဲ့သည်။ တန်းလွဲချောင်းသား ဇာတိကားမဟုတ်ချေ။ ရမ်းပြည်ကျွန်း ကျောက်ချောင်းသားတည်း။ ကျော်ထွေးသည် စစ်ကဲဗိုလ်မင်းဟူ၍လည်းကောင်း၊ သားရေဝတ်ကျော်ထွေးဟူ လည်းကောင်း၊ တနြစ်အောင် အမည်ဖြင့်လည်းကောင်း၊ တောင်မင်းကျော်ထွေးဟူ လည်းကောင်း ရခိုင်ဓမ္မရာဇ်ရာဇာ (ကောဇာ ၁၁၃၉–၁၁၄၄)မင်းလက်ထက်က ပုန်ကန်ခြားနားလျက် သီးခြားမင်းအဖြစ် ထင်ရှား

လာသူဖြစ်သည်။

ထို့ကြောင့် ရခိုင်ရာဇဝင်လင်္ကာတော်၌–

''မြခက်ရောင်ဝို့၊ တန်းလွဲမြို့၌၊ လူတို့စည်းဝေး၊ မင်းကျော်ထွေးတည်း''ဟူ လည်းကောင်း၊ ''စစ်ကောင်းဗိုလ်မင်း၊ ကျော်သတင်းနှင့်၊ တွင်ခြင်းနာမ၊ ဘွဲ့ကိုရသည်။ တနင်္သစ်အောင်၊ များလူပြောင်နှင့်၊ တောင်မင်းကျော်ထွေး''ဟူ လည်းကောင်း၊ ''မြတူ မှိုင်းရွှဲ၊ မြို့တန်းလွဲ၌၊ အမြဲနေမှု၊ များလူထုနှင့်၊ စုံးစည်းဝေး မင်းကျော်ထွေးတည်း'' ဟူ လည်းကောင်း၊ မှတ်တမ်းပြုခြင်းခံခဲ့ရသည်။

## ပုန်ကန်ခြားနားမှု

တောင်မင်းကျော်ထွေးကို ထိုဒေသမှလူများက''မင်းပုန်း''ဟူ လည်း အစဉ်အဆက် မှတ်သားမှုပြုလာခဲ့ကြသည်။ ကောဇာ ၁၁၄၂–ခုနှစ် ဓမ္မရာဇာမင်း လက်ထက်မှစ နောက်ဆုံး မဟာသမ္မတမင်းတိုင်အောင် ထိုမြို့တောင်၌ပင်အခြေ စိုက်လျက်နေခဲ့သည်။ မြောက်ဦးမင်းဖြစ်သော ဓမ္မရာဇ်ရာဇမင်းကို သံတွဲစား သတိုးဖြူနှင့်ပူးပေါင်း နေပြည်တော်ထိ လာရောက်တိုက်ခိုက်ပုန်ကန်ဖူးသည်။ ဘုရင်မင်းက နှိမ်နင်းစေလေရာ ဖိုးခေါင်တောင်ကိုမှီလျက် ပုန်းအောင်း နေခဲ့ရသည်။ တိုက်ခိုက်ရာတွင် အပေါင်းပါဟူ မင်းကကျောက်ချောင်းရွာသားတို့အား ည ဦးဆဲ သတ်ဖြတ်ခြင်းပြုခဲ့လေသေးသည်။

ထိုမင်းလွန်ပြီးနောက် သမ္မတမင်းလက်ထက်လည်း ပုန်ကန်မှုများပြုလေလျှင် ထိုမင်းနှင့်ခြားနားကာ မြို့တောင်တွင်ပင် တနင်္သစ်အောင် အမည်ခံ ဗိုလ်မင်းပြု နေခဲ့သည်။ သမ္မတမင်းက တိုက်ခိုက်စေလေရာ ၎င်းမှာ အဝေးသစ ၁တော်ခံ လက်ဆောင်ပဏ္ဏာ၁ဆက်သလိုက်လေသည်။ ၎င်းကျော်ထွေးသည် ဓမ္မရာဇ်မင်း လက်ထက်ကပင် သောင်းကျန်းခြားနားနေသော ထိုဓမ္မရာဇ်ရာဇာမင်း၏ သားတော် အိမ်ရှေ့မင်း သက်စံရွှေကိုလည်း ဆန့်ကျင်ဘက်ပြုခဲ့သည်။ သက်စံရွှေနေသော ရမ်းပြည်ကျွန်းဇင်ချောင်းရှိ နန်းကိုလည်း မီးတိုက်လေသည်။ ဓမ္မရာဇ်ရာဇမင်း၏ ယောက်ဖတော်ဖြစ်သော ဆင်ကဲကြီးချီးစု၊ ရမ်းပြည့်အုပ်အောင်လှတို့ရမထင်(ရပထင်) အရပ်၌ တပ်စောင့်နေသည်ကိုလည်း တိုက်ခိုက်သတ်ဖြတ်ပစ်ခဲ့လေသည်။ ကျော်ထွေးကား ဝေါ၊ ထမ်းစင် မစီး၊ နာရီ စည်မောင်းမတီး၊ ဒဂါးမခတ်ခြင်းမှလွဲ ကျန်အခြင်း အရာများ၌ကား မြောက်ဦးနေပြည်တော်မင်းတို့နှင့် အတူပင်ပြု နေခဲ့ သည်ဆို၏။

## ဘိုးတော်မင်း စစ်ကိုခုခံခဲ့

ဘိုးတော်မင်းစစ်ကြောင်းအနက် တန်းလွဲသို့ရောက်လာသော မင်းတုန်းဝန်နှင့် အိမ်ရှေ့ဝန် ဗိုလ်ငချွန်းသည်ရွှေတုံးပြင်၌ တပ်စီးတပ်နင်းချ နေလာသည်။ ၎င်းတို့

တောင်ကုတ်သို့ ချီလာစဉ်ကပင် ကျော်ထွေး၏ ကင်းစောင့်သူရဲတပ်တို့က လိုက်လံ တိုက်ခိုက်ခဲ့ကြလေသည်။ မြောက်ဦးသမ္ဘတမင်းထံလည်း အကြောင်းကြားစစ်ကို တောင်းခံခဲ့လေသေးသည်။ ထိုစဉ်ကျော်ထွေးလည်း မိမိသားမယားတို့ကို ရမ်းပြည်ကျွန်းသင်း ပန်းကိုင်းစွယ်ရအရပ်သို့ပို့လျက်ထားလေသည်။ ရမ်းပြည်မှ လုံးစုရသမျှ သူရဲတို့နှင့်ချီလာပြီး ရွှေတုံးပြင်တပ်ကို တိုက်ခိုက်စေလေသည်။ စစ်ရေး မသာသောကြောင့် သဲစစ်ဆောင် (ယမ်းတိုက်တောင်)အရပ်သို့ ဆုတ်ခွာလာပြီး တပ်ချ ခုခံခဲ့ကြပြန်လေသည်။ ထိုအကြောင်းကို ရာဇဝင်လင်္ကာတော်၌–

''မြသားစိမ်းရောင်၊ ယမ်းတိုက်တောင်က၊ လယ်ခေါင်ထဲမှာ၊ တပ်မချသည်၊ များလှဗိုလ်ခြေ သည်းသည်းတည်း''ဟု စပ်ဆိုထားပေ၏။

ထိုစဉ် အိမ်ရှေ့မင်းတပ်က ကြည်းရေကြောင်းဖြင့် စကုကျွန်းသို့ ထပ်မံချီလာ သဖြင့် ကျော်ထွေးမှာ ထိုတပ်တို့ကို တဖန်တိုက်ခိုက်ရပြန်သည်။ ရခိုင်မင်းထံမှလည်း ကျော်ထွေးကို မယုံကြည် စစ်ကူမပေးခဲ့သဖြင့် စစ်ရေးအင်အား ညံ့ခဲ့ရသည်။ ရမ်းပြည်တုံးကျောက်ဆိပ်၌တည်ရှိသော ဘိုးတော်မင်း၏ဗိုလ်မင်း နရသမိုင်းကျော် တပ်ကို ကျော်ထွေး တိုက်ပြန်လေသည်။ ဘိုးတော်မင်း၏ စစ်အင်အားကို မခုခံနိုင်သည့် နောက်ဆုံးတွင် ကျော်ထွေးသည် သားမယားတို့ကိုယူလျက် တပ်ဆုတ်ကာ ကုလားတန်မြစ် အရှေ့ဘက်ကမ်း ကုလားပုန်းကျွန်းသို့ ရောက်သွားခဲ့ရလေသည်။

၎င်းသည် ထိုကတတန် သားမယားတို့ကိုပါယူ ပိန္နဲချောင်းဗိုလ်မင်း ကောင်း့နှံ့ရန်တိုင်၊ ထွန်းပေါ်ဝေတို့ထံ သွားရောက်ပူးပေါင်းနေလေသည်။ ထိုအခါ ကျော်ထွေး၏ မြောက်နန်းမိဖုရား လျာထားသော စောမျိုးဖြူကို ဗိုလ်မင်း ဒါးပိုင်ကြီး ခိုးယူသွားခဲ့လေသဖြင့် စိတ်ဝမ်းကွဲခဲ့ရသည်။ ထို့ကြောင့် ပိန္နဲချောင်းကျွန်းမှထလျက် မယူမြစ်ညာဖြစ်သော ကုလားပန်းဇင်းအရပ်သို့ သွားရောက်ခဲ့လေသည်။ ထိုမှတဆင့် အင်္ဂလိပ်ပိုင်စိုးထားသော အနောက်ပြည် ပင်းဝါ(ရာမူး)သို့ ရောက်သွားခဲ့လေသည်။

ရာဇဝင်လင်္ကာတော်၌ ''နောက်မြေအောင်ချာ၊ ပစ္စိမာဟု၊ သာယာမို့မို့၊ ပင်း– ဝါမြို့သို့၊ နှစ်လို့လျင်စွာ၊ ရောက်လေပါ၏''ဟု စပ်ဆိုခဲ့လေ၏။

ဗိုလ်ကျော်ထွေးသည် ထိုအနောက်ပြည်၌ ခြေကုပ်ယူရန် ပြေးဝင်ရှိနေကြပြီးဖြစ် သော ဒါးပိုင်မုဖုန်[၊ လက်ဝဲမြန်စသောသူရဲကောင်းများနှင့် တိုင်ပင်ပြီးလျှင် စစ်တကောင်းမြို့ဝန်ထံ စစ်ပန်လေသည်။ ရခိုင်ပြည်သို့ ချီတက်တိုက်ခိုက်နိုင်ရန် အင်္ဂလိပ်ထံမှ သူရဲလက်နက်အပြင် စားနပ်ရိက္ခာစသည်တို့အတွက် ငွေကြေးချေးခြင်း တို့ပါ အကူညီခံခဲ့ကြ၏။သို့သော် ၎င်း၏အကြံမှာ မအောင်မြင်ခဲ့ချေ။ ကြားမှ ကုန်းလျှောလျှက် ရန်တိုက်ပေးသူ သစ ၁ဖောက်တို့ကြောင့် အင်္ဂလိပ်နှင့် အဆက်သွယ် ပြတ်သွားခဲ့ရသည်ဆို၏။ ထို့ကြောင့် ကျော်ထွေးလည်း နတ်မြစ်အရှေ့ဘက်ကမ်း မြို့သစ်ချောင်း ညာဖျား(မောင်းတောမြို့နယ် မြောက်ပိုင်း)သို့ပြေးလေရာ မြို့သူကြီး ငထွန်းစံ(ရခိုင်)၊ မြို့ဝန်နန[ပကျန်(မြန်မာ)စသော ဘိုးတော်မင်း အမှုထမ်းတို့၏

လက်ချက်ဖြင့် အသက်သေဆုံးသွားခဲ့ရလေသည်။

## ရာဇဝင်လင်္ကာတော် မှတ်တမ်း

ထိုအကြောင်းကို ရခိုင်ရာဇဝင်လင်္ကာတော်၌ ဤသို့မှတ်တမ်းတင်ထားခဲ့ပေသည်။

''တောင်မင်းကျော်ထွေး၊ ရန်သူဝေးသား၊ အရေးကောင်းရာ၊ မြို့ပင်းဝါကာ၊ မြင်ကာမနေ၊ သွားလေကျင်၊ လူရှင်သောင်းသောင်း၊ စစ်တကောင်းသို့၊ လျင်ကောင်းလွယ်ကူ၊ ရောက်လေမူသော်၊ ရန်သူဖြစ်ငြား၊ ပျူအောက်သားကို၊ ကြေထွားညက်မူ၊ တိုက်ခိုက်ယူအံ့၊ စစ်ကူပေးပါ၊ တောင်းသောခါ၌၊ မည်သာတွင်ယှောင်း၊ စစ်တကောင်းကို၊ အဆောင်းစိုးနိုပ်၊ အင်္ဂလိပ်လည်း၊ စစ်ရိပ်သိငြား၊ ဗိုလ်တပါးအား၊ လျှင်လျားမနေ၊ ထည့်လိုက်ပေ၏။ ချီထွေလာမြောက်၊ ငတ်(နတ်မြစ်) သို့ရောက်သော်၊ အားထောက်ကျုန်း ပြီး၊ ဓားပိုင်ကြီးနှင့်၊ ခေါ်ညီမှန်စွာ၊ မုဖုန္ဒြာဟု၊ မည်သာကျော်လွန်၊ လက်ဝဲမြန်တို့၊ ဆိုပြီးစကား၊ ရမ်းပြည့်သားကို၊ ရှေ့လားအတူ၊ မင်းပြုမူသော်၊ ပြည်သူထွားညက်၊ ပျက်ကြီးပျက်အံ့၊ မသက်မသာ၊ ဟိသောခါ၌၊ စစ်ကူလာငြား၊ သူရဲများကို၊ ပျက်ပြားစေမူ၊ နှိုးဆော်ပြုသော်၊ ရန်မူလွတ်ကင်း၊ ကျော်ထွေး မင်းလည်း၊ တောတွင်း ရိပ်ကောင်း၊ မြို့သစ်ချောင်းသို့၊ လျှင်ကောင်းမနေ၊ သွားကျင်လေ၏။ ခြွေရေများလှ၊ နန္ဒပကျန်၊ မြို့ဟောင်းဝန်နှင့်၊ ထွန်းစံတသီး၊ မြို့သူကြီးတို့၊ ပြီးစီးကြံကောင်း၊ တပ်မှူးပေါင်းနှင့်၊ ပုန်းအောင်းနေရစ်၊ သေနတ်ပစ်သော်၊ စင်စစ်မဝေး၊ မင်းကျော်ထွေးကို၊ မနှေးထိုလျှင်၊ ထိခိုက်ကျင်က၊ မရှင်ဇီဝ၊ သေလေရသည်။ ဘဝအသစ်ပြောင်းချီတည်း။''

## ဗိုလ်ကျော်ထွေး၏အရိပ်

ဒေသန္တရမှု၊ သမိုင်းလေ့လာမှု ပြုလိုကြသူများသည် ဖြစ်ရပ်ဌာနတို့ကို သိအပ်၏။ တန်းလွဲချောင်း၌ ကျော်ထွေးခြားနားနေခဲ့ရာ မြို့တောင်ကို နန်းတောင်ဟု တွင်နေသည်။ ၎င်းတပ်ချခဲ့ရာ အောင်လှပြင်မှာ မြို့တောင်တဘက်ကျောက်ဆိပ်တောင်ကမ်း၌ရှိ၏။ မြို့တောင်–နန်းတောင်၏တောင်ခြေရင်း ကွင်းပြင်တဝိုက်ကို နန်းရာပြင်ဟုလည်းကောင်း၊ မြို့ရာပြင်ဟုလည်းကောင်း၊ တပ်ရာပြင်ဟုလည်းကောင်း၊ ခေါ်တွင်ရှိသေး၏။ နန်းတော်တည်ချခဲ့ရာ နန်းရာတောင်လည်း မြို့တောင်အရှေ့ဘက်တွင် ကပ်လျက်ရှိပေ၏။ ယခု ဥယျာဉ်အဖြစ်အသုံးပြုထားရှိ၏။

မြို့ရာပြင်နှင့်စပ်လျက် အနောက်ဘက်တွင် ချင်းချောင်းရှိရာ ထိုချောင်းကမ်းနားတို့၌ ခံတပ်ချခဲ့သည်။ တပ်တိုင်ငုတ်များကို တွေ့နိုင်သေး၏။

နန်းရာပြင် အရှေ့ဘက်နှင့်စပ်လျက် ယမ်းတိုက်ထားခဲ့သောနေရာကို ယမ်းတိုက်တောင်ဟုခေါ်နေ၏။ ထိုတောင် တဘက်ကမ်း၌ ရန်သူခေါင်းများကိုဖြတ်

ဆွဲထားခဲ့သည်ဆိုသော ခေါင်းဆွဲတောင်လည်းရှိပေ၏။ နန်းရာတောင် လက်ယာဘက်တွင် တောင်ကြီးတလုံးကို မြို့တောင်ကြီးဟုခေါ်၏။ တောင်ကုတ်မြို့မှလာလျှင် ဤမြို့တောင်ကြီးကို ဦးစွာရောက်မှ ထိုမှကျောက်ဆိပ်တောင်၊ ရွာမ၊ ကျောင်းပြင်၊ မြို့တောင်၊ နန်းတောင်၊ အောင်လှပြင်၊ နန်းရာပြင်၊ နန်းရာတောင် စသည့်ဖြစ်ရပ်ဌာနတို့ကို လေ့လာသိမှတ်နိုင်ကြပေရာသတည်း။

❖❖❖

# ရမ္မာသာထူး ဂုဏ်ရောင်မြူး

**အသျှင်စက္ကိန္ဒ(ရခိုင်ပြည်)**

**စစ်တွေကောလိပ်နှစ်လည်မဂ္ဂဇင်း၁၉၈၁-၈၂-ခုနှစ်ထုတ်**

ရခိုင်ပြည်နယ်၏ ချင်စဖွယ် မြစ်ပင်လယ်ထက် လေးဆယ်လေးကျွန်းပေါ်တက် ထွန်းခဲ့၏။ ရမ်းဗြဲကျွန်းသည် ''မြဦးနန်း''ဖြစ်သည်ဟု ကင်းဆရာ ဦးဝရက ဂုဏ်ယူထားသည်။ ''ရခိုင်လေးမြို့ အစိုစိုတွင်၊ လူတို့ပျော်ရာ၊ ရမ္မာဝတီ''ဟူ ဝတီလေးရပ် အဝင်ဖြစ်ကြောင်း ဦးစံတင်က ရာဇဝင်လင်္ကာရေးခဲ့၏။ ကုန်းဘောင်တန်း ဆရာက လည်း ''ရွှေတိုင်းပူရ၊ တောင်မှစဆွဲ၊ ရမ်းဗြဲသညာ၊ ကျွန်းရမ္မာဟု၊ သီတာပြင်ထက်၊ ပန်းကြာဖက်သို့၊ ပေါ်ထွက်ပတ်လည်၊ မြစ်တိတည် ၊ မင်းနေနှစ်လို့၊ ရမ်းဗြဲမြို့''ဟု ပထဝီအနေအထားကို ဖော်ပြထားသည်။ ဆရာနန္ဒကြား ဝမ်းဘဲပုံသဏ္ဌာန်ဟူ ကျွန်းမြေပုံကိုရေးဆွဲခဲ့၏။ ရမ်းဗြဲကျွန်းသည်ကား ကောဒမ,ဒီပ၊ ကောဒဒီပ၊ ရမ္မဒီပ ရမ္မာဝတီဟူ အမည်အစဉ်လည်း ရွှေ့ပြောင်းတွင်လာခဲ့၏။ မြို့သာယာ၊ တန်မြို့ စသည်ဖြင့်လည်း ခေါ်တွင်သေး၏။

ရမ္မာဝတီတည်လာခဲ့သည်မှာ သမိုင်းရှည်ကြာခဲ့လေပြီ။ ထိုကျွန်းမဟီ ဝတီသာ တွင် ကျေးလက်စည်ကား ရွာတန်းများဖြင့် သညာမစဲခဲ့လေ။ ထို့ပြင် ပူရိန္ဒဂရ မြို့မတည်ချ မင်းခန်းတူညီအမတ်ဝန်၊ သူကြီးတို့ဖြင့် အုပ်ချုပ်ခဲ့ကြောင်းကို သမိုင်း ဆရာ ဝါးကျောင်းပဏ္ဍိတ်က ဖော်ပြထားသည်။ ထိုသို့ဌာနေက စာဆိုများကား တာဝန်ကျေစွာ ဖော်ထုတ်ခဲ့၏။ ထိုပြင် သာသနိက ဝတ္ထုပစ္စည်းများသည်

ကိုးကွယ်ယုံကြည်မှုကို ထင်ဟပ်နေသည်သာမက ရာမွာဝတီ၏ သာသနာသမိုင်း သက်သေခံလျက်ရှိလေသည်။

ရမ်းပြဲကျွန်းသဘော်ာဆိပ်လောက်ကိုသာ ခြေချဖူးသော မိမိအဖို့(၁၉-၁၂-၇၈) နေ့က နတ်မြစ်(ဦးဝါသဝ)နှင့်အတူ လေ့လာရေးခရီးဖွင့်နိုင်ခဲ့သည်။ ရဟန်းသံဃာများ အသိအကျွမ်းများ၊ စာပေမိတ်များ ကူညီကြသူများကြောင့် ခရီးတလျှောက်ပြေပြစ်ခဲ့၏။ ကောဇာ (၁၂၀၇)ခုနှစ်က ရမ်းပြဲမြို့မှ ရွှေ့ပြောင်းတည်ထောင်ခဲ့သော ကျောက်ဖြူ မြို့သစ်သည် နှစ်ပေါင်း (၁၃၃)နှစ်တိုင်ခဲ့ပြီ။

ရမ္မဝတီမြောက်ဘက်ကျွန်းဦးရောက်လျှင် ကျောက်ဖြူမြို့ကိုမြင်ရသည်နှင့် ဝမ်းသာခြင်းဖြစ်ရသလို ဝမ်းနည်းမှုလည်း ခံစားရလေသည်။ (၁၉၇၈)ခုနှစ် မိုးဦးက သာသနိကအဆောက်အအုံများ မှုမလှုပြစ်နေ၏။ မြို့၏အလှဂုဏ်ရည်မှာလည်း ပျက်ပြယ်သလိုတွေ့ရသည်။ ဒဏ်ရာဒဏ်ချက်များကို အနှစ်နှစ်ကြာအောင် ဖြေဖျောက် ရချိမ့်မည် ရက်စက်တတ်သော မိုးလေဟုန်ကို ကြုံခိုင်လာခဲ့ရသောဒေသကား ဓမ္မတာ တရားဖြစ်လေသည်။ ''ကျောက်ဖြူကျွန်းဦး၊ နဂါးတက် ဖူးလတံ့'' သောအသံကြောင့် ရခိုင်ဘုရင် မင်းဘာကြီးသည် ကျောက်တလုံးဂူဘုရားကို နိမိတ်အရ တည်ခဲ့သည် ဆို၏။

ကျောက်ဖြူမြို့၌ စိုင်ခြုံနဂါးအခိုးလွှတ်သည်ဟူ မီးလျှံထိန်ညီးခဲ့သည်ကို ကောဇာ (၁၃၁၇)ခုနှစ်က ကိုယ်တိုင်မြင်တွေ့ခဲ့ဖူး၏။ ရမ္မာဝတီကမ်းခြေတွင် နဂါးတောင်၊ နဂါးတွင်း(မီးတောင်)များကား အနှံ့ရှိပေ၏။ တချိန်က ရေထဲနစ်မြုပ် သွားခဲ့ရသော ဘုရားကြီးများကို နောင်တွင်ပြန်လည်ရရှိလာခဲ့၏။ ကျောက်ဖြူမြို့မှ ငါးမိုင်ကျော်အကွာ ကံ့ကော်တောအရပ်၌ ဖူးရသောဘုရားမှာ ရေလုပ်သားသေထာ ကွန်စွန့်စဉ် ငြိတွေ့ရသည်ဆို၏။ ရပ်ရွာသားများပင့်ဆောင် ထိုနေရာတွင် ကိန်းခဲ့ သဖြင့် ယခု ကံကော်တောဘုရားခေါ်တွင်ရှိ၏။ ထိုဘုရားသမိုင်းလက်ာ ကျောက်စာ တွင် ''တကာပ ဟေ(အချို့'တကာပရေ'ဟုဆို၏) တည်သည်၊ သကြစ်၊ ၁၄၀၊ စွန်းရေခုနှစ်ခုဟု'' ပြထား၏။ လ၊ ရက်၊ နေ့ပါ စုံစွာရေးထိုးခဲ့၏။ ထိုစာအရ မဟာမုနိ ုပ်ရှင်တော်နှင့် ခေတ်ပြိုင်ဖြစ်နေသည့်အတွက် အလွန်ရှေးကျလေပြီဟုသိနိုင်၏။ ဘုရားမှာ ကျောက်ိုုပ်တုဖြစ် မူလပုံဟန်သည်လည်း ပြုပြင်ခံထားရလေပြီ။ ယေဓမ္မာရေးထိုးပါ သက ၌ကျောက်စာများ၊ ဝေသာလီခေတ်စန္ဒြဒဂါးများ၊ ဆင်းတု လက်ရာများလည်း တွေ့ရှိထားကြသေး၏။ အထောက်၊ သာခြင်းသီဆိုခဲ့ကြသော ဆရာပန်းလှ၊ ဆရာသာနို့ခိုင်၊ နှံ့သာမ၊ စံမဖြူ စသောအဆိုတော်များ၏ မဟာမုနိ ုပ်ရှင်တော် ဘွဲ့သာခြင်းမှာလည်း ဘုရားသမိုင်းကို ပေါ်လွင်စေလေသည်။ ကျောက်ဖြူမြို့ဘုရားပွဲများတွင် အဓိကရပွဲအဖြစ် အောက်ပါတို့ကို ကျင်းပခဲ့ကြ၏။

(၁) အုန်းတောခေတ် . . . တပေါင်းလ

(၂) ကျောက်တလုံးဘုရား . . . တခူးလ(သကြင်္န်ပြန်)

(၃) ကံ့ကော်တောဘုရား . . . တန်ခူးလ(သင်္ကြန်ပြန်)
(၄) စေတီတော်လျှောင်းတော်မူ . တန်ခူးလ(သင်္ကြန်ပြန်)(နှစ်ဆန်း၂ ရက်)

## ဆုတောင်းပြည့်ဘုရား

(၅) စေတီတော်ခြီရာပွဲ . နယုန်လ

ရမ္မာဝတီကျွန်း၌ လက်ဝဲလက်ယာဓာတ်တော်များ တည်ထားကိုးကွယ်ခဲ့သည်မှာ အများပင်ဖြစ်၏။ ဘုရားရှင် ဗျာဒိတ်ပွန်းအရလည်းကောင်း၊ အသောကမင်း၏ ဖြန့်ချီစေခြင်းအရလည်းကောင်း၊ ထို့ပြင် မနောဒိဋ္ဌာန်ဖြင့် ကြွမြန်းခြင်းအရ လည်းကောင်း အနှံ့အပြား ကွန့်မြူးလာခဲ့ရသည်ဆို၏။

ဝါးကျောင်းဆရာ ပဏ္ဍိတ်က မိမိ၏ရမ်းဗြဲငယ်တွင် ဓာတ်တော်လေးဆူကိန်းသည်ဟုစာဆိုခဲ့၏။ လက်ဝဲတက် ဆရာ စံဘော်ဦးက ဝမ်းတော်ဓာတ်တည်ရာဖြစ် မိမိချက်မြုပ်ရွာအနီးဝါးချောင်းရွာကို ဝမ်းချောင်းရွာမှ ရွေ့ပြောင်းခေါ်လာသည်ဟုဆို၏။

ရမ္မာဝတီ၌ မင်းဘင်ကြီးသည် စေတီ(၂၄)ဆူတည်ထားခဲ့လေသည်။ မင်းဖလောင်း မင်းရာဇာကြီး၊ စန္ဒဝိဇယရာဇာအစရှိသော ရခိုင်မင်းများလည်း ဓာတ်တော်များကို တည်ထားခဲ့ကြသည်။ မြောက်ဦးခေတ်မတိုင်မီလည်း ရခိုင်မင်းများအစဉ် ဆက်လက်တည်ခဲ့ကြမည်ပင်တည်း။ မဟာစန္ဒြမင်းလက်ထက် ရေချမ်းကြီး၊ မင်းပြင်၊ သလူတောင် စသောအရပ်တို့၌ လူနေရပ်ရွာ တည်ချခဲ့သည်ဆို၏။ နေထိုင်ရှိခဲ့ယင်း လူတို့ကလည်း မဟာစန္ဒြမင်းထံမှ အခွင့်အမိန့်အရ ကျေးရွာခေါင်းများရရှိခဲ့ကြောင်းကို အင်းစောက်ရာဇဝင်၌ပြဆိုရှိ၏။ ထိုနောက် ပဲဖြူမင်းလက်ထက် ရန်သူတို့ဖျက်ဆီး ပြေးရှောင်ခဲ့ကြသူများရှိခဲ့သည်။ ၎င်းတို့အဆက်အနွယ်များသည် ငရမန်မင်းလက်ထက် ပြန်လည်လာရောက် နေထိုင်ကြသည်ဆို၏။ ငရမန်မင်းကား တိုင်းချစ်မဥ ူသင်မင်း၏ ညီတည်း။ ထိုမင်းလက်ထက် သက ရာဇ် (၅၅၄)ခုနှစ်တွင် အမတ်သူရ ကျော်ထင်ကို အကြီးပြု ရမ်းဗြဲ (၁၂)ရွာကို တည်စေခဲ့သည်ဆို၏။ မင်းစောမွန်သည်လည်း မြောက်ဦးမြို့သစ်ကိုတည်ပြီး နောက်တနှစ်အကြာ (ကောဇာ ၇၃၉–ခုနှစ်)တွင် ဘုရားစေတီတို့ပါ တည်ခဲ့ကြောင်း ကျွန်းတည်သမိုင်း၌လာ၏။

အင်းစောက်ရာဇဝင်တွင် ရမ်းဗြဲနေ ငဖြူကြီးသားမြေးများက ဘုရားစေတီတည် ကိုးကွယ်ခဲ့ကြသည်ဆို၏။ ရမ်းဗြဲကျွန်း ချောင်းနက်ရွာ မြောက်ဘက်၌ သိမ်၊ ဘုရား၊ စေတီများရှိနေသေး၏။ (၁၃၂၄)ခုနှစ်က ထိုသိမ်ကိုချုံလျက် သမုတ်ခဲ့ကြ၏။ သိမ်တွင်ရေးထိုးထားသောစာ၌ သက ရာဇ် (၈၈၉)ခုနှစ်က သိမ်ကျောင်းဒကာ ဦးငဖြူကြီးသား ငရမန်မင်း ဆောက်လုပ်ခဲ့သည်ဆို၏။ ထပ်မံသမုတ်ကြစဉ်ကား မူလသိမ်ထက် သေးငယ်သွားလေ၏။ မူလသိမ်မှာတောင် မြောက် (၂၈)တောင်၊ အရှေ့အနောက် (၃၆)တောင်ရှိ၏။ ယခုအခါ နှုတ် သမုတ်ခဲ့သောကြောင့်

တောင်မြောက် (အလျား) (၁၉)တောင်၊ အရှေ့အနောက်(အနံ) (၁၅)တောင်သာရှိတော့၏။ သိမ်ထဲဘုရား (၃၃)ဆူရှိခဲ့ရာကျိုးပဲ့သွား အပြည့်အစုံမရှိတော့ပြီ။ ခြေယုက်ကျောက်ို ဘုရားများချည်းဖြစ်ရာ ဘုရားကြီးမှာ (၃)တောင်ထိမြင့်၏။ သိမ်မြောက်ဘက်ရှိစေတီဂူတို့၌လည်း ဘုရားငါးဆူကျစီရှိ၏။ ဝသုန္ဒြေနတ်ုပ်လည်း ကျုံ့ကျုံ့နေလျက် ဆံရေ စ်ပုံထုထား၏။ ချောင်းနက်ဘုန်းကြီးကျောင်း၏ မြောက်ဘက်ရေကန်ဘောင်တွင် ကျောက်စာတိုင်တခု(သကြစ် ၉၄၁–ခုနှစ်ရေးထိုး)ကိုလည်းတွေ့ရှိခဲ့၏။ ထို၏မူလနေရာကို မည်သူမျှမပြောနိုင်ကြပြီ။ ရာဇဝင်ပါနှင့် ထိုကျောက်စာ၊ ယခုသိမ်နံရံတွင် ရေးထိုးစာတို့ကိုနှိုင်းယှဉ်က ကွာခြားနေပေလိမ့်မည်။ ထိုဒေသကဆရာတို့ကား ရဟန္တာအရှင်တို့ သမုတ်ခဲ့သည်ဆို၏။ဝါးကျောင်းဆရာ၏ သီဟိုဠ်သာသနာပြုမှတ်တမ်းအရဆိုလျှင် ဧရမန်မင်းလက်ထက်တွင် သံဃာအကြီးအမှူးသည်ဥတ ရမမ္ဒသက်ာဓိပတိဖြစ်သည်ဟူ တွေ့ရ၏။ ၎င်းအရှင်ကိုပင် ရဟန္တာအရှင်ဟုခေါ်တွင်ခဲ့လေသလားတွေးထင်ရ၏။

ထိုသို့ ဓာတ်တော်စေတီဘုရားများသည် တည်ခဲ့ရာတွင် ငွေတောင်သာကျောင်းသိမ်နှင့် ကလန်တဲတို့၌ စန္ဒြဝိဇယရာဇာမင်းကောင်းမှု ကျောက်ိုဆင်းတု၊ ကြေးဆင်းတုများကိုလည်း ရမ်းဗြဲမြို့၌ တွေ့ခဲ့ရ၏။ ချောင်းနက်သိမ်၌ ဖူးတွေ့ရသောကျောက်ဆင်းတုပုံဟန်များကိုကား နေရာအနှံ့တွေ့ရ၏။''မြိုင်သာယာစားကိုသူကြီးကွေ်ကောင်းမှု'' ရေးထိုးပါ ကြေးဆင်းတုများ၊ စာထိုးမထားသော ဘုရားများလည်း တွေ့ခဲ့ရ၏။ မြန်မာမြို့ဝန်ခေတ်၊ အင်္ဂလိပ်နယ်ချဲ့ခေတ် လက်ရာများလည်းအများပင်တည်း။ နားမွေးတော်ဓာတ်ရင်ပြင်၌–

''သက ရာဇ် (၁၁၄၇)ခုနှစ်ကောင်းမှု''ဟု စာနှစ်ကြောင်းဖြင့် ရေးထိုးထားသောကျောက်စာရှိ၏။ သက ရာဇ် (၁၁၇၃)ခုနှစ် မြန်မာမင်းမြို့ဝန် နေမျိုးသူရတည်ခဲ့သောစေတီတဆူ၊ ၎င်းတူမောင်ရင် ကလေးမောင်နှမတည်စေတီ နှစ်ဆူတို့ကား ရမ်းဗြဲမြို့ဗန်းတောင်ပေါ်၌ တည်ရှိသည်ဆို၏။ ငွေတောင်သာ၌လည်း စေတီတည်ခဲ့သည်ဟုဦးစံတင်က ပြဆိုထား၏။ အောင်စေတီမှာမူ မြန်မာတို့လက်ထက်တွင် တည်သည်ဟုပြောကြ၏။ အင်္ဂလိပ်လက်ထက် ဘုရားသူကြီး ကာတီသည် အင်းတောင်အနီး၌ရေကန်ကိုလည်းကောင်း၊ (၁၂၀၆)ခု တန်ခူးလဆန်း(၁)ရက် ဗုဒ္ဓဟူးနေ့တွင် ရမ်းဗြဲမြို့အရှေ့မျက်နှာရှိ ဂဏာစရိယ သာရမေဓာမဟာထေရ် သီတင်းသုံးနေခဲ့ရာတောင်ကျောင်းအနီး၌ ပိဋကတ်အုတ်တိုက်ကို တည်ဆောက်ခဲ့၏။ သမ္မတမင်း၏မိဖုရားတန်ဆောင်းရွှာသူ မမြသန္တာသည် အမရပူရမှပြန်ခဲ့ရပြီးနောက် ရမ်းဗြဲသိမ်တော်ထိပ်တွင်သိမ်သမုတ် စေတီကြီးတဆူတည်ခဲ့၏။ မြို့အုပ်မင်းနားထိုးရွှေစသောအမှုထမ်းတို့သည်လည်း ဘုရား စေတီ ရေကန် စသည်များကို ပြုလုပ်ခဲ့ကြ၏။ အင်္ဂလိပ်ခေတ်တွင် အမျိုးသမီးများက စာလုံးဖော်လျက်ယက်လုပ်ခဲ့သော ဆုတောင်းလက်ာပါ ပေထုပ်ချည်ကြိုးကို တွေ့ရသေး၏။ နှောင်းခေတ်စာဆိုများ၏ သာသနာရေး

ဆိုင်ရာ ရေးဖွဲ့ခဲ့ပါသော စာပေလင်္ကာများလည်း မနည်းလှချေ။ ပန်းရံဆရာဦးချက်ဖား၏ လက်ရာဖြစ်သော စစ်ကြိုခေတ် (၁၃၀၁)ခုနှစ် တည်ခဲ့သည့် အမြင့် (၂၇)တောင်ရှိ လေးတောင်ဝါး ကျိန်ပြင်ဘုရားကြီးမှာ ရခိုင်ပြည်နယ်တွင် အကြီးဆုံးဘုရား ဖြစ်လေသည်။ ထို့ပြင် ရမ်းဗြဲကျွန်းတွင် ထင်ရှားသော သမိုင်းဝင်ဓာတ်တော် (၂၄)ဆူ ရှိခဲ့သည်ဟု မှတ်တမ်းဆိုခဲ့ကြ၏။ သို့သော် သခင်ရွှေစန်းက ဆန်းအကျော် ဦးဇာဂရဆရာတော်ထံမှ ရရှိခဲ့သည်ဟူသော စာရင်းတွင် (၁၆)ဆူကိုသာတွေ့ရသည်။ (၁၆)ဆူတည်ရာဌာနတွင် မပါရှိသော ဓာတ်တော်များလည်းရှိပေရာ ဘယာရွာ၊ စပါးိုင်ရွာစသည်တို့၌ ဓာတ်အမည်များ ခေါ်တွင်တွေ့ရပေ၏။ မိမိတွေ့ရသော ပေမူတစောင်တွင် ရမ္မာဝတီ လက်ဝဲလက်ယာဓာတ် ဆူရေ (၂၆)ဆူကို တွေ့ရပေရာ ိုနှိုင်းတိုက်ဆိုင်ကြည့်နိုင်၏။

''ရမ္မာဝတီ၊ ခေါ်မည်တွင်ဆောင်၊ တောင်တွင်း ရမ်းဗြဲ၊ တည်မြဲဓာတ်တော်၊ နဖူးတော်ဟု၊ ပါးတော်မုတ်တော်၊ နားမွှေးတော်၊ နှာခေါင်းတော်၊ လည်ချောင်းတော်နှင့်၊ တန်းတော်တသီး၊ စာတီကြီးကို၊ ဝီးကပူဇော်၊ ဖူးမျှော်ကြည်စည်၊ အသွယ်သွယ် တည်း''ဟူ စပ်ဆိုရှိခိုးထားချက် ပြုခဲ့ကြလေသည်။

## သာသနလင်္ကာရကျမ်း

အလို(၂၀)ဝါမြောက် ရှေးသမိုင်းအလို သကြစ် (၁၁၃)ခုနှစ်၊ အင်းစောက်ရာဇဝင် အလို (၁၂၃)ခုနှစ်၊ ငမည်း၊ ဝါးကျောင်းဆရာတို့အလို (၁၄၇)ခုနှစ်၊ မှန်နန်းရာဇဝင်အလို (၅)ဝါတွင် ဘုရားရှင် ရခိုင်သို့ဒေသစာရီကြွသဖြင့် ရမ်းပြည့်သို့ သာသနာရောင် ပြည့်ကြက်ကွန့်မြူးခဲ့လေသည်။ ရမ်းပြည့်ဆရာနန္ဒ က ပဘုရားလက်ထက်ကပင် ရမ်းပြည့်သို့ဝေဟင်ဖြင့် ကြွမြန်းပျာဒ္ဒိန်ခဲ့ဖူးကြောင်း ၎င်း၏ ဗုဒ္ဓဝင်လင်္ကာတွင် စပ်ဆိုခဲ့သည်။ အုန်းပုတ်ရွာ ဆရာယက်သဲ့က ''သုံးဦးလူချာ၊ ခြောက်ရောင်ဖြာသည့်၊ ပဗ,တာထက်၊ လက်ထက်ပြောင်ပြောင်၊ မှန်ကင်းတောင်သို့၊ ရောင်တလင်းလင်း၊ တရားမင်း၏ ထွန်းလင်းသသနာ၊ တည်ရာဌာန၊ ရမ္မာကျွန်းဝယ်''ဟု စပ်ဆိုခဲ့၏။

ရမ်းပြည့် စန္ဒမာလာလင်္ကာအရသည်လည်း ရခိုင်ရာဇဝင်သစ်ကို မရေးမီက ၎င်း၏ **ဝေရမဏီသီလဝိနိစ္ဆရ**ကျမ်း နိဂုံးတွင် ''မှတ်စိမ့် နောက်နောင်၊ လင်္ကာဆောင်ပိမ့်၊ ဘုန်းခေါင်ထိပ်ထား၊ တို့ဘုရားလျှင်၊ ထွင့်ဖျားတိုင်ရောက်၊ ငါးဝါမြောက်က၊ လျှံတောက်ရောင်ဝါ၊ သာသနာ၏၊ ဦးစွာသက်ဆင်း၊ စန္ဒြာမင်းတို့၊ ပျော်ခင်းစံတည်၊ ရခိုင်ပြည်၌''ဟူ မှန်နန်းနောက်သို့ လိုက် ရေးစပ်ခဲ့၏။ ထို့နောက် ရွှေစေတီဆရာတော် (စစ်တွေမြို့)နှင့်ဆန္ဒြတူ ိနှိုင်းကာ ရေးသားကြစဉ်တွင်ကား ဝါတော်(၂၀) (သက ရာဇ် ၁၂၃)တွင် ဝေဠုဝန်ကျောင်းမှ ဓညဝတီသို့ ကြွရောက်သတည်းဟု ပြုပြင် ရေးခဲ့လေ၏။

ထိုထို ကံ့ကော်တောဘုရား စသော ရှေးကျဆင်းတုတော်၊ ဓာတ်တော်များမှစ

သာသနိက ဝတ ျမႇားကားသမိုင်း ရှည်လျားခဲ့လေသည်။ ထို့ကြောင့် ကဗျာလင်္ကာ စာပေများစွာ စပ်ဆိုခဲ့သော ကျောက်ကလေငအုပ်ဆရာတော် ဦးကေသရသည် ရောင်တော် ပြန်ပွဲကိုလိုက်ရအောင် လေးချိုးသဖြန်းကြီးဖြင့်နှိုးဆော်ထား၏။

ရမ်းဗြဲမြို့တွင် သာသနာရောင်ကိုထင်ဟပ်နေသော တောင်တော်တို့ကိုလည်း ျမင်နိုင်၏။ အင်းတောင်၊ ဗဟန္တောင်၊ ရီမျက်တောင်၊ ညောင်တောင်၊ လက်ပန်တောင်၊ ကိုယ်ရံတောင်များတွင် စေတီပုထိုးများတို့သည် ပနံတင့်တယ်စွာ ကိန်းဝပ်တည်ရှိနေကြသည်။ ထိုတောင်တို့သည် ရမ္မာမြို့ကို ဝိုင်းရံကာဆီးထားသည်အလားဖြစ်သောကြောင့် ရာဇဂြိုဟ်မြို့ပမာ ထင်ရသည်။ ထို့ကြောင့် ''အင်း၊ ဗန်း၊ ရီ၊ ညောင်၊ ကိုယ်ရံ တောင်ဟုလည်းကောင်း၊ ဖွဲ့ဆိုခဲ့ဖူးသည်၊ ကိုယ်ရံတောင်ကို ကိုးရာတောင်ဟု သင့်ရာဆွဲ နာမည်ပေးခဲ့ကြသေး၏။ မူလကိုယ်ရံတောင်ကား အမှန်ဖြစ်သင့်၏။ ရခိုင်ဘုရင်မင်း၏ ကိုယ်ရံတော်အမတ်ကြီး (ဝါ)ကိုယ်ရံကြီးအမတ်က မိမိမြို့စားအဖြစ် စိုက်တည်ထားခြင်းသာဖြစ် ၎င်း၏အမည်ကိုစွဲထားသော ဝေါဟာရတည်း၊ ကိုယ်ရံတော်ကား မင်းသက်တော်စောင့်ပင်ဖြစ်၏။ ကိုယ်ရံကြီးဆိုလျှင် လက်ဝဲအမတ်ရှစ်တိုင်တွင်ပါဝင် အတွင်းကိုယ်တော်ရံ(ကိုယ်ရံတော်)တို့မှာ လက်ယာသင်၊ လက်ဝဲသင်အမတ်(၈)ယောက်တွင်ပါဝင်၏။ ထို့ကြောင့် မှုးမတ်ကိုစွဲ ဖြစ်သော အမည်စွဲကို အမှန်အဖြစ်ယူခြင်းသည်သာ သမိုင်းဗျူပ တ်အရ လျော်ကန် သင့်မြတ်ပေ၏။ ခြေရာတော် ပိဋကတ်တိုက်ကျောင်း၊ ကန်၊ သိမ်တော်များလည်း ရမ္မာဝတီ၏ မော်ကွန်း ထူရာဖြစ်ပေ၏။ ရမ်းဗြဲမြို့ဝန် ကျော်ထင်ရာဇာ၏ပြုသမျှကောင်းမှုများလည်း သာစုခေါ် မကုန်နိုင်ဟု ချီးမွမ်းထား၏။ အင်္ဂလိပ်ခေတ် လမုချောင်းဇာတိ ဆရာမောင်ပုံသည် ရမ်းဗြဲအောင်စေတီအရပ်၌နေခဲ့ကာ သင်္ဂြိုဟ်စာတွင် လင်္ကာမရှိ၊ ကျွန်ုပ်သိ၏''ဟူလျက် ပရမတ မဟာဂမ္ဘီသာရအမည်ဖြင့် သင်္ဂြိုဟ်ကိုးစောင်ကို လင်္ကာ ရေးခဲ့သည်။

မိမိတွေ့ရှိလေ့လာရသော ရမ္မဝတီမှ နောက်ခေတ်စာဆိုများကား (၁)ဦးစံတင်၊ (၂)ဝါးကျောင်းဆရာ လူထွက်ပဏ္ဍိတ်၊ (၃)ကင်းဆရာဦးဝရခေါ် ဦးပန်းဦး၊ (၄)ဆရာနန္ဒ၊ (၅)သစ်ကတိုးဆရာဦးရွှေလူ၊ (၆)ဆရာယက်သဲ့အောင်၊ (၇)ရမျက်ချောင်း ဆရာလူထွက် ဦးပုည၊ (၈)ကင်း၊ ကုန်ဘောင်တန်းဆရာ ဦးကုလားကြီး၊ (၉)ဆရာစံဘော်ဦး၊ (၁၀) ဆေးဆရာကြီး ငကျော်ခေါင်၊ (၁၁)ဦးပဏ္ဍိတလင်္ကာရ၊ (၁၂)ဦးစန္ဒမြာလာလင်္ကာရ၊ (၁၃) ဆရာပန်းလှ၊ (၁၄)ဆရာသာနို့ခိုင်၊ (၁၅)ဗဟန်းတောင်ဆရာတော် ကဝိဇေ၊ (၁၆)ပြားကျွန်းဆရာ ဦးပုည၊ (၁၇)သီးခံပြိန်ဆရာတော် ဦးနန္ဒမြာလာ၊ (၁၈) ဆန်းဆရာဦးဇာဂရ၊ (၁၉)ကျောက်ကလေငအုပ်ဆရာတော် ဦးကေသရ၊ (၂၀)တရားသူကြီး ကာတီ၊ (၂၁)ရမ္မာဝတီ ဦးအာသဘ၊ (၂၂) ငချွန်းယေ (သာချမ်းဦးဂို) စသည်တို့ဖြစ်ကြ၏။ ၎င်းတို့၏ လက်ရာများသည် ရမ္မာဝတီ၏ ဂုဏ်ရောင်ကိုသာမက ရခိုင်ပြည်နယ်၏ သမိုင်းဂုဏ်ပါ ထွန်းပြောင်ခဲ့ရာရောက်

အားလုံးကိုဂုဏ်ပြုထိုက်လှပေ၏။ ရမ်းပြဲကျွန်းတွင်ကား လေ့လာစရာ အများရှိပေသေး၏။ ရမ်းပြဲမှ ဆရာမောင်ပုံ၏ ''အံ့အားမနိုင်၊ ပြိုင်သူမမျှ၊ ရမ္မာသာထူး၊ ဂုဏ်ရောင်မြူးသည်၊ ချီးကျူးမကုန်ကြရာတည်း''ဟူသော ချီးကျူးခြင်းကဲ့သို့ပင် အလားတူ ထပ်ဆင့် ချီးကျူးလိုက်ရပေသတည်း။

❖❖❖

(အဥ နနဒီ–စာပန်းချီ)

## “အဥ္စနနဒီ-မြစ်ကိုမှီလျက်၊ တည်လီမြို့ပြ”
## (အဥ္စနနဒီ-မြစ်မှီမြို့ဖွဲ့များ)

**အရှင်စက္ကိန္ဒ စုစည်းသည်၊**

### စမ္ဘဝက်ခေါ်-ပဥ္စါမြို့တော်

“စူဠစန္ဒြ၊ သား၏သွေးဦး၊ စောရွှေလှူးကား၊ ကိုယ်ထူးရှောင်လစ်၊ စစ်တန်း တင်ထက်၊ သက်နှင့်ဘက် ၊ သက်သဘောပင်၊ သက်မည်တွင်သာ၊ ငမင်ငတုန်း၊ ဘုန်းလက်ႏုံးကား၊ စမ္ဘဝက်ကို၊ ဖြူရွက်ဖြန့်မိုး၊ နှင်းလာစိုးက”

**(မင်းသမီးဧချင်း)**

“စူဠတွင် ငြား၊ စန္ဒြရား၏၊ သက်ထားလုလင် သားငမင်လျှင်၊ ကြီးအင် ကြံစည် ထီးနန်းတည် ၊ အမည် စမ္ဘဝက်၊ မင်းႏိုးဆက်”

**(မင်းသမီးဧချင်း)**

“ငမင်း၊ ငတုံး၊ လူထိပ်ဖုံးကား၊ ရှေးထုံးမပျက်၊ စမ္ဘဝက်ကို၊ သက္ကြဇ်သချာ၊ သုံးရာ့ငါးဆယ်၊ ခြောက်ခုဝယ်၌၊ နေနွယ်ဘုန်းစွင့်၊ ထီးနန်းဖွင့်သည်၊”

**(သာစွလေလက်ာ)**

“စူဠစန္ဒြာ၊ ရင်သည်းကြားမှ၊ မင်းသားရွှေလူ၊ တထူးရှောင်လစ်၊ စစ်တန်း တင်ထက်၊ သက်နှင့်ဖက် ၊ ရှေးဆက်ကြီးစင်၊ ငမင်းငတုံး၊ လက်ႏုံးထွန်းပ၊ စမ္ဘဝက်မှ၊ မြို့ရာချ ၊ တည်လှာအႏိုး၊ သိမ်းမြန်းစိုးခါ၊”

**(ရှေးထုံး)**

"စမ ၀က်၌၊ မင်းဆက်ပြလျှင်၊ ငမင်းငတုံး၊ အစ ုံး ၊ နောက်ဆုံးမည်ဟိ၊ မင်းပတိရောက်၊ ထီးအောက်စံစား၊ ဆဲ့ငါးမင်းဆက်၊ မြို့သက်မှာမူ၊ ဇရာနဝ၊ အစ် လျှင် ကျ၏"။

**(ဝါးကျောင်းပဏ္ဍိတ်)**

"မင်းကြီး ပဲဖြူ၊ နတ်ရွာယူသော်၊ စူဠစန္ဒြား၊ မင်းဖျားသားရင်း၊ ငမင်းငတုံး၊ သူ့ဘုန်းပေါ်လျှက်၊ စမ္ဘ၀က်တွင်၊ ကနက်ရိပ်ဝယ်၊ စံလေသောခါ၊ နှစ်ကောဇာမူ၊ လေးရာငါးဆယ်၊ စွန်းဝယ်ခြောက်ခု၊ မှတ်စုသၡ်ျာ"

**(ဦးစံတင်)**

"ငမင်းငတုံး၊ ဘုန်းကံကုသိုလ်၊ ကြမ္မာယိုသော်၊ ထိုမင်းသားပင်၊ မင်းလျှင်ပြုမည်၊ စံသည်မခြား၊ သားတော်မည်သာ၊ နာဂသူရိယ၊ (ဃ)၊ သားသၡ်သူ၊ သည်းအူ မင်းပတိ၊ ဆက်ပြီးနန်းစံ၊ ုိက်ရာခံသည်၊ နိုင်ငံစမ္ဘ၀က်တွင်တည်း။"

**(ဦးစံတင်)**

"နေဝယ်ထင်ရှား၊ စန္ဒြား၏ သားရင်းမှန်ပင်၊ သက်မည်ထင်သည်၊ ငမင်းငတုံး၊ တေဇာဘုန်းနှင့်၊ လက်ံုးဖြန့်ကြက်၊ စမ္ဘ၀က်ကို၊ တည်လျှက်စိုးကာ၊ ဓာဗီသာတည်း"

**(ဦးကျော်မည်)**

"သားမြတ်သည်းချာ၊ မင်းရာဇာလျှင်၊ ဝေသာကြ၌ိန်း၊ ဖ မင်းစံကော၊ ဘုံပျံ နန်းမှာ၊ စံမြန်းတုံရာ၊ တရံခါတွင်၊ ရာဇာဘုရင်၊ စိတ်မရွှင်ကော၊ အယင်ချီကာ၊ ထွက်ကြွ လာ ၊ သိင်္ဂါနဒီ၊ မြစ်ကမ်းခြီသို့၊ ရောက်လီကြပေ၊ စမ္ဘဝေဟု၊ အမည်ဆန်းနှင့်၊ မြို့နန်းတည်လို့၊ ထိုစဉ်ကစ၊ သမယကော၊ ကာလနောက်ဝယ်၊ မြို့ဝေသာမှာ၊ ရာဇာကင်းကော၊ သုဉ်ဖျင်းရေလေ"

**(ဘုရားဖူးသာခြင်း)**

"ငမင်းငတုံ၊ မဟာဆွိကော၊ သာကီဘုန်းမှာ၊ စုံ ုးများစွာ၊ အတန်တန်ကော၊ မတ်ဝန်များို့၊ ခစားကာဖြင့်၊ တစ်ရာငါးဆယ်၊ ခြောက်ခုကယ် ၊ ရောက်သည်သကြဇ်၊ ထိုအခါလေ၊ သိင်္ဂါမြစ်တွင်၊ မြို့သစ်တည်လျှက်၊ တွင်အမည်ကော၊ စမ ၀က်မှာ၊ နန်းတက် တုံပြန်၊ မြင့်ရှည်ကြာတွင်၊ ခွန္ဒာယွန်းကော၊ နတ်ရွာစံသော်၊ တဖန်နန်းတက်၊ ဆက်ခံကာ ဖြင့်၊ စဉ်လာမြောက်ကော၊ ဆယ့်ခြောက်ဆက်တည်း၊ ရှိတက်သၡ်ျာ၊ စကာတည် ၊ ကြာရှည်လျားကော၊ မြို့သက်မှာကား၊ သုံးရာကိုးနှစ်၊ သက ရာဇ်ကို တွက်စစ်ပြန်သော်၊ လေးရာကျော် ၊ စွန်းပေါ်ခြောက်ဆယ်၊ ငါးခုကယ်နှင့်၊ ဌါနေကနက်၊ မင်းနီပြည်လေ၊ စမ ၀က်မှာ၊ နန်းတက်စံဟိ၊ အဆုံးစွန်တွင်၊ ဘုန်းကံဖျင်းကော၊ မင်းပတိကို"

**(ဘုရားဖူးသာခြင်း)**

"သေည်တချက်၊ စမ္ဘ၀က်၌၊ ဘုန်းဆက်စဉ်ဖြုံး၊ ဆယ်ယောက်ကြုံးတွင်၊

အခုံးစွန်မူး၊ မင်းဘီလူးကို၊ ကြံထူးလှည့်ပတ်၊ ပုန်ကန်သတ် ၊ မတ်သင်္ချာ၊ မည်သာ တချက်၊ ဝရောင်းငှက်လျှင်၊ သုံးဆက် သာ၊ ပဉ္စ ၁မြို့ဟောင်း၊ ကျိန်းပြီးနှောင်းမှ''

**(မင်းသမီးငေးချင်း)**

''ထိုကလွန်လျှင်၊ ခေတ သင်သည်၊ အခြင်းငါးရာ၊ ပြည့်တင်းရာကြောင်း၊ ပဉ္စါခေါ်တွင်၊ မြို့ရွှေစင်ကို၊ တည်ထွင်စိုးမြောက်၊ ဆယ်မင်းနောက်၌၊ ဘုန်းတောက် လျှံမြူး၊ မင်းဘီလူးကို၊ ကြံထူးသတ်လျှက်၊ မတ်မျိုးတက် ၊ သုံးဆက်တိုင်အောင်၊ ထီးနန်းထောင်သည့်''

**(သာစွလေလက်ာ)**

''ငါးမည်အင်္ဂါ၊ ပြည့်စုံပါသား၊ ပဉ္စါခေါ်ထ၊ မြို့သိင်္ဂကို၊ သက ရာဇာ၊ ဆန်း အတာနှင့်၊ ခါသာရောက်လျှင်၊ ခေတ သင်သည်၊ စိုးခြင်းဆယ်နှစ်၊ နေသည်ဖြစ်မှ၊ ညီချစ်အရင်း၊ စန္ဒြသင်းသည်၊ ပွင့်လင်းဘုံသာ၊ နန်းအောင်ချာဝယ်၊ ကောဒသ၊ စံရွှင်ပ၏။ (ပ)၊ သားလှဘုန်းဟိ၊ မင်းပတိကား၊ တရိသုံးနှစ်၊ ရေတွက်ဖြစ်၏။ စင်စစ်မှန်စွာ၊ နှစ်ပေါင်းမှာကား၊ ပဉ္စါအဌ၊ သိကုန်ကြလော့၊ ဝံသစဉ်လာ၊ မင်းဆက်မှာမူ၊ ပဏ္ဏာရသာ၊ ဖြစ်ကုန်ရာသည်၊ သိဂီစံဘုန်း၊ ရွှေနန်းတည်း။''

**(ဦးကျော်မည်)**

''လက်ျာမင်းနန် ထီးနန်းစံသော်၊ အကြံတော်သည်၊ မလျှော်နှောင့်ယှက်၊ စမ္ဗဝက် မည်၊ ပဉ္စါပြည်သည်၊ တည်ရင်း အခါ၊ ဇာတာကိန်းခန်း၊ မြို့သက်ကျွမ်းပြီ၊ တွက်ရှိညီမျှ၊ အဌ နနဒီ၊ သီတာတဖက်၊ လောင်းကြက်သို့ကူး၊ ရှင်မြူးပျော်ပါး၊ စံစားမကြာ၊ သုံးနှစ်သာလျှင်၊''

**(ဦးစံတင်)**

## ပထမ လောင်းကြက်မြို့

''လက်ျာမင်းနန်၊ ရာဇမာန်မူ၊ ပဉ္စ အဌ၊ စတုကဟု၊ သက တရက်၊ မြို့လောင်း ကြက်ကို၊ ထီးရွက်ဖြန့်မိုး၊ သုံးနှစ်စိုးသော်''

**(ကျော်မည်)**

''စမ ဝက်မည်၊ ပဉ္စါပြည်သည်၊ တည်ရင်းအခါ၊ ဇာတာကိန်းခန်း၊ မြို့သက် ကျွမ်းပြီး၊ တွက်ရှိညီမျှ၊ အဌ နနဒီ၊ သီတာတဖက်၊ လောင်းကြက်ကိုကူး၊ ရှင်မြူးပျော်ပါး၊ စံစားမကြာ၊ သုံးနှစ်သာလျှင်''

**(ဦးစံတင်)**

''တင်သည် ထီးနန်း၊ လှူထိပ်စွန်းဟု၊ နတ်နန်းဘုံသာ၊ မင်းလက်ျာလျှင်၊ စွန့်ခွါရှောင်ထွက်၊ မြို့လောင်းကြက်ဝယ်၊ ဖြူရွက်ဖြန့်မိုး၊ သုံးနှစ်စိုးလည်း၊ ကောင်းကျိုး မဟိ၊ ဖြစ်လတ်ဘိက''

**(သာစွလေလက်ာ)**

## ပထမ ပုရိန်မြို့

''့လက်ျာမင်းနန်၊ နန်းိုးမှန်လျှင်၊ တဖန်လည်းကောင်း၊ လောင်းစည်သူခိုင်း၊ အယူလှိုင်းတွင်၊ မွန်တစ်သိန်း၊ ပြူတစ်သိန်းနှင့်၊ အောင်ကိန်းခါချိန်၊ ပြက္ခဒိန်လျှောက်၊ ပုရိန်မြို့သစ်၊ ထောင်လာလစ်သည်''

**(မင်းသမီးငေးချင်း)**

''့ ကောဇာရောက်ချိန်၊ ခါကြောင်းကြိန်တွင်၊ ပုရိန်မြို့သစ်၊ တည်လှာလှစ်တွင်၊ သုံးနှစ်စံကာ၊ လွန်ပြီးခါမှ၊ ရာဇာသီဟ၊ တနှစ်မျှလျှင့်''

**(ကျော်မည်)**

''့ထိုမှ နန်းသိမ်း၊ ပုရိန်မြို့မှာ၊ လက်ျာမင်းနန်၊ အစစံလျှက်၊ အနန္တသီရိ၊ သို့ထိရှစ်ယောက်၊ အသက်ထောက်က၊ တစ်ရာ့ခုနစ်ဆယ်၊ ရှစ်နှစ်ကယ်သည် နန်းဝယ်စံကြ၊ မြို့သက်တည်း''

**(ဝါးကျောင်းပဏ္ဍိတ်)**

''့မင်းလက်ျာလျှင်၊ စွန့်ခွာရှောင်ထွက်၊ မြို့လောင်းကြက်ဝယ်၊ ဖြူရွက်ဖြန့်မိုး၊ သုံးနှစ်စိုးလည်း၊ ကောင်ကျိုးမဟိ၊ ဖြစ်လတ်ဘိက၊ အဠြဲဆဠြ၊ စတုရာဟု၊ ကောဇာရောက်ကြိန်၊ ခါရန်နှိမ်ဝယ်၊ ပုရိန်မြို့သစ်၊ ထောင်လာလှစ်တွင်၊ သုံးနှစ်စံသော်''

**(သာစွလက်ာ)**

''့တကြောင်းပုရိန်၊ ရိပ်ငြိမ်ကောင်းစွာ၊ မည်သာတွင်ထ၊ ကောလိယန္ဒယ်၊ ဖြစ်သည်ငါးဆက်၊ ယင်းမြို့ထက်ပင်၊ ဆက်ပေနာမ၊ ဒသရာဇာ၊ စဉ်လာသုံးဆက်၊ ပျက်လေတုံငြား''

**(ကျောက်ုးလက်ာ)**

''့လက်ျာမင်းနန် ထီးနန်းစံသော်၊ အကြံတော်သည်၊ ( )၊ မြောက်ညာစူးစူး၊ ချောင်းသို့ကူးမှ၊ ရှာကြမြို့ရာ၊ ထိုအခါတွင်၊ ပညောင်ပင်ကို၊ စိုးကျင်တုံလတ်၊ ညောင်စောင့်နတ်လျှင်၊ အဝတ်ဖြူထွား၊ ဆင်ဝတ်စားလျှက်၊ ကုလားသဏ္ဍာန်၊ ပြီစွာဖန်မှ၊ ရှေးကမတိမ်၊ ပါရိန်ပါရိန်၊ နှစ်ကြိမ်ဆိုငြား၊ ထိုစကားကို၊ မှတ်သားနှစ်လို့၊ မြို့တည်ပြီးလျှင်၊ ဘုရင်နန်းစံ၊ ဘိသိက်ခံသည်။ ဝန်းရံမှူးမတ် အလယ်တည်း''။

**(ဦးစံတင်)**

''လက်ျာမင်းနန် လက်ုးထောင် ရအောင်တိုက်ကော၊ သိမ်းမြန်းပြန် ၊ အလွန်သာစည်၊ မြို့ပုရိန်ဟု၊ အောင်မည် ဆန်းကော၊ ထီးနန်းတည်လို့၊ စမ ယ်ကြရာ၊ ထိုမြို့မှာပင်၊ စဉ်ကာစိုးမြောက်၊ မင်းများစွာကို၊ ရှိကာတွက်ကော၊ ရှစ်ဆက်ရောက်၏။ ထိုနောက် တသွယ်၊ မြို့သက်ဝယ်ကား၊ လေးဆယ်ကိုးနှစ်၊ ကိန်းသချာလော၊ အမှန်ဖြစ်လို့၊ သက ရာဇ်ငါးရာ၊ တစ်ခုမှာတွင်၊ ပြိုကာပျက်ပြုန်း၊ မြို့ပုရိန်လေ၊

ရွှေကနက်မှာ၊ မင်းဆက်တုံးဟု''

**(ဘုရားဖူးသာချင်း)**

''ဒသရာဇာ၊ မင်းသဒ္ဒါကား၊ ရတနာသုံးပါး၊ မြတ်ဘုရားကို၊ ဝတ်တွားရိုသေ၊ ပူဇော်ပေမှ၊ ရွှေပြည်သာငြိမ်၊ မြို့ပုရိန်သို့၊ မွေ့သိမ်ကြည်ဖြူ၊ မြန်းတော်မူလျှင်''

**(ဦးစံတင်)**

## ခြိုပ်မြို့တော်

''ပုရိန်မြို့ထက်၊ ရှစ်ဆက်စွန်းဖျား၊ မင်းဖုန်းစားကား၊ ဟူးရားကျမ်းက၊ လေးမြို့မှာသို့၊ အညာခြိုပ်မြို့၊ တည်လေတို့သည်၊ ''ရေကြိုမြစ်ကမ်း၊ ဦးတည်လေး''။

**(မင်းသမီးဧချင်း)**

''သကြစ်သညာ၊ နောဒွေယာနှင့်၊ ပဥ္စါရောက်ငြား၊ မင်းဖုန်းစားသည်၊ စွန့်သွားဖွေရှာ၊ ခြိုပ်မြို့ရွာသို့၊ တည်ကာ နန်းဆောက်၊ စိုးအုပ်မြောက်၊ တစ်ထောက်နှစ်တန်၊ မင်းများလွန်သော်''

**(သာစွလေလင်္ကာ)**

''တခြားတည်ထောင်၊ ပြောင်ပြောင်ထိုခါ၊ ခြိုပ်မှာထင်ရှား၊ မင်းဖုန်းစားနွယ်၊ နှစ်ဆယ့်လေးဆက်''

**(ကျောက်ိုးလင်္ကာ)**

''ကြင့်ါန်းအောင်ချာ၊ ခြိုပ်မြို့သာကို၊ ကောဇာနှစ်ရေ၊ ဖော်ပြပေအံ့၊ နောဒွေးပဥ္စ၊ ရောက်သောခါ၌၊ တေဇာထက်ပွား၊ မင်းဖုန်းစားသည်၊ တည်ထားပြီးမှ၊ မြို့နန်းချ၊ စိုးထအုပ်လိုက်၊ ခုနှစ်နှစ်တွင်း''

**(ကျော်မည်)**

''နန်းမြေပုရိန်၊ သုဥ်ဖျင်းတိမ်၊ မငြိမ်လှုပ်ရှား၊ ရှိသောအားကြောင့်၊ ဟူးရားဂဏန်း၊ ကိန်းခန်းဆင်ခြင်၊ ရွှေပြည်ရှင်လျှင်၊ တိုင်းခွင်ပြည်သူ၊ များရှင်လူနှင့်၊ ပဖ္စုန်မိုးရိပ်၊ စိုးကွပ်နှိပ်သည်၊ ခြိုပ်မြို့တည်ပြန် လေသတည်း။'''

**(ဦးစံတင်)**

''အောင်ချာကြင့်ါန်း၊ မြို့၌ါနီလေ၊ ပုရိန်နန်းမှာ၊ သက်တန်းကုန်ခါ၊ ူးမှိန်ပါ၊ နောက်မှာတခြား၊ မင်းဖုန်းစားလျှင်၊ တည်ထားစံမြောက်၊ ခြိတ်မြို့ဝယ်၌၊ စိုးသည်မင်းကို၊ စာရင်းကောက်လျှင်၊ ထီးအောက်ပျော်ရွှင်၊ ကြိမ်ဖန်ဖန်လေ၊ စံမပျက်ကေ၊ ဆယ်ဆက်ပင်တည်း''

**(ဘုရားဖူးသာချင်း)**

''ခြိတ်မြို့ဦးဖျား၊ မင်းဖုန်းစားမှ၊ ပြန့်ပွားနောက်ဆုံး၊ ငနှလုံးတိုင်၊

လက်ုံးဆိုင်လျှက်၊ စိုးပိုင်မင်းကား၊ ဆဲ့ငါးဖြစ်လေ၊ စံမည်နောဒ္ဓါ၊ မြို့ဇီဝါတည့်''
**(ဝါးကျောင်းပဏ္ဍိတ်)**

''ခြိတ်မြို့တည်ပြီး၊ ထီးနန်းသာယာ၊ ထိုအခါတွင်၊ အညာမိုးကောင်း၊ ရှမ်းပေါင်းသုံးသိန်း၊ ကိန်းခန်းအလျှောက်၊ စစ်မက်ရောက်လျှင်၊ ခုထောက်လုပ်ကြံ၊ ဆီးရပ်ခံသော်၊ ဘုန်းကံစီရင်၊ စစ်အောင်မြင်က့''
**(ဦးစံတင်)**

## ဒုတိယပဥ္စာမြို့

''ဓနူ့ပေါ၊ မင်းရှင်စောမှာ၊ နန်းလျာစံဖြစ်၊ သုံးနှစ်စံပျော်၊ မြို့တော်ကိန်းခန်း၊ မကောင်းလွန်း ၊ ထီးနန်းကနက်၊ အသစ်ဆက် ၊ စမ္ဗဝက်မှာ၊ တည်တုံလှာသော်၊ မြင့်ကြာမမြောက်၊ ခြောက်နှစ်ရောက်ဟု''
**(ကျော်မည်)**

''ထိုမြို့တွင်ဝယ်၊ သုံးမင်းတွင်သာ၊ ကြမ္မာကုန်လတ်၊ မတ်စလက်ဗိုလ်၊ ငြိုသိုရန်ခင်း၊ ပုန်ကန်လျှင်း ၊ တင်ခဲ့တစ်ချက်၊ စမ ဝက်၌၊ အသက်သုံးနှစ်၊ ခန္ဓာပစ်မှ ''
**(မင်းသမီးဧးချင်း)**

## ဒုတိယပဥ္စာခေါ် - ဒုတိယ ပုရိန်ခေါ် နေရဥ္စရာမြို့တောင်ငူ

''တိုင်းချစ်တွင်မည်၊ စိုးမင်းသည်ကို၊ ပြည်၌ဗိုလ်လူ၊ ကြိုက်မှုသနား၊ ရှင်ုံး သားဟု၊ မြေ ၁က်စားစီရင်၊ ဘိုက်တင်မှ၊ ထိုတွင်မထောင်၊ တောင်၏တူူ၊ မြို့တောင်ငူ၌၊ တည်မှုစဉ်လျှက်၊ ဆယ့်ခြောက်ဆက်တွင်၊ မြို့သက်ကုန်ပြီး''
**(မင်းသမီးဧးချင်း)**

''တေဇာထွန်းဝင်း၊ မဥ္စူသင်းကား၊ ကောင်းခြင်းသာစွ၊ မြို့ပဥ္စါကို၊ ငါးရာကျော်လစ်၊ လေးဆယ်နှစ်ဟု၊ သက ရာဇ်မှာ၊ တည်တုံပါ့''
**(ဦးကျော်မည်)**

''တက်သည် ထီးနန်း၊ အမတ်သွမ်းစား၊ ဘုန်းပန်းပွင့်လင်း၊ မဥ္စူသင်းလျှင်၊ အတင်းသတ်ဖြတ်၊ သုတ်သင်လတ်မှ၊ တင့်မြတ်သာယာ၊ မြို့ပဥ္စ ၁ကို၊ ငါးရာကျော်လစ်၊ လေးဆယ်နှစ်ဟု၊ တွက်စစ်ကိန်းတွင်း၊ တည်ဖန်ဆင်း၏။ ထို မင်းပြီးနောက်၊ ဆဲ့ငါး ယောက်လျှင်၊ မဖောက်မပြန်၊ ရန်မျိုးလုန် ၊ ဘုန်းသန်ကျော်ဟိုး၊ စံကြစိုးသည်''
**(သာစွလေလက်ာ)**

''ခြိပ်မြို့ဝယ်တွင်၊ ထီးစည်ပျက်ကေ၊ မင်းတက်တုံးလို့၊ ပြိုင်နှူန်းမမြင်၊ မင်းရွှီသင်မှာ၊ ဘုန်းရောင်ပကေ၊ အစစံလို့၊ တဖန်နောက်မှ၊ ငနှေလုံးကေ၊ အဆုံးကျအောင်၊ ရာဇာဆယ်ဆက်၊ စံမြန်းလှုံကေ၊ ဂုဏ်မချို့ဘဲ၊ မြို့အသက်ကို၊

ရွှိတွက်တုံပေ၊ ခါအညီလေ၊ ကြာသည်ဖြစ်ကော၊ နှစ်ခြောက်ဆယ်လေ၊ ဂုဏ်ရည် တောက်ထွန်း၊ အောင်ချက်မြီလေ၊ ပုရိန်နန်းမှာ၊ ဆုံးခန်းတိုင်ထွေ၊ မင်းရာဇာနှင့်၊ ကင်းကွာပြီးကော၊ ပျက်စီးရေလေ''

**(ဘုရားဖူးသာခြင်း)**

''ကိန်းခန်းအသစ်၊ ရှာဖွေလုစ် ၊ မင်းစစ်မှန်စွာ၊ အလောမာဖြူ၊ မင်းမူရာဇာ၊ မြတ်မဟာသည်၊ ပဉ္စ ၁တွင်ထ၊ မြို့ပူရကို၊ တေဇတက်ဖြိုး၊ နှစ်နှစ်စိုးမှ၊ ရန်မျိုးမထွက်''

**(ဦးကျော်မည်)**

''ငနှလုံးမင်း၊ သက်နှင်းသည်းချာ၊ အလောမာလျှင်၊ မြို့ရွာနန်းဆက်၊ စမ္ဗဝက် သည်၊ ဖြစ်ပျက်ကာလ၊ ဒေသယွင်းကွက်၊ အဟောထွက် ၊ အုတ်ကျက်သင်းပင်း၊ များလုံးရင်းနှင့်၊ အမင်းလောမာ၊ ပြောင်းခဲ့ခွါ ''

**(ဦးစံတင်)**

## ဒုတိယလောင်းကြက်မြို့

''့မြစ်ကြီးကူးလျှက်၊ မြစ်နောက်ဘက်ဝယ်၊ လောင်းကြက်မည်ခေါ်၊ မြို့သာကျော်ကို၊ အလောမာဖြူ၊ တည်တော်မူသည်''

''အလောမာဖြူ၊ မြို့တောင်ငူက၊ ကြံယူစူးစူး၊ လောင်းကြက်ကူး ၊ အထူးမြို့မွန်၊ တည်လတ်တွန်သည်၊ ရာန်မာန်ငြိမ်းရေး''

**(မင်းသမီးဧးချင်း)**

''အလောမာဖြူ၊ မင်းမူတုံလျှက်၊ မြို့လောင်းကြက်တွင်၊ နန်းဆက်နောက်စံ၊ စောမွန်သို့ရောက်၊ စဉ်လျှောက်ကာဖြစ်၊ ဆဲ့ခုနှစ်တည်း၊ ရန်စစ်ထောင်လာ၊ မြန်မာမွန်၊ ပြည်တိုင်းကိုလု၊ စစ်မက်ထုလျှက်၊ မင်းပြုခါဖြစ်၊ နှစ်ဆယ့်တစ်နှင့်၊ တွက်စစ်အတ်ဗျည်း၊ ဒွေးတည်းဤသို့၊ နှစ်ပေါင်းတို့တွင်''

**(ဝါးကျောင်းပဏ္ဍိတ်)**

''လောင်းကြက်မြို့မွန်၊ တဖန်မင်းလှ၊ နန်းကျ ကြီးငယ်၊ နှစ်ဆဲ့နှစ်ဆက်၊ လောင်း ကြက်မြို့ကြီး၊ မင်းထီးအန္ဓယ်၊ တဆယ့်လေးဆက်၊ ထောင်းထောင်း ပျက်သော်''

**(ကျောက်ိုးလက်ာ)**

''ကိန်းခန်းအသစ်၊ ရှာဖွေလုစ် ၊ မင်းစစ်မှန်စွာ၊ အလောမာဖြူ၊ မင်းမူရာဇာ၊ မြတ်မဟာသည်၊ ပဉ္စ ါတွင်ထ၊ မြို့ပူရကို၊ တေဇတက်ဖြိုး၊ နှစ်နှစ်စိုးမှ၊ ရန်မျိုးမထွက်၊ မြို့လောင်းကြက်ကို၊ ရေတွက်သကြဲ၊ နှစ်မှာကောဇာ၊ ခြောက်ရာလေးဆယ်၊ သုံးခုဝယ်တွင်၊ ပဌ က်ခင်း ၊ ဖန်ဆင်းပြုထ၊ ထီးနန်းချလျှက်၊ နေထခြောက်နှစ်၊ စံပြီးရစ်မှ''

**(ဦးကျော်မည်)**

''အမင်းလောမာ၊ ပြောင်းခဲ့ခွာ ၊ မြို့ရွာအဟောင်း၊ လောင်းကြက်သို့ကူး၊ စိုးချုပ်မှူးသည်၊ စိန်ဖူးဝေမြိုင် စိုက်ထူတည်း''

**(ဦးစံတင်)**

''အဥ နနဒီ၊ မြစ်ကိုမှီလျှက်၊ အနောက်ဘက်တွင်၊ လောင်းကြက်မြို့ရွာ၊ အလောမာမင်း၊ ရပ်တင်းမညောင်း၊ စံပြီးရှောင်းသော်၊ တိုင်းခွင်းသာယာ၊ ရှစ်မျက်နှာသည်၊ ကောဇာသကြဖ်၊ တွက်စစ်သချ်ာ၊ ခြောက်ရာတစ်ခု၊ ရတုမေစုံ၊ တိမ်မှုန်ရစ်သန်း၊ မိုးသေးဖြန်းသည်၊ လဆန်းနှစ်ရက်၊ စန်းလဂ်ရွေး ၊ စနေနေ့တွင်၊ ချောမောသာယာ၊ ကြီးစွာမြို့နန်း၊ အခန်းခန်းကို၊ မပန်းမပင်၊ တည်ပြီးကျင်သော်''

**(ဦးစံတင်)**

''ထိုခါကာလ၊ ဘုန်းတော်ရောင်ဖြင့်၊ ပြောင်ပြောင်ပကေး၊ မင်းလုရာဇာ၊ မည်သညာမှာ၊ အလောမာဖြူ၊ လောင်း ကြက်ပြည်ကို၊ တည်တုံလတ်ကော၊ နန်းစိုက်ထူလျှက်၊ မင်းမူသည်မှ၊ နောက်ဆက်ခံ နန်းစံများကို၊ တွက်ငြားကလျှင်၊ ရာဇနွယ်မြောက်၊ ထီးအောက်ဝယ်၌၊ စမ ၇ယ်ခဲ့ကော၊ တစ်ဆဲ့ခြောက်တည်း''

**(ဘုရားဖူးသာခြင်း)**

''မြို့လောင်းကြက်ဝယ်၊ ဘုန်းတက်နွံလူ၊ ရာဇသူလျှင်၊ ဆက်ယူရွှေထီး၊ လွှန်လတ်ပြီးသော်၊ တသီးဆင့်ထောက်၊ နှစ်ဆက်မြောက်ဝယ်၊ မတောက်ဘုန်းမီး၊ မကြီး အားအန်၊ မင်းစောမွန်ကြောင့်၊ နှစ်မှန်တွက်စစ်၊ သကြဖ်အဌ၊ ဆ သတ တွင်၊ ဓညအောင်မြေ၊ အနေမလှ၊ ပျက်ကိန်းကျသည်''

**(သာစွလေလကၤာ)**

''မင်းစောမွန်လျှင်၊ ဗိမာန်ရပ်ဟောင်း၊ စံမညောင်းသည်၊ လောင်းကြက်ကခွာ၊ နောက်မျက်နှာ၌၊ သီတာမြစ်ခြား၊ ကုလားနေမှန်၊ သူရတန်ဝယ်၊ နှစ်ဆဲ့တစ်နှစ်၊ စံသည်ဖြစ်နှင့်၊ ထိုခေတ်ကာလ၊ ဓညဝတီ၊ ခေါ်ညီရခိုင်၊ စိုးပိုင်လောင်းကြက်၊ တိုင်းပြည် ပျက် ''

**(ဦးစံတင်)**

''သူရတန်မင်း၊ သားရင်းအသွင်၊ သနားကြင် ၊ နန်းတင်ချေဟု၊ ဦးလူခင်အား၊ ဗိုလ်ခြေများနှင့်၊ ခန့်ထား ဆောစွာ၊ ချီတက်လာလျှင်၊ နန်းရာမပျက်၊ မြို့လောင်းကြက်ခွင် ဆိုက်ရောက်ဝင်သော်''

**(ဦးစံတင်)**

''ချီလာခဲ့သော်၊ မကြာနေ့ရက်၊ လောင်းကြက်သို့ရောက်၊ စားသောက်ရပ်တင်း၊ ရခိုင်မင်းကို၊ ခင်းကျင်းတုံမှန်၊ မကျန်မကြွင်း၊ စီရင်လျှင်းမှ၊ မင်းစောမွန်အား၊ နန်းတင်ငြားရှင့်''

**(ဦးစံတင်)**

''ရာဇာစောမွန်၊ ရောက်လှာပြန်လျှက်၊ ဆက်လက် သာ၊ တိုင်းခွင်သာကို၊

စိုးလှာတွက်စစ်၊ သကြင်္ဇကား၊ တွင်လစ်သတ ၊ အဌအဌ၊ နှစ်ကောဇာဝယ်၊ မသွယ်မပျက်၊ မြို့လောင်းကြက်ကို၊ တည်လှာဆက်သည်၊ နေစက်လနှယ် တောက်ထွန်းတည်း''

**(ဦးကျော်မည်)**

''တောက်ထွန်းလနှယ်၊ ရန်မျိုးပယ် ၊ ဘုန်းကြွယ်မြတ်မွန်၊ မင်းစောမွန်ကား၊ အမှန်မပျက်၊ မြို့လောင်းကြက်ကို၊ ကနက်စိုက်ဆောက်၊ စိုးအုပ်မြောက်သော်၊ ထွန်းတောက်နာမ၊ ဥက သံ်၌၊ စိုးထနှစ်နှစ်၊ စံသည်ဖြစ် ၏''

**(ဦးကျော်မည်)**

''ယှဉ်ပြိုင်မဖက်၊ တခြက်ခြက်လျှင်၊ မသက်မသာ၊ နေကြခါ၌၊ ရာဇာစောမွန်၊ ရောက်လှာပြန် ၊ တဖန်လောင်းကြက်၊ တည်လှာဆက်သော်၊ ရန်ဖက်ခပ်သိမ်း၊ ကင်းငြိမ်းပျောက်လွင့်၊ ထီးဖြူဖွင့်သည့်''

**(သာစွလေလင်္ကာ)**

''ရောက်ကောဇာလျှင်၊ ခုနစ်ရာကိုးဆယ်၊ နှစ်ခုဝယ်တွင်၊ ဘုန်းကြွယ်စောမွန်၊ လောင်းကြက်မည်ကော၊ ရှိပြည်ရပ်ကို၊ စွန့်လွှတ်ပြန် ၊ ဂုဏ်ဝှန်ကဲးမိုး၊ ဆောင်ဘုံပျံ့နှင့်၊ အလွန်ထူးကော၊ မြောက်ဦးမြို့ကို၊ ဆောက်လို့တည်ပြန်၊ လှတင့်တယ်ကော၊ မြို့ပြည်သစ်မှာ၊ သုံးနှစ်စံလို့၊ နတ်ထံပြောင်းကြွ။''

**(ဘုရားဖူးသာခြင်း)**

❖❖❖

# မေရို့ ပန်ရာ ကဗျာတိ

**အသျှင်စက္ကိန္ဒ(ရခိုင်ပြည်နယ်)**
**၂-၂-၇၉**

ရခိုင်သည် ပွင့်လန်းခဲ့စဉ်က ပန်ရာပန်းများလည်းဝေဆာခဲ့သည်။ အလှပန်းဖြင့် ရခိုင်သူများတို့လည်း ကြက်သရေ တက်ထွန်းခဲ့သည်။ ပန်ရာပန်းတို့တွင် အလှပန်းကား အစဉ်တင့်ရွှန်းရန်လိုသည်။ တကြိုင်ကြိုင်သင်း တလှိုင်လှိုင်ဖြန်းနေရမည်ဖြစ်သည်။ သံတွဲသူစောရင်မိသည် သရဏာပွင့် ပန်းသုံးဆင့်ဖြင့်၊ မင်းခရီအလီခင်ကို မေနှင့်မိဋ္ဌာန်ပန်ရစေကြောင်း ဆက်သွယ်ကမ်းခဲ့သည်တကား။

ပန်းတကာတွင် သရဏာပွင့် သရဏာပန်းကားအတွတ်မြတ်ဆုံးတည်း။ ကြည်ဖြူနှလုံးအသက်ဆုံးဖြစ်သတည်း။ ထိုပန်းကို အချစ်ဆုံးမောင်တော်ကို ပန်ဆင်စေလိုသည်။ မောင်တော်နှင့်ချစ်ကြည်ဖြူစွာ ပန်သမှုပြုရစေလိုသည်။

စောရင်မိ၏ သရဏာပွင့် ပန်းသုံးဆင့်ကို မေနှင့်မိဋ္ဌာန်ပန်ချင်လိုသည်တကား။ နန်းတွင်းမိို့လည်း ပန်းသုံးပွင့်ကို ဖူးပွင့်စေချင်သည်။ တစ်ပွင့်ပန်းကား နေ့ခင်း ပွင့်လန်းသော နေရောက်လျှံတကား။ တစ်ပွင့်ပန်းကား ညဥ့်ခင်းရောင်ဝါလန်းသော ငွေလစန္ဒြာတည်း။ တစ်ပွင့်ပန်းကား နေ့ရောညဥ့်ပါတင့်တယ်လှသော သနင်းထွတ်ခေါင် ဘုန်းရောင်ရှင်တည်း။

ထို့ကြောင့် သူမသည် ဤသို့ တမ်းတခဲ့သည်မဟုတ်လော။

(၁) ပန်းသုံးပွင့် တစ်ပွင့်ပန်းကား၊ နီခင်းရောင်ဝါ နီကိုသာလျှင်၊ ပွင့်ပါပေ၏ အိုချစ်မိ။

(၂) ပန်းသုံးပွင့် တစ်ပွင့်ပန်းကား၊ ညဥ့်ခင်းရောင်ဝါ ညဥ့်ကိုသာလျှင်၊ ပွင့်ပါပေ၏၊ အိုချစ်မိ။

(၃) ပန်းသုံးပွင့် တစ်ပွင့်ပန်းကား၊ နီခင်းတည်းပွင့် ညဥ့်လည်းပွင့်၏။ သနင့်ထွဋ်ချာ၊ စောရာဇာကို၊ စာဆိုအကျွန် မြင်ပြန်လတ်၏။ အိုချစ်မိ။

ရခိုင်သူတို့ကား ပန်းအလှဖြင့် တင်ခဲ့သည့်အတိုင်း ဗုဒ္ဓမြတ်စွာ၊ ထွဋ်ချာသနင်း၊ ပန်းများမင်းကိုယ် ဓညဝတီခေတ်ကပင် ပန်ဆင်လာခဲ့ကြသော ပန်းဘုရင်မများ ပေတကား။ ထို့ကြောင့် အထွဋ်ဆုံးလုပ်စရိပန်း၊ လိစ္ဆရီ၊ လိစ္ဆိ၊ ဂေါ်သဇင်၊ ပဒုမ္မာကြာ ပန်းတို့ဖြင့် သနင်းထွဋ်ချာ၊ ထိပ်တော်မှာ ပန်သခဲ့ကြပေ၏။ ထိုပန်းတို့ကား တခေတ်က လန်းခဲ့သလောက် ရခိုင်မှာပွင့်ဆန်းခဲ့သည်မဟုတ်ပါလော။ ရာသီအလိုက် ပန်းများကို ဆွတ်ခူး ဗုဒ္ဓသခင် မေ့ထွဋ်တင်ကို ပန်ဆင်ခဲ့၏။ ပန်းအောင်ပွဲ၊ မာလာပြန်ပွဲ၊ ပြော့ဦးဘုရားစင်ပွဲ၊ နွှဲခဲ့သည်တကား။ ပန်းတကာတွင် သရဏာပန်း၊ (ကိုးကွယ်ရာပန်း) သရဏာပန်းခေါ် ''ဘုရား၊ တရား၊ သံဃာ'' ပန်းသုံးဆင့်သာ အမြတ်ဆုံးဖြစ်သည်ကို ရခိုင်သူမတို့အသိဖြစ်ရှိကြသည်။ တမ်းတဆွတ်ခူးခဲ့ကြသည်။ ရခိုင်မှာသာ ပွင့်ပါရန် ရည်မှန်းခဲ့ကြသည်။ ထိုပန်းကို မေ့ို့ပန်ရာပြုခဲ့သည်။

အလားတူ ရခိုင်တောင်ခွင်တောင်တန်းတို့မှ အလှပန်းများကိုလည်း မခြောက်လန်းစေလိုချေ။ ဖူးပွင့်သမျှ မေတို့ပန်ရာသာဖြစ်စေချင်သည်။ မောင်တို့ချစ်စဖွယ် အလှဝေ ဖိုးစေလိုသည်။ တခေတ်က ရခိုင်ိုးရာ ကိုယ်မွှေးဖြင့် ဝင်းလှကြိုင်သင်းရနံ့ ချင်းစေလိုသည်။ ဆေးပန်းို၊ ပစဲ ပဲနံ့သာစေ့တို့နှင့်အညီအမျှ အမှုန့်ပြု ပွတ်လိမ်းလာခဲ့ကြသည်။ ရေမိုးချိုးစဉ်အခါ ပွတ်လိမ်းခြင်းဖြင့် ချေး‌ ေ၁ကင်း အသားအရေဝင်းစေသည်။ အစဉ်လိမ်းသဖြင့် မွှေးကြိုင်သင်းပျံ့သော ရနံ့လှိုင်စေသည်။ ယင်းသို့ တကိုယ်လုံးဝင်း သင်းပျံ့ကြိုင်လှိုင်တင့်နိုင်အောင် ဆင်ယင်ပန်သလျက် ''သျှင်သာရခိုင့် တန်ဆောင်လေ့''ဟု အသရေဖြန်းကြွရပေလိမ့်မည်။

ရခိုင်သူမ၏ တင့်ရာစဖွယ်၊ ပန်ရာပန်းထွေထွေတွင် ရခိုင်ဓလေ့စိုက် ယဉ်မှုဟန် တဝေဝေတို့ကို မပိုက်သင့်ပေ။ ထို့ကြောင့် ရခိုင်သူတို့၏ ပင်ကိုယ်အလှများကို ရွေးချယ် ပန်သချင်စဖွယ် ပန်ရာကဗျာပန်းတို့ကို လန်းဆန်းစေရန် အစဉ်ရေဖြန်းဆွတ်ခူးကြရမည်။ ဓလေ့အလှကိုရွေး စိုက်ပျိုးကာ အစဉ်မပြတ်ဆင်ကြရန် မေ့ို့ပန်ရာပန်းခင်းကို လှတင့် လှကောင်း စင်တင် ပြုကြရမည်။ မိမိနှင့်လှတင့်ရာ လက်ငင်း ရွေးချယ် ဖလှယ်ပန်ဆင်ကြစေလိုသတည်း။ (စောပြည့်ို စာပီပိုင်းအတွက် ရည်ရွယ်လျက်)

## မေရို့ပန်ရာကြာပဒုမ္မာ

အတွင်းကန်မှာ ကြာနီထောင်သောင်း
ကြာပေါင်းထောင်ရာ၊ ပွင့်သောခါလည်း
မေ့ို့ပန်ရာ ပဒုမ္မာကား မပါသီ။
အပြင်ကန်မှာ ကြာနီထောင်သောင်း
ကြာပေါင်းထောင်ရာပွင့်သောခါလည်း
မေ့ို့ပန်ရာ ပဒုမ္မာကား မပါသီ။
ယင်းကြာပွင့်ကား သာတောင်းသာယာ
ရခိုင်မှာသာ ပွင့်စပါလိ၊
ပွင့်ပါလိမေ၊ ပွင့်လိမေ။

**(အသျှင်စကြိန္ဒ၏ ရခိုင်သဘာဝတေးကဗျာများမှ)**

## ရွှီပြည်ရက္ခိုင် မဏ္ဍိုင်စိုက်ထူ

ရက္ခမယေမဏ္ဍိုင်၊ မျိုးရခိုင်လေ
ကြိုင်ကြိုင်လည်းသင်း၊ အပြည်ပြည်မှာ
ကျော်သတင်းနှင့်၊ ခပင်းရန်သူ
မပြုကင်းဝီး၊ ပြည်ဗဟိုရ်မှာ
ပန်းယောင်းမွှီးလို့၊ ပူဆိပူဆာ
ငါ့ို့မှာလေ၊ ကြောင်းရာမဟိ
ချိုင်းအိအိနှင့်၊ ရက္ခဝံသာ
မျိုးဇာတာလေ၊ လန်းကာပွင့်ပြူး
မေ့ို့မှာလေ၊ မှန်ကင်းဖူးသို့
ထူးထူးချွန်ချွန်၊ စစ်အောင်လံကို
တံခွန်လည်းထူ၊ ရွှီပြည်သူမှာ
ပူမဟိကေ၊ ချိုင်းအိအိလေ့။
ဝမ်းသိဝမ်းသာ၊ ပျော်ရာပျော်ပါး၊
ရခိုင်သားလေ၊ သာစွလေ။

## ပင်လယ်ငါးသဘင်

ရန်ဝိုင်မြို့ရွာ၊ ထွက်သွားပါသည်၊ ယင်းခါတွင် ကမ်းမမြင် လတာမှာ လိပ်ကျောက်ငမန်း၊ ပြွန်းပြွန်းပေါ်လှာပြန်က၊ ငါးဆင်သာရောက်လတ်မှ၊ ငါးတောင်သူလည်း၊ ရီတွင်ဖြိုထိုးကြ၏။ လင်းသျှုကပေါ်လှာကာ၊ ရီမိကျောင်းလည်း တိုက်မည်ချည်းသာ

ရှာလျက်၊ ပြင်သာမှာတရွ၊ ပတ်ကာဝန်းကာ၊ ရစ်ကြပါသည်။ ထိုမှလိပ်ငန်းမကို၊ ဆောင်ရှားကပြု ုပ်ဟန်၊ ငါးဓားရှည် ရီတွင်ခုန်လွှားပြန်လျက် တခါးဟန့်သူ့ဘာသာ၊ ငါးသဘင်ကို ယင်းတွင်မြင်ရပါ၏။

**(မြန်မာချီရတုမှ)**

(အိမ်ရှင်မကလင်မောင်ဒေးဝန်းကြီးအောင်ကျော်ရှိ မြန်မာပြည်သို့ ရေလမ်း သွားစဉ်မြင်ရပုံကို မောင်ဖွဲ့ရတု စပ်ဆိုထားသည်)

## ပင်လယ်ငှက်သဘင်

***(ငါးသဘင်မှ အဆက်)***

(ငါးသဘင်ကို ယင်းတွင်မြင်ရပါ၏။) ဝေဘူမှာစဉ်ကာမျော၊ တင်းကျိုပ် ငယ်လည်း၊ ရီတွင်ငုတ်ကာစားလျက်၊ ကြိုးကြာမှာ တဌာန၊ အဦီစင်းစင်း လိုင်ကြင်းကြင်း (ကျင်း ကျင်းဆင်၏)နှင့်၊ ခုန်ဆင်းခုန်ဆင်းကြ၏။ ရီရှက်ပဟာသ်ာမှာ၊ မောင်နှံနှစ်ပါး၊ တူစုံသွား ၊ တောင်ဖျားယှက်ချုံကာနှင့်၊ အစာလာခွံကြလျက်၊ လိုင်ချင်းယှက်တင်၊ မြူးပျော်ရွှင်သည်၊

ရီတွင်သဘင်ငှက်တို့၊ မေချစ်သက်ပြင်သောခါ၊ သားဦးမိခင်၊ ငယ်ကျွမ်း ဝင်သည်၊ ယင်းတွင်မြင်လှာ၏တည်း။

**(မြန်မာချီရတု)**

## လင်ဖိန်တုံး

ပဒုံးပယောင်ယောင်၊ ရမောင်လေ၊
ဖိန်းသမတို့၊ မယားမစစ်၊ သားမစစ်
ဖိန်းယစ်လို့ပင်၊ မီးပြင်ပြင်၊ လက်တွင်ဆီးလိပ်
ဘယ်က ုပ်လို့၊ မအိပ်ယောင်ယောင်၊ အိပ်ယောင်ယောင်
သပေါက်ဆိုးမှာ ကားရီကားရား၊ လူတကာပိုင်
အားခွန်ထုတ်၊ လုပ်မစားလေ၊ မယား ိ့မှာ
ခါးမှာဖွိသာ၊ တအာနာ ခါးမှာမဟီ၊ အိမ်ရောက်ခါ
ရွှာပြတ်မိ၊ နင်ိ ့ကြွနြေ်ရတတ်ကော၊
မျက်ရည်ကိုသုတ်၊ တူ ပ် ူပ်နှင့်၊
လူလိုပိတ ၁၊ မေတ ၁နှလုံး၊ စိတ်ပူပင်
လင်ဖိန်းတုံးလေ။

**(နန်းတွင်းမိ ိဆို –အထောက်)**

## ပေးပါဆေးလိပ်

**(ဇမ်းလက်ာ)**

ခကိုသဝေ၊ ဝကိုတွယ်
ဝစ်ကိုလည်းစီး၊ လမှာဝတင်
ဂကို ပက်လှန်၊ တန်ခွန်လည်းလွှား
ပုစ္ဆာများကို၊ ပြောလိုက်ပါလေ၊
ပေးလိုက်လေ၊

**(ရခိုင်သူစာဆိုနန်းတွင်း မိဖွဲ့)**

ဝစ်= (ဝစ )ဝစ ပေါက်၊၊

## မေရှိလှို

(လရဲးပြ၊ တက်ရဲးပြ)
ိနန်းတော်က လှိုပြိုင်ချ၊
သစ်ခက်သစ်ပင် ဦးမှာတင်–ဦးမှာတင်။
ပွဲစင်ကလျော် ဦးကလျော်
လှိုလျှော်ကောင်း၏၊ မေ့ိလှိုဟော့။
လှိုကောင်းရေနန့်၊ လားရေနန့်ဟော့။
တဆွဲငါးလံ၊ သဘော်ာပျံ၊
လိုက်မည်ဆို၊ လိုက်မည်ဆိုကေ၊
လောင်းအိုကြံဆစ်၊ နောက်ကလိုက်။
ကြံဆစ်လောင်းမှာ ထီးမပါကေ။
မေ့ိထပိန်၊ တင်းထိန်းခါးကြိုး
ထီးလုပ်လို့မိုး။

**(ရမ္မာဝတီကုန်ဗွီ ကျောင်းဆရာတော်မှ)**

## အိပ်ပါပုလဲညာ

(ပုခွက်ရွှဲသားချော့)

အိပ်ပါအိပ်ပါ၊ ပုလဲ့ာကေ၊ သည်းချာတဦး
မြေအေးယဉ်မှာ၊ တင်ကာကျူးကေ၊
သားဦးမောင်လှ
မက လာလည်းတထည်၊ လျှော်လည်းတထုံး၊
နောက်ကဖုံးကေ၊ ပြုံးသိပုံသွင်

ကျွဲကျောင်းဝင်လေ၊ မမြင်လိုက်ရ၊
ချစ်တေသူလေ၊ အသံပီးကေ
အဝီးကလေ၊ အဝီးက။

## ချစ်ရောက်မဖို့ သတင်း

အဝရာလည်း ရိုင်နှ်၊
အဖျားရာလည်း ရီကောင်း၊
ကုန်သည်ပျော်ကေ၊ ရီသာချောင်းမှာ
ဝါးရောင်းလားခါ၊ တင်းဝါးပါရေ
ဝယ်ပါခလိုက်၊
ကောက်ျင်းဆန်ကို ဖြူယောင်ဖွတ်ကေ၊
ဖုတ်စားကတ်မေ၊
ချစ်ရောက်မကို မှာလိုက်တေလေ။

## ရက်ကန်းတတ်စောင်

တွင်းပူး တွင်းခိုင်၊ အပြိုင်လက်ယှက်
လေးတိုင်စင်ကေ၊ ယဉ်စင်ထက်မှာ
တန်းပြက်စီ၊ ကြိုးခြီ၊ မပါစီဘဲ
အနားညီယောင်၊ နှုတ်ရှိသံမြ၊
သမီးပျိုကို ပြောဆိုပြရေ။

**(တန်းခိုးဆရာထွန်း)**

## သဇင်ပန်ရာ

သဇင်စပေါ် လနတ်တော်မှာ
ဗိုင်းပိုင်နှင်းဖြန်း၊ သဇင်ပန်းမှာ
ဆက်ဆက်လန်းရေ
ပွဲရောင်ယင်းပန်း၊ ဆွတ်ခူးပြီးကေ
နန်းဗရဝေ၊ ဆောင်လို့ယူကေ၊
ဦးစမြတ်စွာ၊ ပူဇော်ပြီးမှ
ထိပ်ခေါင်လျှင်ပန် ပြီးကေမိ
ကျွန်မကုမ္မ၊ နောက်မှပန်ရ။

## ပေါ်ဦးသဇင်

ပေါ်ဦးသဇင်၊ အထွတ်တင်

တတန်ရ သားအဖို့
တတန်ရ ခယ်မဖို
ပြော့ထက်ဦး အိမ်ဦးဘုရားစင်၊
ညောင်ရီအိုး၊ မိခယာလား–အိုမတ်သျှေ။
ဖောင်ပင်မိုက်လား အိုမတ်သျှေ။
ထုံးတမ်းစဉ်လာ၊ ဘိုးစဉ်ဘောင်ဆက်
မိုးဖလာ၊ ဟိရေစွာကို
မြင်ခယာလား–အိုမတ်သျှေ။
ဖောင်ပင်မိုက်လား အိုမတ်သျှေ
ကောက်ဦးသဇင်၊ ဘုရားတင်
အိမ်ဦးအရ တတန်ပန်၊
အိပ်သျှင်ရာသျှင်၊ ပူဇော်ပသ၊
အလယ်ဆိတ်ထရံ နတ်ပြွန်အိုး။
ထိုးပြီးကေမှ၊ ပန်ရစွာကို
မိခယာလား အိုမတ်သျှေ
ဖောင်ပင်မိုက်လား၊ အိုမတ်သျှေ။

**(သုတေသီ မောင်သာအောင်(ကွယ်လွန်)ထံမှ**

## ငယ်ကကျွန်းကို လွမ်းဖို့ဆို

ကဝိကဏ္ဍ၊ ကျမ်း၌ပြထား
အယင်ကခါ ပြည်ဓညာဝယ်၊
ဝေသာနန်းမ၊ ရာဇတန်ိုက်
ဝဏ္ဏပဘာ၊ ကလျာမေလျ၊
အလှသဇင်၊ တသလျှင်သည်
မြင်ရအာုံ၊ စွဲထုံတတ
ဂိုဏ်းရှစ်ဝဖြင့်၊ ဖော်ပြပြီးခါ
ပဘာမည်ရ၊ သုဝဏ္ဏသည်
ငယ်ကကျွမ်းကို၊ လွမ်းဘွဲ့ဆို
တသတည်း။

**(ဆရာဦးဦးသာထွန်းထံမှ)**

## အပျိုမမွတာ၊ ဆိုပြောကြရာ

ဇမ်းလင်္ကာဖြင့်၊ မေသာတလှည့်
မြကြာညောင်မှာ၊ မောင်တလှည့်နှင့်

ဖွဲ့နွဲ့ပြောဆို၊ ညဥ့်ဗဟိုရ်လေ
သုံးဗိုရ်ကူးပြောက်၊ နာရီဆော်ကေ
ခါတော်ရောက်လို့၊ မိုးသောက်ချိန်တန်၊
ကြက်ဦးတွန်သော်၊ ဘုန်းလျှံမင်းသား၊
နန်းဝေယံက ပြန်လေငြားရေ။

**(တန်ခိုးဆရာထွန်း)**

## မဝါစီချင်

ခပြုံးလည်းရယ်၊ ကညာပျိုလေ၊ ဆိုပြာချောမှာ၊ ပြောလတ်တေလေ ဝါခြည် ရက်ကန်း၊ ဆေးထန်းရွှေဝါ၊ နန္ဒင်းဝါသို့၊ ခဝါတန်းက၊ ဝါဂွမ်းလိုလို၊ ဝါခြည်လိုကေ၊ ဝါဆိုကုန်ထ၊ ဝါခေါင်လမှာ၊ ဝါမရှိတွင်၊ မွှီးမိခင်လျှင်၊ ဖွားမြင် ပေ၊ သင်္ကန်းဝါကို၊ ခဝါဖွတ်သို့၊ ဝါလတ်တေလား၊ ဝှက်ကွယ်မထား၊ မေ၏ထံမှာ၊ မှန်ရာပြောကေ၊ များပြားရတနာ၊ ငွေသပြာလေ၊ ဆုတော်ချမည်။

**(တန်ခိုးဆရာထွန်း)**

## မောင်ကိုတမ်း

(လက်ဵိုးလှလင်္ကာ)
တောကျောင်းဝိဟာ၊ တိုက်တော်သာက၊
မလာမောင်ကြောင့်၊ စိုးနှောင့်ဗျာပါ
သလွန်သာဝယ်၊ မေသာခေါ်ထူး၊
မကြားဘူး ၊ ညဥ့်ဦးသန်းခေါင်
လရောင်ပေါ်ထွန်း၊ မောင်ကိုလွမ်းသည်
ႁန်ႁန်းမျက်ရည် ယို၏တည်း။
(မူကွဲ–မကြားဘူးသည်)

## တွက်စားမကျို၊ ဝမ်းမကြွီ

ဖြောက်စိတ်ကေရာ လဆိုင်းထမ်း
ကောင်းကင်ပြည်မှာ ကြယ်ကနန်းကို၊
ဦးစွန်းတော်က ကြယ်ကြည့်မေလိုင်
မိုးနှင့်နွှီ၊ ရာသီရာလေ အပြောင်း
မြတ်ရာ ဝင်ကေ သျှင်ပင်ကျောင်းက
သစ်မောင်းစည်သံ တီးလတ်တေလေ။
အခါကျလို့၊ မေလှနှစ်တွင်၊
စိတ်မရွှင်လေ၊ နိုးလျှင်ဗျာပါ၊

အဖြာဖြာကို၊ ဝမ်းမှာတွက်လို့၊
တသက်မကန့် နိုင်တကားလေ။

**(ရခိုင်သူစာဆိုစောလုံမဖွဲ့)**

## တပ်အပ်မင်္ဂလာ၊ မြင့်မြတ်ရာ

(မြတ်ရာဝင်ရှင်အဖြစ်)
သားငယ်သားကြီး၊ ငါမိခင်လေ၊ ရွှေရင်သွီးို့
ကြီးခဲ့တုံမြောက်၊ မျက််သဖွယ်၊ သက်နုနယ်က
အရွယ်ရောက်လျှင်၊ နှစ်ယောက်ညီနောင်၊ ရှေ့နောက်မြင်
မိခင်ဖွားကော၊ သားလှမောင်တို့၊ ပြောင်ပြောင်ဝါ့ွန်း
စီဝရံလေ၊ ဖန်ရည်စွန်းသည်၊ သင်္ကန်းသပိတ်၊
ဆံကေသာကို၊ ပယ်ကာရိတ်ကော၊ ပရိက္ခရာ၊
ဝတ်ပန်းဆင်လို့၊ ရှင်အဖြစ်ကို၊ အင်ရှစ်ဖြာနှင့်
သာသနာတွင်း၊ တင့်အပ်မင်္ဂလာ၊ မြင့်မြတ်ရာသို့
သွတ်ကာသွင်း ၊ ဆောက်နှင်းအောင်မြိုက်
အရဟမည်တွင်၊ မြတ်ရာဝင်လေ၊ ရှင်အဖြစ်၌
သားချစ်နှစ်ယောက်၊ အစမ်းဝင်လေ၊
တဝင်သောက်တို့၊ ချီးမြေ ာက်ပြီးရေ။

**(တန်းခိုးဆရာထွန်း)**

## ရှိပန်းတူစကားစဉ်ဆိုသံ

**(ကျား မ အတင်အချ ဆိုဟန်)**

ကျား (အတင်) – ရှိပန်းတူ မောင်ပင်၊ ွန့်ရှင်လုံးတက်၊ ထိုမှာဖက်က ကျွဲခတ်တေလေ၊ ကျွဲပွဲကြည့်စောင်၊ နင့်သမီးကို ခေါ်လာဖို့ လေး။ မေမထားို့။
မ (အဖြေ) – မခေါ်ပါလီ–ခေါ်ပါလီ၊ သမီးဖြူကမကြီးသိ၊
ကျား (အတင်) – နွားသရီ၊ ဆိတ်ရိပြင်လို့၊ နှင်းလာဖို့လေ၊ မေမျှားို့၊
မ (အဖြေ) – မနှင်းပါလီ၊ နှင်းပါလီ၊ ကျွန်မချစ်သူ၊ သမီးဖြူက မကြီးသိ။
ကျား (အတင်) – ကျွဲပွဲကြည့်စောင်၊ ခေါ်လာဖို့ဆိုရေ–ဇာခါကလဲ။
မ (အဖြေ) – အကျွန်တခါ၊ မပြောပါဘူး၊ ိပန်းတူ၊ ိပန်းပြောက်၊ (တပြက်နှစ်ပြက်၊ မေလက်ပြက်၊ ဖြူကန ၁း၊ နွားကပုတီး၊ မင်းသမီး၊ ညီးညီးပြောင်ပြောင် မိုးရွှီးတောင် ိတောင် တက်မေ၊ ငွီဖြူပြာ၊ လူလာထွက်)

## ပန်းသုံးပင်ပွင့်ငုံဆင်

(အဲးခြင်း)

တီတီလီရေ၊ တီတလီဝန်းကျင်
သစ်သားသုံးပင်၊ မေအိမ်ရှိမှာ၊ ပွင့်မုံဆင်လေ။
တပင်ထက်လျှင် တပင်မမြင့်၊
ပန်းသစ်သားမှာ အဆင့်ဆင့်လေ။
တပင်နှင့်လျှင်၊ တပင်တိတိ၊
တတန်မုံဟန်၊ နှစ်တန်ကြိုင်အီး၊
ပန်းသစ်သားမှာ၊ ရှာလုံးမွှီးလေ။
သုံးတန်ပုံဟန်၊ လေးတန်ကြိုင်အီး၊
ပန်းသစ်သားမှာ ပြည်လုံးမွှီးလေ။

❖❖❖

# ရခိုင်ဉာဏ်စမ်း ပန်းဖွက်တမ်း

ရခိုင်တွင် ပန်းဝှက်နည်းဟူ ယဉ်ကျေးမှုရှိသည်။ ဗမာတွင် စကားထာဝှက်နည်းကဲ့သို့ဖြစ်သည်။ ပါဠိအသုံးနှင့်ဆိုလျှင် ပဟေဠိမေးဖြေခြင်းဟုဆိုနိုင်သည်။ ဤသို့ ပန်းဝှက်၊ စကားထာဝှက်၊ ပဟေဠိမေးဖြေများသည် လူတို့၏ စိတ်ကူးစိတ်ထားကြံဖန်ရည် အစွမ်းအစ ဉာဏ်ရည်ပေါ်တွင် ဖြစ်ပေါ်လာရခြင်းဟု ဆိုနိုင်သည်။ ရခိုင်က ပဟေဠိစကား ထာပန်းကိုဖြေ ဖော်မရလျှင် ပန်းအစားပင် ပန်းတစ်မျိုးမျိုးကို လျော်ကြေးအဖြစ်ပေးရသည်။ ထိုအခါ ပထမပန်းဝှက်မေးသူက အဝှက်ခံမဖြေနိုင် လျော်ကြေး၊ ဖော်ကြေး၊ ဖြေကြေးအဖြစ်ပေးသော ပန်းအစားကို ဥပမာ–နှင်းဆီပန်း၊ ကံ့ကော်ပန်း ယူလေဟုပေးသည်ကို ဘုရားပန်းတင်ခြင်းပြု အဖြေမှန်ကို ဖော်ပြလိုက်ရသည်။ ပန်းပေးခြင်း၊ ဘုရားတင်ခြင်းတို့မှာ တကယ့်ပန်းကို တကယ်ပေးခြင်း၊ တကယ် ဘုရားတင်ခြင်း ပြုသည်မဟုတ်၊ ပါးစပ်နှင့်ပန်းပေး ပါးစပ်နှင့် ဘုရားတင်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် စကားထာဝှက်သော ပဟေဠိပုစ္ဆာမှာ စကားဖြင့် ဝှက်သဖြင့်၎င်း၊ ဝှက်သောစကားမှာလည်း အရာဝတ္ထုအဖြစ် အဝှက်ခံပစ္စည်းဟူ ပန်းကိုတင်စားအမည်ပေးထားခြင်းဖြင့်လည်းကောင်း ရခိုင်က စကားဝှက်ပန်း၊ စကားပန်းဝှက်ဟု ဆိုလိုရိပ်ရှိသည်။ သို့သော် အတိုချုံးအားဖြင့်ကား စကားဝှက်သည်၊ စကားပန်းဝှက်သည်ကို ပန်းဝှက်တမ်း၊ ပန်းဝှက်နည်း ကစားသည်ဟု အစဉ်အလာ အသုံးပြုလာခဲ့ကြသည်။ ထိုပန်းဝှက်ခြင်းကား စကားတန်ဆာဆင်လျက် ဝှက်လိုရာကို အတုအစားပြု ဖြစ်စေ၊ သဏ္ဍာန်ဟန် ပန်လွှဲပြောင်း ဖြစ်စေ ဥပမာ ဥပမေယျ အတင်အစားနည်းပရိယာယ် အမျိုးမျိုးချယ်လှယ်လျက် ဉာဏ်ကစားခြင်း၊ ဉာဏ်စမ်းပုစ္ဆာလုပ်ခြင်းဖြင့် ဝှက်ဆိုကြရလေသည်။ ထို့ကြောင့် ပန်းဝှက်သူများကငင်း၊ အဝှက်ခံရသူ (ပန်းဖြေ–ပန်းဖော်) ကငင်း၊ ဉာဏ်စွမ်း ဉာဏ်စလိမ်မာရေးခြားရှိရသည်။

ထိုသို့ အချင်းချင်း ဗဏ်ကစားခြင်း ဖြင့် ဗဏ်စမ်းသတ်ခြင်းဖြင့် ဗဏ်ရည်ဖန်ရည် ကြံရည်များမှာ တစစပွင့်လင်းလာ နိုင်လေသည်။

## ရခိုင်ပန်းစကားများ

၁။ အလင်း(၁၀)လင်း၊ ငါ့ပန်းပီး။ (ပုလင်း၊ တလင်း၊ လင်းချူ၊ လင်းတ၊ လင်းမြီ၊ လင်းကွက်ငှက်၊ လင်းညိ၊ မိုးလင်း၊ လင်းပြား၊ လင်းယုန်)။
၂။ အသီးထက်က အပင်၊ အပင်ထက်က အသီး။ (နနွ်ရာသီး၊ နာနတ်သီး)။
၃။ တောင်ကြိုတောင်ကြား၊ လှီယှေ့တစင်းလား၊ (ရွှန်း၊ လွန်း၊ ရက်ကန်းလွန်း)။
၄။ တောင်သုံးလုံးကျော်၊ အော်ပွင့်တေပန်း၊ (တောင်သုံးလုံး ခုံလောက် သုံးလုံး။ ပန်းပေါက်ပေါက်ပန်း)။
၅။ နတ်သမီးရီးတွင်း၊ မဖြည့်ဘဲနှင့်ပြည့်၊ (အုန်းသီး၊ ကုလားအုန်းသီး)။
၆။ နတ်သမီးအိမ်တိုင်၊ ပိုးမဖောက်နိုင်၊ ဖောက်ပြန်သော်လည်း တစ်ပေါက်တည်း။ (ခြုပ်အပ်နဖား၊ ချုပ်အပ်နဖား)။
၇။ လားကေ ခြို့ခြို့၊ နီကေ စမ့်စမ့်၊ (ခေါင်းခု)။
၈။ လားကေ စမ့်စမ့်၊ နီကေ ခြို့ခြို့၊ (မြီ၊ မြွေ)။
၉။ ခုလီခုလပ်၊ ခွက်ငါးချပ်၊ (ဒပြုတ်သီး၊ သပြုသီး)။
၁၀။ ဂြင့်ခါးသီး–ထက်ခြမ်းခွဲ၊ တိုင်မှာ ကပ်ဇာလဲ။ (ပက်ကျိတ်၊ ပက်ကျိ)။
၁၁။ ထိုရှိကနီ–နီတာရဲ၊ တွဲလွဲကြီး၊ (နှပျိုဖူး၊ ငှက်ပျောဖူး)။
၁၂။ ခြီယှစ်ချောင်း–ခေါင်းမပါ၊ ရယင်ဖော်လီ ဘရဏီ၊ ခြီယှစ် ချောင်း– ဗရနောင်၊ အဂေါင်းမပါ–ဘရချာ၊ ဖော်ပါလီဖိ–ဗရချီ။
(ကနန့်၊ ဂဏန်းကောင်)
၁၃။ ကျောက်ဖျားပေါ်၊ မှိုတစ်ပွင့်။ (ဖိုးရွှေလ)။
၁၄။ ထိုရှိကနီ–နီတာရဲ၊ သွီးဖျင်ဖျင်နှင့်၊ (နီမင်၊ နေမင်း)။
၁၅။ ထိုရှိကလာ၊ ရတနာငှက်ကြီး၊ သွီးချင်းချင်းနှင့်။
(ဆွမ်းပို့အုပ်၊ ဆွမ်းအုပ်နီ)။
၁၆။ ဆင်မငါးရာ၊ ရီသောက်လာ၊ ခြီရာလည်းပျောက်၊ ရီလည်းနောက်။
(ဆန်ဆီ၊ ရီ၊ ဆန်ဆေးရေ)။
၁၇။ ငါ့နွားတကောင်၊ ဘို့တစ်ထောင်၊ (ဂြင့်ခါးသီး၊ ကြက်ဟင်းခါးသီး)။
၁၈။ အဝီကလာ မဲမဲ၊ အိမ်မှာရောက် ရဲရဲ၊ (ကနန့်၊ ဂဏန်းကောင်)။
၁၉။ အဝီးကလာ ရဲးရဲး၊ အိမ်မှာရောက် မဲးမဲး။ (အိုး)။
၂၀။ နို့ချဉ်တအိုး၊ လက်မထိုး။ (ချီးအိုး၊ ချေးအိုး)။
၂၁။ တောင်ထက်က မှိုင်းစရီ၊ လီထလို့ မကြွ၊ (ဆံပင်)။

၂၂။ အိမ်တိုင်းအိမ်တိုင်း၊ ဒိုင်တချပ်။ (စံကိုး၊ စကော)။
၂၃။ အဖိုးချီတုံး လားမဆုံး။ (ကာရီ၊ လယ်ကန်သင်း)။
၂၄။ စစ်သားငါးရာ၊ ဆင်းလို့လာ၊ တောင်ပုတ်မှာရောက်၊ ငုတ် တုတ်တုတ်။ (တောင်ပုတ်မှို၊ တောင်ပို့မှို)။
၂၅။ ဆင်မဝမ်းခေါင်း၊ လောက်တသောင်း (ထမင်းအိုး)။
၂၆။ နင့်မှာလည်း အလုံးနှင့် အခေါင်းနှင့်၊ ငါ့မှာလည်းအလုံးနှင့် အခေါင်းနှင့်၊ ငါ့စွာထိုး၊ နင့်စွာပြကျ။ (သော့ခလောက်နှင့် သော့)။
၂၇။ အိုး မဟုတ်၊ အရီပင်လယ်ကူး ခရေ။ (မှို့၊ မျှော့)။
၂၈။ ကြွက်ကိုလိုချင်၊ ကျွဲကို လက်စွပ်၊ ည ပ်မီးလတ်။ (ကြွတ်၊ ကျွတ်ကောင်)။
၂၉။ ငတောင်သူတကောင်၊ မျှိုးနီရေ။ (ဖြားရီ၊ ဒီရေ)။
၃၀။ မောင်ိ့ုတကယ်၊ လားကတ်တော၊ လားလို့မဆုံ၊ ငုတ်တုံးတုံး။ (ပင်လယ်)။
၃၁။ မစိမ်းကပက်လက်၊ ဖြေူကွက်၊ နေက်က ဝင်လို့နှက်၊မော ကပြင်က စောင့်။ (မစိမ်း–ကွမ်း၊ ဖြေူ–ထုံး၊နေက်ကေ–ရှားစေး၊ မော–ကွမ်းသီး)။
၃၂။ တောင်ကျိုင်ကြားက ဟုန်လို့လား၊ လူလည်းမမြင်၊ နတ်လည်းမမြင်။ (လီ၊လေ)။
၃၃။ အပုတ်အပုတ်–သုံးပုတ်။ (ဝက်ပုတ်၊ ဥယျာဉ်ပုတ်၊ ဝါးပုတ် ချောင်း)။
၃၄။ ချင်းမ ငါးထောင်၊ ပလောင်မ ငါးသိမ်း၊ ကွမ်းနှစ်ယာကို ဝီလို့စား။ (ချင်းမငါးထောင် နေစေ၊ ပလောင်မကရသော ငါးကို သိမ်းဆည်း နေစေ၊ ၎င်းတို့နှစ်ယောက် ကွမ်းနှစ်ရာကို တစ်ယောက်တစ်ယာစီ ခွဲဝေ စားစေ)။
၃၅။ ဘုန်းကြီးမောင်နှမ၊ လူလင်မယား၊ မုန့်သုံးယှက်ကို၊ ဝီလို့စား၊ (လူလင်မယားတွင် မယားက ဘုန်းကြီးနှမဖြစ် ၊ ဘုန်းကြီးတစ်ပါး၊ လူတစ်ယောက်၊ မိန်းမတစ်ယောက်၊ ပေါင်းသုံးဦးဖြစ်သည်။ ဘုန်းကြီးက မုန့်တယှက်၊ ဘုန်းကြီး၏နှမလည်းဖြစ် လူ၏မယားလည်းဖြစ်သူက မုန့်တစ်ယှက်၊ လူက မုန့်တစ်ယှက်အားဖြင့် သုံးဦးက မုန့်သုံးယှက်ကို ဝေစားကြသည်)။
၃၆။ အမိက မြီထဲလူ၊ အဖက တောင်ရင်းသား၊ သားကစျာန်နှင့်လား။ (မြီးပန်းတူ၊ ပန်းတူတံ၊ မီးခိုး။ မြေဆေးတံ၊ ဆေးတံိုး၊ မီးခိုး)။
၃၇။ အခြီလေးချောင်း၊ ဗရနောင်း၊ အခေါင်းမပါ။
ဗရချာ၊ ဖေါ်ပါလီဖိ–ဗရချိ၊ (စားပွဲခုံ)။
၃၈။ ကျွဲခြီရာတခွက်မှာ၊ ချီးတုံးတစ်တုံးပါ၊ (ငါးစလုံး)။
၃၉။ အဖိုးငုတ်စုတ်၊ ထမိန်ခြုပ်၊ (ဖားပြုတ်)။

၄၀။ လျှာကပါယင့်၊ စားဖို့မတတ်။ (ကပ်ပယ်၊ ချိန်ခွင်)။
၄၁။ လည်းပင်းကပါယင့်၊ မလှုပ်နိုင်။ (ရီကတောင်း၊ ရေတကောင်း)။
၄၂။ နှုတ်သီးက ပါယင့်၊ မတို့ဆိတ်နိုင်။ (ဘဲ၊ ရေခရား)။
၄၃။ တစ်က–ဆယ်ထိဖော်ပါ။ (၁–နေ၊ ၂–လ၊၃ပိဋကတ်သုံးပုံ၊ ၄–အရပ်လေးမျက်နှာ၊ ၅–ငါးကြီးအာနန္ဒာ၊ ၆–နတ်ပြည်ခြောက်ထပ်၊ ၇–တောင်စဉ် ခုနစ်ထပ်၊ ၈ရှစ်ပါးသီလ၊၉– တရား၊ ၁၀–ဘုရား)။
၄၄။ နတ်သမီးတကောင်၊ ထင်းပိုင်းလေးဆယ်၊ သေတ ၁တလုံး၊ ပိုက်ဆံငါးပြားနှင့် ဝယ်ကေရ၏။ ဇာလဲ။ (နတ်သမီး၊ တံဆိပ် မီးကြုတ်– နတ်သမီးတံဆိပ်၊ မီးခြစ်တံ၊ မီးခြစ်ခွံ)။
၄၅။ နတ်သမီးတံဆိပ် ဖျာလိပ်။ (မီးသွေး)။
၄၆။ ငါ့ပျဉ်ပက်လက်၊ တနားသွီးကေ အရည်ထွက်။ (သနပ်ခါးသွေးသော ကျောက်ပျဉ်)
၄၇။ ချင်ႏိုင်းတစ်ကောင်၊ လုံကျီသုံးစင်း၊ ထိုးဖို့လိုက်လာ။ (ငါးစင်ႏိုင်း)
၄၈။ အဖိုပြော၊ သွားတရာ။ (ခေါင်းဖီး၊ ဘီး)။
၄၉။ အိမ်တိုင်းအိမ်တိုင်း၊ ကြက်ချီးစု။ (အိမ်အခြင်တို့၌ ချည်သောနှီးစု)။
၅၀။ အိမ်တိုင်းအိမ်တိုင်း၊ ပဒိုင်းဆွဲ၊ (နို့သီး၊ သားမြတ်)။
၅၁။ အဖိုးအိမ်ကြောက်၊ လောင်းတုံမှောက်။ (အိမ်ရိပ်)။
၅၂။ မိန်းမတစ်ယောက်မှာ သားတရာ၊ခွပ်လိုက်ခါအရည်ထွက်။ (ရေအုန်းခိုင်၊ ဓနိခိုင်)။
၅၃။ ငမဲ့ဖင်၊ ငနီယက်။ (အိုးနှင့်မီး)။
၅၄။ တီတကောင်၊ ဒါးထောင်။ (ပပန်း၊ ဗဗွန်း၊ ပိုးနသိန် ကောင်)။
၅၅။ လေးဖက်လေးစီ၊ ဒေါင့်လေးဖက်။ (ကြည့်မှန်ကြေးမုန်)။
၅၆။ စုတ်ကီ စုတ်ကီ–ထရံထောင်၊ ပင်းဝါက မီးလောင်။ (ပန်းတူ ဆေးတံ)။
၅၇။ တိုက်သျှေ တိုက်သျှေ–အထိုက်ထိုက်၊ ခိုးသူလာလုံနှင့်လိုက်။ (ပျားအုံ)။
၅၈။ လေးဖက် လေးစပ်၊ နင့်မျက်နှာ၊ ငါ့စွာဟပ်။ (ကြေးမုံ၊ မှန်)
၅၉။ ငှက်ဝါယော့၊ မြီမှာဥ။ (နနွင်းဥ၊ ဆနွင်းဥ)။
၆၀။ အဖိုးယေငမွဲ၊ သီတွဲဆွဲ။ (နပျိုးဖူး၊ ငှက်ပျောဖူး)။
၆၁။ အထပ်အထပ် ကြာကလပ်၊ အပွင့်မထူ ပွင့်ကြာဖြူ။ (စာအုပ်)။
၆၂။ ငစ့ိုင် ယော့ဝမ်ပူ၊ အအူမဟိ။ (ဝခွက်၊ ရေအိုး)။
၆၃။ အိမ်တိုင်း အိမ်တိုင်း၊ အယော့ တယောက်၊ ငေါက်စောက် စောက်။ (ဆီမီးခွက်)။
၆၄။ ကလေ့ွယော့တယောက်၊ ချီးလူးလူးနန့် ပြီးလားခရေ။ (ငုပ်သီး ကျောက်သွား)။

ရခိုင်ပန်းစကားများသည် မြောက်မြားစွာရှိပါသည်။ ဤမျှကို နမူနာအဖြစ် ဖော်ပြခြင်းသာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပန်းစကားများကို စုဆောင်းလျက်ရှိသည်။ နောက်စာအုပ်များတွင် ဖော်ထုတ်သွားပါမည်။

❖❖❖

## ရခိုင် ဓလေ့ ထုံးစံ တိုစများ

ရခိုင်ိုးရာဓလေ့ထုံးစံများကို ရခိုင်ပညာရှိ မှူးကြီးမတ်ကြီးများကအစ လိုက်နာလေ့ရှိသည်များကို ကိုးကားလျှောက်ထားရှိခဲ့ကြောင်း တွေ့ရှိနိုင်သည်။ လောကီမှုဆိုသမျှ သူတော်ကောင်း အပြစ်မပြုနိုင်ပါဟုဆိုသော မဟာပညာကျော်ကြီး၏ ယထာဘူတ သဘာဝအချက်လည်းရှိသည်။ ဓလေ့ထုံးစံမှာ လောကီမှုဖြစ်သည် ကားမှန်၏။ သို့သော် ကြောက်သဖြင့်ငင်း၊ စည်းကမ်းကလနား သတ်မှတ်ချက်အရ လည်းကောင်း၊ လူ့ယဉ်ကျေးမှု စည်းမျဉ်းအရလည်းကောင်း၊ အဆင့်ဆင့်အခြေခံ လိုက်နာပြုလုပ်ခဲ့ရခြင်းများ အများအပြားရှိသည်။

မဟာပညာကျော်လျှောက်ထုံးမှာ အမတ်ကြီးမဟာပညာကျော်၏ ရှေးဓလေ့ ခံယူချက် လိုက်နာသင့်ချက်များနှင့်ပတ်သက် လျှောက်ထားထုံးမှုများရှိရာ အနည်းငယ်ထုတ်ပြပါမည်။

မင်းဖလောင်းခမည်းတော် မင်းဘားကြီးလက်ထက် ဒါဂါမြို့တွင် နန်းတည် ခဲ့သောနေရာကို ကုလားသူဌေး အစလင်ဆိုသူက တိုက်တည်လို ဒါဂါစားသို့ လာဘ်ထိုးခြင်းနှင့်ပတ်သက်သောဖြစ်ရပ်တစ်ခုကို မဟာပညာကျော်က လျှောက်ထား ရာတွင် ''လူတို့၌ မိကြီးဘကြီး လုပ်ဆောင်ထားခဲ့သော အခမ်းအနားအဆောက်အအုံ ကို မဖျက်ကောင်းပါ။ ဖျက်ဆီးရချေသော် အကျိုးမရှိ အပြစ်သာရောက်ကြောင်း ထုံးဟောင်းသက်သေရှိပါသည်''ဟု လျှောက်ထားသဖြင့် သားမင်းဖလောင်းက မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်ပေးစေခဲ့ရသည်။

မင်းဖလောင်းလက်ထက် ပြင်မြို့ကြီးကို ကောင်စွာလုပ်ဆောင်စဉ် မင်းအမိန့်အရ လက်ဆည်ကန်နှင့် အိုင်တို့အကြား မြို့တထပ်စီကာလျက်လုပ်ရသည်။ အုဌ်ကျောက်

မကောင်းသဖြင့် ပန်းစျေးမြောင်းဖျား တောင်ဘက်ရှိသော မြို့နှစ်ထပ်မှာ ပြင်မြို့သည် ရေကာလုပ်ဆောင်ထားခြင်းသာဖြစ်သည်။ မြို့တံတိုင်း အဝင်မဟုတ် ပြင်မြို့ကို ဖျက် လုပ်စေဟု အမိန့်တော်ပေးဖူးသည်။ ထိုအမိန့်ကြောင့် မဟာပညာကျော်က လျှောက်ထားသည်ကား–

''ရှေးက သင့်လျော်သမျှ တင့်တယ်စွာ လုပ်ဆောင်ထားခဲ့ခြင်းကို မဖျက်ဆီး ကောင်းပါ။ အထူးသဖြင့် ရှေးမင်းတို့ စံနေခဲ့ရာ မြို့၊ နန်း၊ ထီး၊ ပဟိုရ်စည်၊ နာရီ၊ ထို(၄)ပါးသည် စတုစက်ထွန်းရာ မင်္ဂလာချည်းဖြစ် ထိုသို့ဖျက်ဆီးအသုံးပြုခြင်းငှာ မသင့်ပါ။ တကြောင်းမှုလည်း မင်းတို့ကျင့်အပ်သော အဓိပတိသုံးပါးရှိသည်။ မင်းစစ်တော်မူသော ကျက်သရေ နန်းတော်သဘင်ခံရာ ရာဇပလ္လင်ရှိသော နန်းဆောင်၊ ဘေရီစည်ကြီး၊ ဗဟိုရ်စည်ရှိသော နန်းဆောင်၊ ထိုသုံးရပ် အဓိပတိတို့သည် ပြည်သျှင်မင်းရှိလျက် မဆိတ်ညံ့အပ်ပါ'' ယင်းသို့ ထုံးဟောင်းနှင့်လျှောက်ထားဖူးသည်။

ဤသည်ကိုကြည့်ခြင်းဖြင့် သမိုင်းအတွက်ငှင်း၊ ရှေးဟောင်းလက်ရာ၊ လူမှု ယဉ်ကျေးမှု၊ ရာဇဝင်ဆိုင်ရာပစ ည်းအတွက် တန်ဘိုးရှိ မဖျက်ဆီးသင့် ထိန်းသိမ်း ထားသင့်ကြောင်းကို ထိုခေတ်က ပညာရှိများကပင် အမြင်ရှိခဲ့ ကျင့်ထုံး၊ လိုက်နာထုံး ရှိခဲ့ဘူးကြောင်း ထုံးဓလေ့ သက်သေခံပင်မဟုတ်ပါလော့။

ရခိုင်တို့အယူဝါဒနှင့်ပတ်သက် မဟာပညာကျော် လျှောက်ထုံးတစ်ခုကို တင်ပြ လိုသည်။

တစ်ရံရောအခါ မီးချောင်းစားသေလွန် ထိုစားကျေးရာထူးကို ရလိုမှုဖြင့် ပေါင်းထုတ်ကျွန်းနေ ကုလားမှာလီဆိုသူက အသပြာတစ်ထောင်ကို မိဖုရားကြီးသို့ လာဘ်ထိုးပေးလျက် မီးချောင်းအရာကိုခံလေသည်။ ထိုအခါ မဟာပညာကျော်က မင်းဖလောင်းအား အောက်ပါအတိုင်း ကုလားနှင့်ရခိုင် အယူဝါဒနှင့်ပတ်သက် လျှောက်ထုံးပြုခဲ့သည်။

''အရှင်မင်းမြတ်၊ ရခိုင်တို့ မိုးဖလာ အယူအကျင့်မှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကြည်ညိုမြဲမြံစောင့်ထိန်းမှ သာသနာတော်တည်ပါသည်။ ယင်းသို့ ရခိုင်အယူနှင့် ကုလားအယူ မတူချေ။ ုပ်ပွား၊ ဆင်းတု၊ ဓာတ်တော်၊ မွေတော်များကို အရှုံ့ လက်အုပ်ချီမိအံ့ လက်ကိုဖြတ် ပစ်စေ၊ ယင်းသို့ကုလား ဘုရားအမှာ ကျမ်းဂန်ရှိသည်ဆို အယူနှင့်နေသူများဖြစ်ပါသည်။ ရခိုင်တို့ မင်းကျင့်ဝတ် သင်္ဂဟ တရားလေးပါး၌လည်း ဘုရားအယူကို ပြည်သူတို့အား ႏွန်ပြဆုံးမတတ်မှ မင်းမြတ်ဟူ ရခိုင်တို့ ဘုရားကျမ်းဂန်လာပါသည်။

''ကုလားနေရပ်များမှာ ရခိုင်ကိုမှူးမတ်တင်လျှင် ကုလားအယူပျက်ကွက် ရခိုင်အယူသို့ရောက်အောင် သွေးဆောင်ပါသမျှသည် မင်းမှူးမတ်တို့၌ အကျိုးလိုရာ ရောက်ပါသည်။ မင်း၌လည်း သင်္ဂဟတရားတည်ရာသည်။ ယင်းသို့မဟုတ် ရခိုင်တို့ နေရပ်များမှာ ကုလားကို မှူးမတ်ထားသော်လည်း ကုးလားတို့ အယူသို့ပါဝင်အောင်

သွေးဆောင် ပြုလေရာ ရခိုင်တရားကွယ်ပျက်လျက် ကုလားအယူအကျင့်သို့ ပါလေသော် ပြည်သူအား သနားခြင်းမရှိ၊ ထိုမင်း အစိုးရသောနိုင်ငံ၌ မိုးမမှန်၊ အသီးအပွင့်မညီ၊ အရသာမရှိ၊ ဥတုရာသီ မဖြောင့်၊ ဓါတ်လေးပါး ချောက်ချားကြောင်း ရှေးပညာရှိတို့ အမှာရှိပါသည်။

''မျာလီကို ကျေးရွာစားပေးတော်မူလိုလျှင် တိုင်းပြည်တော်အတွင်း ကုလားမြို့ရွာ အများရှိပါသည်။ မိမိတို့အကျင့် အယူတူရာ သဘာဝချင်းဖြစ်သောရပ်ရွာများကို ကျေးစားရွာစား ပေးရမည်။''

ဤသို့ လျှောက်လေသော် မင်းဖလောင်းသည် မိဖုရားအား သမီးအမှတ်ထား ဆုံးမစေရန် အမိန့်တော်ရှိပြီး အမတ်ကြီးသို့ ဝတ်စုံတန်ဆာ ဆုပေးတော်မူလေသည်။

ယင်းသို့ ရှေးဓလေ့ထုံးမှုများကိုလည်း မင်းကအစ လိုက်နာခဲ့ရခြင်းများ ရှိခဲ့ဘူးသည်။ မဟာပညာကျော်ကား လောကစိုက်ချည်း လိုက်နာရမည် မဆိုလို ဓမ္မစိုက်သည်ပင် လောကစိုက် လောကပညတ်၊ လောကကျင့်ဝတ်၊ လောကကျင့်ထုံးထက်သာလွန်ကြောင်း။ ထို့ပြင် လောကီလောကုတ ရာတို့၌လည်း ကျက်သရေရှိကြောင်း လျှောက်ထုံးပြုခဲ့ဖူးသေးသည်။

မင်းဖလောင်းသည် မြောက်ဦးမြို့ကို ရွှေ့ပြောင်းသင့်၊ မသင့်ကြောင်း ဟူးရားထွက်ချက်ကို မဟာပညာကျော်အား လျှောက်ထားရန် အမိန့်ရှိဖူးရာ လိုရင်းကို ကောက်နှုတ်ပြရလျှင်–

''ဓါတ်တော်၊ မွေတော်၊ ဘုရား၊ ပုထိုး၊ ပိဋကတ်ကျမ်းဂန်၊ သီလဝန်၊ ဂုဏဝန်၊ မျိုးကောင်း၊ မတ်ကောင်း၊ ဆင်ကောင်း၊ မြင်းကောင်းပြည့်စုံ တပြည်မင်းတို့ဝပ်စင်းကြည်ညို ိုသေလေးမြတ်စွာ သားသမီးရတနာတို့ကိုဆက်သ ရွှေငွေကျောက်သံပတ မြား ပွားများခြင်း ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်ရာသောနေရာ၊ ရန်မာန်ကို အောင်မြင်သော ထွန်းလင်းသော မြို့တော်ဖြစ်လျှင် သာကီဝင်မင်းတို့ နေရာဌာနမှန်သည်။

''ဥတု၊ ရာသီ၊ ဓါတ်၊ ကိန်း၊ စန်း၊ ဂြိုဟ်၊ နက္ခတ်၊ တာရာ၊ နေ၊ လ၊ ကြယ်၊ မြေလှုပ်၊ တိတ်နိမိတ်စသောအမှုတို့မှာ လောကပညတ်စကားမျှ တရားတော်သာ ဘုရင်မင်းနှင့်အမတ် ပြည်သူတို့ ကိုယ်ကျင့်၊ ဒုစိုက်ဆယ်ပါးကို ကြဉ်ရှောင် စောင့်ထိန်း သုစိုက်မြောက်လျှင် ထိုအရပ်ကို ရန်သူမနှိပ်စက်နိုင်ပါ။ လောကီ လောကုတ ရာနှစ်ဖြာပင် ကျက်သရေတိုးတက်ပါသည်''

ဤသို့ မဟာပညာကျော်၏ ဓလေ့စိုက်အပေါ် အမြင်မှန်များ ကျင့်သုံးချက်များကို လေ့လာနိုင်လေသည်။ ယခု ရခိုင်တို့ ိုးရာဓလေ့မှု အထွေထွေကို တင်ပြပါအံ့။

## နာမည်ပေးရာ၌ ဦးတပ်ရှိတပ်ခြင်းဓလေ့

ရခိုင်တို့၌ ပဌမဦးဆုံး သားသမီးမွေးဖွားလာလျှင် အဦးအလျှင်ဖြစ်သည်ဆို

ထိုသားဦး သမီးဦးကို အမည်မှည့်ရာတွင် နာမည်ရင်း အစ၌ဖြစ်စေ၊ အဆုံး၌ဖြစ်စေ ''ဦး''တပ် မှည့်ခေါ်လေ့ရှိသည်။

ဥပမာ–သားဦးကို ဦးသာစိန်၊ ကျော်လှဦး၊ မောင်ဦးကျော်။ သမီးဦးကို မဦးစိန်၊ ဦးခိုင်လှ၊ ခိုင်မဦး၊ လှမြဦး။

ထိုသို့ ဦးတပ် မမှည့်ဘဲ ''ရှီ''တပ် လည်း မှည့်ခေါ်ထုံး ရှိသေးသည်။ ''ရှီ''ကို (She) ဟု အသံမထွက်ရပါ။ (Rhi)ဟု ရခိုင်အသံထွက်ဖြစ်စေရမည်။ ''ရှီ'' မှာ ပါဠိလို ''သီရိ'' သက ၠ္ဒ လို ''ရှရီ''ဖြစ်ပြီး ကျက်သရေရှိသည်။ ထိုသို့ အနက်အဓိပ္ပါယ် ရှိလေသည်။ ဟိန္ဒီက ''သျှရီ''ဟု သုံးစွဲပြီး နာဂရီဘာသာ၊ ဘင်္ဂါလီဘာသာတို့တွင် ''ဆရီ''ဟု မှည့်လေ့၊ သုံးလေ့၊ ရေးလေ့ရှိလေသည်။

သားဖြစ်လျှင်– ကျော်ဖံရှီ၊ လှဖော်ရှီ၊ အောင်ကျော်ရှီ၊ အောင်ထွန်းရှီ။

သမီးကို – အောင်မရှီ၊ ဘုမရှီ၊ ဖြူမရှီ၊ မမရှီ၊ မရှီဖြူ။

ဤ ''ရှီ'' တပ် အမည်မှည့်ခြင်းမှာ သားသမီး အဦး၊ မဟုတ်ကလည်း မှည့်နိုင်သည်။ ဟိန္ဒူ၊ ဗင်္ဂါလီ လူမျိုးတို့၌ ဂုဏ်ရှိသူ၊ ကြီးမြင့်သူများကို ထိုသူတို့၏ နာမည်အရင်းအစတွင် သျှရီ၊ ဆရီတပ် မှည့်ခေါ်သုံးစွဲခြင်းပြုသည်။ ရခိုင်တို့တွင်ကား အမည်ရင်းထက် အမည်ဖျားက အလယ်ကတပ်ခြင်းဖြင့် အသုံးများကြောင်း တွေ့ရသည်။

## တူဝရီးရှောင်ကြဉ်ပုံ

တူဝရီးဆိုလျှင် တိရစ္ဆာန်ဖြစ်သော ကျွဲ၊ နွားမျှကိုပင် အတူထမ်းဖိုးတစ်ခုတည်း တပ် ထွန်းရေင်ဆွဲလေ့ မပြုကြချေ။ လူကိုကား ပို ပင် ရှောင်ကြဉ်လေ့ရှိသည်။ တူဝရီးမှာ သမီးယောက္ခမ လည်း တော်စပ်သဖြင့် ရခိုင်တို့တွင် လေးစားခြင်း ိုးသားခြင်း နှိမ့်ချခြင်း၊ အရောတဝင် အကျွမ်းတဝင်မပြုခြင်းဖြင့် ရှောင်ရှောင်ကြဉ်ကြဉ် လေးလေးစားစား အားနာကြောက်လန့်မှုများ ရှိလေသည်။

## ကြောင်မွေးစားရာ၌

ရခိုင်တို့တွင် ကြောင်မွေးစားက ''နင့်ကိုကား လက်ခံ၏၊ ချေးကိုလက်မခံ'' ဟုဆို မွေးစားရသည်။ ထိုမှ ထိုကြောင်သည် ချေးသေးမယိုစွန့်ဘဲ သန့်သန့်ရှင်းရှင်း ရှိသည်ဟု အယူရှိသည်။

## အသီးအနှံကို လက်ညှိုးမထိုး မညွှန်ရ

မည်သည့်အသီးအနှံကိုမဆို လက်ညှိုးထိုးညွှန် မပြရ၊ ထိုးညွှန် ပြလျှင် အသီးအနှံသည် အံ့ကျတတ်သည် (ဝါ) အံ့သြလောက်ရာ ရောက်သည့်အတွက် ပျက်စီးခြင်း ပုပ်၊ ပျော်အနာကျခြင်း ဖြစ်သွားတတ်ရသည်ဆို၏။ ပြလိုက လက်ညှိုးကို

ကုတ်လုပ် ဖြစ်စေ၊ လက်သီးကိုဆုပ် ဖြစ်စေ ပြနိုင်သည်။ ယင်းသို့ လက်ညှိုးထိုးခြင်း ကိုသာမကသေးဘဲ ''ဤအသီးအလွန်ကြီးသည်၊ သိပ်လှလွန်းသည်၊ နည်းလှသလား၊ ကြီးလှပါပေရဲ့''ဟု အံ့ဩပြောဆိုမှု ရင်ထုလက်ခုံးတမ်း ပြောဆိုမှုကိုပင် မပြုရချေ။ ကျေနပ်စွာ ဝမ်းသာစွာ ဝမ်းသာအလဲ အားရမှုကိုတော့ ပြနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် နှုတ်ပါးစပ်ကောင်းသူတို့ ချီးမွမ်းခံရခြင်းသည် အရေးမကြီး နှုတ်ပါးစပ်မကောင်းသူနှင့်ကျမိက အံ့ကျပျက်စီးတတ်လှသည်ဟူ၏။ ထို့ကြောင့် အလွန်ကြီးလွန်း လှလွန်းသော သစ်သီးများကို အံ့မကျမိစေရန် ပိုးမွှားကျ မပျက်စီးစေရန် ထမိန်ဆိုးကြိုးများကို ချည်နှောင်ထားလေ့ ပြုတတ်ကြသည်။ ရခိုင်သဘာဝ တေးကဗျာ သချွါးသုံးပင်ကဗျာ၌ပင်လျှင် ရခိုင်တို့ဓလေ့ကို စပ်ဆိုထားရာ ''ပွင့်တုံတုံ၊ ပွင့်တုံ၊ လိပ်လက်၊ မထိုးလီကေ့၊ ရှိတုံတုံ၊ ရှိတုံလိပ်လက်၊မထိုးလီကေ''ဟု ဓလေ့ထုံးစံကို ဖော်ပြခြင်းတွေ့ရသည်။

ထို့ကြောင့် အံ့ကျခြင်းကို ပျောက်ကင်းတားမြစ်နိုင်သည်ဟု ယူဆယုံကြည်ချက်ဖြင့် ရခိုင်အိမ်တိုင်း၌ ဒိုးတောင့်ခေါ် ဂုံညှင်းတောင့်ကို အိမ်ခေါင်မိုးစွန်ဖျား အိမ်တွင် အဝင်တံခါးမုခ် အိမ်ခေါင်ရိုးတို့၌ ချိပ်ဆွဲလေ့ရှိသည်။ အံ့ကျထင်မိခံရသူအား လင်းလေ့ရွက် ဂုံညှင်းတို့နှင့် သူ၏ကိုယ်ခန္ဓာကို ပွတ်သပ်ပြီး ဂုံညှင်းကို မီးဖုတ်လျက် ဂုံညှင်းပေါက်ကွဲရာအရပ်သို့ အံ့ပစ်လေ့(ဝါ)တန်ပြန်သဘော ပစ်လေ့ပြုထရှိသေးသည်။

## စပါးပုတ် ဆန်ပုတ်သုံးရန်ရက်

စပါးပုတ်၊ ဆန်ပုတ်ကို အဦးအစ စပါးဆန်ထည့်သုံးရန် ရက်နေ့ကို ရွေးချယ်လေ့ရှိသည်။ သောကြာနေ့သည် အစအဦး အသုံးပြုရမည့်နေ့ရက်ဟူ၏။

## ကောက်ဦးချပုံ (မျိုးချရက်)

ကောက်ဦးချသည်ကို ပျိုးဦးချသည်ဟုခေါ်သည်။

လယ်ထွန် ကောက်ဦးချရာ၌ ရက်ဦးဖြစ်သော တနင်္ဂနွေနေ့အခါတွင် ထမင်းသုံးဆုပ်ကို ပိန်းဖက်တွင်ထည့်ပြီး လယ်ကွင်းထောင့်တစ်ခုခုတွင်ချထားရသည်။ ထို့နောက် ကန်စွန်းပင်က ပင်ရှည်ရှည်၊ ပိန်းနီပင်တပင် ကောင်းကောင်း၊ ဟင်းချောပင် ခေါ် ဂုံလျှော်ပင် လှလှတပင်တို့ကို လယ်ကွင်းတွင် စိုက်ရသည်။ ထို့နောက် စပါးများ၏ မိခင်ဆိုသော ကောက်ညှင်းစပါးတစ်ဆုပ်ကို ဦးစွာကြဲဖြန့်စိုက်ပျိုးရလေသည်။ ထိုသို့ ကြဲရာ၌ နံသင့်ရပ်ကိုရှေ့မူ ကြဲရသေးသည်။ ထိုသို့ ကြဲပျိုးပြီးမှ မိမိကြဲပျိုးလိုရာ စပါးမျိုးများကို ကြဲပျိုးသွားရလေသည်။

## ကောက်ညှင်းစပါး စိုက်ပျိုးခြင်း

ရခိုင်ပြည်မတွင် ကောက်ညှင်းစပါးကို လယ်ချင်းစပ်သော လယ်ရှင်(၂)ဦးတို့ ခပ်စိမ်းစိမ်း စောင်းစောင်းစပ် (စလွဲစောင်း) မစိုက်ပျိုးအပ် ထိခိုက်တတ်သည်ဟု

ရှောင်ကြဉ်သော အယူအလေ့ရှိကြသည်။ အနောက်ပြည်ခေါ် အရှေ့ပါကစ တန့်ဒေသ ရှိနေကြသော ရခိုင်တို့ကား ထိုသို့အယူမရှိကြ။ ကောက်ညှ င်းစပါးမှာ မိဘနှင့်တူသော ကြောင့် ထည့်လိုရာ စိုက်ပျိုးလိုရာ လယ်ကွက်တွင် စိုက်ပျိုးလေ့ရှိကြောင်း တွေ့ရသည်။

## စပါးမျိုးအသုံးအစွဲ

ရခိုင်တို့တွင် စပါးအမျိုးအမည် အများအပြားရှိလေသည်။ လယ်သမားတစ်ဦး သည် စပါးမျိုးမည် (၅)မျိုး (၆)မျိုးကို စိုက်ပျိုလာလျှင် ထိုထက်မျိုးမည်လျှော့ သာ စိုက်ပျိုးနိုင်သည်။ ပို မျိုးမည်ကိုအသုံးမပြုရဟူ၏။ ဘေးဘိုးစဉ်ဆက် ဥပမာ– အနည်းဆုံး ဆွေမျိုး(၃)ဆက် (ဘ၊ ဘိုး၊ ဘေး) သုံးပြုစိုက်ပျိုးဖူးလျှင်ကား နောင်လာ နောင်သား သားမြေးမြစ်တို့ သုံးစွဲစိုက်ပျိုးနိုင်ကြောင်း အယူရှိတတ်ကြသည်။

## ချောင်းမြောင်းကူးဖြတ်ရာတွင်

ချောင်းမြောင်းကူးလျှင် ဆန္ဒွင်းတက်ကိုကိုက် ၎င်း၊ ဆန္ဒွင်းမရက သစ်ပိုင်း တစ်ခုခုကိုကိုက် လည်းကောင်း ကူးဖြတ်ရသည်ဟူ၏။ အဘယ်ကြောင့်ဆိုသော် ဆန္ဒွင်းကို မိကျောင်းကြောက်လေသည်။ ဆန္ဒွင်းနှင့်မိကျောင်းမှာမတည့် ရန်သူ ဖြစ်သည်။ မိကျောင်းအန္တရာယ် အကာအကွယ်အတွက် ထိုသို့အယူဓလေ့တစ်ခုကို အသုံးပြုလေ့ ရှိလာရသည်ဟူ၏။

## ပုံးရည်ကြိုချက်ဓလေ့

ရခိုင်တို့တွင် ပုံးရည်ခေါ် အချိုရည်တစ်မျိုးကို ရှင်ပြုပွဲ၊ ရဟန်းခံပွဲတို့၌သာ ချက်ပြုတ်သော ဓလေ့ရှိသည်။ ထိုပုံးရည်တွင် ငှက်ပျောသီးကင်၊ ဆီးသီး၊ သကာ၊ အုန်းသီး၊ နှမ်းစသည်တို့ ပါဝင်လေသည်။ ထိုပုံးရည်ချိုကို တခြားပွဲလမ်းများတွင် ချက်ပြုတ်သုံးပြုလေ့ မရှိချေ။ ထိုပွဲတို့မှတပါး မိမိတို့အိမ်များ၌ စားသုံးလို ချက်ပြုတ် လိုက ထိုပုံးရည်ချက်ရာတွင်ပါဝင်သော အမျိုးအမည်တစ်ခုခုကို နှုတ်ထားလိုက်ရသည်။ ယင်းသို့ ယုတ်လျှော့ထားစေ ချက်ပြုတ် သာ အသုံးပြုနိုင်သည်ဟူ၏။

## ကြက်မျက်ဝင် ဖြေပုံဓလေ့

ကြက်မျက်ဝင် မျက်စိကြောင်တောင်ရှိသူများကို ရခိုင်ဓလေ့အရ ''ကြက်ဝ တင်းလည်''ရသည်ဟု ပြုလုပ်လေ့ရှိသည်။ ယင်းသို့လည်ရာတွင် ''ကြက်ဝတင်းလည်၊ ခရင်းလည်၊ ဆန်းရေလလား၊ အေလလား၊ ကန်းရေမျက်စိ၊ ပွင့်ဗျာလား''ဟုဆို ဟစ်အော်ကာမေးရသည်။ ထိုအခါ ကြက်မျက်ဝင်သူက ''အေလ''ဟု ဆိုရသည်။ ထိုသို့လုပ်ခြင်းဖြင့် ကြက်မျက်ဝင်ခြင်း ဝေဒနာပျောက်ကင်းသည်ဟု အယူရှိသည်။

## နေရောင်ကာကိုင်သဖြင့် ပြုရသောဓလေ့

နေရောင်ကာကိုင်သည်မှာ နေနတ်ဖမ်းဆီးသည်ဟုဆိုလိုသည်။ နေရောင်ကာကိုင်လျှင် ခေါင်းကိုက်၊ နှာိုးနာကျင်၊ မူးမေးခြင်းဖြစ်လေ့ရှိသည်ဟူ၏။ ထိုအခါ ဝါးနှီးချောင်းများဖြင့် ပျစ်ညှ ပ်ကလေးသဏ္ဍာန် ရက်လုပ်လေသည်။ ထိုတွင် ထောင့် ၄–ဘက်၊ အချို့ ၈–ဘက် ပါသည်။ ၎င်းထောင့် ၄–ဘက်၊ ၈–ဘက်စုံလုံးတွင် ဝါဂွမ်းကို ချိပ်ဆွဲချည်ထားရသည်။ ယင်းသို့ ပြုလုပ်ပြီးနောက် အိမ်ဝင်းခြံတပ်တာ အရံတို့၌ နေရောင်ကာ ကိုင်ချိန်ကိုလိုက် (ညနေကိုင်လျှင် ညနေချိန်တွင် ထိုဝေဒနာ ဖြစ်ပေါ်လာသည်။ နံနက်ကိုင်လျှင် နံနက်ချိန်ဖြစ်ပေါ်လာသည်ဟူ၏) ညနေဆိုလျှင် အနောက်ဘက်၊ နံနက်ဆိုလျှင် နေထွက်ရာအရှေ့ဘက်သို့ ရှေ့ပြု ချိန်ဆွဲထားရသည်။ ဤသို့ ပြုရခြင်းမှာ နေနတ်ကိုင်သည်ဟုအယူရှိ ၎င်းကို ပသပူဇော်ခြင်းဖြင့် ပျောက်ငြိမ်းသည်ဟု ယူဆလေ့ရှိသည်။ ''နေရောင်ကာကိုင်သည်။ နေရောင်ကာကို ပသပူဇော်ရသည်ဟု အယူဓလေ့ရှိခြင်းဖြစ်သည်။''

## ဖူးပင်စိုက်ရာ၌ ရှောင်ကြဉ်ရပုံဓလေ့

ဖူးပင်မှာ ယုတ်နိမ့်လှသောအပင်ဖြစ်သည်ဟု အယူရှိကြသည်။ မှော်ဆရာများက ဖူးပင်၊ ဖူးသီးကို လုံးဝမစားကြဘဲ ရှောင်ရှားတတ်ကြသည်။ ဖူးပင်အောက်၊ ဖူးစင်အောက်ကို မဝင်မလျှို့မိရန်ပင် ဂုတစိုက် စောင့်ရှောက်ကြလေ့ရှိသည်။ ထိုကြောင့် အသုဘတလားအတွက် အသုံးပြုရာ၌ ဖူးစင်၊ ကလဝါတိုင်စသော အသုံးများအမည်များ မှည့်ခေါ်အသုံးပြုလေ့ရှိသည်။ ထို့ကြောင့် ဤသို့ယုတ်နိမ့်သည်ဟု အယူရှိကြသော ဖူးပင်ကို ရခိုင်တို့က အိမ်ရှေ့ (မောင်းကာဦး)တွင် စိုက်ပျိုးခြင်း မပြုတတ်ကြပေ။ ရှောင်ကြဉ်လေ့ရှိလာခဲ့ကြသည်။ စိုက်ပျိုးလျှင် မင်္ဂလာမဲ့ စီးပွား လာဘ်လာဘ ဆုတ်ယုတ်ပျက်ပြုန်းတတ်ကြသည်ဟု အယူရှိကြသည်။

ရခိုင်ပုံပြင်တစ်ခု၌လည်း သခင်လယ်သူကြီးအိမ်ရှေ့က ဖူးပင်ကို အိမ်ရှေ့တွင် စိုက်ပျိုးမိခဲ့သဖြင့် အရှင်တွင်မွေးထားသော ခွေးနှင့်ကြောင်တို့က သေရမည်ဟု စိုးရိမ်ကြောင့်ကြ သံသယဖြစ် မစိုက်ပျိုးရန် တားကြသည်။ သို့သော် တားမရသဖြင့် စိုက်ပျိုးလေသောကြောင့် အိမ်ရှေ့သခင် နာမကျန်းဖြစ်သည်။ ထို့ကြောင့် ခွေးက ကြောင်ကိုခေါ် ထိုဖူးပင်ကို ဖျက်ဆီးပစ်လိုက်လေသည်။ ထိုအခါမှ အရှင်သခင် သက်သာကျန်းမာလာသည်။ ကျန်းမာလာလျှင် ဖူးပင်မမြင် မေးစမ်းလေသည်။ ခွေးနှင့်ကြောင် ဖျက်ဆီးကြောင်းသိသဖြင့် ဒေါသထွက် ိုက်နှက်လေသည်။ ထိုသို့ ခံရသဖြင့် ခွေးနှင့်ကြောင်တို့ ထွက်ပြေးခဲ့လေသည်။ လယ်သူကြီးသည် ကောင်းစွာ ကျန်းမာလာပြီးနောက် ထိုခွေးနှင့်ကြောင်တို့အား ပြန် ခေါ်လေသည်။ ထိုအခါ ကြောင်ကား ပြန်လာသော်လည်း ခွေးကမူ ကံတရားအတိုင်းနေပါစေဟုဆို ကြောင်ကို ကိုက်လွှတ်လိုက်လေသည်။ ထိုအခါကစ ခွေးနှင့်ကြောင်တို့လည်း ရန်ဘက်ဖြစ်ခဲ့ကြရလေသည်ဟူ၏။

ရခိုင်စာဆိုများသည် ရခိုင်ဓလေ့ကိုစပ်ဆိုင်ရာ ထည့်သွင်းရေးဖွဲ့ထားခဲ့သည်ကို တွေ့ရသည်။ ရမ်းပြည့်ကင်းဆရာသည် ရခိုင်တို့ အသက်ဝိညာဉ်လိပ်ပြာ ယိုးလေ့ကို ၎င်း၏ ရေလားခရီးစဉ် လင်္ကာ၌ ''ပေါကြူပေါကြူ၊ လိပ်ပြာယူသား''ဟူ ရေးဖွဲ့ခဲ့သည်။ တစ်ခုခုကြောက်ရွံ့ထိတ်လန့်မှုဖြစ်သွားလျှင် ''ထို ပက်ကြူ–ပက်ကြူ''ဟု၎င်း၊ ''ပက်က –ပက်က''ဟုလည်းကောင်း လိပ်ပြာယိုးသံဆို ယိုးနေကြသေးသည်။

၎င်းပြင် ခရီးတောင်မြောက်သွားရာ၌ ''သုံးချက်သရဏဂုံ၊ ငါးစုံဆောက်တည်၊ ကိုးမည်နဝရတ်၊ ဂါထာရွတ်လျက်၊ မပြတ်ပုတီး၊ ကြွာဘိပိနှင့်''ဟုလည်းကောင်း၊ ရတနာသုံးပါး၊ ဦးထိပ်ထားလျက်၊ ွတ်တွားမိဘ၊ ကင်းကထ ''ဟု လည်းကောင်း၊ ''နောင်တော်ကြီးမြစ်၊ ကူးလှစ်တသွေ၊ နောင်တော်ငယ်က၊ ပင်လယ်ပေသုံ၊ အလုံးစုံကို၊ အာံဘုရား၊ နှလုံးထား ''ဟူ လည်းကောင်း၊ ရတနာသုံးပါးနှင့် မိဘ ဆရာများကို ဦးထိပ်ထားပြီး ခရီးသွားကြောင်း ဓလေ့ထုံးရှိသည်ကို စပ်ဆိုဖော်ပြထားသည်။

ထို့ပြင် ရခိုင်တို့ ဓလေ့တစ်ခုကို ကင်းဆရာရေးစပ်ခဲ့သေးသည်။ ထိုဓလေ့မှာ ရခိုင်တို့တွင် ခရီးတောင်မြောက်မှ ပြန်လာလျှင်သော်လည်းကောင်း တောတောင်မြစ်ချောင်းတို့မှ ပြန်လာသော်လည်းကောင်း၊ ညဉ့်နက်သံကောင်အချိန် အိမ်သို့ ဝင်ရောက်လာသော်လည်းကောင်း၊ ဒါးပြားသျှပ်လေ့ရှိသည်။ ဒါးကို ခပ်စောင်းစောင်း လုပ် ဒါးသွားဖြင့် ရမ်းဖွေ့ခက်သည့်သဘောဖြစ်သည်။ ယင်းသို့ပြုလုပ်လေ့မှာ မကောင်းမိစ္ဆာများ ယှဉ်တွဲကပ်ယပ် ပါလာတတ်သဖြင့် ဒါးရမ်း နှင်ခြင်းသဘောဖြစ်လေသည်။ ယင်းနှင့် ကင်းဆရာသည် ကင်းရွာကထွက် စစ်တွေ၊ တောကန်၊ ဝါဗိုအရပ်သို့ ခရီးထွက်ခဲ့ပြီး ပြန်လာလျက် မိမိတို့အရပ်သို့ဝင်သော မင်းရပ်ချောင်း အရောက်တွင် ဘေးကင်းရှင်းခြင်းဖြစ်ရန် ဒါးပြားလျှပ် (ဒါပြားသျှပ်)ပုံကို –''ရမ္မဝတီ၊ သိင်္ဂီမောင်းမောင်၊ မင်းရပ်ချောင်းကို၊ ပြောင်းပြောင်းဝင်ခတ်၊ ဒါးပြားလျှပ်သို့၊ ဘေးကင်း ချမ်းကွာ၊ စိတ်မှာရွှင်လင်း၊ အောင်မြေနင်း ၊ အောင်ခြင်းရှစ်ပါး၊ အလံလွှား ၊ လမ်းသွားပရိတ်၊ မေတ ၁စိတ်ကို၊ စိတ်စိတ်ရွတ်ဆို၊ တက်လတ်သည့်သော်''ဟူ ရေလမ်း၊ ခရီးဖွင့်လင်္ကာတွင် စပ်ဆိုခဲ့လေသည်။

ရခိုင်သာချင်း စာဆိုတစ်ဦးဖြစ်သော တန်ခိုးဆရာထွန်းသည် မိမိရေးဖွဲ့ခဲ့သော သာခြင်း ဝတ ဖွဲ့တို့၌ ဓလေ့များကိုပါ ဖော်ပြတတ်သည်။ ထိုကြောင့် ရခိုင်တို့၏ ဓလေ့တစ္ဆေမှင်စာပစ်ရခြင်းကို ကော်ကာနုသာခြင်းဖွဲ့ ရေးစပ်ထားခဲ့သည်။ မိခင်လှမုတိ ၊ရ၏ ကျွန်မသည် ၎င်းသားတော် (ကော်ကာနု)အတွက် တစ္ဆေပစ်ပုံကို ဤသို့ စပ်ဆိုဖော်ပြထား၏။

''နန်းရဝေမှာ မနေရဘဲ မွေးဘာဘုရင် ပြည်ကနှင်လို့ မြိုင်ခွင်တောလမ်း မိဝမ်းဝင်လေ သဇင်ပန်းမှာ အချမ်းမတူ အပူမမျှ ငါ့သည်းအူမှာ ကြုံပါရလို့ ဒုက္ခပင်လယ် တောမြိုင်ခြေမှာ တစ္ဆေမှင် စာပြိတ ၁စုန်းဖုတ် နတ်မိစ္ဆာလေ နာနာ ပ်တို့ ပြုလုပ် နှောက်ယှက်သည်အတွက်ကြောင့် ဟင်းရွက်ဟင်းရည် သေလုဘွယ်လျှင်

ဖြစ်လေသလား ၊ ကြွစိုးတွင် တန်ခိုးထင်ကေ ရှင်နတ်များကို တိုင်ကြားပြီးမုံ ဖဝါးခြေမှာ သဲမြေမှုန့်ကို ငုံ့ ယူပျာ မှန်ကူသုတ်လူး နှဖူးမှာတို့ လှမုတိ ၊ ရှိမှာ ဆိုနှုတ်ခွန်းနှင့် တန်ထွေးတို့ နို့ချိုတိုက်ပြန် ပြည့်ဝကျွန်လည်း ပူပန်နှောင့်ယှက် ရှင်မတွက်ကြောင့် မသက်မသာ ပျာကယာလျှင် ရှာကာဖက်ခြင်း စားလို့ပြီးကေ သစ်သီးကြွင်းနှင့် ချက်ချင်းထည့်ကာ ရှင်မသားကိုမှောင့်စားပါမူ သာစေကောင်း စေမကြာစေနှင့် တစ္ဆေမှင်စာ ဤတောဝမှာ စားကြပါဟု ရွှမ်းကာမနေ မိန်းမဓမ္မတာ မဆိုင်ရာကို စဉ်လာလိုက်ကေ ပစ်လိုက်တေလေ''။

ဆရာထွန်းသည် အမှတ်မသိရသော သာချင်းဖွဲ့တစ်ခု၌ ရခိုင်တို့စဉ်လာ နတ်ပန်သဆုတောင်းပုံဓလေ့ကို အောက်ပါအတိုင်း ရေးဖွဲ့ခဲ့ပါသေးသည်။

''ဒသဒီသာ၊ ဆယ်မျက်နှာကို၊ ပန်ထွာ ိကျိူး၊ လက်ရွှေဝါကို၊ ထိပ်မှာမိုးလို့၊ တန်ခိုးတောက်ပ၊ ဒြပ်ဝေကော၊ နတ်ဒေဝတွင်၊ ၊ ကြွဘုမ္မာ၊ အာကာသစိုး၊ ပိ နိုးနှင့်၊ တန်ခိုးကြီးမြတ်၊ စတုမဟာ၊ ဝတ သာမှ၊ ဣန္ဒြာနတ်က၊ ဓတရဋ္ဌ၊ ဝိရူဠှနှင့်၊ ဝိသုကမ္မ၊ မြင့်မြတ်အသရေ၊ ထက်နတ်ပြည်မှာ၊ ကုဝေရဟု၊ ဒေဝသရထိ၊ မာတလိနှင့် မဏိမေခလာ၊ တိဒေဝိက၊ စန္ဒြာစန်၊ ဗီရနီနှင့်၊ ဒေဝီကုဏ္ဍိယာ၊ ဒြပ်ရှိကော၊ နတ်မိန်းမနှင့်၊ ဒေဝကုဏ္ဍိပါဒ်၊ တန်ခိုးပေါ်ထင်၊ မိုးဘုရင်ကေ၊ အိုရှင်နတ်တို့၊ ို့ဝတ်ခယ၊ ကျွန်ယေမောင်ကို၊ ကြံဆောင်ခလို့၊ စောင်မပါလော၊ စိတ်ကြံဆောင်ကော၊ အောင်စေသောဝ်လေ။ (ဆရာထွန်း သာချင်းထံမှရရှိသည်)။

ရခိုင်တို့ ကိုးကွယ်ပြုခဲ့သော ပုဂ္ဂိုလ်များကို ဆရာထွန်းသည် ဥဒိန သာခြင်းတွင် စပ်ဆိုထားခဲ့သည်။ ထိုနှင့်အလားတူ ရခိုင်ဝေလာဟက ပေဒင်ကျမ်းတွင်လည်း စပ်ဆိုထားသည်ကို တွေ့ရသည်။ သိသာရန်နှိုင်းယှဉ်ဖော်ပြပါအံ့။

''တြိသီဟော၊ နာဂေါသတ ၊ ပပြို့ နိုး၊ ကြီးတန်းခိုးနှင့်၊ လေးမျိုး မဟာရာဇ်၊ အချာစိုက် ၊ ရှစ်ရဟန္တာ၊ ယက္ခာ ဧကော၊ ဒွေရာဇာနှင့်၊ ပြဟ္မာပ ၂ ္ဂဣန္ဒြကကော၊ နဝဒေဝေါ၊ ဆဝ ေ ါက၊ လေးပါးသစ ါ၊ ရှစ်ဝိဇ္ဇာနှင့်၊ မဟာဓိပတိ၊ အရဟံလော၊ သမ ၊ဒွေါကော၊ ငါးမုနိ၏၊ ကြီးဘိတေဇော်'' (ဥဒိန သာခြင်းမှ)

''ဖီးမတ္တိအောင်၊ ခြသေ့်သုံးထား၊ နဂါးသတ ၊ ပပြို့ နိုး၊ လေးမျိုး မဟာရာဇ်၊ ရန်စစ်ပေါက်ချ၊ ဆဝ ဝရော၊ ဣန္ဒြေငါးယောက်၊ စောင့်ရှောက်တစ်ဦး၊ ဘီလူးအဋ္ဌဝက၊ ဒေဝကိုးမည်၊ တန်ခိုးစည်သား၊ ထက်ပြည်သုဒ္ဓ၊ ပြဟ္မာငါးယောက်၊ ကျွန်းတိုင်းနှောက်သည်၊ နှစ်ယောက်စက ဝတ်၊ မြတ်ထွဋ်မှထင်ရှား၊ ရှစ်ပါး ရဟန္တာ၊ ဤကမ္ဘာ၌၊ နဝါတော်မှူး၊ ပေါင်းငါးဦးကို၊ ကြည်နူးအင်ဖြည့်၊ ကိုးကွယ်၏။'' (ရခိုင်ဝေလာဟက ပေဒင်ကျမ်းမှ)

ဆရာထွန်းကား ထိုသို့ကိုးကွယ်မှုဆိုင်ရာ ထုံးဓလေ့မျှသာ ရေးဖွဲ့ခဲ့သည်မဟုတ်။ လူ့ယဉ်ကျေးမှုဆိုင်ရာဓလေ့တို့ကိုလည်း ရေးစပ်ခဲ့သေးသည်သာ။ ယခု ဒြေ့ဝတ်မှု ဓလေ့တစ်ခုကိုတင်ပြပါမည်။ ရခိုင်ိုးမတွင် ငှက်ဆင်ပျက်ကျသဖြင့် သံတွဲမြို့သို့

ရောက်လာရသော သူရိယကုမ္ဗာမင်သားသည် ရခိုင်ပန်းသည်မအိမ်တွင်တည်းခို ရသည်။ ထိုအခါ အိမ်ရှင် ပန်းသည်မကညော်သည်အား ညော်ဝတ်ပြု ထမင်းတည်ခင်းပုံ ရခိုင်ဓလေ့တစ်ခုကို စပ်ဆိုထားသည်။ ရှေးကရခိုင်တို့သည် ကြေးလင်ပန်းကြီးဖြင့် ညော်သည်အား ညော်ဝတ်ကျွေးမွေးလေ့ရှိသည်။ ထိုလင်ပန်းကို ''ကြီးဟင်းရာ''ဟု ခေါ်ပါသည်။ ယခုထိ ''ကြီးဟင်းရာ၊ ရွှေဟင်းရာမှာ၊ အချင်းဆေးမွေးဖွား လာသူတည်း''ဟု ကြွားဝါလေ့ပင် ပြုနေကြသေးသည်။ ထိုသို့ ညော်ဝတ်တည်ခင်း ကျွေးမွေးပုံကို အောက်ပါအတိုင်း ဆရာထွန်း၏ ''သူရိယကုမ္ဗာနှင့် ကဉ္စနဒေဝီ ငှက်ဆင်ချီသာခြင်း''မှ ကောက်နှုတ်ဖော်ပြအပ်ပေသည်။

''ထိုသည်အခါ၊ လေ့ကခုံက၊ ခြေစုံရပ်လို့၊ လက်ယက်ခေါ်ကော၊ အိမ်ပေါ်အတွင်း၊ ဘိုးဒါဘောင်မှာ၊ ချဉ်ပေါင်ဟင်းနှင့်၊ ခုချင်းရောင်းရာ၊ ဘောင်းခြင်ခေါ်ကော၊ လေဝါ ဖောင်းစောက်၊ မင်းသားမောင်ကို၊ ဖင်ထောင်ခြောက်နှင့်၊ သောက်ပါစားပါ၊ ကြီးဟင်းရာမှာ၊ မုလာလက်သုတ်၊ တခွက်လုပ်လို့၊ ငပ်အတန်၊ ပေးလေပြန်ကော၊ ဘုန်းကံကြီးငြား၊ မောင်လုလင်ကော၊ ရှင်မင်းသားလည်း၊ နွမ်းပါးခေတ်တွင်၊ စားတုံကျင့်၊ နေဝင်ပြီးနောက် ထိုသည်အိမ်မှာ၊ အိပ်ချိန်ရောက်က၊ သပေါက်တထည်၊ အလယ် ထွားညက်၊ အနားပျက်နှင့်၊ ပြော့ထက်မှာသိပ်၊ သူရိယကုမ္ဗာ၊ မင်းသားကျော်မှာ၊ စက်ပျော်အိပ်တော။''

## ပွဲပြင်လုပ်ဓလေ့

ရခိုင်တို့တွင် တစ်နှစ်အတွင်း ပွဲပြင်နှစ်ခု မပြုလုပ်အပ်ဟူ၏။ ဥပမာ ရှင်ပြု၊ မင်္ဂလာဆောင် (၂)ပွဲ။ တစ်နှစ်အတွင်း ပွဲ(၂)ခု မပြုအပ်။ ပြုလုပ်လိုက နှစ်မထပ်စေရန် သင်္ကြန်တွင်းတစ်ခု၊ သင်္ကြန်လွန်တစ်ခု ကျင်းပရသည်။ သုံးပွဲကိုကား လုပ်ကောင်းသည်။ ထို့ကြောင့် အခြားအလှူအတမ်းတစ်ခုပါ အပိုနှင့်သုံးပွဲစေ့အောင် ဆောင်ရွက်ခြင်းတို့ကိုပြုကြလေသည်။ ထို့ပြင် ပွဲလုပ်ရာ၌ ရှောင်ရသည်မှာ ပွဲလုပ်လိုသူ အိမ်တွင်နှုတ်ပစ် ကိုယ်ဝန်ရှိက မင်္ဂလာဆောင်လက်ထပ် ထိမ်းမြားပွဲတို့လုပ်ခြင်း မပြုရဟူ၏

## အိမ်ထောင်ပျက် ရှောင်ကြဉ်ပုံ

လင်သေ မယားသေသောသူသည် အိမ်ထောင်ပျက်ဟူ၏။ ထိုသူကို တလ၊ အချို့(၃)လ၊ တခြားအိမ်သို့ ဝင်ထွက်သွားလာခြင်းမပြုရချေ။ ရွေးဖယ်ခြင်း ခံရလေသည်။ ထိုသူဝင်မိက ပရိတ်ကမ္ဗဝါဖတ် ဖီးလွှဲပေးရသည်။ စရိတ်စက အကုန်အကျကို ဝင်မိသူထံမှ လုံးဝကျခံရသည်။

## အသုဘနှင့် ဆိုင်ရာ ဓလေ့တိုစများ

မွေးရက်နေ့၊ လကွယ်နေ့၊ ရခိုင်ပြည်၏ ရက်ဗုဒ္ဓဟူးနေ့ ၁ တို့တွင် သေဆုံးသော

သူကို ညဥ့်ကူး၊ ညဥ့်သိပ်၊ ညဥ့်ရက်လွန်ကျော် မထားရချေ။ ထိုသေဆုံးသောနေ့တွင်ပင် နေ့လည်၊ ညနေ၊ အချိန်အခါတို့၌လည်း သင်္ဂြိုဟ်ခြင်းမပြုရချေ။ နေဝင်ပြီးနောက် ကြယ်ထွက်လျှင် သင်္ဂြိုဟ်ခြင်းပြုကြရိုး ထုံးစံရှိလေသည်။ မွေးရက်နေ့၊ လက္ခယ်နေ့၊ ဗုဒ္ဓဟူးနေ့ ကြယ်ထွက်၊ ကြယ်ပေါက်ချိန်တွင် သေလျှင် ထိုရက်လွန်ပြီးဟု ယူဆပုံရ ရက်လွန်ထားနိုင်ခြင်း၊ ညဥ့်ကုန်ကျော်လွန်ထား နိုင်ခြင်းပြုရသည်။ ကြယ်ပေါက်၊ မပေါက်၊ ကြယ်ထွက်၊ မထွက်ကိုလိုက် ထိုသို့သင်္ဂြိုဟ်မှုဆိုင်ရာ ဓလေ့ပြုထုံးလာသည်။

ရခိုင်အချို့ဒေသ၌ လူပျိုအပျိုသေဆုံးလျှင် မသာခေါင်းတွင် စက ူမကပ်ရ။ ၎င်းပြင် လင်သား မယားရရှိခဲ့ဘူးကြောင်းသိစေရန် မိန်းမဖြစ်သူက ၎က်ပျောတုံး တစ်တုံစီ ယောကျ်ားဖြစ်က ယမင်း ူပ်(ညီးမင်း ူပ်)တစ်ခုစီ ခေါင်းထဲတွင် အလောင်းကောင်နီးကပ်မျှောင်လျက် ထည့်ပေးလေ့ပြုရထုံးရှိသည်ဟူ၏။

ရှေးက ကိုယ်ဝန်အရင့်အမာဖြင့်သေသူအား မြ ူပ်နှံခါနီးတွင် ဝမ်းပိုက်ကို ခွဲရသည့်ဓလေ့ရှိခဲ့ဘူး၏။ ယခုကား ထိုသို့မပြုကြတော့ဘဲ ဝမ်းပိုက်ကို ဓားဖြင့် ခွဲဟန်ပြုပြီး ဓားတင်ပြလျက် သင်္ဂြိုဟ်လိုက်ကြတော့သည်။ ဤဓလေ့မှာ သံကိစ သာမဏော မိခင်အဖြစ်အပျက် ဝတ ူမှုဆင်းသက်လာသည်ဟုယူဆကြသည်။

အသက်နှစ်ဆယ်မပြည့်ဘဲ မသာခေါင်းတွင်သွင်း (ဝါ) မသာခေါင်းဖြင့် မသင်္ဂြိုဟ်ရ။ ကြီးရင့်အိုမင်းသူ မဟုတ်ဘဲ မီးသင်္ဂြိုဟ်မှုမပြုရဟူ၏။

တစ္ဆေသူရဲစသော အစွဲအနှောင့် ပယောဂတို့ကြောင့် သေဆုံးသွားခဲ့ရသည်ဟု ထင်ရသော ခလေးငယ်အလောင်းကို မသင်္ဂြိုဟ်မီတွင် ဆီးသီးစေ့၊ စပါးစေ့တို့ကို မီးသင်းရသည်၊ ထိုသို့ မီးသင်းထားသော အစေ့များကိုပြလျက် ''ဤစပါး၊ ဤဆီးသီး အသီးသီးပြီးမှပြန်လာပါ''ဟုဆိုလျက်(ဖီးလွဲသည်ဟူ၏) ယတြာသဘောပြုကာ ခလေးအလောင်းတွင်ထည့်ပြီးမှ မြ ူပ်နှံသင်္ဂြိုလ်လေ့ ရှိကြသည်ဟူ၏။

ရပ်ရွာတို့တွင် လူသူအသေအပျောက်များက ဤသို့ယတြာ ချေဖီလွှဲတတ်ကြသည်။ ပြုပုံမှာ ဓားမကြီးထမ်းပြီး လူတစ်ယောက်က သင်္ချိုင်းဝရှေ့မှနေလျက် စောင့်နေရသည်။ လူသေကောင်မြ ူပ်နှံရန် လိုက်ပို့သင်္ဂြိုဟ်သူတို့ရောက်လာကြသော အခါ၊ ''သင်တို့ခဏခဏ၊ လာမြ ူပ်နှံမနေကြနှင့်သွားကြ၊ မလာနှင့်တော့''ဟုဆို ဟန့်ဆီးတား မြစ်လေ့ပြုရလေသည်။ ထိုအခါ မြ ူပ်ရန်လာကြသူများက ''ဤ တစ်ခေါက်သာဖြစ်ပါသည်။ နောက်ဘယ်တော့မှ မလာတော့ပါ''ဟု တောင်းပန် ပြောဆိုရသည်။ ထိုနောက် အခွင့်ရသည်သဘောဖြင့် သင်္ချိုင်းသို့ဝင်သွင်းကာ မြ ူပ်နှံသွားကြရလေသည်။ ဤဓလေ့မှာ ဘေးရန်ကိုလွှဲဖဲစေသည့် နည်းလမ်းပြုခြင်း သည်ဟူ၏။

အသုဘပို့သူများ မသာသင်္ဂြိုဟ်ပြီး သင်္ချိုင်းမှ မိမိအိမ်သို့ပြန်လာသောအခါ အိမ်တွင်ကျန်ရစ်သူများက အိမ်သို့ပြန်လာကြောင်းတွေ့မြင်ခြင်း ချက်ချင်း စားဖိုပြာတဆုပ် ရေတမှုတ်တို့ကို လက်နှောက်ပြန်ပစ်လိုက်ရသည်။ ထိုသို့ပစ်လုပ်ပြီးမှ ပင် ထိုပြန်လာသူမှာ မိမိအိမ်သို့ဝင်နိုင်တော့သည်။

ရခိုင်သားကြီးစာပေ

## အသုဘအလှူ ကန်တော့ပွဲ

အသုဘအတွက် ကန်တော့ပွဲခေါ် တရားပွဲကို အုပ်ကလပ် သို့မဟုတ် ဇလုံတွင် ပြုပြင်က အ္ခန့်မထိုးရချေ။ ထို့ကြောင့် ငှက်ပျောသီး၊ အုန်းသီး၊ ကြွန်တပင်၊ ပိတ်ဖျင်ဖြူထည် တစ်ကိုက်ကိုအ္ခန့်ထိုး အုပ်ကလပ်တွင် မထည့်ရချေ။ ၎င်းတို့ ဖာသာ အသီးသီးသာလျှင် ထမ်းပိုးယူသွားရသည်။ ထိုကန်တော့ပွဲ ပစ ္စည်းများကို သင်္ချိုင်းတွင် ဘုန်းတော်ကြီးအားပင် လှူဒါန်းလိုက်ရလေသည်။ အချို့အရပ်တို့တွင် အလှူပစ ္စည်းများအပြင် ပဒေသာပင်များသီးလျက် အလှူရုံဝတ ္ထုများသည် လှူဒါန်းရန် ထည့်သွင်းပါရှိလေ့ရှိသည်။

သေသူအတွက်ရည်စူး အလှူအတန်းအဖြစ် သပိတ်သွပ်ခြင်းကို သပိတ်ဖြည့်သည်ဟုခေါ်ဆိုလေသည်။ ထိုသပိတ်သွပ်ခြင်းသည် ရက်လည်၊ နှစ်လည်သွပ်ခြင်းဟု နှစ်မျိုးရှိသည်။ အချို့လည်း အလောင်းကောင် အိမ်ပေါ်ရှိစဉ်ပင် သပိတ်သွပ်လေ့ရှိကြသည်။ ၎င်းသပိတ်သွပ်ခြင်းကို အကောင်ထက် သပိတ်ဖြည့်ဟု ခေါ်လေသည်။

သေဆုံး ခုနစ်ရက်စေ့တွင် သပိတ်သွပ်လှူဒါန်းခြင်းကား ရက်လည်သပိတ်ဖြည့်ဟုခေါ်လေသည်။ သပိတ်သွပ်ရာ၌ (၃)ရက် (၅)ရက်၊ (၇)ရက်တို့၌ ပြုလုပ်လေ့လည်းရှိကြသည်။ ထိုအခါ (၃)ရက်သပိတ်၊ (၅)ရက်သပိတ်စသည်ဖြင့် ခေါ်လေသည်။

နှစ်လည်သပိတ်ဖြည့်မှာ နှစ်မကုန်လွန်မီ သင်္ကြန်အကျ၊ အကြတ်နေ့တို့တွင် ပြုလုပ်ရသည်။ အမှန်မှာ သပိတ်သုံးခါဖြည့်ပေးရသည်ဟူ၏။ မိုးတွင်း သေဆုံးသူအတွက်ဆိုက ဝါကျွတ်တခါပါ ဖြည့်ပေးရသဖြင့် သုံးခါစေ့လေသည်။ ဝါကျွတ်သီတင်းကျွတ်လွန်ပြီးနောက် သေဆုံးသူအတွက်ကား အထက်ဖော်ပြပါ သပိတ်နှစ်ခါသာ သွပ်ပေးဖြည့်ပေးရန် အခွင့်ကာလရရှိတော့သည်။

သပိတ်ဖြည့်ရန် သပိတ်ကို ဘုန်းကြီးကျောင်းမှပင့်ယူချေပြီး သေသွားသူ ဦးခေါင်းချခဲ့ရာတွင်ချရသည်။ ထိုနောက် သပိတ်အတွင်းတွင် ကောက်ည ္ခင်းဆွမ်း တစ်ဝက်၊ သို့မဟုတ် အနည်းငယ်ခန့်၊ ကျန်ဆွမ်းကို စခွန်းခေါ် ဆွမ်းဖြူ အပြည့်ထည့်ရသည်။ ဟင်းရံအတွက် နို့၊ သကြား၊ သကာစသော ချိုချဉ်၊ မြောက်ဥ၊ ဖ ုံသီးဟင်း၊ ငါးဟင်းတို့ကို ဆွဲချိုင့်ဖြင့်ထည့်ရသည်။ ထိုသို့စီစဉ်ပြီး ကျောင်းသို့ပို့ လှူဒါန်းလျက် ရေစက်ချ အမျှဝေတမ်း ပေးဝေရလေသည်။

ရှေးအခါက သပိတ်သွပ်ဖြည့်မည့်နေ့တွင် သေသူအား မြ ုပ်နှံခဲ့ရာ သင်္ချိုင်းသို့ သွားပြီး ''ယခုသင့်ကို ရည်စူး အလှူအတန်းပြုလုပ် သပိတ်ဖြည့်မည်။ အမျှအတမ်း ယူ သာဓုအနု မောဒနာခေါ်နိုင်ရန်လိုက်လာခဲ့ပါ''ဟုဆို ခေါ်ရသည်။ တစ်ချို့အရပ်တွင် ကြက်လျှာတစ်ခုခုကိုယူသွားပြီး ထိုကြက်လျှာတွင် လိုက်လာပါရန် ခေါ်ယူလေ့ရှိသည်။ သေဆုံးသွားရာနေရာမှနေ လည်း ခေါ်လေ့ရှိသည်။ တစ်နှစ်အတွင်း သေဆုံးကြသူ မှန်သမျှအတွက် သင်္ကြန်အတွင်းတွင် နှစ်လည်စေ့

အဖြစ် ဆွမ်းသွပ်သပိတ်ဖြည့်ပွဲ ပြုကြရသည်ချည်းတည်း။ သေသည်မှ မြ ုပ်နှံသည် ထိတိုင် ရက်အတွင်း၌ကား သပိတ်သွပ်မှုမရှိသော်လည်း မသာဆွမ်းအဖြစ် ကျောင်းသို့ အမြဲဆွမ်းပို့ထားနိုင်သည်။ ယင်းသို့ ဆွမ်းပို့ထားကြသည်လည်းရှိလေသည်။

❖❖❖

# ရခိုင်ရိုးရာ ကထိန်ပွဲအစီအမံ

တန်ဆောင်မုန်းလ ခဝဲပွင့်ဝင်းဝါလာချိန်ကာလတွင် ဗုဒ္ဓဘာသာစိုက် ကထိန်ခင်းပွဲ ကျင်းပလေ့ပြုစဉ်လာရှိခဲ့ကြသည်။ ထို့ကြောင့် ရခိုင်ကျေးလက် တေးသာခြင်းတို့၌–

ခဝဲမယေဝင်းဝါ၊ ပွင့်ပြန်လာကေ၊
သီကာလည်းကုံး၊ တန်းဆောင်မုန်းမှာ၊
သျှင်ဘုန်းသံဃာ၊ ကျောင်းဝိဟာ၌၊
ကထိန်လည်းကပ်၊ မေ့ိမှာလေ၊
ပျော်ပါးကတ်မေ။

ဟူ ဖွဲ့ဆိုခြင်းပင် ပြုလာခဲ့ကြရသည်။

တန်ဆောင်မုန်းလတွင် ကထိန်ခင်းပွဲကျင်းပလာရခြင်းမှာ ရာသီပွဲအဖြစ် ဗုဒ္ဓဘာသာဝင်လူမျိုးတို့၏ ဓလေ့စိုက်သဖွယ်ဟုဆိုနိုင်လောက်သည်။ ဗုဒ္ဓ လက်ထက်မှစ ဝါဆိုဝါကပ်သော ရဟန်းတို့အား ဝါလကျွတ်လျှင် ကထိန်ခင်း ခွင့်ပြုခဲ့ရာကအစ ထိုလရောက်လျှင် ရာသီပွဲတစ်ခုတိုးလာ ကထိန်ခင်းပွဲကို ရခိုင်ဗုဒ္ဓဘာသာတို့လည်း ယခုထိကျင်းပမြဲပြုလာရလေသည်။ ကထိန်ခင်းပုံ ခင်းနည်းမှာ ဗုဒ္ဓကျမ်းဂန်အရ အများသိပြီးပင်ဖြစ်သည်။

သို့သော် ရခိုင်လူမျိုးတို့စိုက်အရ ကထိန်ပွဲနေ့တွင် အလှူအတန်း ကထိန်ပရိက္ခရာအထွေထွေကို ကိုယ်စီကိုယ်စီကိုင်ချီ ကျောင်းတော်သို့ လာရောက် ကြသည်။ လူငယ်လူရွယ် ကာလသားများဆိုလျှင် တေးသာခြင်းများဆို တီးမှုတ် ကာ နောက်မှတပျော်တပါး လိုက်ပါလာကြသည်။ ရှေ့ဆုံးက သက်ကြီးသူမများက

တံခွန်။ ကုက ၁။ မလေးဖွား။ ပန်းမာလ် များကို ကိုင်ဆောင်ပါလေသည်။ ထိပ်ဆုံးက ပဒေသာပင်များကို မြင့်ဖြူးစွာ အတင့်အတယ်ဆင်ယင် ဝတ်ကျစွာ ပဒေသာသီး သကဲ့သို့ လျှာဘွယ်ဝတ ၊များကို သီးလျက်တွဲရရွဲဆွဲပါလာသည်။ ကျောင်းသို့ရောက်လျှင် လက်ျာရစ်လှည့်ပတ် သာခုမြိုင်မြိုင် ခေါ်လျက် မီး၊ူးမီးပန်း ပစ်ဖောက်ကာ လှည့်ပတ်ကြသည်။ ၎င်းကို ပဒေသာလှည့်သည်ဟု ခေါ်သည်။

ထို့နောက် ခင်းကျင်းထားသော တရားမဏ္ဍပ်၊ ကထိန်မဏ္ဍပ်သို့ဝင် ဆရာတော်များကို ဦးချပူဇော်ကြသည်။ ပဌမဆုံးသီလယူပြီး ကထိန်မကပ်မီ သိကြားမင်း၊ စတုလောက ပါလနတ်မင်း ၎င်း (၅)ယောက်တို့က ကထိန်ပွဲအောင်မြင် စေရန်သဘောဖြင့် အစောင့်အရှောက်ပေးရသည်။ ထို့ကြောင့် နတ်ဝတ်သဏ္ဍာန် ဆင်ယင်ထားသောသူ(၅)ယောက်က နတ်ထွက်ခန်းကိုပြုရသည်။ နောက်(၄) ယောက်က အရပ်မျက်နှာ(၄)ဘက်ကနေရာယူနေရသည်။ ပဌမဆုံးသိကြားမင်း လုပ်သူက သိကြားမင်းထွက်သည့်သဘော သက်ဆိုင်ရာနတ်လေးပါးတို့အား အမိန့်ပေးရသည်။

ထို့နောက်မှ အရှေ့မျက်နှာက ဓတရဋ္ဌနတ်မင်းကၡင်း၊ တောင်မျက်နှာက ဝိရူဋ္ဌကနတ်မင်းကၡင်း၊ အနောက်မျက်နှာက ဝိရူပက္ခနတ်မင်းကၡင်း၊ မြောက်မျက်နှာက ကုဝေရနတ်မင်းက ၎င်းအသီးသီး စောင့်ရှောက်ကူညီကြောင်း နတ်လူအပေါင်းတို့အား ဆော်ဩတိုက်တွန်း အသိပေးသောအနေဖြင့် အမိန့်ကို စာတမ်းဖတ်ဆိုကြလေသည်။ ယခု နတ်ထွက်စာများကား အချိန်မရခြင်း၊ အစီအစဉ်များခြင်းတို့ဖြင့် တစတစအသုံးနည်းလေ့ရှိလာခဲ့လေပြီ။ ၎င်းအစား ကထိန်အမေးအဖြေတို့ကိုပင် ရဟန်းသာမဏေတို့က ဆောင်ရွက်ကြလေသည်။ ယင်းသို့ပြုပြီးမှ ကထိန်ကပ်၊ တရားနာ၊ ရေစက်ချပြီး ကထိန်ပွဲကိုအဆုံးသတ် လိုက်ကြလေသည်။

ိုးရာကထိန်ပွဲတွင် အသုံးပြုကြသော နတ်ထွက်အမှာ ရှေးက ဆရာတော်များ၊ စာဆိုတော်များ၏ လက်ရာမျာသာဖြစ်သည်။

စာပေသဘောအားဖြင့် တန်ဖိုးရှိသည်။ နောင်လာနောင်သားများကား ထိုသို့ ရှေးိုးယဉ်ကျေးမှုနှင့်ဆိုင်ရာ စာပေများကို လေ့လာသင့်သည်။ မှတ်တမ်းတင်ခြင်း၊ ဖေါ်ထုတ်ခြင်း၊ ယဉ်ကျေးမှုအရ ထိမ်းသိမ်းထားခြင်းများပြုသင့်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ တွေ့ကြုံခဲ့ရ၊ သိမှတ်လေ့လာထားမိသော ထိုကထိန်နှင့်ပတ်သက်ရာ နတ်ထွက်စာကို အောက်ပါအတိုင်း ရှာဖွေတင်ပြရခြင်းဖြစ်ပါသည်။

## အလယ်၌ ဖတ်ကြားရန် သက္ကဒေဝသိကြားမင်း နတ်ထွက်စာ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**(သုံးခေါက်ဆို)**

စီရံ တိဌ္ဌတု ဇိနသာသနံ။ ။ သုံးထွေ ပု–ဒိအာ၊ လေးသစ ၁နှင့်၊ ငါးဖြာ မာရ်အောင်၊ ဘုန်းခေါင်ဇိန၊ သမ္ဗုဒ္ဓ၏၊ မြွက်ဟမိန့်မှာ၊ သာသနာသည်၊ ရှည်ကြာများမြောင်၊ တည်ကြောင်းဆောင် ၊ ငါးထောင်အမှန်၊ စီရံစီရ၊ နှစ်ကာလသည်၊ တိဌ္ဌတု–အမြဲတည်တော်မူပါစေသတည်း။

မြင့်မိုရ်ချက်ချာ၊ အာလိင်ငါးတန်၊ ယုဂန်ခြံ ၊ ခုနစ်ထပ်တောင်စဉ်၊ လေးဉယျာဉ်နှင့်၊ နှိုင်းယှဉ်မမျှ၊ နတ်ဒေဝါပေါင်း၊ ခဝပ်ညောင်းစံ၊ လုပ်ကျွေးခံလျက်၊ သုဇမ္ပတိ ဒေဝိန်တို့သခင်၊ နတ်ရှင်မာဃ၊ သက ကြ္လန[ာ၊ ဝတိန်သာတို့၊ မြင့်မိုရ်ထိုးသား၊ ရှင်သိကြားသည်၊ အရှေ့လောကဓာတ်၊ အရပ်မျက်နှာ၊ ဂန္ဓဗ္ဗနတ်မျိုး၊ အုပ်စိုးပိုင်သ၊ ဓတရဋ္ဌ၊ နာမကျော်သီး၊ နတ်မင်းကြီးအားငင်း၊ တောင်လောကဓာတ်၊ ရပ်မျက်နှာလုံး၊ ပိုက်ကျုံးပိုင်သ၊ ကုမ္ဘဏ္ဍနတ်မျိုး၊ အုပ်စိုးတော်မူရာ၊ ဝိရူဠှက၊ နတ်မင်းလုအားငင်း၊ အနောက်လောကဓါတ်၊ အရပ်မျက်နှာ၊ စိုးကာပိုင်ကွပ်၊ ရေနတ်နဂါး၊ အမျိုးများကို၊ စိုးငြားတော်မူ၊ ဝိရူပက္ခ၊ နာမကျော်သီး၊ နတ်မင်းကြီးအားငင်း။ မြောက်ဥတ ရာ၊ အာဏာပိုင်လတ်၊ ယက္ခဆိုနို၊ ဘီလူးမျိုးကို၊ အုပ်စိုးပိုင်သ၊ မည်ရနာမ၊ ကုဝေရက၊ နတ်မင်းကြီးအားငင်း၊ မြဖလ်ရွှေငွေ၊ လေးထွေရောင်ဖြာ၊ ဘောင်သေလာမဟော၊ မဏ္ဍိုင်မေ႔ ၊ ခ႔လက်ျာ၊ ဇမ္ဗူမြေအချာဝယ်၊ မကုဋ္ဌကုဋ္ဌ၊ အတုလဓမ္မရာဇ်၊ နတ်ထက်နတ် ဖြစ်တော်မူသော၊ သုံးလောက မျက်ျ ၊ ဘုရားသဗ္ဗညုသည်၊ ဒီပင်္ကရာ၊ ထွင့်ရှုချာမှန်ကင်း၊ တရားမင်းအထံ၌၊ ဗျာဒိတ်တော်ခံသည်ကစ ၊ လေးအသင်္ချေ၊ သိန်းနေကမ္ဘာ၊ ကာလကြာညောင်း၊ ဆယ်တန်သော ပါရမီအပေါင်းတို့ကို၊ ကျင့်ကြံ အားထုတ် ၊ အနုတ္တ ရ၊ အတုလဂုဏ်၊ ဘဝဂ်ချုံသဖြင့်၊ ဘုရားဆု ပြည့်တော်မူသည်။ ထိုဘုရားမြတ်စွာ၊ စိန္တေယျာ၏၊ ဒေသနာတော်အထွက်၊ ကထိန်ဟူသော၊ ဤပွဲချက်၌၊ ယိမ်းကွက်တိမ်းပါး၊ မတရားမှု၊ မပြုစွန့်ပစ်၊ လိုက်စားတော်မမူစေရ၊ သတိတော် ချထားသဖြင့်၊ လေးပါးသော ပရိသတ်တို့ကို၊ နတ်မင်းကျော်ဒေဝ၊ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရဟု၊ နာမကျော်ခေါင်၊ နတ်မင်းမောင်တို့က၊ ကောင်းကောင်း သာဓု၊ ဇေယန္တုဖြင့်၊ ကြည့်ရှုမိုင်းမ၊ စောင့်ကြပ်ကြရမည်။ ။ အိုနတ်များအပေါင်းတို့။

## အရှေ့မျက်နှာ ဓတရဋ္ဌနတ်မင်း နတ်ထွက်စာ

**(နမောတဿ သုံးခေါက်ဆို)**

သိရ်မဏ္ဍလာ၊ ဂိရိန[ာထက်၊ ဒေဝါအပေါင်း၊ ရံသောင်းစိုးရ၊ အယုဇ္ဈပူရ၊ သုဒ နှ၊ အမရဝတီ၊ ဌာနီကြငှန်း၊ ဘုံနန်းကြီး အသျှင် ပဉ္စသိခ၊ ဂန္ဓဗ္ဗ, ဇဝန ဝိသကြုံ၊ ဝန်းချုံရံပတ်၊ နတ်အတွင်း ဝန်တို့နှင့်တကွ၊ လောကပါလ၊ မည်ရကျော်ဟီး၊ နတ်မင်းကြီးလေးပါးကို၊ ခိုလုံစေသည်နှင့်အညီ၊ တွင်မည်ဓတရဋ္ဌ၊ နတ်မင်းမြတ်သည်၊ အရှေ့လောကဓါတ်၊ အရပ်မျက်နှာအပြင်၌၊ ကျင့်အင်စာရိတ်၊ ဝါရိတ်တရား၊ စည်ကားတိုးပွားအောင်၊ စောင်မထိမ်းသိမ်းရာ၊ အာဏာခေတ်တွင်၊ ခပင်းများစွာ၊

ဘုမ္မာ႒ကမ္ဘ၊ စသည်ကျော်သောင်း၊ အိုနတ်ပေါင်းတို့။ ကောင်းမှုကြီးကုတ်၊ အားထုတ်ကြရာ၊ ငါတို့ပကမ္ဘ၊ တူမျှကြည်ဖြူလျက်၊ ပေးလှူနုတ်မြိန်၊ ဤကထိန်ပွဲ အချက်၌၊ သက်ဝင်ခိုလှုံကြ ၊ ရန်မူကိလေ၊ မိစ္ဆေရစိတ်၊ မိစ္ဆာဝန်တို၊ ငြိုငြင်ရန်ကား၊ မတရားအမှု၊ မသူတော်ကြိုက်ကို၊ လိုက်စားတော်မမူကြဘဲ၊ ခပဲများစွာ၊ မဟာဥက ဌ၊ ဇောမြတ်စင်စစ်၊ ဖြစ်စေကြရမည်။ ။ အိုနတ်များအပေါင်းတို့၊ (ငွေရောင်အဆင်းကို ဝတ် ဆိုရမည်)။

## တောင်မျက်နှာ ဝိရူဋ္ဌကနတ်မင်း နတ်ထွက်စာ

### (နမောတဿ သုံးခေါက်ဆို)

မဏ္ဍလာသိရ်၊ ဂိရိန်မဟာ၊ သိရိန္ဒြာထက်၊ ဒေဝါတုိ း၊ နတ်အမျိုးကို၊ စိုးရကွပ်နိုင်၊ ကုမ္ဘန္ဒာသက ၊ သဟ ဂဏ်၊ ကုမ္ဘဏ်ထင်ရှား၊ နတ်သိကြားသည်၊ မဟီကျက်သရေ၊ ရွှေသပြေရိပ်၊ ဗျာဒိတ်မော်ကွန်း၊ ကျွန်းလက်ျာတောင်၊ တောင်ဗမ,ူ အချာဝယ်၊ ဆက်စည်ပြန့်ပွား၊ နတ်လူများကို၊ ဒါနသီလ၊ သမထတရား၊ ပွားကြီးစေ ရမည်၊ ကုဏ္ဍိရောင်လက်၊ ပြိုးပြက်သွန်းပိုက်ရာ၊ ဤဇမ,ူဒီပါအလွှာ၌၊ နဂါးဂဠုန်၊ ကုမ္ဘာဏ်ရက္ခိုက်၊ ဖုတ်ပြိတ်တစ္ဆေ၊ မြေနေသံဘက်၊ မိစ္ဆာအပေါင်းတို့၊ ငါတို့အတူ၊ အယူဖောက်လွဲ၊ မရှိဘဲလျက်၊ အောင်ပွဲကြီးသဘင်၊ ဓမ္မမြူ သုံးလောကမကိုဋ်မှ၊ သုံးတိုက်လုံးတန်းဆောင်၊ ယခေါင်ရှည်လျား၊ ရှေးဘုရားတို့၊ ဟောကြားတံထွာ၊ ဓမ္မတာနုတ်မြိန်၊ ဤကထိန်ပွဲသဘင်၊ ဆင်ယင်ကြဆဲအခါ၊ ဆအသာဓါဏ၊ စတုဝေသာရဇ္ဇ၊ ဒသဗလ၊ ဂဏာဆယ်အင်၊ ဆင်ဇာနည်ကိန်း၊ ကုဋ္ဌေသိန်းမျှ၊ ကာယဗလ၊ နုတ်ဆမကုန်၊ ထုံတော်မူအပ်၊ ဘုရားမြတ်ကို၊ ရှေ့မျက်မှောက်ထား ၊ အများငါတို့၊ မချို့ဂုဏ်သိရ်၊ ဤကထိန်ပွဲသဘင်တွင်၊ ဆင်ယင်တော်မူကြရမည်။ (မြရောင်အဆင်းကိုဝတ် ဆိုကြရမည်)။

## အနောက်မျက်နှာ ဝိရူပက္ခနတ်မင်း နတ်ထွက်စာ

### (နမောတဿ သုံးခေါက်ဆို)

မြဖလ်ရွှေငွေ၊ လေးထွေရောင်ရှိန်၊ အာလိင်ငါးထပ်၊ ရံပတ် ရစ်ဆိုင်၊ ခုိင်ဗဟိုရ်၊ မြင့်မိုရ်ပဗ,တ၊ ဥက သ်ဝယ်၊ ဝါသဝပူရိန္ဒြတ ၊ နာမထင်ရှား၊ နတ်သိကြားသည်၊ ဝိူ ပက္ခ၊ မည်ရနတ်မြတ်၊ မဟာမတ်အား၊ အနောက်လောကဓါတ်၊ ရပ်မျက်နှာလုံး၊ ပိုက်ကျုံး စေငှာ၊ ဌာနန္တရထူး၊ ချီးကျူးမြတ်လေး၊ အာဏာစက်၊ ပေးအပ်သည်နှင့်အညီ၊ နောက်မှီလောကဓါတ်၊ ရပ်မျက်နှာတွင်း၊ ခပင်းများစွာ၊ နတ်တကာတို့၊ အဇ္ဈောတိမ်စွန်၊ ရောင်ဝှန်တက်ရှိန်၊ ငွေရဝိန်သို့၊ ထွန်းလင်းသာသနာ၊ ရောင်ဝါအောင်လဲ၊ ကြုံကြိုက်လာဆဲအခါ၊ ငါတို့ကြုံးပမ်း၊ ဤကထိန်အခန်း၌၊ စိတ်ဝမ်းဝလေ့၊ ချမ်းမြေ့စုံညီ လျက်၊ ကျူးချီသာခု၊ ဂ ုဂါရဝ၊ သက စ ဇော၊ မနောရွှင်ပြုံးခါ၊ နှစ်လုံးနှစ်မြို့၊

ငါတို့တူဘက်၊ နှစ်သက်မေတ ၇၊ ဒယာခနီ ၊ သုံးလီ တန်ဆာ၊ ဒွါဒရာဆင်သလျက်၊ တရားတော်သံကို၊ နာခံတော်မူကြရမည်။ အိုနတ်များအပေါင်းတို့။ ။ (ဖလ်ရောင်အဆင်းကို ဝတ် ဆိုရမည်)။

## မြောက်မျက်နှာ ကုဝေရနတ်မင်း နတ်ထွက်စာ

### (နမောသသ သုံးခေါက်ဆို)

မဟီမဏ္ဍလာ၊ အပပြင်စွန်း၊ ပေါ်ထွန်းသမုတ်၊ ပတ်ချုပ်ဝန်းကာ၊ သီတာသတ ရဘာန်၊ ခုနစ်တန်ရံပတ်၊ အထပ်ထပ်နှင့်၊ ဝိဝစဍာယီ၊ ကပ်လုံးတည် ၊ လေးမည်ကျွန်းလုံး၊ နှုန်းမထိုက်ပေ၊ ကျက်သရေဟု၊ ထွေလာရင့်ကျူး၊ ကထိန်ဦးမဏ္ဍလာ၊ တာဝတ နန်းမဝယ်၊ ဥကင်သဘင်၊ ပျော်ရွှင်စံလျက်၊ နတ်ရှင်မာဃ၊ သူရိန္ဒြသည်၊ ဥတ ရဓာတ်၊ ရပ်မျက်နှာလုံး၊ သိမ်းံုးကျဉ်းကြပ်၊ စိုးကွပ်စေအပ်သော၊ ကုဝေရခေါ်၊ နတ်မင်းကျော်၏၊ ခေတ်တွင်အာဏာ၊ ဝင်လာမြဲနှောင်၊ အိုနတ်မောင်တို့ ရောင်စွန်မားမား၊ တန်ခိုးအားကြောင့်၊ ဘုရားဘုရားဟု၊ ထင်ရှားဖြစ်လာ၊ ဗုဒ္ဓုပါဒ၊ နဝမခေတ်၊ ကြုံကြိုက်မချို့၊ ငါတို့ခပင်း၊ သက်ဝင်နင်း ၊ ခင်းကျင်းတော်မြဲ၊ ကထိန်ပွဲဒါန၊ လှူကြဆဲ အခါဝယ်၊ ပညာသတိ၊ ဝိရိယ၊ အဓိမောက္ခ၊ ကုသိုလ်ဆန္ဒ၊ တူမျှစေကြောင်း၊ အောင်ဆုတောင်းလျက်၊ ကောင်းစွမေ့၊ နာကြရမည်။ ။ အိုနတ်များအပေါင်းတို့။ ။ (ရွှေရောင်အဆင်းဝတ် ဆိုရမည်)။

❖❖❖

# ရခိုင်ညွန့်ဖူး မြို့ မြောက်ဦး

ရခိုင်မြို့တော်ဟောင်းများတို့တွင် မြောက်ဦးမြို့လည်း အပါဝင်ဖြစ်သည်။ မြောက်ဦးမြို့ကား နောက်ဆုံးဖြစ်သော ရခိုင်မြို့တော်ဟောင်းဖြစ်ခဲ့ပေသည်။ ထိုမြို့ကို ဂေါစာ (၇၉၂)ခုနှစ် (ခရစ် ၁၄၃၀)တွင် မင်းစောမွန် စတင်တည်ထောင်ခဲ့ကြောင်းကို အောက်ပါ ရာဇဝင်လင်္ကာ အဖွဲ့အနွဲ့မျိုးစုံတို့ဖြင့် မှတ်တမ်းတင်ထားခဲ့ကြလေသည်။

''ကစ္ဆပနဒီ၊ ဤသည်ညာမွန်၊ ယဉ်ထန်တဘက်၊ ပင်လယ်ထွက်မှ၊ နှစ်ဘက်ကမ်းမြီ၊ ဖြားရီမှိုဝယ်၊ ရှိဆီပြုဗ,ာ၊ အာကာမှီခိုင်း၊ တောင်မြိုင်းမြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်၊ ရခိုင်ဝန်နဲ့ဖူး၊ မွန်ကြယ်မြူးသို့၊ မြောက်ဦးမြို့နန်း၊ တည်လက်ထွန်းသည်''

''ရေတွက်သကြစ်၊ ခုနစ်ကိုးဆယ်၊ စွန်းဝယ်နှစ်သော်၊ လတော်သလင်း၊ လျှံဝင်းထွန်းညီ၊ ရဝိနေထွက်၊ ဆန်းတရက်ဝယ်၊ ကန်လက်ကန်စန်း၊ မြို့နှင့်နန်းကို၊ ကျိန်းခန်းစစ်စစ်၊ တည်တုံလှစ် '' (မှောက်တောင်ဧးခြင်းမှ)

''တောက်ထွန်းလနှယ်၊ ရန်မျိုးပယ်လျက်၊ ဘုန်းကြွယ်ဝန်နဲ့သန်၊ မင်းစောမွန်သည်၊ အမှန်မပျက်၊ မြို့လောင်းကြက်ကို၊ ကနက်စိုက်ဆောက်၊ စိုးအုပ်မြောက်သော်၊ ထွန်းတောက်နန်းမ၊ ဥက သင်္ဂ၌၊ စိုးထတနှစ်၊ နေသည်ဖြစ်မှ၊ တလှစ်ယင်းက၊ သိကြားပြသား၊ မိုးဝရောင်ူး၊ သော်တာမြူးသို့၊ မြောက်ဦးမည်သာ၊ မြို့အောင်ချာကို၊ တည်လှာပြုလှစ်၊ သကရစ်ကား၊ ဒွေးဖြစ်နဝါ၊ သတ သာတည်း''(ရခိုင်ရာဇဝင် လင်္ကာမှ)

''ပွင့်သည်ထီးဖြူ၊ ဆက်ကာထူလျက်၊ နေမူနှစ်နှစ်၊ ကျိုးမဖြစ်သော်၊ တလှစ်ယင်းက၊ သိကြားပြသား၊ မိုဝရောင်မြူး၊ ကြယ်သောက်ျူးသို့၊ မြောက်ဦးမည်သာ၊ မြို့အောင်ချာကို၊ တည်ကာစင်စစ်၊ သေမည်ဖြစ်လည်း၊ မြေးမြစ်စဉ်ဆက်၊

ဘုန်းနန့်တက်လျက်၊ မပျက်ပွားစည်၊ ရှည်လတ်မည်ကို၊ မြင်သည်အမှန်၊ အဆုံးခံသည်၊ သောင်းခွန်မဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ ရခိုင်သားလေ သာစွလေ''။ (ရခိုင်သာစွလေလင်္ကာမှ)

''ခုနစ်ရာကိုးဆယ်၊ စွန်းဝယ်နှစ်ဖော်၊ လတော်သလင်း၊ လျှံဝင်းထွန်းညီး၊ ထွန်းပြီးနေထက်၊ ဆန်းတရက်၌၊ မြောက်ဦးမြို့သာ၊ တည်ခြင်းရာကား၊ တောင်ညိုကုက ၁း၊ နှစ်ပါးတူရှိ (ညီ)၊ ဘုမ္မိနက်သန်၊ မြေကြန်သင့်ရာ၊ ယင်သည်မှာလည်း၊ အကာအင်သီး၊ ထားတုံပြီးမှ၊ တည်ထွေမြို့နန်း၊ ကန်စန်းကန်လက်၊ တထောင်သက်ကို၊ မပျက်ထိုရော်၊ ဆက်တတ်သော်ကား၊ အရာထောင်သောင်း၊ ကျိန်းခန်းကောင်း၏'' (ရခိုင်မြို့တည် ပိုကာကျမ်းနှင့် ယတြာကျမ်းမှ)။

''ခုညပြည်တွင်၊ ရေကြည်မြမြ၊ ချမ်းအေးလှသား၊ ကစ္ဆပနဒီ၊ မှိုင်းရီရီလျှင်၊ မြစ်ဆီလက်ျာ၊ ရှေ့မျက်နှာဝယ်၊ ပြည်သာမဏ္ဍိုင်၊ ချက်ခိုင်ဟု၊ ရခိုင့်နန့်ဖူး၊ မြို့မြောက်ဦးတွင်၊ မည်ထူးသမုတ်၊ တည်ထွင်ခုတ်လျက်၊ တည်လုပ်သည်နှစ်၊ သကရစ်မူ၊ ရာစုနှစ်ခု၊ ကိုးဆယ်ပြုသား၊ နှစ်စုစွန်းတွင်၊ ထီးနန်းကစ၊ ကြင့်နှင်းချလျက်၊ မင်းလှစောမွန်၊ စိုးအုပ်စံ၏'' (ဝါးကျောင်းဆရာ ပဏ္ဍိတ်၏ ရခိုင်ရာဇဝင်လင်္ကာမှ)။

''မောင်တို့နေရာ၊ သာမောလှသား၊ နှမမိဖြူ၊ လိုက်တော်မူလော့၊ ဇမ္ဗူမဏ္ဍိုင်၊ ရွှေရခိုင်ဝယ်၊ ရှစ်ဆိုင်ရပ်မင်း၊ ခွန်သင်းပျင်းပြော၊ သဘော်စင်းပြွန်၊ ဆိတ်မည်ံတည်း၊ အလွန်ထွန်းတောက်၊ မျှော်စောက်သား၊ မောက်မောက်သွန်းသွန်း၊ ရွှေနန်းပြာ ၁ဒ်၊ အထွဋ်တန်းဆောင်၊ ရွှေတောင်ဟန်လှ၊ နန်းမနန်းရံ၊ မျက်စိမွှံ၊ သာစံပျော်ပါး၊ သိကြားသူဇာ၊ သက်ကျလာသို့၊ သရဏာပွင့်၊ ပန်းသုံးဆင့်ကို၊ မယ်နှင့်မိဋ္ဌာန်ပန်ရစေ'' (သံတွဲမိဖုရားစောရင်မိထံ နရနုမင်းခရီး အလီခင်က မေတ ၁ဆက် ပြန်စာသဝဏ်မှ)။

ဤသို့ အဖွဲ့အနွဲ့များသည် မြောက်ဦးမြို့နန်းတည်ခဲ့ပုံတို့ကို ထင်ရှားစေသောအထောက်အထားများပင် ဖြစ်သည်။ မြို့နန်းဖွဲ့များဖြင့် 'ဘယ်မှာချီးမွမ်း၊ ရေးနိုင်စွမ်းရှင့်' ဟူသော ခင်မနှောင်းလက်မြေ ၁က်ရသကဲ့သို့ ဖွဲ့ဆိုကုန်နိုင်စရာ ဘယ်မှာတတ်နိုင်အံ့နည်း။

မှန်၏။ မင်းစောမွန်သည် လောင်းကြက်မြို့တော်ကို စွန့်ခွာ မြောက်ဦးမြို့သစ်ကို တည်ခဲ့ခြင်းဖြစ်သည်။ လောင်းကြက်မြို့တော်မှာ အင်းဝမင်းခေါင် သားတော်မင်းရဲကျော်စွာ တိုက်ခိုက်ခြင်းကိုခံရသဖြင့် ဂေါစာ (၇၆၈)ခုနှစ် သူရတန်ပြည်မင်း အာမတ်သျှာ (ပါသျှာမင်း)ထံသို့ (၂၁ နှစ် ၅ လ)တိုင် ရှောင်ရှားနေခဲ့ရခြင်းကြောင့် မွန်နှင့်မြန်မာတို့ အပြန်အလှန်စစ်ခင်းပွဲဖြစ်ခဲ့ရခြင်း၊ ထို့နောက် သူရတန်မင်း အကူအညီဖြင့် တဖန်မင်းစောမွန် ဂေါစာ (၇၉၀)ခုနှစ်တွင် လောင်ကြက်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး (၂)နှစ်ခန့်စိုးစံခဲ့ရစဉ်အတွင်းလည်း နန်းတော်၌ မိုးကြိုးလောင်မီးကျခြင်း၊ ငန်းကျားမွေကိုက်တတ်ခြင်း၊ ငှက်ဆိုး ငှက်ယုတ် နားဝင်ခြင်း စသော အတိတ်နိမိတ် အဝမင်္ဂလာနှင့်ကြုံရခြင်း၊ ထိုအကြောင်းတို့ကြောင့်

မင်းစောမွန်သည် စစ်မက်ဒဏ်ကြောင့် ပျက်စီးလေသောကြောင့် မနှစ်မြို့ဘွယ်ရာ အခြင်းအရာဖြစ်လာရသည့်အတွက် မြို့သက်ကုန်ပြီဟူ စွဲမှတ်ခဲ့သည်အပြင် ဟူးရာတပ်တို့ကလည်း မြို့သစ်ပြောင်းသင့်ပါကြောင်း လျှောက်ထားချက်တို့ကြောင့် လည်း မြောက်ဦးမြို့ရာသစ်ကိုရှာ ပြောင်းရွှေ့ကာ ဂေါစာ (၇၉၂)ခုတွင် တည်ထောင် နေခဲ့ရခြင်းအကြောင်းဖြစ်ခဲ့ရလေသည်။

မြို့သစ်ရှာစဉ် ငါးသဲ့ကြသူ သမီးယောင်းမနှစ်ဦးတို့၏ မြောက်ဦးဝသဲဟူသော အချီအချ အခေါ်အထူးကိုကြားရသည့်နိမိတ်တြင်းကို အစွဲပြု မြောက်ဦးဟူသော အမည်ကို မှည့်ခေါ်ခဲ့ရကြောင်းဖြင့် ရခိုင်မင်းသမီးဧးခြင်းစသော ရေးကျသည့် အဖွဲ့အနွဲ့များကလည်းကောင်း ရခိုင်ရာဇဝင်ဟောင်းတို့ကိုလည်းကောင်းဆိုသည်။ ထို့ပြင် ဤမြောက်ဦး မြို့ရာကားဆိုလျှင် ဝေသာလီကျောက်လှေကားမြို့တွင် မြို့မင်းအမြတူတို့ ဂေါစာ (၁၃၁-၁၃၈) (ခရစ်အေဒီ ၇၆၉-၇၇၆)ခုနှစ်တိုင် အုပ်ချုပ်ခဲ့ကြစဉ်၌ သားပဲဖြူမှာ (လေပ်ပျူးလည်းဟူ)မြို့စားအဖြစ် ထိုမြောက်ဦးမြို့ရာ မြောက်ဦးရွာ၌ စားကျေးပေးခြင်းခံခဲ့ရသည်။ ၎င်းပဲဖြူပင်လျှင် အမြတူမင်းလွန်လျှင် မိမိမြို့စားအဖြစ်နေခဲ့ရရာ မြောက်ဦးရွာ၌ ပထမဦးစွာ မြောက်များကြီးပွားခြင်းသို့ ရောက်ခဲ့ရသည်ဖြစ်သဖြင့် မြောက်ဦးမြို့ဟူ ဦးစွာဂေါစာ (၁၃၈မှ ၁၅၅ ထိ) (ခရစ် အေဒီ ၇၇၆ မှ ၇၉၂ ထိ) (၁၇)နှစ် မြို့တော်တည်လျက် ထီးနန်းစိုးစံခဲ့ဖူးကြောင်း ရခိုင်ရာဇဝင်လင်္ကာအခန်း ထွက်ဆိုချက်ရှိလေသည်။ ထိုသို့ မင်းစောမွန် မတိုင်မီ ပဲဖြူဦးစွာ မြို့စားအဖြစ်နေခဲ့ရရာ မြောက်ဦးရွာ၊ ထိုမှ မြို့နန်းတည်ချစိုးစံခဲ့ရာဖြစ်သော မြောက်ဦးမြို့ဟူသည့် ရာဇဝင်ကလည်းရှိပြီးသဖြင့် မင်းစောမွန်သည် ဤသို့ ရှေးအမည် နာမကိုလိုက် မြောက်ဦးမြို့ဟူ အမည်မှည့်ခေါ်စေခဲ့ရခြင်းဟုလည်း ဖြစ်နိုင်ပေရာ သည်။ အချို့မြောက်ဦးမြို့ဟူ လည်း အမည်တွင်ခြင်းများရှိသည်ကို တွေ့ရသည်။ တွင်ပုံမှာ မင်းစောမွန်မြို့ကိုတည်သောအခါ တောင်ညိုတောင် ကုက ားတောင် နှစ်လုံးကို တူးဖြိုညှိနှိမ့်သည့်ကာလ ရွှေဥဒေါင်းဥကို မျောက်စောင့် နေသည်ကို တွေ့ရသည်ဟုဆို မြို့အမည်ကို မျောက်ဥမြို့ဟူ အမည်ပေးခဲ့ရကြောင်းဟူ၏။

ထိုအချက် သက ရာဇ် (၁၁၃၉) (ခရစ် အေဒီ ၁၇၇၇)ခုနှစ် နန်းတက်ခဲ့သော၊ စန္ဒဝိမလ မင်းလက်ထက်၊ အမတ်ကြီး ရွှေသဲမယား၊ သီရိမလ္လာဘွဲ့ခံ မိပန်းရုံ လျှောက်ထုံးတွင်တွေ့ရသည်။ မိပန်ရုံကလင်ဖြစ်သူ မြို့သစ်စားအမတ်ကြီး ပြောဆို ဘူးသည်ဆိုသောစကားအလိုကို လျှောက်ထားခဲ့ခြင်းဟူ၏။ ထိုလျှောက်ထုံး၌ မြို့ရာကို တူးဖြိုသည်ကာလ မျောက်နှင့်ဥဒေါင်းမတို့ စပ်ယှက်ကြလျက် ဒေါင်းမဥသည်ကို မျောက်စောင့် နေသည် တွေ့မြင်ရသောကြောင့် ဤမြို့ကို မျောက်ဥမြို့ခေါ်ကြောင်း စာဟောင်းအရဟူ ပါရှိသည်။

ဓာတ်တော်သမိုင်းရာဇဝင်တွင်လည်း မြောက်ဥမြို့တွင်လိမ့်မည်အကြောင်း ဗျာဒိတ်မိန့်မြွက်တစ်ခု တွေ့ရသေးသည်။ အကျဉ်းဖော်ပြရသော်- မြတ်စွာဘုရား

ဓညဝတီပြည်သို့ကြွရောက်စဉ် သေလာဂိရိမည်သော ကျောက်တော်တောင်၌ ရပ်တန့်လျက် အာနန္ဒာအား ဗျာဒိတ်စကားမိန့်ကြားချက် ရှိဘူးသည်ဟူ၏။

ထိုဗျာဒိတ်၌ ဖါကုလတောင်၌ ဖါကုလမထေရ်နေသောကြောင့် ဖါကုလတောင်ဟု တွင်နေသည်ကို နောင်ကာလကြာသော် ဖါဘူတောင်ဟုတွင်လတံ့ ။ ယင်းတောင်၌ ငါဂိုဏ်းတစ်စ (တဇာတ်)ဖြစ်ခဲ့ဘူးသောကြောင့် ပရိနိဗ္ဗာန်လွန်လျှင် ငါ၏ အရေတော်ခါတ်ကို စေတီတည်လတ် သားရေတော်စေတီဟုတွင်လတံ့ ။

အာနန္ဒာ၊ ဓမ္မာသောကမင်းကြီးသည် ထိုဖါကုလတောင်၌နေသောအခါ ထိုမင်းကြီးကို မျောက်မင်းက အဥဆက်လာမည်။ သင်တို့မှာ အဥဘယ်က ရသနည်းဟုမေးလေက၊ အကျွန်တွင်လည်း မယားမရှိ၊ ဦးဒေါင်းမတွင်လည်း လင်မရှိပါသဖြင့် ကျွန်ဆင်းရဲသည် အိမ်ထောင်နေရပါသည်ဟု လျှောက်လတံ့ ။ ထိုအခါ မင်းကြီးက သူတို့နေရာဌာနကိုမေးသဖြင့် တောင်ညိုတောင်နှင့် ကုက ၁းတောင်၌ နေကြောင်းလျှောက်လတ်လျှင်–

အာနန္ဒာ၊ ထိုတောင်သည် နောင်ကာလကြာလတ်သော် မြောက်ဦးဟု တွင်လိမ့်မည်။ ထိုတောင်ကိုပြုပြင် မြို့တော်တည်ထောင်မည်။ အဦးကြွက်သားပြင် တဆယ့်တစ်ဆက် မြောက်တွင် နဂါးအနွယ်ဖြတ် ကိုးဆက်မြောက်လိမ့်မည်ဟူ ဗျာဒိတ်လာရှိကြောင်း အကျယ်ဆိုလေသည်။

ထိုထိုဤဤ မြို့အမည်တွင်ရခြင်းနှင့်စပ်ယှဉ်ရာ တြင်းနိမိတ်ဗျာဒိတ် သိုက်တဘောင်တို့ကား ဖော်ပြပါဆိုချက်ပင်ဖြစ်သည်။ သို့သော် မြောက်ဦးမြို့ကား အကယ်ပင် မင်းစောမွန်(၇၉၂)ခုနှစ် တည်ထောင်ခဲ့ရခြင်းကို မည်သည့်ရာဇဝင်၊ လင်္ကာ၊ သိုက်စာ၊ ကိန်းခန်းတို့က ငြင်းပယ်ချက်မရှိချေ။ တသဘောတည်း တညီတည်း မှတ်တမ်းထွက်ဆိုချက်ရှိခဲ့ကြောင်းမှာ တူမျှခဲ့ကြပေသည်။

မင်းစောမွန်ကား မှောက်တော်ဇေးခြင်းလာအတိုင်း ''လောင်းကြက်တွင်မူ၊ ရိပ်ဖြူဖွေးဖွေး၊ တစ်ဆယ့်လေးဝယ်၊ ခင့်ဘေးဆုံးစွန်၊ မင်းစောမွန်လျှင်''ဆိုသောကြောင့် လောင်းကြက်မင်း(၁၄)ဆက် အဆုံးမင်းပင်ဖြစ်သည်။ သို့ရာတွင် ထိုဇေးခြင်း၌ ဆိုသော ''သပြေဠန့်ဖူး၊ မြောက်ဦးမြို့မ၊ အစတည်ထွန်း၊ မင်းစောမွန်ကား၊ နိဒါန်းကျင့်ထူး၊ ပွင့်ဖူးနွယ်မြစ်၊ ကိုးနှင့်တစ်တွင်၊ စင်စစ်မမှား''ဟူ ဆိုချက်အလာကို ထောက်ကြည့်ရာ (၉၁)ဆက်မြောက်နွယ် စဉ်ကျသည်ဆိုချက်ကို မည်သို့ယူရအံ့နည်း။ စောမွန်မတိုင်မီအစ မြောက်ဦးတည်ချသော ပဲဖြူမင်းကယူ လည်း (၉၁)ဆက်မပြည့်ချေ။ စန္ဒသူရိယမင်း(ဓညဝတီခေတ်)ကစ ယူလျှင်သာ (၉၁)ဆက်မြောက်ပြည့်ကောင်း ပြည့်မည်ဟုထင်မိသည်။ သို့တည်းမဟုတ် (၉ နှင့် ၁)သည် မင်းစောမွန်မတိုင်မီ လောင်းကြက်မြို့မင်းများ နန်းစံမြို့သက် (၉၁)နှစ်ဟူ ဆိုခြင်းလေလော့။ ယင်းသို့ဆိုက အလောမာဖြူမှစ မင်းစောမွန်ထီလောင်းကြက်မြို့ကို ရခိုင်ရာဇဝင်သစ်အလို ဂေါစာ (၆၁၂ မှ ၇၉၂)ထိ မြို့သက်(၁၈၀)ရှည်ခဲ့သည်ဟုသိရသည်။ ထိုအဆိုအရ

လည်း မညီချေ။ ငမည်ရာဇဝင်အလိုနှင့် အချို့အဆို ရခိုင်မဟာရာဇဝင် ကြီးအလို (၆၀၁ မှ ၇၉၂)ထိ လောင်းကြက်မြို့သက် (၁၉၁)နှစ်ရရှိပေရာ၊ ထိုဧးခြင်းပါ (၉၁)သည် မြို့သက် (၁၉၁)ကိုပင် လွယ်လွယ်နှင့်အစပ်အဖွဲ့သင့်စွာ စပ်ဆိုခဲ့ခြင်းသဘောလေလော့ ဟု ထင်မှတ်စရာဖြစ်နေပေသည်။ ထို့ပြင် စောမွန် (၇၉၁)ခုတွင် မြောက်ဦးမြို့ကို တည်ခြင်းကိုပင် (၉၁)ဟု ဆိုလိုသလော။ ယင်းသို့ဆိုကလည်း အစဖော်ပြပါ ''ရေတွက်သကြစ်၊ ခုနစ်ကိုးဆယ်၊ စွန်းဝယ်နှစ်သော်၊ လတော်သလင်း'' အစ ရှိသည်ဖြင့် ထိုဧးခြင်း၌ဆက် ဆိုသော မြောက်ဦးမြို့တည် ခုနှစ်သက ရာဇ်နှင့် ညီမည်မဟုတ်ချေ။ ထို့ကြောင့် ဧးခြင်းပါ (၉ နှင့် ၁)ဟု စပ်ဆိုခြင်းသည် မည်သည့် အကြောင်းကိုရည် စပ်ဆိုခဲ့ခြင်းများနည်း။။

သို့မဟုတ် လောင်းကြက်မြို့သက် (၁၉၁)နှစ်မြောက် (ငမည်အလို)ကို ဆိုလေသလော၊ မင်းမျိုးနွယ်စဉ် (၉၁)ဆက်မြောက်ကိုဆိုလေသလော၊ သို့မဟုတ် မြောက်ဦးတည်အံ့သော (၇၉၁)နှစ်မြောက် (ရခိုင်ရာဇဝင်လင်္ကာ)ကို ဆိုလိုခြင်းပေလော၊ သို့မဟုတ် ဧးခြင်းစာမူ၌ ရေးကူးယူသူတို့ ပမာဒလေခ ချွတ်ယွင်းလေခြင်းများဖြစ် တမူပေလော။ ပညာရှိတို့ ချင်းနှင့်နှိုင်းဆစေရာသည်။

''ထိုရော်တဖန်၊ ဘေးစောမွန်လျှင်၊ ရောက်ပြန်တုံလျက်၊ မြို့လောင်းကြက်ကို၊ မြို့သက်ကုန်၏၊ မနေတည့်ဟု၊ မျှော်ကြည့်စာနာ၊ မြို့ကောင်းရာကို၊ ရှာသည် တည့်စည်ရှေး၊ နောင်လာရေး။ လေည်ယင်ယင်ဧး''ဆိုသည့်အတိုင်း မင်းစောမွန်အစ မြို့နန်းရာရှာပုံ၊ မြောက်ဦးမြို့ဟူ အမည်ပေးခဲ့ရပုံများ၊ ငါ့အသက်တိုစေ၊ မြို့အသက် ရှည်စေဆို ထောင်ကိန်းထားကာ မြောက်ဦးမြို့ကို ဘုမ္မိနက်သန်အောင်မြေမှန် တွင် သက ရာဇ် (၇၉၂)ခု၊ တော်သလင်းလဆန်း တိထီပေါ်တစ်ရက်၊ တနင်္ဂနွေနေ့ဝယ် ကန်လက်ကန်စန်း၌ မြို့နှင့်နန်းကို တပြိုင်နက်တည်းတည်တော်မူသည်။ အထက်ပါ မှတ်သင့်ရာတို့ကို ရခိုင်မင်းသမီးဧးခြင်းခေါ် မှောက်တော်ဧးခြင်း ပိုဒ်ရေ ၂၈၊ ၃၀ တို့လာဖြင့်လည်းကောင်း၊ ရမ်းပြည့်စံတင်၏ ရခိုင်မြို့တည် ခြင်းလင်္ကာ 'ဂိ' ချပ်နှင့် 'ဂီ'ချပ်တို့လာဖြင့်လည်းကောင်း အကျယ်မှတ်ယူနိုင်ပါသည်။

(ပိုဒ်ရေ ၂၈)၌၊ ကောရင့်ဖျော်၊ မိမယ်တော်ကို၊ အိပ်ပျော်စေကြောင်း၊ မိန့်ပြန်ရှောင်းအံ့။ မြို့ကောင်းရာကို၊ ရှာသည်မူကား၊ လေးဆူဟူးရာ၊ သိကြားစက်ပင်၊ ဗေဒင်ရှင်တို့၊ ရှေ့တင်ကြပ်တည်း၊ စနည်းနှင့်တိတ်၊ နိမိတ်နာခိုး၊ အကျိုးမြော်ထွေ၊ စုံရှာဘွေသော်၊ ကမ်းခြေနှစ်ကွဲ၊ လူခပဲတို့၊ နတ်ညဲစံသီး၊ သမီးရောက်မ၊ ငါးသဲ့ကြ ၊ ချီချခေါ်ထူး၊ ပျံ့တပျူးလျှင်၊ မြောက်ဦးဝသဲ၊ ဖန်တလဲးတည့်၊ ခေါ်ဆဲစည်တွင်၊ ပျောက်ခဲ့ကျင်သော်၊ ထိုတွင်ချိန်ထောက်၊ ူလတ်မြောက်က၊ ချီဟောက်သံကြား၊ ကျား(ဘား)ကားလန့်ရှောင်၊ ကြောင်မူပြေးထွက်၊ ကြွက်ကားလိုက်ထွေ၊ မြွေကို ဘားနိုင်၊ တရင်းဆိုင်လျက်၊ ရခိုင်မှန်ဖူး၊ ရွှေမြောက်ဦးကို၊ နတ်မှူး့နှန်ပြု၊ နန်းရာရသည်။ ။ ဘုမ္မနက်သန်ထူးတည့်လေ။ ထူးတည့်မှောက်တော်၊ ဟုတ်တည့်

သြော်၊ မြော်တုံတရင်း၊ အောင်ခြင်းရန်နိုင်၊ မြို့ချက်တိုင်ဟု၊ ရခိုင်မှန်ဖူး၊ မြောက်ဦး မည်သာ၊ ဘုမ္မချာသည်၊ နန်းရာတည့်ရှာရွေး၊ ခန့်တွက်တွေး။ ။ လေည်းယင်ယင်ဴး။

(ပိုဒ်ရေ ၃၀) ၏၊ လျေက်မပြတ်၊ ဘေးလတ်ဘေးကြီး၊ ဖျင်ညီးလွန်လေ၊ အထွေထွေတိ၊ သပြေ့နှံ့ဖူး၊ မြောက်ဦးမြို့မ၊ အစတည်ထွန်း၊ မင်းစောမွန်ကား၊ နိဒါန်းကျင့်ထူး၊ ပွင့်ဖူးနွယ်မြစ်၊ ကိုးနှင့်တစ်တွင်၊ စင်စစ်မမှား၊ ငါးပါးလူးကြီး၊ စွန့်ခဲ့ပြီးခွါ၊ ခန္တာတော်သက်၊ ကိုယ်ထင်လျက်တည့်၊ ချိန်းချက်ပြိုင်ခိုင်း၊ ပြည်နှင့်နှိုင်း ၊ ထင်တိုင်းနာနာ၊ နောင်လာရှည်လျား၊ မျိုးလေးပါးတို့၊ စီးပွားမည်သာ၊ ကြိုက်ကောင်း ပါ၏၊ ငါသာအသေ၊ ဆုံးပစေဟု၊ လေးထွေလေးပါး၊ နတ်ဟူးရားတို့၊ မြို့ကား ထောင်ပွား၊ မင်းကားသက်တို့၊ မြင်တိုင်းဆိုသည်၊ တို့ကိုမနှစ်၊ မင်းကောင်းဖြစ်ဖြင့်၊ အသစ်ရွှေပြည်၊ မြို့ကောင်းတည်သည်။ ။ ရှစ်မည်ရန်သူ ူးတည့်လေး။ ူးတည့်မှောက်တော်၊ ဟုတ်တည့် သြော်။ ။ လောင်းတော်စောမြတ်၊ အထွတ်ရန် လှစ်၊ ဓမ္မရာဇ်ကား၊ ကြည်ချစ်နှစ်လို့၊ ထောင်ကျိန်းမြို့ဟု၊ သူတို့ကိုသာ၊ သက်မေတ ၁ ကို၊ ရှာသည်တည့်မဝေး၊ နောင်လာရေး။ ဴးလည်းယင်ယင်ဴး။

## မြို့တည်ခြင်းလင်္ကာ 'ဂိ-ဂိ' ချပ်မှ

စတုစက ၊ ဓမ္မတရား၊ အကြောင်းများကြောင့်၊ မင်းဖျားစောမွန်၊ နန်းဗိမာန်ကို၊ ထိုက်တန်သိမ်းယူ၊ စံတော်မူလျှင်း လူမျိုးလေးပါး၊ လွန်စည်ပွားလျက်၊ တိုင်းကား ပွင့်လန်း၊ ရဟန်းသင်္ဃာ၊ သာသနာရောင်၊ ပြောင်ပြောင်ထွန်းလင်း၊ မင်းတို့ ကျက်သရေ၊ ပြည့်စုံလေ၏၊ နန်းမြေလောင်းကြက်၊ သိုက်ငှက်ဓါတ်ဆန်း၊ ကိန်းခန်း ကုန် ၊ ပျက်တုံတည်တုံ၊ တလုံလဲလဲ၊ မြင့်မြဲရှည်ကြာ၊ မနေရာဟု၊ ပညာမြင်သိ၊ နတ်မျက်စိသို့၊ ညီးညီးမှုူးမတ်၊ လျှောက်တင်လတ်သောခါ၊ မြို့ရာရှာဟု၊ များစွာ လှေဘောင်၊ ဆောင်ယောင်ခင်းကျင်း၊ သင်းပင်းဗိုလ်ခြေ၊ ခြွေရွေစီစဉ်၊ အနူနနူဒီ၊ လှော်ညီဆန်တက်၊ အနောက်ဘက်သို့၊ ဆိုက်လျက်ဝင်သော်၊ ရွှေတောင်ပို့တွင်၊ လူအသွင်တည်း၊ ပေါင်းဖျင် အင်းဂျိ၊ စိန်နီမခြယ်၊ တင့်တယ်ဖြူဖြူ၊ တယောက်သူ လျှင်၊ တူတူတပိုး၊ အားကြိုးမှုတ်လျက်၊ လက်ယက် သာ၊ ဤမှာဘက်သို့၊ ဤမှာ သို့ဟု၊ နတ်တို့ကြည့်ူ၊ ခေါ်ပြုအသံ၊ နားခံချေပေ၊ ပျောက်ကွယ်လေမှ၊ ဗိုလ်ခြေ စဉ်လျှောက်၊ သွားလေရောက်သော်၊ မြောက်အနောက်မှာ၊ ရွှေတောင်သာမှ၊ မကွာလှတုံ၊ ဂဠုန်တောင်ယံ၊ အသံရှေ့သွင်၊ ခေါ်တုံကျင်၏၊ ထိုတွင်ရှေ့ပါး၊ ချောင်းငယ်နားသို့။ လူများချဉ်းလေကုန်သတည်း။

''ချောင်းငယ်အတွင်း၊ ပြည့်ရှင်မင်းသည်၊ ဝင်လျှင်ပြီးသော်၊ အာလုပ်ဖော် ၊ ခေါ်တုံသည်မည်၊ တွင်သည်ကြောင်းရေး၊ မေးစဉ်တွင်သာ၊ တေဇာလျှံဖြိုး၊ ဘုမ္မစိုးနတ်၊ လျောက်ပတ်တင့်တယ်၊ မိန်းမငယ်ဟန်၊ ပြီစွာဖန် ၊ ယက်သဲ့ပလုံး၊ လုံးလုံးလွယ်လျက်၊ ရှေ့ကထွက် ၊ တစ်ဖက်စီနေ၊ ထွေထွေသံမြွက်၊ တောင်ဘက်ကသူ၊ ခေါ်သည်မှုကား၊

သည်းအူနုနယ်၊ ဟယ်မယ်မြောက်ဦး၊ ကျူးကျော်မပျက်၊ မြောက်ဘက်သူကို၊ ခေါ်ဆိုတုံလျက်၊ မြောက်ဘက်ကသူ၊ နည်းတူသွေဝယ်၊ ဟယ်မယ်ဝသဲ၊ မှတ်စွဲခေါ်ရာ၊ ပညာရှိများ၊ ဤကားမြောက်ဦး၊ စုံပူးမလွဲ၊ ဝသဲဤကို၊ ဝမ်းဝယ်သို့လျက်၊ ဆန်လေတက်သော်၊ ထိုနတ်ကျော်တို့၊ ထင်ပေါ်သိအောင်၊ ကြောင်နှင့်ကြွက်ပင်၊ ဖန်ဆင်းချင် ၊ ရန်ကိုတွေ့ဟု၊ ကြွက်ရှေ့ကပြေး၊ စားရေးမရှောင်၊ ကြောင်နောက်ကလိုက်၊ စဉ်စိုက်ကမ်းလျောက်၊ မြောက်ဦးချောင်းဖျား၊ ထူးခြားတင့်တယ်၊ လက်ျာနွယ်တော၊ ကျသောအခါ၊ ကြောင်ပြေးရှာသည်၊ ကြွက်သာလိုက်ပြန်လေသတည်း။

''ထိုမှတသွယ်၊ ဖားငယ်တဖန်၊ လိုက်ပြန်သောအား၊ မြွေကားပြေးပြန်၊ ထိုရပ်ဌာန်ကို၊ နက်သန်ဘုမ္မိ၊ ဤတွင်ယိုပ်ဟု၊ သိသာသဖြင့်၊ ဘဏ်ရင့်လိမ္မာ၊ ဆရာအကျော်၊ ပုဏ္ဏားတော်နှင့်၊ မြင်မြော်သည်လား၊ ဟူးရားအညို၊ ထိုထိုထုံးစံ၊ ရှာကြံထွေထွေ၊ တွက်ချက်လေသော်၊ နန်တော်ကြာသပတေး၊ တည်ရေးမပျက်၊ မိန်လဂ်တွင်သာ၊ မြို့တည်ပါမူ၊ ခဋ္ဌာအသက်၊ ရှည်မည်ထွက်၏၊ မြို့သက်သုံးနှစ်၊ ဖြစ်သည်အမှန်၊ ကန်တွင်လဂ်နှင့်၊ တည်သဖြင့်လျှင်၊ တို့ရှင်သက်တော်၊ ရွှင်ပျော်သုံးနှစ်၊ ဖြစ်သည်မချို့၊ မြို့သက်တရာ၊ ရှည်ကြာလိမ့်သော၊ အဟောထွက်ကြောင်း၊ ု န်းပေါင်းထုတ်ဖော်၊ စကားလျှော်အောင်၊ ရွှေနားတော်သင့်၊ တင့်သဖြင့်လျှင်၊ ကြီးရင့်ဘဏ်တော်၊ စဉ်းစားတော်မူ၊ အဟော်ဝတ၊ သံသာရတွင်၊ ပုညထောက်ကူ၊ လူ၏ဘဝ၊ တခဏသာ၊ ခဋ္ဌာဤကိုယ်၊ ထိုထိုကျေးဇူး၊ ထိန်မြူးမဲ့ထွေ၊ မကြဉ်ကမ္ဘာ၊ ရှည်ကြာသမျှ၊ ပြောပရစ်စေ၊ ရွှေနှလုံးတော်၊ အရှည်မျှော် ၊ ကိုယ်တော်အသက်၊ ယွင်းကွက်မသွေ၊ ဖြစ်စေလိုရာ၊ သတ ဝါတို့၊ ချမ်းသာအရှည်၊ ဖြစ်စိမ့်ရည် ၊ ရွှေပြည်တော်မှာ၊ အခါစန်းလဂ်၊ မိန့်တော်ထွက်သည်၊ မြို့သက်အမှန်ရှည်ကြောင်းတည်း။

''အလောင်းတကာ၊ သူမြတ်စွာတို့၊ ခဋ္ဌာကိုယ်သက်၊ မငဲ့ကွက်တည်း၊ အုပ်ကျက်များစွာ၊ ဝေနေယျာကို၊ ကု ဏာ ရွှေ ဘဏ်၊ ကျင့်ဘူးဟန်ကို၊ ဖန်ဖန်စိတ်သွင်း၊ မင်းမင်းတကာ၊ ပွံ့ခွဲ့စွာသား၊ အခါစန်းလဂ်၊ သိလျက်နှင့်သာ နှစ်ဂေါစာမူ၊ ခုနစ်ရာကိုးဆယ်၊ စွန်းဝယ်နှစ်ခု၊ ရတုဝသန်၊ ကန်တော်သလင်း၊ လမင်းဆန်းလက်၊ တရက်မှန်လှ၊ သူရဇ္ဇဒိဝါ၊ လျှံဖြာထိန်ဝင်း၊ တနင်္ဂနွေနေ့၊ မရွေ့ကန်လဂ်၊ နံနက်အခါ၊ ရတနာလျှံလန်း၊ ရွှေနန်းကျုံးမြို့၊ အစို့စို့ကို၊ မင်းတို့ဖွယ်ရာ၊ ကျယ်စွာခင်းကျင်း၊ တည်တုံလျှင်းသည်။ ။ နန်းခင်းမြို့ရာ တည်သတည်း။

''ချောင်းကြီးအလယ်၊ ပိတ်တွယ်မဆီး၊ ထားပြီးသောခါ၊ လက်ျာဝသဲ၊ လက်ဝဲမြောက်ဦး၊ စုံပူးတည်လျက်၊ နှောင့်ယှက်ရန်သူ၊ ထွက်ပြူမပေါ်၊ ကြန့်ကျော်ိုင်းပြ၊ ရောက်သမျှရန်၊ မာန်မတက်ပံ့၊ ကြောက်ရွံ့စေကြောင်း၊ ဆရာကောင်းတို့၊ အင်းပေါင်းများစွာ အကာကြီးကြီး၊ ပိတ်ဆီးတရာ၊ အကာငယ်တစ်ထောင်၊

ကုန်အောင်စီရင်၊ ထိုပြင်နတ်ကြီး၊ ရှစ်ရပ်ဆီးလျက်၊ ရွှေထီးလူလူ၊ ငါးဆူဘုရား၊ ကျားကုလားဖြင့်၊ ချင်းနှင့်ချင်းလု၊ ဆန်းပြုယတ ရာ၊ များစွာထိုထို၊ အလိုတော်လျှောက်၊ စီရင်မြောက်လျှင်၊ ကျောက်စာသွယ်ပြု၊ မြောက်ဦးမော်ကွန်း၊ စိုက်တည်ထွန်းသည်။ ။ ရွှေနန်းအဆက် ရှည်ကြာတည်း'' ။

## တည်ထောင်ခြင်းများ

ဖော်ပြပါဧခြင်းလင်္ကာတို့ဖြင့် မြောက်ဦးမြို့နန်းတည်ပုံကား ထင်ရှားပြီဖြစ်ပေသည်။ မင်းစောမွန်သည် မြောက်ဦးမြို့ကို စတင်တည်ဆောက်ခဲ့စဉ်က အုတ်တို့ဖြင့် နန်းတော်ကို တည်ဆောက်ခဲ့သည်ဆို၏။ ထိုမင်းကား သုံးနှစ်ခန့်သာ မြို့တော်ထီးနန်းကို ပြုပြင်နိုင်ခဲ့သည်။ ထိုသုံးနှစ်အတွင်း မင်းစောမွန်၏ မြောက်ဦးမြို့တော် တည်ဆောက်မှုလုပ်ငန်းမှာ မှန်းသလောက် ခရီးရောက်ခဲ့မည် မဟုတ်ပေ။ ထို့ကြောင့်– ဓညဝတီအရေးတော်ပုံက မြို့နန်းမပြီးမီ ယာယီနန်းနှင့် နေတော်မူစဉ်ပင် ဝေဒနာကပ်ရောက် မင်းစောမွန်လွန်တော်မူသည်ဟု ဆိုလေသည်။ ထိုမင်းလွန်လျှင် ညီတော် နရနူအလီခင်မင်း ခရီးဆက်ခံခဲ့ရသဖြင့် ၎င်းလက်ထက်တွင် ပို ပြုပြင်ခဲ့ခြင်း ပြုခဲ့ရလေသည်။ မြို့တော်တောင်ဘက် သိင်္ဂနဒီချောင်း တဘက်ခြားရှိ ဝသဲဘက်ရပ်ထိ မြို့တော်ကို ချဲ့ထွင်ခြင်းပြုခဲ့လေသည်။ ရခိုင်ရာဇဝင်ကမြို့ကို ထောင်ကျိန်းပြည့်အောင် ဝသဲနှင့် မြို့သစ်ကိုတည် ဓာတ်နမန္တာနှင့်ညီအောင် ဂေါစာ (၈၁၂)တွင် မြို့သက်ဆက် တည်တော်မူသည်ဟူ၏။ (၈၂၀)ခုနှစ်တွင် ဒိုင်းကျီထိ တိုးချဲ့နေရာတွင် ပျဉ်စီပျဉ်ထောင် မြို့သစ်တည် ပျဉ်ထောင်မြို့သစ်ဟူ ပြုလုပ်လေသည်။

မြို့တော်နှင့်နန်းတော်ကို ပိုမိုခိုင်ခံ့ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့သော မင်းတို့မှာ ဆိုလျှင် (၈၉၃)ခုနှစ် နန်းတက်သော မင်းဗားကြီး လက်ထက်ပင်ဖြစ်သည်။ ထိုမင်းလက်ထက် (၈၉၄)ခုတွင် မြေတွင်းနန်းဆောင်တော်များနှင့် အပြင်နန်းဆောင်တော်များတို့ကို အတွင်းဘက်မှ အုတ်၊ အပြင်ဘက်မှ ကျောက်များဖြင့် ထပ်မံတည်ဆောက်ခဲ့ခြင်းပြုလေသည်။ အရံမြို့များကိုလည်း တိုးချဲ့ကာ တည်ချပေးခဲ့လေသည်။ မြို့တံတိုင်းများကို တိုးချဲ့ အခိုင်အမာပြုလုပ်ခဲ့လေသည်။ ထိုမင်း လက်ထက်မြို့တော်တည်ထောင်ပြုစုခြင်းနှင့် တိုင်းပြည်ရေးရာ စီမံကိန်းချလျက် စီမံလုပ်ဆောင်ချက်များကိုကား အလွန်ထင်ရှားပြီးဖြစ်သည်။ ထိုမင်းလက်ထက်တွင် မြို့၏အင်္ဂါပြည့်စုံစွာ တံခါးကွေ့၊ တံခါးကောက်စသည်ဖြင့် ရေလှောင်မြောင်း၊ တန်ဆောင်း၊ ပြအိုး၊ ပစ င်၊ ရင်တားတို့ကို ကောင်းစွာစီစဉ်သည်။ ရေကျုံး၊ ႏွန်ကျုံး၊ ကျုံးခြောက်၊ ကျုံးပင်လယ် စသည်တို့ဖြင့် အထားအနေသင့်စွာ အကာအရံ အဆီးအတားပြုလေသည်။ မြို့သစ်နှင့်ဝသဲကိုဖက် သိုက်ဓာတ်နမန္တာကိန်းအလို အသက်ဆက် တွဲဖက်ပြန်လေသည်။ ယင်းသို့ ဆောင်ရွက်ခြင်းနှင့်စပ် ရခိုင်မြို့တည်

လင်္ကာက အောက်ပါအတိုင်း ဖွဲ့ဆိုထားလေသည်။

''ဘေးတော်၊ ဘိုးတော်၊ ရှင်ပျော်စံသည့်၊ မြောက်ဦးပြည်သည်၊ တည်ရင်းကာလ၊ ဝ ရှည်ကြာ၊ နှစ်တရာဟု၊ မြို့သက်ပြုရှင့်၊ ယခုငါကား၊ ထောင်ကိန်းထားအံ့၊ ကြီးမားကြံတော်၊ အရှည်မျှော်၊ ရှေးသောအခါ၊ ထုံးစဉ်လာဟု၊ နမန္တာကျမ်း၊ ထုံးတမ်းယှဉ်လျက်၊ ခါတ်ဘက်မိတ်စစ်၊ ဥစ်ကသစ်နံ၊ စံမြေတိထီ၊ နာရီရက်နေ့၊ တွက်ချက် လျှင်၊ သိမ်မွေ့တုံလျှင်း၊ အင်းအိုင်ငုပ်မျိုး၊ ကောင်းကျိုးရှေးရှု၊ ကြေးဖြူငွေသား၊ ရေးထားမြှုပ်နှံ၊ စီမံယတြာ၊ ပြီးတိုင်းစွာ၊ မိစ္ဆာမှေးကူ၊ ရန်သူအိုင်း၊ တွေ့ဝေမှိုင်းအောင်၊ ကြံဆောင်သောအား၊ သိကြားနေရာ၊ အယုဇ္ဈာပူရ၊ ပြည်မတမွတ်၊ မြို့သုဒသ်သို့၊ ယုတ်မြတ်လေးပါး၊ လူများတကာ၊ ချမ်းငြိမ်းသာသည်။ ။ နှစ်ဖြာကြည်းရေ အုတ်ကျက်တည်း''။

ထို့ပြင် တာတမံ၊ ဆည်မြောင်း၊ ရေနုတ်မြောင်း၊ ကျုံးကြီးတို့ဖြင့် ရန်သူအကာအကွယ် အဆီးအတားတို့ပါ ပြုလုပ်ထားလေသဖြင့် ပိုမို လုံခြုံမှု ဖြစ်စေခဲ့လေသည်။ ထို့ကြောင်ပင် ရာဇဝင်လင်္ကာက ''ဤသို့မြို့ကြီး၊ တည်ပြီးထပ်မံ၊ နိုင်ငံတော်တွင်၊ လုပ်ခင်းလယ်ယာ၊ များစွာကွင်းကျင်း၊ ဖြစ်လေလျှင်းမူ၊ မြို့လည်းမသုဉ်း၊ ကုန်းလည်းကျင်းဖြစ်၊ ချောင်းမြစ်ဆည်ကန်၊ အတန်တန်ကို၊ အရံသင့်အောင်၊ ကြံဆောင်စီရင်''ဟူ  စပ်ဆိုခြင်းပြုလေသည်။

မင်းဗားကြီးလက်ထက် တာပေါင်းခုနစ်ရာစီ သတ်မှတ်  မြို့ရံ (၁၁)မြို့တည်ခဲ့ရာ မြို့တော်ပတ်လည် ဝန်းရံတွင်ဖြစ်သည်။ ထိုမြို့ရံတို့ကို အရှေ့ဖက်ကစ  လက်ျာရစ်လှည့်ပတ်လျက် တည်ချပြီး တင့်တယ်အောင် စီမံလေသည်။ ထို့ပြင် မြို့စားများကိုပင် စနစ်တကျထားပေးခဲ့လေသည်။ ထိုမြို့ရံတို့ကား အစဉ်အတိုင်း—

| | | | |
|---|---|---|---|
| ၁။ | ရန်အောင်မြို့။ | ၇။ | ပိန်းနဲတောင်မြို့။ |
| ၂။ | သံလျှင်မြို့။ | ၈။ | နတ်တောင်မြို့။ |
| ၃။ | မြတောင်မြို့။ | ၉။ | သျှမ်းတောင်မြို့။ |
| ၄။ | ကုလားမြို့။ | ၁၀။ | အင်ကြင်းတောင်မြို့။ |
| ၅။ | သာယာမြို့။ | ၁၁။ | ကျားခုတ်တောင်မြို့။ |
| ၆။ | တလက်တောင်မြို့။ တို့ ဖြစ်ကြလေသည်။ | | |

မင်းစောလှ (ဂေါစာ ၉၁၈-၉၂၆)လက်ထက်တွင်လည်း မြောက်ပြင်၌ ငွေတောင်မြို့၊ တောင်ဖြူမြို့၊ မြို့လှမြို့ဟူ  မြို့ရံအသစ်သုံးမြို့ကို ထပ် တည်ချပေးခဲ့လေသည်။ (၉၂၆)ခုနှစ် နန်းတက်သော စကြာဝတေးမင်းလက်ထက်တွင်ဆိုလျှင်လည်း အရှေ့တောင်အရပ်ရှိ ပေါက်ဆိန်တောင်ကို ဖြတ်ပိုင်းတူးတွင်း ယခင်မြို့ရံများကဲ့သို့ ကောင်းစွာစီရင်စေလျက် မြို့စားတို့ကိုပါ တည်ထားပေးခဲ့လေသည်။ မင်းဖလောင်း၊ မင်းရာဇာကြီး၊ မင်းခမောင်း၊ မင်းဟရီစသော အဆက်ဆက် ထင်ရှားသည့်မင်းများလက်ထက်၌ကား ထပ်မံပြုပြင်ခြင်း စသည်များဖြင့်

မြို့တော်မှာ ပို ကျယ်ပြန့်ခဲ့ရလေသည်။ မင်းဖလောင်းလက်ထက်တွင် ရွှေနန်းတော်ကို (၉၃၉)ခုနှစ် သစ်ကောင်းများဖြင့် ကောင်းစွာဆောက်လုပ်ခဲ့သေးသည်။ ယင်းသို့ မြို့တော်အကျယ်အဝန်း လူနေအများအပြားတို့ဖြင့် ကမ္ဘာ့အဆင့်အတန်းမှီး ဖြစ်ခဲ့ကြောင်းကို မှတ်တမ်းသမိုင်းတို့က သက်သေခံနေကြပေသည်။ မြောက်ဦးမြို့တော်၏ လူဦးရေကို မဆိုထားနှင့် အိမ်ခြေဦးရေမှာပင် (၅)သိန်းကျော်ခဲ့ကြောင်းသိရသည်။ ထို့ကြောင့်ပင်လျှင် ''ပန်းမျှုကြိုင်ကြိုင်မွှီး၊ အိမ်ခြီစာရင်းပီ''ဟူ ရခိုင်တို့ စပ်ဆိုခဲ့ကြသည်။ မြောက်ဦးမြို့သို့လာရောက် လည်ပတ်သူများပင် ရွှေမြို့တော်တိုင် မရောက်သေးမီပင် သဘော်ာဆိပ်ကမ်း ဖေါင်းဒွတ်မြို့ တလျှောက်ကို ရောက်မိ ုမျှပင် ရွှေမြို့တော်ရောက်ပြီဟု ထင်မှတ်မိကြခြင်းဖြစ်ခဲ့ရသည်ဆို၏။ ထို့ကြောင့် ''မြောက်ဦး မရောက်၊ ဖေါင်းဒွတ်လောက်က၊ ပြန်လတ်ပြီး''ဟူ လည်းကောင်း၊ ''မြို့တော်မပေါက်၊ ဖေါင်းဒွတ်အဆီ၊ ပြန်လတ်ပြီး''ဟူ လည်းကောင်း ဆိုိုးရှိခဲ့ဘူးသည်။

မြောက်ဦးမြို့တော်ကား ဂေါစာ (၇၉၂ မှ ၁၁၄၆)ထိ မင်းဆက် (၄၈)ဆက်၊ မြို့သက်(၃၅၄)နှစ်တိုင်ခဲ့သည်။ ယခု (၁၃၃၁ ခုနှစ်)ထိသာ ဘုရင်စနစ် စိုးစံရှိနေသေးမည်ဆိုက နှစ်ပေါင်း(၅၃၉)နှစ်ခန့် တိုင်လာပေရာပြီ။ ဤမျှနန်းသက်၊ မြို့သက်ရှည်ကြာနိုင်သော မြို့တော်များ အလွန်ရှားပေသည်။ ဤမြောက်ဦး ခေတ်တွင် အဒူမင်းညို၊ ဥက္ကါပျံစသော ထင်ရှားသည့် ရခိုင်စာဆိုကြီးများ၊ မဟာပညာကျော်၊ ဝိမလ၊ ပညာဝံသ၊ လေက်ုးစသည့် အမတ်ကြီး အကျော်အမော်များ ပေါ်ပေါက်ခဲ့လေသည်။ သာသနာတော်အတွက် ဆရာတော်သံဃာတော်များ ဘာသာသာသနာရေးဆိုင်ရာ ဘုရား ကျောင်းကန် စေတီပုထိုးစသော ယဉ်ကျေးမှု၊ လူမှုရေးရာယဉ်ကျေးမှု၊ သမိုင်းဝင်မှတ်တမ်းတင်မှုများကား များစွာဖြစ်ထွန်းခဲ့ရလေသည်။ ထိုထိုဤဤတို့ကို ခရာစေ့အစုံရေးရလျှင် မြောက်ဦးမြို့သမိုင်းကျမ်းကြီးတစောင်ပင် လိုအပ်ပေလိမ့်မည်။ ကမ္ဘာနှင့်အဝှမ်း ဆက်သွယ်ခြင်းများကအစ နိုင်ငံတကာ ဆက်သွယ်ရေးမှတ်တမ်းများလည်း ရှိသေးပေသည်။ မြောက်ဦးကား ရခိုင်မင်းမြို့တော်၊ ရခိုင်နေပြည်တော် တစ်ခုသာဖြစ်ခဲ့သည်မဟုတ်ချေ။ ရခိုင်သမိုင်းဝင်၊ ရခိုင်ယဉ်ကျေးမှု ဖွံ့ဖြိုးထွန်းကားရာ ဌာနလည်းဖြစ်သည်။ ထို့ကြောင့် ရာဇဝင်အတွက်သာမက သမိုင်းရပ်များနှင့် အနုပညာယဉ်ကျေးမှုအတွက်လည်း ဂုဏ်ယူစရာကောင်းလေသည်။ အထောက်အထားလည်း သက်သေသက်ကာ ခိုင်မာစွာပြနေသေးသည်။ ထိုပြင် သုတေသန ဗိမာန်မြို့တော်အဖြစ် တည်ရှိနေသည်ဟုဆိုကလည်း မမှားချေ။

မြောက်ဦးမြို့တော်ကား ပကတိအတိုင်း မရှိတော့ပြီ။ ရခိုင် နောက်ပိုင်းမင်းများ ပြည်တွင်းရေးခင်း အာဏာလုပွဲများ၊ ထီးနန်းကျဆုံး သိမ်းပိုက်ခံရသည့် အရေးတို့ကြောင့် နန်းတော်မှာ မီးဘေးတွင်ခလျက် ပြင်တလင်းတမျှသာ ကျန်ရစ်တော့သည်။ သို့သော်လည်း မြို့ို၊ နန်းို၊ မြို့တော်ရာ၊ တံတိုင်းဝင်းတို့ကား မြောက်ဦးမြို့ကို ပြောပြနေဘိအလား ကျန်ရှိနေသေးသည်။

မြောက်ဦးမြို့တော်ဟောင်းမှာ ယခုစစ်တွေခရိုင် မြို့ဟောင်းမြို့တွင် တည်ရှိနေသည်။ ကုလားတန်မြစ် လက်ဝဲဘက် မြစ်လက်တက်တွင် တည်ရှိရာကား သင်္ဘောရေလမ်းခရီးဖြင့် သွားရောက်နိုင်သည်။ မြို့တော်ဟောင်းအရောက် စစ်တွေမြို့မှ မီးသင်္ဘောဖြင့် မိုင်ပေါင်း (၄၀)ရှိသည်။ (၅)နာရီခန့်သာသာ ခုတ်မောင်း သွားရလေသည်။

ဖေါ်ပြခဲ့ပြီးသော ရခိုင်မြို့တော်၊ နန်းတော်တည်ချခဲ့ရာ၊ သမိုင်းဝင် ရာဇဝင်သုတေသနပြုရာ အချက်အချာဖြစ်သော ဤမြို့ဟောင်းသို့ အနောက်နိုင်ငံမှ သုတေသီများ၊ ရာဇဝင် ပါမောက္ခများပင် တဖွဲဖွဲလေ့လာရန် ရောက်ရှိခဲ့ဘူးလေပြီ။ ယခင် ဘုရင်လက်ထက်မှစ ယခုခေတ်ထိရောက်ပြီး၊ ရောက်ဆဲပင်တည်း။ ထီးနန်းမြို့ရာ ပျက်စီးသွားခဲ့လင့်ကစား၊ မြောက်ဦးမြို့တော်သမိုင်းကား ဘယ်မှာ ပျောက်နိုင်မည်နည်း။

ရာဇဝင်ဆရာ ဒီ၊ဂျီ၊အီး၊ဟောက မြို့တော်ပမာဏ တည်ဆောက်မှုကို ဤသို့ ရေးသားထားလေသည်။

'စစ်တွေ ဒိစတြိတ်၌ရှိသော၊ မြို့ဟောင်းမြို့သည်၊ အရှေ့တိုင်း (ဗင်းနစ်)မြို့ ဖြစ်ပြီး၊ ယခုခေတ်ရှိ ဘန်ကောက်မြို့ကဲ့သို့ တူးမြောင်းများ၊ ကန်များရှိရာ ပင်လယ်နှင့် ဒီတက်ဒီကျရှိသော မြစ်များဖြင့် ဆက်စပ်ထားလေ၏။ ထိုမြို့၏ အပြင်ဘက် မြို့ရိုး အားလုံး အရှည်သည် (၁၂)မိုင်လောက်ရှိ၏။ ကြီးသော အုတ်တံတိုင်းကြီးများနှင့် ခံတပ်များကို မင်းဗားဘုရင်(ခရစ် ၁၅၃၂–၁၅၅၃) ဆောက်လုပ်ထားခဲ့လေသည်။'

ယခုထိ တည်နေပုံမှာ နန်းတော်ကို ကျောက်တံတိုင်း သုံးထပ်ကာရံလျက် ရှိသည်။ အမြင့်ဆုံးတံတိုင်းက အနိမ့်ဆုံးမှစ တဆင့်တဆင့် တံတိုင်းတို့သည် ကလာပ်ကဲ့သို့မြင့်တက်သွားလေသည်။ အထက်ဆုံးဖြစ်သော တတိယတံတိုင်း အလယ်ဗဟိုပြင်၌ နန်းတော်ကို တည်ထားဆောက်လုပ်ခဲ့လေသည်။

နန်းတော်၊ မြို့တော်တံတိုင်း၊ မြို့ရိုးများသည် အခိုင် ကျောက်အုတ်တို့ဖြင့် တည်ထားခဲ့သည်။ သို့သော် သမိုင်းဝင်ဝတ ၂ပစ ည်းတန်ဘိုးကို မလေးစား နားမလည်ကြသူများ၊ စီးပွားရေး ကန်ထိုက်တာစသော ကုန်သည်များလက်ချက်၊ သိုက်တူး ဖျက်ဆရာများလက်ချက်တို့ကြောင့် အုတ်ကျောက်တို့မှာ ကြေကွဲဝမ်းနည်းစရာ ကောင်းလောက်အောင် ပြိုကျပျက်စီးခြင်းဖြစ်ခဲ့ရသည်။ ကျီရာ၊ တံတိုင်းရာမြို့ရိုးတို့ သည် သဘာဝအတိုင်း မဟုတ်တော့ဘဲ၊ ဘေးအန္တရာယ်များဖြင့် အကြိမ်ကြိမ်ခံ ပေးခဲ့ရလေ ူမကောင်း၊ မြင်မကောင်းဖြစ်နေရသည်။ ဘုရား၊ စေတီ၊ ပုထိုး၊ ရေတွင်း၊ ရေကန်များပင် မသမာသူတို့ လက်ချက်နှင့် ဒုက္ခစရိယာဆိုက်ခဲ့ရသည်။ ယခင် အစိုးရများလက်ထက်တွင် ဂေဇက်ဝင်မြို့တော်ဟုပင် သတ်မှတ်ခြင်းမပြုခဲ့။ ထို့ကြောင့် (၁၉၆၁)ခုနှစ်တွင် မြို့ရာနန်းတော်ကုန်း၌ ုံးဆောက်လုပ်ခွင့်ပေးခဲ့သည်ထိ ပြုလေသဖြင့်၊ တူးယက်ဖျက်ဆီးခြင်းသဘော ရောက်ခဲ့ရသည်။ ထိုအဖြစ်ကို မခံနိုင်ခဲ့

ကြသဖြင့် မြို့သူ၊ မြို့သား အဖွဲ့အစည်းများစွာက ကန့်ကွက်ချက်ပြုခဲ့ရသဖြင့် ိုးဆောက် ရွှေ့သွားခဲ့ရသည်။ သက်ဆိုင်ရာ ရှေးဟောင်းသုတေသနဌာနမှလည်း အရေးယူခြင်းပြုလာရလေသည်။ (၁၀–၅–၆၁)နေ့က ဆိုင်ရာယဉ်ကျေးမှုဝန်ကြီးနှင့် တွေ့ဆုံ ဂေဇက်ဝင်မြို့တော်အဖြစ်သတ်မှတ်ပေးမှုပြုရန် တောင်းဆိုခဲ့ရသည်။ ထို့ကြောင့် ထိုနှစ်မကြာခင်ပင် အတင်းအဓမ္မ ဂေဇက်ဝင်မြို့တော် သတ်မှတ်ခြင်းကို ရရှိလာခဲ့ရလေသည်။ တော်လှန်ရေးအစိုးရလက်ထက်တွင်ကား နန်းမြို့ိုးကြီးများကို ပြုပြင်ပေးလျက်ရှိလေပြီ။ ဘုရား၊ တန်ဆောင်း၊ စေတီ၊ ပုထိုး စသည်များကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်စွာ မွမ်းမံနေပေပြီ။ ရှေးဟောင်းဝတ ုပစ ည်းများ အက်ဥပဒေကိုလည်းပြဋ္ဌာန်း ထိုဥပဒေအရ လိုအပ်သလို ကာကွယ်မှုများကိုလည်း ပြုနေပေပြီ။ နန်းတော်ရာ အကျယ်အဝန်း အတိုင်းအတာကို ရခိုင်ရာဇဝင်က သီးခြားမဖေါ်ပြခဲ့ပေ။ ထို့ကြောင့် ရာဇဝင်အရ နန်းတော်ဝင်း တံတိုင်း သုံးထပ်သည် မည်မျှ ကျယ်ဝန်းလေသည်ဟု မသိနိုင်လေ။ သို့သော် ရာဇဝင်က ပြင်တံတိုင်းတို့၏ ပရိမဏ္ဍလအဝန်းသည် ဥ ဘ(၄၀)ရှိ၏ဟုကား ဆိုထားခဲ့သည်။ ပေအားဖြင့် တွက်ချက်ရသော် ပေပေါင်း (၈၄၀၀)ခန့်ဖြစ်ပေမည်။ ဝင်းတံတိုင်း သုံးထပ်လုံးသား ထိုနည်းအတူ ကျယ်ဝန်းမည်ဆိုပါက ပေပေါင်း (၈၄၀၀ထ၃=၂၅၂၀၀) နှစ်သောင်း ငါးထောင်ကျော် ကျယ်ဝန်းဘွယ်ရာရှိပေသည်။

သို့သော် ယနေ့တိုင်းတာချက်ကို ဤသို့သိရသည်။ကျောက် စာဝန်ဟောင်း ဦးလူဖေဝင်း တိုင်းတာချက်အရ ဖေါ်ပြရသော် အထက်ဆုံး(တတိယထပ်)တံတိုင်းသည် ပတ်ဝန်းကျင်မြေပြင်ထက် ပေ (၅၀)မြင့်လျက်တည်သည်။ အလျားအားဖြင့် အနောက်မှအရှေ့သို့ ပေ (၁၇၅၀)နီးပါး ရှည်လျား၏။ အနံအားဖြင့် မြောက်မှ တောင်သို့ ပေ(၁၆၀၀)ကျော် ကျယ်ဝန်းသည်ဟုဆိုသည်။

ကမ္ဘာ့ခရီးသည်များသည် မြောက်ဦးမြို့တော်၏ ကြီးကျယ်ခံ့ညား၊ ကြွယ်ဝ ချမ်းသာခြင်းကို ခန့်မှန်းချက်ရှိခဲ့ကြသည်။ ၎င်းတို့၏ လေ့လာဘူးသော ကိုယ်တွေ့ မှတ်တမ်းကလည်း အထင်အရှား ရေးသားထားခဲ့ကြသည်။

ရခိုင်ဘုရင် သီရိသုဓမ္မရာဇာ မင်းဟရီလက်ထက် အိန္ဒိယပြည် ဂိုအာနယ်မှတစ်ဆင့် ခရစ်နှစ်(၁၆၃၀) (ဂေါစာ ၉၉၁)လောက်က ရောက်ရှိခဲ့ဘူးသော ဆီဗာစတီယေယို ဖားသား မင်းနရစ် မှတ်တမ်းတွင် ''မြောက်ဦးမြို့တော်ကို ထိုအချိန်က မြို့၏ပမာဏနှင့် ကြွယ်ဝချမ်းသာခြင်းများမှာ ကမ္ဘာ့အနောက်ဖက်ရှိ အစ်စတာဒမ် မြို့တော်၊ လန်ဒန်မြို့တော်များနှင့်တူညီကြောင်း ခန့်မှန်းခဲ့လေသည်။

စကိုလင်ဆိုသော ပုဂ္ဂိုလ်ကလည်း မြောက်ဦးမြို့တော်သည်၊ အာရှတိုက် ဤမှာဘက်တပိုက်မှာ အကြွယ်ဝဆုံးသော မြို့ဖြစ်ကြောင်း၊ မြို့တော်ကြွယ်ဝ ချမ်းသာခြင်း၏ အခြေခံအကြောင်းအရာများမှာလည်း၊ ဟံသာဝတီ(ပဲခူး)နှင့် ယိုးဒယား (အယုဋ္ဌယ)မြို့တော်များထက်သာလွန်ကြောင်း မှတ်တမ်းတင်ခဲ့သည်။

မြောက်ဦးမြို့တော်သည် ရေလမ်းခရီးကောင်းမွန်လှသောကြောင့်၊ သင်္ဘောဆိပ်ကမ်းမြို့တော်လည်းဖြစ်ခဲ့သည်။ ထိုအချိန်အခါက ဘောင်းဒွတ် သင်္ဘောဆိပ်ကမ်း၌ ဒတ်ချ်၊ ပေါ်တူဂီများ၊ အရှေ့အိန္ဒိယကျွန်းစု စသည့်များမှ သင်္ဘောများသည် မြောက်ဦးမြို့တော်နှင့် ကုန်စည်ဖောက်ကား ရောင်းဝယ်မှုဖြင့် ထင်ရှားကြီးကျယ်ခဲ့သောဌာနလည်း ဖြစ်ခဲ့လေသည်။

''ဓညဝတီ၊ ဝေသာလီမြို့၊ အစိုစိုနောက်၊ မြောက်ဦးတိုင်အောင်၊ စိုးဆောင် မနော၊ စောမွန်အစ၊ သမတအဆုံး၊ သိမ်းကျုံး စံစား၊ရှည်လျားမင်းဆက်၊ နွယ်မပျက်တည်း''ဟူသည့်အတိုင်း မြောက်ဦးမြို့သည် သမတမင်းတွင် မင်းဆက် ပြတ်ခဲ့လေသည်။

ထီးကျိုးစည်ပေါက် တိုင်းပြည်ပါ သူ့အောက်ခံဖြစ်ခဲ့ရသည်။ သို့သော် မြောက်ဦးမြို့တော်သည် သမိုင်းကိုပြောပြနေပါသေးသည်။ မြောက်ဦးမြို့တော်သည် ရခိုင်လူမျိုးများ ထီးနန်းချခဲ့ရာ၊ အနုပညာ၊ ယဉ်ကျေးမှုထွန်းကားခဲ့ရာဖြစ်ကြောင်း ျန်ပြလျက်ပင် ရှိနေသေးပါသည်။

❖❖❖

## ရခိုင်ဆေးဝါးများ

ကျွန်ုပ်တို့ငယ်စဉ်က မြင်တွေ့လိုက်ရသေးသည်။ ယခုထိလည်း မှတ်မိနေပါသေးသည်။ ကျွန်ုပ်တို့၏ မိဘဆွေမျိုးများအိမ်တွင် အိမ်တွင်းလက်သုံးဆေးများ ထားရှိကြသည်။ ထိုဆေးများမှာ ိုးရာအစဉ်အဆက် အသုံးပြုလာကြသော ဆေးပင်များဖြစ်သည်။ အမြစ်၊ အဉ၊ အသီး၊ အရွက်များကို ထောင်းထု အမှုန့်ပြုလျက် ရောစပ်ဖော်ပြုထားသည့် ဆေးများပင်တည်း။

ထိုအိမ်တွင်းလက်သုံးဆေးများမှာဆိုလျှင် အစာဖျက်ဆေး၊ အစားမှားဆေး၊ ဓါတ်လေးပါးဆေး၊ ဆေးမည်းသျှော၊ ခြောက်ပါးဆေး၊ ခရမ်းစိတ်ကေဆေး၊ စတုပညာသဆေး၊ ဟိန်းရာဇာဆေး၊ ရွှေလရောင်ဆေး၊ စတုပညာသဆေး၊ ဟိန်းရာဇာဆေး၊ ရွှေလရောင်ဆေး၊ ဆေးဝါသျှော၊ သက်တန်းဆေး၊ ဝဲယားနာဆေး၊ ချောင်းဆိုးဆေး၊ ငန်းဆေးစသည် လူကြီးလူငယ် အဖျားအနာ ရောဂါဝေဒနာများနှင့် လျှော်ရာ စားသုံးရသော ဆေးများအသင့်အတင့် စုံစွာပါဝင်ကြသည်။ ထိုဆေးများကို အသုံးပြုရင်း သိမ်းဆည်းထားကား အိမ်တွင်းဆေးခန်းတစ်ခုဖြစ်စေခဲ့လေသည်။ အိမ်တွင်းကျန်းမာမှုအတွက်လည်းကောင်း၊ ရောဂါကြိုတင်ကာကွယ်မှု အထောက်အပံ့ အတွက်လည်းကောင်း အသုံးပြုခဲ့ကြသည်။

ဤဆေးများမှာ ဆေးပေးမှား ရောဂါတိုးပွားနိုင်ခြင်း၊ ဆေးမှားခြင်းဖြင့် ဉပါဒ်ဖြစ်စေရန်လည်း စိုးရိမ်စရာမရှိချေ။ အိမ်သူမတိုင်းပင် အစဉ်သုံးလာကြပြီးရာကား အနာနှင့်ဆေးတည့်အောင်ပေးနိုင်ရန် အားလုံးသိရှိထားကြပြီးသားလည်း ဖြစ်သည်။

ရခိုင်သားကြီးစာပေ

ထိုဆေးဝါးတို့ဖြင့် ကာကွယ်၊ ကြပ်မဆီးတားကုသ မပျောက်မငြိမ်းမှသာ သို့မဟုတ် အလွန်အကျွံ ပြင်းထန်လှသောဝေဒနာများကိုသာ တတ်သိနားလည် ကုသတတ်သော သမားများကိုတင်ခေါ် ကုသကြည့်ရှုစေခဲ့ရလေသည်။ ဤမျှထိ ရခိုင်ရိုးရာ အိမ်တွင်း သုံးဆေးများသည် ကျွန်းကမ်းကျေးလက်တောရွာအနှံ့တို့၌ ရှေးဦးသူနာပြု အိမ်တွင်း သက်စောင့် အိမ်သူ့သမားတော်များတစစ် အားကိုးအားထားပြုခဲ့ရသည်။

အလားတူ တခုချင်း၊ တမြစ်ချင်းကောင်း ဆေးမြီးတိုများကလည်း ပချုပ်ဖာ တစ်လုံး၊ နှစ်လုံးပြည့်ခန့်မျှ ရှိတတ်ကြသည်။ အိမ်ခေါင်မိုးကွပ်ကြား၊ ထရံကြား၊ မီးဖိုထက်၊ ကြပ်စင်ထက်များတွင်လည်း ဟိုဟိုဒီဒီပြည့်နှံ့ထားရှိတတ်ကြသည်။ ချုံ့ပြောရလျှင် အိမ်တစ်ဆောင်လုံးသည် ဆေးပူး၊ ဆေးကျည်တောက်၊ ဆေးမြစ်များဖြင့် ပြည့်နှက်နေသည်။ တောင်သန်ကြီး၊ အပေါ်သကာ (ဥပါသကာ)၊ ရွှေတလေးဂုံဂါး၊ အစားမှားဆေးမြစ်၊ နံ့သာမျိုးငါးပါးစုံ၊ သားရဲတိရိစ္ဆာန်များ၏ အရိုးအခွံများကပါ စုံစွာ၊ ပူးဖုံးည ၁ပါ မကြွင်းစုံးထားရှိကြသည်။ ထိုဆေးမြစ် သစ်မြစ် ဝါးမြစ်များကို တူးဖေါ်ရောင်းချကြသူများလည်း မရှားခဲ့ချေ။ အင်္ဂလိပ်ပိုင်ပြီးနောက် မီးသဘော်၊ မီးရထားတို့ ပေါ်ပေါက်လာသောအခါ အသုံးပြုရသော ကျောက်မီးသွေးလည်း ရခိုင်တို့အဘို့ ဆေးဝါးတစ်ခုအဖြစ် ပချုပ်ဖာတွင် အသင့်ပါဝင်လျက်ရှိနေကြောင်း တွေ့မြင်လိုက်ရသည်။ ထိုဆေးမှာ အနာတွင် အသုံးချရခြင်းဖြင့် ဆေးတစ်ပါးအဖြစ် အကျိုးပြုနေရာကား အိမ်သုံးဆေး အပါအဝင်ဖြစ်ရသည်။

ဆေးကြိတ်ရန် ကျောက်ပျဉ်မှာလည်း မရှိမဖြစ်သော ပစ္စည်းဖြစ်ရာကား အသင့်ပင်ရှိကြရသည်။ ထို့ပြင် အိမ်ခြံဝင်း ပတ်လည်နီးနားတို့တွင် နနွင်း၊ ချင်း၊ မိသလင်(ပုလဲ)၊ ဘုမ္မရာဇာ၊ ကန့်ချုပ်နက်၊ ကန့်ချုပ်နီစသည် ဆေးပင်ဆေးမြစ်များကလည်း စိုက်ချထားလေ့ရှိကြသည်။ အယုတ်ဆုံး မီးဖိုနားတွင် အသင့်ပင် ဆေးပုန်းရည်အိုးကြီးတစ်လုံး တည်ရှိနေရသည်။ ချောင်းဆိုး၊ ပန်းဟဲ၊ ရင်ကြတ်လျှင် ဆားခပ် သောက်လိုက်က သက်သာရာရစေနိုင်သည့် ဆေးရည်ပင်ဖြစ်သည်။ ကင်းပွန်းချဉ် ရွက်ကြမ်း၊ မန်ကျည်းရွက်ကြမ်း၊ သကာ၊ စမုန်မျိုးငါးပါး၊ ဆေးပုလဲတို့ ထည့် ကြိုချက်ကာ အရည်လုပ်ထားသော အစာကြေ၊ ရင်ကြေဆေးရည်များပင် မစားချင် မသောက်ချင် အားအင်ချိနဲ့သူများအတွက် အသင့် သောက်သုံးစရာအဖြစ် တည်ရှိရသည်။ သို့မဟုတ် စပါးပုတ်၊ စပါးဝိုင်းတို့၌ အခွေးပေးလျက် ထားရှိရသည်။ အုန်းသီးပုတ်များကိုပင် နေလှမ်းလျက် ပုလင်းတွင်ထည့်ကာ အနာဆိုးအနာပျက်တို့၌ သုတ်လိမ်းရန် ပြုပြင်ထားတတ်ကြသည်။

ထိုဆေးဥ၊ ထိုဆေးမြစ်၊ ထိုဆေးရွက်၊ ထိုဆေးရည်တို့လည်း ပွတ်လိမ်း၊ စားသုံးခြင်းဖြင့် အိမ်သုံးဆေးအဖြစ်အား ထားခဲ့ကြရလေသည်။ ယခုကဲ့သို့ နိုင်ငံခြားဖြစ် ခေတ်မှီဆေးဝါးများ၊ ထိုးဆေး၊ ပွတ်ဆေး၊ လိမ်းဆေးများနှင့် နှိုင်းယှဉ် အထင်အမြင် သေးစရာလည်း မသင့်ချေ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံခြားသားတို့သည်လည်း

သိပ္ပံပညာမတိုးတက်ခဲ့စဉ်ကဆိုလျှင် ကျွန်ုပ်တို့နှင့်မခြား အသုံးပြုခဲ့ရသည်ကို သမိုင်းက သက်သေခံလျက်ပင် ရှိသေးသည်။ ယခုတိုးတက်နေသော အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်စသောနိုင်ငံတို့၌ပင် ရှေးယခင်အခါက အဖုအမြစ်အဥ အရွက်တို့ကို အမှုန့် ထောင်းထု ပြုလုပ်ခဲ့ရလေသည်။

ရောမ၊ ခေါမခေတ် ရှေးဟောင်းရာဇဝင် ပြဇာတ်ကားများတွင် နန်းတွင်းသမားတော်များ ဆေးဝါးတိုက်ကျွေးကုသရပုံ အခြင်းအရာများကို မြင်တွေ့နိုင်ရာ ကျွန်ုပ်တို့၏ ရှေးကိုးရာနှင့် များစွာကွာခြားလှသည် မဟုတ်ပါ။ ဆေးဝါး ထည့်စရာဆို လည်း ဖန်ပူး၊ ဖန်ခွက်၊ ဖန်ပုလင်းပင် မပါရှိ။ သစ်သားကို ထွင်းထားကာ အဖုံးအပိတ်ဖြင့် ထည့်ထားသည့် ဆေးဗူး ဆေးပုလင်းများသာဖြစ်သည်။ ၎င်းတို့ကို ဘမ်းကြီးထဲ အစီလိုက်ထည့် လည်ပင်းကြိုးသိုင်းဆွဲကာ လှည့်လည် ကုသနေပုံတို့ကိုသာ ပြသ တွေ့မြင်ကြည့်ရှုရသည်။

ရခိုင်မြောက်ဦးမင်းများ နန်းတွင်းသုံး ဆေးဗူးဆေးပုလင်းများလည်း ထို့အတူသာဖြစ်၏။ သစ်သားကို ပါးလွှာအောင် အခေါင်းထွင်း သစ်သားကိုပင် အဖုံး အပိတ်လုပ်ထားသော သစ်သားဗူး ပုလင်းဖင်ချွန်းများကို ယခုထိရှာဖွေ တွေ့ရှိရသေးသည်။ ထိုဆေးဝါးများကို ကြိတ်မှုန့်စေရန်အတွက် ကျောက်ပျဉ်များကို အလယ်ချိုင့်ဝှမ်းဒေသ ကျောက်ပျဉ်း ကျွန်းကဲ့သို့ မို့မောက်သော ကျောက်ပျဉ်၊ အနားပတ်လည်တွင် စီးဆင်းနိုင်ရန် မြောင်းများပါပြီ နှုတ်သီးချွန်ကတော့ သဏ္ဌာန်သွန်းချရသော ကျောက်ပျဉ်အမျိုးအစားများဖြင့် တွေ့မြင်ရသည်။ ကျောက်ပျဉ်တွင် အောက်ခြေတပ်ခြင်း၊ အလှအပအဖြစ် ကျောက်ဆစ်ပန်းပုလက်ရာ ထုထားခြင်း စသည်များ အနုပညာ မွမ်းမံထားပေးသည်များကိုပါတွေ့ရသေးရာ ကျောက်ပျဉ်ကပင် ယဉ်ကျေးမှု သရုပ်ဆောင်သလိုဖြစ်နေသည်။

ထိုသို့ အနောက်တိုင်း ရှေးကိုးဆေးဝါး အသုံးချခဲ့သည့်အလားပင် ကျွန်ုပ်တို့ ရခိုင်ကိုးရာဆေးဝါး အသုံးချခဲ့ခြင်းများသည် လွန်စွာကွာခြားလှသည် မဟုတ်ချေ။ သို့သော် အနောက်တိုင်းဆေးပညာသည်၊ ခေတ်မီတိုးတက်လာသလောက် ကျွန်ုပ်တို့၏ ရခိုင်ဆေးပညာသည် ခေတ်မီဘို့နေနေသာသာ ယခုဆိုလျှင် ယဉ်ကျေးမှု ပြသရန်ဟူ ကိုးရာမျှပင် ကျန်သေး၏လောဟု ထင်မှတ်စရာထိ ဆုတ်ယုတ်လာခဲ့ရသည်။ အနောက်တိုင်း ဆေးဝါးများကိုအားကိုးပြီး မိမိတို့ကိုးရာ ဆေးဝါးများကို လုံးလုံး လက်လွှတ်လိုက်ကြရမည်ဆိုက မဟာအမှားကြီးပင်ဖြစ်သည်။ သူများနှာခေါင်းနှင့် အသက်ရှုနေရသကဲ့သို့နိုင်လှသည်။ အနောက်တိုင်းဆေးဝါး အခက်အခဲနှင့် ကြုံနေရသောအခါ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ဘာမှမလုပ်တတ်ဘဲ နောင်တ ရနေကြရချေမည်သာဖြစ်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဆေးပညာနှင့် ဆေဝါးများကို ဖော်ထုတ်ရန် သင့်ကြပေပြီ။ လူတို့သည် မတိုးတက်သောခေတ်တွင် ကျန်းမာရေး နည်းပါးခဲ့ရသည်။

အသက်သေဆုံးရခြင်းဖြင့်ကြုံခဲ့ကြရသည်။ ဆေးဝါးဟူ လည်း မည်မည်ရရအသုံးပြု ရခြင်း၊ အသုံးချရခြင်းကို သိတတ်ကြသည် မဟုတ်ချေ။ သို့သော် လူသားသည် ဘေးအန္တရာယ်ကို ကြောက်လန့်တတ်သူများသာတည်း။ ထိုကြောင့် အားကိုး အားထားမှုကို ရှာကြရသည်။ ကိုးကွယ်မှုဘာသာတရားဟူ လည်း အစစ်အမှန်မရှိစဉ် နတ်နဂါး၊ တောတောင်ရေမြေစသည်များကို အသျှင်သခင်အဖြစ် ကိုးကွယ်လျက် အားထားခဲ့ကြသည်။ နတ်တင် နတ်ပူဇော်ခြင်းများ၊ ယဇ်ပူဇော်ခြင်း၊ ပသခြင်းများဖြင့် အစစအရာရာကို ဖြေဆည်း ဖျောက်ဖျက်ိုးသာ ပြုခဲ့ရသည်။

အဖျားအနာ ဖြစ်လာလျှင်လည်း ကာကွယ်မှု မတတ်နိုင်ချေက ထိုအားထားရာ နတ်များကိုပင် ပသ ကူမစေခဲ့ရသည်။ သို့သော် အားထားခံ အသျှင်နတ်များလည်း အမှန်မှာ တတ်နိုင်ရှာကြသည် မဟုတ်ချေ။ သို့သော်လည်း နတ်မနာလိုလို့၊ နတ်မ စောင်မလို့၊ နတ်ကိုမလေးမခံ့ ပြုမိလို့ဟုဆိုကာ ထိုအသျှင် နတ်များကိုပင် ဂုဏ်တင် လိုက်ရပြန်လေသည်။ ယနေ့ထိလည်း တောချောင်တောင်ကြားကျေးရာအရပ်တို့၌ နတ်ဆေးနတ်ဝါးများဖြင့် ကုသတုန်း၊ အာကိုးတုန်းရှိနေကြသေးသည်။

လူသားသည် စုံစမ်းရှာဖွေတတ်ခြင်း၊ ဆင်ခြင်တုံတရားဖြင့် စဉ်းစားတတ်ခြင်း စသော အသိပညာများ ရှိကြသူချည်းသာတည်း။ ထို့ကြောင့်ပင် ပူလာလျှင် အေးမြစေမှုဟူ လည်းကောင်း၊ အေးလာလျှင် ပူနွေးပေးမှုဟူ လည်းကောင်း၊ ုပ်ဝတ္ထု များကို ပြုပြင်မှုဆိုင်ရာ သဘာဝဘေးဒဏ်ကို တားဆီးခဲ့ခြင်းများဆိုင်ရာကို တစတစ ကြုံဆလာခဲ့ကြရသည်။ ထိုသို့ အပူအအေးသည် ဓါတ်သဘောကို ပြုပြင်မှု၊ ဆီးတား ခုခံမှုဆိုင်ရာတို့ကား ဆေးပညာသဘောပင် ဖြစ်သည်။ ထို့ကြောင့် အေးသော ဆေးမြစ်ဝါးမြစ်၊ ပူသောဆေးမြစ်ဝါးမြစ်များကို မြည်းစမ်း အသုံးပြုလာခြင်းဖြင့် တစတစ ဆေးဝါးဆိုင်ရာ အသိပညာများကို ရရှိလာကြရလေသည်။

ရခိုင်တို့တွင် ဆေးဝါးများဖြစ်ပေါ်လာပုံကို တီထွင်ပြောဆိုခဲ့ကြသော ိုးရာ ပုံပြင်များကိုတွေ့ရသည်။ တိရစ္ဆာန်ငန်းမက သေဆုံးနေသော သားငယ်ငန်းကလေးများ ကို မိမိကိုက်ယူလာသောဆေးမြစ်ဖြင့် တို့ထိလိုက်ခြင်းဖြင့် အသက်ရှင်သွားရပုံ။ ထိုသို့ရှင်လာသော ဆေးမြစ်ကို ငန်းဆေးမြစ်ဟုခေါ်ပုံ၊ ထိုကိုအစွဲပြု ယခုထိ ငန်းဆေးဟုခေါ်တွင်ပုံများဖြစ်သည်။ ဤပုံပြင်များမှာ လူသားက တည်ထွင်ပြောဆိုခြင်း သာဖြစ်ရကား ထိုငန်းဆေးမြစ်ဆိုသည်မှာလည်း လူသားကပင် လေ့လာစူးစမ်းခြင်းဖြင့် စတင်အသုံးပြုခဲ့ရသော ဆေးမြစ်သာဖြစ်ရပေသည်။

ထိုသို့ဆေးဝါးများကို စတင်အသုံးပြုတတ်လာသဖြင့် ကျန်းမာမှုဆိုင်ရာ အားထားရခြင်း၊ အသက်အန္တရာယ်ကို ကာကွယ်တားဆီးနိုင်ခြင်းများအကျိုးကို သိလာရလေသည်။ ထိုအခါ မိမိတို့အားထားခဲ့ရသော အသျှင်များမှာ ဆေးဝါးအဖြစ်မှ ယုတ်လျော့လာရသည်။ ဆေးဝါးများဖြင့်ပင်လျှင် ယင်းအသျှင် နတ်၊ တစ္ဆေ၊ သရဲများကို တန်ပြန်ခုခံကာကွယ် ခဲ့ကြလေသည်။ ထို့ကြောင့် ဆေးကြမ်းပင်များကို

ရခိုင်အိမ်ဝင်းမြို့တိုင်းတွင် စိုက်ချကာ အကာအကွယ်အဖြစ် အသုံးပြုထားလေ့ ရှိခဲ့ကြသည်။ ထို့ပြင် အိမ်ဝင်ဝ၊ အိမ်မိုးစွန်းဖျား၊ အိမ်မိုးဒေါင့်တို့၌ ဂုံညင်းတောင့် (ဒိုးတောင့်)များကို ထိုသို့ အကာအကွယ်အဖြစ်၎င်း၊ ဘူးခါးသီး၊ ကျား၊ ဆင်၊ သားရဲ တိရစ္ဆာန်ဦးချိုအရိုးများကို အိမ်တွင်း၌လည်းကောင်းထားကာ အကာအကွယ် ပြုလာခဲ့ကြလေသည်။ ထိုသဘောကိုဆောင်သော ပုံပြင်များကိုလည်း ရခိုင်တို့က ထည့်သွင်းပြောလာကြသည်။ မိမိတို့စိုက်ပျိုးထားသော ဆေးပင် ဆေးမြစ်များဖြင့် စုန်း၊ နတ်၊ တစ္ဆေများကို ကာကွယ်လိုက်နိုင်ပုံများကို ပုံပြင်လုပ် ပြောလာခဲ့ကြသည်များကို ရခိုင်ပုံပြင်တို့၌ တွေ့နေရသည်။

ရခိုင်ဆေးဝါးများသည် ရောဂါလက္ခဏာနှင့် ကိုက်ညီအောင် ဖေါ်စပ်ထားခြင်းလည်း မနည်းချေ။ လိုသလို အကဲရေလှည့်ပေး အသုံးပြုခြင်းဖြင့်လည်း ဂဏ်သက်ဝင်မှုများ ပါဝင်လေသည်။ တခုကောင်း၊ နှစ်ခုကောင်းစသော တစ်ခုချင်း ဆေးမြီးတိုများလည်း ဒုနှင့်ဒေးရှိချေသည်။ ဆေးဝါးဖေါ်စပ်မှုမှာ အမှန်တကယ်အားဖြင့် အနာရောဂါ လက္ခဏာနှင့်၎င်း၊ ရာသီဥတု၊ ဓါတ်သဘာဝ ညီမျှခြင်းဖြင့်၎င်း၊ ဆေးပညာဆိုင်ရာ သဘောတရားများ ပါဝင်ရမည်သာဖြစ်သည်။ အချို့သော ဆေးသမားဆိုင်ရာ ကုထုံးအရလည်း ဆေးပူကို အသုံးအစွဲ လက်ကိုင်များခြင်း စသည်လည်းရှိတတ်သည်။ မည်သို့ဆိုစေ ဖေါ်ပြပါဆေးပညာ မပါဝင်ဘဲ မည်သည့် ဆေးဝါးမျှ ဖေါ်စပ်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဆေးပညာဆိုင်ရာကို နားလည်ရမည် ဖြစ်သည်။ ရခိုင်ဆေးပညာသည်လည်း ဓါတ်လေးပါးကို အဓိကထားပြီး ႁပလက္ခဏာ သဘာဝကို စိတ်ဖြာသိရသော ပညာတစ်ရပ်သာဖြစ်ပေသည်။ ဤပညာကို အိန္ဒိယမှ မြစ်ဖျားခံ ရခိုင်သို့ နှစ်ပေါင်းများစွာကပင် ဝင်လာခဲ့ရသည်ကစပြီး ပြန့်နှံ့လာခဲ့ရလေသည်။

ရခိုင်ပြည်၌ ဆေးပင်များစွာ ပေါက်ရောက်နိုင်ရန် စိမ်းလန်းစိုပြေသော တောတောင်များစွာ ရှိလေသည်။ဆေးဖုဆေးမြစ်များ ပေါများခဲ့သည်သာဖြစ်၏။ တောတောင်တိုင်း၌ ပေါက်ရောက်လေ့မရှိဘဲ ခဲခဲယဉ်းယဉ်း ရှားရှားပါးပါးသာ တတောင်တလေ၌ ပေါက်ရောက်တတ်သော ဆေးများကို နတ်ဆေးနတ်ဝါးဟူ ပင် တင်စား ခေါ်ဝေါ်ခဲ့ကြသည်။ ရှေးက ထိုသို့ နတ်ဆေးဝါးအမည်ခံ ရှားပါးခဲ့မည် ဖြစ်သော ဆေးထူးများကို ဒေဝဂ္ဂန္ဓာရီတောင်တော်သမိုင်းတို့၌ တွေ့ရသည်။

ထို့ပြင် မြန်မာပုဂံမင်းလက်ထက်၌၎င်း၊ မင်းတုန်းမင်းလက်ထက်၌လည်းကောင်း ရခိုင်မှဆေးနည်းနှင့် ဆေးဝါးများရောက်ရှိသွားကြောင်း အထောက်အထားများ တွေ့ရသည်။ ရခိုင်မြောက်ဦးခေတ် ပေါ်တူဂီဘုန်းကြီး ဖာသာမာန်နရိတ် ရောက်ရှိလာသည်။ ၎င်းသည် ရခိုင်ဘုရင် သီရိသုဓမ္မရာဇာမင်းနှင့် အလွန်ရင်းနှီးစွာ နေထိုင်သွားခဲ့ရသူလည်းဖြစ်သည်။ ၎င်းသည် ပထမတွင် ရခိုင်ဆေးဝါးများကို အထင်အမြင်သေးခဲ့လေသည်။ နောင်တွင် မိမိ၌ သေလုမျောပါး

စွဲကပ်ခံစားနေရသော ငှက်ဖျားရောဂါဝေဒနာကို ရခိုင်နန်းတွင် ဆေးသမားတော်ကြီးက ဆေးမြစ်တစ်ခုမျှဖြင့်ပင် ကုသပျောက်ကင်းစေနိုင်မှ အံ့အားကြီးသင့်လျက် ချီးကျူးလာခဲ့ရလေသည်။ ဤသို့ဖြင့် ရခိုင်ဆေးဝါးများသည်လည်း ရခိုင်လူနေမှုနှင့် ယဉ်ကျေးမှုစသည်များတွင် အကျိုးပြုလျက် တတပ်တအား ပါဝင်ဆောင်ရွက်လာခဲ့သည်မှာ ကြာမြင့်ခဲ့ပေပြီ။

အဘယ်ကြောင့်ဆိုသော် ဆေးဝါးနှင့်ဆေသမားတို့မှာ ပြည်၏အင်္ဂါအဖြစ် ပါဝင်ခဲ့ရသူများပင် ဖြစ်သည်။ ''ဗေဒင်၊ ဟူးရာ၊ သမားကောင်းသည်၊ မျက်စိမည်၏'' ဟုဆိုသဖြင့် ပြည်၏အင်္ဂါတွင် ဆေးသမားသည် ပြည်မျက်စိဖြစ်ချေသည်။ ထို့ပြင် ဆေးသမားသည် နဝရတ်ကိုးပါး အပါအဝင်ဖြစ် ''မျက်စိမဖောက်၊ နားပေါက်မပယ်၊ ပြည်စွယ်မခွာ၊ မျက်နှာမလွှမ်း၊ ပြည်ဝမ်းမမွေ၊ ပြည်ခြေမဖြတ်၊ ကျင့်နိုင်တတ်မှ၊ နဝရတ်ကိုးဖြာ၊ ဆင်ရရာသည်၊ တန်းဆာမင်းတို့၊ ကျင့်ထုံးတည်း''ဟူ ဆိုသဖြင့် ပြည်ရှင်မင်းတို့ကအစ အလေးအမြတ်ထားခဲ့ကြရလေသည်။ ရခိုင်မင်းလက်ထက်၌ သမားတော်များကို ချီးမြှောက်ထားခဲ့သည်။ တခွက်ဆရာ မောင်ပေါ်လာကို အမည်စွဲ ယခုထိ မြို့ဟောင်းမြို့၌ တခွက်ဆရာမောင် ပေါ်လာတောင်ဟု ကျောက်ရစ်ကေ ရပ်အနီး တောင်ရှိမြောင်း အနောက်ဘက်တွင် အမည်တွင်ရှိနေသေးသည်။ ၎င်းပြင် ဆေးသမားတော်ကြီး ငကိုးနှင့်ညီ့တို့ကိုလည်း သိသာနိုင်ပေရာသည်။

ရခိုင်ဝိုးရာ ဆေးကျမ်းများသည် ယနေ့တပိုင်းတစ ကျန်သေးသည်။ ဓါပကာနီ ဆေးကျမ်းအမည်ဖြင့် ဆေးကျမ်းစာ အနည်းအပါးကို တွေ့နေရသေးသည်။ ထိုဆေးကျမ်းကို ရခိုင်ပြည်နယ် တောင်ပိုင်းဆေးသမားတို့ အသုံးပြုများပေသည်။ များစွာသော ဆေးပညာဆိုင်ရာ ဆေးကျမ်းများ၊ ဆေးဝါးဖေါ်စပ်ပုံ ဆေးနည်းများမှာ တိမ်ကောပျောက်ပျက်လျက်ရှိနေသည်။ သို့သော်လည်း အစဉ်အဆက် အသုံးပြုနေသေးသော ဆေးနည်းကောင်း ဝါးနည်းကောင်းများကား အတော်အသင့် ရှာဖွေရနိုင်သေးမည်ဖြစ်ရာ ရခိုင်ဆေးပညာရှင်များ၊ သမားတော်များက အမြတ်တနိုး ရှာဖွေစုစည်းခြင်း၊ ဖေါ်ထုတ်ပေးခြင်း၊ ဖြန့်ချိခြင်းများပြုရန် လိုအပ်နေပေသေးသည်။ ဆေးဝါးအမည် အမျိုးမျိုးနှင့် အသုံးပြုပုံ ပြုနည်းဆိုင်ရာ ဆေးသဒ္ဒါများကိုလည်း စုံးရန် လိုအပ်သည်။ ဟိုတစဒီတစနှင့် ဖို့ဖရဲပြန့်ကြဲလျက် ပျောက်ဆုံးသွားရချေက ဝမ်းနည်းဘွယ်ရာသာ ဖြစ်ချေမည်။ တချို့လည်း သဝန်တိုမှု၊ ပြန့်နှံ့သွားမည်ကို စိုးခဲ့မှု၊ လျှို့ဝှက်ဖုံးကွယ်ထားမှုများကြောင့် နောက်ဆုံးတွင် သေရာပါသွားခဲ့ရခြင်းဖြင့် နိဂုံးချုပ်ခဲ့ရချေသည်။ မိမိ၏သား၊ မြေး၊ မြစ်၊ ဆွေမျိုးများပင် ခံစားဆက်ခံ လိုက်နိုင်ခွင့် မပြုခဲ့ကြရလိုက်ချေ။ ယင်းသို့ အမြင်ကျဉ်းမှု တကိုယ်ကောင်းဆန်မှုများကြောင့် ရခိုင်ဆေးပညာသည် ယခုကဲ့သို့ ကွယ် ပျောက်ဆုံးရှုံးရခြင်း၊ မတိုးတက် ခေတ်မမီခြင်း၊ လူသုံးလွယ်စွာ မပြန့်နှံ့သဖြင့် လူသိရှင်ကြားနည်းပါး မကျော်ကြားခြင်းစသော ဆုတ်ယုတ်မှုများစွာဖြင့် ခရီးလျှောက်ခဲ့ရလေသည်။ စဉ်းစားလျှင် အလွန်ဝမ်းနည်းစရာ

ကောင်းသည်သာတည်း။

မိမိတို့ ိုးရာသုံးဆေးဝါးများကိုပင် ဖေါ်စပ်ရောင်းချမည့်သူ၊ ကုသမည့်သူ တရပ်တွင်တစ်ယောက် တစ်မြို့တွင်တစ်ယောက် မရှိသလောက် နည်းပါးသွားခဲ့ခြင်းမှာ ရင်လေးစရာလည်းကောင်းလှသည်။ စဉ်းစားစရာလည်း ကောင်းလှသည်။ ရခိုင်သားများက အသုံးမပြု အလေးမယူ ဂုမမူ လော။ ရခိုင်သမားတော်များကပင် ညံ့ဖျင်းတိမ်မှေး လော။ ယင်းသို့ဆိုလျှင် နှစ်ဘက်စလုံးက အပြစ်တင်ချင်ကြပေ လိမ့်မည်။ သို့သော် နှစ်ဦးနှစ်ဘက်စုံလည်း တာဝန်မကင်းချေ။ ထို့ပြင် သမားအင်္ဂါ လက္ခဏာမပြည့်မစုံ သမားယောင်ယောင်များ ဆေးဆရာအတုအပများကြောင့်လည်း ရခိုင်ဆေးဝါး အထင်သေး အမြင်သေးခံရမှုရှိချေသည်။ အနောက်တိုင်း ဆေးဝါးများကို အသုံးပြုကြသူ ခေတ်မီသူလူတန်းစားအမည်ခံတို့၏ အတွေးအခေါ် ရင့်သီးမှုများ၊ ယောက္ခမကို အမေခေါ်လိုသူ များကြောင့်လည်း တာဝန်မကင်းချေ။

မိမိတို့သည် အနောက်တိုင်း ဆေးဝါးကိုချည်း ထာဝစဉ်အားကိုမှု ပြုနေ ရမည်လော။ မိမိတို့ဆေးဝါးများကိုကား အားကိုးမဲ့ပစ်ပယ်ကြရအံ့လော။ ယခု အခြေအနေတွင်ဖြစ်စေ၊ နောင်ကိုဖြစ်စေ၊ အနောက်တိုင်းဆေးဝါးများနှင့် တန်းတူ မဟုတ်စေကာမူ ခေတ်မီသော ဆေးဝါးအဆင့်သို့ လှမ်းမြှ င့်လာစေရန် ကြိုးစားခြင်း၊ တည်ထွင်ခြင်း၊ အနောက်တိုင်းဆေးဝါးများကို မလွှမ်းမိုးစေနိုင်ကာမူ တချို့တဝက် အစားထိုးယှဉ်ပြိုင်နိုင်ခြင်းစသည် တတပ်တအား မိမိတို့တိုင်းပြည်နှင့်လူမျိုး အပေါ်တွင် ပါဝင်အမှုထမ်းဆောင်ရမည်သာ အမှန်ဖြစ်သည်။

အနောက်တိုင်းဆေးပညာ ထွန်းကားသလောက် ကျွန်ုပ်တို့၏တိုင်းပြည် တိုးတက်မှုမရှိလျှင် ထိုဆေးဝါးများလည်း အလကား ဝင်လာနိုင်စရာမရှိချေ။ ထိုဆေးဝါးကို အသုံးပြုတတ်မှုဆိုင်ရာ ဒေါက်တာဆေးဘက်ပညာ၊ ဝယ်ယူသုံးစွဲရေး ဆိုင်ရာ ငွေကြေးစသည် အများကြီးလိုအပ်ပေမည်။ ထိုသို့ တခြားကယူရမည်၊ မိမိတို့က အကုန်အကျများရမည်ကို မိမိတို့က ပါဝင်ဖြည့်စွက်ခြင်း၊ မိမိတို့က အသုံးပြုလိုက်နိုင်ခြင်းဖြင့် အစားထိုးနိုင်ရန် ကြိုးစားကြရမည်သာတည်း။

ရခိုင်ဆေးပညာဆိုင်ရာ ဆေးကျမ်းဝါးကျမ်းများလည်း အလွန်ပင် ရှားပါး သွားခဲ့ရပေပြီ။ ရခိုင်ပြည်ကို ဘိုးတော်မင်း သိမ်းပိုက်အုပ်ချုပ်စဉ် ပိဋ္ဋကတ်ကျမ်း၊ ဗေဒင်ဗာဟိရကျမ်း (၅၆)စောင်ကို အမရပူရသို့ပေးဆက်ရသည်ဟူ၏။ ထိုတွင် ဗါဟိရကျမ်းတို့၌ ရခိုင်ဆေးကျမ်းများစွာလည်း ပါဝင်ခဲ့ရလေသည်သာတည်း။ ဆေးကျမ်းများသာမက ဆေးသမားတော်များပါ ပို့ဆက်ခဲ့ရကြောင်းဖြင့် ရခိုင်ရာဇဝင်၌ ဆိုထားသေးရာ ဆေးကုထုံးများ ဆေးနည်းများပါ တိမ်ကောမှုဖြစ်ခဲ့ရလေသည်။

ထို့ပြင် အင်္ဂလိပ်သိမ်းပိုက်ခြင်းခံရစဉ်လည်း ရခိုင်ဆေးကျမ်းများကို နားပန်ဆံကို ရိတ်ဖြတ်သကဲ့သို့ ဝိုင်းရံရိတ်ဖြတ် ကုန်စေခဲ့ရကြောင်းကို ရာဇဝင်လင်္ကာသမိုင်းဆရာ တို့က နာကျည်းစရာ စပ်ဆိုမှတ်တမ်းတင်ထားခဲ့ကြသည်။ ရခိုင်ရာဇဝင်လင်္ကာမှ

ပိုဒ်ရေ(၁၃၆)တွင် အောက်ပါအတိုင်း ူစားနိုင်ကြပါ၏။''ဂေါတမ၏၊ ဟောထကျမ်းဂန်၊ ဓမ္မက္ခန်နှင့်၊ လေးတန်ဗေဒင်၊ ကျမ်းများဖျင်က၊ လူတွင်စွဲမှတ်၊ ဓမ္မသတ်နှင့်၊ မပြတ်မှန်စွာ၊ ဗာဟိရာဖြင့်၊ မှတ်ကာရေးဖွဲ့၊ တွက်စစ်ခဲ့သော်၊ ကိုးဆယ့်ခြောက်ဖြာ၊ အာဟာမာနှင့်၊ ကမ္ဘာနာမက်၊ ကျောက်ဝက်သက်နှင့်၊ လိုက်ဖက်သင့်စွာ၊ များလှပါသား၊ နာနာဂန္ထ၊ ကျမ်းသိပ အား၊ သီသကေသံ၊ နားပန်းဆံကို၊ ဝန်းရံ လျှင်၊ ရိတ်ပြီးကျင်မှ၊ ကုန်စင်ပြီးက''ဖော်ပြပါအတိုင်း ရခိုင်ကျောက်ဆေးထိုးခြင်း အတတ်သည်လည်း အင်္ဂလိပ်တို့ ပိတ်ပင်ခြင်းကိုခံရ တိမ်ကောခံရလေသည်။ ကျွန်ုပ်တို့ငယ်စဉ်က လှို့ဝှက်ကာ ကျောက်ထိုးမှုပြုလေ့ရှိကြသော ကျောက်ထိုးဆရာတစ်ဦးတစ်လေတို့ကို မြင်တွေ့လိုက်ရသည်ပြင် ရခိုင်ကျောက်ဆေးကိုပင် အထိုးခံလိုက်ရဘူးသည်ကို ဝိုးဝါးမှတ်မိ နေသေးသည်။

ရခိုင်ဆေးဝါးများသည် မည် မည်မျှ ပျောက်ပျက်ခြင်း၊ ပြန့်ကြဲသွားခြင်း၊ တိမ်မြ ုပ်သွားခြင်း၊ သို့ဝှက်ရှိနေခြင်းကို မသိနိုင်ချေ။ ကျေးလက်တောရွာများတွင် ိုးရာဆေးဝါးများ အသုံးပြုနေကြသူများလည်း ရှိကြသေးမည်ပင်တည်း။ ရခိုင်သမားတော်အချို့လည်း ကုသခြင်း၊ ဖော်စပ်ရောင်းချမှုရှိနေခြင်း ပြုကြသေးသည်။ ထိုထိုလက်ကျန် ဆေးကောင်း ဝါးကောင်းများကိုလည်း စုဆောင်းရှာဖွေထိန်းသိမ်းခြင်းများ ပြုသင့်ကြသည်။ သို့မဟုတ်လျှင် တဖြည်းဖြည်းနှင့် ကုန်ဆုံးစရာဖြစ်သွားပေက လက်ကိုင်ပြုတ်ရန်သာ ရှိတော့မည်။ ထို့ပြင် မြန်မာပြည်အရပ်ရပ်တို့တွင်လည်း ရခိုင်ဆေးနည်းကောင်းများ ရောက်ရှိပြန့်နှံ့သွားခဲ့သည်ကို တွေ့ရှိရသည်။ အချို့ဆေးကျမ်းများတွင်ပင်အထင်အရှားတွေ့ရသည်။ ဆေးပညာဆိုင်ရာ၊ ဆေးသုတေသနဆိုင်ရာ ဆေးသမိုင်းမှတ်တမ်းတင်ရန် အထောက်အကူဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တို့အောက်မေ့မိသည်။ ထို့ကြောင့် လက်လှမ်းမီရာ မြန်မာ့ဆေးကျမ်းများ၊ သမားတော်စာစောင်များကို လေ့လာကြည့်ရာ ပရိယတ္တိ သောမန ဆေးတော်ကြီး အမည်ပေးထားသော ရခိုင်ဆေးနည်းတစ်ခုကိုလည်းကောင်း၊ မျက်စဉ်းဆေးနည်းတစ်ခုကိုလည်းကောင်း တွေ့ရှိရသည်။ ထို့ထက် အမှတ်မထားသော ရခိုင်ဆေးနည်းများလည်း မြန်မာဆေးကျမ်းများတွင်၎င်း၊ ဆေးနည်းကျော်များတွင်လည်းကောင်း ဆေးမြီးတိုများတွင်လည်းကောင်း ပါရှိနိုင်သေးမည်ပင်ဖြစ်သည်။

## ပရိယတ္တိသောမနသဆေးတော်ကြီး

ဤဆေးကို (၁၂၆၀)ပြည့် နယုန်လဆုတ် (၁၀)ရက်နေ့ စီရင်သည်ဆိုသော ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်းတွင် ဖော်ပြတွေ့ရှိရသည်။ ပုံနှိပ်စာမျက်နှာ (၁၇၃) မျက်နှာရှိသည်။ ၎င်းစာအုပ်နှင့်ပူးတွဲလျက် နေ့စွဲတြိသတ်ခါတ်ကျမ်းကိုလည်း တွဲဖက်ို က်နှိပ်ထားသည်။ ထိုခါတ်ကျမ်းမှာ စာရွက်စုတ်ပျက်သွားရကား အဆုံးထိမတွေ့ရ (၉၄)မျက်နှာထိသာပါသည်။ ၎င်းဆေးကျမ်းနှင့် ဓါတ်ကျမ်းနှစ်တွဲစလုံးမှာ

အစက (၄)မျက်နှာမပါဘဲ စာမျက်နှာ (၅ မှ ၉၄)ထိသာ အကောင်းပကတိ တွေ့ရသည်။ အစအဆုံးပါရှိသော စာအုပ်လည်းရှိကြပေလိမ့်မည်။ ထိုဆေးကျမ်းမှာ ပါရှိသော ရခိုင်ဆေးတော်ကြီးသည် ဓညဝတီရခိုင်ပြည်က ပေါက်ကံပြည် ကျစ္စာမင်းကို ဆက်သသောဆေးဖြစ်သည်ဟုဆို၏။ ထိုဆေးဒွန်းအတိုင်းဆိုလျှင် ပုဂံခေတ်ကပင် မြန်မာပြည်သို့ရောက်သွားသော ဆေးနည်းဖြစ် ကျော်ကြားသောဆေးတော်ဖြစ်ခဲ့သဖြင့်သာ ဤမျှ သက်ရှည်လာခဲ့ရကြောင်း ထင်ရှားသည်။ ရဟန်း သံဃာတော်များ၏ မှီဝဲရာ ဆေးတော်ဖြစ် လည်း သာသနာအကျိုးကို အများကြီးထမ်းပိုးပေးနိုင်ခဲ့သည် ဖြစ်ရာ၏။ ဆေးနည်းဖော်စပ်ပုံနှင့်တကွ ဆေးဒွန်းပါမူအတိုင်း ဖေါ်ပြလိုက်ပါ၏။

## ဆေးနည်း

ဇာတိပိုလ် ၂ ရွေး၊ လေးညှင်း ၂ ရွေး၊ ၂ ပါးအလေးရှိန်ခို။ ၃ ပါး အလေး ကျောက်စက်၊ ၄ ပါး အလေး ပညာလင်္ကာ။ ၅ ပါး အလေး ဆေးပုလဲ။ ၆ ပါးအလေး ဘုမ္မရာဇာ။ ၇ ပါး အလေးတိလင်္ဂသာ။ ၈ ပါး အလေး လက်ထုပ်ကြီး။ ၉ ပါးအလေး မုတ်။ ၁၀ ပါး အလေး ဆူးခေါက်နက်။

ဆေးအားလုံးကို ပေါင်း၊ လေးစုစု၊ တစ်စုအလေး ဆား။ တစ်စုအလေး စမုံမျိုးငါးပါး။ တစ်စုအလေး ဂျင်း။ တစ်စုအလေး ငြုတ်ကောင်း။

၎င်းဆေးအားလုံးကို ပေါင်း။ ရှစ်စုစုပြန် ၁–တစ်စုအလေး နှပ်ချို။ ၂–တစ်စုအလေး ကြံဟင်း။ ၃–တစ်စုအလေး သက်ရင်း။ ၄–တစ်စုအလေး ကြောင်ပန်းမြစ်။ ၅–တစ်စုအလေး ကြောင်ပန်းရွက်။ ၆–တစ်စုအလေး ကြောင်ပန်းသီး။ ၇–တစ်စုအလေး ငဖုံးဆေး။ ၈–တစ်စုအလေး လင်းလေ။ ပေါင်း ၂၆ ပါး၊ အမှုန့်ပြုထား။

**ဆေးအကျိုးကား။** ။ ပေါက်ကံပြည်တွင် ရဟန်း ဆရာတော်တို့ ပိဋကတ်ကို အသီးသီးချပို့သင်ကြား ပြုစုတော်မူကြစဉ်အတွင်း ညောင်းညာခြင်းကိုစွဲ ထုံနာ၊ ကျင်နာ၊ ခြေနာ၊ တက်နာ၊ တွန့်နာ၊ အသားသွေးစုသည့်အနာ၊ သည်းခြေကို ပူစေတတ်သောလေ၊ မျက်ိုးကို ကိုက်စေတတ်သောလေ၊ ရင်ကိုပြည့်စေတတ်သော လေ၊ ရင်ကိုဆို့စေတတ်သောလေ၊ အမ္ဗဝါ တလေ၊ ပက္ခာ ပါတလေ၊ စူလလေ၊ နီလလေ၊ နီလတ လေ၊ လေကျောက်ဆူး၊ လေကျောက်သွား၊ လေဆွဲလွှဲ၊ လေခေါင်း လောင်း၊ လေတက္က၊ လေတံကျင်၊ ကြောလက်ပြင် ၂ဘက် တင်းကြွတ်သောလေ စွဲကပ်လာသော်၊ မျက်စိမှုံသော်၊ နားအူသော်၊ အရွယ်မရောက် ဆံဖြူသော်၊ မိန်းမတို့ မီးယပ်ပိန်၊ မီးယပ် ခြောက်လိုက် စားမဝင် အိပ်မပျော်ရှိသော်၊ ရာသီဥတု မမှန် သော်၊ ဘဝါးနှိုက် အခြားဝတ ု ကပ်သကဲ့သို့ ထင်သော်၊ ပွေးညှင်း တင်းတိပ်၊ သမင်ဖြူ သမင်နီ၊ သမင်ယက် ရှိသော်၊ ကနစိုလိုက်သော်၊ သွားကိုက်သော်၊ သွားနာသော်၊ သွားပိုးထသော် ညနံနက် သုံးဆောင်လေ။

ဤဆေးမြစ်ကို ဓညဝတီပြည်ကြီးက ကျစ္စာမင်းကိုဆက်သ ပေါက်ကံပြည်သို့ ရောက်မှ ကျစ္စာမင်းကြီးက ၎င်းဆေးကိုဖော် ရဟန်းတော်တစ်ပါးလျှင် ၇–ကျပ် ၂–မတ်စီ ကပ်လှူသဖြင့် ရဟန်းတော်တို့သုံးဆောင်တော်မူမှ ဆိုအပ်ခဲ့သော ရောဂါခပ်သိမ်း ကင်းငြိမ်းချမ်းသာ ရဟန်းတော်တို့သည် ရွှင်လန်းဝမ်းသာစွာ ပရိယတ်ိဓမ္မကို အားထုတ်နိုင်သည်ကိုအကြောင်းပြု ထိုဆေးမြစ်ကို ပရိယတ္တိ သောမန ဆေးကြီးဟူ တွင်လေသည်။

## ဓညဝတီမျက်စဉ်းဆေး

ဤဆေးကို ဓညဝတီရခိုင်ပြည်မှ မင်းတုန်းမင်းထံ ဆက်သွင်းခဲ့ဘူးသည်ဟု သိရသည်။ သမားတော် ဦးကျော်ရင်တို့ ကြီးမှူးထုတ်ဝေခဲ့ဘူးသော ဘေသဇ္ဇဝိဇ္ဇာ ဆေးမဂ္ဂဇင်းမှ တွေ့ရှိရသည်။ ဆေးဖော်နည်းကို ကဗျာရှည်ဖြင့် ရေးစပ်ထားရာမူ အတိုင်းဖော်ပြပါအံ့–

သီသခွံ ယောက်သွားနှင့်၊ ကျောက်သားတဲ့ မြင်းသီလာ၊ ကြက်ဥသိန်၊ ဆင့်ခါလောင်း၊ ခမောင်းရေကြည်စေ့၊ နွေးထည့်ပါ၊ပင်လယ်ရှာ၊ ရေသာအမြုပ်၊ ခြောက်ပါးအညီနှင့်၊ အလီလီညက်စွာကြိတ်၊ အရိပ်တွင်သွေ့စွာ လှန်း၊စန်းမမြင်သူ တို့လင်းအောင်၊ ကွင်းခပ်အဟုတ်၊ယိုမျက်ရည် မဝူရ၊ ယားပြန်က နှမ်းတေလာ၊ တိမ်ထူရင် နာနာခပ်ပါတော့၊ ထောပတ်နှင့်သာ၊ ဖြူနီပြာသီတာ ရေအေး၊ ကြက်မျက် ပုန်းရည်ပ၊ ရခိုင်ပြည် ဟိုဒေသဆီက၊ ကျောက်ဖျာလှန်ခါရသော်ကြောင့်၊ဘုရင်ကို ပဏ္ဏာသလိုက်တယ်၊ သတ ဝါဝေနေယျတို့ကို၊ ကင်းပတဲ့ဆေး။ ။

❖❖❖

## ရခိုင်စာဆို ဇနီးမောင်နှံ

ရခိုင်မင်းလက်ထက် အမတ်ကြီးရွှေသဲမှာ ထင်ရှားသော ပညာရှိပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ အမတ်ကြီးမှာ မဒ[ရာဇ်မင်း (၁၀၉၉–၁၁၀၄) မင်းလက်ထက်တိုင် အမှုတော် ထမ်းရွက်ခဲ့ရသော အမတ်ပညာရှိ ကိုယ်ရံကြီး ရဲအောင်၏ သားအငယ်လည်းဖြစ် သည်။ နွယ်စဉ်ဆက်ကပင် မျိုးရိုးမတ်မွန် များချည်းဖြစ်လာခဲ့ကြရသည်။ ထို့ကြောင့် မဒ[ရာဇ်မင်းက ''အမတ်တော်ကိုယ်ရံကြီးတို့ အမျိုးသည် ပတ မြား ကျောက်ကောင်းနှင့် တူသည်။ ထီးနန်းမင်းဆက် အရှည်ဆက်ခါ မင်းတိုင်ပင်အမတ် ထွန်းလျက်လာသည်။ မင်းအားလည်း ပြစ်မှားသည် မရှိ။ မင်းမမှားစေရ လျှောက်ထား လာခဲ့သည်။ အမျိုးပညာအရာ အင်္ဂါပြည့်စုံစွာနှင့် ရာဇဝင်သမိုင်း ထွက်ရှိသည်။''ဟု အမိန့် ရှိခဲ့ဘူးသည်။

ထို့ကြောင့် ရွှေသဲ၏ ဖခင်အမတ်ပညာရှိ ကိုယ်ရံကြီး ရဲအောင်ကိုလည်း အမတ်ကြီးရာထူးဖြင့် ခန့်အပ်အသုံးပြုမြဲ ပြုထားခဲ့သည်။ အမတ်ကြီးရဲအောင်မှာ ကိုယ်ရံကြီးခင်ညို၏ သားဖြစ်သည်။ ခင်ညိုမှာ လေကျိုး၏သားဖြစ်သည်။ လေကျိုး ကား ကျီးညိုသာတည်း။ ကျီးညိုမှာ မဟာပညာကျော်၏သားဖြစ်သည်။ ဤသို့ အမတ်မျိုးရိုး အစဉ်လာသည်။

မဒ[ရာဇ်မင်းလက်ထက် ထွက်ပြေးလာကြသော အရှေ့ပြည်သား ငရွှေလှော်၊ ငစံဦး၊ ငပုညိုတို့ လျှောက်ထားချက်ကို ချေပလျှောက်ကြားခဲ့သည့် လျှောက်ထုံးမှာ ရာဇဝင်တွင် အထင်အရှားရှိနေသေးသည်။ ငရွှေလှော်တို့မှာ အင်းဝမြို့ပျက် ရခိုင်မင်းထံ ထွက်ပြေးခိုဝင်လာကြသူများဖြစ်သည်။ သို့သော် ၎င်းတို့က အင်းဝမြို့

ပျက်စီး အခြေအနေမလှဖြစ်နေစဉ် အခွင့်ကောင်းယူ ချီတက်သိမ်းပိုက်လေက အလွယ်တကူနှင့် ရနိုင်ကြောင်း တင်ပြကြခြင်းဖြစ်သည်။

သို့သော် အမတ်ပညာရှိကြီး ကိုယ်ရံကြီးကား ပျားတို့နှင့်ဥပမာပြု တားမြစ်သည်။ ''ရန်သူမရှိက ရောက်တက်ရာရာ ပျံ့သွားနေကြလင့်ကစား ပျားဖွပ်လာသူ ရန်သူရောက်လတ်က စုံ ့း ခုခံကိုက်ခဲ ထိုးကုတ်တတ်သည်။ ထိုအလားတူ လူသတ ဝါမှာကား ဆိုဖွယ်ရာမရှိပြီ၊ ကိုယ့်လူအများသေဆုံးမှ သူ့လူကို ရမည်ဖြစ်သော မအောင်အပ်သည့်အမှုမျိုးကို အောင်မြင်သော မင်းကား မင်းမမည်ရာ''ဟု အောက်ပါ ရှေးသူဟောင်း စကားအလာစပ်ဆိုရှိသည်ကို ကိုးကားလျက် လျှောက်ထားခဲ့လေသည်။

''တစ်ယောက်ချမ်းသာ၊ ကိုယ်တို့ရှာ ၊ သတ ဝါပေါင်း၊ ဆုံးကြောင်းပျက်ရ၊ အဓမ္မမှု၊ သူပြုသူ့ဝန်၊ သူကံခေတ ၊ ရေပြွက်မျှကို၊ နိစ ထင်မှား၊ တောသားမုဆိုး၊ အားကြိုးမာန်တက်၊ လက်နက်စွဲကိုင်၊ ထိုမြိုင်ထိုတောင်၊ ကုန်အောင်လှည့်ပတ်၊ သားငါးသတ်သို့၊ မတတ်စရာ၊ ပမာထိုတူ၊ အယူမှောက်လှန်၊ ကျေးကျွန်ကို့ယ်သား၊ သူတပါးကို မုန်းထားရန်စစ်၊ လောဘမြစ်ကို၊ နှုတ်ပစ်လေပြီး၊ မင်းထီးစောထွတ်၊ နွယ်တော်မြတ်တို့''

ယင်းသို့လျှောက်ထားခြင်းကြောင့် အင်းဝမြို့ကို ရန်ပြုသိမ်းပိုက်မှု မဖြစ်ခဲ့လေ။ သို့သော် ငွေရွှေလှော်တို့နှင့်အတူ ထွက်ပြေးပါလာကြသူတို့ကိုကား ပေချောင်းတွင် ချထား လေးကျော့အစို့ ဖွဲ့လေသည်။ ပေညှိုကိုလည်း လေးခက်တောင်စားအရာကို ပေးအပ်ခဲ့လေသည်။

ထိုအမတ်ပညာရှိ ကိုယ်ရံကြီးရဲအောင်တွင် သားအကြီးရဲ ကျော်ဦးနှင့် သားအငယ်ရွှေသဲတို့ ထွန်းမြောက်ခဲ့သည်။ အမတ်ကြီး၏ အမျိုးအိုးကို သဘောကျသဖြင့် သားအကြီး မြကျော်ဦးနှင့် မဒ[ရာဇ်မင်း၏ သမီးတော် မြတ်ဘုန်းကြွယ် ကိုပင် ပေးမြားထားခဲ့လေသည်။ ၎င်းနောက် မြကျော်ဦးကို သောင်းတီးကျွန်းကိုလည်းကောင်း၊ ကောင်းကျော်ထင်ရွာကိုလည်းကောင်း။ သူငယ်တော်ရွာကို၎င်း၊ ကျေးစားပေးအပ်ခြင်းပြုခဲ့လေသည်။ သားအငယ် ရွှေသဲးကိုကား ''အရသာ သြဇာရှိသော အပင်အသီးတို့ကို မျိုးစေ့မပျက်စေရ၊ ကောင်းမွန်စွာစိုက်ပျိုးသကဲ့သို့ သားအမှတ် ငါးမွေးမြူတော်မူမည်''ဟုဆို ကောက်ယူလျက် မိဖုရားကြီးသို့ အပ်တော်မူလေသည်။ ထို့ကြောင့် ရွှေသဲးမှာ ငယ်စဉ်ကပင် ဘုရင့်သားတစစ်အဖြစ် နို့ထိမ်းအချီအယအစုံဖြင့် နန်းတော်၌ထား မွေးမြူကြီးပြင်းလာခဲ့ရလေသည်။ သို့သော် မွေးဖခင်နှင့်ကား များစွာရှည် ကြာစွာမနေလိုက်ခဲ့ရချေ။

ထိုမင်းကား ဂေါစာ(၁၁၀၄)ခုနှစ်တွင် လွန်လေသဖြင့် နရအဘယရာဇာ (၁၁၀၄–၁၁၂၃)လက်ထက်ရောက်လာလေသည်။ ထိုမင်းလက်ထက်တွင်လည်း ရွှေသဲးမှာ ဂုဏ်ရည်ညှိုးခဲ့ရသည်ကား မဟုတ်ချေ။ အစ်ကိုကြီးဖြစ်သူ နောင်တော်

ကောင်းကျော်ထင်စား၏ နှလုံးရည်ပညာရပ်တို့ကလည်း အရှိန်အဝါကြီးနေသဖြင့် သာ ပင် ဂုဏ်တင့်မြဲတင့်ခဲ့ရသည်သာတည်း။ နောင်တော် အမတ်ကြီးကလည်း မဂိုမင်းသိမ်းပိုက်ခံ အနောက်ပြည် သက်မြို့၊ စစ်တကောင်းမြို့၊ ဂေါ်တော်ပလ္လင်မြို့ တို့က ပေးမြဲအခွန်ဘဏ္ဍာတို့ကို ရအောင်ဆောင်နိုင်စွမ်းခဲ့လေသည်။

ထိုမင်းလက်ထက် (၁၁၁၅)ခုနှစ်တွင် အင်းဝအမတ် မင်းကြီး နန္ဒကျော်ထင်နှင့် ၎င်း၏ညီအပါအဝင် အမတ်သုံးယောက် ကျေးကျွန်နောက်ပါတို့နှင့်တကွ လူပေါင်း နှစ်ရာတို့ ဝင်ရောက်လာခဲ့ကြသည်။ ထိုလူများလည်း (၁၁၁၃)ခုနှစ်တွင် အင်းဝမြို့ ပျက်သဖြင့် လွတ်ရာလွတ်ကြောင်း ထွက်ပြေးရောက်လာခဲ့ကြသူများဖြစ်လေသည်။ ၎င်းမင်းကြီး၏ လျှောက်ထားချက်ကိုကြားနာပြီး၊ နရအဘယရာဇာမင်းက အရည်အသွေးအလိုက် ရာထူး၊ ဌာနန္တရ၊ စားကျေးမြို့ရွာပေး ခန့်အပ်ထားလေသည်။ ပါလာသူတို့အားလည်း ပြိုင်းချောင်း၊ မီးချောင်းတို့၌၎င်း၊ ခုနစ်ခိုင် တောင်စဉ်တို့၌၎င်း၊ ရွာတည်ချပေးထားခဲ့လေသည်။ ထိုသူတို့ကား (၁၁၁၆)ခုနှစ်တွင် ပြန်သွားကြလေ သည်ဟုဆိုသည်။

မင်းကြီး နန္ဒကျော်ထင်၏သမီးငယ် မိပန်းရုံကိုကား ရွှေသဲနှင့် ပေးမြားတော် မူလေသည်။ ထို့ပြင် ရွှေတိုက်၊ ငွေတိုက်၊ လက်နက်တိုက်များကို၎င်း၊ ိုးကျွန်းနှင့် စိန်တင်ကို စားကျေးပေးခြင်းကို၎င်း၊ နှင်းအပ်ခံခဲ့ရလေသည်။ ရှေးပညာရှိ အမတ်ကြီးသား မျိုးိုးဆက်နွယ်စဉ်လာ မှန်သူဖြစ်သဖြင့်လည်း အမတ်ကြီး ရာထူး ခန့်အပ်ခြင်းဖြင့် အသုံးပြုလာခဲ့ရလေသည်။

ရခိုင်ရာဇဝင်အရ ရွှေသဲမှာ (၁၁၀၄)ခုနှစ်မတိုင်မီ မဒ္ဒရာဇ် မင်းလက်ထက် မွေးဖွားပြီး (၁၁၂၃)ခုနှစ်အတွင်း အိမ်ထောင်ကျပြီး အမတ်ကြီးဖြစ်ခဲ့ရသည်ဟု ထင်ရသည်။ ထိုကိုကြည့်ခြင်းဖြင့် အမတ်ကြီး ရွှေသဲမှာ အသက်နှစ်ဆယ်ခန့် အရွယ် ပျိုနုစဉ်ကပင် အမှုထမ်းဘဝရောက်လာခဲ့ရပြီးဟု ထင်ရသည်။ အမတ်ကြီး ရွှေသဲသည် နရအဘယရာဇာ မင်းလက်ထက်၊ ဘဏ္ဍာစိုး၊ ိုးကျွန်းနှင့် စိန်တင်စား အမတ်ကြီး အဖြစ် သူကောင်းပြုခြင်း ခံလာခဲ့ရသဖြင့် ထင်ရှားလာခဲ့ရသူတစ်ဦးပေတည်း။

အမတ်ကြီး ရွှေသဲသည် နရအဘယရာဇာမင်းထံတွင် အမှုထမ်း မရှည်မြင့်မီပင် ထိုမင်းလွန်လေသည်။ ၎င်းသား သီရိသုရာဇာ(၁၁၂၃ ခုနှစ်) ဆက်ခံလေသဖြင့် ၃–လသာ ရှည်ပြန် ကျောက်ပေါက်သဖြင့် လွန်လေရာ ၎င်းညီ စန္ဒပရမ (၁၁၂၃– ၁၁၂၆) ဆက်ခံရစဉ်လည်း အမတ်ကြီးဘဝတွင် ရှိနေခဲ့လေသည်။ ထိုမင်းတွင် ဦးဘော်ဝေဟူသော သားတော်တစ်ပါး ထွန်းကားလေသည်။ ထိုမင်းသား နို့ထိန်း နို့တိုက်ထားရေးကိစ္စ နှင့် အမတ်ကြီး စိန်တင်စားရွှေသဲအား လျှောက်ထားစေခဲ့သည်။

အမတ်ကြီး၏ နို့ထိန်းရွေးချယ်သင့်ရေး လျှောက်ထုံးမှာ အလွန်တန်ဘိုး ရှိလှသည်။ နို့ထိန်းမကောင်းသဖြင့် ပျက်စီးရခြင်း၊ အတိဇာတသားဖြစ်ရန် အလွန် လိုကြောင်းကို ထုံးသက်သေသာဓကေ ကျမ်းဂန်ရာဇဝင်ပုံပြင်များဖြင့် အကျယ်တဝင့်

ကိုးကားလျှောက်ထားခဲ့သည်။ မိန်းမများ၏ အရည်အသွေးအလိုက် နို့ရည်ထွက်ပုံ၊ ထိုနို့ရည်တို့၏ အရသာ၊ ဝေဒနာဖြစ်နိုင်၊ မဖြစ်နိုင်ပုံတို့ကား မှတ်သားစရာ ကောင်းလှပေသည်။ ယင်းသို့လျှောက်ထားသဖြင့် ဘုရင်မင်း နို့ထိမ်းရွေးခြင်း၊ ထိန်းသိမ်းပြုသဆုံးမစေသူ ရွေးခြင်းများကိုပြုခဲ့ရသည်။

သို့နှင့် ပြည်ရှင်မင်း အမိန့်ရှိသည်မှာ– ''စိန်တင်စားတို့ အမျိုးသည် ဓညဝတီဒုတိယမြို့တည် ကံရာဇာကြီးမင်းကဆင်းသက် မှုးိုးမတ်စဉ် သားမြေးပညာရှိခံတွင်လျက် မင်းဆယ်ဆက်အများ နှစ်ပေါင်းအရှည် စိန်တင်စားတို့ အမျိုးမတိမ်လရောင်ပမာ ချမ်းအေးစွာသာ မင်းထံလျှောက်ထားကြောင်း၊ ထုံးဟောင်းစာတမ်းထွက်ရှိသည်''ဟူ အမတ်ကြီး ရွှေသဲအား ချီးကျူးခြင်းပြုခဲ့လေသည်။

ရွှေသဲမယား မိပန်းရုံကိုလည်း အမျိုးအိုးလိုက် ချီးကျူးလေသည်ကား၊ ''စိန်တင်စား မယားအမိလည်း အင်းဝမင်း သမီးတော်၊ အဘမင်းကြီး နန္ဒကျော်ထင်၊ ဘီဘေးလည်း ပဲခူးမင်း ကျော်ထင်နော်ရထာ သားမြေးဆက်ကား အင်းဝမင်းလက်ထက် ဆင်ကဲကြီးအမတ်တို့အမျိုး မှုးိုးမတ်ိုးမပျက် အင်းဝမြို့သည်ကာလဝိပ တိ အလျောက်ဖြစ်ခဲ့ မြောက်ဦးမြို့သို့ ရောက်လာပြန်လျှင်လည်း အမျိုးစောင့်သော တရားမလွတ်၊ မှုးမတ်အင်္ဂါနှင့် ပြည့်စုံသူဖြစ် ခမည်းတော်နရအဘယမင်းက ဆင်ကဲကြီးအရာကို ပေးတော်မူသည်။ ဆင်ကဲကြီးသမီး အမတ်ကြီးရွှေသဲမယား မိပန်းရုံလည်း မှုးိုးမတ်ိုးသမီးမှန် သတိ ပညာနှင့် အဆင်းအင်္ဂါလက္ခဏာပြည့်စုံသည်''ဟု ချီးကျူးလေသည်။

ယင်းသို့ ချီးကျူးပြီးနောက် စန္ဒပရမရာဇာမင်းသည် သားတော် ဦးဘော်ဝေကို အမတ်ကြီးရွှေသဲနှင့် မယားမိပန်းရုံတို့အား လွှဲအပ်လေသည်။ ''ငါ့သားတော်ဦးဘော်ဝေကို တတ်သိလိမ္မာအောင် စိန်တင်စားက ထိန်းသိမ်းပြုသ ဆုံးမသွန်သင်စေ။ စိန်တင်စားမယား မိပန်းရုံက နို့တိုက် မွေးမြူစေ''ဟုဆို လွှဲအပ်လိုက်ခြင်းခံရထိန်းသိမ်းတိုက်ကျွေး မွေးမြူသွန်သင် ဆုံးမခြင်းအမှုကို ပြုခဲ့ကြရလေသည်။

ထိုမင်းလက်ထက်ကား အမတ်ကြီး ဇနီးမောင်နှံတို့သည် (၃)နှစ်ခန့်သာအမှုထမ်းရွက်ခွင့်ကြုံလိုက်ရသည်။ မင်းမှာ ယောက်ဖတော်လက်ဝဲမြန် ပုန်စားပြီးလွန်လေသဖြင့် လက်ဝဲမြန်ကပင် အဘယမဟာရာဇာ (၁၁၂၆–၁၁၃၉) ဘွဲ့ခံဘုရင်ပြုလာလေသည်ဟု ဓညဝတီအရေးတော်ပုံ၌ဆိုလေသည်။ တောင်ကျောင်းဆရာတော်၏ ရခိုင်ရာဇဝင်သစ်၌ကား စန္ဒပရမရာဇာ မင်းကား ဆွေတော်မျိုးတော်တို့အယုံသွင်းသောစကားကိုလိုက်နာ ယောက်ဖတော် ရမ်းပြည့်သံတောင်စားကိုသတ်မည်ကြံလေသည်။ ထို့ကြောင့် သိင်္ဂပါမင်း (မင်းပြားမြို့ ကျိန်းကျွန်းအနောက်ဘက်အရပ်တွင် ဗိုလ်မင်းပြုနေသူ)ထံကပ် လူသူများစွာစုံးလျက်တိုက်လေသည်။

ထိုအခါ စန္ဒပရရာဇာမင်းကိုရ ရဟန်းပြုထားလေရာ ၎င်းသံတောင်စား

အဘယမဟာရာဇာဘွဲ့ခံ မင်းဖြစ်ပြီး နောက်မှ စန္ဒြပရမင်းနန်းကျရဟန်းကို ယူစေလျက် မြေငူကျွန်းသို့ ပို့စေလေသည်။ အပို့တွင် ဆေင်တုံး(ငှက်ဆင်တုံးအရပ်) ပေါ်အရောက် ဝမ်းကျ သေလေသည်ဟူ၏။

(၁၁၂၆ မှ ၁၁၃၅)ထိ စိုးစံခဲ့ရသော အဘယမဟာရာဇာမင်း လက်ထက်၌လည်း အမတ်ကြီးရွှေသဲနှင့် မိပန်းရုံတို့ကား ကောင်းမွန်စွာ အမှုထမ်းလျက်ပင် ရှိနေကြသည်။ စာဖတ်တတ် ဒိုးဝေအမည်ရှိ အမတ်ကြီးတို့သာ မိဖုရားနှင့် မဖွယ်မရာမှုဖြစ်ခြင်း သတင်းဆိုးရှိခဲ့ဖူး ထွက်ပြေးခြင်းခံရသည်အထိ ဖြစ်ခဲ့ရသည်။ အမတ်ကြီး ရွှေသဲးတို့ကား ထိုသို့သတင်းဆိုးများကို ရာဇဝင်တွင် မတွေ့ရချေ။ သို့သော် သစ ၁ရှိမှန်ရာ လျှောက်တတ်သော မှူးိုးမတ်မွန်တစ်ယောက်ဖြစ်သည့်အတိုင်း ဘုရင်မင်းအပေါ်လည်း အကျိုးနည်း၊ အမတ်ကြီးမှာလည်း အသက်ဘေး ဆိုက်ခဲ့ ရလေသည်။

အကြောင်းကား ထိုအဘယမဟာရာဇာမင်းတွင် ငယ်ကျွန် သက်လူမျိုး ငသောက်ကြာ (ငသောက်ကြယ်ဟုလည်း မှုကွဲရှိသည်) ညီအစ်ကို နှစ်ယောက်ရှိသည်။ ထိုနှစ်ယောက်တို့ကို ဘုရင်မင်းက သဒ္ဒါတော်မူ အမတ်ကြီးခန့်ရန် ပြုလေသည်။ ထိုသို့ခန့်မည်ပြုစဉ် အမတ်ကြီးရွှေသဲးက အမှန်အတိုင်း မထောက်မည ၁ လျှောက်ထား လေခဲ့သည်။

အမတ်ကြီးလျှောက်ထားချက်တွင် ရှေးပညာရှိတို့ဆိုခဲ့သော ရာဇလက်သုံး ထုံးဟောင်းစာတမ်းအလာ ထွက်ချက်မှာ အလွန်တန်ဘိုးရှိလေသည်။ အမတ်ကြီး လည်း ဤသို့ဆိုသော ပညာရှိစကားရှိပါသည်ဟု ထုံးဟောင်းစာတမ်းကို အောက်ပါ အတိုင်း လျှောက်ထားသည်။

''ရေမြေသနင်း၊ မင်းတို့ကျင့်သုံး၊ ရှေ့ထုံးမသုန်၊ ရာဇဂုဏ်မြတ်၊ နဝရတ်ကိုးခိုင်၊ မဏ္ဍိုင်မပျက်၊ မင်းလက်နက်တည့်၊ ဝေဝက်စိတ်ဖြာ၊ မလိမ္မာငြား၊ သူမိုက်သားကို၊ မှား ပြည်ရှင်၊ သူကောင်းတင်လျက်၊ တိုင်းခွင်ခိုင်၊ အပိုင်ကံကျွေး၊ မင်းခွင့်ပေး ၊ မှူးရေးမတ်ရာ၊ နှင်းအပ်ပါမူ၊ ဘဇာကျိုးရှိ၊ နွမ်းရိသတ ဝါ၊ မြို့ရွာတုန်လှုပ်၊ အကျိုးယုတ် ၊ စက်ဆုတ်သဖွယ်၊ ပျက်ရယ်တန္တ၊ ပြည်မှု ပ်ထွေး၊ တိုင်းဝေးတပါး၊ စကားမတည်၊ အရှည်မကောင်း၊ ဗူးတောင်းပမာ၊ မိစ္ဆာငှက်ဆိုး၊ လင်ကောင်ပိုးသို့၊ ဆိုးိုးတစ်ချက်၊ ကြွက်နှင့်မြွေတူ၊ သူ့မှုမဖျောက်၊ မျောက်နှင့်မြေခွေး၊ ဆိုရေးတသီး၊ ကျီနှင့်ဝက်တူ၊ အမူယုတ်သွမ်း၊ သူကန်းအကြံ၊ လောဘလျှံသည်။ ။ မင်းထံနီး စပ်မသုံးအပ်''။

ဤသို့လျှောက်ထုံးအပြင် မင်္ဂလာတရားတော်လာ မမှီဝဲအပ်သူအကြောင်းကို ၎င်း၊ မဆည်းကပ် မပေါင်းဖေါ်သင့်သူနှင့် ဆည်းကပ်မိက အကျိုးမထွန်းလင်းရာတို့ကို လျှောက်ထားသော်လည်း မနာမယူခဲ့လေ။ သို့သော် အမတ်ကြီးကိုကား မြို့သစ်ကို စားကျေးထပ် ပေးခြင်း၊ မိပန်းရုံကိုလည်း ရှေးမင်းများနည်း အသုံးအဆောင်ကို

ပေးခြင်းဖြင့် သူကောင်းပြုခဲ့ခြင်းမျှကို ခံခဲ့ကြရသည်။

ထို့ကြောင့် အမတ်ကြီးမှာ မြို့သစ်စားဟူ စားကျေးရာထူး တစ်ခုတိုးလာခြင်းသာ အကျိုးခံစားရသည်ဟုဆိုက ဆိုနိုင်သည်။ သို့မဟုတ် အမတ်ကြီးကို ဖျောင့်ဖျနှစ်ခြိုက် မျက်ဖြေစေခြင်းလည်းဖြစ်သည်။ မိပန်းရုံမှာကား နန်းတွင်း၌ မိဖုရားမောင်းမတို့ နားလည်အောင် ရှေးအသုံးအဆောင် အသွားအလာအနေအထိုင် မင်းခမ်းမင်းနားစသော အမှုများကို ပြသထိန်းသိမ်းဆုံးမရခြင်းပြုလျက် အမှုထမ်းရွက်နေခဲ့ရသည်။

မင်း၏ငယ်ကျွန် ငသောက်ကြာ ညီအစ်ကိုနှစ်ယောက်ကိုကား ဒါးပိုင်ကြီးရာထူးဖြင့် အမတ်ကြီးခန့်အပ်ခြင်းခံသွားခဲ့ရသည်။ အမတ်ကြီး ရွှေသဲကား မင်း၏အမှုထမ်း သစ ၁တော်ကိုခံရင်းနေလာခဲ့ရာ မင်းလိုမလိုက်ဘဲ အမြင်မှန်ကိုလျှောက်ထားရေးတို့နှင့် မကြာခဏရင်ဆိုင်လာရလေသည်။

ဥပမာ မင်းက အုန်းကျွန်း လယ်တော်လုပ် လမိုင်းသား မင်းတရားကျွန်တို့ကိုသူ့ရဲအမတ်ခန့်လိုသည်။ ထို့ကြောင့် ဓါးလှံကာ ဒိုင်းလွှားလက်နက် ပေးအပ်မည်ပြုလေသည်။ ထိုအရေး၌လည်း အမတ်ကြီးက မျောက်ကို ချူဆွဲသည်နှင့်မခြားဖြစ်တတ်သည်။ ''သူမိုက်များမှာ အဂါလေးမည်၊ စည်စည်ကားကား၊ ရမ္မက်များသည်''ဟုဆိုပါသည်။ ယင်းသို့ လျှောက်ထားခြင်းကို မင်းကမနာယူဘဲ လက်နက်အပ်လေရာ တစ်နှစ်ခန့်ရှိလတ်က ဓါးပြတိုက် လုယက်မှုပြုလာကြလေသည်။

ထို့ကြောင့် ရမ်းဝမြစ်ကိုဖြတ်သန်း အသွားအလာမပြုဝံ့ကြတော့မှ ထိုလူပေါင်းငါးရာကျော်ကိုသတ်ပြီးလျှင် လက်နက်သိမ်းလိုက်ရသည်အထိ ဖြစ်ခဲ့ရလေသည်။ အမတ်ကြီးသည် ပညာရှိပီပီ ကြိုတင်မြော်မြင်ခြင်းနှင့်ပြည့်စုံ သတိပေးခြင်း၊ လျှောက်ထားခြင်းမျိုးကို ပြုခဲ့လေသည်။ မင်းတကာ နာယူလိုက နာယူ မနာယူလိုက မနာယူဘဲ သဘောရှိပြုခဲ့သဖြင့် နောင်တွင်မှ အမျက်ရှခြင်း၊ အကျိုးမဲ့ဖြစ်ရခြင်းတို့နှင့်ကြုံခဲ့ရပေါင်းကိုခံခဲ့ရလေသည်။

တစ်ခါသော်လည်း စစ်တွေကျွန်းနေ ကုလားတို့ကိုခေါ် ဒါးပိုင်ကြီးငသောက်ကြာက ဆုလာဘ်ပေးလေသည်။ ထိုစဉ်လည်း အမတ်ကြီးရွှေသဲကသိလျှောက်ထားဘူးသည်။ 'အရှင်မင်း နောက်ကို ငသောက်ကြာ မင်းဖြစ်ရန်ရှိသည်'' ဟု လျှောက်ထားသော်လည်း အရေးမမူခဲ့လေ။

ထို့ကြောင့် ငသောက်ကြာသည် ထိုစစ်တွေကျွန်း ကုလားတို့အပါအဝင်ရဲမက်အပေါင်းကို စု ဦးရစ်တောင်တွင်တပ်ချသည်။ တိုက်စည်တိုက်မောင်းတီးသောင်းကြမ်းလေသည်။ မင်းကလွှတ်လိုက်သောတမန်တို့လည်း ငသောက်ကြာထံချည်း အဝင်ခံသွားကြသည်။ ညီတော် ရမ်းပြည့်စားချစ်သူပင်လျှင် ၎င်းငသောက်ကြာဖက်သို့ ပါဝင်လေသည်။ မင်း၏သားတော် အိမ်ရှေ့မင်းရဲဘော်ကလည်းဆိုးသွမ်းယုတ်မာနှိပ်စက်ပြုသူဖြစ်ရကား အများကပင် ထိုမင်းကို သဘောကျ

သော်လည်း သားကိုမနှစ်ခြိုက်နေကြမှုရှိနေကြလေသည်။ ထိုအခိုက်တွင် ဒါးပိုင်ငသောက်ကြာချီလာ တိုက်ခိုက်ပုန်ကန်လေသဖြင့် အဘယမဟာရာဇာမင်းလွှန်ခဲ့ရလေသည်။

ထိုမင်းလွှန်လျှင် ငသောက်ကြာလည်း စန္ဒသုမနရာဇာဘွဲ့ခံ မင်းဖြစ်လေရာ အမတ်ကြီးမှာ ကိုယ်ကျိုးနည်းခြင်း ခံသွားခဲ့ရလေသည်။ မူလကပင် ငသောက်ကြာကို အမတ်ကြီး မခန့်သင့်ကြောင်း လျှောက်ထားဘူးသည်များ၊ ငသောက်ကြာ လုပ်ရပ်များကို ဖွင့်ချခဲ့ခြင်းများကြောင့်၊ မင်းလည်း အကျိုးမဲ့ဖြစ်ရ အမတ်ကြီးမှာလည်း အသက်ဘေး ကြုံလာရလေသည်။

ထိုငသောက်ကြာ စန္ဒသုမနရာဇာ (၁၁၃၅–၁၁၃၉)မင်း ဖြစ်လေလျှင် ရှေးပညာရှိ မျိုးကောင်းမတ်ကောင်းများကို နှိပ်စက်သတ်ဖြတ်ခြင်း၊ ပညာရှိကို မသုံးခြင်းကြောင့်၊ လွတ်ရာလွတ်ကြောင်း ထွက်ပြေးပုန်းရှောင်ခဲ့ကြရသည်။ အနောက်ပြည် ကံသာမြို့သို့ချည်း ပြောင်းနေခဲ့ကြလေသည်။ အမတ်ကြီးရွှေသဲးကိုကား နဂိုကပင် ရန်ငြိုးရှိခဲ့ဘူးသည့်အလျှောက် စီရင်ခြင်းကို ခံသွားရလေသည်။ လူကို ခွေးသတ်သည်ဟူသော စလေ ဦးပုညအဖြစ်သနစ်ကဲ့သို့ ခံသွာရရှာခြင်းပေတည်း။ အမတ်ကြီး ရွှေသဲးမှာ အသက်ပိုင်းအရဆိုလျှင် အမှုထမ်းနိုင်သေးသူဟု ဆိုလောက်ပေသည်။ ၎င်းအစီရင်ခံသည်မှာ (၁၁၃၉)ခုနှစ် မင်းဖြစ်သော စန္ဒသုမနရာဇာမင်းနန်းတက် မကြာသေးသောအချိန်တွင်ဖြစ်မည်ဖြစ်ပေရာ အသက်လေးဆယ်ခန့်အရွယ်တွင်သာ ဆုံးရှုံးသွားရမည်ဟု ထင်ရသည်။

ထိုမင်း သဘောမကျကြသော အမတ်ကြီး စာဖတ်တက် ဒိုးဝေတို့လည်း မင်းကို ပုန်ကန်တော်လှန်ခဲ့ကြလေသည်။ လူသူစု ချီတက်တိုက်ခိုက်ခဲ့ကြလေသည်။ ထို့ပြင် ရမ်းပြည့်ကျွန်း မင်းရပ်သံချောင်းသား သူပုန်ဗိုလ်မင်းအောင်စိုး (နောင်တွင် စန္ဒသတိ ရာဇာဓမ္မရာဇ်မင်း ဖြစ်လေသည်)ထံ စစ်ပန်ခေါ် အကူအညီ တောင်းခံကြသေးသည်။ ယင်းသို့ ဒိုးဝေစသော အမတ်ကြီးများ လူသူများက တိုက်ခိုက်သဖြင့် ထိုမင်းသည် ရွှေနန်းတော်မှဆင်းပြေးရလေသည်။ ထိုမင်းနန်းကျလျှင် ဒိုးဝေတို့ညီ့တတ် ကိုယ်ရံတော်အမတ် ပိုးရွှေကို စန္ဒဝိမလရာဇာဘွဲ့ဖြင့် နန်းတင်ကြသည်။ နန်းကျမင်းကို ပြည်သူတို့ဖမ်း ပို့အပ်လာသဖြင့် ရှစ်သောင်းကျောင်းတိုက်တွင် ရဟန်းပြုထားလေသည်။ နန်းကျရဟန်းကား သေမည့်ဘေးကိုကြောက်သဖြင့် ဒိုးဝေအား သမီးတော် ယက်သဲ့မယ်ကိုပေးအပ်လေရာ သူ့ကိုသာ ပေးရာသလော၊ ငါတို့ကို မပေးရလေသလောဟု မလိုလား သူတို့ကယူ သတ်ပစ်ကြလေသည်။ ထို့ကြောင့် နန်းကျမင်းသည် ရဟန်းပြု (၁၅)ရက်စေ့တွင် သတ်ပစ်ခြင်း ခံသွားရလေသည်။

အမတ်ကြီးရွှေသဲးကား တသက်တာတွင် မင်းမှုထမ်းဘဝဖြင့် ချည်းနေလာခဲ့သည်ဟုဆိုရသော်လည်း ရခိုင်ပြည်နှင့်အမျိုးသားတို့အတွက် တိုင်းပြည်နိုင်ငံ

နန်းတွင်းရေး၊ မင်းရေးမင်းရာကစ တာဝန်ကျေစွာ ထမ်းဆောင်သွားခဲ့သူတစ်ဦး ဖြစ်ခဲ့လေသည်။ ၎င်း၏လုပ်ရပ် လက်ရာခြေရာတို့ကား ရာဇဝင်တွင် ဤမျှသာ ကံကောင်းထောက်မ မှတ်တမ်းကျန်ရစ် ရှိနေသေးသည်ဟု ဆိုရမည်ဖြစ်ချေသည်။

အမတ်ကြီး ရွှေသဲးသည် ရခိုင်ရာဇဝင်ကျမ်းများကို ပြုခဲ့သေးကြောင်းကို လူတိုင်းသိရှိကြမည် မဟုတ်ပေ။ သို့သော်လည်း အမတ်ကြီးပြုစုခဲ့သော ဦးရွှေသဲးရာဇဝင်ကား သမိုင်းတွင်လျက်ရှိရစ်ခဲ့သည်။ ရခိုင်ရာဇဝင်ကျမ်းဦးရေတွင် ဤအမတ်ကြီးရွှေသဲး၏ ရာဇဝင်ကျမ်းလည်း တစ်ကျမ်းအပါအဝင်ဖြစ်သည်။

အမတ်ကြီး ဆုံးပါးခဲ့သော်လည်း မယားမိပန်းရုံနှင့် သားတော်ကျော်ဖံတို့ ကျန်ရစ်လေသည်။ အမတ်ကြီးမရှိပြီးနောက် သားငယ်လည်း ဆက်မခံနိုင်ချေ။ မိပန်းရုံသည်ပင် အမတ်ကြီးထံမှ ကြားနာမှတ်သိလိုက်မိသော ထုံးနည်းသာဓကတို့ဖြင့် တိုင်းပြည်အတွက် အကျိုးပြုဆောင်ရွက်ခဲ့သေးကြောင်း ရာဇဝင်တွင် မှတ်တမ်း တွေ့ရသေးသည်။

စန္ဒသုမနမင်းနောက်ဆက်ခံသော စန္ဒဝိမလမင်းကား နန်းသက်ရက်ပေါင်း (၄၀)သာ ရှည်ကြာခဲ့သည်။ သို့သော်လည်း ဝိမလမင်းသည် ရှေးမှူးဟောင်း မတ်ဟောင်းများကိုစီစစ် ပညာရှိအလျှောက် မြှင့်မြှောက်တော်မူလေသည်။ ထို့ကြောင့် အထက်အမတ်ပညာရှိ မြို့သစ်နှင့် စိန်တင်စားရွှေသဲ၏ မယားမိပန်းရုံကို ငိုးကျွန်းနှင့် စိန်တင်ကို စားကျေးပေးအပ်နှင်းလေသည်။ ထို့ပြင် ရှေးမင်းတို့နည်း နန်းသူမိဖုရား၊ မောင်းမများကို ရှေးထုံးမှန်အောင် ပြသရမည်ဟု အပ်တော်မူလေသည်။ သားကျော်ဖံ ကိုလည်း ပညာရှိအမျိုး၊ မှူးငိုးမတ်မွန် သားမြေးဖြစ်သည်ဟုဆိုကာ–

ပညာကိုသင်စေရန် အမိန့်ရှိလေသည်။ ပညာသင်ကြားရန်လည်း ဆရာတော် စန္ဒာရာမသို့ အပ်တော်မူလေသည်။ ယင်းသို့ ပညာရှိတို့အား ယခင်မြှောက်စားခဲ့သည့် နည်းတူမြှောက်စားခြင်းပြုခဲ့လေသည်။

ထို့ပြင် ဘုရင်ဝိမလမင်းကိုယ်တိုင်ကပင်လျှင် ''မြို့သစ်စားသည် ပညာရှိ အမတ်မျိုး၊ ရှေးသာကီဝင်မင်းဆက် အရှည်၊ မင်းတိုင်ပင် အမတ်ခံလျက်၊ ဆက်ကာလာခဲ့သူ သားမြေးဖြစ်ပါသည်။ ထိုသို့ပင် ဖြစ်ပါလျက်လည်း စန္ဒာသုမနမင်း သည် စာရိတ မရှိ ပြည်တန်သော ပတ မြားကို စပါးတစ်ခွက်နှင့် ရောင်းစားသောသူနှင့် တူသည်။ ဆိုးကောင်း မသိတတ်လေ။ မြို့သစ်စားကဲ့သို့ အသိအမြင်ထူးသောသူ မှူးမတ်မရှိပြီ''ဟုဆို ချီးကျူးခြင်းပြုလေသည်။ မယားမိပန်းရုံကိုလည်း ''မြို့သစ်စား မယားလည်း ပညာရှိနှင့်ပေါင်းဖက်ခဲ့သူဖြစ်သည်၊ မြို့သစ်စားမသေမီ တိုင်းပြည် အကြောင်းအရာများကို မည်သို့ပြောဆိုဖူးသည် မှတ်သားမိသမျှကို လျှောက်ရမည်''ဟု အမိန့်ရှိလေသည်။

ထိုသို့လျှောက်ထားရန် အမိန့်ရှိရခြင်းမှာ ထိုမင်းနန်းစံ (၂၈)ရက်မြောက်တွင် နန်းတော်၌ ဖွတ်တက်ခြင်း၊ မြို့တွင်းကျားဝင် ပြင်းစွာမြူးခုန်ဟုန်းမြည်သွားခြင်း၊

နှေကာလ မိုးကြီးစွာရွာ နန်းထောင့်စွန်း မိုးကြိုးပစ်မှန်ခြင်းစသော နိမိတ်များ တွေ့လာရသည့်အတွက်ဖြစ်သည်။ ထိုအခါ မိပန်းရုံက ပညာရှိနှင့်ပေါင်းဖက်မိသည့် ကျေးဇူးဖြင့် မင်းတိုင်ပင်ခံရကြောင်း ထုံးဟောင်းထွက်ရှိသည်။ မြောက်ဦးမြို့တည်စဉ် နိမိတ်တြင်းများကို အမတ်ကြီးပြောခဲ့ဘူးသမျှ ကြားသိရသည်များကို လျှောက်ထား လေသည်။ အဓိကဆိုလျှင် မင်းနှင့်အမတ်တို့ ကိုယ်ကျင့်တရား မူလဖြစ်ကြောင်း မဟာရာဇာ မင်းကြီးကို လျှောက်ထုံးပြုခဲ့ဖူးပါသည်။

ဖွတ်တက်၊ မိုးကြိုးပစ်၊ ပျားစွဲ၊ ငှက်နား စသောအကြောင်း ပါရာကျမ်းထွက်လာ လျှောက်ထုံးကို လျှောက်ထားခဲ့လေသည်။ ''မှတ်လောရှင်လူ၊ ခပ်သိမ်းသူတို့၊ စွဲယူသင့်ကြောင်း၊ နိမိတ်ပေါင်းကို''အစချီလျက် လျှောက်ထားချက်ကား ဓလေ့စိုက် ိုးရာမှတ်သားဖွယ် အလွန်ကောင်းလှပေသည်။ ဤလျှောက်ထုံးကို ကျွန်ုပ်တို့ တင်ပြထားသော ''ရခိုင်ဓလေ့ ထုံးစံတိုစများ''အကြောင်းတွင် ဖော်ပြပြီးဖြစ်သည်။

မိပန်းရုံကား အမတ်ကြီးရွှေသဲထံမှ ကျေးဇူးဖြင့်လျှောက်ထားနိုင်သဖြင့် ဘုရင်က အလွန်ကြိုက်တော်မူ သီရိမလ္လာဟူသောဘွဲ့အမည်ကို ပေးအပ်ခြင်း ထပ်မံခံခဲ့ရလေသည်။ ထိုမင်းလက်ထက် မင်းရေးမင်းရာကို လျှောက်ထားခွင့်ရခဲ့သော ဒါးပိုင်ကြီးအမတ်လည်း တစ်ဦးရှိခဲ့သည်။ ထိုအမတ်လည်း ''အရှင်မင်းမြတ်၊ ရှေးပညာရှိ ရွှေသဲဆိုခဲ့သော စကား၊ ဓာတ်ကိန်းကို မယားသီရိ မလ္လာမိပန်းရုံ တင်လျှောက်သောအကြောင်းလည်း စာဟောင်းထွက်မှန်ပါသည်''ဟုပင် ထောက်ခံ ခြင်း ပြုခဲ့ရသည်။

ယင်းသို့မိပန်းရုံလည်း အမတ်ကြီး ရွှေသဲထံမှ မှတ်သားနည်းနာ ထုံးမူ သာဓကများကို ကောင်းစွာရရှိထားနိုင်လိုက်မိသူဖြစ်သည့်အလျောက် မင်းတိုင်ပင် အမတ်ကြီးတစ်စစ် တိုင်းပြည်ရေးတွင် အမှုထမ်းခြင်းဖြင့် အကျိုးပြု တာဝန် ကျေပွန်ခဲ့ပေသည်။ ဝိမလရာဇာကား နန်းစံ (၄၀)ရက်၊ ထိုနောက် ဆက်ခံကြသော ဗိုလ်မင်းအောင်စုန် စသတိ ရာဇာ ဓမ္မရာဇ်မင်း (၁၁၃၉–၁၁၄၄) (၅)နှစ်၊ မဟာသမ္မတမင်း (၁၁၄၄–၁၁၄၆) (၂)နှစ်တွင် ရခိုင်ပြည်ကား မြန်မာမင်း လက်အောက်ရောက် ထီးနန်းမင်းဆက် ပြတ်သွားခဲ့ရပေသည်။ မိပန်းရုံ တစ်သက်တာ အမှုထမ်းကာလကိုကား အတိအကျမသိရသေးချေ။ သို့သော်လည်း မိပန်းရုံအသက်ရှိသရွေ့ အမှုထမ်းလိုက ထမ်းနိုင်ခွင့်ရရေးကား ရှိခဲ့မရှိခဲ့ကို မသိနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် နောင်တွင် ထီးနန်းတွင်းမင်းမှုထမ်းရေးကား ဝေးခဲ့ပြီသာ ထင်ရသည်။ မင်းမရှိ၊ နန်းမြို့ပျက် သုန်းလေခြင်းဖြင့် အမှုထမ်းစရာဟူ ရှိနိုင်ရာ အံ့လော။

သီရိမလ္လာမိပန်းရုံ တစ်သက်တာမူ တန်ဘိုးရှိစွာ လျှောက်ထားသွားခဲ့သည့် လျှောက်ထုံးအနက်မှ ရခိုင်အမျိုးသားနှင့် ရခိုင်တိုင်းပြည် ထီးနန်းနှင့်ဆိုင်ရာ ရာဇဝင်သမိုင်းအတွက်ပါ အကျိုးရှိသော ရခိုင်အောင်လံအဖွဲ့လင်္ကာသည်အတိုင်း

မသိ ကျေးဇူးရှိပေသည်။ မိပန်းရံ၏ နောက်ဆုံးသမိုင်းတင်ခဲ့၊ ဖော်ထုတ်ခဲ့သော ရခိုင်အောင်လံတော်ဖွဲ့ဟု ဆိုချင်ပေသည်။ ထိုလင်္ကာကား ထင်လည်း ထင်ရှားနေပြီး ဖြစ်သည်။ ဘဝသစ်ဂျာနယ်၊ ဓညဝတီဂျာနယ်၊ ရခိုင့်တန်ဆောင်မဂ္ဂဇင်း၊ အခြား အခြားသော ရခိုင်ယဉ်ကျေးမှုဆိုင်ရာ စာအုပ်စာတမ်းများတွင် တွေ့မြင်နိုင်လေသည်။

ဤသို့ ရခိုင်မင်းခေတ် ပညာရှိအမျိုးအိုး အမတ်ကြီးများကား ထင်လည်း ထင်ရှားခဲ့ရသည်။ မြေ ၁က်လည်း မြေ ၁က်စားခဲ့ရသည်။ အဟုတ်အမှန်လည်း အနစ်နာ ခံကာ ဆောင်ရွက်ခဲ့ကြလေသည်တို့ကို သမိုင်းတွင် ယက်သဲတင်တွေ့ရသည်က ကံကောင်းထောက်မ မတိမ်မြု ပ်မပျောက်ကွယ်သင့် ဟု ဆိုနိုင်ပေသည်။ အများအပြား ကွယ်ပျောက်တိမ်မြုပ်သွားခဲ့ရခြင်းတို့ကား သမိုင်းအတွက် ဝမ်းနည်း စရာပင် ဖြစ်ကြရပေသည်။ တိုင်းပြည်တစ်ပြည်သည် ပညာရှိများနှင့်ကင်း မဖြစ်ပေ။ ပညာရှိ အားနည်းသောတိုင်းပြည်သည် အင်အားနည်းသည့် အလားရှိတတ်သည်ကို သင်ခန်းစာ ယူနိုင်ပေသတည်း။

"ကြားပိမ့်ပိုလ်လူ၊ အံ့ချီးမူလော၊ သောင်းယူဇနာ၊ မြေမျက်နှာထက်၊ မြောက်မှာ အာသံ၊ တောင်ရံသီဟိုဠ်၊ နောက်ကို လှည့်လည်၊ မရွံ့ပြည်နှင့်၊ ဦးတည်ပိုင်ခြင်း၊ ပင်လယ်ဆင်းအောင်၊ စိုးမင်းတကာ၊ ဦးဝွတ်ရာသည်၊ သာယာရွက်ဆောင်၊ ရန်တိုင်းအောင်သည်၊ ဘုန်းခေါင်ဓမ္မရာဇာ၊ ဥက ၁မုဉ်မျိုး၊ သမုတ်ိုးလျှင်၊ စံစိုးသောခါ၊ ရက္ခာပူရ၊ ဓညမြို့ကြီး၊ တိုင်းလုံးထီးကို၊ ပြီးစီးခန့်ရှည်၊ ရွှေနန်းတည် ၊ အောင်စည် ညံ့ညံ၊ ဘိက်သိက်ခံက၊ ကျော်သံသတင်း၊ သောင်းလုံးချင်းမျှ၊ မြင်းလည်းသိန္ဓဝ၊ နာဂဆဒန်၊ ရန်မာန်ပယ်လှည့်၊ ခြသေ့်ကေသရီ၊ အောင်နီအောင်ဖြူ၊ ပ ူကိုု၊ ကြည်ဖြူ နှစ်သက်၊ နတ်တို့ဆက်က၊ ဘုန်းကျက်သရေ၊ မိုးနှယ်စွေ၏၊ ရွှေငွေရတနာ၊ ပဒေသာသီး၊ ပြီးစီးစေတတ်၊ နတ်သမတ၊ စောင့်သီလနှင့်၊ ကြူနဝေဇီရာ၊ အလင်္ကာရ၊ အစဖြန့်ချိ၊ သီရိဓဇ၊ ချိုမြသာယာ၊ နောက်ပိတ်မှာလည်း၊ မဟာသုဓမ္မ၊ ရာဇဂု ၊ ုးကာစု ၊ မျက်ူခတ်နိုပ်၊ ရွှေတံဆိပ်ကို၊ စိတ်စိပ်ကြည်နူး၊ ရွှေနန်းဦး၌၊ ရွှင်မြူးကြည်ဖြူ၊ လှူတော်မူက၊ နတ်လူတကာ၊ ကောင်းချီးညာလျက်၊ သာယာမြတ်နိုး၊ မေတ ၁ဖြိုး ၊ ရေမိုးမှန်စွာ၊ မြေသြဇာလည်း၊ ရသာပြည့်နှက်၊ အောင်ဆုဆက် ၊ ရာသက်တည်ကြောင်း၊ မျိုးသစ်လောင်းသည်။ ုက်သျှောင်းပွဲတင်ငြိမ့်ငြိမ့်တည်း"။

❖❖❖

# ရခိုင်ပန်းတျားစည်

ရခိုင်မင်းများလက်ထက် ပန်းတျားစည်ကို အစဉ်အဆက် အသုံးပြုလာခဲ့သည်။ ပန်းတျားမှာ နှစ်မျိုးရှိသည်။ (၁)နတ်ပန်းတျားနှင့် (၂)သမက်တက်ပန်းတျားတို့ ဖြစ်ကြသည်။ ၎င်းကို ရခိုင်အသံဖြင့် ပန်းတျင်း–ပန်းကျင်း–ပန်းကျားဟူ အမျိုးမျိုး ရွေ့ပြောင်းခေါ်ဆိုလာခဲ့ကြသည်။

## နတ်ပန်းတျား

၎င်းပန်းတျားအတိုင်းအတာမှ အလျား (၂)တောင်၊ ထိပ်ဝတောင်ဆုတ်၊ တဖြောင့်တည်းဖြစ်သည်။ ဆိတ်သားရေကို ကြက်ရသည်။ အဝတ်မှာ အဝတ်ဖြူတွင် အနီစင်း အနားသတ်သည်။ သိုင်းကြိုးမှာ ကွမ်းိုးခန့်ရှိသော ကြိုးလုံးငယ် (၃)လုံး ရလုံးတို့ဖြင့် အဖျားတွင် ဘူးပွင့်ငယ်များ ဖေါ်ပြုလုပ်ရသည်။ ပတ်စာတင်ခြင်းမှာ ကောက်ည င်း၊ မြေနီမှုန့်၊ သဇင်ဥ၊ ငှက်ပျောသီးနှော ကြိတ်ပြီးလျှင် မျက်နှာပြင် အနား (၂)လက်မခန့်ချန် တပြင်လုံး အပြည့်တင်ရသည်။ ဒေဝတာဗလိပူဇော်သော အခါ ၎င်းပန်းတျားကို တီးရသည်။ နတ်ပွဲနတ်ကနားဆင်သောအခါ နတ်တို့၏ အကြောင်းအရာကိုလိုက် ရှေးပညာရှိကြီးများ စီကုံးထားခဲ့သော နတ်သံချပ်၊ နတ်ယိုင်းသံတို့ကိုလိုက် တီးရသည်။ ၎င်းပန်းတျားကား ရှေးရခိုင်မင်းများ အစဉ်အဆက် အစဉ်အလာအားဖြင့် ပြုလုပ်ခဲ့သော နတ်ပန်းတျား ပြုလုပ်ိုးထုံးပင်

ဖြစ်သည်။

ရခိုင်ဇာတိဝံသ မော်ကွန်းစာတွင် မိုးဦး၊ မိုးနှောင်း လစဉ်မပျက် နတ်ပူဇော်လေ့အစဉ်ရှိလာခဲ့ကြောင်း တွေ့ရသည်။ ရခိုင်မင်းများ အုပ်ချုပ်ပုံဖွဲ့စည်းရာတွင် လက်ဝဲသင်းဂယောက်တွင် ပန်းတျားသည် တစ်ဦးအပါအဝင် တွေ့ရသည်။ ၎င်းပြင်ပြင်ကိုယ်ရံတော်အမတ်က နတ်ပသရန် ပန်းမာန်သစ်သီးစသော နတ်ပူဇော်သကာပစ ည်းကို ရှာကြံပေးရသည်ဟူ၏။ လက်တော်ရိဆိုသော အမျုးကြီးက နတ်ပူဇော်ပွဲကိုမိုးဦး၊ မိုးနှောင်း လစဉ်နတ်ကတော် (နတ်ကောင်းမ)တို့နှင့် ပူဇော်ပွဲကို လုပ်ဆောင်ပေးရသည်ဟူ၏။ အတွင်းကိုယ်ရံကမူ ခေါခွက်၊ နတ်အိမ်၊ ပန်းဖွားတို့ကို လုပ်ပေးရကြောင်း တွေ့ရသည်။ နတ်ပူဇော်ရာ၌ မုန့်ပြုလုပ်ရာတွင် လက်တော်ရိဆန်ကိုအသုံးပြုရသည်။ နတ်ပန်းတျားကိုကား ယခုထိ ရခိုင်ပြည်နယ်ဒေသတို့တွင်နတ်ပန်းတျားဆရာတို့ထံ၌ တွေ့နိုင်ပါသေး၏။ နတ်ပန်းတျားနှင့်ဆိုင်သောနတ်ယိုင်းသံသာခြင်းများကားများပြားပေ၏။

## သမက်တက်ပန်းတျား

ဤပန်းတျားကို ရခိုင်တို့မင်္ဂလာဆောင် လက်ထပ်ထမ်းမြား ပွဲတို့၌ အသုံးပြုလေသည်။ သမက်တက်ပန်းတျားမှာ ရခိုင်နယ်တွင် ကွယ်ပျောက်လုနီးပါး ရှားပါးသွားလေပြီ။ သမက်တက်ပန်းတျားအစား အိန္ဒိယစည်၊ ဗျော၊ ဘမ်၊ တီးမှုတ်လျက်အစားထိုးနေကြသည်ကို တွေ့ရသည်။ အနောက်ပြည်ခေါ် အရှေ့ပါကစ တန်ဒေသရှိရခိုင်တို့ကား ထိုဒေသ၌ မင်္ဂလာဆောင်ပွဲတို့တွင် သမက်တက်ပန်းတျားကို အသုံးပြုနေကြတုန်းပင် တွေ့မြင်ရသေးသည်။

ရခိုင်နယ်တွင် သမက်တက်ပန်းတျားကို ဒုတိယစစ်ကြီး မတိုင်မီထိ တွေ့မြင်လိုက်ရသေးသည်။ ဒုတိယစစ်ကြီးဖြစ်လာပြီးနောက်တွင် ပျောက်ကွယ်သွားခြင်းဖြစ်ခဲ့ရသည်။ ယခုဆိုလျှင် သမက်တက်ပန်းတျား တီးခတ်သံကိုပင် မကြားရ၊အစအနပင် ရှာမရဖြစ်ခဲ့ရလေပြီ။

ထိုပန်းတျားစည်နှင့်ပတ်သက် ခြေရာစိုက်လိုက်လံကြည့်ရန်လိုသည်။သုတေသနပြု မှတ်တမ်းတင်ရန် အရေးကြီးသည်။ တတ်နိုင်က ဖော်ထုတ်ရန်ပင်သင့်လေသည်။ ကျွန်ုပ်တို့ လေ့လာသိရသလောက်ဆိုလျှင် ရှေးအခါက တီးခတ်ဖူးသူများ အသက်ထင်ရှား ရှိနေကြသေးသည်။ ထိုပုဂ္ဂိုလ်များအနက် စစ်တွေမြို့မောလိပ်ရပ်ကွက်တွင် အသက် (၇၆)နှစ်ရှိပြီးသော ပုဂ္ဂိုလ်တစ်ဦးပင် ရှိသေးသည်။၎င်းမှာ ဇာတိတောင်ကုတ်မြို့သားဖြစ်သည်။ အသက် (၂၂)နှစ်ကပင် စစ်တွေမြို့သို့ရောက်သည်။ သမက်တက်ပန်းတျားကို ကိုယ်တိုင်ဝင်ရောက်တီးဖူးသည်။ ၎င်းထံ (၆–၆–၆၆)နေ့က သွားရောက်တွေ့ဆုံ လေ့လာဖူးသူများရှိသည်။ ၎င်းထံမှမေးမြန်းစုံစမ်းသိရှိရသည့်ပြင် ၎င်းတီးပြသည့် တီးပုံတီးကွက်ကိုလည်း တွေ့မြင်လာခဲ့ကြရသည်။

## အဘိုးအိုဓ၏ ပြောပြချက်

ၚင်းပြောပြချက်အရ သမက်တက်ပန်းတျား အတိုင်းအရှည်မှာ အလျား (၂)တောင်၊ အဝအချင်း တထွာနှင့် လက်လေးလုံး၊ အလယ်လုံးပတ် တစ်တောင်နှင့် တောင်ဆုတ်၊ (ဝါ) (၂)တောင်ခန့် ခတ်ကျောက်သီး (ကျေးသားတုတ်ခတ် ကစားသော ကျေးသားခတ် စရာအလုံး)၊ ပုံသဏ္ဍာန် ခပ်လျော့လျော့ ပြုလုပ်ရသည်။ နွားသားရေဖြင့်ဖြစ်စေ၊ ဆိတ်သားရေဖြင့်ဖြစ်စေ ကြက်ရသည်။ စောင် (လက်ဖြင့် အသံဖော်)ဘက်ကို အပါ။ ဗြိန်း (ဒုတ်ဖြင့်အသံလိုက်တီး)ဘက်ကို အထူကြက်ရသည်။ ပန်းတျား၏အဝတ်မှာ အစိမ်းနုရောင်နှင့် အဖြူဖြစ်သည်။ အဖြူထည်တွင် အစိမ်းနုအနားစင်းဖြင့်ဖြစ်စေ၊ အစိမ်းနုအထည်တွင် အဖြူအနားစင်းဖြင့်ဖြစ်စေ ဝတ်ရသည်။

**စကားချပ်**။ ။ စောင်ဖက်မှာ အခြင်းဖော်သော (အသံဖော်သော) မျက်နှာဖက်ကိုခေါ်၏။ ထိုဖက်ကို လက်ဝဲဖက်ကထား အသံကိုဖော်ပေးသည်။ ဗြိန်းဖက်မှာ လက်ျာဖက်ကထား ဒုတ်ဖြင့် အသံလိုက် တီးခတ်ပေးရသည်။

တီးသူတို့ဝတ်ရသည်မှာ ပန်းနုရောင် ခေါင်းပေါင်း၊ အဝါ၊ အဖြူ၊ အနီ၊ အစိမ်း အစရှိသည်ဖြင့် တဆင်တည်းဝတ်ရသည်။ အင်္ကျီမှာ ဝန်ကြီးအင်္ကျီပုံ အစိမ်းနား ဘေးရံသတ် ခြေသလုံးနားထိအရှည်ဖြစ်သည်။ လက်တွင်လည်း လက်ရှည် လက်ဖွားဖြစ်သည်။ လုံချည် (ဒယော)မှာ အစိမ်းရောင် ဝါ–ကြက်သွေးရောင် ကိုးတောင်ပိုင်း နံလျားရှည် အဝတ်အထည်ဖြစ်သည်။ တဆင်တည်း ဝတ်ရသည်။ ခေါင်းပေါင်း အရှည် (၃)တောင် ပေါင်းပြီး၊ အစွန်းကို နောက်မှညှပ် ထားရသည်။ ဆင်းရဲချမ်းသာလိုက် စည် (၅)လုံး၊ (၇)လုံး၊ (၉)လုံး၊ ၁၁လုံးထိတီးရသည်။

တီးပုံတီးနည်းမှာ သမက်မတက်မီ နံနက်ပိုင်းတွင် ခေါင်းဆောင်ဖြစ်သူက မင်္ဂလာငှက်ပျောပွဲကို နတ်ခေါ်နတ်ပင့်ဖြင့် မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ အိမ်စောင့် နတ်တို့ကိုပင့်ခေါ် နတ်ပန်းတျားကဲ့သို့ တီးရသည်။ နံနက်အရုဏ်တက်တွင် မင်္ဂလာမြေ ၁က်တီးကွက်နှင့်တီးပြီးလျှင် ပွဲတင်ရသည်။ ပွဲတင်တီးကွက်နှင့် သမက်တက်တီးကွက် အတူတူဖြစ်သည်။ ညသမက်တက်မှာလည်း ယင်းတီးကွက်ပင် တီးရသည်။ ခေါင်းဆောင်က ဆော်စည်ဖြင့် ဆော်လိုက်လျှင် နောက်လိုက်တို့က နှစ်မျက်နှာစလုံးကို လက်နှစ်ဖက်ဖြင့် ဖွင့်တီးရသည်။ တီးကွက်မှာ ဇမ,ူသပြေရွက် လေခတ်သံနှင့် ဇမ,ူသပြေရွက် လှုပ်သံတီးရသည်။ ချိန်းတီး၊ စောင့်တီးမျိုးဖြစ်သည်။ အမြန်တီးမဟုတ် အနှေးတီးဖြစ်သည်။

ဆော်စည်တီးသူကစ ဆော်လိုက်လျှင် နောက်လိုက်များ (၂)ဖက်ဖွင့်တီး၊ လမ်းလျှောက်လျှင် ခြေလှမ်းကိုကြည့် အနှေးတီး တီးရသည်။ ရခိုင်သမက်တက် လိုက်ပါကြသော အမျိုးသမီးများ ရွှေခြေချင်းနှင့်လှမ်း ဘယ်ညာလိုက်အောင် တီးရသည်ဟူ၏။ ထို့ကြောင့် ရခိုင်အမျိုးသမီးတို့သည် သမက်တက်ပန်းတျား

တီးကွက်ကို အလွန်မြတ်နိုးကြကုန်သည်။

## သမက်တက်ပန်းတျားတီးပုံ

၁။ စောင်.... စောင် ဖြိုး .... ဟီး .... ဟီး ....

၂။ စောင်.... ဖြိုး .... ဟီး .... ဟီး ....

ဤတီးကွက်ကို လမ်းလျှောက်သောအခါ တီးရသည်။

## ထိမ်းမြားသောအခါ တီးပုံတီးကွက်

၁။ ပြုစောင် .... ပြုစောင် .... ဖြိုး .... ဟီး.... ဟီး ....

၂။ ပြုစောင်.... ဖြိုး ဟီး ဟီး....

၃။ ပြုစောင်.... ပြုစောင်.... ဖြိုး.... ဟီး.... ဟီး....

၄။ ပြုစောင်.... ဖြိုး.... ဟီး.... ဟီး....

## လက်ထပ်ပြီးစီးသောအခါတီးပုံ

၁။ ဖြိုန် –စောင်.... ဖြိုန်ဖြိုန်စောင်.... ဖြိုး.... ဟီး.... ဟီး....

၂။ ပြုစောင်–ပြုစောင် ဖြိုန်ဖြိုန်စောင်. ဖြိုး–ဟီဟီး–

## အဆုံးသတ်တီးသောအခါ

၁။ စောင်–စောင်–ဖြိုး–ဟီး–ဟီး–

၂။ စောင်–ဖြိုန်း–စောင်–ဖြိုန်း–စောင်–ဖြိုန်း–

ဆင့်တီး တီးရသည်။

ရခိုင်သမက်တက် ပန်းတျားနှင့်ပတ်သက် ဆက်ခံလိုက်ကြဘူးသော ပုဂ္ဂိုလ် အချို့ထံမှ မေးမြန်းစုံစမ်း သိရှိရချက်မှာ ဤမျှဖြစ်သည်။ အလားတူ တီးဖူးကြသူများ ထံလည်း မေးမြန်းစုံစမ်း လေ့လာမှတ်တမ်းတင်ကြရန်သင့်ပါသည်။

## ပန်းတျားစည်သည် ပေင်

ရခိုင်မင်းလက်ထက် ပန်းတျားစည်သည်များကို ချီးမြှင့်မြေ ဂက်စား အားပေး လျက် ပြုစုထားခဲ့ကြောင်းကို မှတ်တမ်းများတွင် ရှာဖွေတွေ့ရသည်။ ဥပမာ ရခိုင် မင်းဗားကြီး ဘုရင်လက်ထက် မြောက်ဦးမြို့တော်တွင် ပန်းတျားဝိဇ္ဇာဖြစ်ခဲ့ဖူးသော ဆရာပေင်မှာ ယခုထိ ရခိုင်တို့ပါးစပ်တွင် ရေပန်းစားလျက်ရှိပါသေးသည်။ ထိုဆရာနှင့် ပတ်သက် ရှေးက ဒဏ္ဍာရီသဖွယ် ပြောဆိုနေခဲ့ကြရာ အမှန်ပင် ၎င်း၏အတတ်ပညာ မှာ ကျော်ကြားကြောင်း ဘုရင်ကပင် ချီးမြှင့်ဂက်အထူးပြုခဲ့ကြောင်းကိုကား ကျွန်ုပ်တို့ရှာဖွေရရှိထားသော မှတ်တမ်းက သက်သေခံပါသည်။

ထိုမှတ်တမ်းကို မူအတိုင်းပင် ဖော်ပြလိုက်ရသည်။ မှတ်တမ်းမှာ ရခိုင်အသံဖြင့်

ရေးထားသည့်အတွက် တမျိုးဆန်းနေပါသည်။ သုတေသနအတွက် အကျိုးများမည် ဖြစ် စာဖတ်သူများ နားမလည်ကလည်း သည်းခံပြီးလေ့လာဖတ်ရှု စေလိုပါသည်။ မှတ်တမ်းတွင် မထင်ဝါးဝါးမှုန်မှားမှား ပျက်နေသော ပုံနှိပ်စာလုံးများကြောင့် အချို့ကို သင့်သလိုပြုပြင်ကာ ဖတ်ကူးယူခဲ့ရသဖြင့် မှတ်တမ်းကို အပြစ်တင်ရန်မရှိဘဲ တင်လိုက ဖော်ပြသူ ကျွန်ုပ်တို့အားသာအပြစ် တင်နိုင်ပါ၏။

''မင်းဘာလက်ထက် မိုးဦးကျကော၊ နန်းရာပြင် မဏ္ဍပ်ထိုးကေ နှစ်စဉ်မပျက် နတ်တက်တေ။ မင်းဘာလက်ထက် အစိန်း အဝါးပိုလီရေ။ မင်းဘာလက်ထက် အီးဟောက်ထိုဖို့ တတ်ပါလတ်ကော၊ ဆုကြီးလာဒ်ကြီးချလီရေ။ ပန်းကျားတီးဖို့ တတ်ပါ လှကော၊ လခမေးနာ ပီးလီရေ၊ ဤပညာကို ပညာကြီးလဲ မှည့်လီရေ။ မယုံဆိုကေ ဇာတ်ဝတ ၊ ပြန်ပြောမေ။

''ဗောင်ဒူဆိုကေ မုစည်းကျွန်းမှာ၊ ကြက်မကျေရွာလို့ ဟိလီမေ။ မင်းဘာလက်ထက်ကျလီရေ၊ ထိုအခါကေ မိမိတယောက် မင်းဘာလက်ထက် ကိုယ်ဝန်ကြင်ကော။ သားကို တကယ် ဖွားမေလို့လဲ ကြံလီရေ၊ ဗူဂြင့်သားကို မဖွားခင် တနာရီက အဘခုဝယ် နန်းရွာစံကေ ကံတော်ကုန်လို့ ပြောင်းလီရေ၊ ယင်းအခါ တနာရီနောက်ကျ သားဗူဂြင့်ကို အမိမှာလေ ဖွားလီရေ။ ဝမ်းကကျကေ ပင်နာ သောသော ပါလီရေ။ ပင်နာပါကေ ယင်းအသျှေကို အမိမှာ ငပင်ကြီးလို့ ထားလီရေ။

''ယင်းငပင်ကို မွီးစပ်ပါကေ ဗောင်ဒူဆို မုစည်းကျွန်းမှာ (၆)နှစ်သားအရွယ် မြောက်လီရေ။ မြောက်လှပါကော၊ ငပင်မှာ မင်းဘာလက်ထက် လူမသင်းပဲ ပန်းကျင်းတီးဖို့ တတ်လီရေ၊ ငပင်တီးကေ နတ်စောင်းသဖွယ် ဖြစ်လီရေ။ ယင်းအခါ ငပင်းကြီးမှာ ဘုန်းတောက်ပါကော၊ အမိမဆမ (မှတ်ဆိုးမ)ကို လက်ဖျားဆွဲ ပြောင်းလို့ လာကော၊ မင်းဘာအနီး ရခိုင်ပြည်မှာ ဒိုင်းဂျီဖက်က နီခရေ။

''ယင်းအခါ မင်းဘားလက်ထက် အီးဟုတ်ထိုးဖို့ တတ်လှပါကော၊ ဆုကြီးလာဒ်ကြီးချလီရေ။ ပန်းကျင်းတီးဖို့ တတ်ပါလှကေ လခမေးနာပီးလီရေ။ ဤပညာကို ပညာကြီးမှည့်လီရေ။ ထိုအခါကေ ဒိုင်းဂျီဘက်က ငပင်းကြီးလဲ နီလီရေ။ ပြည်သူ ပြည်သား ဤပညာကို အသုံးကျကေ ငပင်ထံတို့ သားသမီးမြီး မြစ်တို့ကိုလေ ပညာသင်ဖို့ ရွတ်လီရေ။ မင်းဘာလက်ထက် ငပင်မှာကို တက သိုလ်လဲ ဖြစ်လီရေ။

''ယင်းအခါ ငပင်ထံတို့ တပည့်သားကေ (၃)သောင်း၊ ကုဋ္ဌေရောက်လီရေ၊ ငပင်ကြီးမှာ မတတ်သူကေ တတ်သူတချို့ အမျိုးမျိုးကို သင်ကြားလို့လဲ ပြလီရေ။ ဤအခါ တပည့်များစွာရေ တတ်လို့ပါကော၊ မင်းဘာလက်ထက် ငပင်ကြီးမှာ စားမကုန်ကော၊ ငွီကို တကယ်ပုတ်ပြည့်ိုင်ပြည့် ဟိလီရေ၊ ယင်းအခါ ငွီကို တကယ်စားမကုန်ကော၊ မန်ဒရာဇီကုလားငှားလို့ ကန်ဘက်ကိုလည်း တူးခရေ။ ယင်းကန်ကိုလေ ကန်နာမည်နှင့် လူနာမည်ကို ရောနှောလို့လဲ ကမ္ဘာတန်းဆာ မပျက်ရယောင် ဒိုင်းဂျီကန်လို့ထားပါရေ။ ငပင်ကိုလည်း ဒိုင်းဂျီငပင် ခေါ်ပါရေ။

ဤကား တကယ့်ပေင်ကနသာ ဖြစ်ပါရေ။ ဘုရင်ကန်သည် မဟုတ်ချေ။

''ယင်းအခါ မိုးသီးကျ မင်းဘာကြီးမှာ နန်းရင်ပြင်ရှိက မဏ္ဍာပ်ကြီးကို ဆင်တဝင် မြင်းတဝင်ထိုးပြီး ထိုးရေ။ ညဥ့်နတ်တက်ဖို့လို့ ကြံလီရေ။ ယင်းအခါ မင်းဘားကြီးက နတ်ဆရာမ ထောင်ကိုးရာကို စာတိုစာရှည် ကမ်းလိုက်တေ။ နတ်ဆရာမ ထောင်ကိုးရာလည်း မင်းဘာနန်းရင်ပြင် ရောက်လီရေ။ မင်းဘာကြီးမှာ နတ်ဆရာမထောင်ကိုးရာရောက်လို့လာကေ၊ ပန်းကျားတီးဖို့ ဒိုင်းဂျီဖက်က ဆရာပေင် တပည့်များစွာ လာရမေလို့ ဒိုင်းဂျီဘက်ကို စာတိုစာရှည်ကမ်းလီရေ။ယင်းအခါ ပေင်ကြီးမှာ ပင်နာပိုကေ တောင်းမှောက်လို့လဲဖြစ်နီရေ။ မလိုက်နိုင်ကေ တပည့် ငါးကျိတ်လောက် ထည့်လိုက်တေ။

''တပည့်ငါးကျိတ် လိုက်လို့လာကေ၊ နတ်ဆရာမ ထောင်ကိုးရာအလယ်မှာ စည်ပေင်တပည့် ပန်းကျားကို လိုင်မှာဆွဲလို့တီးပြရေ။ တီးပြပါကေ၊ နတ်ဆရာမ တကြိုင်းကကေ၊ ပေင် ပတ်သံ မကြားရကေ၊ ပရိယာယ်မာယာလုပ်လို့ နတ် ဆရာမ အကုန်သူ့ူ့ ပြုံထွက်တေ။ ယင်းအခါ ဆိုသံပြောသံ မကြားပါကေ၊ မင်းဘာကြီးမှာ ပြတင်းပေါက်ကို လှစ်ဖွင့်လို့လည်း ကြည့်လီရေ။ နတ်ဆရာမ အကုန်သူ့ူ့ မမြင်ပါကေ ပေင်တပည့် ငါးကျိတ်လောက်ကို ပန်းတျားကို လိုင်မှာဆွဲ မြင်လီရေ။

''ယင်းအခါ မင်းဘာကြီးလဲ၊ စိတ်ဆိုးရေ၊ ပေင်တပည့် ဆရာမပါ၊ တပည့်ကို ချည်း လိုက်လို့လာကေ၊ မတတ်ပါပဲ နတ်ဆရာ အလယ်မှာလဲ ဝင်တီးရေ၊ ပန်းကျင်းကို အခြင်းမရ၊ နတ်ဆရာမ ပြုံထွက်တေ။ ဂနိရက်မှာ နတ်တက်ဖို့မဖြစ်ပါကေ၊ မင်းဘာကြီးကို နတ်တကာလဲ လိုင်လိမ်လို့လဲး သတ်လှာမေ၊ ငါလဲးယနိ သီရမည်။ ငါမသီခင်၊ ပေင်တပည့် ငါးကျိတ်လှောက်ကို ပန်းကျားကို လိုင်မှာစွတ်ကေ ပုတ်ကို ချုပ် မီးတိုက်မေလို့ ငြိုလီရေ၊ ယင်းအခါ ပေင်တပည့် ဆရာမပါ မင်းဘာကြီး ချုပ်လို့ထားကေ၊ မျက်စိမျက်ဆန် ပြန်လီရေ။

''အေအခါ ဒိုင်းဂျီဘက်က ဆရာကို ပန်းကျားသံ ပီး ခေါ်ပါလီမေ။ ကမ္ဘာဦးကစ ပန်းတျားတီးခြင်းအမှုသည် ကမ္ဘာဦးက ပေင်သင်ပစ်ခသောကြောင့် ယခုထက်ထိ ပေင်အလိုက်ကို တီးနီကတ်တေ။

''ယခုလည်း တပည့်များစွာကို မင်းဘားကြီး ချုပ်ထားသဖြင့် ပန်းတျားတီး ဒိုင်းဂျီဘက်က ဆရာကိုခေါ်ပါလိမ့်မည်၊ နားထောင်ကြပါ။ ပန်းတျားသံပေးပါမေ။

ဒိုင်းဂျီပေင်သျှင်၊ ဆရာမနီ၊ ဒိုင်းဂျီဘက်က၊ တပည့်ပတ်သံ၊ ကြားပါလီ။ မင်းဘာသခင်၊ နန်းတော်သျှင်၊ ရွှယ်တော်ခဲခ၊ နန်းဦးကိုင်ကို၊ အပိုင်ရကေ၊ မင်းလှ ရာဇာ၊ ငြိုးထားရေ။ နတ်ဆရာမ၊ ပရိယာယ်ကေ၊ မာယာပြကေ၊ ဗဇီမတို့၊ ပြုံထွက်တေ၊ ဒိုင်းဂျီပေင်၊ ဆရာသျှင်၊ ပေင်မနီ၊ ဒိုင်းဂျီးဘက်က၊ ကယ်ပါလီ။

ဤသို့ တကယ် တပည့််က တီးပြရေ။

''ထိုအခါ ဒိုင်းဂျီဘက်က ဆရာပေင် ကြားလီရေ၊ ကိုယ့်အသက်နှင့်

စပ်ယှက်ပါကော၊ ဝေဒနာကို မစစ်နိုင်ကော၊ တောင်းကို တကယ် လက်ပြန်ခတ်ကော၊ ပန်းကျားကို လိုင်မှာဆွဲလို့လိုက်လာရေ။ ထိုအခါ ပေင်းကြီးသည် လိုက်လာရေ။ လိုက်လို့လာကော၊ မင်းဘာလက်ထက် အခြားမင်းကို ကြောက်ပါသဖြင့် ချောင်းကို တကယ် မင်းဘာကြီးမှာ တန်တားမထိုးပဲ ဟိလီသည်''။

''ထိုအခါ ပေင်ကြီး ပန်းကျားကို လိုင်မှာစွပ် လိုက်လာသောအခါ၌ မိုးသီးကျဖြစ်ပါသဖြင့် ချောင်းမှာ ဖြားရွှန် ပုန်းပုန်း ပြည့်နီသည်၊ ယင်းကြောင့် ပေင်ကြီးအနာသည်လည်း ပန်းကျားကိုဆောင် မကူးနိုင်ပါသဖြင့် ချောင်းကမ်းထောင့်က ရပ်စောက်ဆောက် နန်းတွင်းမှာဟိသမျှ တပည့်တို့ကို ပန်းကျားတီးလို့ ခေါ်ပါလီမေ။ နားထောင် ပန်းကျားသံပီးပါမည်။

ဒိုင်းဂျိပေင်၊ ဆရာသျှင်၊ ပေင်မနီ၊ ဒိုင်းဂျိဘက်က၊ မင်းနို့ ပတ်သံ၊ ကြားမိရေ။ ပတ်သံကြားကော၊ လိုက်လို့လာကော၊ မိုးသီးမိုးနှောင်း၊ ရာသီပြောင်း၊ မိုးဦးတကယ်၊ ချောင်းမှာသာ၊ ဖြာရွှန်းလို့လည်း၊ ပြည့်နီရေ။ ငါလဲလချိုင်၊ မကူးနိုင်ကော၊ ပတ်ကိုကိုင်လို့၊ ချောင်းကမ်းထောင့်က၊ မှိုင်နီရေ။

''ဤအခါ နန်းတွင်းက ဆရာပတ်သံ ကြားလီရေ၊ တပည့်နို့က နန်းတွင်းက နီို့ပြန်လို့ တီးခေါ်ပါလီမေ။ ပရိသတ်အပေါင်းနို့ နားထောင်ကတ်ပါ။

ဒိုင်းဂျိပေင်၊ ဆရာသျှင်၊ ပေင်မနီ၊ ဒိုင်းဂျိဘက်က၊ တပည့်ပတ်သံ၊ ကြားပါလီရေ။ ပတ်ကိုခေါ်င်းတင်၊ အယင်း ကူးလတ်၊ ပတ်ကိုခေါ်င်းတင်၊ အယင်ကူးလတ်၊

''ဤသို့ဆိုကော၊ ဒိုင်းဂျိဘက်က တပည့်ပတ်သံ ကြားလီရေ။ ထိုအခါ ပေင်ဆရာ အနာသည်မှာ ပန်းကျားကို ရင်မှာအုပ်ဖောင်လုပ်လို့ ကူးရေ။ ထိုမှာဘက်ကိုရောက်လို့ လားခါ နန်းတွင်းမှာဝင် ခုဝယ် ပန်းကျားကို လိုင်မှာဆွဲကော၊ လက်နှစ်ဘက်နှင့် မြိုင်မြိုင်ဆာလို့ တီးပြရေ။ ပေင်းတီးကော၊ နတ်စောင်းသဖွယ်ဖြစ်လီရေ။ ယင်းအခါကော၊ နတ်ဆရာမ ထောင်ကိုးရာလည်း၊ စုကျရေ။ ဆိုသံ ပြောသံ ကြားလှပါကော၊ မင်းဘာကြီးမှာ တန်ခါးဖွင့် ကြည့်လီရေ။ နတ်ဆရာမ ထောင့်ကိုးရာ အလယ်မှာလဲ ပေင်ဆရာ မြင်လီရေ။ ယင်းအခါ မင်းဘာကြီးမှာ အလွန်တရာ ဝမ်းမြောက်တော။ ယင်းအခါ ပေင်ကိုခေါ်လို့ အသပြာတစ်ထောင်ဆုချရေ။

''ယင်းအခါ မြောက်ဦးသျှင်မ မိဖုရားလည်း မြင်လီရေ။ မောင်သခင်ကော၊ မင်းဘာကြီးမှာ ပေင်ကို သဘောကျကော၊ သပြာတစ်ထောင် ဆုချရ။ ကျွန်ုပ်မလဲး ပေင်ကို မင်းဘာကြီးမှာ သဘောတူ ခွင့်ပြုရေ။ ယင်းအခါ မြောက်ဦးသျှင်မနှင့် ပေင်ပန်းကျင်းသည်နှင့် မောင်နှမလဲဖြစ်လီရေ''။

ပန်းတျင်းဆရာပေင် အကြောင်းမှာ ဤမှတ်တမ်းအရ သိလောက်ပါပြီ။ ထိုသို့ မြောက်ဦးခေတ် တက သိုလ်ကဲ့သို့ ပန်းတျင်း ဆရာပေင်၏ ပန်းတျင်းအနုပညာများကို သင်ယူခဲ့ကြခြင်း၊ ပန်းတျင်းအနုပညာကို ရခိုင်များ အမြတ်တနိုးထားခဲ့ကြခြင်း ဘုရင်မင်းများကလည်း ဆုလာဘ်တော် အခမေးနာများဖြင့် ချီးမြ င့်မြေ ာက်

စားခဲ့ခြင်းများမှာ ထင်ရှားနေပေပြီ။ ဆရာပေင်၏ အတ္တုပ္ပတ္တိ အဖြစ်အပျက်မှာ အမှန်တကယ် ထင်ရှားခဲ့ပြီးကြောင်းကို ဤမှတ်တမ်းက သက်သေထူနေပါပြီ။

ဤမှတ်တမ်းသာ အခိုင်အမာ မရှိမကျန်ရစ်ခဲ့ပါက ယခု သူငါကစ ကလေးသူငယ်များပါ ပေင်ဆရာတပည့် ပတ်သံဖြင့် တီးခေါ်သံကို သိုက်တဘောင် တေးကဗျာ ပတ်သံတစ်ခုမျှသာ တန်ဖိုးထား သိရှိကြပေလိမ့်မည်။ ယခုကျွန်ုပ်တို့ သိရသောအခါမှ ထိုငယ်ငယ်ကစ ကျွန်ုပ်တို့ယခုထိ သီဆိုနေကြသော ပတ်သံမှာ ပေင်ဆရာ၏ တကယ်အဖြစ်အပျက် ပါတကားဟု ယုံမှားကင်းစွာ လက်ခံ သမိုင်း တင်လာနိုင်ပေသည်။ ဤသို့မှတ်တမ်း မှတ်ရာများကား သမိုင်း၏ မော်ကွန်းပင် မဟုတ်ပါလား။

## လုံးကောက်အဓိပ္ပာယ်

**ပေါင်ဒူ** – တသက်တကျွန်း အပြစ်ပေးခံရသူ (တသက်တစ် ကျွန်း အပြစ်ပေးခံရသူများ နေရာကျွန်းကို ပေါင်ဒူကျွန်းဟု ခေါ်သည်)

**မုစည်းကျွန်း** – ယခုရသေ့တောင်မြို့နယ် မေယုမြစ်ဝတွင် တည်ရှိသည်။

**ပူဂြင့်သား** – သားဆိုးသားယုတ် သို့မဟုတ် ဝမ်းပိုက်ပူသော သားငယ်။

**ပင်နာ** – ခလေးတို့၌ဖြစ်တတ်သော ချောင်းဆိုး ရင်ကြပ် ကြက်ညှာ ရောဂါ၊ ပန်းနာရောဂါဖြစ်သည်။

**ဒိုင်းဂျီဘက်** – ယခုမြို့ဟောင်းမြို့ အနောက်ဘက် ဒိုင်းဂျီကျွန်းဖြစ်သည်။

**ဗဗီမ** – မိန်းမပျက်။ ပါပီမ။

**ဖြားရွှန်** – ဒီရေပြည့်လျှံသည်။

**မိုးသီးကျ** – မိုးလရာသီကျချိန်၊ မိုးဦးကျချိန်။

# ရခိုင်သာခြင်း

သာခြင်းကို ရခိုင်ကဗျာဆရာများ အများဆုံးသီကုံးဖွဲ့ဆိုခဲ့ကြသည်။ ရခိုင်သာခြင်းသည် ရှေးဦးစွာ ကျေးလက်တောဒေသကို အခြေခံသော တေးသီချင်းတစ်ခု ဖြစ်သည်။ သို့သော်လည်း နှောင်းကာလတွင် နန်းတော်သွင်း ကဗျာတစ်ခုအဖြစ် နယ်ကျယ်လာသည်။ မြောက်ဦးခေတ် မင်းဗားကြီး (ဂေါစာ ၈၉၃–၉၁၅) လက်ထက်တွင် ဝိမလအမတ်ကြီးက သတ ၇နုကော်ကာနုစသော အနုဇာတ်ဝတ ြများကို သာခြင်းဖြင့်ဖွဲ့ဆိုပြီး နားတော်သွင်းခဲ့သည်။

အင်းဝ၌ အနောက်ဘက်လွန်မင်းတရာကြီးလက်ထက်တွင် ဂေါစာ(၉၂၇)ခုနှစ်လောက် ဇေယျရန မိတ်က ဥတေနသာချင်း၊ ပဋ္ဌာစာရီသာချင်း၊ စို့မြာ့နဝိကာ သာချင်းတို့ကို ဆက်သွင်းခဲ့ကြောင်း တွေ့ရှိရသည်။ သို့သော်လည်း သာချင်းနှင့် သာခြင်းကို ရောထွေးမသွားစေလိုပါ။ ဇေယျရန္တမိတ်သာချင်းမှာ ရခိုင်သာခြင်းများနှင့် ကာရန်အအုပ်အခံ အက္ခာအလှမ်းချင်း ခြားနားသည်။ အောက်တွင်ဖော်ပြထားသော ဇေယျရန္တမိတ်သာချင်းနှင့် ရခိုင်သာခြင်းတို့ကို နှိုင်းယှဉ်စေလိုပါသည်။

''ဤစာသက ရာဇ်၊ ဘုန်းတော်သစ် ၊ နှစ်နှစ်ဆယ်ကျော်၊ ရာကပေါ်လျက်၊ သက်တော်ရှည်မူ၊ ပန်ထွာပြုသည်။ အောင်ဆုဆင်မှ၊ မင်္ဂလာကြီး၊ ဟောစာကြိယာ၊ ဩဘာကျူးဟိတ်၊ ဇမ္ဗူတိတ်တွင်၊ နိမိတ်အရှည်၊ နိုင်ငံစည်သည်ဟု၊ နတ်ပြည် ကြွညောင်း၊ ဘေးတော်လောင်းတို့၊ ဗောင်းစလွယ်အပ်၊ စွဲရွှေယပ်နှင့်၊ ခဝပ်ကြည့်ရှင်၊ မင်ယင်ပြင်မှာ၊ လျှောက်တင်ခြီရသည့်'' မင်းဇေယျရန္တမိတ်ရေး ဥတေသန သာချင်းမှ။

''လှမ်းချီကြကော၊ ရာဇာရာဇာ၊ မိတီ လာတွင်၊ ရတနာတံဆိပ်၊
ညီးလူလူနှင့်၊ ထီးဖြူရိပ်မှာ၊ ကိုးကျိပ်ကိုးပါး၊ အပြည်ပြည်က၊ ရောက်သည်
များမှာ၊ တပါးတွက်တာ၊ မစွေပါ ၊ ပင်လယ်ပတ်ဝန်း၊ သီဟဠဆို၊ စိမ်းမြည်ိုကော၊
သိန်းဃိုဠ်ကျွန်းကို၊ စံမြန်းစိုးခြင်း၊ လွန်ကြီးကျယ်ကော၊ ခေါင်းဆယ်လုံးဟု၊

ဘီလူးမင်းက၊ သတင်းစကား၊ ပွဲကြီးလည်းခံ၊ လေးတင်ရန်ကို၊ သန်သန်ကြားကို၊
ရထားပေါ်တက်၊ ဘယက်တန်းဆာ၊ ဒွါဒရာကို၊ ဆင်ကာတက်လို့၊ ဇနက
သည်းအူ၊ သီဒါဖြူကို၊ ငါယူတော့မည်၊ ငါထက်သည်သာ၊ ရာဇာထိလျှင်၊
မချိချေဟု၊ ကြီးကျယ်တန်ခိုး၊ အားကိုကိုးလို့၊ ထက်မိုးကသာ၊ ယာဉ်ရထားနှင့်
သွားပါလေ ၊ မိတိ လာပြည်၊ ရောက်တုံလေသော်၊ စာသူငယ်ကြား၊ ဠင်းဒ
နားသို့၊ မင်းများအလယ်၊ ပြည်သိန်းဃိုဠ်လေ၊ ထိုဘီလူးမှာ၊ ရှင်မြူးနေသော်၊
ဗိုလ်ခြေတစ်ထောင်၊ လေးစွန်ဒေါင်ကို၊ ဦးဆောင်ကိုင်မ၊ မိတ္တိလာမြို့သူများ
ဗိုလ်လူတို့၊ ယူလာကျရေ'' တန်းခိုးဆရာထွန်းရေး ရာမသာခြင်းမှ။

ဤအထက်ပါ ဇေယျရန္တမိတ်၏ ဥတေနသာချင်းနှင့် တန်းခိုးဆရာထွန်း၏ ရာမသာခြင်းကို နှိုင်းယှဉ်ကြည့်က ဗမာသာချင်းနှင့် ရခိုင်သာခြင်းတွင် ခြားနားကြောင်း သိသာနိုင်ပါသည်။

ရခိုင်သာခြင်းများကို အစပထမ၌ သီဆို ုသက်သက်မျှဖြင်း၊ ထို့နောက် သီဆိုမှုနှင့်တူရိယာရော ငင်း၊ ထို့နောက် သီဆိုတီးမှုတ်မှုနှင့် ကကွက်ကဟန်ကိုပါ ရော လည်းကောင်း ဖန်တီးလာခဲ့ဟန်ရှိသည်။ ပင်းခူသာခြင်းမှာ ကကွက် ကဟန်နှင့် ယှဉ်တွဲ သီဆိုသောသာခြင်းတစ်မျိုးပင်ဖြစ်သည်။

သာခြင်းများကို အကြောင်းအရာအလိုက် အတိုအရှည်အလိုက် အမျိုးမျိုး ဖွဲ့ဆိုကြသည်။ တိုက်သာခြင်း၊ ဇမ်းသာခြင်း၊ သာစွလေ၊ ဟန်စွလေ၊ ပိုဒ်စုံသာခြင်း စသည်တို့ကို ခပ်တိုတိုစပ်ဆိုကြ ဇာတ်ဝတ ုဖွဲ့သာခြင်းများကို ရှည်လျားစွာ စပ်ဆိုကြသည်။

ရခိုင်စာဆိုများသည် ဝတ ုဇာတ်လမ်းများကို သာခြင်းဖြင့် ခေတ်အဆက်ဆက် ဖွဲ့ဆိုခဲ့ကြသည်။ မြောက်ဦးခေတ်တွင် အမတ်ကြီးဝိမလ၊ စာဖတ်သက် ဦးဒိုးဝေ၊ လောကမာန်အောင် ဆရာတော် စသည်တို့ သာခြင်းများကို ဖွဲ့ဆိုရေးသားခဲ့ကြသည်။ ဗြိတိသျှခေတ်တွင် ဆရာမောင်သာအောင်၊ မောင်ယောက်ကော၊ ဆရာထွန်းလှ၊ တန်ခိုးဆရာထွန်း၊ ဆရာ ဦးအောင်ထွန်း၊ သာချမ်း ဦးဘစသည်တို့ သာခြင်းများကို ဖွဲ့ဆိုရေးသားခဲ့ကြသည်။

ရခိုင်တောကျေးလက်များတွင် ဆန်ဖွတ်၊ မောင်းနင်း၊ ငါးရှာ၊ ဟင်းခူးပါမကျန် သာခြင်းသံတညံညံဖြင့် ရခိုင်သူရခိုင်သားများ သီဆိုကြသည်။

''မေ့ို့မှာလေ၊ ပျော်ပါကတ်မေ၊ လုံပျိုမေလေ၊ အရွယ်ချင်းချင်း
ရွှေ့သာခြင်းနှင့်၊ လမင်းစန္ဒြာ၊ လောင်းရိပ်သာတွင်၊ ပျော်ရာတစ်ကြောင်း၊
မေ့ို့မှာလေ၊ ဖော်အပေါင်းနှင့်၊ ဆန်မောင်းနင်းရေ''။

နွားကျောင်း၊ ကျွဲကျောင်း၊ ဖောင်စီး၊ တလင်းနယ်စသော လုပ်ခင်းကိုင်ရာ များတို့၌လည်း ရွှဲ့သာခြင်းများကို သီဆိုလေ့ရှိကြသည်။

''ဇာတ်ရွှဲ့ကေညံ၊ ပျော်ပါးသံကို၊ ကြားပြန်လတ်တော၊ မောင်လူပျိုမှာ၊

သည်းခြီစိမ့်ကော၊ ငြိမ့်ရေလေ''။

သာခြင်းဆိုခြင်း၊ သာခြင်းတတ်ခြင်းသည် ဂုဏ်ရှိသည်။ သာခြင်းကို ပွဲကြီးလမ်းကြီးလုပ် သီဆိုခဲ့ကြသည်။ သာခြင်းတတ်တို့ကလည်း သာခြင်း သီဆိုမှုဖြင့် အသက်မွေးမှုပြုနိုင်ခဲ့ကြသည်။ တစ်ပြည်လုံးကို လှည့်လည်ကာ သာခြင်းဆိုခြင်းဖြင့် အသက်မွေးသူများရှိခဲ့ကြသည်။

''အသက်မွေးရန်၊ ဂုဏ်ဖြင့်ကြီကော၊အသံနှင့်ရင်၊ အများတကာ၊ နားသောတမှာ၊ နာပျော်ညှ င်းအောင်၊ သာခြင်းကိုသင်၊ ဆရာသျှင်မှာ၊ စုံလင် ပြည့်ဝ၊ ဆင်ပြလေပြန်၊ စမကျန်ကော၊ အတန်ရကာ၊ ခနကြေးငွေ၊ ရချင်ပေ ၊ ပြည်ကိုလှည့်ပတ်၊ ညိုးမသုန်ကော၊ ဂုဏ်သတင်းနှင့်၊ သာခြင်းတတ်ဟု၊ ရပ်အဖြာဖြာ၊ အရွာရွာမှာ၊ ပျော်ပါတုံလျက် ''

ယောက်ျားသာခြင်းတတ်များသာမက အမျိုးသမီးသာခြင်းတတ်များလည်း ပေါ်ပေါက်ထွန်းကားခဲ့သေးသည်။ အမျိုးသမီးများသည်လည်း ယောက်ျားများနှင့် တန်းတူပင် ပရိသတ်အလယ်တွင် ယှဉ်ပြိုင်သီဆိုလျက် သာခြင်းအတတ်ဖြင့် အသက်မွေးခဲ့ကြသည်။

''အသက်မွေးရန်လေ၊ ဂုဏ်နှင့်ရင်းလို့၊ သာခြင်းကိုသင်၊ ပြည်ခွင် လှည့်ပတ်၊ သူမြတ်တို့ထံ၊ အသုံးခံကော၊ အကျွန်မေမှာ၊ အတန်ကြာလို့''

သာသာယာယာ ငြိမ့်ငြိမ့်ငြောင်းငြောင်းနှင့် နားထောင်ကောင်းသော တေးသီချင်းတစ်မျိုးဖြစ်ခြင်းကြောင့် သာခြင်းဟုခေါ်သည်ဟု ယူဆရသည်။ သာခြင်းသည် ရခိုင်ပြည်နယ်တွင် ရှေးပဝေဏီ အခါကပင်ရှိသော သာခြင်းစပ်နည်း များဖြင့် စပ်ဆိုထားသည်ကိုလည်းတွေ့ရှိရသဖြင့် သာခြင်းမှာ ရှေးကျသော သီချင်းတစ်ခုဖြစ်ကြောင်း ထင်ရှားလှသည်။ ရခိုင်ပြည်နယ်တွင် ယခုတိုင်အောင်ပင် သာခြင်းများကို ဖွဲ့နွဲ့စပ်ဆိုလေ့ ရွတ်ဖတ်သီဆိုလေ့ရှိသေးကြောင်း တွေ့ရှိရသည်။

ဗမာသာချင်းကို ခကွေးယပင့်နှင့် ရေးကြသော်လည်း ရခိုင်သာခြင်းကိုမူ ရခိုင်အသံထွက်အရ ခကွေးရရစ်နှင့် ရေးကြသည်ကို သတိပြုစေလိုပါသည်။

❖❖❖

## ရခိုင်ဇမ်းခြင်း

ရခိုင်ပြည်နယ်တွင် ရှေးအခါက လူပျိုလှည့်ရာတွင် ဇမ်းခြင်းများကို အသုံးပြုကြသည်။ ယခုအချိန်တွင် ရခိုင်ပြည် အချို့သောအရပ်ဒေသများတွင် အသုံးပြုတုံးပင်ရှိသေးသည်။ ဇမ်းဆိုသည် ပန်းဖွက်တမ်း သဘောမျိုးနှင့် ခပ်ဆင်ဆင်တူသည်။ သို့သော် ဇမ်းတွင် ကာရန်သဘောပါသည်။ အဖွဲ့အနွဲ့သဘောပါသည်။ အထေ့အငေါ့ အစောင်းအချိတ်ပါသည်။ အလိုစမ်းခြင်း ပညာစမ်းခြင်း သဘောပါသည်။

မိမိကိုယ်တိုင် ဆက်သွယ် ၎င်း၊ အခြားရပ်ရွာမှ ကာလသားများဖြစ်က ရွာခံကာလသားများမှတဆင့် ဆက်သွယ် ၎င်း၊ အပျိုနှင့်လူပျို ပွင့်ပွင့်လင်းလင်း ဝိုးဝိုးသားသား စကားပြောနိုင်ခွင့်ရှိသည်။ ထိုသို့စကားပြောဂုံနှင့်လည်း သမီးရည်စားဖြစ်သည်ဟု မဆိုနိုင်သေးချေ။ သမီးရည်းစားမဖြစ်မီဖြစ်စေ၊ ဖြစ်ပြီးမှဖြစ်စေ၊ လူပျိုလှည့်ရာ၌ သို့မဟုတ် လူပျိုအပျို တွေ့ဆုံစကားပြောရာ၌ ဇမ်းခြင်းကို အသုံးပြုကြသည်။ ဇမ်းခြင်းဖြင့် ထေ့ကြသည်။ ငေါ့ကြသည်၊ စောင်းကြသည်၊ ချိတ်ကြသည်။ အလိုစမ်းကြသည်၊ အချစ်စမ်းကြသည်၊ ပညာစမ်းကြသည်။

ရခိုင်ကာလသား ကာလသမီးများသည် လူပျိုဖော်ဝင်စ အပျိုဖော်ဝင်စကထဲကပင် လူပျိုကြီးများ အပျိုကြီးများထံမှတဆင့် ဇမ်းခြင်းကိုသင်ယူကြသည်။ ထိုသို့သင်ဂုံမက မိမိဘာသာလည်း ဉာဏ်ရှိသလောက် ချဲ့ထွင်စပ်ဆိုကြသေးသည်။ ဇမ်းတတ်မှ ဇမ်းချင်းပြိုင် နိုင်မှ ဉာဏ်ရည်သာသော လူပျို အပျိုတစ်ယောက် ဖြစ်နိုင်သည်။ ထို့ကြောင့်လည်း လူပျိုအပျိုဝင်စ ဇမ်းတတ်မှဟု ဆိုဂုံးစကားပြုကြသည်။

ဇမ်းဆိုသောစကားသည် မည်သည်က ဆင်းသက်လာသည်။ သဒ္ဒါရေးအားဖြင့် မည်သို့အဓိပ္ပါယ်ရှိသည်ဟု အတိအကျမသိရသေးသော်လည်း၊ အလိုစမ်းခြင်း၊ ပညာစမ်းခြင်းတွင် အသုံးပြုသဖြင့်စမ်း၊ ဆန်းဟူသောစကားမှ ရွေ့လျားလာဟန်ရှိသည်။ ဇမ်းဆိုသောစကားမှာ ဝိုးတန်းတန်းနှင့် ဒဲ့ဒိုးပြောသော စကားမျိုးမဟုတ်၊ သွယ်သွယ်ဝိုက်ဝိုက် ပရိယာယ်မာယာနှင့်ဖြစ်စေ ထေ့လုံးငေါ့လုံးနှင့်ဖြစ်စေ၊ အချစ်စမ်းသော သဘောဖြင့်ဖြစ်စေ၊ အပြန်အလှန်ပြောဆိုသော ကဗျာတစ်မျိုးပင် ဖြစ်သည်ဟု ယူဆရပေသည်။ ထို့ကြောင့် ''မအပ်မရာ၊ ဇမ်းလင်္ကာကို၊ ဖယ်ကာထားလိုက်၊ မောင်ပြောသည်ကို၊ လေ့နံ့ထစ်လျှင်၊ ဒိုက်ဝိုက်ပြောပါ''ဟူလည်းကောင်း၊ ''မာယာပွမ်းကော၊ ဇမ်းတတ်မလေ၊ နှမခုခါ၊ ငါ့မောင်တော်ကို၊ ရရာကားရား၊ ရမ်းပြည့်သူယောင်၊ လူပုံဖမ်းဗျာ၊ ဇမ်းမပြောနှင့်''ဟူ လည်းကောင်း၊ ဆရာအောင်ထွန်း၏ လွမ်းမပြေသာခြင်းတွင် စပ်ဆိုထားသည်။

စုဆောင်းရရှိထားသော ဇမ်းခြင်းများမှ အနည်းငယ်ထုတ်နုတ် သိသာ တင်ပြပါမည်။

**လူပျို**❖ တရိပ်ရာတပျော်၊ စက်တော်ခေါ်လေ၊ မောင်တော်လာနိူး။ ကညာပျို ဖြူမေ့ိမှာ၊ စိတ်ဆိုးရေလား၊ တခွန်းခေါ်လေ၊ အော်အော်ရှိနား၊ မောင်ခေါ်သံကော၊ ထရံနားမှာမကြားလို့လား။

**အပျို**❖ အမောင်အမောင်၊ တိုင်မှာမျှောင်၊ အမောင်ဇာကလဲ (သို့မဟုတ်) ညဥ့်နက်သန်းခေါင်၊ တိုင်မှာမျှောင်၊ အမောင်ဇာကလဲ။

**လူပျို**❖ သရက်ပင်ညို၊ အရိပ်ခို၊ လူပျိုပေါက်စ၊ တန်းလွဲက။ (သို့မဟုတ်) ငှက်ပျောရာတပင်၊ ဂရင်ရာတပုတ်၊ နှင်းမိုးရွာကော၊ လီမသုတ်ကော၊ ဆင်ပုတ်ကရာ။ (သို့မဟုတ်) လွှာကိုလဲဖြုတ်၊ မောင်မယုတ်၊ နန္ဒုတ်ဆိတ် ခုန်ပုတ်က၊ အိုနှမ။ နောက်ထပ်တစ်ပုဒ် ထပ်မံတင်ပြပါဦးမည်။

**အပျို**❖ ကျောက်စရစ်ကေတန်းတင်၊ ရီရှင်ကေသွတ်သွတ်၊ ပျို့မေရီ၊ ဖျဉ်ဖျဉ်ကေဖြတ်လို့၊ ရီခတ်ကေထွက်လာ၊ ဘူးပွင့်ရံ ကြာတံလက်ကို တွဲလို့ပါ၊ ခွါလေမောင်ရေ၊ လူမြင်ကေ ရှက်တေမချိ၊ ဘူးပွင့်ရံကော၊ ကြာတံဘက်ကို၊ ရွတ်ပါဘိလေ။ ကျောက်စရစ်ကေ ကုန်ဘုတ် ကင်းမွန်းထောင်ကော၊ နီရောင်မထိုး၊ ချစ်တေမောင်၊ လာမေလမ်းကို၊ ရွှီထီးမိုးမေ။

**လူပျို**❖ ခယင်ဝါးသျှေ၊ ခယင်ဝါးဖျား၊ အဆစ်အသျှေ၊ ဗြီလို့ထွင်း၊ စံညင်းကေပလွီ၊ လက်ဆယ်ချောင်းနှင့်၊ ခြောက်ချောင်းချီ၊ ပလွီစံကျော်၊ မေ့ိနှီ၊ အိမ်ထောင်ဖက်က၊ မှုတ်ဖျော်ခေါ်၊ နာပျော်သလား၊ မေ့အသံကော၊ တပ်တပ်ကေသီရေ၊ မေ့ိ

အိမ်မီးလုံးလင်းလို့၊ ချစ်ဘေမောင်၊ မ၀င်ဝံ့ဘဲတပ်နားကေ
ယောင်လို့။

**အပျို** ❖ ပလွေကျော်အသံကြားကေ၊ ပျို့သက်နှံ့မှာ၊ နီလို့မဖြစ်၊ ချစ်ဘေမောင်
ကို၊ လာချင်လတ်တေ၊ မပြောစီကဲ့။

**လူပျို** ❖ မောင်သက်နှံ့မှာ၊ လာချင်ပါရင့်၊ မေ့ိအိမ်၊ ခွီးဒိန်များလို့၊
မလာဝံ့ချေ။

**အပျို** ❖ ယင်းပိုင်ဆိုကေ၊ မောင်သက်နှံ့ကို၊ မြင်ချင်ကေလေ၊ ပျို့သက်
လှယ်မှာ၊ မမြင်ရကေ၊ နီလို့မဖြစ်၊ ပဇောင်ပြင်ကေ၊ ကောင်းလိမ့်
မေလဲ။

**လူပျို** ❖ မောင်သက်နှံ့မှာ ဒုက္ခတွိရေ၊ မေ့အဖေါ်တစ်ယောက် ယောက်ကို၊
အကြောင်းစုံကို စာနှင့်ရွီးလို့၊ ပီးဖို့ရွှတ်လိုက်။

**အပျို** ❖ ဂုပိုင်ဆို၊ မောင်သက်နှံ့ကို၊ မမြင်ရယာ။

**လူပျို** ❖ ကြောင်းကြကာစိုးရိမ်၊ မဖြစ်ပါလီကဲ့၊ နီမင်း၀င်၊ ညစာစောင်းမှာ၊
ပလွေသံတကြော်ကြော်နှင့်၊ မေ့ိအိမ်ထောင်ဘက်နားမှာ၊
မောင်ဟိနီမေ၊ မှတ်လီပေရော။

ရခိုင်စာရေးဆရာများသည် ဝတၳုပုံပြင်များ ရေးသားသောအခါ လူပျို အပျို လှည့်ခန်း၊ လူပျိုနှင့်အပျို စကားပြောရာတွင် ဖမ်းလင်္ကာဖြင့် ပြောဆိုပုံရေးသား တတ်ကြသည်။ အောက်ပါတို့မှာ ပဲယာသူနှင့် ရန်အောင်ပုံပြင် ဝတၳုတွင် ပဲယာသူနှင့် ရန်အောင်တို့ ဖမ်းစကားဖြင့် အချေအတင် ပြောဆိုပုံဖြစ်သည်။

**အောင်** ❖ ခွီးမပြောက်ကေ၊ သားသုံးဆယ်။ ခွီးမှာထင် ပေါ်၊ နောင်ရဲကျော်။
ချီးခြောက်မစား၊ ခွီးပုဏ္ဏား။ မိုးသီးမမီ၊ သံဂုလီ။ ပဲယာသူ၊
ဖြူဟင်းခြင်းကို၊ ဖျက်ကတ်ခီစောင်၊ လားကတ်ခီမေ။

**သူ** ❖ ဟိုင်းခွီး ဟိုင်းခွီး၊ ပဲပွင့်ပန်ကေ၊ ပန်ပါလီလား၊ ပဲသီးစားကေ၊
စားပါလီလား၊ ပဲရည်သောက်ကေ၊ သောက်ပါလီလား၊ ခွီးမှာ
ခွီးပုတ်၊ ခွီးစက်ဆုတ်ကေ၊ ခွီးယုတ်အသျှင် မပါလီလား။

**အောင်** ❖ ပဲပွင့်ပန်ကေ နားလန်ရေလေ ချောနှမ၊ ပဲသီးစားကေ၊ လျှားပါး
ရေလဲချောနှမ၊ ပဲရေသောက်ကေ၊ လျှာပေါက်ရေလေ ချောနှမ။

**သူ** ❖ ခွီးယုတ်ဖျက်ကေ၊ ပဲခင်းတ၀က်၊ ပျက်လီဗျာလေ။ ခွီးယုတ်
ဖြုန်းကေ၊ တခြင်းပဲလုံး၊ ပြုန်းလားဗျာလေ။ ခွီးမှာခွီးပုတ်၊
ခွီးစက်ဆုတ်၊ ခွီးယုတ်အသျှင် မပါလီလား။

**အောင်** ❖ တိမ်မှန်းယေမထင်၊ နက်မှန်းယေမသိ၊ ကြီးဖိဆိုကေ၊
လဟာချောင်းကို၊ ကူးခီမှားလို့၊ ဒယောတထည်၊ စွတ်ခရေလေ၊
ချစ်တေသူကေ၊ အဖြူနှမ၊ ဒယောတထည် ငှားပါလတ်လား။

**သူ** ❖ အကျွန်ုပ်မှာကား၊ ကြက်သွေးနှင်းတုံ၊ ခွီးနှင်းတုံ၊ သကောင်း ဝတ်တုံ၊ဘုန်းတော်မောင်၊ ရန်အောင်ဝတ်ကော၊ မုန်းမေလားလေ။

**အောင်** ❖ ချစ်ခင်မက်နှင့်၊ ကြင်နာမက်လို့၊ နှစ်ပါးအတူ၊ ပဲယာသူကော၊ အဖြူပီးကော၊ ဝတ်ရမေလေ။

**သူ** ❖ ကောက်ကလီ ကောက်ကလောက်၊ ကြာဖြူအင်းနှင့် ကြာညို အင်းမှာ၊ ငါးသုံးကောင်ကို၊ ဗုံးထောင်ယူခီ၊ ခွတ်ဘိဇ်ဝီကော၊ မညီပါ ဘဲ အဖြာဖြာလေ၊ သုံးဖြာကွဲလို့၊ လည်ရွဲမောင်လှ၊ မေဆင်ခြီကို၊ မဖြီဘဲနှင့်၊ မထွက်ရလေ။

**အောင်** ❖ ကောက်ကလီ ကောက်ကလောက်၊ ကြာ ဖြူအင်းနှင့်ကြာညိုအင်း မှာ၊ ငါးသုံးကောင်ကို၊ ဗုံးထောင်ယူခီ၊ ခွတ်လို့ပီကော၊ မညီပါဘဲ၊ အဖြာဖြာလေ၊ သုံးဖြာကွဲလို့၊ လည်ရွဲနှမ၊ အာကာပြည်မှာ၊ နီနှင့်လလေ။

**သူ** ❖ မိုးမင်းညိုလေ၊ မရွာတစ်ချက်၊ ရွာတစ်ချက်ကော၊ ကြောင်းပျက် တေလေ၊ မောင်းလူပျိုလေ၊ မလာတရက်၊ လာတရက်ကော၊ စိတ်ပျက်တေလေ။

**အောင်** ❖ မိုးမင်းညိုလေ၊ ရွာချင်ပါယက်၊ ထက်အကာမှာ၊ လီသင်းထုန်းကို၊ မုန်တိုင်းဖျက်လို့၊ မောင်လူပျိုလေ၊ လာချင်ပါယက်၊ နင့် မိခင်နှင့်၊ နင့်ဘခင်ကို၊ အမြင့်တုံးကော၊ ငါမုန်းရေလေ။

**သူ** ❖ ချောင်းဖျားရီကော၊ ချောင်းရီတထူး၊ အညာခွင်ကို၊ မဝင်ဖူးကော၊ ဖြား႗းရေလေ၊ ညရီတထွီ၊ ညဥ့်ရီတထူး၊ မောင်လူပျိုလေ၊ မေ့အိမ်ကြောက်ကို၊ မဝင်ဖူးကော၊ စိတ်႗းရေလေ။

ဤကဲ့သို့သော ကာရန်ပါသော ထေ့လုံးငေါ့လုံးစကားထာ စကားဝှက်များ ပါသော၊ ပရိယာယ်မာယာဝန္တြများပါသော ဖမ်းကဗျာ သို့မဟုတ် ဖမ်းသာခြင်းများကို ရခိုင်သူ၊ ရခိုင်သား ကာလသမီး ကာလသားများသည် သာမန်အရပ်သူ အရပ်သား များဖြစ်စေကာမူ၊ စပ်ဆိုအသုံးပြုနိုင်ခြင်းမှာ ရခိုင်ပြည်နယ်သည် ယဉ်ကျေးမှုစောသော တိုင်းပြည်ဖြစ်ခဲ့သည့်ပြင် ကဗျာလင်္ကာကို အရပ်သူ အရပ်သားများပါ လိုက်စားခြင်း ဖမ်းပြောခြင်းမှာ ဓလေ့ထုံးစံဖြစ်ခြင်းတို့ကြောင့်ပင် ဖြစ်ပေသည်။

## လုံးကောက် အဓိပ္ပါယ်များ

တန်းလွဲ–ရွာအမည်
ဂရင်–ငှက်ပျောတစ်မျိုး
လီမသုတ်–လေမသွတ်၊ လေမတိုက်
နှုတ်ဆိပ်ခုန်ပုတ်–ရွာအမည်

ရှွတ်ပါဘိ–လွှတ်ပါဘိ
ခယင်ဝါးသျှေ–ခယင်ဝါးကလေး။
ပလွီ–ပလွေ၊ ပြွေ
မပြောစီကဲ့–မပြောပါနဲ့နော့
ခွီးဒိန်များလို့–ခွေးတွေများလို့
ယင်းပိုင်ဆိုကေ– ဒီလိုဆိုယင်
ပဖောင်ပြင်ကေ–ဘယ်လိုလုပ်လျှင်
ဂုပိုင်ဆို–ဒီလိုဆိုလျှင်
ခွီးမပြောက်ကေ–ခွေးမပြောက်
နောင်ရဲကျော်–ခွေးအမည်
ခွီးပုဏ္ဏားကား–ခွေးအမည်
သံဂုလီ–ခွေးအမည်
ဖျက်ကတ်ခီစောင်–ဖျက်ကြရအောင်
ဟိုင်းခွီးဟိုင်းခွီး–ဟဲ့ ခွေးဟဲ့ ခွေး
ဒယော–ပုဆိုး၊ လုံချီ
ကြက်သျှေ–ကြက်ကလေး
ခွတ်ဘို့ဝီကေ–ခုတ်လို့ဝေလျှင်
အမြင်တုံးကေ–အမြင်ကပ်သည်၊ မမြင်ချင်၊ မုန်းသည်။

❖❖❖

## ရခိုင်မျိုးဆက်ရာဇဝင်

### ရိုးရာနှင့်ခေတ်နည်းစနစ်အခြေခံရေး

လူမျိုးတစ်မျိုးအား မည်သည့်အမျိုးအနွယ်က ဆင်းသက်လာသည်ကို စစ်တမ်းထုတ်ကြသည်။ ထိုသို့ ထုတ်ကြရာ၌ ကိုယ့်လူမျိုးတို့၏ ိုးရာသမိုင်းရာဇဝင်ကို အခြေခံလျက် ယှိုလာခဲ့ကြပေသည်။ သို့သော် ခေတ်အလျောက် လက်ခံနိုင်သော သမိုင်းနှင့် အစဉ်အဆက် ဆိုးယိုလာခဲ့ကြသည့် ရာဇဝင်သမိုင်းတို့သည် တူညီမှုဟူ မယှိုကြချေ။

သို့ရာတွင် ယခုခေတ်အလျောက် လက်ခံနိုင်သောသမိုင်းမှာ တိုင်းပြည်တစ်ပြည် လူမျိုးတစ်မျိုးတို့၏ မူလအစ ဆက်နွယ်လာပုံ အချိန်ကာလအလိုက်ဖြစ်စဉ်ကို ယထာဘူတ မနု ဗေဒကျကျ လေ့လာလျက် မှတ်တမ်းတင်နိုင်မှသာ ယနေ့ခေတ် အမြင် အယူအဆဖြင့် ကျနသေချာစွာ လက်ခံနိုင်လောက်ကြမည်ဖြစ်သည်။

ိုးရာရာဇဝင်များသည် ယခုခေတ်အခြေအနေ အယူအဆအားဖြင့် ဒဏ္ဍာရီဆန်လျက် အတိတ်မင်းဆက်များကို နှစ်ပေါင်းများစွာ ထောက်ပြကာ ကမ္ဘာကပ်ဦးသို့ နွယ်ထိုးပေးသဖြင့် ခေတ်သုတေသီများအဘို့ လက်ခံကြမည်မဟုတ်ဖြစ်သည်။

ထို့ကြောင့် ိုးရာရာဇဝင်များကို ခေတ်သုတေသီများအနေဖြင့် လက်မခံစရာ အကြောင်း အချက်များကြောင့်၎င်း၊ ပုံပြင်ဝတ ၊ဒဏ္ဍာရီများဖြင့်သာ ဖြည့်စွတ်လျက် ယှိုသောကြောင့်လည်းကောင်း၊ စင်စစ်အားဖြင့် အားကိုးမှုမပြုကြဘဲ ခေတ်သမိုင်း ဖြစ်ပေါ်လာရေးကိုသာ နည်းလမ်းရှာဖွေမှု ယှိုလာကြတော့၏။

ထို့ကြောင့်လည်း ိုးရာရာဇဝင်များ၊ ပေပုရပိုက်များသည် အသုံးနည်းပါး လာခဲ့ကြခြင်း၊ ဂ႑တစိုက်စုစည်း ရှာဖွေသိမ်းဆည်းမှု ကင်းပါးခြင်း၊ ကာလကြာမြင့်သဖြင့် ပျက်စီးပြုန်းတီးရခြင်းတို့ဖြင့် အလွန်ရှားပါးသော အဖြစ်သနစ်သို့ ဆိုက်ရောက်ခဲ့ကြရခြင်းဖြစ်ပေသည်။

သို့သော်လည်း ''ခလုတ်ထိမှ အမိတ''ဟူသကဲ့သို့ တကယ်တိတိကျကျ လေ့လာရန် လိုအပ်ပေက ထိုးရာမူရင်းမပါကလည်း အထောက်အကူ အခြေ မဖြစ်နိုင်မှန်းသိတော့မှ အရေးတကြီး ရှာဖွေစုဆောင်းရတော့ရာ''မိုးလွန်မှ ထွန်ချ''ဟူ သကဲ့သို့သော နောက်အကျကြီးကျ နှမြောတသမဆုံး ယူကျုံးမရဖြစ်ကာ အခက်အခဲနှင့်သာ ရင်ဆိုင်တွေ့ကြုံလာခဲ့ရသည်။

ထိုသို့အခက်အခဲနှင့် ကြုံတွေ့ကြရမှ သတိကြီးစွာရ အပူတပြင်လိုက်လံ ရှာရမည်မှာလည်း မလွယ်၊ အနည်းအပါး ရရှိကြသည်မှာလည်း အပျက်အစီးနှင့် မစုံမလင်၊ နှုတ်ငုံအာဂုံ ကျက်မိရယိုသူများလည်း သေကြေဆုံးရှုံးကြရတော့ရာ မည်မည်ရရ ဘာမှမသေမချာ ယောင်လည်လည်နှင့် ဇာတ်မျောမည့် စခန်းသို့သာ ရင်ဆိုင်ကြရတော့သည်။ ဤသို့အားဖြင့် ကြာလေနစ်လေ စိတ်ဓာတ်ပါပျက်ပြားပြီး လူမျိုးပါ ဆုံးရှုံးမှုဖြစ်လာနိုင်သည့်အတွက် သတိကြီးစွာယှိဖို့လိုအပ်ပေသည်။

ရခိုင်ပြည် ရခိုင်လူမျိုးတို့၏ ရာဇဝင်အဆက်အနွယ်ကို လေ့လာကြရာ၌ ခေတ်မီနည်းစနစ်ကျကျ မှတ်တမ်းတင် နိုင်သည့်တိုင်အောင် မူလအခြေခံသဘောကို မပျောက်စေဘဲ ထိန်းသိမ်းရန်လိုအပ်သည်။

ရခိုင်ပြည် ရခိုင်ရာဇဝင်အရဆိုလျှင်၊ ရခိုင်ပြည်၏အတိတ် မင်းဆက်များကို နှစ်ပေါင်းထောင်သောင်းချီ ပြဆိုလျက်ရှိလေသည်။ သို့သော် မှန်သည်မှားသည် ထားဦးတော့မည်သို့ပင်ဖြစ်စေ အထောက်အထားရမိစေရန် (မူုးရာဇဝင်) နှောင်းခေတ်ရာဇဝင်ပိုင်းကို အခြေခံမှီငြမ်းရမည့် အချက်အလက်လည်း ရှိကောင်း ရှိပေမည်။

## ရခိုင်မျိုးဆက် ရာဇဝင်ကောက်နုတ်ချက်

ထိုသို့အရေးအရာရှိလျှင် အကိုးသာဓက သက်သေပြရန် ဒဏ္ဍာရီဆန်သော အစဉ်အဆက် ဆိုးနှောင်း သမိုင်းဦးခေတ်အမှတ်အသား အကြောင်းအရာတို့နှင့်ပင် ဆက်စပ် ရာဇဝင် ဦးတည်ပြရမြဲဖြစ်သည့်အလျှောက်၊ ရခိုင်လူမျိုးတို့၏ သမိုင်းကို စီစစ်ရာ၌လည်း ရာဇဝင်ပါ ရှေးဦးကဏ္ဍမှပင် အခြေခံပြီးစတင်ရမည်ဖြစ်ပေသည်။

ရခိုင်သည် မာရယု ရခိုင်မင်းဆက်စကတည်းကပင် နှစ်ပေါင်းငါးထောင်ကျော်မျှ ကိုယ့်မင်းကိုယ့်ချင်းနှင့် နေထိုင်ခဲ့ကြောင်း၊ ဘိုးတော်မင်းတရာလက်ထက် သက ရာဇ် (၁၁၄၆)ခုကျမှ မြန်မာက ရခိုင်ကို အုပ်စိုးနိုင်ခဲ့ကြောင်း၊ မြန်မာသည် ရခိုင်ကို ဘကြီးတော်လက်ထက် (၁၁၈၅)ခု အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲထိ နှစ်ပေါင်း(၃၉) နှစ်မျှသာ အုပ်စိုးနိုင်ခဲ့ကြောင်း၊ ရခိုင်ရာဇဝင်အရသိရပေသည်။

သို့သော် ရခိုင်ရာဇဝင်အရ ရခိုင်မျိုးဆက်များသည် တွေးတောစရာ များစွာ ရှိနေရာ ခေတ်ဦးအမှတ်အသားနှင့်ဆက်စပ် လေ့လာနိုင်ကြရန်ငှင်း၊ နှောင်းခေတ် အယူအဆမှ အခြေခံသဘာဝမူ၌ ခေတ်မှီနည်းစနစ်ကျကျ လေ့လာမှတ်တမ်း တင်နိုင်ရန်ငှင်း၊ ရခိုင်ရာဇဝင်မူရင်းများမှ ရခိုင်မျိုးဆက်အစကို ရှာဖွေထုတ်နှုတ်

တင်ပြအပ်ပေသည်။

## ရခိုင်မဟာရာဇဝင်ကြီးမှလာသော ရခိုင်မျိုးဆက်

တပ်ဦးအစ မဟာသမတမင်း၏ အဆက်အနွယ်ဖြစ်သော မဇ္ဈိမရာဇ်တိုင်းကို အစိုးရသော မဇ္ဈိဒေဝမင်း၏ မြေးတော်ဖြစ်သော သာဂရမင်းသားသည် တိုင်းပြည် တည်ထောင်တော်မူရန် ဗိုလ်ခြေ တစ်ထောင်နှင့်တကွ ရသေ့ဆရာမြတ်တို့ပါ စုံလင်စွာ မဇ္ဈိမရာဇ်တိုင်းပြည်မှ မြောက်အရပ်စူးစူးသို့ ချီတက်တော်မူသည်။ ကစ္ဆပနဒီမြစ် လက်ဝဲဘက်ကမ်းထိပ် ချိုင့်ဝှမ်းသောအရပ်တစ်ခုသို့ရောက်သောအခါ ထီးနန်း စိုက်တော်မူပြီးလျှင် နိုင်ငံတော်ကို နယ်သတ်မှတ် မြို့တော်ကို ဖွဲ့စည်းတော်မူသည်။ သာဂရမင်းသည် နန်းတက်တော်မူ နိုင်ငံတော်ကို သိမ်းပိုက်အုပ်ချုပ် မင်းလုပ်တော် မူသည်။

မြို့တော်ကို အမျိုးလေးပါး မကွယ်မပျောက် မတိမ်ကွယ်စေခြင်းငှာ ဥတ ရမဓူမြို့ဟုသမုတ်သည်။ တိုင်းပြည်၏ အမည်ကိုလည်း ဗုဒ္ဓဟူးဂြိုဟ်မင်း ရာဟုဂြိုဟ်မင်းနံကို ဆောင်တော်မူ ရက္ခပူရတိုင်း၊ လူတို့၏အမည်ကိုလည်း ၎င်းနံဂြိုဟ်ကိုဆောင် ရခိုင်လူမျိုးဟု အမည်နာမပညတ်တော်မူလေ၏။

ထိုနေ့ကစ ‌တိုင်းခိုင်နိုင်ငံတော်၌ မင်းစဉ်မင်းဆက်နွယ် မပျက်ဘဲ ထီးနန်း စိုက်ထူ စိုးစံတော်မူကြသော တိုင်းပြည်ဖြစ်တော်မူလေသတည်း။

ထိုကိုရည် ရခိုင်ရာဇဝင်လင်္ကာ၌ ''ကုသဝတီ၊ သိင်္ဂီရွှေဘုံ၊ တည်တုံမပြား၊ တဆဲ့ငါးပြည်၊ အတည်တည်ဝယ်၊ စံသည်တွက်ကိန်း၊ အသိန်းမက၊ နောက်ဆုံး ကျတွင်၊ မဇ္ဈိမရာဇ်တိုင်း၊ ခွန်လှိုင်းသိမ်းယူ၊ စိုးတော်မူသား၊ ရာဇအားလျှင်၊ ဆက်ပွား မြေးလှ၊ သာဂရဒေဝ၊ မင်းမြတ်ကလျှင်၊ ဥတ ရမဓူ၊ ဇမ္ဗူကြေးမုံ၊ သာမျိုးစုံသည်၊ ရွှေဘုံနန်းထီး၊ စံမည်းသည်၊ ပြည်ကြီးအုပ်ကာ၊ စိုးလေခါ၌'' ဟူ စပ်ဆိုလေသတည်း။

ဤသည်ကား ရခိုင်အမျိုးအနွယ်၏ အစပေတည်း။

## ဒသနိပါတ်ဃတဇာတ်တော်မှလာ ရခိုင်မျိုးဆက်

ကပ ါဦးမဟာသမ္မတ၏ အဆက်အနွယ်ဖြစ်သော မဟာကံသမင်းသည် လူတို့ အသက် နှစ်သောင်းတမ်း၌ မဇ္ဈိမဒေသ ဥတ ရပထတိုင်း အသိတ ဉ္စနမြို့တွင် မင်းပြုရာ ထိုမင်း၏သမီးတော် ဒေဝဂဗ္ဘာမင်းသမီးနှင့် ဖော်ပြပါ ရက္ခပူရတိုင်း ဥတ ရမဓူမြို့ရှင် မဟာသာဂရမင်း၏ သားတော်ဖြစ်သော ဥပ သာဂရမင်းသားတို့ သင့်မြတ်ကြရာမှ ဝါသုဒေဝဗလဒေဝ စသောဒေသဘာတိက နောင်ညီတကျိပ်တို့ကို ဖွားမြင်လေသည်။

ထိုညီနောင်တို့သည် အရွယ်ရောက်လူလားမြောက်သောအခါ ဦးရီးတော် ကံသမင်းကြီးနှင့် ဥပကံသအိမ်ရှေ့မင်းတို့အားကျုံးစေ အသိတ ဉ္စနမြို့၌ မင်းပြု ကြလေသည်။

ထို့နောက် အသိတ ဉ္စနမြို့မှထွက် အစဉ်သဖြင့် စစ်ချီကြလေသော်

ကာလယောနကမင်းနေရာ အယုဇ္ဇမြို့ကို သိမ်းပိုက်ခဲ့ပြီး ရခိုင်ဘက်သို့လာ ဒွါရာဝတီမည်သော သံတွဲမြို့ကိုသိမ်းယူအုပ်စိုးကာ မြို့တော်သစ်တည်စိုက်ခဲ့သည်။

ထိုကိုရည် သံတွဲဘုရင်မ စောရင်မိစပ်ဆိုသော အဖြည့်ခံရတု၌ ''မင်းစောဒသ၊ ဘာတိကတို့၊ ဒီပဇမ္ဗူ၊ လုံးလုံးချူ ၊ ခွန်ယူသိမ်းမြန်း၊ ထီးနန်းတည်ရာ၊ မယ်တို့ရွာလည်း၊ ဒွါရာဝတီ၊ သိင်္ဂီရောင်လျှံ၊ မြို့ရှင်ပျံဝယ် ..''ဟူ ၎င်း၊ ရခိုင်ရှေးထုံး ရာဇဝင်လင်္ကာ၌ ''ဇမ္ဗူခွင်၌၊ ဘုရင်ပြိုင်ထူ၊ ဝါသုဒေဝ၊ဗလဒေဝ၊ မင်းလှညီနောင်၊ တကျိတ်အောင်တို့၊ ဖျက်ဆောင်တူဖြို၊ နဂိုရ်အောင်ချာ၊ တူပြိုရာကို၊ စဉ်လာကျော်ချောက်၊ မြို့တော်ပေါက်ဟု၊ ယခုတိုင်တွင်၊ အောင်မြင်မလွှဲ၊ သံနှင့်တွဲ ၊ သံတွဲတွင်လေ၊ သာမောစည်လျှင်၊ သဘာင်ကြီးရှည်၊ စံရှင်ပေသည်၊ ဆိုလေနတ်ဘုံ၊ မမှားတုံဟု၊ လူ့ဘုံအောင်ချာ၊ စံကြပါ၏''ဟူ ၎င်း၊ မော်ကွန်းစာဆို နဝဒေးသည် ရခိုင်နိုင်မော်ကွန်း၌ ''ဝါသုဒေဝ၊ ဒသညီနောင်၊ မင်းကုန်အောင်တို့၊ ပြောင်ပြောင်ဇမ္ဗူ၊ လှည့်သိမ်းယူသော်၊ ၂၂၂ပြင်လယ်၊ ၄ုက်နယ်ပျံ့ဝဲ၊ မြို့သံတွဲဝယ်၊ ၀ုန်သဲဟည်း၂၂၊ မြည်းဘီလူးကို၊ ပွဲဦးခင်းလှစ်၊ မင်းချည်းဖြစ်က..''ဟူ ၎င်း စပ်ဆိုလေသည်။

ဤသည်ကား ဒသနိပါတ်ဃဋပဏ္ဍိတဇာတ်၌လာသော ၀တ၂စကား အစည်တည်း။

ဤသည်လည်း ရခိုင်အမျိုးအနွယ်၏ ဆင်းသက်ရာ အစတစဖြစ်ပေသည်။

## မာရယုဆက်မှလာသော ရခိုင်အမျိုးဆက်

ထိုနောက်မှ မဇ္ဈိမဒေသ ကပိလဝတ်ပြည်မှ ရှင်ဘုရင်အဖွဲ့နသည် ရသေ့ပြုပြီး နောက် တတောဝင်ဝင် တပြင်ထွက်ထွက်လာခဲ့ရာ ရခိုင်ပြည် ကစ္ဆပနဒီမည်သော ကုလားတန်မြစ်ဖျားသို့ရောက်သောအခါ ဣန္ဒြမာယုမည်သော ဆတ်မ သို့မဟုတ် သက်အမျိုးသမီးနှင့် သင့်မြတ်ကြရာ မာရယုမည်သောသားကို မွေးဖွားလေ၏။

မာရယုသည် အရွယ်ရောက်သောအခါ လူအများအား အန္တရာယ်ပြုနေသော ဘီလူးတို့၏ ရန်ကိုလေးမြ ၁းဖြင့် ဖြိုခွင်းသတ်ပြီး ဝေသာလီမြို့တွင် မင်းပြု၏။ ဓညဝတီမြို့ကိုလည်း တည်ထောင်တော်မူ စိုးစံခဲ့လေသည်။ ထိုမင်းကား ရခိုင်ရာဇဝင်တွင် မှတ်တမ်းတင် ရခိုင်မင်းဆက်များ၏ အစမင်းပင်တည်း။

ထိုကိုရည် ရခိုင်မင်းသမီး ချောင်းခေါ် မောက်တော်ချောင်း ၌ ''ဧး–တော့ကာကာ၊ မည်သာဓည၊ ပြည်မထိပ်ဖျား၊ သိကြားပေးနှင့်၊ လက်နက်ရင်း ၊ ထိုမင်းမာရယု၊ တည်စပြုက''ဟူ ၎င်း၊ ရခိုင်ရာဇဝင်လင်္ကာ၌ ''သိကြားလက်နက်၊ ထိန်ထိန် ထွက်သည်၊ စကြာအရောင်၊ ဝင်းဝင်းပြောင်နှင့်၊ တောတောင်ခိုမှီ၊ အလဇ္ဇီဘီလူး၊ လူစားကြူးကို၊ ဂုဏ်ထူးအာဏာ၊ ဘုန်းမိုးဖြာ ၊ လိုရာအောင်မြင် အောင်မြို့ဝင် ၊ ခေါ်တွင်ရခိုင်၊ ခုတိုင်မပျက်၊ မော်ကွန်းထွက် ၊ မင်းဆက်ပျော်မှီ၊ ဝေသာလီတွင်'' စသည်ဖြင့် စပ်ဆိုလေသည်။

ထိုသို့ ဘီလူးရက္ခိုက်တို့ကို ထိုးသတ်ပယ်နှင်ရာဖြစ် ရခိုင်ပြည်၊ လူမျိုးကိုလည်း ရခိုင်လူမျိုးဟု ယနေ့တိုင်အောင်တွင်သည်။

ဤသည်လည်း ရခိုင်အမျိုးဆက်၏ အစပေတည်း။

မာရယုမင်းဆက် အုပ်စိုးပြီးနောက် ရခိုင်ပြည်တွင် ကံရာဇာကြီးမင်းဆက် အုပ်စိုးခဲ့သည်။ ထို့နောက် စန္ဒသူရိယမင်းဆက်၊ မဟာစန္ဒြာမင်းဆက်၊ မြို့မင်း အမြတ္တူမင်းဆက် စသည်ဖြင့် မင်းဆက်ပေါင်း မြောက်များစွာအုပ်စိုးခဲ့သည်။

ထိုရခိုင်ပြည်သည် သီးခြားတိုင်းပြည်တစ်ခုအဖြစ် ကိုယ့်မင်းကိုယ့်ချင်းဖြင့် နှစ်ထောင်ပေါင်းများစွာ ထီးနှင့်နန်းနှင့်ကြငှန်းနှင့် နေထိုင်ခဲ့ကြသဖြင့် ရခိုင်ယဉ်ကျေးမှု အဆောက်အအုံသည်လည်း ကြီးမားခဲ့ပေသတည်း။

## ရခိုင်ပြည်နှင့် ဝတီလေးရပ်မျိုးဆက်

ငမည်းရာဇဝင်၌ကား ဤသို့ဆိုလေသည်။

''အန္တရကပ် တဆဲ့တကပ်မြောက်၌ တင်မြေ ၁က်အပ်သော မဟာသမ္မတမင်းမှ စ ဝရမန္တာတုမင်းဖြစ်တော်မူသောအခါ ထိုမင်း၏သားတော်သည် ဂဇာပတိ၊ အ ပတိ၊ နရာပတိ၊ ဝဏ္ဏပဘာဟူ လေးယောက်ရှိလေသည်။

''ထိုလေးယောက်တို့တွင် ဂဇာပတိသားတော်အား ဇမ္ဗူဒိပ်ကျွန်း၏ မြောက်ပိုင်းကို၊ အ ၁ပတိသားတော်အား ဇမ္ဗူဒိပ်ကျွန်း၏ တောင်ပိုင်းကို၊ နရပတိသားတော် အား ဇမ္ဗူဒိပ်ကျွန်း၏ အရှေ့ပိုင်းကိုပေးတော်မူလေသည်။ အငယ်ဖြစ်သော ဝဏ္ဏပဘာကိုမေးတော်မူရာ မိမိကံအားပေးရာကိုလိုပါသည်ဟု လျှောက်သဖြင့် 'ကံမြင့်ရာဇာ'ဟု တွင်ပေ၏။

''ထိုကံမြင့်ရာဇာအား ဂဝံပတိ ပရမီသွာနတ်မင်းတို့ ဖန်ဆင်း တည်ထောင် ပေးအပ်သောကြောင့် ဓညဝတီ၊ မေဃဝတီ၊ ရမ္မာဝတီ၊ ဒွါရာဝတီပြည်တို့ ဖြစ်ထွန်း ပေါ်ပေါက်လာကြောင်းနှင့်ဆိုလေသည်။ ထို့ကြောင့် ရခိုင်ပြည် ရက္ခပူရဝယ် ဝတီလေးရပ် တည်လတ်ထွန်းသဖြင့် ရခိုင်အမျိုးဆက်များ နေထိုင်လာခဲ့ခြင်းဖြစ်သ တည်း''။

အင်းစောက်ရာဇဝင်နှင့် ဘုရားဓါတ်တော်သမိုင်း၌ က ပမြတ်စွာဘုရား သာသနာတော်အတွင်း ကောရဗျမင်းတိုင်း၌ ကောရဗျမင်း မင်းပြုသည့်အခါ ငါတို့ ဘုရားအလောင်းသည် ဝိဓူရအမတ်ဖြစ်လေသည်။ ထိုကောရဗျမင်း တစ်ဆယ့်နှစ်ဆက် မြောက်မင်းလက်ထက် နဂါးညီနောင်တို့ဖျက်လာ ပျက်လေလျှင် ဒွါရာဝတီ သံတွဲမြို့ကို တည်ထောင်လျက် မင်းစောသည် ဆက်ခံနေကြောင်းနှင့် ဆိုလေသည်။

ဤသည်လည်း ရခိုင်မျိုးဆက် အစတရပ်ပေတည်း။

ယင်းသို့ ဆိုအပ်သော စကားများကိုလည်း ထောက်ထား ဆင်ခြင်ယူရမည်ဟု တောင်ကျောင်းဆရာတော်ဆိုသည်။ ဤသို့ ပြဆိုအပ်သော ရာဇဝင်စကားတို့သည်

တင်စားသည့်ပင်ဖြစ်စေ၊ မှန်သည့်ပင်ဖြစ်စေ၊ စင်စစ်မှာမူ ဝါသုဒေဝမင်းညီနောင် တကျိတ်တို့ မလာမရောက်မီကပင် ဒွါရာဝတီ၊ ဝေသာလီစသော ရခိုင်ပြည် မဟာဝိဟိကတိုင်း၌ ရှေးရှေးသော မဟာသမ္မတမင်းတို့၏ အဆက်အနွယ်တော် ဖြစ်သော မင်းများတို့ ပြုစုတည် ထောင်နေထိုင်တော်မူဖူးကြသော တိုင်းပြည်ဟူ ကား မှတ်သားရန် သင့်ပေကြောင်းဟူ လည်း ရခိုင်ရာဇဝင်သစ်ဆရာ တောင်ကျောင်းဆရာ တော်ကြီးက ထောက်ခံရေးသားထားလေသည်။

## ရမ္မာပူရ ရမ္မာဝတီမှ ရခိုင် ဖြစ်ထွန်းခြင်းများ

ထို့နောက် ရခိုင် ရှေးဟောင်းသမိုင်းစာတမ်း၊ လက်ရေးရာဇဝင်မူတစ်ခု၌လည်း ရခိုင်အမျိုးဆက်ဖြစ်ထွန်းလာပုံများကို ဤသို့ရေးသားပါရှိသည်။

ကမ္ဘာဦးပထမ ခတိ ယသမ္မတမင်းကြီးမှစ သုံးသိန်းသုံးသောင်း လေးထောင် ငါးရာခြောက်ကျိတ်ကိုးယောက်သော မင်းအပေါင်းတို့ အရင်းအစ မူလပထမ ဦးစွာ ဆင်းသက်လာပြီးနောက်သောဥာသ တဆယ့်ခြောက်တိုင်းတို့တွင် အပါအဝင်ဖြစ်သော ရမ္မာပူရတိုင်း၊ ရမ္မာပူရပြည်ကို ရရှိလေသည်။ သမုတိ ဒေဝမင်းမှစ ရခိုင်အမျိုးဟု ဖြစ်ထွန်းလေသည်။

ထို့ကြောင့် ရခိုင်မင်းသမီးချောင်း၌ ''ရခိုင်မည်သာ၊ မဟာသမတ၊ ခတိ ယ၏၊ ဆက်မှတသွယ်၊ အနွယ်ကိုပ၊ နေလပုံခင်း၊ ထွန်းပလျှင်းဟု၊ သတင်းစကား၊ နာသူများနှင့်''ဟု စပ်ဆိုခဲ့လေသည်။

ဝါးကျောင်းဆရာ ပဏ္ဍိတ်ရခိုင်ရာဇဝင်လင်္ကာ၌ ''ရခိုင်နာမည် ဤရွှေပြည်ကို ဦးတည်မည်ရှိ၊ သမုတိဟု၊ ဘူမိသခင်၊ တန်ခိုးထင်သည်၊ ဗုဒ္ဓင်္ကုရ၊ လောကခေါင်ချာ၊ မဟာသမတ်၊ မင်းမြတ်ပုတေ ၁၊ ဝရောဇခေါ်၊ သားတော်ဆက်စိုး၊ အမျိုးစဉ်လာ၊ ကုသာနာမ၊ ဗာရဏာဆို၊ ရာဇဂြိုဟ်ဝယ်၊ မြို့ပြည်တည်လျက်၊ ထိုသည်ကဖြန့်၊ နယ်ခြားကန့် ၊ ဖွားဆန့်ထီးဆောင်း၊ မင်းအပေါင်းတို့၊ ရောင်မောင်းလင်းထိန်၊ ရွှေနန်းအိမ်ထက်၊ စည်းစိမ်ခံကြ၊ ခတိ ယတွင်၊ ဧကစက္ကူ၊ နာမည်ပြုလျက်၊ ပြည်ဟုမော်ကွန်း၊ တည်ထွန်းမြောက်ပြီး''ဟု စပ်ဆိုခဲ့လေသည်။

ထိုသမုတိ ဒေဝမင်းအနွယ်တော် ဝရရာဇညမင်းနှင့် သုဝဏ္ဏဏကလျာတို့ရလျက် မင်းလုပ်တော်မူလေသည်။ ထိုအခါ ကောဏဂုံဘုရား ပွင့်တော်မူလေ၏။ ထိုသို့ တိုင်းကြီးတစ်ဆယ့်ခြောက်၊ တိုင်းပြည်ကြီး တစ်ဆယ့်ခြောက်ပြည်တို့သည် ထွန်းကား ပွားများလာလျှင် တရာ့တစ်ပါးသော မင်းတို့သည် ခွဲလျက်အသီးသီးဖွဲ့စည်းတော် မူလေ၏။

ထိုသို့ဖွဲ့စည်းကြသည်တွင် သာဂရဒေဝမင်း၊ ၎င်းသားမဟာ သာဂရဒေဝမင်း၊ ၎င်းသား သာဂရမင်းနှင့် ဥပ သာဂရမင်းဟူ သားတော်နှစ်ပါး၊ ဒေဝကံသ်မင်း၊ ၎င်းသား မဟာကံသ်မင်း၊ ၎င်းသား ကံသ်မင်းနှင့်ဥပ ကံသ်မင်းဟူ သားတော်နှစ်ပါး၊

သမီးတော်ဒေဝဂဗ္ဘမင်းသမီး၊ အထိန်းတော် အဏ္ဍာကဝေဏ္ဍာ၊ နန္ဒိဂေါ ပါလနှစ်ယောက် (ဥပ သာဂရ-ဒေဝဂဗ္ဘ)သားတော် ဝါသုဒေဝ စသော မင်းညီနောင် တစ်ကျိတ်တို့သည် အန္ဓနြမ္မဒဝီ မိဖုရားနှင့်တကွ ဒွါရာဝတီမြို့၌ မင်းလုပ်တော်မူလေသည်။ ထိုအထက် ဆိုခဲ့သော သာဂရမင်းမြတ်တို့သည် အသိတ္ထပြည်သို့ ဥတ ရမ္မဝူရမြို့တော်ဟု တည်တော်မူလေသည်။ ထိုသို့ တိုင်းပြည်ဖွဲ့သောအခါ သမယကစ ရခိုင်လူမျိုးဟု ဖြစ်ထွန်း ပေါ်ပေါက်ကြလေသည်။ ထိုမှရှေးနည်းတူ ဝေသာလီ၊ ဓညဝတီဟူ အစဉ်ဖြစ်ထွန်း ခဲ့လေသတည်း။

## ရခိုင်ဇာတိဝံသ မော်ကွန်းလာ ရခိုင်မျိုးဆက်

ကျွန်ုပ်တို့သည် ရှာဖွေရရှိထားသော မော်ကွန်းစာတမ်းတစ်ခုရှိသည်။ ထိုမော်ကွန်းစာတမ်းကို ရခိုင်ဇာတိဝံသ မော်ကွန်းစာဟု ခေါ်သည်။ ပေပေါ်တွင် အစဉ်အဆက် ရေးမှတ်ထားသဖြင့် အစဉ်တည်လာသော မော်ကွန်းသမိုင်းစာလည်း ဖြစ်သည်။ ရခိုင်ပြည်၊ ရခိုင်လူမျိုးဆက်၊ ရခိုင်မင်းစဉ်၊ ရခိုင်ပြည်အုပ်ချုပ်ပုံ စနစ်ဖွဲ့စည်းခြင်းစသည်တို့ကို အကျဉ်းမော်ကွန်းတင်သမိုင်းဖြစ် တန်ဘိုးရှိသော စာတမ်းတစ်ခုဖြစ်သည်။ ထိုစာတမ်းမှ ရခိုင်ပြည်နှင့် ရခိုင်လူမျိုးဆက် အကြောင်းကို ကောက်နုတ် ဖော်ပြလိုပေသည်။

''မဇ္ဈိမဒေသတိုင်းပြည်၌ ဘုန်းတန်ခိုး ကြီးမြတ်တော်မူသော စကြာဝတီ မန္ဒာတ်မင်းသည် နတ်ရွာစံ ကံတော်ကုန်သည့်ကာလ သားကြီးလေးပါးတို့ကို တိုင်းပြည်ကိုခွဲဝေ ပေးပြီးသည့်နောက် နောက်မှပေါ်ထွက်ရောက်လာသော သားငကျန်တစ်ယောက်ကို ရက္ခပုရသို့သွား ထည့်လိုက်သော လူအပေါင်းတို့နှင့် မင်း၏စည်းစိမ်ကို ခံစားလျက်နေလေဟု ခမည်းတော်မင်းကြီးက အမိန့်အာဏာ ပေးလိုက်သည့်အတိုင်း သားတော်ကလည်း ခမည်းတော်စကားကိုနာခံ လူအများတို့နှင့် ရက္ခပုရသို့ဝင်ပြီးလျှင် ကုလားတန်မြစ်ညာ လက်ဝဲလက်ယာနှင့် ရက္ခဘီလူးတို့ကို ကြောက်သောကြောင့် စု နေကြကုန်၏။ ထိုအခါ ဘုန်းကံကြီး မားသော မဇ္ဈိမဒေသအရပ်က၊ ကပိလဝတ်ပြည်သျှင်မင်းကြီးသည် ရသေ့လုပ် ရက္ခပုရသို့ ရောက်လာသည်ရှိသော် ရသေ့တို့၏ ကျင့်ဝတ်အဌသီဖြင့် ကျင့်ဆောက်တည် နေသောအခါ ရှေးရှေးသော ဘဝက ခြေရင်း၌ အလုပ်အကျွေး ဖြစ်ခဲ့ဘူးသောကြောင့် ယခုဘဝ၌ သမ္ဘာချင်းမတူသော်လည်း ရှေးကြောင်းရင်း ဆုံလေ သောကြောင့် ကွ္လန္ဒမာရီဆတ်မသည် ကပိလရသေ့နှင့် သင့်နေစံပျော်လေသောကြောင့် မာရယုအမည်ရှိသော သားကိုရလေ၏။

ထိုမင်းသားသည် ကြီးလတ် မောင်းမမိဿံခြွေရံတို့နှင့်တကွ ခြံရံလျက် ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာ စိုးစံတော်မူ ထိုမင်းသည် အိမ်နိမ့်(၁၈)နှစ် နန်းစည်းစိမ်(၆၂)နှစ်ကိုခံလေ၏။ မာရယုမင်း၏ဘုန်းတော်ကြောင့် သိကြားမင်းသည်

နတ်စကြာဖြစ်သော လေးလက်နက်ကိုအပ်လေ၏။

ထိုမင်းလည်း ရက္ခဘီလူးတို့ကို ခွင်းသတ်လျက် ဘီလူးတို့ သေဆုံးပျက်ပြုန်းသည့်ကာလ၊ ဘီလူးမရှိသောကြောင့် တိုင်းသားပြည်သူ လူအပေါင်းတို့သည် အေးချမ်းစွာ လုပ်ကိုင်စားသောက် နေလေကြကုန်၏။

ပြည်သူအပေါင်းတို့သည် အချို့သောသူတို့ကား ကုလားတန်မြစ်ညာမှ လုပ်စားလေသောကြောင့် အညာသားဟုခေါ်ကုန်၏။ ကာလရှည်မြင့်သောကြောင့် အညာသားအမည်ပျောက် ကျောက်တော်သားဟု ဘွဲ့များသာရလာသည်။ နေရာအရပ်ကိုအစွဲပြု အခေါ်ခံရလေသည်။ အချို့သော သူတို့ကလည်း ကုလားတန်မြစ်လက်ဝဲလက်ယာချောင်းငယ်ကိုဝင် လုပ်စားလေသောကြောင့် ချောင်းအမည်ကိုလိုက် အခေါ်ခံရလေသည်။ ကာလရှည်လျားမြင့်ကြာလတ်သည်ရှိသော်၊ ချောင်းအမည်ပျောက်လျက် ချောင်းသားဟု ခေါ်လေကုန်၏။ ကုလားတန်မြစ်မိုးတွင် လုပ်စားလေသောကြောင့် မိုးသားဟုခေါ်ကုန်၏။ အချို့သောသူတို့က ကုလားတန်မြစ်ဝ၌ ရဂိုင်တို့ကို ခုတ်ထစ်လျက် လုပ်စားသောကြောင့် ရဂိုင်သားဟု ခေါ်တွင်လေသည်။ ကာလမြင့်ကြာရှည်လျား လတ်သည်ရှိသော ရဂိုင်သားအမည် ပျောက် ရခိုင်သားဟု အမည်တွင်လေသည်။ ၎င်းတဖန် ကာလရှည်မြင့်လတ်သည်ရှိသော် မိမိတို့နေရာအရပ်ကိုအစွဲပြု ကျွန်းအမည် ရွာအမည် လူအမည်တွင်လေကုန်၏။

ဓညဝတီပြည်ကို ရှေးရှေးသော လူအပေါင်းတို့နှင့်တကွ မင်းအပေါင်းတို့သည် ရက္ခဘီလူးရှိသောကြောင့် ရက္ခပုရဟု သမုတ်ခေါ်ကြလေသည်။ ရက္ခဘီလူးတို့ သေပြီးသည့်နောက် တောရဂိုင်ကိုခုတ်ထစ် စားသောကြောင့် ရခိုင်ပြည်ဟု ခေါ်တွင်လေသည်။

ထိုရခိုင်ပြည်ကြီးသို့ ဘုရားသခင်ကြွလာတော်မူသောအခါ နာမသလဲ ဆန်စပါးပွားများသည်ကိုမြင် ချီးမွမ်းတော်မူလေသည်။

''ဠာနေ ဓညဝတီယံ သမ နေ ။ ဟတိ အ ဂဟပတိလက်ာ ရိတံလဘလ ဘေဟိပူရေတု''ဟူ ပါဠိတော်ဖြင့် စပါးပွားများသောကြောင့် ဓညဝတီဟု ချီးကျူးတော်မူလေသည်။ ယခုထက်တိုင် ဓညဝတီပြည်ကြီးဟု လူအပေါင်းတို့ ခေါ်ဝေါ်သမုတ်ကြကုန်၏။''

တောရကြိုင်ကို ခုတ်တည်ထွင်ကျင်း လုပ်ကိုင်စားသောက်လာသော လူမျိုးဖြစ်သဖြင့် ရကြိုင်လူမျိုးဟူ တွင်လာသည်မှ ရခိုင်ဖြစ်လာကြောင်းကို ဝါးကျောင်းဆရာ ပဏ္ဍိကလည်း ဤသို့လျှင် ဥတိန္န လင်္ကာနိဂုံး၌ စပ်ဆိုခဲ့လေသည်။

''ရခိုင်ဟူသည်၊ ပြည်နာမည်ကား၊ ဥတည်အစ၊ မှိုင်းပျညိုမှောင်၊ ကြီးသောတောင်မှ၊ ရေမြောင် ဆင်းစီး၊ ခရီးဝီးဆန့်၊ ရှည်အဓွန့်ကြောင့်၊ လိမ်တွန့်မော်ဖြစ်၊ ပတ်ရစ်ဆက်သွယ်၊ ကျယ်ထက်ကျယ်လျှင်၊ ပင်လယ်သို့ပေါက်၊ သမုဒ်ရောက်အောင်၊ ကမ်းလျှောက်သစ်စည်၊ စပ်ယှည်ပေါင်းမြက်၊ နွယ်ခြုံယှက် ၊ ချောင်းတက်ကြီးငယ်၊

သွယ်သွယ်ဟိထ၊ ကစ္ဆပဟု၊ မည်ရနဒီ၊ မြစ်ကိုမှီလျက်၊ ခုတ်တီထွင်ကျင်း၊ လယ်ကွင်းဆိုင်မြိုင်၊ တောရကြိုင်ကို၊ လုပ်ကိုင်မြို့တည်၊ ကာလရှည်သော်၊ တိုင်းပြည် ရခိုင်၊ ခုတိုင်မော်ကွန်း၊ သမိုင်းထွန်း၏''။

ထိုသို့ရခိုင်လူမျိုးတို့၏ တည်ရှိလာသော ရခိုင်ပြည်အကျယ်အဝန်းကို ဝါးကျောင်းဆရာပဏ္ဍိသည် ဥတိန္န လင်္ကာနိဂုံးတွင် ဤသို့ စပ်ဆိုဖေါ်ပြထားခဲ့လေသည်။

''ရှည်မြင့်မူလ၊ ပဌမက၊ ရဋ္ဌသမိုင်း၊ ဤသည်တိုင်းကား၊ ကျယ်ဝိုင်းနယ်ဆက်၊ အနောက်ဖက်မှာ၊ ပစ္ဆိမာနှင့်၊ ဒါဂါမြစ်လျှောက် မြောက်ကိုတောင်ညှို၊ ကုန်းကို ထိခံ၊ အာသန်ချင်းတွင်း၊ ချောင်းဆင်းရေတွက်၊ ရှေ့ဖက်ဒီသာ၊ ရောဝတီ၊ မြစ်ဆီ ခြားကန်၊ ငဝံထိပ်မျှောင်၊ ရှေတောင်အဂ္ဂ၊ ဒက္ခိဏာခွင်၊ မော်တင်ရေလှုပ်၊ သမုတ်ဝင်လေ၊ ရခိုင်နယ်လျှင်၊ ဝှမ့်ကျယ်ခရီး၊ ပြည်ကြီးဟုကျော်၊ ခုတိုင်ခေါ်၏''

ရခိုင်ပြည်တွင် ရမ္မာဝတီ၊ ဓညဝတီ၊ ဝေသာလီ၊ ဒွါရာဝတီဟူသော ဝတီလေးရပ်ပိုင်းခြားအပ်ပြီး မြို့ကြီးလေးမြို့တည်ချခဲ့လေသည်။ ထိုမြို့တို့၏ အမည် ဖြစ်ရပ်ကို ရခိုင်ရာဇဝင် နိသျှပေမူ၌ ဤသို့ဖော်ပြထားသေး၏။

ရမ္မာဝတီ–အထူးထူးသောဝတ္ထုတို့ဖြင့် ပြည့်စုံလျက် နှလုံးမွေ့လျော် ပျော်ဖွယ်ဟိသောကြောင့် ရမ္မာပုရဟု အမည်ပေးကြကုန်၏။

ဓညဝတီ–အထူးထူးသော စပါးမျိုးတို့ဖြင့် ပြည့်စုံထွန်းကား လတ့်သော အကြောင်းကိုမြင်သဖြင့် ဓညဝတီဟု အမည်တွင်စေ၏။

ဝေသာလီ–ဇမ္ဗူတဝှမ်း ကုန်သည်တို့သည် နောင်ရတနာ အတိပြည့်ဖြိုး လတ်လျှင် ကုန်သဘော်လှေတို့သည်လည်း ဆိုက်လာလတ့်သော အကြောင်းကိုမြင် ဝေသာလီဟူ အမည်ပေးကြကုန်၏။

ဒွါရဝတီ–ယင်းမြို့သည် ကောင်းကင်သို့လည်းကောင်း၊ သမုဒ္ဒရာသို့ လည်းကောင်း၊ ထွက်လည်း ထွက်ပြန်နိုင်လေ၏။ ဝင်လည်းဝင်ပြန်နိုင်လေ၏။ လေးတံခါးဝ၌ ယန္တြားနှင့်တူသည်ကြောင့်ဟူ ဒွါရဝတီဟုတွင်၏။

## လက်ဝဲလက်ယာ (၉၉) မြို့စီ

ဤသို့ဖြစ်ထွန်းခဲ့ကြသော ရခိုင်ပြည်တွင် ရခိုင်မင်းများသည် ကစ္ဆပနဒီမြစ် အရှေ့အနောက် ကိုးဆယ့်ကိုးမြို့စီအားဖြင့် မြို့ပေါင်း (၁၉၈)မြို့များကို တည်ထောင် ခဲ့ကြကုန်၏။ ထိုလက်ဝဲ လက်ယာ (၉၉)မြို့စီ တည်ထားခဲ့ကြသည်ကား ဝါသုဒေဝအစ သမ္ဘတမင်းအဆုံးရှိသော မင်းဆက်ပေါင်း တစ်ဆယ့်ကိုး (၁၉)ဆက်၊ မင်းပေါင်း နှစ်ရာ့ငါးဆယ့်ရှစ် (၂၅၈)ယောက်တို့တွင် ဘုန်းအင်ကြီးမားသော မင်းတို့တည်ထောင် ပြုစုအပ်သော မြို့များသာဖြစ်သည်ဟု ရခိုင် ရာဇဝင်သစ်ဆရာဆိုလေသည်။ ဓညဝတီရာဇဝင်သစ် ဆရာကလည်း ''နန်းစဉ်မပြတ် ဆက်ကာဆက်ကာ တည်ထောင်သောမြို့တို့သာဖြစ်ကြောင်းဖြင့် ပြဆိုလေသည်။ ကစ္ဆပနဒီ လက်ဝဲ လက်ယာဟုပင်ဆိုသော်လည်း ရခိုင်ပြည် အနှံ့အပြားရှိခဲ့သည်ဟု သိမှတ်ရာ၏။

ထိုမြို့များမှာ ကစ္ဆပနဒီမြစ်ကို ပိုင်းခြားသတ်မှတ်လျက် ရေတွက်ထားခဲ့ခြင်းကြောင့်သာ ဤသို့ ကစ္ဆပနဒီဝဲယာမြေကိုဖော်ပြခြင်းဖြစ်ရာသည်။ ထိုဝဲယာ (၉၉)မြို့စီတွင်မပါဘဲ ကျန်ရှိရစ်သော မြို့များလည်းရှိသေးသည်။ ထိုမြို့များကား မင်းပါတည်သော သီရိဝတီမြို့၊ ကိန်းသာမြို့၊ ရေချမ်းဝတီမြို့၊ ဓေယျရန်ကုန်မြို့။ ထို့ပြင် ချင်းပျံတည်သော သရက်ချိုမြို့၊ ဓေယျဝတီမြို့တို့ ဖြစ်ကြသည်) သို့သော်လည်း ရခိုင်ရာဇဝင်ကြီးက ဝတီလေးရပ်လုံးတွင်ပါဝင်သဖြင့် ရခိုင်တစ်ပြည်လုံး အနှံ့မြို့တော်တည်ခဲ့ကြောင်း ပြဆိုထားလေသည်။

ထိုကိုရည် ရခိုင်ရာဇဝင်လင်္ကာ၌ ''အသမ္ဘိန ၊ ခတိ ယဟု၊ ဝါသုဒေဝ၊ မင်းကစ ၊ ကစ္ဆပနဒီ၊ မြစ်ကိုမှီလျက်၊ လက်ဝဲလက်ယာ၊ များစွာမြို့ပြည်၊ တည်ခဲ့ပေမှ၊ နောက်ဆုံးကျသည်၊ တေဇပြင်းထန်၊ သရဘန်မင်း၊ ဆက်ပြန်လျှင်းသည်''ဟူ လည်းကောင်း။

ပေါရာဏရာဇဝံသ အဆုံးမှာ ''ပူရီမဟာ၊ မြို့မြတ်စွာတွင်၊ လက်ယာလက်ဝဲ၊ သာထူးကဲနှင့်၊ အ–အဲလှျံညီး၊ ထွေထွေစီးသည်၊ မြစ်ကြီးမြမြ၊ ကစ္ဆပနဒီ၊ မှိုင်းရီသာလှ၊ ဆိပ်စကမ်းသာ၊ လက်ယာ လက်ဝဲ၊ ကိုးဆယ့်ကိုးမြို့၊ ထိုသို့မခြား၊ လက်ဝဲနားလည်း လက်ယာချည်းဖြင့်၊ ပြည်ထည်းထွေထွေ၊ သာလေလေနှင့်၊ ရွှေမြေရပ်စည်၊ နတ်တိုင်းပြည်သို့၊ တူမည်ဘက်လွတ်၊ နိုင်ငံမြတ်ကို၊ အုပ်ကွက်ပိုင်သ၊ အစိုးရသည်၊ ဘဝသခင်၊ ရွှေနန်းရှင်ဟု၊ ဘုရင်ရာဇာ၊ ခတိ ယာတို့ ဝံသစဉ်လာ၊ ဆက်နွယ်ကာလျှင်၊ ရတနာဆန်း၊ ပြောင်မွန်မြင့်မြတ်၊ နဝရတ်ထူးကဲ၊ ဖျင်ပဲးများမြောင်၊ မနောဆောင် ၊ ဘုန်းရောင်တောက်ပ၊ စိုးစံကြ၏''ဟူ လည်းကောင်း။

ဝါးကျောင်းဆရာရေး ရခိုင်ရာဇဝင်လင်္ကာ၌ ''ကစ္ဆပနဒီ၊ မြစ်ဆီလက်ယာ၊ မြို့ရွာတည်ချဲ့၊ ဘုံနန်းဖွဲ့သား၊ ကိုးဆယ့်ကိုးမြို့၊ လက်ဝဲသို့လည်း၊ မချို့လည်းကောင်း၊ မြို့အပေါင်း၌၊ ထီးဆောင်းကြိမ်ကြိမ်၊ အသမ္ဘိန်ဟု၊ ဇနိန္ဒြရာဇ်၊ စည်ကာဖြစ်သည်၊ နွယ်စစ်ဆက်ကာ၊ ဆက်ကာတည်း''ဟူ လည်းကောင်း။

''စန္ဒသူရိယမင်းလက်ထက် ဘုရားရှင်ကြွရောက်စဉ် ချစ်သားအာနန္ဒာ၊ ဓညဝတီပြည်၌ ကစ္ဆပနဒီ ကုလားတန်မြစ်သည်၊ (၅၀၅)စင်းတွင် အကျုံးဝင်သည်။ ထိုမြစ်၏အရှေ့ဘက်၌ (၉၉)မြို့၊ အနောက်ဘက်၌ (၉၉)မြို့တို့ကို မင်းတို့တည်ထား စိုးစံ ၊ မြို့ပြပြည်ရွာတို့ဖြင့် ပြည့်နှက်စည်ကားလျက် ထင်ရှားမြင့်မြတ်သော တိုင်းပြည်ဖြစ်လိမ့်မည်ဟု ဗျာဒိတ်မိန့်မြွတ်ခဲ့ကြောင်း''ဖြင့်လည်း ရာဇဝင်၊ ဗုဒ္ဓဝင် သမိုင်းတို့၌လည်း တွေ့ရသည်။

ရခိုင်ရှေးထုံးရာဇဝင်၌ ''ရေသာစိမ်းမြ၊ ကစ္ဆပ၏၊ ဒက္ခိဏ ဝါမာ၊ ကမ်းပါး သာတွင်၊ နဝါနဝံ၊ ရေကြံကျလျက်၊ နာမထွေဖွဲ့၊ နိုင်ငံချဲ့ ၊ ကိုးဆယ့်ကိုးမြို့၊ နှစ်ပါးစို့သော်၊ မချို့အင်္ဂါ၊ ပြည့်စုံပါသား၊ နှစ်ရာပြည့်လုပ်၊ နှစ်မြို့ယုတ်ကို၊ အဟုတ်မင်းပေါင်း၊ စိုးအုပ်ရှောင်း ၊ ပြန်ပြောင်းတည်ထ၊ ပြုကုန်ကြလျက်၊ နာမသ

မိုက်၊ ထီးနန်းစိုက်သည်၊ မှတ်ပိုက်တံဆိပ် ခင်းလတ်တည်း''ဟူ လည်းကောင်း။

''ထို့ပြင်စည်လာ၊ သားမြေးဆက်မပျက် မင်းပေါင်း၊ သိန်းသောင်းမက၊ အောင်ဌာနမူ၊ ကဝ္ဗပနဒီ၊ မြစ်မှီလျှောက်ကာ၊ များစွာမြို့ကောင်း၊ တည်ခဲ့ရှောင်သည်၊ ပေါင်းတစ်ရာကိုးဆယ်၊ စွန်းရှစ်ဝယ်နှင့်၊ သွယ်သွယ်မော်ကွန်း၊ စိုက်တည်ထွန်းသည်၊ ရွှေနန်းတည်ရာ၊ အမှန်တည်း''ဟူ လည်းကောင်း စာဆိုရှင်များ ရေးသား စပ်ဆိုခဲ့ကြပေသည်။

ဤလက်ဝဲလက်ယာ (၉၉)မြို့စီအားဖြင့် ၁၉၈မြို့လုံးမှာ မင်းနေမြို့တော် အထိကရမြို့များချည်းမဟုတ်ပေ။ မြို့ရံများစွာရှိ၏။ ဤမြို့များအနက် မင်းနေ ပြည်တော်ကိုကား ဒွါရာဝတီ၊ ဝေသာလီ၊ ဓညဝတီ၊ (ခွေးသင်းတောင်)၊ ကျောက်လှေကား၊ ကန်သုံးဆင့်၊ နီလာပန်းတောင်၊ ကျောက်ပန်းတောင်၊ သပိတ်တောင်၊ စမ္ပဝက်၊ ပဉ္စာ ပုရိန်၊ ခြိတ်၊ နေရွှေရာတောင်ငူ၊ လောင်းကြက်၊ မြောက်ဦး စသည်ဖြင့် ထင်ရှားရှိခဲ့ကြ၏။

လက်ဝဲလက်ယာမြို့ရံကြီးပေါင်း (၁၉၈)မြို့တို့ကိုကား အကျဉ်းအားဖြင့် မှတ်သား လွယ်နိုင်စိမ့်သောငှာ ရှေးပညာရှိများစပ်ဆိုထားခဲ့သော မဟာဝိဟ က ရာဇဝင် လင်္ကာကြီး၌ ထင်ရှားလှ၏။

ထိုလင်္ကာကြီးတွင် ပထမလင်္ကာပိုဒ်၌ ''ခတ်လတ်တံဆိပ်၊ ရန်မျိုးနှိပ်လျက်၊ ဘုန်းရိပ်ထွန်းပ၊ ရာဇညတို့၊ ကဝ္ဗပနဒီ၊ မြရေမှီသား၊ မြစ်ဆီလက်ယာ၊ ရွှေ့ပြုပါက၊ တည်လှာအစ၊ ပထမမူ၊ ဒွါရဝတီ'' အစချီလျက် ''လက်ျာမှာမူ၊ ဆက်ကာစည်ထဲ့၊ ရေတွက်ခဲ့သော်၊ ကိုးဆယ့်ကိုးမြို့၊ အစို့စို့ကို၊ မင်းတို့ထီးနန်း တည်လတ်တည်း'' ဟူ ဆိုလေသည်။

ဒုတိယလင်္ကာပိုဒ်၌ ''တည်လတ်ထီးနန်း၊ အစဉ်ထွန်း ၊ တခန်းထိုမှ၊ ပစ္ဆပ၏၊ ပစ္ဆိမာဒေသ၊ နောက်မျက်နှာမှ၊ တည်လှာအစ၊ ပထမမူ၊ ကျိန်းမတ်သရေ၊ ခေါ်ထွေထင်ရှား'' အစချီလျက် ''ရေးတွက်ခဲ့သော်၊ ကိုးဆယ့်ကိုးမြို့၊ အချို့ချို့ အား၊ မင်းတို့တည်ထ၊ ထီးနန်းချသည်၊ နာမသမိုက်၊ မည်လတ်တည်း''ဟူ စပ်ဆို လေသည်။

ဤသည်ကား ရခိုင်မင်းများတို့ ကြီးစိုးစဉ်က တည်ထောင် စိုက်ဆောက် ခဲ့ရာမြို့တော်များအကြောင်းနှင့် မြို့ရံတို့အကြောင်းကို ဖော်ပြခြင်းဖြင့် ရခိုင်ပြည်နှင့် ထီးနန်းအစဉ်ထွန်းခဲ့ကြောင်း ထင်ရှားသိသာနိုင်တော့သတည်း။

❖❖❖

## ရခိုင်ရာဇဝင်အကျဉ်း

ဖော်ပြလတံ့တို့မှာ ''ဝါးကျောင်းဆရာ ရခိုင်ရာဇဝင် လင်္ကာအကျဉ်း'' ဖြစ်သည်။ မြတ်မင်္ဂလာအစချီလျက် လင်္ကာပိုဒ်ရေ (၂၁)ပိုဒ်ဖွဲ့ဆိုခဲ့သည်။ ရခိုင်ရာဇဝင်ကို အကျဉ်းချုပ် စပ်ဆိုထားခြင်းပင်ဖြစ်သည်။ စာဆိုမှာ ထိုလင်္ကာ၏ ပိုဒ်ရေ (၁၅) နိဂုံးတွင် ပေါ်လွင်ပြီးဖြစ်သည်။ ရခိုင်ပြည် နှောင်းခေတ်စာဆိုတော် တစ်ဦးဖြစ်သော ဝါးကျောင်းဆရာလူထွက် ပဏ္ဍိပင်တည်း။ ''သံချောင်းဟုကျော်၊ ဆရာတော်လျှင်၊ နှီးဆော်ညွှန်းနှိုင်း၊ အလုပ်ခိုင်းလျက်၊ ဆန်းဂိုဏ်းဆင်ခြင်၊ ရာဇဝင်ဖြင့်၊ နည်းငင်ႏုံးစု၊ စီကုံးပြုသည်၊ ဝေဇ္ဇုဝိဟာ၊ ကျော်စောစွာသား၊ ဆရာလူထွက်၊ လင်္ကာဆက်သည့်၊ ဝိဘက်ငြိမ်းစေသောကြောင်းတည်း''ဟူ ရေးဖွဲ့သူ၏အမည်ကို တပ်အပ်သေချာ ဖော်ပြပြီးဖြစ်သည်၊ ရခိုင်ရာဇဝင် နှုတ်ငုံ မိမိအရကျက်ထား သိရန်ကောင်းအောင် လင်္ကာဖြင့် စီကုံးထားသဖြင့် များစွာတန်ဖိုးရှိလှသည်။ ကျွန်ုပ်တို့ ရရှိထားသောမူမှာ သက ရာဇ် (၁၂၃၅)ခုနှစ် မာလာလက်ရေးမူအတိုင်း ဖြစ်သည်။ ထိုမာလာလက်ရေးမူ ကိုမူ အတိုင်းကူးယူ လေ့လာနိုင်ကြစေရန် ယခုတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

နမော တ ဘဂဝတော အရဟတော သမ္မာသမ,ဒ္ဓ ။

စီရံ တိဋ္ဌတု သဒ္ဓမ္မော။ ။ သဒ္ဓမ္မော–ဘုရားမှာ်ပါဒ်၊ ပိဋကတ်သုံးပုံ၊ အလုံးစုံ သော၊ သူတော်ကောင်းတရားသည်။ စီရံ စီရ ကာလံ–မြင့်ရှည်လှစွာ၊ သာသနာ ငါးထောင်၊ စေ့အောင်ပတ်လုံး၊ တိဋ္ဌတု–မယုတ်မပျက်၊ ထွန်းလျက်ပတ်လည်၊ တည်ပါစေသတည်း။ ။

၁။ ။ မြတ်မင်္ဂလာ၊ မြတ်ကြောင်းရှာလျက်၊ မြတ်စွာဘုရား၊ အပါးပါးတို့၊ တရားကိုယ်ကျင့်၊ သမ္မာရင့် ၊ ဂဏ်ဖွင့်ကြရာ၊ ယူဇနာမူ၊ သချ်ာသောင်းမြေ၊ ကျွန်းသပြေထက်၊ တောဟေဝန်တောင်၊ ဂနိုင်ချောင်မှ၊ ရေမြောင်ဆင်းစီး၊ ခရီးဝေးဆန့်၊ ရှည်အခွန့်ဖြင့်၊ လိမ်တွန့်မော်ဖြစ်၊ ပတ်ရစ်ဆက်သွယ်၊ ကျယ်ထက်ကျယ်လျှင်၊ ပင်လယ်သို့ပေါက်၊ သမုဒ်ရောက်အောင်၊ ကမ်းသျှောက်သစ်စည်၊ စပ်ယှဉ်ပေါင်းမြက်၊ ချောင်းတက်ကြီးငယ်၊ ကွင်းလယ်ပြင်ဝန်း၊ ကိုင်းကျွန်းသာလှ၊ ကစ္ဆပဟု၊ မြစ်မကမ်းသျှောက်၊ ရွှေနန်းဆောက်လျက်၊ မင်းမြောက်ထီးဆောင်း၊ ဘုရင်ပေါင်းတို့၊ သင့်ကြောင်းခွန်တုတ်၊ ကောက်ခံအုပ်လျက်၊ သိမ်းချုပ်နတ်တူ၊ စံကြမူသော်၊ ဇမ္ဗူပတ်ကုံး၊ လူအားလုံးလည်း၊ မှီသုံးစွဲစား၊ ဆန်စပါးကြောင့်၊ အခြားတိုင်းမည်၊ ထိုထိုပြည်မှ၊ ရောက်သည်သင်္ဘော၊ ရေကြောထွက်ဝင်၊ သယ်တင်မနိုင်၊ ပုတ်ိုင်ကျီပြည့်၊ သွင်းထည့်ထားရာ၊ မဟာဝိဟ က၊ နာမသဘင်း၊ ကောင်းနံ့သင်း ၊ ခပင်းနွယ်ိုး၊ အမျိုးမျိုးတို့၊ မှီခိုသီးသီး၊ ပျော်မငြီးသည်။ တိုင်းကြီးရခိုင် ပြည်လျှင်တည်း။

၂။ ။ ရခိုင်နာမည်၊ ဤရွှေပြည်၌၊ ဦးတည်မည်ဟိ၊ သမုတိဟု၊ ဘူမိသခင်၊ တန်ခိုးထင်သည်၊ ဗုဒ္ဓင်္ကုရ၊ လောကခေါင်ချာ၊ မဟာသမတ်၊ မင်းမြတ်ပုတေ ၁၊ ဝရောဇခေါ်၊ သားတော်ဆက်စိုး၊ အမျိုးစဉ်ကာ၊ ကုသာနာမ၊ ဗရဏာဆို၊ ရာဇကြိုဟ်ဝယ်၊ မြို့ပြည်တည်လျက်၊ ထိုသည်ကဖြန့်၊ နယ်ခြားကန့် ၊ ဖွားဆန့်ထီးဆောင်း၊ မင်းအပေါင်းတို့၊ ရောင်မောင်းလင်းထိန်၊ ရွှေနန်းအိမ်ထက်၊ စည်းစိမ်ခံကြ၊ ခတိ ယတွင်၊ ကေစက္ခု၊ နာမည်ပြုလျက်၊ ပြည်ဟုမော်ကွန်း၊ ထည်ထွန်းမြောက်ပြီး၊ ထိုမင်းကြီး၏ သမီးတော်လှ၊ ဒေဝဂဗ္ဘာ၊ ရတနာသည်၊ သညာမည်ဟိ၊ အသိတ္တနြူ၊ နဂရကို၊ စိုးရသနင်း၊ ထိုသည်မင်း၏၊ သားရင်းအဟုတ်၊ ဥပ သာဂရ၊ မင်းပျိုလှနှင့်၊ သင့်ကြ သောအား၊ ယောကျ်ားတစ်ဆယ်၊ နောင်ငယ်သမီး၊ ဖွား ပြီးသော်၊ သားကြီးညီနောင်၊ လက်ုံးထောင်လျက်၊ ကြံဆောင်ပတ်ကုံး၊ ဇမ္ဗူလုံးကို၊ ခွန်ကျုံးရလျှင်၊ တန်ခိုးထင်သား၊ မြို့ရှင်ကြော်ငြာ၊ ဒွါရဝတီ၊ ပြည်ပူရီဟု၊ ရန်မှီလတ်ပြန်၊ ဝဲပျံနေခြင်း၊ သတင်းအလျှောက်၊ ချီလှာရောက်သော်၊ မြို့ပျောက်လေက၊ စုံစမ်းကြမူ၊ တောရသိမ်မွေ့၊ ရသေ့အမြွက်၊ ဆိုချက်ဝေဝုတ်၊ စကားငုတ်ကြောင့်၊ ကြံလုပ်မှတ်စွဲ၊ သံဖြင့်တွဲလျက်၊ အမြဲလေးထောင့်၊ မြို့စောင့်နေကြ၊ ယက္ခလေးကောင်၊ တန်ခိုးဆောင်သား၊ သန်းကောင်ယမ်တွင်၊ စားပွဲဆင်သော်၊ ပျော်ရွှင်စားကြိုက်၊ မွေ့လျော်ခိုက်ကို၊ ခတိုက် အားနှိပ်၊ သံကွင်းချိတ်က၊ မြဲကြိတ်လက်ချ၊ မြို့ကိုရ ၊ ထိုမှစသည်၊ ကာလရှည်အောင်၊ နာမည်ဖောက်လွှဲ၊ မြို့သံတွဲဟု၊ မှတ်စွဲလူ့ခွင်၊ ခုတိုင်တွင်သည်။ ။ ဘုရင်ရာဇာ ဌာနီတည်း။

၃။ ။ ရာဇဌာနီ၊ နန်းသိင်္ဂီမှ၊ ခွန်ဆီဇမ္ဗူ၊ ကျွန်းလုံးယူလျက်၊ မင်းမူတော်ပြု၊ အောင်ဇေယျဖြင့်၊ ဝါသုဒေဝ၊ မင်းလှလက်ထက်၊ မြို့ပြည်ပျက် ၊ ပြေးထွက်ကြသော်၊

နမတော်ဟု၊ နတ်လျော်ူပ၊ အနွယ်နွင့်၊ ပြဟ္မဏသုန္ဒြီ၊ တူညီမကွာ၊ ဆရာပါ၏၊ လမ်းမှာ ဘေးတွေ့၊ မင်းစုတေ့သော်၊ နောက်ရှေ့ယဉ်မှီး၊ မင်းသမီးကို၊ ခရီးအတူ ပုဏ္ဏား႟ူ ။ သွားမှုနယ်ခြား၊ ဒလက်ဖျား၌၊ တန့်နားနေသော်၊ ထိုသရော်၌၊ တိုင်းတော်ခိုင်၊ နန်းပိုင်သာမိ၊ ဝေသာလီတွင်၊ မဟိဖောက်ပြန်၊ နတ်ရွာစံမူ၊ ဆက်ခံ မင်းလောင်း၊ သားကောင်းမဖြစ်၊ သမီးစစ်သား၊ ကျန်ရစ်ခါဖြင့်၊ ထီးနှင့်တန်သည်၊ မတန်သည်ကို၊ တိုင်းပြည်စကျွ၊ မတ်တစုကို၊ ကြည့်ရှုအတွင်း၊ သတင်းစကား၊ သိကြားလတ်သော်၊ ပင့်ခေါ်ထောက်လှမ်း၊ စုံစမ်းကြရာ၊ ပညာမျှော်မြင်၊ ဘုန်းကံသျှင်ဟု၊ နန်းတင်လေကာ၊ ပြဟ္မဏလည်း၊ တူကွနောက်ပါ၊ နတ်ဆင်းဝါနှင့်၊ ဝေသာမြို့ကြီး၊ မင်းသမီးကို၊ ဆောင်းသီးရာထား၊ မိဖုရားဟု၊ မြေ ႗က်စားတင့်တယ်၊ ပျော်စမါယ် ၊ နန်းနွယ်ဆက်စိုး၊ ထိုမင်းမျိုးမူ၊ ထီးိုးခံကြ၊ ကစ္ဆပနဒီ၊ မြစ်ဆီလက်ျာ၊ မြို့ရွာတည်ချဲ့၊ ဘုံနန်းဖွဲ့သား၊ ကိုးဆယ့်ကိုးမြို့၊ လက်ဝဲသို့လည်း၊ မချို့လည်းကောင်း၊ မြို့အပေါင်း၌၊ ထီးဆောင်းကြိမ်ကြိမ်၊ အသမ္ဘိန်ဟု၊ ဇနိန္ဒြာဇ်၊ စည်ကာဖြစ်သည်။ နွယ်စစ်ဆက်ကာ ဆက်ကာတည်း။

၄။ ။ နွယ်စစ် စဉ်လျောက်၊ ဖြစ်မြောက်များမြောင်၊ ပြည်တည်ထောင်သော်၊ ထိုနောင်ဆက်မှီ၊ မြို့ကပီ က။ အဇ္ဇနသည်၊ တရားနှစ်သက်၊ တောသို့ထွက် ၊ မြိုင်နက် စိမ်းညို၊ ရဂုံခိုလျက်၊ ထိုထိုပြောင်းလွဲ၊ မမြဲနေရာ၊ ဤမြစ်ညာသို့၊ ရောက်လာ လတ်လျှင်၊ ပဥ္စောင်ပင်ကို၊ မှီကျင်နေထ၊ ထိုကာလ၌၊ ဆတ်မနှင့်မူ၊ အတူနှစ်သက်၊ ရှေးအထက်က၊ မိတ်ဘက်အစစ်၊ ခင်ပွန်းဖြစ် ၊ ကြင်ချစ်သဖြင့်၊ သင့်တင့်အကြောင်း၊ ဆုံကြပေါင်းသော်၊ မင်းလောင်းသန္ဓေ၊ ထိုမှာနေ၏။ မိုးစွေထန်ပြင်း၊ လေခတ်ခြင်း ကြောင့်၊ မြစ်ရင်းမှပြတ်၊ ပင်လုံးကျွတ်က၊ ထိုဆတ်မကြီး၊ တက်ခါစီးလျက်၊ ခရီးရှည်စွာ၊ မျောတိုင်းပါက၊ ကိုင်းမှာငြိတင်၊ ထိုတွင်သားဖွား၊ ဘုန်းကံအားကြောင့်၊ တောသွား ရှာမှီး၊ သင်းကြီးအောင်လာ၊ မြို့တွေလှာ ၊ ယူကာမြတ်လေး၊ သားပြုမွေး၏၊ လူရေး သတိ ၊ မြောက်သည်ဟိမူ၊ မိမိရင်တွင်း၊ သမီးရင်းနှင့်၊ ဆောင်နှင်းတုံပြု၊ မာရယုဟု၊ ဝန်းစုခစား၊ စွမ်းအားထင်ပေါ်၊ ပညာကျော်၏၊ ထိုရောအခါ၊ ပြည်မှာဘေးများ၊ ဘီလူးစား ၊ ပျက်ပြားလေဘိ၊ မင်းမဟိကြောင့်၊ ဝေရိစောင်မာန်၊ ဘီလူးရန်ကို၊ ပယ်လှန်အောင်မြင်၊ ရှေးဘုရင်၏၊ နန်းတွင်းဟိထ၊ သမီးလှနှင့်၊ ရာဇဘိသိက်၊ မင်တံဆိပ်ဖြင့်၊ ဖြူရိတ်ဆောင်းကာ၊ သီရိမာ၏၊ မြစ်ညာဒေသ၊ မြို့ရာချလျက်၊ ဓညဝတီ၊ အောင်ခွမ်းချီလျက်၊ သိဂီဝင်းတောက်၊ ရွှေနန်းဆောက်သည်၊ မင်းမြေ ႗က်စည်ို က်ခြိမ့်ခြိမ့်တည်း။

၅။ ။ အောင်စည်ထစ်ကြိုး၊ ဘုန်းတော်တိုး ၊ တန်းခိုးအနှံ့၊ ထိုထိုပြန့် ၊ ရန့်နံ့မပေါ်၊ ရွှေနန်းတော်ထက်၊ စံပျော်မင်းပြု၊ မာရယုသည်၊ ပြောင်းစုတေနောက်၊ သားမြေးလျှောက်လျက်၊ ထီးအောက်စမါယ်၊ ငါးဆယ်မက၊ လေးယောက်ကျမှာ၊ ကံရာဇာသည်၊ ဖြစ်လှာနွယ်မြောက်၊ နှစ်ဆယ့်ခြောက်တည်း၊ ထိုနောက်နှံ့သိ၊

ဘုန်းတော်ဟိသည်၊ သီရိရာဇာ၊ မင်းမဟာ၏၊တောင်ညာနန်းစံ၊ ကုမာရံဟု၊ နာမံဒေဝီ၊ မဟေသီ၌၊ တိထိမာသ၊ ပြာသိုလ်လ၏၊ ပြည့်ထနေ့တွင်၊ နေဝင်လုဆဲ၊ ရဲရဲရောင်ဖြာ၊ စန္ဒြာလည်း၊ ပေါ်လှာထွက်တုံ၊ လဘုံနေအိမ်၊ ထွန်းပချိန်ကို၊ ချမ်းငြိမ်းလွယ်ကူ၊ ဖွားတော်မူ ၊ သူရိယစန္ဒြ၊ အမည်ရလျက်၊ တေဇဘုန်းလှိုင်၊ ဘရာထိုင်မှု၊ ဂန္ဓိုင်သာမော၊ ဟေဝန်တောမှ၊ ကောင်းသောငွေတူ၊ ဆင်ဖြူကိုးစီး၊ သီးသီးရောက်လှာ၊ မှူးမတ်မှာလည်း၊ များစွာတွက်ကိန်း၊ တစ်သိန်းမြောက်ပေ၊ ရံခြွေရွေတည်း၊ နန်းနေ ပြည်သျှင်၊ များဘုရင်တို့၊ ခဝင်ကျိုးနွံ၊ ကျွန်တော်ခံသား၊ ဘုန်းကံကြီးခြင်း၊ ထိုသည် မင်း၏၊ နန်းတွင်းစံပျော်၊ မူခါသော်၌၊ ပြိုင်ဘော်မဟိ၊ သမေ,ဂဓိလည်း၊ များဘိသံဃာ၊ ထေရ်ငါးရာနှင့်၊ အာကာခရီး၊ ယာဉ်ရှင်စီးလျက်၊ ပြည်ကြီးသမိုင်း၊ ရခိုင်တိုင်းသို့၊ ဆိုင်းဆိုင်းမတ်မတ်၊ ကြွတုံလတ် ၊ ပညတ်သညာ၊ သေလာဂီရိ၊ မည်ဟိ တောင်ဝန္နံ့၊ ကိုယ်တော်သန့်သည်။ ။ ရောင်ကွန့် ခြောက်သွယ်ထိန်းညီးတည်း။

၆။ ။ ညီးညီးပြောင်ပြောင်၊ ခြောက်မည်ရောင်ဖြင့်၊ ထိုတောင်ထိပ်ဖျား၊ ရပ်တန့်နားလျက်၊ ဘုရားစဉ်လာ၊ ဓမ္မတာဖြင့်၊ ဒိသာဝန်းလှည့်၊ ၂ကြည့်လတ်လျှင်၊ ယခင်ရှေးကျူး၊ ဖြစ်ဘူး၌ာန၊ ဒေသမှိုင်းညို့၊ အရပ်တို့ကို၊ သို့သို့ဆင်ခြင်၊ သိမြင်တူ၊ ပြုံးတော်မူက၊ လေးဆူဒန္တ၊ စွယ်တော်မှသည်၊ ကာလသဘွယ်၊ ထန်းလုံးနှယ်လျှင်၊ ရောင်သွယ်လက်လက်၊ ပေးထွက်လတ်ခါ၊ အာနန္ဒသည် သိသာခြေငံ၊ လျှောက် တောင်းပန်က၊ မိန့်သံကျူးကော၊ ဤတိုင်းပြည်မူ၊ ပတ်လည်ထူးဆန်း၊ ရွှေဘုံနန်းတည်း၊ မြေ ၁က်ထွန်းသမိုင်း၊ ကျွန်းကိုင်းဝှမ်းကျယ်၊ ကွင်းပြင်လယ်ဖြင့်၊ ဆန်းကျယ်သာမော၊ မြိန်ယုက်သြဇာ၊ ဖြစ်ခြင်းရာကြောင်း၊ မြတ်စွာအများ၊ ရှေးဘုရားတို့၊ စကားမိန့်ဝန်း၊ ချီးမွမ်းကုန်ကြ၊ ဓညဝတီ၊ မည်ခဲ့ပြီတည်း၊ ငါ့ညီထေရ်မွန် –သျှင်အာနန်။ ရှေးလွန်သောခါ၊ ငါမြတ်စွာသည်၊ ဝေသာလီတွင်၊ ဂုဏ်ထင်နွံ့သိ၊ ပုရောဟိဟု၊ ပဏ္ဍိအင်ပြည့်၊ တပည့်ခြောက်သောင်း၊ ရွယ်ပေါ်ပေါင်းနှင့်၊ သူကောင်းတစစ်၊ ထိုမှဖြစ် ၊ ပေပြစ်ပုံစံ၊ ငါ့သ ၉ ဏာန်နှင့်၊ တဆံမယုတ်၊ သွန်းလုပ်ပြီးခါ၊ မဟာမုနိ၊ မည်ဟိထင်ရှား၊ ငါ့ကိုယ်စားလျှင်၊ တည်ထားလတ်အံ့၊ ရပ်တန့်ဦးပေ၊ ငါတို့နေသား၊ ဖြိုးဝေ မောက်စွာ၊ သေလာဂီရိ၊ မြင့်ဘိညိုမောင်၊ ဤသည် တောင်၌၊ ယခေါင် ရှေးဓါတ်၊ ပန်းပွတ်သမား၊ ဖြစ်ခဲ့ငြား ၊ နောင်ကားနိဗ,ာန်၊ ငါလွန်သောခါ၊ ငါ့သမ္မာမှာ၊ ခြောက်ဖြာရောင်လွှတ်၊ ကျောက်ိုးဓါတ်သည်၊ တည်လတ်ထင်ပြီ၊ ကျောက်စေတီ၊ ခေါ်ညီအန္နံ့၊ တွင်လတံဟု၊ မိန့်ဝန့်ဖေါ်ပြ၊ ထိုမှစ ၊ ဒေသပတ်လည်၊ ဤတိုင်းပြည်၌၊ ကျင်လည်တော်ဘူး၊ ဦးဦးအရပ်၊ ကိုန်းဝပ်အံ့သည်၊ ဓါတ်မည်မည်ကို၊ နှုတ်ခြည်စကား၊ ဗျာဒိတ်ကြားက၊ ဘုရားတန်ခိုး၊ ဘုန်းတော်ထိုးလျက်၊ ထစ်ကြိုးပဲ့တင်၊ ငလျင်သိမ့်သိမ့်၊ တော်ငြိမ့်ငြိမ့်နှင့်၊ ငြိမ့်ငြိမ့်သံငြိမ့်၊ ဒိသာဟိန်းသည်။ ။ ကြောက်ကြိန်းဘနန်း ဖြစ်သတည်း။

၇။ ။ ကြောက်ဘွယ်သောဟိတ်၊ ထိုနိမိတ်ကြောင့်၊ လန့်ထိတ်အုံအုံး၊

တံုးံုးလျှင်၊ ပြည်လုံးဟိကြ၊ နရသခင်၊ ရွှေပြည်သျှင်လည်း၊ ဗေဒင်မြင်သိ၊
ပုရောဟိနှင့်၊ ပဏ္ဍိမြေ ၁က် စား၊ မှူးမတ်များကို၊ ကြောင်းလျှားသိရေး၊ စိစစ်မေးသော်၊
ကွာဝေးခရီး၊ နတ်ယာဉ်စီးလျက်၊ ဘုန်းကြီးမုနိန်၊ မာရဇိန်သည်၊ မြဟိန်ညိုမှောင်၊
သေလာတောင်၌၊ များမြောင်သံဃာ၊ ရဟန္တာ နှင့်၊ ကြွလာသောတိတ်၊
နိမိတ်မှန်ကြောင်း၊ ကြားသောခဏ၊ ထိုမင်းလှသည်၊ ထကြွလျှင်ပြင်း၊
ဖူးချင်ခြင်းကြောင့်၊ ဆင်မြင်း မစီး၊ ထီးဖြူမဆောင်း၊ မှူးမတ်ပေါင်းနှင့်၊
ပန်းကောင်းနံ့သာ၊ လက်စွဲကာဖြင့်၊ လျှင်စွာလှမ်း ကြွား၊ ချီကြွသွားသော်၊ ကိုယ်အား
ပင်ပန်း၊ ခန္ဓာနွမ်းက၊ စခမ်းချရည်၊ ပွဲတော်တည်မှ၊ စားသည် ထမင်း၊
ရောက်ချင်ပြင်း ၊ မဲဟင်း တစိ၊ မစား မိုတည်း၊ သတိ ဆောင်ကာ၊ သွားလေရာတွင်၊
ဗိုလ်ပါ ချင်းစပ်၊ ထူထပ်ညံညံ၊ အသံမစဲ၊ သဲသဲအုံးအုံး၊ တံုးံုးတည်း၊
ပြင်လုံးပွမ်းပွမ်း၊ ပြည့်တင်းကျမ်းကြောင့်၊ မြူလွှမ်းဖုံးအုပ်၊ မြေမှုန့် ချုပ်က၊
ကဲးဆုတ်မဖောက်၊ တောင်မြောက်ဝန်းကျင်၊ မမြင်တုံက၊ လမ်းမရသော်၊ ဗုဒ္ဓသို့ရှယ်၊
ရှိကိုးကွယ်မှု၊ ဘုန်းကြွယ်ခေါင်ထွဋ်၊ ဘုရား မြတ်သည်၊ ရောင်လွှတ်ခါတုံ၊ အကုန်
လင်းဘိ၊ လမ်းစမ်းသိ လျက်၊ ရွှင်ဘိလျှင်ပြင်း၊ သွားလေလျှင်းသော်၊ ခြေရင်းတော်၌၊
ဦးခေါင်းဆိုက် လက်ခိုက်ရှိကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးဝမ်းမြောက်၊
ပန်းပေါက်ပေါက်ဖြင့်၊ ချီးမြ င့်ပူဇော်၊ ပြုကြသော်လျှင်၊ မိန့်တော်မြွက်ဟ၊ တရားပြသည်။
။ ဓမ္မရစေသောကြောင့်တည်း။

**၈။** ။ ဓမ္မရစေ၊ အစိန္တေလျှင်၊ ဟောပေမိန့်ကြား၊ ထိုတရားကို၊ ချင်းနားဝင်ထ၊
ပီတိဝ ၊ နရသခင်၊ ထိုပြည်သျှင် လည်း၊ ဦးတင်တဖန်၊ လျှောက်တောင်းပန်၏။
အကျွန်ုပ်သည်၊ မြတ်သုံးမည်ကို၊ ကြည်ကြည်ညိုညို၊ ဆွမ်းလှူလို၏၊ ပုဂ္ဂိုလ် ထိပ်စု၊
သဗ,ညုသည်၊ ယခုနောက်ပါ၊ ရဟန္တာနှင့်၊ မဟာဘုန်းထွန်း၊ ကျွန်ုပ်နန်းသို့၊
ကြွမြန်းတော်မူ၊ သယမ္ဘူဟု၊ ကြည်ဖြူ သောစိတ်၊ ပင့်ဖိတ်ခဲ့ပြီး၊ မင်းကြီးအသျှင်၊
မြို့တော်ဝင်က၊ မြတ်သျှင်လူထွဋ်၊ နတ်ထက် နတ်လျှင်၊ ပြ ဒ်ယာဉ်ဆောင်၊
ညီးညီးပြောင်နှင့်၊ ခြောက်ရောင် တောက်လင်း၊ သုံးလူ့မင်းသည်၊ ဖြောင့်စင်းကြွယွန်း၊
လေသာနန်း၌၊ တောက်ထွန်း ရောင်မြိုက်၊ ရွှေစက်ဆိုက်ထ၊ အလိုက်သိခြင်း၊
ပြည်သျှင်မင်းလည်း၊ မြတ်ခင်းနေရာ၊ သန့်ကြယ်စွာကို၊ ပြင်ကထားပြီး၊
မြတ်စောထီးလည်း၊ သီးသီးထေရ်ပုံ၊ အရဟံနှင့်၊ ကောင်းမွန် ဣန္ဒြေ၊ ငြိမ်းသက်နေ၏၊
ရွှေပြည်သခင်၊ ရွှေနန်းသျှင်လည်း၊ စီရင်ကောင်းမွန်၊ သလေးဆန်၌၊ နို့သွန်သွင်း
ဖြည့်၊ မထည့်ရေစက်၊ နို့သက်သက်တည်း၊ လောင်းချက်ဂဏာ၊ ထိုသြဇာနှင့်၊
ရသာထူးခြား၊ အပြားပြားကို၊ ရွှင်အားနှစ်သက်၊ မိမိလက်ဖြင့်၊ ကပ်လျက် မြတ်လေး၊
ဆွမ်းလုပ်ကျွေး၏။ စည်း ဝေးနောက်ပါ၊ အရိယာကို၊ မတ်ရာရာတို့၊ အစို့စိုမှု၊ နှစ်လို
ကြည်ဖြူ၊ လုပ်ကျွေးလှူ၏၊ နတ်လူတို့ထီး၊ ဘုဉ်းပေးပြီးသော်၊ မင်းကြီးအစ၊
ထိုမှမှူးမတ်၊ ပရိသတ်အား၊ လျှောက်ပတ်သာ မော၊ တရားဟော၏၊ မင်းစောမဟာ၊

ထိုရာဇာလည်း၊ သဒ္ဒါထက် ကဲ၊ အလှုရှုရဲသည်။ ။ ဝမ်းထဲပီတိ၊ စိမ့်သတည်း။

**၉။** ။ ဝမ်းထဲပီတိ၊ နှစ်သက်ဘိ ၊ သူရိယစနေ [၁၊ မင်းမဟာ မူ၊ ထိပ်မှာလက်မြေ ၁က်၊ ဤသို့လျှောက်၏၊ နှစ်ယောက်မတွင်၊ ဘုံသုံးခွင်ဝယ်၊ မမြင်ဘက်တု သဗ,ညု၊ ယခုကျွန်ုပ်၊ မြတ်ခေါင် ချုပ်အား၊ လက်အုပ်ဖေါ်ဖေါ်၊ ပူဇော်ဝန[န်၊ ဖူးတွေ့ရသည်။ မဝ မှတ်စွဲ၊ မရောက်ရဲခဲ့၊ အံ့အဲ့မနိုင်၊ နိဗ,၁န်ပိုင်သည်၊ ခိုင်နယ်ခြား၊ တိုင်းတပါးသို့၊ ကြွသွားလေမူ၊ သောကထူလိမ့်၊ အယူစိတ်ကြည်၊ သတိတည်အောင်၊ သုံးမည်လူ့ဖျား၊ မြတ်ဘုရားနှင့်၊ မပြား မယွင်း၊ ုပ်တော်ဆင်းတု၊ ခပင်းပတ်ကုံး၊ လူအားလုံးတို့၊ စုံုး ဦးချ၊ ကိုးကွယ်ရအောင်၊ ဗုဒ္ဓထွင်မှုခေါင်၊ ငါးမာရ်အောင်သည်၊ လူ့ဘောင်ကြီးမား၊ ကျွန်ုပ်အားကို၊ သနားသဖြင့်၊ ထားသင့်ပါကြောင်း၊ အခွင့်တောင်းသော်၊ ရောင်မောင်းလင်းထိန်၊ မာရဇိန်လည်း၊ ချင့်ချိန် ၁ဏ်တော်၊ ကြည့်ျမျှော်မူ၊ နောင်သော်ရှည် ကြာ၊ သာသနာသည်၊ မြင့်စွာ အဓွန့်၊ တည်လတံ့ကြောင့်၊ ကိန်းအောင်း ဟိန်းသံ၊ ပဋိ ၁ဏ်ဖြင့်၊ ဝန်ခံလေက၊ ရွှင်ဇောထ ၊ နရသာမိ၊ မင်းဘုန်းဟိလည်း၊ များဘိဥစ ၁၊ ရတနာရွှေ၊ ကိုးကုဋေကို၊ ယူစေပြီးတုံ၊ စုကာပုံလျက်၊ သုံးပုံမှန်ကင်း၊ တရား မင်းအား၊ လျှောက်တင်ကြားသော်၊ ဘုရားမြတ်စွာ၊ သမ,ဒ္ဓါလည်း၊ ဒေဝါမည်ခြင်း၊ သိကြားမင်းကို၊ ထံရင်းသို့ဟူ၊ ခေါ်တော်မူလျက်၊ ငါ့တူပုံပြု၊ ငါ့ုပ်တုလျင်၊ ပေါင်းစုပစ ည်း၊ ဤမျှတည်းဖြင့်၊ ငါ့နည်းဖြစ်စေ၊ သွန်းလုပ်လေဟု၊ စိန္တေသျှင်ချစ်၊ ခုနစ်လက်ခုပ်၊ ကိုင်အုပ်ကာလုံး၊ ယူကျုံးပြီးသော်၊ မိုးနတ်ကျော်အား၊ အပ်တော်မူက၊ ဝါသဝလည်း၊ ဝင်းပရောင်မောင်း၊ ရွှေပန်းတောင်းဖြင့်၊ ွတ်ပြောင်းခံတုံ၊ ဝိသကြုံနှင့်၊ တူစုံလွယ်ကူ၊ မြတ်ဆင်ဖြူထက်၊ တင်ယူဆင့်တိုး၊ ထီးဖြူမိုးလျက်၊ မြတ်နိုးဒေသ၊ ူကုန်ကြ ၊ ဓညဝတီ၊ မြို့ဆီမဖြောင့်၊ ရှေ့တောင်ထောင့် ဝယ်၊ နတ်စောင့်ဘုမ္မိ၊ သီရိဂုတ်တောင်၊ ဗွေခေါင် ထိပ်ထက်၊ တည်ရာ ကွက်လျက်၊ ပြိုးပျက် ရောင်လွှတ်၊ မဏ္ဍပ်စီရင်၊ တန်ဆာ ဆင်သည်။ ထွက်ဝင်လူပုံ နတ်ပေါင်းတည်း။

**၁၀။** ။ လူပုံနတ်ပေါင်း၊ သောင်းသောင်းသဲသဲ၊ နတ်ပွဲ ပြုလုပ်၊ တီမှုတ်ငြိမ့်ငြိမ့်၊ ပဲ့တင်ထိမ့်မျှ၊ ခြိမ့်ခြိမ့်အုံးအုံး၊ တံုးံုးနှင့်၊ ခြုန်းခြုန်းသံမြည်၊ လူနတ်စည်တို့၊ ပတ်လည်သံထွက်၊ ခုနစ်ရက်တိုင်၊ အဆိုင်အဆိုင်၊ မြိုင်မြိုင်သီက၊ ငါးဝပင်္ဂြု၊ တီးသံလွှင်ဖြင့်၊ ပျော်ရွှင်သီးသီး၊ ပွဲကြီးခင်းခင်း၊ သွန်းစဉ်တွင်းဝယ်၊ မင်းထက် မင်းဖျား၊ မြတ်ဘုရားအား၊ လျှောက်ကြား လေလျှင်၊ သုံးလုသျှင်လည်း၊ ရွှေရင်တော်ငွေ၊ ယူပွေ့လက်ခုပ်၊ ထိုမှာအုပ်လျက်၊ ငါ့ုပ်တော်ကြီး၊ အပြီးငါ့နှယ်၊ တင့်တယ် ပြေပြစ်၊ ယခုဖြစ်၏၊ အနှစ်မြင့်ရှည်၊ တည်ရစ်စေဟု၊ မိန့်ပေလတ်မူ၊ သယမျှုနှင့်၊ ပုံတူသ ၉ ၁ဏာန်၊ တဆံမယိမ်း၊ မတိမ်းညီညာ၊ စုံအင်္ဂါဖြင့်၊ ကောဇာရောက်ထ၊ တစ်ရာ့လေးဆယ်၊ စွန်းဝယ်ခုနစ်၊ ကြိုးထစ်သံပြု၊ မိုးဥတုသည်၊ ကုန်လုခါနီး၊ ထွန်းညီ ရောင်လွှတ်၊ နက္ခတ်လုံ့ဖြာ၊ ကြတိ ကာသည်၊ ရောင်ဝါတောက်ပ၊ တန်ခေတင်လ၏၊ ဆန်းထဘက်သစ်၊

ခုနစ်ရက်မှာ၊ နေ့ဇီဝါတွင်၊ မြတ်စွာဘုရား၊ ကိုယ်စားႉပ်ကြီး၊ သွန်းလုပ်ပြီးမူ၊ ညီးညီးပြောင်ပြောင်၊ အရောင်လျှပ်လျှပ်၊ တန်ခိုးလွှတ်သော်၊ နတ်မြတ်ဗြဟ္မာ၊ စုံးလာ ၊ မြတ်စွာထွဋ်မှတင်၊ ဖေါမိပင်၌၊ ဂဏ်မြင်ခါသို့၊ နတ်လူတို့မူ၊ နှစ်လို့ဖူးမျှော်၊ ပူဇော်သောင်းသဲ၊ ဖြန့်ကြဲဖြောက်ဖြောက်၊ ပေါက်ပေါက်ပြည့်လျှမ်း၊ နတ်ပန်းဖြိုးဖြိုး၊ ရွှာသည်မိုးသို့၊ မှုတ်ႋးသံညောင်း၊ နတ်စည်းစောင်းနှင့်၊ လူပေါင်းအားကြီး၊ သီးသီးထိုက်လိုက်၊ ကြွေးကြော်ခိုက်ကို၊ သောင်းတိုက်ဖြုတ်ဖြုတ်၊ လျှောင်လှုပ်သည်။ ။ အုတ်အုတ်ပွဲတင် နိမိတ်တည်း။

**၁၁။** ။ နိမိတ်ဦးဦး၊ ထူးထူးပြလှာ၊ ဗျာဒိဟာကို၊ ရာဇာဘုရင်၊ တပ်တပ်မြင်က၊ မြတ်သျှင်မကိုဋ်မှ၊ ခြေတော်၌ပင်၊ ဦးခိုက်ဝပ်စင်း၊ သဒ္ဓါပြင်း ၊ ဖြစ်ခြင်းပီတိ၊ ဂွမ်းဆီထိသို့၊ ပျောင်းအိဖိမ့်ဖိမ့်၊ ကိုယ်လုံးစိမ့်လျက်၊ အိမ့်ကာမိန့်မော၊ ဘဝင် ဇောဖြင့်၊ ဟိသောခါသည်၊ သတိတည် ၊ စိတ်ကြည်လတ်သော်၊ ႉပ်တုတော်ကို၊ ပူဇော်နှစ်သက်၊ ပလ္လင်ထက်သို့၊ တင်လျက် ထားကာ၊ ရတနာ ရောင်၊ လင်းပြောင်ညီးညီး၊ သိမ်တော်ကြီးဟု၊ လုပ်ပြီးပြေပြစ်၊ စုလစ်မွန်ချွန်၊ စီမံလုံးချုံ၊ တန်းဆာစုံလျှင်၊ ဘုံအဆင့်ဆင့်၊ လှတင့်ထူးမြတ်၊ ကျောင်းပြဒ်နှင့်၊ လျှောက်ပတ်စေသား၊ လှုူ တည်ထား ၊ ဘုရားမြတ်သျှင်၊ ကြွစေချင် ဟု၊ လျှောက်တင် ပြန်သော်၊ မြတ်ဇိနော်လည်း၊ ကြွတော်မူခါ၊ မင်းရာဇာသည်၊ တန်ဆာဆင်ပြီး၊ လမ်းခရီးဖြင့်၊ ထွန်းညိ ရောင်ကွန့်၊ ခြေတော် ဆန့်လျက်၊ တန့်တန့်ူမျှော်၊ ကြည့်လတ်သော်လျှင်၊ ႉပ်တော်မုနိ၊ သက်ဟိသဘွယ်၊ ဝိဂဏ်တွယ်သို့၊ ဘုတ်းကြွယ်ထွဋ်မှထား၊ နောင် ဘုရားကို၊ သွား ရှေ့ဆီ၊ ခရီးဦးကြို၊ ဆိုလိုသောယောင်၊ မြတ်ဘုန်းခေါင်၏၊ ဂုဏ်ဆောင် တေဇော်၊ တန်ခိုးတော်ကြောင့်၊ ူမျှော်ခုခု၊ ထလုထချင်၊ ထိုအသွင်ကို၊ မြင်လတ်ထုံသော်၊ စိန္တေယော်သည်၊ ခြေတော် ရပ်တန့်၊ လက်တော် ဆန့်လျက်။ ။ တားဟန့် မြစ်တော်မူလတ်တည်း။

**၁၂။** ။ ရတနာကောင်း၊ များစွာပေါင်းလျက်၊ သွန်းလောင်းပုံစံ၊ သိကြားဖန် ၊ ငါ့ဟန်ႉပ်တော်၊ လွန်သင့်လျှော် သည်၊ ညီတော်ရောင်ငြိ၊ မြတ်မုနိ၊ ဂုဏ်ရှိန်ကြား၊ ငါဘုရားသည်၊ သက်အား သျှစ်ဆယ်၊ အရွယ်ရောက်လှာ၊ များမကြာလျှင်၊ နိဗ္ဗာန်ဝင်လိမ့်၊ ငါ့သွင်ပုံထား၊ ငါ့ကိုယ်စားသည်၊ ထင်ရှား ရောင်လွှတ်၊ လူနတ်ဆုရွယ်၊ အကိုးကွယ်ကို၊ ငါ့နှယ်ခံကာ၊ သာသနာသည်၊ မြင့်ကြာများမြောင်၊ နှစ်ငါးထောင်လျှင်၊ ရှည်အောင် တည်ရစ်၊ ငါ့ညီစစ်ဟု၊ ဖွင့်လှစ်သံတော်၊ ဗျာဒိတ် ဖေါ်၏၊ ထိုရော အခါ၊ သူရိယာစန္ဒ၊ ဝမ်းမြောက်လှ ၊ နရသခင်၊ ဇောရွှင် ကြည် ဖြူ၊ ဆွမ်းကပ်လှုူသော်၊ နတ်လူတို့ထီး၊ ဘုဉ်းပေးပြီးခါ၊ မဇ္ဈိမဝယ်၊ သာဝတိ ပြည်၊ စိုးသည်ရာဇ၊ ကောသလသည်၊ ဗုဒ္ဓကိုယ်စား၊ တည်ထားသင့်ကြောင်း၊ လျှောက် တောင်းပန်မှု၊ စန္ဒကူဟု၊ မွှေးကြူနံ့ထွက်၊ သရက္ခန်သစ်၊ အနှစ်ဖြင့်ထု၊ ထိုဆင်းတုကို၊ ပြုစုသောခါ၊ ဒေသနာနှင့်၊ ခြင်းရာမပြား၊ ထူးမခြားပင်၊ ဘုရား သျှင်စော၊ တရားဟောက၊

နာသော လူနတ်၊ ပရိသတ်တို့၊ အကျွတ်ဓမ္မ၊ ရကုန်ကြ၏၊ များထနတ်လူ၊
တိုင်းပြည်သူတို့ နှစ်ဆူဘုရား၊ ဖြစ်သည်ကားတည်း၊ ကိုယ်စားဤသျှင်၊ ဤပင် သတ ု
သဗ,ညုဟု၊ ကြည့်ရှုနိုင်းညှိ၊ မှန်မသိအောင်၊ ညီးညီးပြောင်ပြောင်၊ လူ့ဘောင် တင့်တယ်၊
အံ့ဘွယ်သရဲ၊ လွန် ဖြစ်ခဲကို၊ မှတ်စွဲရတုံ၊ ပြောမကုန်ဟု၊ လူပုံနှစ်သက်၊
ရွှင်အားတက်သည်။ ဖူးလျက်ရှုမျှော် မညီးတည်း။

**၁၃။** ။ ရှုမျှော်မညီး၊ တသီးသီးလျှင်၊ ပြည်ကြီးအတွင်း၊ လူခပင်းတို့၊
ဝပ်စင်းဦးတင်၊ ဖူးစဉ်တွင်ဝယ်၊ များသံဃာပျံ၊ အရဟံနှင့်၊ ရောင်လျှံပြိုးပြက်၊
နတ်ယာဉ်ထက်သို့၊ တက်စီးပြီးခါ၊ ဘဂဝါသည်၊ ဒွါရာဝတီ၊ ပြည်ဆီသို့ပေ၊
ကြွတုံလေ၏၊ ကြီးတေဇာသန်၊ ဘုန်းကံတော်လင်း၊ ဇမ,ူချင်းသာ၊ မင်းဓိပတိ၊ သူရိယ
စန္ဒြာ၊ သာသနာဒါယကာ၊ ထိုရာဇာလည်း၊ မဟာမုနိ၊ ထွန်းညှိ ရောင်လွှတ်၊
ဆင်းတုမြတ်ကို၊ ဖြည့်ဝတ်ညနေ၊ ဓလေ့ ပြုပြု၊ ကောင်းမှုထပ်လောင်း၊
ဆုတော်တောင်းလျက်၊ အပေါင်းဖြည့်သား၊ ပုညပွားအောင်၊ တရားသဖြင့်၊
သင်္ဂြိုဟ်ပင့်လျက်၊ မင်းကျင့် မမှား၊ ပျော်စံစား ၊ ပြောင်းသွား တသီး၊ နတ်ရွာမှီးမူ
သားကြီးနာမ၊ သူရိယာဓိပတိ၊ အမည်ဟိလျက်၊ ဘုမ္မိပြည်ပိုင်၊ ဘရာထိုင်လျက်၊
ရိပ်မြိုင်စမါယ်၊ သားမြေးတွယ်လျက်၊ ဆက်နွယ်စဉ်လာ၊ သူရိယာကေတု၊
များဟုသို့ကျ၊ ခတိ ယတို့၊ ဓညဝတီ၊ မြို့ဌာနီ၌၊ လီလီမင်းကား၊ နှစ်ဆယ့်ငါးတည်၊
စံစားရှည်ကြာ၊ ခုနစ်ရာ တစ်ဆယ်၊ ခြောက်နှစ်ကယ်၏၊ နောက်ဝယ် နှံ့သိ၊
ဝေသာလိတွင်၊ သူရိတန္ဒြာရား၊ စသောအားဖြင့်၊ နောက်ကားပဲဖြူ၊
မင်းမူနောက်နှောင်း၊ ယိုးချောင်းနံ့ယောင်၊ သပိတ်တောင်၌၊ နန်း ဆောင်သမုတ်၊
စန္ဒြကုတ်ဟု၊ မင်းလုပ်သည်ဖြစ်၊ တစ်ဆယ့်သျှစ် နှစ်၊ တွက်စစ်ရေပြ၊
နန်းစံချမူ၊လေးရာသုံးဆယ်၊စွန်းသည် သုံးနှစ် (မူကွဲ၊
လေးရာ့ကိုးဆယ်စွန်းကယ်တနှစ်၊**ရွှေစေတီမူ**)ပေါင်းဖြစ် မြို့သက် မင်းဆက်ဆယ်နှစ်၊
တစ်လစ်စံလျက်၊ စမ ဝက်၌၊ မင်းဆက်ပြလျှင်၊ ငမင်းငတုံး၊ အစုံးလျက်၊
နောက်ဆုံးမည်ဟိ၊ မင်းပတိရောက်၊ ထီးအောက်စံစား၊ ဆယ့်ငါးမင်းဆက်၊
မြို့သက်မှာမူ၊ ဇယာနဝ၊ ကော်လျှင်ကျ၏၊ ထိုမှနန်းအိမ်၊ ပရိန်မြို့မှာ၊ လက်ျာမင်းနန်း၊
အစခံ ၊ အနန္တသီရိ၊ သို့ထိ သျှစ်ယောက်၊ အသက်ထောက်က၊ တစ်ရာခုနစ်ဆယ်၊
သျှစ်နှစ်ကယ်သည်။ နန်းဝယ်စံကြမြို့သက်တည်း။

**၁၄။** ။ စံကြစို့စို့၊ ဝေပို့ပို့နှင့်၊ ခြိပ်မြို့ဦးဖျား၊ မင်းဘုန်းစား မှ၊ ပြန့်ပွားနောက်ဆုံး၊
ငနုပ်လုံးတိုင်၊ လက်ုံးဆိုင်လျက်၊ စိုးပိုင် မင်းကား၊ ဆယ့်ငါးဖြစ်လေ၊ စံမည်နောဒွါ၊
မြို့ဇီဝါတည်း၊ အလော မာဖြူ၊ မင်းမူတုံလျက်၊ မြို့လောင်း၊ ကြက်တွင်၊
နန်းဆက်နောက်စံ၊ စောမွန်သို့ရောက်၊ စဉ်လျှောက်ကာဖြစ်၊ ဆယ်ခုနစ်တည်း၊ ရန်စစ်
ထောင်လာ၊ မြန်မာမွန်၊ ပြည်တိုင်းကိုလု၊ စစ်မက်တုလျက်၊ မင်းပြုခါဖြစ်၊
နှစ်ဆယ့်တစ်နှင့်၊ တွက်စစ်အတ်ဗျည်း၊ ဒွေးတည်း ဤသို့၊ နှစ်ပေါင်းတို့တွင်၊

ရွှေမြို့မြောက်ဦး၊ တည်ကူးသင်္ချာ၊ ကောစာ ခွဲမှတ်၊ ဒွေနောသတ်ဖြင့်၊ ပညတ်ကြပြု၊ ယခုရောက်ဖြစ်၊ သက ရာဇ်တိုင်၊ ချစ်သျှင်ရောင်လင်း၊ ုပ်တော်ဆင်းကို၊ သွန်းရင်း ကောဇာ၊ ထိုသင်္ချာနှင့်၊ ရေကာချက်ချိန်၊ မြို့ကြိမ်ကြိမ်တွင်၊ ဇနိန[ ဆို၊ မင်းထိုထို၏၊ ထီးကိုရိပ်ဆောင်း၊ စံလေကြောင်းဖြင့်၊ ုးပေါင်း သောခါ၊ သာသနာနှင့်၊ ညီလာသည်ဖြစ်၊ ဤသို့စစ်လျက်၊ သနစ် ကြည်ဖြူ၊ နောင်သျှင်လူတို့၊ အယူမပြား၊ သတိထား ၊ မှတ်သား စိမ့်ငှာ၊ အမြွက်မှာသည်။ ။ လင်္ကာသံချို နားဆိမ့်တည်း။

**၁၅။** ။ သံချိုငြိမ့်ငြိမ့်၊ နားတိုင်းစိမ့်အောင်၊ ကြားပိမ့်တိ လင်း၊ စကားရှင်းအံ့။ သွန်းရင်းမူလ၊ မြို့မှစ ၊ ဓညဝတီ၊ ဝေသာလီက၊ နောက်ပြီမြို့ကွက်၊ စမ ဝက်နှင့်၊ နောက်ဆက်ဘုံအိမ်၊ ပရိန်ခြိပ်မြို့၊ မင်းတို့ပညတ်၊ လောင်းကြက် မြောက်ဦး၊ မည်ထူး နာမ၊ ခြောက်ဌာနတွင်၊ ဇီဝမြို့သက်၊ နှစ်ကိုတွက်လျက်၊ ရောက်ထွက် ကောဇာ၊ သင်္ချာတွက်စစ်၊ သကြစ်တိုင်၊ စီးစစ်ဖွေရာ၊ သာသနာနှင့်၊ နှိုင်းကာချင့်ထောက်၊ ပို မောက်ခဲ့၊ နောက်သို့မဆုတ်၊ မယုတ်အလျဉ်၊ မင်းစဉ် နန်းဆက်၊ ဟိပါလျက်ကို၊ ယွင်း ကွက်အယူ၊ တချို့လူတို့၊ နည်းယူမတွေ့၊ စုံစေ့အုပ်ရေ – ၃၀၀၀ ၁၉၆၉ခု၊ ဇူလိုင်လအဖိုး–၂ကျပ်ကျမ်းတွင်၊ ရာဇဝင်က၊ ယခင်ထုံး ဟောင်း၊ အကြောင်းသဘော၊ နှီးနှော့မဟိ၊ ပြောမိပြောရာ၊ ဝါသနာနှင့်၊ မဟာမုနိ၊ တည်ကိုယ်စား၊ ုပ်တော်ပွားကို၊ ဘုရား နိဗ္ဗာန်၊ လွန်သည်နောက်မှ၊ သွန်းလုပ်ကြ၏၊ ဗုဒ္ဓလက်ထက်၊ သွန်းစက် မဟုတ်၊ ကေဝုစ်ဟု၊ ဖေါ်ထုတ်ပြောကာ၊ မလိမ္မာတို့၊ ခြင်းရာစကား၊ ငြင်းခုံများ ၊ လေးပါးပါယ်ဘုံ၊ မယုံစိတ်နေ၊ ဖြစ်တုံပေမူ၊ ဗုဒ္ဓေကင်္ခတိ၊ အစဟိသား၊ ပါဠိအလာ၊ ကျမ်းမှာ စကား၊ ပြောင့်ငါးပါးတွင်၊ တပါးဝင်လိမ့်၊ အထင်ယွင်းချွတ်၊ သို့မမှတ်လင့်၊ ထူးမြတ်သမ္ဘာ၊ မင်းမျာစွာနှင့်၊ သံဃာထေရ်မြတ်၊ ကျမ်းတက်ပုဂ္ဂိုလ်၊ ဝိနည်းမိုရ်တို့၊ အဆိုမိန့်ပွက်၊ သိုပမမြွက်တည်း၊ နှုတ်ထွက်ရမ်းကား၊ မပြစ်မှားလင့်၊ တရားချင့်လော၊ မသင့် စကား၊ ဤသို့ကြား ၊ ဘုရားမှုထမ်း၊ မြတ်ရာလှမ်းသား၊ မဂ် လမ်းတီထွင်၊ မျာသံဃာထဲ၊ ကြီးကဲဖြစ်မြောက်၊ ပါမေက္ခမည်၊ တည်ကြည်သိက္ခာ၊ ဂဏာစရိယ၊ နာမည်တွင်ဟောင်း၊ သံချောင်း ဟုကျော်၊ ဆရာတော်လျှင်၊ နှိုးဆော်ညှိနှိုင်း၊ အလုပ်ခိုင်းလျက်၊ ဆန်းဂိုဏ်းဆင်ခြင်၊ ရာဇဝင်ဖြင့်၊ နည်းငင်ုးစု၊ စီကုံးပြုသည်၊ ဝေဠုဝိဟာ၊ ကျော်စောစွာသား၊ ဆရာလူထွက်၊ လင်္ကာဆက်သည်။ ။ ဝိတက်ငြိမ်းစေ သောကြောင့်တည်း။

**၁၆။** ။ မှတ်သားနောင်သျှင်၊ ရွှေနားတင်လော့၊ သုံးခွင် ထိပ်စု၊ သဗ္ဗညု၏ ုပ်တုတော်ဖြစ်၊ သွန်းသည်နှစ်နှင့်၊ တွက်စစ် ကြည့်ရာ၊ သာသနာထက်၊ များစွာမြို့သက်၊ ညီပေလျက်တည်း၊ မင်းဆက်တို့တွင်၊ သို့ဆင်ခြင်လော့၊ အကြင်မင်းတုံ၊ ခန္ဓာကုန်အောင်၊ လုံးစုံနှစ်လျှောက်၊ နန်းစံမြောက်၏၊ တစ်ယောက်မင်းပြု၊ ထိုခုသကြစ်၊ အစဖြစ်ဟု၊ တွက်စစ်ုးစု၊ သေဆုံးနှစ်ပင်၊ နန်းနေဝင်၏၊ သေရှင်နှစ်ရပ်၊ ခုချင်းထပ်၏၊ မှတ်အပ်သတိ၊ ဤသို့ဟိလော့၊ သူရိယစန[

မင်းဖြစ်စက၊ ဗုဒ္ဓမရောက်၊ မည်မျှလောက်မှ၊ ကြွ ရောက်လာသည်၊ ရုပ်ပွားတည်ဟု၊ အရှည်အတို၊ နှစ်ကိုချင့်၊ မင်းအာယု၌၊ စေ့ငုသင့်ရာ၊ တိုင်းပြည်မှာလည်း၊ ရာဇမင်းမြတ်၊ နှစ်လပ်ဟိသင့်၊ မဟိသင့်ဟု၊ ထောက်ချင့်စုံစမ်း၊ ဤသို့မှန်လော့၊ ဂဏန်းဖောက်လဲ၊ နန်းသက်ထဲတွင်၊ ကွဲလွဲသတတ်၊ အရေးချွတ် လိမ့်၊ အမှတ်ရချင်၊ ရာဇဝင်ကို၊ သိမြင်လွယ်အောင်၊ အစောင်စောင် နှင့်၊ ဖက်မျှောင်တိုက်ဆိုင်၊ စာချင်းပြိုင်လျက်၊ မဏ္ဍိုင်အတူ၊ များရာ ယူလော့၊ စိတ်ခြူသောခါ၊ နည်းနာနှင့်ရှင်း၊ ပညာလင်းအံ့၊ ကန်ငြင်းသည်ဟိတ်၊ နှလုံးပိတ်လျက်၊ ကြည်စိတ်ဖြစ်မှ၊ ကုသိုလ်ရသည်၊ သုခရလွယ်မဂ်ဖိုလ်တည်း။

**၁၇။** ။ မဂ်ဖိုလ်ရွယ်ချူ၊ အိုပြည်သူတို့၊ အယူသတိ၊ ဤသို့သိလော့၊ များဘိလူစည်၊ ငါတို့ပြည်၌၊ ခွန့်ရှည်မြင့်ကြာ၊ သာသနာနှင့်၊ မြတ်စွာကိုယ်စား၊ ရုပ်တော်ပွားကို၊ တည်ထားခဲ့ခြင်း၊ တရားမင်းကား၊ ခပင်းသျှင်လူ၊ ခပ်သိမ်းသူကို၊ သားတူ ပမာ၊ ရာဟုလာသို့၊ မေတ္တာတော်ပွား၊ လွန်သနားလျက်၊ နောင်ကား ချမ်းငြိမ်း၊ လူစည်းစိမ်နှင့်၊ နတ်အိမ်ဗိမာန်၊ နိဗ္ဗာန် မဂ်ဖိုလ်၊ ရစေလို၏၊ ကုသိုလ်ဖြစ်မှု၊ ဤသို့မူလော့၊ ဆင်းတုရောင်ဖြာ၊ မဟာမုနိ၊ မည်ဟိထင်ရှား၊ ကိုယ်တော်စားကို၊ တို့ကားကြုံကြိုက်၊ ဖူးတွေ့ထိုက် ၊ ဦးတိုက်ရသည်၊ တိုင်းပြည်အထဲ၊ အယူလွဲနှင့်၊ စိတ်စွဲမဟိ၊ သတိလွန်ပျော၊ ပေါ့လျော့ သော လူ၊ ထိုသူအားလုံး၊ ဘဝဆုံးတည်း၊ ကျွန်းဆုံးမြေခြား၊ ဝေးရပ်သားလည်း၊ အင်အား မခိုင်၊ မရောက်နိုင်ခဲ့၊ ကံဆိုင် တုံ၊ ငါတို့ကြုံဟု၊ ကြည်ယုံဇောနူး၊ ဘုရားဖူးတို့၊ စိတ်ကူးဖြောင့်ဖြောင့်၊ သတိစောင့်လော့၊ ကြိုးခေါင်ကြိုးခဲ၊ လူဘုံပွဲဝယ်၊ အံ့အဲ့မနိုင်၊ နှိုင်းပြိုင်မဟိ၊ မြတ်မုနိကို၊ မျက်စိထင်ထင်၊ဖူးမြင်ရှုဖျော်၊ ပူဇော်ရပေ၊ မသေခင်၌၊ ဦးတိုက်ရကြောင်း၊ တို့ ကံကောင်းဟု၊ ဆုတောင်းဆုယူ၊ ပြုသောသူကို၊ ဤလူဘဝ၊ စုတေကြသော်၊ လေးဝအပါယ်၊ မတွေ့တဆစ်၊ အရပ်ပြစ်သို့၊ မဖြစ်တုံခြင်း၊ ဘေးရန်ကင်း ၊ သန့်ရှင်းမြတ်ရာ၊ နတ်ရွာလူ့ပြည်၊ ကျင်လည်ခေါက်ခေါက်၊ ရောင်တောက်ညီးညီး၊ ဗိမာန်ကြီး၌၊ မှုတ်တီး သောင်းသဲ၊ အောင်ပွဲခံခံ၊ မနောစံလျက်၊ ဖန်ဖန်လီလီ၊ ကောင်းချီးအာနုဏ်၊ ကုသိုလ်ဟုန်ကြောင့်ရိပ်မြုံ ပြည့်ဖြိုး ဆင်ဆင့်တိုး ၊ အကျိုးကြီးစွာ ရပြီးခါမှ၊ နောင်သာလျှင်ပင်၊ ထံတော်တွင်၌၊ ဦးတင်ဝမ္မ၊ ကြားနာရလျှင်၊ သုခခေါင်ချုပ်၊ မဂ်ဖိုအုပ်သား၊ လောကုတ္တရာ၊ ခေမာနိဗ္ဗာန်၊ ရွှေပြည်မွန်သို့၊ ကေန်ရလွယ်၊ အဓိပ္ပါယ်သည်။ ကျမ်းဝယ် ထင်ရှားဟိ၏ တည်း။

(ဤနေရာ၌ အဓိပ္ပါယ်အမွှက်ကို ပြသော်–ဓညဝတီမြို့မှာ စန္ဒသူရိယမင်းကစ လောင်းကြက်မြို့ မင်းစောမွန် တိုင်အောင် ၉၂ယောက်သော မင်းတို့သည် တမင်းလွန်ကျလျှင် တမင်းဆက် ထိုမင်းတို့သည် သက္ကရာဇ်နှင့် နှစ်လ ထပ်သောကြောင့် သတိမထား မစဉ်းစားလျှင် ဘုရားသွန်းသာသနာနှစ်နှင့် တွက်စစ်စာနာသော် နှစ်လွန်ရှိသည်။ သို့ဖြစ် ၉၂ခုနှစ်တစ်ချက်နှုတ်၊

(ဘုရားမရောက်မီစန[ာ]သူရိယမင်းနန်းစံခုနှစ်နှတ်)ကောဇာသက ရာဇ်တွင် မြို့တည်သက ရာဇ် ၇၉၂ ခုနှတ်၊ မြောက်ဦးမြို့သက် ဖြစ်၏။ ၎င်းမြောက်ဦး မြို့သက်ကို အထက်တွင်နှတ်၊ ကြွင်းတွင်နှော၊ သာသနာနှစ်ဖြစ်၏။ ။ စကားချပ်)

**၁၈။** ။ ဇာတိ ၁ဏ်ရောင်၊ လင်းထိန်ပြောင်သား၊ အခေါင် မုနိန်၊ မာရဇိန်လျှင်၊ အစိန္တေယျ၊ တုမရသည်၊ လောကထွဋ်ထား၊ မြတ်ဘုရား၏၊ ကိုယ်စားမှန်ဘိ၊ ခြောက်ရောင်ဟိသား၊ မုနိ မြတ်စွာ၊ ဗျာဒိဟာနှင့်၊ ကျိန်လှာကူလှိုင်း၊ ရက္ခိုင်တိုင်းဟု၊ သမိုင်း နာမည်၊ ဓညပြည်တွင်၊ ရေကြည်မြမြ၊ ချမ်းအေးလှသား၊ ကစ္ဆ ပနဒီ၊ မှိုင်းရီရီလျှင်၊ မြစ်ဆီလက်ယာ၊ ရှေ့မျက်နှာ၀ယ်၊ ပြည်သာ မဏ္ဍိုင်၊ ချက်ခိုင်ဟု၊ ရခိုင်ဥ္ဖန့်ဖူး၊ မြို့မြောက်ဦးတွင်၊ မည်ထူး သမုတ်၊ တည်ထွင်ခုတ်လျက်၊ တည်လုပ်သည်နှစ်၊ သက ရာဇ်မူ၊ ရာခုနှစ်ခု၊ ကိုးဆယ်ပြုသား၊ နှစ်ခုစွန်းတွင်၊ ထီးနန်းကစ၊ ကြငှာန်းချလျက်၊ မင်းလှစောမွန်၊ သုံးနှစ်စံ ၊ လွန်သည်နောက်တွင်၊ အလီခင်ဟု၊ ညီလျှင်ဖြစ်ထား၊ တစ်ဆယ့်ငါးတည်း၊ ကုလားမသျှာ၊ ဘအရာကို၊ ပိုင်ကာ တွက်ကျုံး၊ နှစ်ဆယ့်သုံး တည်း၊ သိမ်းႏုံမားမား၊ သားဒေါလျှားမူ၊ စံစားနန်းတွင်၊ ဆယ်နှစ်ပင်တည်း၊အလီခင်သားဆို၊ ဘစောညိုသည်၊ နန်းကို စိုးကာ၊ နှစ်နှစ်ကြာက၊ ဒေါလျာသားမောင်၊ နန်းဆောင် ဆောင်မှာ၊ ရန်အောင်ခုနှစ်၊ နေတတ် သစ်သို့၊ ဖြစ်ခဲ့တုံပြီး၊ လူ့ပြည်ညီးမှ၊ ဦးရီးစလင်သူ၊ ခုနှစ်ဟူလျက်၊ မင်းမူလွန်ခါ၊ ဘပမာသို့၊ ရာဇပတိ၊ ဆယ့်ငါးစီသာ၊ ဖြစ်ဘိတုံပြီး၊ နန်းစဉ်မှီးလျက်၊ စိုးကြီး သိမ်းချုပ်၊ နှစ်နှစ်အုပ်က၊ တသုတ်သည့်ပြင်၊ ခြောက်လလျှင် တည်း၊**(စလင်ဦးဖြူ မင်းခေါင်ဟူသား၊ သီရိသူမည်၊ ထိုနောက်သည်တုံ၊ တလေဒေါလျာ၊ သားပုတ ၁ဟု၊ သဇာတမင်း၊ ခြောက်နှစ်လျှင်း တည်း)** စံခြင်းရိပ်ငြိမ်၊ ရွှေနန်းအိမ်၌၊ မွေ့သိမ်စံပျော်၊ များရွှေဘော်နှင့်၊ သားတော်မြေးဆက်၊ ဆယ့်တစ်ဆက်တည်း။ ။ နွယ်လျက် ဖြစ်ကြကုန်ပြီးတည်း။

**၁၉။** ။ နွယ်လျှင်ဖြစ်မြောက်၊ ဆယ့်တစ်ယောက်ဝယ်၊ နောက်မှတစ်ခါ၊ ဖြစ်တုံလှာသည်၊ ရာဇာပတိ၊ ကျော်ကိတိ နှင့်၊ မည်ဟိတွင်ခြင်း၊ ထိုသည်မင်း၏၊ သားရင်းမင်းဗား၊ နန်းပုံသာဝယ်၊ တြိယာနဝ၊ အဋ္ဌတွက်စစ်၊ သက ရာဇ်တွင်၊ တက်သစ်နေဟန်၊ ဘိသိက်ခံ ၊ ရံလုံးပိတ်ဆို့၊ အင်မချို့အောင်၊ မြို့ကိရိယာ၊ ကျောက်တိသာလျှင်၊ ပတ်ကာပိတ်ဆိုင်း **(ည ိ းရမှိုင်း )** ည ၁သမိုင်း၌၊ တံတိုင်းကျုံးမြောင်း၊ ဂူတန်ဆောင်းနှင့်၊ သျှစ်သောင်းဘုရား၊ ကန်တွင်း များဖြင့် တည်ထားယတြာ၊ ထိုထိုမှာ၌၊ သင့်ရာပြုပြင်၊ ထိုဘုရင်သည်၊ စံကျင်တွက်ကျုံး၊ နှစ်ဆယ့်သုံးမှ၊ ရွှေဘုန်း တောက်ပ၊ သားတိက္ခလည်း၊ နန်းရမင်းဖြစ်၊ နှစ်ဆယ့်နှစ်တည်း၊ သားချစ်ပုတေ ၁၊ စွယ်ခေါ်ခေါ်နှင့်၊ မင်းစောနန်းထိုင်၊ သျှစ်နှစ်တိုင်လျှင်၊ စိုးပိုင်နောက်ယူ၊ စကြာဟူသား၊ ညီဖြူဖြစ်လှာ၊ နှစ်သတ ၁တွင်၊ မင်းပါသားနှောင်း၊ မင်းဖလောင်းဟု၊ ထီးဆောင်နှစ်ဆယ်၊

နှစ်နှစ်ဝယ်တည်း၊ကွယ်ခဲ့အခါ၊ သားပုတ ၁ဟု၊ မင်းရာဇာကြီး၊ နန်းစဉ်မှီးလျက်၊ ဆောင်းထီး ပျော်မွေ့၊ ဆယ့်ကိုး စေ့တွင်၊ ရွှေ့လေတုံသျှောင်း၊ ဘုရားလောင်းလျက်၊ ခမောင်း သူမွန်၊ ဆယ်နှစ်စံ ၊ လွန်တော်မူပြု၊ သားမျက်ူဟု၊ သီရိသုဓမ္မ၊ သောဋ္ဌသတွင်၊ နတ်ရွာပျော်လေ၊ သားသက်ဝေလည်း၊ စံသည် နန်းသက်၊ ဒွေးအဋ္ဌဝ်ရက်တည်း၊ မင်းဆက် စဉ်လျှောက်၊ ဆယ့် ကိုးယောက်ပင်၊ မြောက်ထရွှေအိမ်၊ နန်းစည်း စိမ်ကို၊ ရိပ်ငြိမ်စံကြကုန်ပြီးတည်း။

**၂၀။** ။ စံကြလေလေ၊ မင်းတို့နွယ်ကို၊ ဖြစ်ပေတုံထ၊ ၁ဏ်စွမ်းပြလျက်၊ နရပတိ၊ မည်တွင်ဘိလျက်၊ နန်းဟိ ဆက်စစ်၊ ခုနစ်နှစ်လျှင်၊ ဖြစ်ခဲ့တလီ၊ နန်းိုးမှီအောင်၊ ညီညာအုပ်စိုး၊ ထီးဖြူ မိုးလျက်၊ သတိုးဓမ္မရာဇာ၊ နှစ်သတ ၁တွင်၊ ခန္ဒာကွဲထ၊ ဘရာရ ၊ စန္ဒသုတွင်၊ ထိုဘုရင်လျှင်၊ ပလ္လင်ဆန်းကြယ်၊ ဆောင် ဘုံလယ်၌၊ သုံးဆယ်စေ့လှာ၊ သားပုတ ၁သည်၊ ဥဂ္ဂါဗလ၊ လေးနှစ်မှတည်း၊ ဝရဓမ္မမည်ခေါ်၊ နှစ်နှစ်ပေါ် ၊ လွန်သော်နောက်ဟု၊ သားဆက်ပြုသည်၊ မုနိသုမင်း၊ နှစ်နှစ်တွင်း တွင်း၊ လွန်လျှင် သားမောင်၊ သတိုးအောင်မူ၊ ဆောင်ဆောင်နန်းထံ၊ နှစ်နှစ်စံမှ၊ လွန်လေသေဆုံး၊ သားငတုံးဟု၊ သူ့ဘုန်းက ံပေး၊ ထီးဖွေးဖွေးနှင့်၊ ဆယ့်လေးစံတုံ၊ ဘရာလှူံလျက်၊ မ ံ့ဝီရိယ၊ ခြောက်နှစ်မှလျှင်၊ ကာလမဏ္ဍပ်၊မျိုးကိုဖြတ် ၊ အလွတ်ထိုင် လှာ၊ သားပုတ ၁လည်း၊ နရာဒိပ ၊ နှစ်ဆက်ကျတွင်၊ အဘခြောက်နှစ်၊ သားနှစ်နှစ်တည်း၊ ဖြစ်ခဲ့ထိုရော်၊ ဗိမာန်ပေါ်ဝယ်၊ မင်းကျော်သိင်္ဂနိ၊ ခြောက်နှစ်ဟိက၊ စိုးဘိနောက်သည်၊ သတိုးမည်သား၊ မရှည်နန်းသက်၊ နှစ်နှစ်ထက်ပင်၊ လွန်တုံ ကျင်သော်၊ မြို့တွင်းနန်းသုံး၊ ကြာမြင့်မြုံးမှ၊ လက်ုံးထောင်ပြ၊ ဝိဇယဟု၊ ဖြစ်ကာဖြိုးမောက်၊ ရွှေနန်းဆောင်လျက်၊ ထီးအောက် ဆန်းကြယ်၊ ပလ္လင်လယ်မှာ၊ နှစ်ဆယ်မက၊ ခါလည်ရမူ၊ သူရိယသမက်၊ သုံးနှစ်ဆက် ၊ မပျက်ဖြစ်လှာ၊ သားဟုသာလျှင်၊ နရာဓိပတိ၊ ခါလည်ဟိသော်၊ ညာတိခြားထ၊ ပဝရသည်၊ ကေဝ ံ၊ နောက်တသွန်တုံ၊ သားမွန်ဝိဇလာ၊ နှစ်ခွဲကြာသည်၊ ဆက်ကာ ညီချစ်၊ ဓမ္မရာဇ်လည်း၊ ဖြစ်လတ် သရော်၊ ဘထွေးတော်ဟု၊ နန်းပေါ်ရိပ်မိုး၊ တစ်ဆယ့်ကိုးတည်း၊ သတိုးအဘယ၊ လွန်ခဲ့ကြွမူ၊ ပုတ ယဉ်နု၊ သီရိသုလျှင်၊ ပြုတုံ နန်းထဲ၊ နှစ်လခွဲတည်း၊ လွှဲကာ ညီလှ၊ ပဝရသည်၊ ဖြစ်ထ ပျော်မွေ့၊ သုံးနှစ်စေ့ သော်၊ မျိုး၏မဟာ၊ ရာဇာဟူသား၊ ခါတစ်ပါး၌၊ စစ်မက်တိုက် ၊ ထီးခိုက်စွင့်စွင့်၊ ကိုးနှစ် နှင့်ပင်၊ ဆယ်ခွင် ရတု၊ တဖန် လု ၊ မင်းသုမန၊ သုံးနှစ်မျှပင်၊ ဝိမလဆက်၊ ရွှေနန်းတက် ၊ ရက်လေးဆယ်ဖြစ်၊ တရံ၌တုံ၊ ဓမ္မရာဇ်ဟိန်း၊ သူ့ခေတ် ကျိန်းကြောင့်၊ ပိုင်သိမ်းဘုန်းဟိတ်၊ အောင်နိမိတ်ဖြင့်၊ ဘိသိက်စံနန်း၊ ခြောက်နှစ်မြန်း ၊ နတ်လမ်းကြွက၊ သမတဟု၊ ဖြစ်ထစိုးပိုင်၊ သုံးနှစ်တိုင်လျှင်၊ မဏ္ဍိုင်မို့မို့၊ မြောက်ဦးမြို့၌၊ မင်းတို့ကို ပေါင်း၊ ရတုံယှောင်းသော်၊ ထီးဆောင်းအစစ်၊ လေးဆယ့်သျှစ်သည်။ ။ ဖြစ်ပြီးကေန်မလွဲတည်း။

**၂၁။** ။ အဌမစတု၊ မင်းပေါင်းစုတွင်၊ နောက်ဆုံးအစ၊ သမတဟု၊ ရာဇဘုရင်၊ လက်ထက်တွင်၌၊ တိုင်းခွင်သျှင်လူ၊ မီးသို့ပူခဲ့၊ ပြည်သူမှုုးမတ်၊ အကျင့်ချွတ်၊ သတ်ဖြတ်ရန်စစ်၊ သီးသီးဖြစ်ခဲ့၊ သကြစ်ကောဇာ၊ ဆစာရာနှင့်၊ ကော ကေ၊ ထိုကာလဝယ်၊ ညံ့ထကိန်းစန်း၊ သိုက်နိဒါန်းကြောင့်၊ ထီးနန်းညို းခိုက်၊ ထိုခါကြိုက်၊ ရှေ့၌တို း၊ အာဏာမိုးသည်၊ အမျိုး မြန်မာ၊ မှုုးပိုလ်ပါနှင့်၊ ရက္ခာပတ်ကုံး၊ နိုင်ငံလုံးကို၊ သိမ်း ံ းဖျက်ဆီး၊ ဘုရားကြီးကို၊ ပင့်ပြီးတုံငြား၊ ဝန်ခံထားသည်၊ ရှေ့ဖျားအစ၊ မည်နာမကား၊ နန္ဒပြကျော်၊ ကိုလျှင်စေ၊ မနေတဖန်၊ နောက်တိုက်ဝန်လျှင်၊ လာပြန်ရိပ်ငြိမ်၊ ခေါက်တကြိမ်တည်း၊ ပုသိမ် ရောက်ထ၊ မောင်ကျော်လှဟု၊ နောက်မှ တိုင်တား၊ ဆင့်ဆင့် ပွား၊ ဖွားဖွားမြစ်ယှက်၊ ညောင်လျင်ကြက်သို့၊ ငါးဆက်က ကျူး၊ ဝန်ရာထူးနှင့်၊ စိန်ပူးလက်ထက်၊ နှစ်ကိုတွက်သော်၊ တစ်ထောင်ပေါ်၊ ကျော်သည်တရာ၊ ခြောက်ဆယ်မှာပင်၊ ညီညာဖြဖြ၊ ချင်းပြန်ထ မရနိုင်ဘိ၊ သူ့ခေတ်ဟိ၊ တြိသတ၊ ကော ကေစ်၊ သကရစ်တွင်၊ ဖြစ်အောင်စင်ဖြူ၊ ချင်းပြန်လူ လည်း၊ ထူ မနိုင်၊ သံကျောက်တိုင်သို့၊ ခိုင်သည်ထိုရော်၊ တရံသော်တုံ၊ အနော်ရထာ၊ ဘွဲ့ပညာနှင့်၊ မောင်ကြာ ိုးဆုတ်၊ တဖန်အုပ်၊ တ ုတ်ဝန် ရောက်၊ စေကိုးယောက်တွင်၊ အနောက်ခြားဟူ၊ သျှင်မဖြူကြောင့်၊ ရန်မူကြံတုံ၊ ကျိန်းခိုက်ကြံ၊ နောက်ဟုန်တလွှား၊ ရခိုင်များနှင့်၊ ွန်သွားခရီး၊ ကြံစည်ပြီး၊ တိုက်ချီတွန်းလှန်၊ ဆော်ရမ်းပြန်က၊ ယမ်းပုံမီးလျှို့၊ ပမာသို့လျှင်၊ ပိတ်ဆို့မပြဲ၊ ဗုံးနှင့်ကြဲသော်၊ ညောင်လဲသည်ထုံး၊ မြန်မာ ူး၏၊ သိမ်း ံ းမြို့တွင်း၊ ကုလားမင်းလည်း၊ ချင်းသည် ကောစာ၊ ဆအဌာနှင့်၊ ကော ကေ၊ တန်ခူးလတွင်၊ မိ ရာသီ၊ မကုန်မီတည်း၊ တည်ဘိခ ိုင်၊ ခုထက်တိုင်လျှင်၊ ပိုင်ပိုင် ကားကား၊ လေးမြို့စားဟု၊ ကုလားပညတ်၊ ပတ င်သပ်ကို၊ ခန့်အပ်ဟိသည်၊ ထိုရွှေပြည်၌၊ မျိုးမည် ကွဲးယှောင်း၊ အကြောင်း ကြောင်းဖြင့်၊ ဖလောင်းမြန်မာ၊ စီရင် ရာကို၊ ခံကာနေရ၊ ရှည်မြင့်စွတည်း၊ နောက်မှမဏ္ဍိုင်၊ အုပ်စိုး ပိုင်၊ ရခိုင်မင်းကောင်း၊ ထီးဖြူ ဆောင်းလျက်၊ မင်းပေါင်း ဦးနှိမ်၊ အကြိမ်ကြိမ်လျှင်၊ လုံ့ရိန္ဒမြာ၊ နတ်စကြာနှင့်၊ ရာဇာမင်း ဖျား၊ မင်းတရားဟု၊ ကားကားလျှံရောင်၊ မှန်ကင်းထောင်သို့၊ ကြံဆောင်ယှူကျုံး၊ ဇမ္ဗူလုံးကို၊ ရွှေဘုန်းပဒေ၊ မိုးကြိုးစွေသို့၊ နေတပွင်ထူး၊ ဖြစ်လိမ့်ဟုသည်။ ။ သူဇာသိကြား သဖွယ်တည်း။

**(မှုကွဲ)။ မိုးသို့စွေလျက်၊ သူတော်သက သဖွယ်တည်း။**

❖❖❖